စာပေဗိမာန် စာမူဆုရ

# ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ

သတင်းထောက်

## သောင်းညွန့်(ဖျာပုံ)



၂၀၀၅ ခုနှစ်

စာပေဗိမာန် စာမူဆု

စာပဒေသာ

# "ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ"

သတင်းထောက် – သောင်းညွန့် (ဖျာပုံ)

၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု

စာပဒေသာ ဒုတိယဆုရ

# ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ

ရေးသူ- သတင်းထောက်သောင်းညွန့် (ဖျာပုံ)

စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော)
တာဝန်ခံစာတည်း
ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၁၂၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

# ကျေးဇူးတင်လွှာ

ကျွန်တော့်အား ကျွေးမွေးပြုစုပျိုးထောင်ပေးသည့် ကျေးဇူးရှင်မိဘနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့လည်းကောင်း၊ သတင်းသမားဘဝ၏ လက်ဦးဆရာများ ဖြစ်ကြသော ဦးကြည်ညွှန့် (ချစ်ကြည်ရေး)၊ ဦးသန်းညွှန့် (မြန်မာ့အလင်း)၊ ဦးလှအောင် (အထောက်တော်) တို့အား လည်းကောင်း၊ လိုအပ်သော အကြံဉာဏ်များ အမြဲမပြတ်ပေးခဲ့ကြသော စာရေးဆရာ ဦးမြင့်အောင် (ဖိုးအောင်လေး) နှင့် သတင်းထောက်-အောင်ဝင်း (ဖျာပုံ) အဘက်ဘက်မှ အားပေး ချီးမြှင့်ဂုဏ်ပြုခဲ့ကြသော ပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့များကိုလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

အထူးသဖြင့် ဤစာအုပ်မျက်နှာဖုံးကို ၁၉၇၆ ခုနှစ်၊ ဧပြီလ (၂၄၊ ၂၅၊ ၂၆) ရက်များတွင် တောင်ကြီးမြို့၌ ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းထောက် များ ဆွေးနွေးပွဲ အမှတ်တရ ပို့(စ်) ကတ်နှစ်ခုမှ ပန်းချီဆရာ ပေါ်ဦးသက်၏ ဒီဇိုင်းဖြင့် ပြန်လည်ဆန်းသစ်ထားသည့်အတွက် ဆရာပေါ်ဦးသက်အား လေးစားဂါရဝပြု ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**သတင်းထောက်-သောင်းညွှန့် (ဖျာပုံ)**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# မာတိကာ


| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | ဦးကိုကို | (ကိုကို) | .... | ၁ |
| ၂။ | ဦးကိုကိုလေး | (သိုဟန်) | .... | ၄ |
| ၃။ | ဦးကျော်ညွန့် | (ပီမိုးနင်း) | .... | ၅ |
| ၄။ | ဦးကြီးမောင် | (ငွေဥဒေါင်း) | .... | ၉ |
| ၅။ | ဦးကြည်ဇင် | (နာဂတောင်တန်းမောင်ကြည်ဇင်) | .... | ၁၅ |
| ၆။ | ဦးကြည်ညွန့် | (ချစ်ကြည်ရေးကြည်ညွန့်) | .... | ၁၇ |
| ၇။ | ဦးကြည်မြ | (ကြည်မြ) | .... | ၂၀ |
| ၈။ | ဒေါ်ခင်စီ | (ဘားမားဒိုင်ဂျက်စ် ဒေါ်ခင်စီ) | .... | ၂၂ |
| ၉။ | ဦးခင်မောင် | (သူကြီးဂေဇက် ဦးခင်မောင်) | .... | ၂၄ |
| ၁၀။ | ဦးခင်မောင် | (သတင်းထောက် ခင်မောင်-ဖျာပုံ) | .... | ၂၆ |
| ၁၁။ | ဦးခင်မောင်ရီ | (စိန်ခင်မောင်ရီ) | .... | ၂၇ |
| ၁၂။ | ဦးခင်မောင်လတ် | (ခင်မောင်လတ်) | .... | ၂၉ |
| ၁၃။ | ဦးခင်မောင်ဦး | (အထောက်တော်အုန်းမြင့်) | .... | ၃၀ |
| ၁၄။ | ဒေါ်ခင်မြ | (ခင်မျိုးချစ်) | .... | ၃၂ |
| ၁၅။ | ဦးချစ်ညို | (ကျားဘသိန်း) | .... | ၃၅ |
| ၁၆။ | ဦးချစ်မောင် | (ဂျာနယ်ကျော် ဦးချစ်မောင်) | .... | ၃၇ |
| ၁၇။ | ဦးစောဦး | (ဂုဏ်ရောင်) | .... | ၄၁ |
| ၁၈။ | ဦးစိုးမောင် | (သာဂရ ငစိုး) | .... | ၄၄ |
| ၁၉။ | ဒေါ်စန်း | (အင်ဒိပင်းဒင့် ဒေါ်စန်း) | .... | ၄၆ |
| ၂၀။ | ဦးစိန် | (ဗန္ဓုလဦးစိန်) | .... | ၄၉ |
| ၂၁။ | ဦးစိန် | (တိုးတက်ရေး ဦးစိန်) | .... | ၅၁ |
| ၂၂။ | ဦးစိန်ဝင်း | (မြန်မာ့လမ်းစဉ်စိန်ဝင်း) | .... | ၅၄ |
| ၂၃။ | ဦးစိမ်း | (မြန်မာ့အလင်းဦးစိမ်း) | .... | ၅၅ |
| ၂၄။ | ဦးဆုမြိုင် | (တက္ကသိုလ်ဆုမြိုင်) | .... | ၅၈ |
| ၂၅။ | ဦးဉာဏ | (ဒဂုန်ဉာဏ) | .... | ၅၉ |
| ၂၆။ | ဦးညိုမြ | (မောင်သုမန) | .... | ၆၅ |

| စဉ် | | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၂၇။ | ဦးတက်တိုး | (မောင်နေဝင်း) | .... | ၇၀ |
| ၂၈။ | ဦးတင် | (ဒဂုန်ရွှေမျှား) | .... | ၇၂ |
| ၂၉။ | ဦးတင်ထွေး | (မောင်တင်ထွေး) | .... | ၇၄ |
| ၃၀။ | ဦးတင်ထွဋ် | (အိုင်စီအက်စ်ဦးတင်ထွဋ်) | .... | ၇၆ |
| ၃၁။ | ဦးတင်မောင် | (တက္ကသိုလ်မောင်လှသူ) | .... | ၇၉ |
| ၃၂။ | ဦးတင်မြင့် | (နေအောင်) | .... | ၈၁ |
| ၃၃။ | ဦးတင်ဟိန်း | (လူထုမောင်မဲ) | .... | ၈၂ |
| ၃၄။ | ဦးတင်အေး | (စစ်ကိုင်းအေးလွင်) | .... | ၈၅ |
| ၃၅။ | ဦးတင်အောင် | (ဗန်းမော်တင်အောင်) | .... | ၈၆ |
| ၃၆။ | ဦးတင်အောင် | (တက္ကသိုလ်နန္ဒမိတ်) | .... | ၈၉ |
| ၃၇။ | ဦးတင့်ဆွေ | (ဂျာနယ်ကျော် တင့်ဆွေ) | .... | ၉၁ |
| ၃၈။ | ဦးတင့်ဆွေ | (ရွှေဘိုမောင်လတ်တူ) | .... | ၉၃ |
| ၃၉။ | ဦးထင်ကြီး | (တက္ကသိုလ်ထင်ကြီး) | .... | ၉၅ |
| ၄၀။ | ဦးထွန်းတင် | (မန်းတင်) | .... | ၉၈ |
| ၄၁။ | ဦးထွန်းဖေ | (ထွန်းနေ့စဉ်ဦးထွန်းဖေ) | .... | ၁၀၀ |
| ၄၂။ | ဦးထွန်းရီ | (ရွှေခား) | .... | ၁၀၄ |
| ၄၃။ | ဦးထွန်းရင် | (မန္တလေးသူရိယဦးထွန်းရင်) | .... | ၁၀၆ |
| ၄၄။ | ဦးထွန်းလှ | (တက္ကသိုလ်နေဝင်း) | .... | ၁၀၇ |
| ၄၅။ | ဦးထွန်းဝင်း | (မဏ္ဍိုင်နေ့စဉ် ဦးထွန်းဝင်း) | .... | ၁၀၉ |
| ၄၆။ | ဦးပုကလေး | (သတင်းစာဆရာဦးပု) | .... | ၁၁၁ |
| ၄၇။ | ဦးဖေသိန်း | (ရွှေဥဒေါင်း) | .... | ၁၁၄ |
| ၄၈။ | ဦးဘကျော် | (ဂါးဒီးယန်း ဦးဘကျော်) | .... | ၁၁၇ |
| ၄၉။ | ဦးဘချို | (ဒီးဒုတ်ဦးဘချို) | .... | ၁၁၉ |
| ၅၀။ | ဦးဘဆွေ | (မဟာဆွေ) | .... | ၁၂၅ |
| ၅၁။ | ဦးဘဖေ | (ဟံသာဝတီဦးဘဖေ) | .... | ၁၂၇ |

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၅၂။ | ဦးဘဘေ | (ဘကြီးဘဘေ) | .... | ၁၂၈ |
| ၅၃။ | ဦးဘိုးသင်း | (စစ်ကိုင်းဦးဘိုးသင်း) | .... | ၁၃၂ |
| ၅၄။ | ဦးဘသန်း | (ယူပီအိုင်ဦးဘသန်း) | .... | ၁၃၄ |
| ၅၅။ | ဦးဘသောင်း | (သခင်ဘသောင်း) | .... | ၁၃၇ |
| ၅၆။ | ဦးဘသောင်း | (မောင်သုတ) | .... | ၁၃၉ |
| ၅၇။ | ဦးဘိုးချိန် | (အမ်ဘိုးချိန်) | .... | ၁၄၁ |
| ၅၈။ | ဦးဘိုးချိန် | (အမ်ခိုင်မြဲဘိုးချိန်) | .... | ၁၄၂ |
| ၅၉။ | ဒေါ်မမခင် | (ဒေါ်မမခင်) | ..... | ၁၄၄ |
| ၆၀။ | ဒေါ်မမလေး | (ဂျာနယ်ကျော်မမလေး) | .... | ၁၄၇ |
| ၆၁။ | ဦးမောင်မောင် | (ဒေါက်တာမောင်မောင်) | .... | ၁၅၀ |
| ၆၂။ | ဦးမောင်မောင်ကြီး | (ဒဂုန်နတ်ရှင်) | .... | ၁၅၂ |
| ၆၃။ | ဦးမောင်လွင် | (မြမျိုးလွင်) | .... | ၁၅၄ |
| ၆၄။ | ဦးမျိုးညွန့် | (ရန်ကုန်မျိုးသန့်) | .... | ၁၅၆ |
| ၆၅။ | ဦးမြသန်း | (မြသန်းတင့်) | .... | ၁၅၈ |
| ၆၆။ | ဦးမြင့် | (ဒါရိုက်တာဆရာမြင့်) | .... | ၁၆၀ |
| ၆၇။ | ဦးမြင့်လှိုင် | (မင်းဆွေ) | .... | ၁၆၂ |
| ၆၈။ | ဦးယုမောင် | (ရန်ကုန်သတင်းစာဦးယုမောင်) | .... | ၁၆၄ |
| ၆၉။ | ဦးယော | (ဇေယျ) | .... | ၁၆၈ |
| ၇၀။ | ဦးရွှေ | (လင်းယုန်မောင်မောင်) | .... | ၁၇၁ |
| ၇၁။ | ဦးရွှေကြူး | (ရွှေကြူး) | .... | ၁၇၃ |
| ၇၂။ | ဦးလေးမောင် | (အာလံဦးလာဘ) | .... | ၁၇၆ |
| ၇၃။ | ဦးလွင် | (ဘိုးဝဇီရ) | .... | ၁၇၈ |
| ၇၄။ | ဦးလွန်း | (သခင်ကိုယ်တော်မှိုင်း) | .... | ၁၈၄ |
| ၇၅။ | ဦးလှ | (လူထုဦးလှ) | .... | ၁၉၁ |
| ၇၆။ | ဦးလှခင် | (ဆန်းညွန့်ဦး) | .... | ၁၉၅ |
| ၇၇။ | ဦးလှထွန်းဖြူ | (အမျိုးသားနေ့စဉ် ဦးလှထွန်းဖြူ) | .... | ၁၉၆ |
| ၇၈။ | ဦးလှဒင် | (အမျိုးသားဦးလှဒင်) | .... | ၁၉၉ |

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၇၉။ | ဦးလှဘေ | (ဒဂုန်လှဘေ) | .... | ၂၀၁ |
| ၈၀။ | ဦးလှသောင်း | (မောင်ညို) | .... | ၂၀၂ |
| ၈၁။ | ဦးလှအောင် | (အထောက်တော်လှအောင်) | .... | ၂၀၄ |
| ၈၂။ | ဦးဝီရိကျော် | (သာပါး) | .... | ၂၀၇ |
| ၈၃။ | ဦးဝင်းမောင် | (မင်းရှင်) | .... | ၂၀၉ |
| ၈၄။ | ဦးသော်ဇင် | (သောမ) | .... | ၂၁၀ |
| ၈၅။ | ဦးသောင်းညွှန့် | (ရွှေပိန်သောင်း) | .... | ၂၁၂ |
| ၈၆။ | ဦးသန့် | (သီလဝ) | .... | ၂၁၄ |
| ၈၇။ | ဦးသန်းတင့် | (ဓူဝံ) | .... | ၂၁၈ |
| ၈၈။ | ဦးသန်းမောင် | (မန္တလေးသူရိယသန်းမောင်) | .... | ၂၂၃ |
| ၈၉။ | ဦးသန်းရွှေ | (သန်းဆွေ) | .... | ၂၂၄ |
| ၉၀။ | ဦးသိန်း | (ဇဝန) | .... | ၂၂၇ |
| ၉၁။ | ဦးသိန်းဖေ | (သိန်းဖေမြင့်) | .... | ၂၃၀ |
| ၉၂။ | ဦးသိမ်း | (တိုးတက်ရေးဦးသိမ်း) | .... | ၂၃၄ |
| ၉၃။ | ဦးသိမ်းမောင် | (သံတော်ဆင့်ဦးသိမ်းမောင်) | .... | ၂၃၅ |
| ၉၄။ | ဦးအေးမောင် | (လင်းယုန်သစ်လွင်) | .... | ၂၃၇ |
| ၉၅။ | ဦးအောင်ဆွေ | (ဒေါင်းနွယ်ဆွေ) | .... | ၂၃၉ |
| ၉၆။ | ဦးအောင်မြင့် | (မြို့မမောင်) | .... | ၂၄၁ |
| ၉၇။ | ဦးအောင်သန်း | (မောင်နေဦး) | .... | ၂၄၃ |
| ၉၈။ | ဦးအောင်သိန်း | (မြဒေါင်းညို) | .... | ၂၄၅ |
| ၉၉။ | ဦးအုန်းခင် | (ဗမာ့ခေတ်ဦးအုန်းခင်) | .... | ၂၄၇ |
| ၁၀၀။ | ဦးအုန်းဖေ | (တက်တိုး) | .... | ၂၅၀ |
| ၁၀၁။ | ထင်ပေါ်ကျော်ကြားမြန်မာသတင်းစာဆရာကြီးများ၏ ကလောင်အက္ခရာစဉ် | | .... | ၂၅၄ |
| ၁၀၂။ | ထင်ပေါ်ကျော်ကြားမြန်မာသတင်းစာဆရာကြီးများ၏ မွေးသက္ကရာဇ်အညွှန်း | | .... | ၂၅၇ |
| ၁၀၃။ | ကိုးကားချက်အညွှန်း | | .... | ၂၆၁ |

# အမှာစာ

ကျွန်တော်သည် ၁၉၆၆ ခုနှစ်မှစ၍ ရန်ကုန်၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ ကြေးမုံ၊ ဂါးဒီးယန်းသတင်းစာများနှင့် သတင်းဂျာနယ်တို့တွင် သတင်းနှင့် သတင်းဆောင်းပါးများရေးသားခဲ့သည့် သတင်းထောက်တစ်ဦးဖြစ်ပါသည်။

ဂျာနယ်ခေတ်တွင် ကြီးပွားရေးလမ်းညွှန်ဂျာနယ်၊ လျှပ်တစ်ပြက်၊ မှူခင်းသတင်းဂျာနယ်တို့တွင် သတင်းနှင့် သတင်းဆောင်းပါးများရေးသားခဲ့ပါသည်။

ယခုလည်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် ဂျာနယ်အချို့တွင် သတင်းနှင့် သတင်းဆောင်းပါးများ ရေးသားဆဲဖြစ်သည်။

ကျွန်တော်၏သတင်းသမားဘဝ အနှစ် (၄၀) နီးပါးအတွင်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ အကူအညီဖြင့် နိမ့်တုံ၊ မြင့်တုံ၊ လောကဓံအဖုံဖုံကိုအခက်အခဲ၊ အကျပ်အတည်း၊ အကွေ့အကောက်၊ အထစ်အငေါ့များစွာတို့ဖြင့် ကြုံဆုံဖြတ်သန်းခဲ့ရသည်။

ဤကဲ့သို့ အခက်အခဲများစွာတို့ကို ကျော်ဖြတ်ရာတွင် "ခံရဲတာ သတ္တိ" ဟူသောစိတ်ကို အရင်းခံထားပြီး ရပ်တည်ခဲ့ပါသည်။ ထိုသို့ ဖြတ်သန်းရာတွင် အောင်မြင်မှုများရှိသကဲ့သို့ ဆုံးရှုံးမှုများလည်းရှိခဲ့ရပါသည်။ ဘဝကိုရင်း၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် အောင်မြင်မှု ဆုံးရှုံးမှုအားလုံးကို ဂုဏ်ယူသည်။ အောင်၍မပြုံး၊ ရှုံး၍မမဲ့၊ ရိက္ခာထက် သိက္ခာကို တန်ဖိုးထားပြီး၊ ပြည်သူ့အကျိုး၊ ရပ်ကျိုး၊ ရွာကျိုးများကို ကိုယ်ကျိုးမငဲ့ သည်ပိုးခဲ့သည်။

ကျွန်တော်သည် ကျောင်းသားဘဝကစပြီး၊ သတင်းထောက်လုပ်ငန်းကို စိတ်ဝင်စား၍ လေ့လာခဲ့သည်။ ကျွန်တော်၏ မိခင်ကြီးက သတင်းထောက်လုပ်ငန်းသည် အန္တရာယ်များကြောင်း၊ ၎င်း၏အစ်ကို သတင်းထောက်ကြီး ဦးခင်မောင်၏ စွန့်စွန့်စားစား သတင်းများရေးသားခဲ့မှုအပေါ် အမှန်တရား မလိုလားသူတို့အမုန်းပွားပုံ၊ ဒုက္ခပေးပုံများကို ရှင်းလင်းပြောပြပြီး၊ သတင်းထောက်မလုပ်ရန် ဖျောင်းဖျပါသော်လည်း ကျွန်တော်သည် မိခင်ကြီး၏စကားကို မနာခံခဲ့ဘဲ ဝါသနာအရ သတင်းထောက်ဖြစ်လိုသော စိတ်ကသာ ပြင်းထန်နေခဲ့သည်။

ကျွန်တော်သည် သတင်းထောက်တစ်ယောက်ဖြစ်နိုင်ရန် မည်သို့ဆောင်ရွက်ရမည်ကို အမြဲစူးစမ်းလေ့လာခဲ့သည်။ သတင်းထောက်သင်ပုန်းကြီး ဟုဆိုလျှင် မှားအံ့မထင်သော **"ဘယ်သူ၊ ဘယ်အချိန်၊ ဘယ်မှာ၊ ဘာကြောင့်၊ ဘာကို၊ ဘယ်လို"** ဟူသည့် **"ဘခြောက်လုံး"** ကိုစတင်လေ့လာပြီး၊ သတင်းစာပညာနှင့် ပတ်သက်သည့်စာအုပ်စာတမ်းများကို လေ့လာမှတ်သားခဲ့သည်။

ထိုသို့ လေ့လာမှတ်သားခဲ့ရာမှ သတင်းထောက်တစ်ယောက်တွင်ရှိသင့်သည့် အရည်အချင်းများမှာ **"အမှန်တရားကို ရင်ဆိုင်နိုင်သည့် သတ္တိရှိမှု၊ တက်ကြွမှု၊ ဖျတ်လတ်မှု၊ ထိုးထွင်းကြံဆမှုမျိုးသာမက၊ ပြုံးရွှင်စွာ ပေါင်းသင်းတတ်မှု၊ အများပြည်သူ အားကိုးလာအောင်ပြုမှု၊ နေထိုင်၊ ရေးသားတတ်မှုရှိရန် ကြိုးစားအားထုတ်ရမည်"** ဟု မှတ်သားခဲ့ရသည်။

သတင်းများရေးသားရာတွင်လည်း **"တစ်ဦးတစ်ယောက်အကျိုးထက်၊ ပြည်သူအများအကျိုးရှိစေမည့် စစ်မှန်သောသတင်းဖြစ်ရန်၊ အာဃာတစိတ်၊ ချစ်ခင်လေးစားသောစိတ်၊ သနားကြင်နာတတ်သောစိတ်များ ကင်းရှင်းစွာဖြင့် ရေးသား၍ မိမိ၏စိတ်လှုပ်ရှားမှုအပေါ်အခြေမခံဘဲ၊ သတင်းဖြစ်ရပ်မှန်အပေါ်သာ အခြေခံရေးသားရန်"** ဟူသော အခြေခံမှုများကို လေ့လာဆည်းပူးခဲ့သည်။

အနှစ် (၄၀) နီးပါးဖြတ်သန်းခဲ့ရသည့် သတင်းသမားဘဝအတွက် မိမိကိုယ်မိမိ ဂုဏ်ယူသည်။ ကျွန်တော်သည် သတင်းစာ ဆရာအားလုံးကို ကျွန်တော်၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအဖြစ်သတ်မှတ်သည်။ သတင်းစာဆရာ ဟူသည် သတင်း ထောက်နှင့် အယ်ဒီတာများသာမဟုတ်၊ သတင်းလုပ်ငန်းလုပ်ကိုင်သူ သတင်းသမား၊ သတင်းထောက်၊ မီဒီယာသမား၊ အယ်ဒီတာ၊ ခေါင်းကြီးရေးသူ၊ ဆောင်းပါးရှင်၊ အထူးကဏ္ဍဆောင်းပါးရှင်၊ တိုက်ထိုင်ဆောင်းပါးရှင်စသည်ဖြင့် ပါဝင်သည်။

ကျွန်တော့်အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ ကျေးဇူးကား ကြီးမားလှသည်။ ကျေးဇူးရှိသူကို ကျေးဇူးဆပ်ရန်မှာ ကျေးဇူးအပြုခံရသူတိုင်း၏ တာဝန်ဖြစ်သည်ဟုခံယူသည်။ ကျွန်တော့်အတွက် ကျေးဇူးကြီးမားလှသောသတင်းဆရာများကို ဘယ်ပုံ၊ ဘယ်နည်းဖြင့် ကျေးဇူးဆပ်ရမည်ကို စဉ်းစားသည်။ နည်းမျိုးစုံတွေးဆသည်။

ဤတွင် အတွေးတစ်ခုပေါ်လာသည်။ ထိုအတွေးက ကျေးဇူးရှင်သတင်းစာဆရာကြီးများ၏ အတ္ထုပ္ပတ္တိကို စုစည်းရန်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စာရေးဆရာကြီးများ၊ စာဆိုရှင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို တစ်စုတစည်းတည်းစာအုပ်များအဖြစ်ပြုစုထုတ်ဝေခဲ့ကြသော်လည်း၊ သတင်းစာဆရာကြီးများ၏ အတ္ထုပ္ပတ္တိကို တစ်စုတစည်းတည်း စာအုပ်အဖြစ်ပြုစုထုတ်ဝေခဲ့သည်ကို မတွေ့ခဲ့ရဘူးပါ။

၁၉၇၁ ခုနှစ်က ကျွန်တော်၏ဆရာ ဦးကြည်ညွှန့် (ချစ်ကြည်ရေး ကြည်ညွှန့်) ပြုစုခဲ့သော သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့အကြုံစာအုပ်ကို ဖတ်ရှုခဲ့ရသည်။ သတင်းစာဆရာကြီး (၁၀) ဦးအကြောင်းပါဝင်သည်။ ဒုတိယတွဲ ဆက်လက်ထွက်မည်ဟုကြော်ငြာသည်။ ထွက်မလာ၊ ယခုတော့ ကျွန်တော့်ဆရာ ဦးကြည်ညွှန့်လည်း

မရဏဆိုသည့် သေခြင်းတရားကို မလွန်ဆန်နိုင်၍ ကျွန်တော်တို့အား ခွဲခွာသွားရှာပြီ ဖြစ်သည်။

ဤတွင် ကျွန်တော်သည်တစ်ချိန်က မြန်မာသတင်းစာလောကတွင် လှုပ်ရှားခဲ့ကြသော သတင်းစာဆရာကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းကိုပြုစုခြင်းအားဖြင့် သတင်းစာဆရာကြီးများ၏ကျေးဇူးကို ဆပ်ရာရောက်မည်ဟု ယုံကြည်၍ ယခုကဲ့သို့ ပြုစုရခြင်း ဖြစ်ပါသည်။

ကျွန်တော် မြန်မာသတင်းစာလောကမှ သတင်းစာဆရာကြီးများ အတ္ထုပ္ပတ္တိအကျဉ်းကိုပြုစုရာတွင် အချို့ကိုအမည်သာ သိရပြီး၊ ၎င်းတို့၏ ကိုယ်ရေးအချက်များကို ရှာဖွေမေးမြန်းစုံစမ်းရာတွင် မလွယ်ကူဘဲ၊ မှတ်တမ်းမှတ်ရာရှာဖွေ မတွေ့ဖြစ်ခဲ့ရပါသည်။ ခေတ်ပြိုင်လူပုဂ္ဂိုလ်များထံ သွားရောက်စုံစမ်းရာတွင်လည်း အမည်လောက်သာ ပြောနိုင်ကြပြီး၊ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များမပြောနိုင်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကျွန်တော့်အတွက် အဖိုးတန်ရတနာများ ပျောက်ဆုံးခဲ့ရသည်ဟုခံစားရပါသည်။

ကျွန်တော်စုဆောင်းရရှိသော သတင်းစာဆရာကြီးများအနက် အချို့မှာ သတင်းစာဆရာလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်၊ ကဗျာဆရာလည်းဖြစ်၊ နိုင်ငံကျော်၊ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ ဖြစ်ခဲ့ကြသူများလည်း ပါဝင်ပါသည်။

သတင်းစာဆရာကြီးများအားလုံးသည် အနည်းဆုံးခေတ်တစ်ခေတ်ကို ကိုယ်စားပြုခဲ့ကြပါသည်။ သူတို့၏ လှုပ်ရှားခဲ့မှုသည် နှောင်းခေတ် တစ်ခေတ်အတွက် သမိုင်းဖြစ်ရပ်များ၊ အတွေးအခေါ်များနှင့် လှုပ်ရှားမှုများဖြစ်လာပေသည်။

သူတို့၏ အတွေးအခေါ်လှုပ်ရှားမှုများသည် နှောင်းခေတ်လူသားများအဖို့ လေ့လာစရာ၊ သင်ခန်းစာယူစရာများဖြစ်လာသည်။ သူတို့အားလုံး လူသားတိုင်း မလွန်ဆန်နိုင်သည့် မရဏဆိုသည့် သေခြင်းတရားနှင့် ရင်ဆိုင်သွားခဲ့ကြပြီ ဖြစ်သည်။

ကျွန်တော့်အနေဖြင့် ပဒေသရာဇ်ခေတ်၊ ကိုလိုနီနယ်ချဲ့ခေတ်၊ လွတ်လပ်ရေးရပြီး ခေတ်များတွင် ပါဝင်ခဲ့သော မြန်မာသတင်းစာဆရာကြီးများ၏ အကြောင်းများကို ရေးသားရာတွင် စာအုပ်တစ်အုပ်ထဲ၌ အပြည့်အစုံရေးသား၍မရနိုင်ပါ။ သို့အတွက် ကျွန်တော်ရှာဖွေစုစည်းရေးသားသည့် မြန်မာသတင်းစာဆရာကြီးများ၏ အတ္ထုပ္ပတ္တိများမှာ အကျဉ်းမျှသာ ဖြစ်ပါသည်။

မြန်မာသတင်းစာလောကတွင် ထင်ပေါ် ကျော်ကြားခဲ့သောသတင်းစာဆရာကြီးများ အတ္ထုပ္ပတ္တိက ပညာရှင်များ စုပေါင်း၍သော်လည်းကောင်း၊ စာပေဆိုင်ရာ အဖွဲ့အစည်း

များမှလည်းကောင်း ရှာဖွေပြုစုမည်ဆိုပါက ပိုမိုပြည့်စုံသော အတ္ထုပ္ပတ္တိစာအုပ်ဖြစ်ပေါ် လာမည်ဟုယုံကြည်ပါသည်။ ကျွန်တော့်အနေဖြင့် လက်လှမ်းမီသ၍ စာအုပ်စာပေများ မှလည်းကောင်း၊ လူပုဂ္ဂိုလ်များကို မေးမြန်း၍လည်းကောင်း ပြုစုထားခြင်းသာ ဖြစ်ပါသည်။

ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မည်ဆိုပါက နောင်လာနောင်သားများအတွက် အလွန်တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်ကောင်းများဖြစ်မည်ဟု ယုံကြည်ပါသည်။

ကျွန်တော်၏ ဤ **"ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ"** စာအုပ် တွင် ထင်ပေါ်ကျော်ကြားခဲ့သော မြန်မာသတင်းစာဆရာကြီးများအနက်မှ ကွယ်လွန် သွားရှာပြီဖြစ်သော သတင်းစာဆရာကြီး (၁၀၀) ၏အတ္ထုပ္ပတ္တိအကျဉ်းသာ ပါဝင်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် ချွတ်ယွင်းချက်၊ တိမ်းစောင်းချက်များပါရှိမည် အမှန်ပင် ဖြစ်ပါသည်။ ဤသို့ ချွတ်ယွင်းချက်၊ တိမ်းစောင်းချက်များတွေ့ရှိပါက ကျွန်တော်၏ လေ့လာ အား၊ ရှာဖွေအားနည်းခြင်းကြောင့်သာဖြစ်ရပါကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

စာဖတ်သူများအနေဖြင့် ခွင့်လွှတ်ပါရန်လည်း ကိုယ်နှုတ်နှလုံးသုံးပါးလုံးဖြင့် ရိုသေ လေးစားစွာ ခွင့်ပန်အပ်ပါသည်။

ဤ **"ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ"** အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ရှုရခြင်းအားဖြင့် ဖတ်ရှုသူတို့အဖို့ သုတတစ်စုံတစ်ရာရရှိပြီး၊ မြန်မာစာနယ်ဇင်းလောက အတွက် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် အုပ်တစ်ချပ်၊ သဲတစ်ပွင့်မျှ အထောက်အကူပြုမည် ဆိုပါလျှင် ဝမ်းသာကျေနပ်နေမည် ဖြစ်ပါသည်။

**သတင်းထောက် - သောင်းညွန့် (ဖျာပုံ)**



# ဦးကိုကို (ကိုကို)

သတင်းစာဆရာ ဦးကိုကို ကို ၁၉၂၂ ခုနှစ်၊ မေ ၂၁ ရက်တွင် အဖ ခရိုင်ထောက်ပံ့ရေးအရာရှိ ဦးထွန်းတင်နှင့် အမိ ဒေါ်ငြိမ်းရှင်တို့မှ မြောင်းမြမြို့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးကိုကိုဖြစ်သည်။

ဝါးခယ်မမြို့ အင်္ဂလိပ်မြန်မာ အလယ်တန်းကျောင်းတွင် ၁၉၃၅ ခုနှစ်၊ (၇)တန်းအောင်မြင်သည်အထိ ပညာသင်ယူခဲ့ပြီး မြောင်းမြမြို့ အစိုးရအထက်တန်းကျောင်း၌ ဆက်လက်ပညာဆည်းပူးခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် (၁၀)တန်းအောင်မြင်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် မြောင်းမြခရိုင်ကျောင်းသားသမဂ္ဂ အတွင်းရေးမှူးနှင့် တို့ဗမာအစည်းအရုံးခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဆယ်သန်းသတင်းစာ ညအယ်ဒီတာအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သည်။ စနေနဂါးနီဂျာနယ်၌ ဘာသာပြန်ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၄၀-၄၅ ခုနှစ်တွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂဗဟိုအလုပ်အမှုဆောင် တာဝန်များယူခဲ့ပြီး ၁၉၄၁-၄၂ ခုနှစ်တွင် မြောင်းမြခရိုင် မြေအောက်တော်လှန်ရေး လုပ်ငန်း၌ နိုင်ငံရေးနှင့် စစ်ရေးထောက်လှမ်းရေးတာဝန်တို့ကိုပါ ပူးတွဲထမ်းဆောင်ခဲ့သည်။ ယင်းကာလမှာပင် ကွန်မြူနစ်ပါတီ၏ ပထမဆုံးထုတ် အရေးတော်ပုံစာတမ်းများကို လျှို့ဝှက်ဖြန့်ချိခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် အထက်ဗမာပြည် ကွန်မြူနစ်ပါတီဝင်တစ်ယောက် ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်တွင် မန္တလေးခရိုင် ကွန်မြူနစ်ပါတီ ခရိုင်ကော်မတီတာဝန်ကို ယူခဲ့ပြီး၊ ဖက်ဆစ်တော်လှန်ရေးတွင် ဗိုလ်မှူးဗထူးတပ်၌ နိုင်ငံရေးမှူးနှင့် ဝါဒဖြန့်ချိရေးမှူး တာဝန်များကို ယူခဲ့သည်။ တော်လှန်ရေးအပြီးတွင် မန္တလေးခရိုင်၊ ကွန်မြူနစ်ပါတီ ခရိုင်ကော်မတီဝင် ဖြစ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သတင်းလွှာ ညနေသတင်းစာ အယ်ဒီတာတာဝန်ကို ထမ်းဆောင်စဉ် ထိန်းသိမ်းခံရသည်။

၁၉၅၂-ခုနှစ်တွင် လူထုပညာရေးကောင်စီ၌ ဝင်ရောက်အမှုထမ်းရာ ၁၉၅၇ ခုနှစ်အထိ လူထုပညာရေးမှူး၊ ၁၉၅၇-၅၉ ခုနှစ်အထိ သတင်းဖြန့်ချိရေးအရာရှိ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် နိုင်ငံခြား ရုပ်ရှင်တင်သွင်းရေးအေဂျင်စီ၌ ရုပ်ရှင်ဇာတ်ကား စီစဉ်ရေးမှူးတာဝန်ကို ယူခဲ့ရသည်။ ၁၉၆၇ ခုနှစ်တွင် ကြီးကြပ်ရေးနှင့် နိုင်ငံခြား ဆက်သွယ်ရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီး

ဌာန အတွင်းဝန်ကလေးနှင့် တွဲဖက်ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၀ ပြည့်တွင် ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်းရုံးချုပ် အုပ်ချုပ်ရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ရုပ်ရှင်ကော်ပိုရေးရှင်းထုတ်လုပ်မှုနှင့် ဇာတ်လမ်းစိစစ်ရေး ဒုတိယညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ တွဲဖက်ညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂကို ဦးစီးတည်ထောင်ခဲ့သူဖြစ်သည်။ ၁၉၄၁ ခုနှစ် ထုတ်ဝေသော ဝတ္ထုညွှန့်ပေါင်း စာအုပ်ပါ 'ယောက်ျားဆိုတာ' ဝတ္ထုသည် ဦးကိုကို၏ ပထမဦးဆုံးလက်ရာဖြစ်သည်။ ပိတောက်တွေပွင့်ပြန်ပေါ့ လက်ရွေးစင် ဝတ္ထုတိုများ 'လင်းလုပါပြီ'၊ 'မေ့သက်များ'၊ 'အသည်းကမ္ဘာဝယ်'၊ 'ခရုအိမ်'တို့သည် ဦးကိုကို၏ ထင်ရှားသောလက်ရာအချို့ဖြစ်သည်။ ခေါင်းလောင်းသံ (၁၉၆၅)ကို ဘာသာပြန် ထုတ်ဝေခဲ့သည်။ ဤသစ်ဆုံ (မောင်ကျော်သာနှင့်ပူးတွဲရေး) ဖြင့် ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုရှည် တတိယဆုရရှိခဲ့သည်။ မော်ကွန်းဝင် (ပထမအဆင့်) ကိုလည်း ရရှိခဲ့သည်။ ရုပ်ရှင်ဇာတ်ညွှန်းများစွာကိုလည်း ရေးသားခဲ့သည်။

ဦးကိုကိုသည် စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီဝင် တစ်ဦးဖြစ်ခဲ့သည်။ ဦးကိုကိုရေးသားခဲ့သော ဤသစ်ဆုံ ဝတ္ထုရှည်သည် သာယာဝတီနှင့် လက်ပံတန်းအကြားရှိ ကျေးရွာလေးတစ်ရွာ၊ ရွာလယ်လမ်းမအဝင်တွင် အလွန်ကြီးမားသော သစ်မြစ်ဆုံကြီးက ပိတ်ဆို့တားဆီးနေပြီးလျှင် ပင်စည်မှ ဖြာထွက်နေသော အပိုင်းမှာ မြေအောက်တွင်တစ်ဝက် မြေပေါ်တွင်တစ်ဝက် ကန့်လန့်ဖြစ်နေ၍ ယင်းအပေါ်မှ လူည်းများဖြတ်ကျော်မောင်းနှင်နေကြရ၏။ ထိုရွာ၏ နတ်ကတော်၏အဆိုအရ ထိုအပင်ကြီးမှာ အစွဲရှိသည်ဟုဆို၏။ သို့သော် အမှန်အားဖြင့် အယူသည်းမှုသာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ထိုရွာ၏ မူလအမည်ဖြစ်သော ညောင်ပင်သာအမည်ပျောက်ကာ သစ်ဆုံရွာဟုတွင်နေတော့သတည်း။ ယင်းရွာတွင် လူထုပညာရေးမှူးအဖြစ် အမှုထမ်းရသော အမျိုးသမီးတစ်ဦးပေးပို့သော ကိုယ်တွေ့ဖြစ်ရပ်ကို မူတည်၍ ရေးသားသောဝတ္ထုဖြစ်သည်။

ခေတ်တစ်ခေတ်၏ အကြောင်းအရာကို ကွက်ကွက်ကွင်းကွင်း တင်ပြသော ဝတ္ထုဖြစ်သည်။ **"နိုင်ငံရေးခေတ်တွင် လယ်သမား ဥက္ကဋ္ဌသည်လည်းကောင်း၊ ကာကွယ်ရေးခေါင်းဆောင်ဖြစ်သူ သူကြီးသားသည်လည်းကောင်း၊ နိုင်ငံရေးသမား ပေါက်စတို့သည်လည်းကောင်း၊ ကျေးရွာများတွင် ဘုရင်ငယ်တစ်ဆူပမာ မင်းမူနေကြသည်။**

**သူတို့သည် သူပုန်ဘက်မှ လာလျှင်လည်း သူပုန်နှင့်ပေါင်း၏။ အစိုးရဘက်မှ လာလျှင်လည်း အစိုးရ၏ လူလုပ်၏။ ဤသို့ဖြင့် လေ့နန်းနှစ်ဖက်နင်း ၍ ဖြစ်ချင်သလို ဖြစ်နေကြပုံကို ဤသစ်ဆုံဝတ္ထုရှည်၌ ရွဲ့ရှာဖွယ်အတိ”** ဖတ်ရှု ရသည်။

ဤသစ်ဆုံဝတ္ထုကို မင်းလွင်ရုပ်ရှင်မှ ရုပ်ရှင်ရိုက်ကူးပြသခဲ့၏။ ဦးကိုကိုသည် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားအညွှန်း ။**
(၁) **မလိခ။ မြန်မာစာပေအဘိဓာန် (၁)။ ၇၇-၇၉**
(၂) **မလိခ။ မြန်မာဝတ္ထုအညွှန်း(၁)။ စာ၂၃၄-၂၄၇။**
(၃) **ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံ စာပေဆုများ။ စာ ၁၂၂-၁၂၃။ ရာပြည့်ဦးစိုးညွှန့်။ ၂၀ရာစု မြန်မာစာရေး ဆရာ (၁၀၀) စာ ၁၁၃-၁၁၄**



# ဦးကိုကိုလေး (သိုဟန်)

သတင်းစာဆရာ ဦးကိုကိုလေးကို အဖ ဦးကိုကိုနှင့် အမိ ဒေါ်သိန်းဝါတို့က ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၀ ရက်တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့ စိန့်ဂျွန်းအမျိုးသား အထက်တန်းကျောင်းမှ ဆယ်တန်း အောင်မြင်ပြီး၊ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ဝိဇ္ဇာ (က)တန်းတွင် ပထမရသောကြောင့် ဦးကောင်း Memorial Scholarship ဆုရရှိခဲ့သည်။ ၁၆၉၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေဂုဏ်ထူးတန်းကို အင်္ဂလိပ်ဘာသာဖြင့် အောင်မြင်ပြီး အင်္ဂလိပ်စာဌာနနည်းပြအဖြစ်ထမ်းဆောင်သည်။ ၁၉၆၇ ခုနှစ်တွင် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံဘာလင်မြို့ရှိ သတင်းစာပညာသင်တန်း၌ ထူးချွန်စွာ အောင်မြင်ပြီး အဆင့်မြင့်ဆုရရှိခဲ့သည်။

ဦးကိုကိုလေးသည် ၁၉၆၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေစဉ် (အင်္ဂလိပ်)သတင်းစာ ထုတ်ဝေရန်အတွက် ဖွဲ့စည်းခဲ့သည့် အယ်ဒီတာအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ လုပ်သားပြည်သူ့နေစဉ် (အင်္ဂလိပ်) သတင်းစာမှ The New Light of Myanmar သို့ အမည်ပြောင်းလဲထုတ်ဝေခဲ့သော သတင်းစာတွင် စာတည်းမှ စာတည်းမှူးချုပ်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသို့ထမ်းဆောင်ရင်း အင်္ဂလိပ်မြန်မာ သတင်းစာများတွင် သတင်းဆောင်းပါးများ ရေးသားခဲ့သည်။ ဦးကိုကိုလေး၏ ကလောင်အမည်မှာ သိုဟန်ဖြစ်သည်။

ဦးကိုကိုလေးသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၉ ခုနှစ်အထိ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်တာဝန် ထမ်းဆောင်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်အဖွဲ့က ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်း (နှစ်ချုပ်) စီစဉ်ရေးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သင်ကြားလျက်ရှိသော သတင်းစာပညာသင်တန်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသည့် ဘာသာပြန်သင်တန်းနှင့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် သင်တန်းများတွင် သင်တန်းဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်နှင့်စပ်လျဉ်းသည့် ဘာသာပြန်လုပ်ငန်းများတွင် စဉ်ဆက်မပြတ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော ဦးကိုကိုလေးသည် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **မြန်မာ့စွယ်စုံကျမ်း (နှစ်ချုပ်)၊ ၁၉၉၄၊ စာ - ၁၄၀။**

# ဦးကျော်ညွန့် (ပီမိုးနင်း)



စာရေးဆရာပီမိုးနင်းအမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သောသတင်းစာဆရာ ဦးကျော်ညွန့် ကို ၁၈၈၄-ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်တွင် ဖွားမြင်ခဲ့သည်။ ဖွားမြင်သောနံနက်၌ မိုးနှင်းများ ထူထပ်စွာကျနေသောကြောင့် မိုးနှင်းများကို အစွဲပြု၍ "မိုးနှင်း" ဟူသောအမည်ဖြင့် ရပ်ရွာက အသိအမှတ်ပြု အမည်ပေး ခေါ်ခဲ့ကြသည်။ ငယ်မည်မှာ "မိုးနှင်း" "မိုးနင်း" ပင်ဖြစ်သည်။ ဇာတာအမည်မှာ "မောင်ကျော်ညွန့်" ဖြစ်သည်။

ဦးကျော်ညွန့်၏ အမိအဖများမှာ ဆင်းရဲနွမ်းပါးကြသည်။ ထို့ကြောင့် အမိ လုပ်သူသည် တောင်းရွက်၍ ဈေးထွက်ရောင်းရသောအချိန်များတွင် ဦးကျော်ညွန့် (ခေါ်) ပီမိုးနင်းမှာ ငယ်ရွယ်သူဖြစ်လင့်ကစား အိမ်တွင် နေရစ်ခဲ့ရ၍ နှမငယ်ကို ထိန်းခြင်း၊ မိမိအဝတ်၊ နှမငယ်အဝတ်၊ အမိအဝတ်တို့ကို လျှော်ဖွပ်ခြင်း၊ ဟင်းရွက်ဟင်းလျာရှာဖွေခြင်း၊ ညစာ နံနက်စာ ချက်ပြုတ်ခြင်းစသော ဗာဟီရအလုပ်များကို လုပ်ကိုင်ရသည်။

ဦးကျော်ညွန့်သည် အသက်အတန်ငယ်ရင့်မှ အာ-စီ-အင် (မ) ခရစ်ယာန်သာသနာပြုကျောင်းတွင် စာပေသင်ကြားခွင့်ရသည်။ ထိုကျောင်းတွင် အင်္ဂလိပ်မြန်မာ (၄) တန်း အောင်ပြီးနောက်ကျောင်းအုပ်ဖြစ်သော ခရစ်ယာန်ဘုန်းကြီးဖာသာ-ဝဲလဝါး၏ စောင်မကြည့်ရှုမှုဖြင့်မော်လမြိုင်မြို့ရှိ "ဆင်မာနာရီ" ကျောင်းခေါ်ဘုန်းကြီး အတတ်သင်ကျောင်းသို့ သွားရောက် သင်ယူခွင့်ရပြန်သည်။ ထိုကျောင်းတွင်လက်တင်ဘာသာ၊ လက်တင်သဒ္ဒါကို အထူးတက်မြောက်လာသောကြောင့် ပညာကိုတိုးတက်သင်ယူစေအံ့သောငှာ (၃) နှစ်ခန့်အကြာတွင် ပလောပီနံမြို့ရှိ "ဂျင်နရယ်ကောလိပ်" ခေါ် ပြင်သစ်ပြည် ပဲရစ်မြို့တော်မှ တစ်ဆင့်ခွဲ၍ထားသော သိပ္ပံကျောင်းကြီးသို့ ပို့လွှတ်ခြင်းခံရသည်။ သို့ရာတွင် ဘုန်းကြီးလုပ်ရန်များစွာစိတ်မပါလှ။ ထို့ကြောင့်လည်း ပလောပီနံသို့ရောက်၍ မကြာမီ အသက် ၁၉နှစ်အရွယ်တွင် မြန်မာပြည်သို့ပြန်လည်ရောက်ရှိလာကာ ရှေးဦးစွာ ငယ်ဆရာ ငယ်ကျောင်းဖြစ်သော ဖာသာ-ဝဲလဝါး၏ အာ-စီ-အင် ကျောင်းတွင်ပင် ဆရာအဖြစ် ခန့်ထားခြင်းခံခဲ့ရသည်။ ယင်းနောက် ကြို့ပင်ကောက်မြို့သို့ပြောင်းကာ အာ-စီ-အင် ကျောင်းဆရာအဖြစ် ခေတ္တခဏလုပ်ကိုင်သည်။ ထိုမှ ပြည်မြို့သို့ရောက်သွားပြီး ပြည် ဆေးရုံကြီး၌စာရေးကြီး အဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ပြည်မြို့သို့ လယ်တီ ဆရာတော်

ဘုရားကြီးကွဲတော်မူခိုက် အလုပ်မှထွက်ကာ ဆရာတော်ဘုရားကြီးထံတော်တွင် ပဉ္စင်းခံလေသည်။

ဦးကျော်ညွန့်သည် ပဉ္စင်းဝတ်ဖြင့်ပင်ရန်ကုန်သို့ ရောက်သည်။ တည်းခိုစရာမရှိ၍ ညောင်တုန်းကျောင်းတိုက်၊ ဦးဗျားတောရ ကျောင်းတိုက်၊ ဂျောင်ဝိုင်းကျောင်းတိုက်များတွင် လှည့်လည်နားနေပြီး နောက်ဆုံးတွင် သိက္ခာချသက်နံးချွတ်၍ လူဝတ်လဲလိုက်သည်။

စာပေအရေးအသား ဝါသနာပါ၍ သက်နံးဝတ်ဖြင့်ရှိစဉ် "လောဂျစ်" ခေါ်တက်ကျမ်းတစ်စောင်ကို ပြုစုခဲ့သည်။ ဝမ်းရေးအတွက် ထိုကျမ်းကလေးကိုရောင်းရန် ဟံသာဝတီသတင်းစာတိုက်သို့ သွား၍ပြရာ၊ ဗုဒ္ဓဘာသာနှင့်ဆန့်ကျင်သည့်စာပေဟူ၍ ပယ်ခြင်းခံခဲ့ရသည်။ သို့ရာတွင် ထိုတိုက်ပိုင်ရှင် သူဌေး မစ္စတာရစ်ပလေ၏ ညာတာထောက်ထားမှုကြောင့် ထိုတိုက်တွင်ပင် တစ်လလျှင် ၃၀ ကျပ်ဖြင့် ဘာသာပြန်အလုပ်ကို လုပ်ကိုင်ခွင့်ရခဲ့သည်။ သတင်းစာတိုက်တွင် ၆ လခန့်လုပ်ကိုင်ပြီး၊ ကျန်းမာရေး ချွတ်ယွင်းမှုကြောင့် အလုပ်မှထွက်ခဲ့ရသည်။ ကျန်းမာရေးကောင်းလာသောအခါ အလုပ်အကိုင်ရှားပါးမှုကြောင့် အနယ်နယ် အရပ်ရပ်သို့ အလုပ်အကိုင်လှည့်လည်ရှာဖွေခဲ့ရာ ဟင်္သာတမြို့အနီး ဓမ္မိမြို့သို့ရောက်ကာ ငယ်ဆရာ၏ကျေးဇူးကြောင့် ဓမ္မိကျောင်း၌ ကျောင်းဆရာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဦးကျော်ညွန့်သည် ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန်၌ သုံးဆယ်မြို့တွင် မိတ်ဆွေများ၏ အကူအညီဖြင့် စာပုံနှိပ်စက်ထောင်ကာ "မြန်မာ့မိတ်ဆွေမဂ္ဂဇင်း" ကို ထုတ်ဝေခဲ့သည်။ စစ်ဒဏ်ကြောင့် စက္ကူများလုံလောက်စွာမရ၊ ဈေးနှုန်းကလည်း အဆမတန် ကြီးလေးလာ၍ မဂ္ဂဇင်းထုတ်ဝေခြင်းကို ရပ်စဲပြီးရန်ကုန်မြို့သို့ အလုပ်ရှာရန်သွားခဲ့သည်။

ရန်ကုန်မြို့ သူရိယသတင်းစာတိုက်တွင် စစ်သတင်းများကို ဘာသာပြန်ဆိုရေးသားသည့်ဘက်၌ အလုပ်ရ၏။ ယင်းနောက် မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိသွားပြန်သည်။ ထိုမှတစ်ဖန် သူရိယသတင်းစာတိုက်သို့ သံသရာလည်လာပြန်သည်။

သူရိယသတင်းစာတိုက်တွင် လုပ်ကိုင်နေခိုက် အလုံရပ်ရှိ "နှစ်ခြင်းသာသနာပြု" ကျောင်း၌ လက်တင် ဘာသာသင်ဆရာ တစ်ယောက်အလိုရှိကြောင်း ကြော်ငြာစာ တွေ့သဖြင့် အမည်ရင်းဖြစ်သော "မောင်ကျော်ညွန့်" အမည်ဖြင့် လျှောက်ထားရာ မြန်မာလူမျိုးကို မခန့်နိုင်ကြောင်းဖြင့် နောက်တစ်နေ့တွင် စာပြန်လာသည်။ ထို့ကြောင့် အင်္ဂလိပ်အမည် ယောင်ယောင်ရှိသောအရပ်ခေါ် "မိုးနှင်း" ကိုသတိရလာကာ မော်လမြိုင်သွားစဉ်က

ယူထားသော ခရစ်ယာန်ဘာသာအမည် ဖီးလစ်အနက်မှ အစစာလုံးအတိုကောက်ကို ကောက်ယူပြီး ပီမိုးနင်း ဟူသောအမည်ဖြင့် လျှောက်လွှာတင်ခဲ့ရာ၊ လက်တင်ဘာသာကိုလည်း နဂိုတတ်ကျွမ်းမှုခာတ်ခံရှိသောကြောင့် အလုပ်ရတော့သည်။ ထိုကျောင်းတွင် လက်တင်စာများကို (၄) တန်းမှ (၁၀) တန်း အထိတစ်ယောက်တည်း သင်ကြားပေးခဲ့ရသည်။

နွေလကျောင်းပိတ်ရက်သို့ရောက်သောအခါပေါ်ထွက်စဖြစ်သော ပညာအလင်းမဂ္ဂဇင်းနှင့် အခြားသောမဂ္ဂဇင်း တို့သို့ ဝတ္ထုများ၊ ဆောင်းပါးများကို ရေးသားပေးပို့နေရာမှ ပညာအလင်းမဂ္ဂဇင်းပိုင်ရှင် ဦးတင်၏ တောင်းပန်ချက်အရ ထိုမဂ္ဂဇင်းတိုက်သို့ ဝင်ရောက်ကာ လစဉ်ဝတ္ထုနှင့် အခြားအခန်းပေါင်းများစွာကို တာဝန်ယူရ၏။ သို့နှင့် မဂ္ဂဇင်းမှတစ်ဆင့် သတင်းစာကိုပါ တိုးချဲ့လိုက်သောအခါ "ဘက်ပတစ်" ကျောင်းသို့မပြန်တော့ဘဲ ထိုမဂ္ဂဇင်းနှင့် သတင်းစာနှစ်ခုစလုံးတွင်ပင် တည်းဖြတ်သည့်ဘက်မှ ဆက်လက်လုပ်ကိုင်လေတော့သည်။

ဦးကျော်ညွန့်သည် ပညာအလင်းသတင်းစာ၌ "ပိုက်ဆံကြီး" အမည်ဖြင့် ဆောင်းပါးများကိုလည်းကောင်း၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြ စသော ဝတ္ထုရှည်ကြီးများကို ရေးသားခဲ့သည်။ သို့ရာတွင် ပညာအလင်း၌လည်း များစွာမကြာ အလုပ်မှထွက်ပြီး "အောင်တော်မူခေါ်" တနင်္ဂနွေတစ်ပတ်လျှင်တစ်ကြိမ်ထုတ် ဝတ္ထုကလေးများကို ထုတ်ဝေပြန်သည်။ ဝတ္ထုစာအုပ် ကလေး (၁၄) အုပ်ထုတ်ပြီး အကျိုးမပေး၍ရပ်စဲလိုက်ရသည်။

ဤသို့အားဖြင့် "စာရေးဆရာ၏နိမ့်တုံ၊ နိမ့်တုံဘဝ" ဖြင့်ပင် ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ် တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားလေတော့သည်။

ဗန္ဓုလဂျာနယ်တွင် ခေတ္တခဏမျှဝင်ရောက်လုပ်ကိုင်စဉ် ပိုင်ရှင်များက ဗန္ဓုလသတင်းစာနှင့် ဗန္ဓုလရုပ်ရှင်တို့ကိုပါ တိုးတက်ချဲ့ထွင်လိုက်ရာ ဦးကျော်ညွန့်၏ သားဖြစ်သူ မောင်ကျော်စိုးက ရှေးဦးပထမ "ချစ်တဲ့သူရယ်" ဇာတ်ကားတွင် ဇာတ်လိုက်အဖြစ် ပါဝင်ရိုက်ကူးသည်။ ထိုအခါ ကိုယ်တိုင်ကိုယ်ကျ ဒါရိုက်တာအဖြစ် သင်ကြားပြသခဲ့သည်။ ထို့နောက် သားဖြစ်သူ မောင်ကျော်စိုးကဗြိတိသျှဘားမားရုပ်ရှင်သို့ရောက်သွားပြန်၍

"တစ်ကိုယ်တော်" ဇာတ်ကားကိုရိုက်ကူးသည့်အခါ အကူအညီပေးခဲ့ရသည်။ ထို့နောက် "ဆယ်နာရီ" ဇာတ်ကားကိုရိုက်ကူးနေစဉ်အတွင်း သားမောင်ကျော်စိုးမှာ လူမသမာသူ တစ်ဦး၏ ဓားချက်ကြောင့်အသက်သေဆုံးခဲ့ရသည်။ သားသေဆုံးပြီးနောက် အလုပ်မှ ထွက်ခဲ့သည်။ သားနှင့် ဇနီးဆုံးပါးသွား၍ ကျန်သားသမီးတို့ကို ဇနီး ဒေါ်စိန်တင့်၏ ဆွေမျိုးများရှိရာ ဓမ္မိမြို့သို့သွားရောက်အပ်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လာကာ ဝါသနာရှိရင်းစွဲအတိုင်း ဆောင်းပါးဝတ္ထုများရေး၍ ဝမ်းကျောင်းရရှာပြန်သည်။

ဦးကျော်ညွန့်က **"သတင်းစာဆရာတစ်ယောက်ဖြစ်ရန် ဘီအေ၊ အမ်အေ အောင်နေ စရာမလို၊ ပထမကြီး၊ ပထမကျော် အောင်နေစရာမလို၊ လူ့လောက အကြောင်းကို နှံ့စပ်အောင်လေ့လာနိုင်ပြီး ထိုလေ့လာရရှိချက်များကို စနစ်တကျ လူထုအမြင်ပေါက်အောင် ထုတ်ဖော်တင်ပြနိုင်လျှင် သတင်းစာဆရာကောင်း အင်္ဂါရပ်နှင့် ညီပြီဟု ဆိုနိုင်သည်"** ဟု မှတ်သားရသည်။

ဦးကျော်ညွန့်သည် စက်ဘီးတိုက်မိသဖြင့် ပေါင်ကျိုးခဲ့ရသည့်ဒဏ်ရာမှ နာလန်မထူနိုင်တော့ဘဲ ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ အသက် (၅၆) နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ပီမိုးနင်း၏ ပီမိုးနင်း။**

**(၂) တစ်ကိုယ်တော်ဝတ္ထုလာ ထုတ်ဝေသူ၏ နိဒါန်း။**

**(၃) ရှုမဝမဂ္ဂဇင်းအတွဲ (၅)၊ အမှတ် (၅၅) လာ "ဆရာဇေယျ" ၏ "ဆရာပီမိုးနင်း" ဆောင်းပါး။**

**(၄) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ။ စာ ၃၃၁-၃၃၄။**

**(၅) ကိုကိုလေး၊ သတင်းထောက်လက်စွဲ ၊ စာ-၄၀။**

# ဦးကြီးမောင် (ငွေဥဒေါင်း)



စာရေးဆရာကြီး ငွေဥဒေါင်းအမည်ခံ သတင်းစာဆရာ ဦးကြီးမောင်ကို ၁၉၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ တွင် ဟင်္သာတခရိုင်၊ အဖျောက်ရွာ၌ ပန်းဘဲဆရာကြီး ဦးဒေါန နှင့် ဒေါ်သက်တင်တို့မှ ဖွားမြင်သည်။

ဦးကြီးမောင်သည် ငယ်စဉ် ၇ နှစ်သားအရွယ်က ဟင်္သာတခရိုင်၊ သပြေကုန်း ကျေးရွာ ဆရာ ဦးထွန်းရင် လောကခေတ်ကျောင်း (အစိုးရအသိအမှတ်ပြုမူလတန်း ကျောင်း) တွင် စတင်ပညာသင်ယူပြီး စတုတ္ထတန်းသို့ရောက်သောအခါ ဥဒေါင်းကျောင်း (နောင်အခါ ဆရာသိန်း လောကခေတ်ကျောင်း) သို့ပြောင်းရွှေ့သင်ယူသည်။ စတုတ္ထတန်း အထိပညာ သင်ယူပြီးနောက်၊ သတ္တမတန်းကို အလွတ်ဖြေဆိုသည်။ ၁၂ နှစ်သားအရွယ် တွင် ကိုရင် ဝတ်ခဲ့ရာဘွဲ့အမည်မှာ ရှင်ဝိသုတဖြစ်သည်။

ဦးကြီးမောင်သည် ကိုရင်ဘဝမှာပင် စာပေကိုဝါသနာပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် ကောဇာသစ်မဂ္ဂဇင်းဆောင်းပါးပြိုင်ပွဲ၌ "ဝေယျံ"ကလောင်အမည်ဖြင့် "ကြောက်စိတ်" အမည်ရှိဆောင်းပါးကိုဝင်ရောက်ယှဉ်ပြိုင်ရာမှအစ စာပေလောကသို့စတင် ဝင်ရောက်လာ သည်။ "ဝေယျံ"ကလောင်အမည်ကို အယ်ဒီတာက"ဆင်းရဲသား"ကလောင်အမည် ပြင်ခဲ့ရာ မှစ၍ "ကြီးမောင် (ဆင်းရဲသား)"ကလောင်အမည်ဖြင့် စာရေးသားသည်။ သူရိယ မဂ္ဂဇင်း ဝတ္ထုပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဦးကြီးမောင်သည် ၁၉၃၁ ခုနှစ်တွင် သင်္ကန်းဝတ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာ သည်။ ထိုနှစ်ဧပြီလထုတ် ဗန္ဓုလဂျာနယ်တွင် မာနနှင့်ကာမအမည်ရှိ ဝတ္ထုကို "ဉာဏ်မြင့်" ကလောင်အမည်ဖြင့်ရေးသားသည်။ ၁၉၃၂ ခုနှစ်တွင် မဟော်သဓာ သတင်းစာ၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး "မင်္ဂလာ"ကလောင်အမည်ဖြင့် ဆောင်းပါး များရေးသားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဗန္ဓုလဂျာနယ်၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် သစ်တောဘက်သို့ဝင်ရောက်အမှုထမ်းပြီး၊ ၁၉၃၆ ခုနှစ်တွင် ဒုတိယ သစ် တောအုပ် ဖြစ်လာသည်။

ဦးကြီးမောင်သည် ၁၉၃၆ ခုနှစ်တွင် "မင်္ဂလာ"ကလောင်အမည်ဖြင့် မင်းကတော်၊ မောင်သံဝေစသည့် တစ်မူးတန်ဝတ္ထုများရေးသားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဆိပ်ကမ်းတာလီ

စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဘားမား အေဂျင်စီ အမည်ဖြင့် ဆိုင်ဖွင့်ရောင်းချသည်။ ၁၉၃၉ ခုနှစ်တွင် ပြည်မြို့၌ရဟန်းခံသည်။ ၁၉၄၂ ခုနှစ်တွင် ဆိုက္ကား ထောင်သည်။ ဈေးရောင်းသည်။ စာအုပ်ရောင်းသည်။

ဦးကြီးမောင်သည် ၁၉၄၇ ခုနှစ်တွင် ရှုမဝရုပ်စုံမဂ္ဂဇင်း၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ ထိုနှစ် ဩဂုတ်လထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းပါ "မောက်သာမောက်" အမည်ရှိဆောင်းပါးမှစ၍ "ငွေဥဒေါင်း"ကလောင်အမည်ကိုခံယူခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်လက်ထောက်စာတည်း၊ ၁၉၅၆ ခုနှစ်တွင် ဖ. ဆ. ပ. လ စာစောင် အယ်ဒီတာ၊ ၁၉၅၇ ခုနှစ်တွင် ကြေးမုံသတင်းစာ အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၀ ပြည့်နှစ်တွင် ငွေတာရီ မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၇၃ ခုနှစ်တွင် ဟံသာဝတီသတင်းစာ အယ်ဒီတာအဖွဲ့ဝင် စသည်ဖြင့် အမှုထမ်းဆောင်သည်။

ဦးကြီးမောင်သည် "ငွေဥဒေါင်း"အမည်ဖြင့် စာဝက်ပါဆောင်းပါးများ၊ မဏ္ဍိုင် သတင်းစာတွင် "စာဂျပိုး"ကလောင်အမည်ဖြင့် စာအုပ်စင်ကဏ္ဍ၊ ဟံသာဝတီသတင်းစာတွင် "မောင်ဝိဇ္ဇာ"ကလောင်အမည်ဖြင့် စာအုပ်ဝေဖန်ရေးတို့ကိုရေးသားပြီး၊ ကြေးမုံသတင်းစာ တွင် "ကြီးမောင်"အမည်ဖြင့်"စာကြေးမုံ"များရေးသားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ငွေဥဒေါင်း ကလောင်အမည်ဖြင့် ရေးသားခဲ့သော "သီးခြားဝက်ပါ" စာအုပ်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာ) စတုတ္ထဆုရရှိခဲ့ပြီး၊ ၁၉၆၆ ခုနှစ်တွင် ကြီးမောင်ကလောင်အမည်ဖြင့် ရေးသား ခဲ့သော "ဗုဒ္ဓစာပန်းချီ"စာအုပ်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာ) တတိယဆု ရရှိခဲ့ သည်။ ဗုဒ္ဓစာပန်းချီစာအုပ် (၆) တွဲအထိထွက်ရှိခဲ့သည်။

မော်တော်ကားလည်းမပေါက်၊ မီးရထားလည်းမရောက်သော ဧရာဝတီမြစ်ကမ်း နဖူးပေါ်၌တည်ရှိ သည့် ဟသင်္ာတခရိုင်၊ အဖျောက်ရွာကလေးမှ ဦးကြီးမောင်သည် ၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြို့သို့ သင်္ကန်းဝတ်ဖြင့် တစ်ယောက်တည်း စွန့်စွန့်စားစား ရှေးရှုထွက်ခွာ လာခဲ့သည်။ ထိုစဉ်က ဦးကြီးမောင်၏အသက်မှာ ၁၅ နှစ်ကျော် ၁၆ နှစ်သားပတ်ဝန်းကျင် တွင် ရှိလေသည်။ ဦးလေးဘုန်းကြီး၏ ပုဇွန်တောင်ဆားလင်းကျောင်းတိုက်သို့ရောက်ကာစ၌ ဆွမ်းခံမည့်ကိုရင်မရှိသေး၍ ဦးကြီးမောင်သည် နှစ်လလောက် ကိုရင်ဝတ်ခဲ့ရသေးသည်။

ထိုအချိန်ကသူ့ပတ်ဝန်းကျင်တွင် စာပေ၊ ပန်းချီ၊ ဂီတ၊ သဘင်သမား၊ ဂီတပညာရှင် များမှာ ဂျပန်ပြန်ဦးပြည်ဝိသုတ၊ ပန်းချီဆရာဦးဘထွန်း၊ ဒသဂီရိဦးဘအောင်၊ ဇမ္ဗူမိတ်ဆွေ ဖိုမင်ဦးဘထွန်း၊ ဦးအောင်မြင် (မြို့မမောင်) တို့ဖြစ်ကြသည်။

ဗန္ဓုလဂျာနယ်မှသူ့ဝတ္ထုတစ်ပုဒ်ကိုရွေးခဲ့ပြီး၊ စာမူခအဖြစ်အယ်ဒီတာဦးဘိုးမင်းက စာရေးရန် စက္ကူတစ်ထပ်ကြီးပေးလိုက်၍ သိန်းထီပေါက်တာထက်ပင်ဝမ်းသာခဲ့ရသည်ဟု ဦးကြီးမောင်က ချစ်ကြည်ရေးကြည်ညွန့်ကို ပြောပြခဲ့သည်ဟု မှတ်သားခဲ့ရပါသည်။

၁၉၃၂ ခုနှစ်တွင် ဒိုင်အာခီရွေးကောက်ပွဲကို ရည်မှန်းပြီး ဆာဂျေအေမောင်ကြီး၏ ရွှေတောင်ကြားပါတီမှ မဟော်သဓာ သတင်းစာကိုထုတ်ဝေခဲ့၏။ အယ်ဒီတာချုပ်မှာ ပညာ့အလင်းဦးတင်ဖြစ်သည်။ ထိုသတင်းစာတိုက်၌ ဖိုမင်ကောင်းတစ်ဦး လိုနေ၍ ဦးတင်က ဇမ္ဗူမိတ်ဆွေဖိုမင်ဦးဘထွန်းအား ခေါ်ယူခန့်ထားခဲ့၏။

ဖိုမင်ဦးဘထွန်းက ဦးကြီးမောင်အား သူတို့ကိုတိုက်တွင်လုပ်ကိုင်ရန် တိုက်တွန်းပြီး ဦးကြီးမောင်ထံမှ ဆောင်းပါးတစ်ပုဒ်ကို တောင်းယူသွားခဲ့၏။ ဦးကြီးမောင်၏ ဆောင်းပါးကို စာရေးသူအမည်ဖြုတ်ပြီး မဟော်သဓာသတင်းစာခေါင်းကြီးပိုင်း၌ ဦးဦးဖျားဖျား ထည့်သွင်းဖော်ပြခဲ့ပြီးသည့်နောက် အယ်ဒီတာချုပ်ပညာ့အလင်းဦးတင်ကိုယ်တိုင် ဦးကြီးမောင်ထံသို့ ရောက်လာသည်။

မဟော်သဓာသတင်းစာတိုက်ရှိရာလသာလမ်းသို့ ဦးကြီးမောင်အားခေါ်ဆောင်သွားခဲ့ပြီး၊ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်ရန် တိုက်တွန်းပြောဆို၏။ ဦးကြီးမောင်ကလည်းသဘောတူပြီး တစ်ခါတည်းအလုပ်ခွင်သို့တန်းဝင်ခဲ့၏။ တစ်လလျှင် လစာငွေ ၁၅ ကျပ်သာရပြီး ဦးတင်ကလည်းရံဖန်ရံခါဆိုသလို ဈေးသုံးဖို့ငွေပေးခဲ့သေး၏။ ဤကား ဦးကြီးမောင်၏ သတင်းစာဘဝအစပင်ဖြစ်သည်။

ဦးကြီးမောင်သည် မဟော်သဓာသတင်းစာတွင် ဆောင်းပါးခန်းနှစ်ခန်း၌ ဒိုင်ခံရေးသားခဲ့လေသည်။ မဟော်သဓာသတင်းစာမှာ တစ်နှစ်ခန့်အကြာတွင် ရပ်စဲသွား၍ ဦးကြီးမောင်မှာ အလုပ်လက်မဲ့ဖြစ်ရလေတော့သည်။ ဦးကြီးမောင်သည် ပြည်သူ့မျက်လုံးဂျာနယ်တိုက်တွင် အလုပ်ရခဲ့ပြန်သည်။ သို့သော်လည်း ယင်းဂျာနယ်မှာ လေးလသာ ထုတ်ဝေနိုင်ခဲ့ပေသည်။

ထိုကာလအတွင်း ဦးကြီးမောင်အတွက် ထမင်းနှင့် လက်ဖက်ရည်အပြင် ရုပ်ရှင်ကိုပါ ဒါယကာခံခဲ့သူနှစ်ဦးမှာ ဦးထွန်းလှနှင့် ဦးမောင်မောင်တင် ဆိုသူတို့ဖြစ်ကြသည်။

ဦးထွန်းလှသည် လောကခံစာအုပ်ကိုရေးသားခဲ့သူဖြစ်၍ လောကခံဦးထွန်းလှဟု နာမည်တွင်ခဲ့သူဖြစ်သည်။ ဦးထွန်းလှသည် နေ့ဘက်တွင် အလုပ်လုပ်၍၊ ညဘက်၌ စာကို

ကြုံးရေးခဲ့သူဖြစ်သည်။ ထိုကြောင့် ညဘက်တွင်ဦးကြီးမောင်က ဝတ္ထုဇာတ် လမ်းဇာတ်ကွက်များကို နှုတ်တိုက်ပြော၍ ဦးထွန်းလှကလိုက်ရေးမှတ်သားသည်။ ပြီးသွားလျှင်ဦးထွန်းလှက ဦးကြီးမောင်အား ပိုက်ဆံတစ်မတ်ပေးသည်။ ဦးကြီးမောင်သည် ညစဉ်ဝတ္ထုဇာတ်လမ်းများကို နှုတ်တိုက်ပြောပြရာ၌ အိပ်ရာဝင်ပုံပြောသလို ရောက်တတ်ရာရာ လျှောက်ပြောခြင်းဖြစ်သည်။ ဦးထွန်းလှကလည်းသိပေသည်။

သို့ရာတွင် အလုပ်လက်မဲ့ဖြစ်နေသော ဦးကြီးမောင်အား ဦးထွန်းလှက ဈေးသုံးပေးရန်ခက်နေ၍ ပရိယာယ်ဆင်ကာ ဝတ္ထုဇာတ်လမ်းများကို ပြောခိုင်းပြီးမှ ပေးခြင်းဖြစ်သည်ကို ဦးကြီးမောင်သည် ရိပ်စားနားလည်ခဲ့ပေသည်။ ဦးကြီးမောင်သည် ဦးထွန်းလှကို ကျေးဇူးရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ပေသည်။ သူ့ကျေးဇူးကိုမမေ့ခဲ့ပေ။

ဘိုင်ကျလွန်းရှာသော ဦးကြီးမောင်သည်တစ်နေ့တွင် ဆရာကြီးပီမိုးနင်းထံသို့ သွားရောက်ခဲ့သည်။ အလုပ်တစ်ခုခုရရန် အကူအညီသွားတောင်းခဲ့ခြင်းဖြစ်သည်။ ဦးကြီးမောင်သည်စာပေနယ်တွင် ခြေချနိုင်ရန်ကြိုးပမ်းခဲ့ရာမှအစပြု၍ ဆရာကြီးပီမိုးနင်းနှင့် တွေ့ဆုံသိကျွမ်းခဲ့ရခြင်းဖြစ်သည်။

ဝင်ငွေမှန်မှန် လခစားအလုပ်ကလေးတစ်ခုခုရရှိရန် အကူအညီလာတောင်းခံသော ဦးကြီးမောင်အား ဆရာကြီးပီမိုးနင်းက အရင်းအနှီးငွေအဖြစ် ပိုက်ဆံငါးမူးပေးလိုက်သည်။ ထိုပိုက်ဆံငါးမူးကိုအရင်းအနှီးပြုလုပ်၍ လုပ်ကိုင်ရမည့်လုပ်ငန်းကိုလည်း ဆရာကြီးပီမိုးနင်းက ပြောပြလိုက်သည်။

ဆရာကြီးပီမိုးနင်းပြောလိုက်သောလုပ်ငန်းမှာ အခြားမဟုတ်၊ ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ တရားရုံးရှေ့နေကြီးများ၏ ကြေးဆိုင်းဘုတ်ကလေးများကို ကြေးချွတ်ဆေး ဘရာဆိုဖြင့် ပြောင်လက်အောင်ပွတ်တိုက်သန့်ရှင်းပေးပြီးသည့်နောက် ရှေ့နေကြီးများထံမှ သဒ္ဓါကြေးငွေကို တောင်းခံယူရန်ဖြစ်သည်။ ယင်းလုပ်ငန်းမှာ ရှက်စရာ မဟုတ်ကြောင်းကိုလည်း ဆရာကြီးကမှာလိုက်သေးသည်။

နောက်တစ်နေ့တွင် ဦးကြီးမောင်သည် ဘရာဆိုကြေးချွတ်ဆေးဘူးနှင့် အဝတ်စုတ်ကိုယူဆောင်ပြီး၊ ပန်းဆိုးတန်းထဲသို့ဝင်လာခဲ့၏။ ပန်းဆိုးတန်းရဲစခန်းအလွန် ဆန်းရှိုင်းကဖီးအပေါ်ထပ်တွင် ရှေ့နေကြီးများစုပေါင်း၍ ရုံးခန်းဖွင့်ထားကြရာ ဦးကြီးမောင်သည် လက်လှမ်းမီရာ ကြေးဆိုင်းဘုတ်တစ်ခုကိုစ၍ ပွတ်တိုက်သန့်ရှင်းပေး၏။ ထိုဆိုင်းဘုတ်ရှင်မှာ "အိန္ဒိယမဟာရဋ္ဌသာရဘွဲ့ခံ ဝတ်လုံတော်ရ ဦးဘရှင်"ဖြစ်သည်။ နောက် ဆိုင်းဘုတ်တစ်ခုမှာ "အမ်အေဦးမောင်ကြီး"၏ဆိုင်းဘုတ်ဖြစ်သည်။

ကြေးချွတ်သန့်ရှင်းရေးလုပ်ငန်းပြီး၍ ရှေ့နေကြီးများထံသွားရာ အသိ ရဟန်းတော်တစ်ပါးကို မမျှော်လင့်ဘဲသွားတွေ့ရ၍ မျက်နှာအထားရခက်နေ၏။ ထိုရဟန်းတော်မှာ ဂျပန်ပြန်ဦးပြည်ဝိသုတဖြစ်သည်။ ရဟန်းတော်ကြီးက ဦးကြီးမောင်အား လှမ်းနှုတ်ဆက်ခေါ်ယူပြီး အမ်အေဦးမောင်ကြီးနှင့် မိတ်ဆက်ပေးလေသည်။

ဦးကြီးမောင်သည် မပြောလျှင်မပြီးမည့်၎င်း၏လုပ်ငန်းကိစ္စကို ဦးပြည်ဝိသုတရှေ့မှောက်၌ပင် အမ်အေဦးမောင်ကြီးအား ပြောပြပြီး သဒ္ဓါကြေးငွေတောင်းခံရာ အမ်အေဦးမောင်ကြီးနှင့် ဦးဘရှင်တို့က ငွေတစ်ကျပ်စီထုတ်ပေးလိုက်သည်။

ထိုငွေနှစ်ကျပ်ကိုရပြီးနောက် ယင်းလုပ်ငန်းကိုဆက်မလုပ်တော့ဘဲနေလိုက်သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ပြီး ဂျပန်ခေတ်တွင် ဦးကြီးမောင်သည် သတင်းစာအရောင်းသမားအလုပ်ကို လုပ်ခဲ့သည်။ သတင်းစာယူရောင်းခွင့်ရရှိနိုင်ရေးအတွက် ဗမာ့ခေတ်သတင်းစာတိုက်မှ အယ်ဒီတာဦးထွန်းဖေ (ဝန်ကြီးဟောင်းထွန်းနေ့စဉ်ဦးထွန်းဖေ) ထံသို့ သွားရောက်ခဲ့၏။

ဦးထွန်းဖေကို ဦးကြီးမောင်ကဆိုက္ကားဖြင့်နင်းပို့ရာမှ ဦးထွန်းဖေက ဦးကြီးမောင်ကို သိခဲ့ခြင်းဖြစ်သည်။ ဦးကြီးမောင်သည် သတင်းစာမရောင်းမီ စောစောပိုင်းက ဆိုက္ကားထောင်စားခဲ့သေးသည်။ လူငှားဆိုက္ကားအနင်းသမား မလာသောတစ်နေ့တွင် သူကိုယ်တိုင်ထွက်နင်းခဲ့၏။ ထိုနေ့တွင်ဦးထွန်းဖေနှင့် ဆုံစည်းခဲ့ရပြီး ဦးထွန်းဖေအား ရန်ကုန်မြူနီစီပယ်ရုံးကြီးသို့ ပို့ဆောင်ပေးခဲ့ရလေသည်။

သတင်းစာအရောင်းသမားလုပ်ပြီးသည့် နောက်ပိုင်းတွင် ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်းတွင် စာအုပ်ဆိုင်ဖွင့်၍ စာအုပ်ရောင်းစားခဲ့ပြန်သည်။ စာအုပ်ရောင်းသူဘဝတွင် စာပေလောကမှစာရေးဆရာများနှင့် နိုင်ငံရေးဘက်မှပုဂ္ဂိုလ်များကိုသိကျွမ်းခဲ့ရ လေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစတွင် ဦးကြီးမောင်သည် ရန်ကုန်နှင့် မန္တလေးကားစပယ်ယာအလုပ်ကိုလုပ်ခဲ့ပြန်၏။ ကားစပယ်ယာလုပ်ရင်း ရှုမဝဦးကျော်နှင့်ခင်မင်ရင်းနှီးလာခဲ့ရ၏။ ရှုမဝမဂ္ဂဇင်းများကို ဦးကျော်က ဦးကြီးမောင်၏ကားဖြင့် တင်ပို့ဖြန့်ဖြူးခဲ့သည်။ ဦးကြီးမောင်သည် မန္တလေးမှ ဆရာကြီးရွှေဥဒေါင်းနှင့်ပါ အကျွမ်းဝင်ခဲ့ရလေသည်။

ဤအပိုင်း၊ ဤကဏ္ဍမှာစာပေနယ်ထဲသို့ခြေချနိုင်ရန် ဦးကြီးမောင် အခွင့်အလမ်းပွင့်လာခြင်းပင်ဖြစ်ပေသည်။ အဖျောက်ရွာကလေးမှ ရန်ကုန်သို့ရောက်လာသည့် ပထမပိုင်းကာလမှာ ဦးကြီးမောင်အဖို့ မရေမရာသောဘဝဖြစ်ခဲ့၏။

ကားစပယ်ယာဘဝမှ ရှုမဝမဂ္ဂဇင်းအယ်ဒီတာအဖွဲ့တွင် အယ်ဒီတာ၊ ထို့နောက် စာပေဗိမာန်အယ်ဒီတာအဖွဲ့တွင် အယ်ဒီတာအဖြစ် ဦးကြီးမောင်သည်စာပေနယ်၌ ကျော်ကြားချိုင်ခဲ့လေတော့သည်။

စာပေဗိမာန်အယ်ဒီတာဘဝတွင် ထိုစဉ်က စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်သူ ဖဆပလအစိုးရဝန်ကြီးချုပ်ဦးနုက ဦးကြီးမောင်စီးနင်းသွားလာနိုင်ရန်အတွက် လင့်ရိုဗာကားတစ်စီးကိုပေးခဲ့လေသည်။

ဦးကြီးမောင်သည် ကားထားရန်ဂိုဒေါင်မရှိ၍ အိမ်ရှေ့လမ်းပေါ်၌ပင် ကားကိုထားရပေရာ ညတွင်အိပ်မပျော်နိုင်အောင် စိတ်ပူပန်နေခဲ့ရသည်ဟုဆိုလေသည်။

ထို့ကြောင့် ဤသောကကို ကြာကြာမခံစားရလေအောင် လင့်ရိုဗာကားကို မစီးဘဲ ပြန်ပေးလိုက်၏။

နောက်တစ်ဖန် ဖဆပလအဖွဲ့ချုပ်မှ ထုတ်ဝေသော ဖဆပလစာစောင်၌ အယ်ဒီတာအဖြစ် ဦးကြီးမောင်အား ဝန်ကြီးချုပ်ဦးနုက ခန့်ထားခဲ့ပြန်၏။

အဆောင်အယောင်နှင့် စည်းစိမ်ဥစ္စာကို ဦးကြီးမောင်သည် မတွယ်တာ၊ မမက်မောသကဲ့သို့ ဥပေက္ခာပြုမှုနှင့် သည်းခံခွင့်လွှတ်နိုင်မှုတို့တွင်လည်း အံ့သြဖွယ်ရာရှိပေသည်။

ဦးကြီးမောင်သည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ချစ်ကြည်ရေးကြည်ညွန့်၊ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့ အကြုံ၊ စာ-၅၉-၇၄။**

**(၂) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ-၂၀၇-၂၀၈ နှင့် ၂၃၆-၂၃၇။**

**(၃) မြန်မာ့စွယ်စုံကျမ်း (နှစ်ချုပ်)၊ (၁၉၉၈) စာ-၁၇၉-၁၈၀။**

**(၄) ရာပြည့် ဦးစိုးညွန့်၊ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ-၈၀-၈၂။**

# ဦးကြည်ဇင်(နာဂတောင်တန်းမောင်ကြည်ဇင်)



စာရေးဆရာ နာဂတောင်တန်းမောင်ကြည်ဇင်အမည်ခံ သတင်းစာဆရာဦးကြည်ဇင်ကို နာဂတောင်တန်းခရိုင်၊ ဟုမ္မလင်း မြို့နယ်၊ မောင်းခန်းရွာ၌ အဖ ရှမ်းလူမျိုး တောင်သူကြီးဦးစိုးပိုင်၊ အမိ ဒေါ်စောခင်တို့မှ ၁၉၃၁ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

ဦးကြည်ဇင်သည် လောကုတ္တရာစာပေနှင့် မြန်မာစာပေအဆီအနှစ်များကို ဇာတိ မောင်းခန်းရွာ၊ ရွှေတစ်ဆယ့်ကိုးရွာ ဂိုဏ်းချုပ်ဆရာတော် ဦးဇယန္တထံတွင်လည်းကောင်း၊ စာပေအခြေခံပညာကို ဆရာဦးဘိုထွေး၊ ဆရာဦးကိုကြီး၊ ဆရာဦးဘဆန်း စသော လက်ဦး ဆရာများထံတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးအန္တရာယ်ကို ပြေးလွှားရင်း စာပေဗဟုသုတနှင့် လူ့လောကဗဟုသုတများကို မိခင်ကြီး ဒေါ်စောခင်ထံ တွင်လည်းကောင်း သင်ယူခဲ့သည်။ ကျောင်းဆရာ၊ ပြည်သူ့ဆက်ဆံရေးအရာရှိနှင့် ထွန်း နေ့စဉ်သတင်းစာအယ်ဒီတာ အဖြစ်လုပ်ကိုင်ခဲ့သည်။

၁၉၅၆ ခုနှစ်မှစ၍ တိုင်းရင်းသားလူမျိုးစုအကြောင်း ရေးသားကာ စာပေနယ်ထဲသို့ ဝင်ခဲ့သည်။ ၁၉၅၇ ခုနှစ်မှစပြီး ကြေးမုံဂျာနယ်၊ ဟံသာဝတီသတင်းစာ၊ ပြည်ထောင်စု သတင်းစာ၊ မဏ္ဍိုင်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာတို့တွင် နာဂခရိုင်သတင်းထောက် အဖြစ်လုပ်ကိုင်ရင်း ဝတ္ထုတိုနှင့်ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၅၇ ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင်ပါရှိခဲ့သည့် **"နာဂတောင်တန်းမှ ထူးဆန်းသောကြေကွဲမှု"**ဝတ္ထုတိုကို **"နာဂတောင်တန်း မောင်ကြည်ဇင်"** ကလောင်အမည်ဖြင့်ရေးသားပြီး မဂ္ဂဇင်းလောကထဲသို့ ဝင်ရောက်ခဲ့သည်။ **"တောင်ပေါ်မြေနှင့် မြေပြန့်ပန်း"** သည် ပထမဆုံးသောဝတ္ထုဖြစ်သည်။ ထိုဝတ္ထုကို ရန်ကင်းရုပ်ရှင်မှရုပ်ရှင်ရိုက်ကူးခဲ့သည်။

ဦးကြည်ဇင်သည် **"တောင်ပေါ်မြေနှင့်မြေပြန့်ပန်း"** ဖြင့် ၁၉၆၇ ခုနှစ် အမျိုးသား စာပေ ဝတ္ထုရှည်ပထမဆုနှင့် **'အောင်ပွဲမြိမ့်မြိမ့်ရင်သိမ့်သိမ့်"** ဖြင့် ၁၉၆၈-ခုနှစ် အမျိုးသား စာပေ ဝတ္ထုရှည်တတိယဆု တို့ရရှိခဲ့သည်။ စာပေလောကသို့ ဝင်လာခြင်းမှာ တိုင်းရင်းသား လူမျိုးများညီညွတ်ရေးနှင့် မဖွံ့ဖြိုးသေးသောဒေသများအတွက် ပြုပြင်ရေးလုပ်ငန်းများကို ထုတ်ဖော်လိုသော ဆန္ဒကြောင့်ဖြစ်သည်ဟုဆိုသည်။

ဦးကြည်ဇင်သည် တောင်ပေါ်မြေနှင့်မြေပြန့်ပန်းဝတ္ထုကို ရေးသားရာတွင် ပြည်နယ်ဒေသများ၏ ခရီးလမ်းပန်း အဆက်အသွယ်ခက်ခဲမှုကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးလုပ်ငန်းတို့ ဖွံ့ဖွံ့ဖြိုးဖြိုးမရှိသည်ကို ပြည်မမှ ခေတ်ပညာတတ်ဆရာဝန် အုပ်ချုပ်ရေးသမားစသည်တို့သည် ပြည်နယ်များသို့သွားရောက်အမှုထမ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ရေးသားခဲ့သည်။

ဦးကြည်ဇင် ပြုစုရေးသားခဲ့သည့် ထင်ရှားသောစာအုပ်များမှာ **ပြေစေချင်သည့်သည်ချစ်ကြိုး (၁၉၆၄)၊ အကယ်ဒမီ ကိုလွန်းပွေ (၁၉၆၅)၊ နော် (၁၉၆၆)၊ မချစ်သော်လည်း မမုန်းပါ (၁၉၆၇)၊ ဖျောက်ဆိတ်ပင်ကိုသက်သေတည် (၁၉၇၀) မုန်းစေချင်ဘိသည် (၁၉၇၁)** တို့ဖြစ်သည်။

ဦးကြည်ဇင်သည် ၁၉၇၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မလိခ၊ မြန်မာဝတ္ထုအညွှန်း (၄)၊ စာ-၁၉၄-၂၁၄။**

**(၂) မလိခ၊ မြန်မာစာပေအဘိဓာန်။ (၃)၊ စာ-၂၃၀-၂၃၁။**

**(၃) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ။ စာ-၁၆၃-၁၆၅။**

**(၄) နာဂတောင်တန်းမောင်ကြည်ဇင်၊ တောင်ပေါ်မြေနှင့် မြေပြန့်ပန်း၊ (၂ ကြိမ်၊ ၁၉၆၆)။**

**(၅) နာဂတောင်တန်းမောင်ကြည်ဇင်၊ နာဂတောင်တန်းမှ ထူးဆန်းသော ကြေကွဲမှု၊ မြဝတီ (၁၉၅၇) စာ-၂၁၈-၂၃၁။**

**(၆) ကြံခင်းစိုးလွင် ၁၉၆၈ ခု အမျိုးသားစာပေဆုနှင်းသဘင်၊ ငွေတာရီ (ဇန်နဝါရီ ၁၉၇၀) စာ-၁၈-၂၄ နှင့် ၁၇၉-၁၈၀။**

**(၇) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၉) စာ-၂၉၉။**

**(၈) ရာပြည့်ဦးစိုးညွှန့်၊ (၂၀) ရာစု မြန်မာစာရေးဆရာ ၁၀၀ စာ-၁၆၅-၁၆၇**

# ဦးကြည်ညွန့် (ချစ်ကြည်ရေး ကြည်ညွန့်)



သတင်းစာဆရာ ဦးကြည်ညွန့် ကို အဖ ဦးဖိုးထွား (အငြိမ်းစားရဲမှူး) အမိ ဒေါ်ခင်ပု တို့မှ ၁၉၃၃-ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် ရန်ကုန်တိုင်း၊ ဥက္ကံမြို့၌ မွေးဖွားခဲ့သည်။

ဦးကြည်ညွန့်သည် ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့၊ အမျိုးသား အထက်တန်းကျောင်း၊ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့ဆရာ ကမ်းမင်း သာသနာပြုကျောင်း၊ ဟင်္သာတအမျိုးသားကျောင်းနှင့် အစိုးရ အထက်တန်းကျောင်းတို့တွင် ၁၉၅၂ ခုနှစ် ဆယ်တန်းအထိ ပညာဆည်းပူးခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဟင်္သာတမြို့မှ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ကျောင်းသားဘဝမှာပင် မဏ္ဍိုင်သတင်းစာ၏ ဟင်္သာတမြို့အကျိုးဆောင် သတင်းထောက်တာဝန်နှင့် ဟင်္သာတနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ တာဝန်ကို ယူခဲ့ရသည်။

၁၉၅၄ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ အလုပ်သင်သတင်းထောက်အဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ လခစားသတင်းထောက် (Staff Reporter) အဖြစ်ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

၁၉၅၅-၅၆ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာအသင်းနှင့် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း (စာပေဗိမာန်) တို့ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ အတတ်သင် ကျောင်းသို့တက်ရောက် ဆည်းပူးခဲ့ရာ၊ သတင်းစာပညာဒီပလိုမာကို ထူးချွန်အဆင့်ဖြင့် အောင်မြင်ခဲ့သည်။

ဦးကြည်ညွန့်သည် အထွေထွေသတင်းထောက်၊ အားကစားသတင်းထောက်၊ မှုခင်း သတင်းထောက်၊ တရားရုံးသတင်းထောက်၊ ရုပ်ရှင်သတင်းထောက်၊ စီးပွားရေး သတင်း ထောက်နှင့် နိုင်ငံရေးသတင်းထောက်အဖြစ် တာဝန်အသီးသီး ထမ်းဆောင်ခဲ့ရသည်။

၁၉၆၂ ခုနှစ်တွင် သတင်းအယ်ဒီတာတာဝန်နှင့် အယ်ဒီတာအာဘော် ခေါင်းကြီး ပိုင်းရေး အယ်ဒီတာတာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့ရသည်။

၁၉၈၀ ပြည့်နှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ ဒုတိယအယ်ဒီတာချုပ် ရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အစိုးရလက်ထက်၌ ဦးကြည်ညွန့်အား မြန်မာ့အလင်း သတင်းစာတိုက်မှ လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာ (မြန်မာ) သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေခဲ့သည်။

၁၉၉၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ (မြန်မာ)ကို မြန်မာ့အလင်း သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေရာ ဦးကြည်ညွန့်အား အယ်ဒီတာချုပ်ရာထူးသို့ တိုးမြှင့် ခန့်အပ်တာဝန်ပေးခဲ့သည်။

ဦးကြည်ညွန့်သည် ၂၀၀၀ ပြည့်နှစ်ကုန်အထိ အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင် ခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၌ အယ်ဒီတာချုပ်တာဝန်မှ အနားယူခဲ့ပြီး၊ အကြံပေးအရာရှိအဖြစ်နှင့် ရွှေမောင်းသံဂျာနယ် အယ်ဒီတာချုပ် တာဝန်ကို ၂၀၀၂ ခုနှစ် အထိ ထမ်းဆောင်ခဲ့သည်။

ဦးကြည်ညွန့်သည် ၁၉၅၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုရေးရာဆောင်းပါးများ ခရီးသွားစာပေဆောင်းပါးများအပါအဝင်၊ သုတ၊ ရသဆောင်းပါးပုဒ်ရေ တစ်ထောင်ကျော်ရေးသားခဲ့ပြီး လုံးချင်းစာအုပ် (၁၅) အုပ် ရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဦးကြည်ညွန့်သည် ၁၉၆၂ ခုနှစ်မှ ၁၉၆၆-ခုနှစ်အထိ မြန်မာပြည်သတင်းထောက် များ အသင်းအတွင်းရေးမှူး တာဝန်နှင့် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းတွင် အလုပ်အမှုဆောင်ကော်မတီဝင် တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် 'မောင်သင်းကြိုင်' ကလောင်အမည်ဖြင့် သွေးသောက်မဂ္ဂဇင်း၌ 'နာမည်တူပြဿနာ' ဆောင်းပါးကို ရေးခဲ့ပြီး၊ ထိုကလောင်အမည်ဖြင့် ကဗျာများ ရေးသား ခဲ့သည်။ 'ဘုန်းညွန့်ဆွေ' ကလောင်အမည်ဖြင့်လည်း လူထုဂျာနယ်နှင့် ပြည်တော်သစ် ဂျာနယ်တို့တွင် ကဗျာများရေးသားခဲ့သည်။

အမည်ရင်းကြည်ညွန့်ဖြင့် ၁၉၆၇ ခုနှစ်မှစ၍ စာအုပ်များရေးခဲ့သည်။ ကြည်ညွန့် (မြန်မာ့အလင်း ) ဟူသော အမည်ဖြင့်လည်း ရေးခဲ့သည်။ "ဦးနု၊ ဦးလောရုံ၊ အပေါင်းအပါ များနှင့် နယ်ချဲ့ဂိုဏ်း" (၁၉၇၀) တွင် ချစ်ကြည်ရေး ကြည်ညွန့်ကလောင် အမည်စတင် အသုံးပြုခဲ့သည်။

ဦးကြည်ညွန့် ရေးသားထုတ်ဝေပြီးစီးခဲ့သော စာအုပ်များအနက်မှ အချို့မှာ "ချစ်ကြည်ရေး၊ ချစ်ကြည်ရေး လို့ဆိုကာ" (ပထမတွဲ-၁၉၆၇) ဒုတိယတွဲ (၁၉၆၇) နှင့် နောက်ဆက်တွဲ (၁၉၆၈)၊ စီအိုင်အေ အရှုပ်တော်ပုံများ (၁၉၆၈)၊ စီအိုင်အေအရှုပ်တော်ပုံ များနှင့် နောက်ဆက်တွဲ (၁၉၆၈)၊ သခင်သန်းထွန်း၏ ပဲခူးရိုးမပေါ်မှ သွေးစွန်းသော နေ့ရက်များ (၁၉၆၉)၊ ဦးနု ဦးလောရုံ အပေါင်းအပါများနှင့် နယ်ချဲ့ဂိုဏ်း၊ ပထမတွဲ (၁၉၇၀)၊

ဒုတိယတွဲ (၁၉၇၀)၊ သမိုင်းဝင် သူရိယမြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး (ပ-ဒု) (၁၉၇၀)။ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ သူတို့အတွေ့အကြုံ (၁၉၇၁)၊ တရုတ်-မြန်မာ ချစ်ကြည်ရေးမှတ်တမ်း (၁၉၇၃) ဟူ၍ ဖြစ်သည်။

ဦးကြည်ညွန့်သည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟိုကော်မတီတွင် ဗဟို အမှုဆောင်ကော်မတီဝင်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဦးကြည်ညွန့်သည် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မြန်မာ့အလင်း၊ ကြေးမုံနာရေးကြော်ငြာ။**

**(၂) ချစ်ကြည်ရေး ကြည်ညွန့်၊ သမိုင်းဝင် သူရိယမြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး။**

# ဦးကြည်မြ (ကြည်မြ)



သတင်းစာဆရာ ဦးကြည်မြကို ၁၉၁၈ ခု၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် မန္တလေးမြို့၌ အဖဦးစိန်ကြီးနှင့် အမိဒေါ်ရင် တို့က မွေးဖွားခဲ့သည်။

ဦးကြည်မြသည် အောင်နန်းရိပ်သာအလယ်တန်းကျောင်း၊ ပေါက်မြိုင် အထက်တန်းကျောင်းနှင့် ဗဟိုအမျိုးသားအထက်တန်းကျောင်းတို့၌ ပညာဆည်းပူးခဲ့သည်။ ဗဟိုဆရာဖြစ်သင်ကျောင်း၊ နော်မန်ကျောင်း (တံတားဦး၊ အင်းဝ) ၌ ဆရာဖြစ်သင်တန်းတက်ခဲ့သည်။ ၁၉၃၆ ခုနှစ်၌ ဒို့ဗမာအစည်းအရုံးကိုဖွင့်သည်။ ဥက္ကဋ္ဌ သခင်မြမောင် (ထီးချိုင့်) က ဆောင်ရွက်၍ ဦးကြည်မြက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၃၀၀ ပြည့်မန္တလေးအရေးတော်ပုံ၌ ကျောင်းသားခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ နှစ်ကြိမ်ထိန်းသိမ်းခံရသည်။

၁၉၄၃ ခုနှစ်တွင် အင်းဝဈေးချိုရပ်၌ကျောင်းဖွင့်ပြီး ကျောင်းဆရာလုပ်ခဲ့သည်။ ကျောင်းအုပ်မှာ အမ်အေဒေါ်အုန်း ဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် ရန်ကုန်ဗဟန်း သုံးထပ်ကျောင်း၌ ဂျပန်ကင်ပေတိုင်အဖမ်းခံရသည်။ ၁၉၄၄ ခုနှစ်ကုန်ခါနီး၌ မန္တလေး လေယာဉ်ပစ်အမြောက်တပ်၌ သင်တန်းတက်စဉ် ငှက်ဖျားရောဂါရရှိခဲ့သည်။ ၁၉၄၆ ခုနှစ်မှ လွတ်လပ်ရေးရသည်အထိ မန္တလေးခရိုင် ဗ. လ. စ အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ ထိုနောက် ပြည်ညွန့်မဂ္ဂဇင်းတွင် အယ်ဒီတာ၊ ရောင်နီဂျာနယ်နှင့် မန္တလေးဂျာနယ်တို့တွင် အယ်ဒီတာအဖြစ်ဝင်ရောက်လုပ်ကိုင်ကာ တစ်ဘက်မှလည်း ဝတ္ထုဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာ့လမ်းစဉ်သတင်းစာအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၅ ခုနှစ်နောက်ပိုင်းတွင် ရွှေမန်းသတင်းစာ (ညနေထုတ်)၊ ရွှေမန်းဗမာ့ခေတ်သတင်းစာ (နောင်မန်းခေတ်သတင်းစာ)၊ ရတနာပုံသတင်းစဉ်စာစောင်၊ မန္တလေးဗမာ့ရှေ့ဆောင်သတင်းစာ၊ ပန်းတိုင်၊ ကလေးသတင်းစာ စသည်တို့ပေါ်ထွက်လာပါသည်။

မန်နေဂျာဒါရိုက်တာ ဦးစိန်ဝင်း၊ အယ်ဒီတာချုပ်ဦးခင်မောင်၊ အယ်ဒီတာများအဖြစ် ဦးဘတုတ်၊ ဦးတိုးကြွယ်၊ ဦးကြည်မြ၊ သတင်းထောက်ဦးကိုကိုလေး၊ ဦးညွန့်အောင်နှင့် ဦးခင်မောင်ကြီးတို့ စုပေါင်းလုပ်ကိုင်ကြသည်။

ဦးကြည်မြသည် ၁၉၅၂ ခုနှစ်တွင် သက်ထားလုံးချင်းဝတ္ထုကိုရေးသားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မန္တလေးမြူနီစီပါယ်ရုံး ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလအနေဖြင့် ဖ. ဆ. ပ. လ

ကိုယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၈ ခုနှစ် အထိ ပါတီတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (မန္တလေးအရှေ့မြောက်) ထို့နောက် ပြည်သူ့တရားသူကြီး၊ တော်လှန်ရေးကောင်စီ အတိုင်ပင်ခံဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

ဦးကြည်မြသည် ကြည်မြကလောင်အမည်ဖြင့် ပြည်သူတို့၏စကားပြန်စာအုပ်တွင် ကျွန်တော်မြတ်နိုးသော သတင်းစာဆရာဘဝ ဟူသောဆောင်းပါးရေးသားခဲ့သည်။ ယင်းဆောင်းပါးတွင် **"ကိုယ့်သမိုင်းကိုယ်ပြန်သုံးသပ်ရလျှင် ကျွန်တော်ဘဝစုံခဲ့သည်။ နိုင်ငံရေးသမား၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ကျောင်းဆရာ စသည့် စသည့်တို့"** ဘဝ ထိုထို၌ ကျင်လည်ခဲ့၍လည်း အခက်ခဲပေါင်းစုံတို့ကိုလည်းရင်ဆိုင်ရဖူးလှပြီး အောင်နိုင်သူ ဖြစ်ခဲ့ဖူးသလို လက်မြှောက်အရှုံးပေးခဲ့ဖူးသူလည်း ဖြစ်ခဲ့ရ၏။ လောကသားအဖို့ ဤဖြစ်ရပ်များကား ဆန်းသည်တော့မဟုတ်။

**"တစ်ခါကဝမ်းစာရေးကြောင့် သတင်းစာဆရာဘဝကို လက်မြှောက်ခဲ့ဖူးသော်လည်း စိတ်ကုန်ခန်းသွားသည်မဟုတ်။ ရှိသမျှအင်အားနှင့် ကျားပိန် တွယ်တွယ်ခဲ့သည်။ အကြောင်းမူ လုပ်သားပြည်သူဘက်က အမြဲတမ်းရပ်တည်ခွင့်ရနိုင်သော သတင်းစာဆရာဘဝကို သံယောဇဉ်ကြီးသောကြောင့်ပင်တည်း"** ဟု ဖော်ပြထားသည်မှာ သတိပြုစရာပင် ဖြစ်ပါသည်။

ဦးကြည်မြသည် ၂၀၀၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

(၁) ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိ အကျဉ်း (၁၃၆၁) စာ- ၅၇-၅၈။ (၁၃၆၂) စာ-၆၂-၆၃၊ (၁၃၆၆) စာ-၃၉-၄၀။

(၂) ပြည်သူတို့၏စကားပြန်၊ စာ ၂၄၀ -၂၄၃။

(၃) ၂၀၀၅ ခု၊ မေလ (၂၈) ရက်၊ ကြေးမုံ၊ မြန်မာ့အလင်း နာရေးကြော်ငြာ။



# ဒေါ်ခင်စီ (ဘားမားဒိုင်ဂျက်စ်ဒေါ်ခင်စီ)

မြန်မာသတင်းစာလောကတွင် အမျိုးသမီးအယ်ဒီတာ၊ သတင်းစာဆရာမ၊ စာရေးဆရာမ စသည့်ဂုဏ်ပုဒ်အမျိုးမျိုးဖြင့် ထင်ပေါ်ကျော်ကြားခဲ့သည့် ဘားမားဒိုင်ဂျက်စ်ဒေါ်ခင်စီကို မြင်းခြံမြို့၊ လမ်းဝန်ထောက် ဦးဘသန်းနှင့် ဒေါ်ဒေါ်မြတို့မှ ၁၉၁၇ ခုနှစ်တွင် ဖွားမြင်သည်။ ၁၉၃၃ ခုနှစ်တွင် မန္တလေးမြို့ အေဘီအမ် မိန်းကလေးကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မှ ဘီအေဘွဲ့ကိုလည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဘီအီးဒီဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ဂျပန်ခေတ်တွင် ကိုယ်လက်ကြံ့ခိုင်ရေးမှူးအပြင် အာရှလူငယ်အစည်းအရုံး၏ အားကစားမှူးလည်း ဖြစ်ခဲ့သည်။

ဒေါ်ခင်စီသည် ဟင်္သာတမြို့ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းဆရာမအဖြစ်အမှုထမ်းခဲ့သည်။ စစ်ပြီးစ ၁၉၄၆ ခုနှစ်တွင် ဘားမားဒိုင်ဂျက်စ်ပေါ်လာခဲ့ရာ အယ်ဒီတာမှာဦးကျော်စိုးဖြစ်၍ တွဲဘက်အယ်ဒီတာမှာ ဇနီး ဒေါ်ခင်စီ ဖြစ်သည်။ ဦးကျော်စိုးမှာ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဖြစ်ခဲ့သည်။ ဆရာမကြီးဒေါ်ခင်စီသည် ရန်ကုန်မြို့ ၃၇ လမ်း၊ အမှတ် (၁၁၄) တွင် ပညာဗိမာန်ကျောင်းတည်ထောင်ခဲ့ပြီး ကိုယ်တိုင် အင်္ဂလိပ်စာပို့ချခဲ့သည်။ အဆင့်အတန်းမြင့်၍ အောင်ချက်ကောင်းသည်။ ပညာဗိမာန်ကျောင်းကို ၁၉၄၉ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိဖွင့်လှစ်ခဲ့သည်။ ဂျာနယ်ကျော်နှင့် ယုဝတီဂျာနယ်တို့တွင် ဆောင်းပါးများရေးသားခဲ့သည်။ **" ဒေါ်ခင်စီမှတ်တမ်း "** ဟူသောဆောင်းပါးများကို ဂျာနယ်ကျော်တွင်လည်းကောင်း၊ **" ချစ်သမီးမြင့်စိုးသို့ဆုံးမစာ "** ဟူသော ဆောင်းပါးကို ယုဝတီဂျာနယ်၌လည်းကောင်း ကြာမြင့်စွာ ရေးသားခဲ့သည်။

ဒေါ်ခင်စီသည် မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၏ အမှုဆောင်တစ်ဦးလည်းဖြစ်သည့်အပြင် ၁၉၄၇ ခုနှစ်၌ အသင်း၏ကိုယ်စားလှယ်အဖြစ် အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ရသည်။ ထိုခေတ်က ဘားမားဒိုင်ဂျက်စ်မှာ အလွန်ခေတ်စားသည်။ ၎င်း၏ဆောင်ပုဒ်မှာ **" မြန်မာကို ကမ္ဘာကသိစေရန်နှင့် ကမ္ဘာကို မြန်မာကသိစေရန် "** ဟူ၍ ဖြစ်သည်။

ဘားမားဒိုင်ဂျက်စ်စာအုပ်ငယ်သည် တစ်ကျပ်တန်ဖြစ်၍ တစ်လနှစ်ကြိမ် ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးဘကြည်နှင့် ဆရာဦးဟိန်စွန်းတို့၏ ကာတွန်းလက်ရာများလည်း တွေ့ရသည်။ ဘားမားဒိုင်ဂျက်စ်တွင်ကဗျာ၊ ပဟေဠိ၊ ကာတွန်း၊ ဟာသ။ မြန်မာ့ယဉ်ကျေးမှု၊ ကမ္ဘာ့ သတင်းများ၊ ဒုတိယကမ္ဘာစစ်အပြီး မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်သော ဓာတ်ပုံများ၊ ရှေးပညာရှိများ၏အဆို အမိန့်များ၊ အယ်ဒီတာထံပေးစာများပါဝင်သည်။

ယဉ်ကျေးမှုအခန်း၌ အမရပူရခေတ် ဇာတ်သဘင်၊ လူဦးမင်းနှင့် ဖိုးသူတော် ဦးမင်းတို့ကဗျာများ၊ အနန္တသူရိယ၏မျက်ဖြေလင်္ကာ၊ လှိုင်ထိပ်ခေါင်တင်အကြောင်း၊ မြန်မာ့ကျေးလက်တေးများ၊ ဗုဒ္ဓ၏ဘဝ၊ ကျေးလက်ပုံပြင်များ၊ မင်းတုန်းမင်းနှင့်တွေ့ခန်း၊ ဒွါရဝတီရခိုင်တေးများ၊ သခမဂတေးထပ်ဘာသာပြန်များပါဝင်သည်။ မြန်မာစကားပုံများနှင့်ရှင်းလင်းချက်များလည်းပါသည်။ မေဂျာအင်ဒရာဇ်က ဂျင်းဖေါ်အကြောင်းရေး၍ မောရစ်ကောလစ်က ဥက္ကာပျံ၏ဝါခေါင်လဘွဲ့ကို ဘာသာပြန်ထားကြသည်။ ဂူပြောက်ကြီး ကျောက်စာ၊ မြန်မာ့ခလေ့ထုံးစံများ၊ မင်းကွန်းခေါင်းလောင်း၊ မန္တလေးတောင်၊ ရတနာပုံသတင်းစာဘဝမှ မြန်မာ့အလင်းသို့၊ ဂျပန်ကဗျာဘာသာပြန်များ၊ တဂိုး၊ အိပ်ဂျီဝဲလ်၊ လောင်းဖဲလိုး၊ ဘားနဒ်ရှော တို့အဆိုအမိန့်များ၊ အိုင်းစတိုင်းက ဘာအမွေပေးခဲ့သလဲ၊ ဝေလမင်းသားနန်းစွန့်စဉ်က နန်းရင်းဝန်ဘယ်သူလဲ စသောအမေးမျိုးလည်း ပါသည်။ လူသိများသောအင်္ဂလိပ်ကဗျာ များကို မြန်မာစကားလုံးထည့်၍ဖွဲ့သော ဟာသတို့လည်း ပါဝင်သည်။

၁၉၄၈ ခုနှစ်ထုတ် ကလောင်ရှင်မဂ္ဂဇင်း၌ ဒေါ်ခင်စီသည် "ကြုံရဆုံရ ဤဒုက္ခ" အမည်ဖြင့် ဆောင်းပါးရေးခဲ့သည်။ ဒေါ်ခင်စီသည် **"နိုင်ငံခြားမှာတော့စာတစ်အုပ်နှင့် သူဌေးဖြစ်နိုင်တယ်။ စာရေးဆရာက လူထုကိုပြုပြင်ပေးလျက်ရှိပေမယ့် ဒီမှာတော့ လူထုအကြိုက်ကိုပဲ လိုက်ရေးနေရလို့ စာရေးဆရာမဟုတ်၊ (ဆ) ရေးဆရာဖြစ်နေတယ်။ လူထုအကြိုက် (ဆ) ပြီးရေးနေရတယ်။ လူရွယ်တွေကလည်း မိဘပိုက်ဆံကိုဖြုန်းပြီး နည်းပေးလမ်းပြစာအုပ်ဆိုရင်မဖတ်ချင်ကြဘူး။ မချမ်းသာချင်နေ၊ တိုင်းပြည် အကျိုးယုတ်မယ့်စာဆိုရင် ဘယ်တော့မှမရေးဘူး။ လူငယ်တွေဟာ နိုင်ငံရေးသမားယောင်ယောင်နှင့် သူတို့သာ နားလည်တယ်ထင်နေလို့ အေးအေးပဲနေတာကောင်းတယ်။ သပိတ်လက်နက်နှင့် ခြောက်လိုခြောက်၊ နိုင်ငံရေးသမားတွေခြေဝင်ထိုးလို့ သူတို့ပညာရေးလည်း နိမ့်ကျကုန်တယ်။ နိုင်ငံရေးသမားယောင်ယောင်၊ ကုန်သည်ယောင်ယောင်တို့ကလည်း အင်စပို့လိုင်စင်တွေတောင်း၊ လူမျိုးခြားကိုရောင်းနှင့် လူထုကောင်းစားရေး ဆိုတာတွေကလည်းများပါဘိ။ မယ်မယ်ရရပြောစရာတော့ ဘာမျှမရှိ"** စသည့် အာဘော်မျိုးကိုလည်းရေးသားခဲ့သည်။

ဒေါ်ခင်စီသည် ကျောင်းဆရာမ၊ သတင်းစာဆရာ၊ စာရေးဆရာအဖြစ်နိုင်ငံကို အကျိုးပြုခဲ့ပြီး ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။ ။** စောမုံညင်း၊ မြန်မာအမျိုးသမီး၊ စာ ၁၇၃။

# ဦးခင်မောင် (သူကြီးဂေဇက် ဦးခင်မောင်)



မြန်မာသတင်းစာလောကတွင် သူကြီးဂေဇက် ဦးခင်မောင်ဟု ကျော်ကြားခဲ့သည့် သတင်းစာ ဆရာ ဦးခင်မောင်ကို ၁၈၉၂ ခုနှစ်တွင် ကြံခင်းမြို့၌ဖွားမြင်ခဲ့သည်။ အဘမှာ ပညာအုပ် ဦးစိုးဖေ ဖြစ်သည်။ ဦးခင်မောင်သည် ၁၉၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ်မှ ဘီအေ အောင်မြင်ခဲ့သည်။ ဘီအေအောင်ပြီးနောက် ဆရာဖြစ်လက်မှတ်ရ၍ သထုံမြို့တွင် ကျောင်းဆရာလုပ်ခဲ့သည်။ ဦးခင်မောင်သည်ကျောင်းဆရာအလုပ်မှထွက်ပြီး မြန်မာများထုတ်ဝေသော “ဘားမား အော့ (ဖ်) ဇားဗား” ခေါ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာတွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ရာ ထိုသတင်းစာ ပိတ်လိုက်သည့် အထိဖြစ်သည်။

ဦးခင်မောင်သည် “ဘားမားအော့(ဖ်)ဇားဗား” သတင်းစာပိတ်လိုက်သောအခါ သူရိယသတင်းစာတွင် ဘကြီးဘဘေတို့နှင့်အတူတွဲဖက်၍ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုခေတ်တွင် နိုင်ငံရေးလုပ်ငန်းများ၌ ပါဝင်ရာ “ဂျီ-စီ-ဘီ-အေ” ခေါ် မြန်မာအသင်းချုပ်နှင့် “ဘားမားရီဖေါင်းလီ” တို့၌လက်ထောက်အကျိုးဆောင် (ဒု-အတွင်းရေးမှူး) အဖြစ်ဆောင်ရွက်ခဲ့သည်။ ယင်းအပြင် “ဝိုင်-အမ်-ဘီ-အေ” ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးတွင်လည်း အကျိုးဆောင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ သူရိယသတင်းစာတွင် အယ်ဒီတာလုပ်ခဲ့စဉ်က အိန္ဒိယဉပဒေပြု လွှတ်တော်မင်းတိုင်ပင် အမတ်အဖြစ် လုပ်ကိုင်ခဲ့သည်။

ထို့နောက် ဦးခင်မောင်သည် အစိုးရအလုပ်တွင်ဝင်၍ သူကြီးဂေဇက် သတင်းစာ၌အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ဗြိတိသျှခေတ်က အစိုးရပိုင်သူကြီးဂေဇက် သတင်းစာတွင် အယ်ဒီတာအဖြစ်နှစ်အတော်ကြာအောင် ဆောင်ရွက်ခဲ့ဖူးသောကြောင့် သူကြီးဂေဇက်ဦးခင်မောင်ဟုဆိုလျှင် လူသိများခဲ့သည်။

ဦးခင်မောင်သည် “တောသား” ဟူသောကလောင်အမည်ဖြင့် အင်္ဂလိပ်သတင်းစာများတွင်ရေးလေ့ရှိသည်။ သူ၏ ရေးသားချက်များကို မြန်မာအမျိုးသားနှင့် မြန်မာအမျိုးသမီးများသာမက နိုင်ငံခြားသားများကပင် အထူးနှစ်သက်ကြသည်။ အထူးသဖြင့် အင်္ဂလိပ်စာရေးရာတွင် ထူးချွန်သည်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာတွင်နှံ့စပ်သောပုဂ္ဂိုလ်ဖြစ်သည်။ မျိုးချစ်စိတ်ထက်သန်သည်။ စိတ်ကောင်းရှိသည်။ သဘောထားသိမ်မွေ့၍ကြင်နာတတ်သည်။

ဦးခင်မောင်သည် သူကြီးဂေဇက်အယ်ဒီတာအဖြစ်မှ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်အဖြစ် ဂျပန်များ မြန်မာပြည်ကို သိမ်းပိုက်သည်အထိဆောင်ရွက်ခဲ့သည်။ စစ်ပြီး၍ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရလက်ထက်တွင် ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်ခဲ့ရပြန်သည်။ ဝဏ္ဏကျော်ထင်ဘွဲ့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ မကျန်းမာ၍ အလုပ်မှ နုတ်ထွက်ခဲ့သည်။ ဂျပန်ခေတ် အဓိပတိဒေါက်တာဘမော်အစိုးရ လက်ထက် ပညာစွယ်စုံကျမ်းထုတ်ဝေရန် စီစဉ်ရာတွင် ဦးခင်မောင်သည် တာဝန်ခံတစ်ဦး ဖြစ်သည်။ အဘိဓာန်ဌာနအဖွဲ့ငယ်တွင်လည်းကောင်း၊ အတိုင်ပင်ခံ စာတည်းအဖွဲ့တွင်လည်းကောင်း ပါဝင်ခဲ့သည်။

ဦးခင်မောင်သည် ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၁ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ ။ ရွှေဥဒေါင်း၊ တစ်ချိန်ကထင်ရှားခဲ့သောပုဂ္ဂိုလ်များ၊ စာ -၂၁။**

# ဦးခင်မောင် ( သတင်းထောက်ခင်မောင်-ဖျာပုံ)



သတင်းစာဆရာ ဦးခင်မောင်ကို အဖ မြေပိုင်ရှင် ဟာဂျီ ဦးအပ္ပဒူအာဇစ်၊ အမိ ဒေါ်မဲဒါဗွန်တို့မှ ရောဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ အမှတ် - ၁၀၈၊ ၁၁ လမ်း၊ ၁၀ ရပ်ကွက်တွင် ၁၉၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၌ မွေးဖွားခဲ့သည်။

ဦးခင်မောင်သည် ဖျာပုံမြို့ ဟိုက်စကူးကျောင်းတွင် အင်္ဂလိပ်မြန်မာ ၇ တန်း အထိ ပညာဆည်းပူးခဲ့သည်။ ငယ်စဉ်ကပင် သတင်းစာပညာကို ဆည်းပူးခဲ့သည်။ ဦးခင်မောင်သည် ၁၉၅၇ ခုနှစ်တွင် လင်းယုန်နေ့စဉ် သတင်းစာ၊ ၁၉၅၈ ခုနှစ်တွင် သံမဏိနေ့စဉ် သတင်းစာ၊ ၁၉၅၉ ခုနှစ်တွင် ဘွင်းဘွင်း နေ့စဉ်သတင်းစာတို့နှင့် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ အထိ ပြည်သူ့အိုးဝေ နေ့စဉ်သတင်းစာ၏ ဖျာပုံမြို့နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ သတင်းရေးသားမှုနှင့် ပတ်သက်ပြီး၊ သတင်းစာဆရာ ဦးညိုမြ၏ ချီးကျူးခြင်းကို ခံခဲ့ရသည်။

ဦးခင်မောင်၏ မှတ်စုတစ်နေရာတွင် **"ကိုယ်ကျိုးကို မတရားရှာဖွေလိုသူများ၊ အထိနာခြင်းမှာ မထောင်းတာလှပါ။ သို့သော်လည်း ရိုးသားသူများ၊ ကိုယ်ကျိုးမရှာတတ်သူများ အလိမ်ခံရခြင်းမှာမူ ဝမ်းနည်းဖွယ်ရာကောင်းလှသည်။ အတုအယောင် ဆောင်ကြသည့် လူလိမ်၊ လူကောက်များကို ထိထိရောက်ရောက်ရှာဖွေပြီး ပြင်းပြင်းထန်ထန် အရေးယူသင့်သည်။ တာဝန်သိသော သတင်းထောက်များအနေဖြင့်လည်း ယင်းသို့သော အမှုများကို ဖော်ထုတ်ခြင်း၊ လိမ်သူကိုရအောင်ရှာဖွေပြီး မျက်နှာဖုံးခွာပြခြင်း၊ အလိမ်ခံရသူကပါ မရှက်မကြောက်သက်ဆိုင်ရာသို့ တိုင်တန်းခြင်းများဖြင့် ထိရောက်စွာဟန့်တားတိုက်ထုတ်သင့်သည်။ လူလိမ်၊ လူကောက်များဟူသည် တိုင်းပြည်အတွက် ဆန်ကုန်မြေလေးများသာ ဖြစ်သည်"** ဟု မှတ်သားထားသည်ကို ဖတ်ရသည်။

ဦးခင်မောင်သည် ဖျာပုံမြို့နယ်သတင်းထောက်အဖြစ် ဆောင်ရွက်နေစဉ် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဖျာပုံမြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**
- **(၁) လင်းယုန်နေ့စဉ်သတင်းစာ ၆. ၄. ၁၉၅၈။**
- **(၂) သတင်းထောက်ခန့်စာများ။**
- **(၃) ဘွင်းဘွင်းနေ့စဉ်။**
- **(၄) ပြည်သူ့အိုးဝေနေ့စဉ်။**
- **(၅) ဦးခင်မောင်၏ မှတ်စုများ။**

# ဦးခင်မောင်ရီ (စိန်ခင်မောင်ရီ)



သတင်းစာဆရာ စိန်ခင်မောင်ရီ အမည်ခံ ဦးခင်မောင်ရီကို ကွယ်လွန်သူစာရေးဆရာ ပုလိပ် အရာရှိတစ်ဦးအမည်ခံ ခရိုင်ရဲဝန် ဦးဘသော် (ပြစ်မှုမဂ္ဂဇင်း စတင် ထူထောင်သူ) နှင့် ဒေါ်မမလေးတို့က ၁၉၂၅ ခုနှစ်၊ မုံရွာမြို့အနီး၊ အလုံရွာတွင် ဖွားမြင်သည်။ ကလောင်အမည်မှာ စိန်ခင်မောင်ရီ ဖြစ်သည်။

ဦးခင်မောင်ရီသည် မုံရွာမြို့၊ ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် နေစဉ်ကတည်းက နယ်သတင်းထောက်အဖြစ် သတင်းစာများတွင် သတင်းနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ဂျပန်ခေတ်တွင် မုံရွာခရိုင်အာရှလူငယ်အစည်းအရုံး ညဏဗလမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မန္တလေးခရိုင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂ အမှုဆောင်အဖွဲ့ဝင်နှင့် ကျောင်းသားလှုပ်ရှားမှုကြီးကိုင်ကော်မတီဝင်ဖြစ်ခဲ့သည်။ ပဒေသာမဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်ခဲ့သည်။

ဦးခင်မောင်ရီသည် **"နန်းမြိုင်" "ယဉ်ညိမ်း"** စသောကလောင်အမည်များဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်ဘာသာပြန်များ ရေးသားခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း သတင်းစာ လောကသို့ဝင်ရောက်ခဲ့ပြီး စီးပွားရေး၊ အိုးဝေ၊ ဗမာဝါဒ၊ ဗမာ့ခေတ်နှင့် ယူနိယံဂေဇက်သတင်းစာများတွင် သတင်းအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ကြေးမုံသတင်းစာ ထုတ်ဝေရန် သတင်းစာတိုက်တည်ထောင်ရာတွင် တည်ထောင်သူတစ်ဦးအဖြစ်လည်း ပါဝင်ခဲ့သည်။ ကြေးမုံသတင်းစာအယ်ဒီတာချုပ်အဖြစ် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလအထိ လုပ်ကိုင်ခဲ့သည်။

ဦးခင်မောင်ရီသည် မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ၁၉၅၉ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ သတင်းကောင်စီအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၇-၅၈ ခုနှစ်တွင် တာရှကင်အာရှအာဖရိက စာရေးဆရာ ညီလာခံသို့လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် သတင်းစာကိုယ်စားလှယ် အဖွဲ့ဝင်တစ်ဦးအဖြစ် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလတွင် အိုးဝေ

ဂျာနယ်တာဝန်ခံ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၉ ခုနှစ်၊ ဧပြီလမှ စ၍ ဖြူ နီ၊ ညို၊ ပြာ မဂ္ဂဇင်းကို တာဝန်ခံထုတ်ဝေခဲ့သည်။

ဦးခင်မောင်ရီသည် ပြဇာတ်များရေးသားခဲ့ရာ မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ၊ ကြက်ကင်၊ ဒိုင်းညှောင့်၊ မျက်နှာဖုံးနှင့် အခြားပြဇာတ်စာပေများဖြစ်သည်။ ဘာသာပြန် စာအုပ်များအဖြစ် ယဉ်ညိမ်းကလောင်အမည်ဖြင့် **“သူခိုးနှင့်အရိုးခံမလေး” “ဆိုဖီယာ လော့ရင်”** စာအုပ်များရေးသားခဲ့သည်။

**“အနာတဟန်”** ဘာသာပြန်စာအုပ်ဖြင့် ၁၉၈၅ ခုနှစ် အမျိုးသားစာပေဆု၊ ဘာသာ ပြန်သုတဆု ရရှိခဲ့သည်။ ဦးခင်မောင်ရီသည် သီချင်းများလည်းရေးသားခဲ့ရာ စောင်းသိန်းဖေ သီဆိုသော **“ငွေညို့ပင်”** သီချင်းသည် ဦးခင်မောင်ရီ၏ ထင်ရှားသော လက်ရာဖြစ်သည်။

ဦးခင်မောင်ရီသည် ရုပ်ရှင်ဇာတ်ညွှန်းများကိုလည်းရေးခဲ့ရာ **“ရွှေလက်ဖြင့် ခေါ်လဲ မလာ” “အမွန်ကတစ်ဘက်၊ သူတို့ကတစ်ဘက်”** ရုပ်ရှင်ဇာတ်ညွှန်းတို့ကို ရေးသားခဲ့ သည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးခင်မောင်ရီသည် မကွယ်လွန်မီအထိ မဟေသီမဂ္ဂဇင်းတွင် ပင်တိုင်ရုပ်ရှင် ဝေဖန်ရေးဆောင်းပါးနှင့် အခြားမဂ္ဂဇင်းစာစောင်များ တွင် ရုပ်ရှင်၊ အနုပညာပြဇာတ်ဆိုင်ရာဆောင်းပါး၊ ဘာသာပြန်များ၊ ဝတ္ထုများ အများအပြား ရေးသားခဲ့သည်။

ဦးခင်မောင်ရီသည် ၁၉၉၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် သည်။

**ကိုးကားရန်အညွှန်း။ ။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၃) စာ-၁၈၉။**



# ဦးခင်မောင်လတ် (ခင်မောင်လတ်)

သတင်းစာဆရာ ဦးခင်မောင်လတ်ကို ၁၉၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ဖခင်ဦးညွန့် နှင့် အမိ ဒေါ်ခင်သွဲ့ တို့က မုံရွာမြို့၌ မွေးဖွားသည်။ ၁၉၂၀ ပြည့် ယူနီဗာစီတီ အက်ဥပဒေကို ကန့်ကွက်သော ကျောင်းသားသပိတ်ကြီးမှ ပေါက်ဖွားသည့် "နေရှင်နယ်ကျောင်း" ခေါ် "အမျိုးသားကျောင်း" များပေါ်ပေါက်လာသောအခါ မုံရွာမြို့ ဆရာကြီး ဦးဖေကြီးမှူးသော နေးရှင်းကျောင်းတွင် ၉ တန်းအထိ ပညာသင်ယူခဲ့သည်။ ၁၀ တန်းရောက်သောအခါ ဆရာကြီး ဦးခကြီးမှူးသော မုံရွာဗုဒ္ဓဘာသာအထက်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူခဲ့သည်။ ထို ကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ဘုံဘေဘားမားသစ်ကုမ္ပဏီတွင် အလုပ်စတင်လုပ်ကိုင်ခဲ့သည်။ ထို့နောက် စီအိုင်ဒီစုံထောက်ရုံးတွင် မြန်မာအင်္ဂလိပ်ဘာသာပြန်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ကပေးသော မြန်မာ့လွတ်လပ်ရေးခေတ်တွင် နိုင်ငံခြားရုံး၌ နိုင်ငံခြားရေးလက်ထောက်အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးအပြီးတွင် အင်္ဂလိပ်လူမျိုးများအုပ်ချုပ်သော (ပြည်သူ့ရိက္ခာထောက်ပံ့ရေးအဖွဲ့) တွင် သတင်းဆက်သွယ်ရေးအရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် သက်ကြီးတက္ကသိုလ်သို့တက်၍ ဘီအေ (B.A) စာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာနည်းပြဆရာလုပ်ရင်း အမ်အေ (M.A) ဘွဲ့ ရရှိခဲ့သည်။ လက်ထောက်ကထိက အဖြစ်မှ အလုပ်ထွက်၍ ပြင်ပအင်္ဂလိပ်စာသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။

၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ "လုပ်သားပြည်သူ့နေ့စဉ်" အင်္ဂလိပ်သတင်းစာ "The Working People's Daily" တွင် အယ်ဒီတာချုပ်အဖြစ်အမှုထမ်းခဲ့သည်။

ဦးခင်မောင်လတ်ရေးသားခဲ့သောစာအုပ်များမှာ (၁) Everyday Expression in English၊ (၂) အင်္ဂလိပ်စာ တတ်လိုသော်၊ (၃) Exercises on Everyday Expression in English တို့ဖြစ်ကြသည်။

ဦးခင်မောင်လတ်သည် ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ဆရာဦးခင်မောင်လတ်၏ဇနီးမှာ သတင်းစာဆရာ၊ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်ဖြစ်သည်။

ကိုးကားရန်အညွှန်း။ ။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၇) စာ - ၁၇၄



# ဦးခင်မောင်ဦး (အထောက်တော်အုန်းမြင့်)

သတင်းစာဆရာ ဦးခင်မောင်ဦးကို တွင်းစားရိုး ဦးအုန်းတင် အမိ ဒေါ်ခင်ဂျမ်းတို့မှ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မင်းဘူးမြို့၌ မွေးဖွားခဲ့သည်။

ဦးခင်မောင်ဦးသည် ၁၉၃၇ ခုနှစ်တွင် ရေနံချောင်းမြို့အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ ရခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း) စာမေးပွဲဖြေဆို အောင်မြင်ကာ နယ်ပိုင်ဝန်ထောက်အဖြစ်အမှုထမ်းခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဝန်ထမ်းဘဝမှနုတ်ထွက်ပြီး "ဗမာ့ခေတ်"သတင်းစာအယ်ဒီတာအဖြစ်နှင့် သတင်းစာလောကသို့စတင် ဝင်ရောက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် "နေးရှင်း" အင်္ဂလိပ်သတင်းစာသို့ သတင်းအယ်ဒီတာအဖြစ်ပြောင်းရွှေ့ထမ်းဆောင်ခဲ့သည်။ နေးရှင်း (NATION) သတင်းစာတွင် အယ်ဒီတာအဖြစ်ဆောင်ရွက်စဉ် "Inside Burma" ခေါင်းစဉ်ဖြင့် မြန်မာပြည်တွင်းဖြစ်ပျက်နေသောစီးပွားရေး၊ နိုင်ငံရေးနှင့် သောင်းကျန်းသူများအရေးတို့ကို အင်္ဂလိပ်ဘာသာဖြင့်ဆောင်းပါးများ ရေးသားပေးပို့ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် "အထောက်တော်" သတင်းစာကိုတည်ထောင်ကာထုတ်ဝေသူနှင့် အယ်ဒီတာချုပ်အဖြစ် ၁၉၆၃ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ အထောက်တော်အုန်းမြင့်အဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။

ဦးခင်မောင်ဦးသည် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေးနှင့် သတင်းထောက်လှမ်းရေးဌာနခွဲတွင်လည်း ဒုတိယညွှန်ကြားရေးဝန်အဖြစ် ၁၉၆၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ စတုတ္ထမဏ္ဍိုင် ရွှေတံဆိပ်ဆု (အကောင်းဆုံးသတင်းဆု) ချီးမြှင့်ခြင်းခံရသည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ "ဂါးဒီးယန်း" (အင်္ဂလိပ်) သတင်းစာတွင် ATTOM ကလောင်အမည်ဖြင့် ပင်တိုင်ဆောင်းပါးများ ရေးသားခဲ့သည်။ သတင်းစာဆရာအဖြစ် ၁၉၄၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံသို့လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ဘန်ကောက်မြို့၌ ကျင်းပသော လေးနိုင်ငံကွန်ဖရင့်သို့လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ကျူးကျော်သူကေအမ်တီ တရုတ်ဖြူများ မြန်မာနိုင်ငံအတွင်းမှ ဆုတ်ခွာပွဲသတင်းယူရန် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၁၉၅၆ ခုနှစ်

တွင် အစ္စရေး၊ ဗြိတိန်နှင့် ဥရောပတိုက်နိုင်ငံများသို့ လည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် တောင်ဗီယက်နမ်နိုင်ငံ သမ္မတရွေးပွဲ၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံသို့လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ဦးခင်မောင်ဦးသည် ၁၉၅၅-၅၆ ခုနှစ်တွင်မြန်မာနိုင်ငံသတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ဒုတိယဥက္ကဌ အဖြစ်လည်း ကောင်း၊ ရန်ကုန်တပ်ကလပ်နှင့် ယူနီယံကလပ်တို့တွင် အဖွဲ့ဝင်လူကြီးအဖြစ်လည်းကောင်း၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင် အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ယုဝတီဂျာနယ်အယ်ဒီတာချုပ် "ယုဝတီ စောလှမြင့်" နှင့် ၁၉၄၆ ခုနှစ်တွင် လက်ထပ်သည်။ သားတစ်ယောက်ထွန်းကားခဲ့သည်။

ဦးခင်မောင်ဦး၏ ထင်ရှားသောစာအုပ်တစ်အုပ်မှာ "ခက်ဖွယ်ရယ်ကြုံပါတယ်၊ လက်နက်ကယ်စုံအညီနဲ့" စာအုပ် ဖြစ်သည်။

ဦးခင်မောင်ဦးသည် ၁၉၈၆ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ရန်ကုန်၌ ကွယ်လွန်ခဲ့ သည်။

**ကိုးကားရန်အညွှန်း။** **အထောက်တော် အုန်းမြင့်၊ ခက်ဖွယ်ရယ်ကြုံပါတယ်၊ လက်နက်ကယ်စုံအညီနဲ့စာအုပ်။**



## ဒေါ်ခင်မြ (ခင်မျိုးချစ်)

သတင်းစာဆရာ၊ စာရေးဆရာမကြီး ခင်မျိုးချစ်အမည်ခံ ဒေါ်ခင်မြကို ၁၉၁၅ ခု၊ မေလ ၁ ရက်နေ့တွင် အဖ ရာဇဝတ်ဝန်ထောက် ဦးတော်၊ အမိ ဒေါ်ပန်းတင် တို့က စစ်ကိုင်းမြို့၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ မခင်မြ ဖြစ်သော်လည်း ကလောင်အမည် ဒေါ်ခင်မျိုးချစ်သည်ပင် အမည်ရင်းကဲ့သို့တွင်သည်။ မိခင်ဘက်မှ အဘိုးမှာ စတုရင်္ဂဗလဘွဲ့ရ မြန်မာပညာရှိ ကျောက်စာရုံစာရေးကြီး ဦးဖေဖြစ်သည်။

ဒေါ်ခင်မြသည် ပြည်မြို့အစိုးရကျောင်း၊ သရက်မြို့အစိုးရအထက်တန်းကျောင်း၊ မိတ္ထီလာအမျိုးသားကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် မိတ္ထီလာအမျိုးသားကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်သည်။ ၁၉၃၂ - ၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူသည်။ ပထမနှစ်သင်ကြားပြီး ကျောင်းမှ ထွက်သည်။ ၁၉၃၂-၁၉၃၃ ခုနှစ်တွင် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဝသန္တစာစောင်တွင် ဆာဝါလတာစကော့၏ ကဗျာတစ်ပုဒ်ကိုမှီး၍ ဇာတိမာန်၊ တို့ပြည်တို့မြေဟူသော တေးထပ်နှစ်ပုဒ်အဖြစ် မြန်မာမှုပြုရေးသားခဲ့သည်။ ကလောင်အမည် ခင်မျိုးချစ်ဟု အယ်ဒီတာအဖွဲ့က ကလောင်အမည်တပ် ဖော်ပြပေးခဲ့သည်။ ၁၉၃၃-၁၉၃၄ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ စတင်ရေးသားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် တိုးတက်ရေးနှင့် ဘားမားဂျာနယ် အယ်ဒီတာအဖွဲ့ဝင် ပင်တိုင်ဆောင်းပါးရှင်ဖြစ်ခဲ့သည်။

၁၉၃၈ခုနှစ် ကျောင်းသားသပိတ်တွင် ဒေါ်ခင်မျိုးချစ်သည် ရှေ့ဆုံးမှအလံကိုင်ချီတက်လာခဲ့ရာ အတွင်းဝန်ရုံးအနီးတွင် ပုလိပ်ရိုက်၍ လဲကျသွားခဲ့သည်။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် အလယ်ပစ္စယံအစည်းအဝေး၌ ၉၁ ဌာန အုပ်ချုပ်ရေး ဖြုတ်ချရန်နှင့် နိုင်ငံခြားကုန်သည်များသပိတ်မှောက်ရန် အသက်စွန့်၍ တိုက်ဖျက်ရန် စသည်ဖြင့် အဆိုတင်သွင်းခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ် အင်္ဂလိပ်သတင်းစာ အယ်ဒီတာချုပ်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့် ဦးခင်မောင်လတ်နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အိုးဝေသတင်းစာအယ်ဒီတာအဖွဲ့ဝင်၊ ၁၉၄၈ ခုနှစ်တွင် တိုင်းရင်းသူဂျာနယ် အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၄၉-၁၉၅၀တွင် စာပေဗိမာန်စာပြု၊ ၁၉၅၆-၁၉၅၈ ခုနှစ်တွင် ဂါးဒီးယန်း အင်္ဂလိပ်သတင်းစာ

အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၂-၆၇ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ် အင်္ဂလိပ်သတင်းစာ အယ်ဒီတာ၊ ၁၉၇၁ ခုနှစ်တွင် မိသားစုအတွက်ပျော်တော်ဆက်ဟာသစာစောင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၁-၁၉၄၅ ဂျပန်ခေတ် ဘီဒီအေစစ်ရုံး၌အမှုထမ်းသည်။ ၁၉၄၅ ခုနှစ်တွင် "ဂျပန်ခေတ်သုံးနှစ်တာ" Three Years Under the Japs ကို အင်္ဂလိပ်ဘာသာဖြင့် ပထမဆုံးလုံးချင်းအဖြစ် ထုတ်ဝေခဲ့သည်။ မြန်မာဘာသာဖြင့် ပထမဦးဆုံးလုံးချင်းမှာ ၁၉၃၆ ခုနှစ်တွင် သူရိယသတင်းစာတိုက်မှပုံနှိပ်ထုတ်ဝေသော "ကောလိပ်ကျောင်းသူ"ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ကျင်းပသည့် အာရှတိုက်ဆိုင်ရာ ယဉ်ကျေးမှု ညီလာခံသို့တက်ရောက်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ရန်ကုန်တက္ကသိုလ်၌ ပညာ ပြန်လည်ဆည်းပူးရာ ၁၉၅၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာအဓိက) ကို ရရှိခဲ့သည်။

၁၉၅၆ ခုနှစ်၊ မေလထုတ် ဂါးဒီးယန်းမဂ္ဂဇင်းပါ ၁၃ ရတီစိန်ကြီးဝတ္ထုကို ဂျာမန်၊ အူရဒူ၊ ယူဂိုဆလပ်၊ အီတာလျံဘာသာအသီးသီးသို့ ပြန်ဆိုခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ် အရှေ့တောင်အာရှနိုင်ငံများမှ စာရေးဆရာများအတွက်ကျင်းပသော အင်္ဂလိပ်ဘာသာ ဝတ္ထုတိုပြိုင်ပွဲတွင် Her In finite Variety ဝတ္ထုတိုဖြင့် ပထမဆုရရှိခဲ့သည်။

ဒေါ်ခင်မြသည် တက္ကသိုလ်မှထွက်ပြီးနောက် အင်္ဂလိပ်ဘာသာရပ်ကို အထူး လေ့လာလိုက်စားသည်။ အင်္ဂလိပ်၊ ပြင်သစ်စာရေးဆရာကြီးများ၏ စာပေများကို ဖတ်ရှု လေ့လာပြီး၊ ဘာသာပြန်ဆောင်းပါးများလည်းရေးသားခဲ့သည်။

မြန်မာဘာသာဖြင့်ရေးသားခဲ့သော စာပေလက်ရာများမှာ ကောလိပ်ကျောင်းသူ (၁၉၃၆)၊ စစ်သူလျှိုများ (၁၉၃၉)၊ စစ်နှောင်ကြိုး (၁၉၄၀)၊ ဘုန်းမယ့်သခင် (၁၉၄၀)၊ လှူမုန်တိုင်း (၁၉၄၁)၊ ဗမာပြည်မိန်းမပြဿနာ (၁၉၄၆)၊ မောင်တို့ ယောက်ျား (၁၉၄၈)၊ ရိပ်သာယာ (၁၉၅၁)၊ သတင်းစာလောက (၁၉၅၂)၊ အပျင်းဖြေနည်း (၁၉၅၃)၊ ကမ္ဘာကျော် စာနှင့် စကား (၁၉၅၄)၊ ရှိတ်စပီးယားပုံပြင်များ ပထမတွဲ၊ ဒုတိယတွဲ (၁၉၅၄)၊ နှစ်လောက တိုက်ပွဲ(၁၉၆၉)၊ တို့လူကလေးများ ဆိုသလေး(၁၉၇၀)၊ မိုက်ကယ်အိန်ဂျလို (၁၉၄၇)၊ စွန့်ခဲ့ရကျွန်မဘဝပါရှင် (၁၉၇၆)၊ ဥရောပယဉ်ကျေးမှု အနုပညာမိတ်ဆက် (၁၉၇၆)၊ အင်္ဂလိပ်စာတတ်လိုသော်နှင့် စာအုပ်စင်ကျေးဇူး (၁၉၇၉)၊ လောကဇာတ်ခုံ ဇာတ်ခုံလောက (၁၉၉၆)၊ ကိုင်းပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ (၁၉၉၉)၊ ဥရောပစာပေ (၁၉၇၀)၊ သောမတ်ဟာဒီ (၁၉၅၁)၊ ဒင်းနစ်ဝှစ်လီ (၁၉၆၉) တို့ဖြစ်ကြပါ သည်။

အင်္ဂလိပ်ဘာသာဖြင့်ရေးသားခဲ့သော စာပေလက်ရာများမှာ Three Years Under The Jpas (1945), Thirteen Carat Diamond and Other Stories (1969), Anawyahta of Burma (1970), Flowers and Festivals Round the Bumese Years (1980), A Wonder Land of Burmese Legends (1981), Gift of Laughter (1995) တို့ဖြစ်ကြသည်။

၁၉၈၃ခုနှစ် မတ်လတွင် မော်ကွန်းဝင်တတိယအဆင့် ဆုတံဆိပ်ချီးမြှင့်ခံရသည်။

စစ်ကြိုခေတ်၌ ဒေါ်ခင်မြသည် အမျိုးသမီးများ၏ အိမ်ထောင်ရေးကို မဏ္ဍိုင်ထား၍ စာနယ်ဇင်းအစောင်စောင်၌ ဆောင်းပါးများရေးသားခဲ့သည်။ ၇. ၁. ၁၉၃၉ နေ့ထုတ် ဒီးဒုတ်ဂျာနယ်တွင် "နောင်ကိုစစ်ပွဲတိုင်း ဆင်နွှဲပါရစေ" ဟုလည်းကောင်း၊ ၂၁. ၉. ၁၉၇၄ နေ့ထုတ် ယုဝတီဂျာနယ်တွင် နပိုလီယန်၏ အချစ်ဇာတ်လမ်းနှင့် အခြားခေါင်းစဉ်များ ဖြစ်သော "မူဆိုလိုနီ ဇနီးဟာ မြန်မာလား"၊ "ကိုယ့်ဘဝကိုယ်ကြည့်" ဆောင်းပါးရေးသား ခဲ့သည်။

အင်္ဂလိပ်မြန်မာနှစ်ဘာသာလုံးတွင် ကျော်ကြားသောသတင်းစာဆရာ၊ မျိုးချစ် ခေါင်းဆောင်နှင့် စာရေးဆရာမကြီး ဒေါ်ခင်မြမှာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် ရန်ကုန်မြို့၊ လှည်းတန်း၊ ပြည်ရိပ်သာ အမှတ် (၅၀၈/၅) နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ စောမုံညင်း၊ မြန်မာအမျိုးသမီး။ စာ-၁၅၉-၁၆၂။**

# ဦးချစ်ညို (ကျားဘသိန်း)



သတင်းစာဆရာ ဦးချစ်ညို ကို ၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အဖ ဦးဖိုးမင်း (ဦးမင်း) နှင့် အမိ ဒေါ်မမကြီး တို့မှ မန္တလေးမြို့၊ စစ်ကိုင်းတန်းရပ်၌ မွေးဖွားခဲ့သည်။ ကျားဘသိန်း ဟုလူသိများသည်။ လက်ဝှေ့ကျော် ကျားဘညိမ်း၏ ညီဖြစ်သည်။ အမည်ရင်းမှာ ဦးဘသိန်း ဖြစ်သည်။

ဦးချစ်ညိုသည် မန္တလေးစိန်ဂျိုးဇက်ဒိုင်အိုနှင့် ဝက်စလီယံကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ စာပေဂီတနှင့် အနုပညာ ဝါသနာထုံသည်။ ဆယ်တန်းအထိပညာသင်ယူခဲ့ပြီး ရေဒီယိုအော်ပရေတာသင်တန်း တက်ရောက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် လူထုဂျာနယ်၌ တွဲဖက်အယ်ဒီတာအဖြစ် ဘာသာပြန်ဆိုင်ရာ တာဝန်များကိုထမ်းဆောင်ခဲ့သည်။ ထိုအခါမှစ၍ ဘာသာပြန်ဝတ္ထုရှည်များ ရေးသားခဲ့သည်။ လူထုဂျာနယ်ရပ်သွားသောအခါ လူထုသတင်းစာနေ့ပိုင်းဆိုင်ရာ သတင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံခြားသတင်းအယ်ဒီတာအဖြစ် ၁၉၅၂ ခုနှစ် အထိ လုပ်ကိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ချစ်ညိုပုံနှိပ်တိုက်၊ မန္တလေးစာအုပ်တိုက်ကို တည်ထောင်ခဲ့သည်။ ရှုမဝ၊ မြဝတီ၊ သွေးသောက်နှင့် အခြားမဂ္ဂဇင်းများတွင် ဆောင်းပါး၊ ဝတ္ထုရှည်နှင့် ဝတ္ထုတိုများရေးသားခဲ့သည်။

မြန်မာကျားကစားလောကတွင် ထင်ရှားသည့် ကျားကစားနည်းစာအုပ်ကို မြန်မာပြည်တွင် ပထမဆုံးအကြိမ်ထုတ်ဝေခဲ့သည်။

၁၉၅၅ ခုနှစ်လောက်မှစ၍ ဓာတ်ပုံမောက်လုပ်ငန်းကို တီထွင်လုပ်ကိုင်ခဲ့ပြီး ချစ်ညိုပုံနှိပ်တိုက်နှင့် ဓာတ်ပုံမောက်လုပ်ငန်းကို ဦးစီးပြီးလုပ်ကိုင်ခဲ့သည်။

ဦးချစ်ညိုသည် မန္တလေးမြို့ ပြည်ကြီးကျက်သရေရပ်ကွက် ပ. ထ. စ မြူလူကြီးအဖြစ် ၁၉၆၀-၆၂ ခုနှစ်အထိ အရွေးခံခဲ့ရသည်။

ဦးချစ်ညိုသည် လွတ်လပ်ရေးခေါင်းလောင်း (၁၉၄၆)၊ အမေ (၁၉၅၀)၊ ကိုယ့်အမျိုး ချစ်သူမို့ (နှစ်တွဲ - ၁၉၅၂)၊ လေသူရဲမယ် (၁၉၅၄)၊ ချစ်တစ်နေ့ သေတစ်နေ့ (၁၉၅၈)၊ ဟူသောဘာသာပြန်စာအုပ်များကို ရေးသားခဲ့သည်။

ထို့အပြင် ကိုယ်ရေးဝတ္ထုတိုများကိုစုပေါင်း၍ **"သုံးတလပ်နှင့်ဝတ္ထုတိုများ"** (၁၉၅၈) ကိုလည်း ထုတ်ဝေခဲ့သည်။ စနစ်တကျ ကျားကစားနည်းစာအုပ်ကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာဦးချစ်ညို၏ နောက်ဆုံးရေးလက်စစာမူမှာ **"ကျွန်တော့်အစ်ကိုကျားဘညိမ်း"** စာမူပင်ဖြစ်သည်။

ဆရာဦးချစ်ညိုသည် ၁၉၈၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ ။**

(၁) မလိခ၊ မြန်မာစာပေအဘိဓာန် (၁)၊ စာ-၂၂၀-၂၂၁။
(၂) နေထွတ်၊ မန္တလေးအဘိဓာန်၊စာ-၄၅။
(၃) ရှုမဝစာတည်းအဖွဲ့၊ ဝမ်းနည်းမှတ်တမ်း၊ ရှုမဝ (ဇွန်လ၊ ၁၉၈၇) စာ-၁၄၉။
(၄) နာရေးကြော်ငြာ၊ ကြေးမုံ (၁၁. ၅. ၈၇)။
(၅) မိုးဝေစာတည်းအဖွဲ့ဝမ်းနည်းမှတ်တမ်း၊ မိုးဝေ (ဇွန်လ၊ ၁၉၈၇) စာ-၁၃၆။
(၆) မိုးသောက်ကြယ်မဂ္ဂဇင်း၊ (နိုဝင်ဘာ၊ ၁၉၈၇) စာ-၂၁။
(၇) ရာပြည့်ဦးစိုးညွှန့်၊ (၂၀) ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ- ၁၂၅-၁၂၆။

## ဦးချစ်မောင် (ဂျာနယ်ကျော်ဦးချစ်မောင်)



မြန်မာသတင်းစာလောကတွင် ဂျာနယ်ကျော် ဦးချစ်မောင် အဖြစ်ထင်ရှားခဲ့သော သတင်းစာဆရာဦးချစ်မောင်ကို သာယာဝတီခရိုင်၊ အုတ်ဖိုမြို့တွင် အဘဦးမြနှင့် အမိဒေါ်စောယု တို့မှ ၁၉၁၃ ခု၊ ဇန်နဝါရီလ ၁၉ ရက်တွင်ဖွားမြင်ခဲ့သည်။ ဒေါ်စောယု၏ ဖခင်မှာ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းယူစဉ်က တော်လှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့သော ရွှေကျင်ဝန်ကြီး ဦးကြင်ဖြစ်သည်။

၁၉၃၀ ပြည့်လောက်မှစ၍ ဦးချစ်မောင်သည် သတင်းထောက်၊ သတင်းစာဆရာ၊ စာရေးဆရာနှင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် ပေါ်လွင်ထင်ရှားလာသည်။ ဂျာနယ်ကျော် သတင်းစဉ်ကို ထုတ်ဝေသဖြင့်လည်း "ဂျာနယ်ကျော်ဦးချစ်မောင်" ဟု မြန်မာနိုင်ငံ တစ်ဝန်းလုံး ပိုမိုထင်ရှား လူသိများလာခဲ့သည်။

ဦးချစ်မောင်သည် ငယ်စဉ်ကလက်ပံတန်းမြို့တွင် ပညာသင်ယူခဲ့ရသည်။ လက်ပံတန်းမြို့အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ကြီး မစ္စတာအို အောင်ထွန်းက ကျောင်းထားပေးသည်။ ၁၀ တန်းစာမေးပွဲကို အင်္ဂလိပ်၊ မြန်မာ၊ ရာဇဝင်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ယင်းကျောင်း၌ပင် ခေတ္တကျောင်းဆရာအဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် လက်ပံတန်းမြို့မှ ရန်ကုန်မြို့သို့ စာအုပ်ဝယ်ရန် ခေတ္တလာရောက်ရာမှတစ်ခါတည်း မပြန်တော့ဘဲ၊ "နော်ရထာသတင်းစာတိုက်" တွင် ဝင်ရောက် အလုပ်လုပ်ကိုင်တော့သည်။

ထို့နောက် "ဈေးနှုန်းသတင်းစာတိုက်" နှင့် မြန်မာ့အလင်းသတင်းစာတိုက်" များတွင် ဝင်ရောက်လုပ်ကိုင်သည်။ ဦးချစ်မောင်သည် ဉာဏ်ထက်မြက်သူဖြစ်၍ အလုပ်ကိုမနားမနေ ကြိုးစားလုပ်ကိုင်သည်။ စာကို အမြဲမပြတ်ဖတ်လေ့ရှိသည်။ ထို့ကြောင့်ပင် မြန်မာ့အလင်းသတင်းစာတိုက်တွင် ညအယ်ဒီတာဘဝမှအယ်ဒီတာချုပ် အဖြစ်သို့ရောက်အောင် အဆင့်ဆင့် တိုးတက်လာခဲ့ခြင်းဖြစ်သည်။ အယ်ဒီတာဘဝမဖြစ်ခင် လန်ဒန်မှနေ၍ မြန်မာ့အလင်းသတင်းထောက်အဖြစ်ဖြင့် သတင်းဆောင်းပါးများကို ပို့ပေးသည်။ တိုင်းပြည်တိုင်းဖြစ်ပျက်နေသောနိုင်ငံရေးအခြေအနေများကို တစေ့တစောင်း လေ့လာအကဲခတ်လာခဲ့သည်။ ဘဝတိုးတက်ရေးအတွက်လည်း အင်္ဂလိပ်စာကို အချိန်ရှိသ၍ လေ့လာဆည်းပူးခဲ့သည်။

ဦးချစ်မောင်သည် မြန်မာ့အလင်းသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ်ဖြင့် တာဝန်ယူဆောင်ရွက်လာသောအခါ မျိုးချစ်စိတ်အရင်းခံရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်အတွက် အကျိုးရှိမည့် အရေးကိစ္စများတွင် ရဲရဲရင့်ရင့်ရေးသား ဖော်ပြလေ့ရှိသည်။ ထိုသို့ ရေးသားသဖြင့် လွတ်လပ်စွာရေးသားခွင့်အတွက် တိုက်ရှင်နှင့် စိတ်သဘောချင်း မတိုက်ဆိုင်၍ ၁၉၃၉ ခုနှစ်တွင် အယ်ဒီတာအဖြစ်မှနုတ်ထွက်ခဲ့သည်။

ဦးချစ်မောင်သည် မြန်မာ့အလင်းသတင်းစာမှနုတ်ထွက်ပြီးနောက်၊ မိမိကိုယ်တိုင် ဦးစီး၍ "ဂျာနယ်ကျော်" အမည်ဖြင့် ၁၉၃၉ ခုနှစ်၊ မေလမှစ၍ ထုတ်ဝေလိုက်သည်။ ယင်းဂျာနယ်ကျော်သတင်းစဉ်သည် နိုင်ငံရေး၊ စစ်ရေးတို့ကိုပြတ်ပြတ်သားသား၊ ပေါ်ပေါ်လွင်လွင် ဝေဖန်ရေးသားသဖြင့် အလွန်လူကြိုက်များလာသည်။ ဗြိတိသျှခေတ်တွင် တိုင်းပြည်လူထုကို မျိုးချစ်စိတ်ထက်သန်စေရန်နှင့်လွတ်လပ်ရေး ဆန္ဒပြင်းထန်စေရန် အထူးတိုက်တွန်းရေးသားခဲ့သည်။ ဆင်းရဲသားတို့၏ နစ်နာမှုများကိုလည်း အထူးတလည် တင်ပြကာ နယ်ချဲ့ဗြိတိသျှအစိုးရအား ပြင်းထန်စွာဝေဖန်ရေးသားခဲ့သည်။ ယင်းသို့ကြောင့်ပင် ဂျာနယ်ကျော်ဆိုသည့်အတိုင်း ကျော်ကြားထင်ရှားလူကြိုက်အများဆုံးဖြစ်ခဲ့သော ဂျာနယ်တစ်စောင်ဖြစ်သည်။ ထိုစဉ်က ဘားမားဂျာနယ်၊ စနေ နဂါးနီဂျာနယ်နှင့် ဂျာနယ်ကျော်ဟူ၍ ဂျာနယ်သုံးစောင်ထွက်ရှိခဲ့သည်။ အမျိုးသားရေးကိုအဓိကထား၍ မြန်မာ့လွတ်လပ်ရေးအတွက် အချိန်မီထွက်လာသောဂျာနယ်များဖြစ်သည်။ ဂျာနယ်ကျော်သည် အရေးအသားအပြင်းထန်ဆုံးဂျာနယ်ဖြစ်သည်။

ဂျာနယ်၏ထိပ်ဆုံးမျက်နှာဖုံးကပင်"မဟုတ်မခံ၊ ပြည့်သူဟစ်တိုင်ဂျာနယ်ကြီး"ဟု ထင်ထင်ရှားရှားရေးသားဖော်ပြကာ အတွင်းဘက်၌လည်း "မကြောက်မညှာ၊ မျက်နှာမရွေး၊ မှန်တိုင်းရေးလိမ့်"ဟူသောဘလောက်ဝိုင်းစာလုံးတစ်ခုကိုဂျာနယ်၏ အာဘော်အဖြစ် ဖော်ပြထားသည်။

ထိုအချိန်က ဘားမားဂျာနယ်၊ နဂါးနီဂျာနယ်နှင့် ဂျာနယ်ကျော်သုံးစောင်မှာ အမျိုးသားများ၏ ခိုင်ခံ့သောခံတပ်ကြီး သုံးခုကဲ့သို့ စခန်းသွားခဲ့ကြောင်း၊ ယင်းဂျာနယ်သုံးစောင်ကို ယနေ့ပြန်၍ဖတ်လျှင် ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်။ စာနယ်ဇင်းများက ပြောနေသော နိုင်ငံသမိုင်းအစစ်ကြီးပင်ဖြစ်သည်။

ဦးချစ်မောင်သည် "ရွှေလင်းယုန်" ကလောင်အမည်ဖြင့်" ရှာရှာဖွေဖွေ" "ကမ္ဘာကြီးပျက်စီးလုနီးပြီလော" စသော စာအုပ်များကိုလည်းရေးသားထုတ်ဝေခဲ့သည်။ စိတ်နေ

စိတ်ထားပြုပြင်ရေးအတွက် သင်ခန်းစာပေးသော"သူ" အမည်ရှိဝတ္ထုတစ်ပုဒ် ရေးသဖြင့် လူကြိုက်အလွန်များခဲ့သည်။ " မှိုင်းမှုန်မှုန်" နိုင်ငံတော်သစ်သို့" စသည့် စာအုပ်များကိုလည်း ရေးသားခဲ့သည်။

ဦးချစ်မောင်သည် ဂျပန်ခေတ်တွင် ဘိုကလေးမြို့သို့ရှောင်ခွာနေခဲ့သည်။ ယင်းနောက် ရန်ကုန်သို့ပြန်လာကာ တော်လှန်ရေးလုပ်ငန်းများကို လျှို့ဝှက်စွာ ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ဗြိတိသျှစစ်တပ်များ ပြန်ဝင်လာသောအခါ ခဏခေတ္တ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖ၊ဆ၊ပ၊လ ဗဟိုဦးစီးအဖွဲ့တွင်ပါဝင်ကာ လွတ်လပ်ရေးအတွက်အရေးဆိုရာတွင် အဓိကနေရာမှ ထိရောက်စွာပါဝင်ဆောင်ရွက်ခဲ့သည်။ ဖ၊ဆ၊ပ၊လ အစိုးရ ဖွဲ့စည်းရန်အတွက် ဘုရင်ခံသို့ တင်ပြတောင်းဆိုချက်စည်းကမ်းများကို ရေးဆွဲရာတွင် ဦးချစ်မောင်၏ အကြံဉာဏ်များစွာ ပါဝင်သည်။

ဦးချစ်မောင်သည် ထိုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်နေဆဲတွင် ရုတ်တရက် မကျန်းမမာဖြစ်ကာ ၁၉၄၆ ခုနှစ်၊ ဧပြီလ ၂ ရက် အသက် ၃၃ နှစ်အရွယ်တွင် ကွယ်လွန်ရှာသည်။ ဦးချစ်မောင်၏အလောင်းကို ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကြီးမှပင်ကြီးမှူး၍ ကြံတောသုသာန်တွင်သင်္ဂြိုဟ်ခဲ့သည်။

ဦးချစ်မောင်က "**ကျွန်တော်ရိုးဂုဏ်ကိုကြိုက်ပါတယ်။ မြန်မာများဟာ ရိုးဂုဏ်လို နေပါတယ်။ ဘာသာကောင်းပါလျက်နှင့် အကျင့်ပျက်နေကြပါတယ်။ လောကမှာ စိတ်ပျော်မွေ့ဖွယ်ရာအကောင်းဆုံးဟာ လူရိုးလူကောင်း တစ်ယောက်ဖြစ်အောင် လုပ်တာ၊ ကြိုးစားတာဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုလူရိုးလူကောင်း တစ်ယောက် ဖြစ်အောင် ထိန်းသိမ်းစောင့်စည်းရတာမလွယ်လှကြောင်းကိုလည်း ကျွန်တော်သိပါတယ်။ မလွယ်သော်လည်း မဖြစ်နိုင်တာမဟုတ်လို့ ကြိုးစားပြီး လူရိုးလူကောင်းတစ်ယောက် ဖြစ်အောင် ကျင့်မယ်လို့ ကြံပါတယ်။ ဘယ်လောက် အောင်မြင်မယ်၊ ပျက်ကွက်မယ်ကိုတော့ ကျွန်တော့်ရဲ့ ကျန်ရှိသေးတဲ့သက်တမ်းက သက်သေခံပါလိမ့်မယ်**"ဟူ၍လည်းကောင်း၊ သတင်းစာလုပ်ငန်းနှင့်ပတ်သက်၍ "**သတင်းစာအလုပ်ဟာ အသိဉာဏ်ကြီးရုံတင် မပြီးသေးဘူး၊ သတ္တိလည်း ရှိရတယ်။ သတင်းစာဟာ စင်စစ် ကလောင်နဲ့အုပ်ချုပ်နေတဲ့** (GOVERNMENT) **ဘဲ။ ဒီနိုင်ငံမှာ ခေါင်းဆောင်ဖြစ်ချင်တဲ့လူတွေကများပြီး၊ အယ်ဒီတာ လုပ်ချင်တဲ့ လူတွေက**

**နည်းတယ်။ နိုင်ငံရေးခေါင်းဆောင်ဖြစ်ဖို့ရာ အလွယ်ကလေးရယ် အယ်ဒီတာတစ်ယောက် အောင်အောင်မြင်မြင်ဖြစ်ဖို့ရာက မလွယ်လှဘူး။ နိုင်ငံမှာ တကယ့် နိုင်ငံရေးခေါင်းဆောင် ကောင်းတစ်ယောက် ရှိဖို့လိုသလို၊ အယ်ဒီတာကောင်း တစ်ယောက် ရှိဖို့ကလဲ အရေးကြီး တယ်။ အစိုးရကောင်း ကောင်းလိုချင်ရင် အယ်ဒီတာကောင်းကောင်း ရှိရတယ်**”ဟူ၍ ပြောဆိုဖူးကြောင်း မှတ်သားရသည်။

ဦးချစ်မောင်၏ ဇနီးမှာအမျိုးသမီးသတင်းစာဆရာ၊ စာရေးဆရာမဂျာနယ်ကျော် မမလေးဖြစ်သည်။ ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိကိုသူ၏ဇနီး ဂျာနယ်ကျော်မမလေးက “သူလိုလူ” ဟူသောစာအုပ်ဖြင့်မှတ်တမ်းတင်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ ၂၊ စာ ၄၀၄-၄၀၅။**
**(၂) ဂျာနယ်ကျော်မမလေး၊ သူလိုလူ။**
**(၃) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ ၃၄၂-၃၄၃။**
**(၄) သခင်ဝ၊ မြန်မာနိုင်ငံစာနယ်ဇင်းမှတ်စု၊ စာ ၁၅၈-၁၆၁။**

# ဦးစောဦး (ဂုဏ်ရောင်)



သတင်းစာဆရာ ဦးစောဦးကို ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်နေ့တွင် ရဲအရာရှိ ဦးမောင်လေး (သတင်းစာဆရာ) ဒေါ်သိန်းရီ တို့မှ ကြံခင်းမြို့နယ်၊ ရွာသစ်ရပ်တွင်ဖွားမြင်သည်။ ဇာတိမြို့ ကြံခင်းရှိ အေဘီအမ် သာသနာပြုကျောင်းတွင် သူငယ်တန်းမှသတ္တမတန်း အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် ရန်ကုန် ရေကျော်ရှိ မက်သဒစ်အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဆယ်တန်းအောင်သည့် ၁၉၃၄ ခုနှစ်အထိ ပညာ သင်ယူခဲ့သည်။

အသက် ၁၆ နှစ် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဆယ်တန်းအောင်သောအခါ မြန်မာ့ အလင်းသတင်းစာအုပ်ချုပ်ရေးမှူး ဦးတင်ကို အကြောင်းပြုပြီး မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ်ဦးချစ်မောင်အောက်တွင် သတင်းစာပညာဆည်းပူးရင်း အလုပ်ဝင်လုပ် သည်။ ထိုစဉ်ကစ၍စာပေနယ်သို့ဝင်ရောက်ခဲ့သည်။ မြန်မာ့အလင်းတွင် လက်ထောက် အယ်ဒီတာမှတစ်ဆင့်တက်၍ ညအယ်ဒီတာအထိ ၁၉၃၉ ခုနှစ်တိုင် အမှုထမ်းခဲ့သည်။ ဦးချစ်မောင်မြန်မာ့အလင်းမှထွက်၍ ဂျာနယ်ကျော်အပတ်စဉ်စတင် ထူထောင်လိုက်သော အခါ ဦးစောဦးသည် ဂျာနယ်ကျော်၌ တွဲဖက်အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ဂျာနယ် ကျော် ဦးချစ်မောင်၏ကျေးဇူးကြောင့် ဦးစောဦးသည် နိုင်ငံရေးစာပေ၊ အထူးသဖြင့် လက်ဝဲ စာပေများ လေ့လာခြင်း၊ နိုင်ငံရေးအသိစိတ်ဝင်လာခြင်း၊ နိုင်ငံရေးလောကမှ ပုဂ္ဂိုလ် တို့နှင့် ဆက်သွယ်ရင်းနှီးလာခြင်းဖြင့် အမြင်ကျယ်လာသည်။ ထိုအချိန်ကနိုင်ငံရေးမှာ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေး (ဝါ) လွတ်လပ်ရေးရရှိရေးပင်ဖြစ်သည်။ ဦးစောဦးသည် မြန်မာနိုင်ငံ စာရေးဆရာအစည်းအရုံးသို့ ဝင်သည်။ တို့ဗမာအစည်းအရုံးသို့ဝင်သည်သာမက ပြည်သူ့ အရေးတော်ပုံပါတီဝင်တစ်ဦးလည်းဖြစ်လာသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရရှိသည့်အချိန်အထိ ဦးစောဦးသည် ဂျပန်ခေတ်တွင်ထုတ်ဝေသော ဗမာ့ခေတ် သတင်းစာအယ်ဒီတာအဖွဲ့ဝင်အဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ထိုနောက်ကြံခင်းသို့ပြန်ပြီး အာရှလူငယ်များအစည်းအရုံး ဉာဏဗလမှူး အဖြစ်လည်းကောင်း၊ ပြည့်သူ့အရေးတော်ပုံပါတီမြေအောက် စည်းရုံးရေးမှူးအဖြစ် လည်းကောင်း ထမ်းဆောင်ရင်း ဖက်ဆစ်တော်လှန်ရေးအချိန်ကျရောက်သောအခါ နိုင်ငံ

ရေးတာဝန်ခံဖြစ်လာခဲ့သည်။ ထို့နောက် ကြံခင်းမြို့နယ် ဖ. ဆ. ပ. လ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးပြီး၍ ဂျာနယ်ကျော်အပတ်စဉ် ပြန်လည်ထုတ်ဝေသောအခါနှင့် နောင်တွင် ပြည်သူ့ဟစ်တိုင်သတင်းစာ ထုတ်ဝေသောအခါ သတင်းစာအယ်ဒီတာချုပ်အဖြစ်တာဝန်ယူခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ စာရေးဆရာ၊ သတင်းစာဆရာနှင့် နိုင်ငံရေးသမားဘဝ၊ ဂျာနယ်ကျော်၊ ပြည်သူ့ဟစ်တိုင်၊ ဂုဏ်ရောင်သတင်းစဉ်၊ ရန်ကျော်ဂျာနယ်၊ မဏ္ဍိုင်နေ့စဉ်စသော သတင်းစာဂျာနယ်လောက၌ အယ်ဒီတာချုပ်အဖြစ်ကျင်လည်ခဲ့သည်။

ဆိုရှယ်လစ်ပါတီဝင်များက ဖ. ဆ. ပ. လ ဝန်ကြီးသတင်းနှင့်ပတ်သက်၍ သတင်းစာတိုက်သုံးတိုက်ကို အတင်းဝင်ရောက်ပြီး စာခုံများ၊ ခဲစာလုံးများ၊ ပုံနှိပ်စက်များကို ရိုက်ချိုးဖျက်ဆီးသည့်အခါ ဖျက်ဆီးခံခဲ့ရသည့် ပြည်သူ့ဟစ်တိုင်သတင်းစာ၏ တာဝန်ခံ အယ်ဒီတာချုပ်မှာ ဦးစောဦးဖြစ်သည်။ သတင်းစာတိုက်အဖျက်ခံရသည်သာမက ဖ. ဆ. ပ. လ အစိုးရက ဦးစောဦးကို ပုဒ်မ-၅ ဖြင့် ၂ လကြာထိန်းသိမ်းထားခဲ့ဖူးသည်။

ဦးစောဦးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်အဖွဲ့ဝင်၊ ပြင်သစ်နိုင်ငံ ယူနက်စကိုညီလာခံမြန်မာနိုင်ငံကိုယ်စားလှယ်၊ အိမ်စောင့်အစိုးရခေတ်တွင် ဝန်ကြီးချုပ်ရုံးအထူးအရာရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးအရာရှိစသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနသို့ပြောင်းရွှေ့ရောက်ရှိကာ အသစ်ဖွဲ့စည်းလိုက်သောပညာရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်မှူးရုံး၊ စိတ်ဓာတ်စစ်ဆင်ရေးအရာရှိ၊ ယင်းဌာန ဒု-ညွှန်မှူး၊ ထုတ်လုပ်ရေးတပ်မှူးတာဝန်များထမ်းဆောင်ခဲ့သည်။ အစိုးရစေလွှတ်၍ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံများသို့သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ တရုတ်ပြည် ပီကင်းမြို့၌ကျင်းပသည့် (၁၁) နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် တရုတ်မြန်မာနယ်နိမိတ်စာချုပ်လက်မှတ်ရေးထိုးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း သုံးရာကျော်သွားရောက်ခဲ့ရာတွင် ဦးစောဦးခေါင်းဆောင်သော မြန်မာ့ရုပ်ရှင်အဖွဲ့လည်း ပါဝင်သည်။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီခေတ်တွင် တော်လှန်ရေးအစိုးရပြန်ကြားရေးဝန်ကြီးဌာန၌ ဦးစောဦးအား တွဲဖက်အတွင်းဝန်နှင့် ပေါ်လစီညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ တော်လှန်ရေးကောင်စီ၏အဓိကအနှစ်သာရဖြစ်သော ဝါဒသဘောတရားရေးရာစာတမ်းများ ပြုစုရေးသားသောအဖွဲ့ဝင်သုံးဦးပါကော်မတီတွင် ဦးစောဦးလည်းပါဝင်ခဲ့သည်။ ထို့နောက် တော်လှန်ရေးအစိုးရအာဘော်ဖြစ်သော လုပ်သားပြည်သူ့နေ့စဉ်

သတင်းစာမြန်မာနှင့် အင်္ဂလိပ်အပတ်စဉ်ထုတ်ရွှေသို့စာစောင်များ အသွင်သစ်ဖြင့် တစ်နိုင်ငံလုံးသို့စတင်ထုတ်ဝေဖြန့်ချိရာတွင် အဓိကပြုစုပျိုးထောင်ပေးသူ သုံးဦးအနက် ဦးစောဦးလည်း တစ်ဦးအပါဝင်ဖြစ်ခဲ့သည်။

လမ်းစဉ်ပါတီတွင် ဦးစောဦးသည် ပါတီဌာနချုပ်ပညာရေးဌာနကြီး ကော်မတီဝင်နှင့် အယ်ဒီတာချုပ်၊ ဗဟိုကော်မတီဝင်၊ ပါတီစာနယ်ဇင်းဌာနမှူးအဖြစ် ညီလာခံသုံးခေတ်အထိဆက်တိုက် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၌ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်မှအရွေးခံရသည်။ ၁၉၇၈ ခုနှစ်တွင် ကျန်းမာရေးအရ နိုင်ငံရေးမှအငြိမ်းစားယူလိုက်ပြီး ဘာသာတရားဘက်သို့ လုံးဝရောက်ရှိသွားခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံဂုဏ်ရည်ပထမဆင့် ချီးမြှင့်ခံခဲ့ရသည်။ စာရေးဆရာ၊ သတင်းစာဆရာဘဝဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ခေါင်းကြီး စသည့်ဖြင့် မြောက်မြားစွာရေးသားခဲ့သည်။

ဦးစောဦး၏ ကျော်ကြားသည့်လုံးချင်းများမှာ ကြယ်နီခင်ဖြူ၊ စောဦး၏စာ၊ ရုရှားစာရေးဆရာဂေါ်ကီ၏ ကမ္ဘာကျော်ဝတ္ထု ကိုပြန်ဆိုသည့် အမေ (ပထမတွဲ၊ ဒုတိယတွဲ) များဖြစ်ကြသည်။

ဦးစောဦး၏ တစ်မိုးသောက်သော်ဝတ္ထုမှာ မကြာခဏပြန်ရိုက်ရသည်သာမက၊ ဒါရိုက်တာမောင်မောင်သောင်းက သရုပ်ဆောင် ကောလိပ်ဂျင်နေဝင်း၊ ဗိုလ်ဗကို၊ အဆိုတော်မင်းနောင်၊ ခင်သန်းနုတို့ပါဝင်ကာ ရုပ်ရှင်ကားကြီးအဖြစ်ရိုက်ကူးတင်ပြခဲ့ဖူးသည်။

ဦးစောဦးသည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၂) စာ - ၂၀၄။
(၂) ရာပြည့်ဦးစိုးညွှန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ - ၉၉ - ၁၀၁။



## ဦးစိုးမောင် (သာဂရ ငစိုး)

သတင်းစာဆရာ သာဂရငစိုးအမည်ခံ ဦးစိုးမောင်သည် ရှေးဟောင်းအမည်အားဖြင့် သာဂရမြို့ဟုတွင်သော ထားဝယ်မြို့တွင် အဘ ဦးလူဒင်နှင့် အမိ ဒေါ်အုန်းမေတို့မှ ၁၉၁၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။

ထားဝယ်မြို့ အစိုးရအထက်တန်းကျောင်းတွင် နေစဉ်ကပင် ဝါသနာအလျောက် ဆောင်းပါး၊ ဝတ္ထုများရေးရင်း သတင်းထောက်လုပ်ခဲ့သည်။ တက္ကသိုလ်သို့ရောက်သော အခါတွင် ခေတ်စမ်းဆရာများအသင်အပြကို ခံယူရပြီးနောက် စာရေးဆရာ၊ သတင်းထောက်အဖြစ်နှင့်ပင် ကျင်လည်ပျော်ပိုက်ခဲ့လျက် သူရိယ ဦးသိန်းမောင်၊ ဦးဖိုးကျား၊ ဆရာပီမိုးနင်း၊ ဆရာရွှေမျှား၊ မဟာဆွေစသည့် စာရေးဆရာကြီးများနှင့် ရင်းနှီးခဲ့သည်။ ၁၉၃၆ ခုနှစ်၊ ၁၉၃၈ ခုနှစ် တက္ကသိုလ်သပိတ်များတွင်ပါဝင်ခဲ့သည်။ တက္ကသိုလ်တွင်နေစဉ် ပင်းယကျောင်းဆောင် မဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်သည်သာမက တက္ကသိုလ် သမဂ္ဂ၊ အိုးဝေမဂ္ဂဇင်း ၁၉၃၈ ခုနှစ် မြန်မာစာကဏ္ဍစာတည်းအဖြစ် ရွေးကောက်ခြင်း ခံရသည်။

သို့ရာတွင် ယင်းအိုးဝေမဂ္ဂဇင်းမှာမထုတ်ဖြစ်ခဲ့ပေ၊ ဂျပန်ခေတ် စာရေးဆရာအသင်းတွင် စာကြည့်တိုက်မှူးလုပ်ကိုင်ရင်း ဂျပန်တို့ထုတ်ဝေသော ဂရိတ်တားအေးရှားတွင် အယ်ဒီတာဝင်လုပ်သည်။ ထို့နောက် ဗမာ့ကာကွယ်ရေးတပ်မတော်၊ ပြည်သူ့ဆက်ဆံရေးဌာနတွင် သတင်းပြန်ကြားရေးအရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ ယင်းသို့ဆောင်ရွက်ခဲ့သည့်အတွက် ခေတ်သုံးခေတ်တိုက်ပွဲဝင်တံဆိပ်များအနက်၊ လွတ်လပ်ရေးစည်းရုံးမှု တံဆိပ်နှင့် မော်ကွန်းဝင် တတိယအဆင့်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

စစ်ပြီးခေတ်၌ Burma Time သတင်းစာ၊ ဗမာ့ခေတ်သတင်းစာတို့တွင် လက်ထောက်အယ်ဒီတာ၊ (ဘာသာပြန် အယ်ဒီတာ) အဖြစ်ဆောင်ရွက်ခဲ့သည်။ စစ်မဖြစ်မီက စာနယ်ဇင်းများတွင် စာမျိုးစုံရေးသားခဲ့သည်။ မြန်မာ့အလင်းသတင်းစာတိုက်တွင် လက်ထောက်အယ်ဒီတာ၊ တွဲဘက်အယ်ဒီတာ၊ ၁၉၅၁ ခုနှစ်တွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ လုပ်သားပိုင် မြန်မာ့အလင်းသတင်းစာတိုက်တွင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အယ်ဒီတာချုပ်အဖြစ်ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ သာဂရ ငစိုး ကလောင်အမည်ဖြင့် ဆောင်းပါးမြောက်မြားစွာရေးသားခဲ့သည်။ အယ်ဒီတာချုပ်အဖြစ်

မှ ၁၉၈၀ ပြည့်နှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

ဦးစိုးမောင်သည် ရုရှနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ အရှေ့ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ပြင်သစ်၊ အာဖဂန်နစ္စတန်များသို့ သတင်းစာဆရာ အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအဖွဲ့ဝင်အဖြစ်လည်းကောင်း သွားရောက်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်မှစ၍ အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ကွယ်လွန်သည်အထိ ထမ်းဆောင်သွားခဲ့သည်။

ထင်ရှားသောစာအုပ်များမှာ နိပွန်ယဉ်ကျေးမှုသမိုင်း၊ တစ်ပြည်သူမပုလဲ၊ ကျွန်းလှသာယာ၊ ဒစ္စလင်း၏ ပျော်စရာ အဖိုးဖိုးသုခဘုံ၊ အစိုးရဧည့်သည်၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဗုဒ္ဓသပိတ်တော်၊ ကုသိနာရုံ စာအုပ်တို့ဖြစ်သည်။

ဦးစိုးမောင်က “**သတင်းစာဆရာဘဝကိုဝင်မိပြီး သတင်းစာဆရာဖြစ်လာသည်နှင့် အမှန်တရားဘက်မှ ရပ်တည်ရသောအကြောင်းများနှင့် နေ့စဉ်နေ့တိုင်း တွေ့ရပေတော့သည်။ အမှန်တရားဘက်မှရပ်တည်ရသည်ကိုပင် မည်သည့်အန္တရာယ်မျိုးနှင့် တွေ့ရ ပါစေ၊ သတင်းစာဆရာသည် ဝမ်းသာကျေနပ်ကြည်နူး၍နေမိသည်။ ကျေးဇူးတုံ့ ပြန်လာလျှင် သတင်းစာဆရာသည် အားရရွှင်လန်းခြင်းမျိုးထူးထူးကဲကဲမဖြစ်၊ ကျေးဇူးတုံ့ပြန်ခြင်းမရှိဘဲ မေ့လျော့နေသည်ကိုလည်း သတင်းစာဆရာသည် ဝမ်းမနည်း၊ မိမိတာဝန်သည် အားငယ်သောလူတန်းစားဘက်မှ ရပ်တည်ရမည်ကို များလှစွာသော သတင်းစာကျင့်ဝတ်များ အနက် တစ်ခုဖြစ်သည်ကို ခံယူထားပြီး ဖြစ်သည်။ သတင်းစာဆရာဘဝသည် ထိုအသိခံယူချက်များကို တဖြည်းဖြည်း ရင့်ကျက်စေလာသည်ဟုပင် ကျွန်ုပ်တွေ့ကြုံခဲ့ရသော ဖြစ်စဉ်များက သက်သေခံပေသည်**” ဟုသတင်းစာဆရာ ချစ်ကြည်ရေး ကြည်ညွန့်အား ပြောပြခဲ့သည်ဟု မှတ်သားရသည်။

ဦးစိုးမောင်သည် ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) **ချစ်ကြည်ရေး ကြည်ညွန့်၊ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့အကြုံ စာ - ၉၁-၁၁၇။**

(၂) **ရာပြည့်ဦးစိုးညွန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ - ၈၂ - ၈၃။**

# ဒေါ်စန်း (အင်ဒီပင်းဒင့်ဒေါ်စန်း)



မြန်မာသတင်းစာလောကတွင် အမျိုးသမီးအယ်ဒီတာ၊ ဆောင်းပါးရှင်၊ မြန်မာအမျိုးသမီးများတွင် ပထမဆုံးအမျိုးသမီး သတင်းစာဆရာမ၊ သတင်းစာထုတ်ဝေသူစသောဂုဏ်ပုဒ် အမျိုးမျိုး ဖြင့်ထင်ပေါ်ကျော်ကြားခဲ့သော အင်ဒီပင်းဒင့် ဒေါ်စန်းကို ကုန်သည် ကြီး ဦးဖိန်းနှင့် အမိ ဒေါ်ရှုတို့မှ မန္တလေးမြို့ ရွှေခြည်ထိုးရပ်တွင် ၁၈၈၆ ခုနှစ်က မွေးဖွားခဲ့သည်။

ငယ်မည်မှာ မစန်းယုံဖြစ်သည်။ မြန်မာစာပေပရိယတ္တိဘက်၌ အထူးမွေ့လျော် လိုက်စားခဲ့ပြီး၊ သဒ္ဒါသင်္ဂြိုဟ်၊ ရာဇဝင်၊ မဟာဝင်၊ ပျို့၊ ကဗျာစာပေများတွင် ဝါသနာပါသည်။ ငယ်စဉ်က မြန်မာစာခုနစ်တန်းနှင့် အစိုးရပညာတော်သင်ဆုကိုရရှိခဲ့ပြီး မော်လမြိုင် မော်တင်လိန်းမှ ဆရာဖြစ်အောင်၍ တောင်ငူနော်မံကျောင်းတွင် ဆရာမတာဝန် ထမ်းဆောင်ခဲ့သည်။ ဆရာဦးကြွက်နှင့်အိမ်ထောင်ပြုခဲ့ရာမှ သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ ပညာအုပ်ကတော်ဘဝဖြင့် မုဆိုးမဖြစ်ခဲ့ရသည်။ စာပေဖြင့် မွေ့လျော်ခဲ့သူ ပီပီ ကျောင်းဆရာမဘဝဖြင့်ပင် သတင်းစာမဂ္ဂဇင်းများ၌ ဆောင်းပါးဝတ္ထုများရေး၍ ခင်စန်းကြည်ဟူသော ကလောင်အမည်ကိုရခဲ့သည်။ သူရိယမဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲ၌ ပထမ ရရှိသည်ကစပြီး ထင်ရှားလာခဲ့သည်။ ဒေါ်စန်းသည် ပညာအလင်းမဂ္ဂဇင်း၏ မာတလိ ဝိသကြုံအခန်းတွင် "ဗုဒ္ဓဘာသာမြန်မာမ" "ပုဏ္ဏမီ" ကလောင်အမည်များဖြင့် နိုင်ငံရေး ဆောင်းပါးများရေးခဲ့သည်။ သတင်းစာလောကနှင့် ဆက်သွယ်မိသောအခါ ပညာမင်းကြီး ၏ ချုပ်ချယ်တားမြစ်ခြင်းကို ခံခဲ့ရသည်။ သတင်းစာလောကနှင့် ရင်းနှီးလာရာမှ သူရိယ သတင်းစာအယ်ဒီတာ ဦးဘသန်းနှင့် လက်ဆက်ခဲ့ပြီး ဆရာမအလုပ်မှ ထွက်ကာ ၁၉၂၂ ခုနှစ်တွင် ရန်ကုန်သို့ပြောင်းရွှေ့လာခဲ့သည်။ ထို့နောက်အိမ်ထောင်ရေး အဆင်မပြေသဖြင့် လူချင်းခွဲခဲ့ရသည်။ ၁၉၂၄ ခုနှစ်တွင် မိမိပိုင်လက်ဝတ်ရတနာများကို ထုခွဲရောင်းချ၍ ရန်ကုန်မြို့လမ်း (၄၀) ၌ အင်ဒီပင်းဒင့် အပတ်စဉ်သတင်းစာကို စွန့်စားတည်ထောင်ခဲ့သည်။

မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ပေးနေခိုက် "အိုင်းရစ်" သတင်းစာ၏ အမည်ကို သဘောကျပြီး မြန်မာပြည် လွတ်လပ်ရေးနှင့် ဆီလျော်အောင် "အင်ဒီပင်းဒင့်" သတင်းစာဟုအမည်ပေးခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီးတစ်ယောက်အနေဖြင့် သတင်းစာကို ဦးစီးရသည်မှာ မလွယ်ကူလှပေ။ ခေါင်းကြီးပိုင်း၊ မရွှေကျေးဒိုင်ယာရီ၊ ဦးကွာစိအမေး

အဖြေခန်း၊ စာတိုက်ခန်း၊ မာတလိဝိသကြံ့နိုင်ငံရေးဆွေးနွေးခန်းများကိုလည်းတစ်ဦးတည်း ဒိုင်ခံရေးသားရသည်။ အယ်ဒီတာအလုပ်အပြင်၊ သတင်းလိုက် ကြော်ငြာလိုက်၊ ကြော်ငြာ တောင်းခံခြင်းအပြင် သားသမီးများကိုကျွေးမွေးပြုစုရခြင်း စသောအလုပ်တာဝန်များကိုပါ လူတစ်ကိုယ် ခေါင်းဆယ်လုံးသိမ်းကျုံး၍လုပ်ခဲ့ရသည်။ ဒီးဒုတ်ဂျာနယ်တွင် ဦးဘချိုနှင့် အပြန်အလှန်ရေးကြပုံကို လူကြိုက်အများဆုံးဖြစ်သည်။

၁၉၂၉-၃၀ ခုနှစ်တွင် စောင်ရေတိုးလာသောသတင်းစာအတွက် တစ်ဦးတည်း မနိုင်သဖြင့် ညီမများဖြစ်ကြသော ဒေါ်စန်းဖုံ နှင့်ဒေါ်စန်းရှင်တို့က “ငွေသော်တာ” “စန္ဒာ ငွေရည်” စသည့်ကလောင်အမည်များဖြင့် ရေးသားကူညီခဲ့ကြသည်။ ဦးကွာစိအခန်းနှင့် ခေါင်းကြီးပိုင်းမှ ဗြိတိသျှအစိုးရအုပ်ချုပ်ပုံကို ပြင်းထန်စွာ ဝေဖန်ခဲ့သဖြင့် မကြာခဏ သတိပေးအရေးယူခြင်းခံရသည်။

၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အိန္ဒိယမြန်မာအဓိကရုဏ်းဖြစ်ကြ၍ အင်ဒီပင်းဒင့်သတင်းစာတိုက်ဖျက်ဆီးခြင်း ခံခဲ့ရသည်။ သတင်းစာသက်တမ်း (၁၁)နှစ် ကြာခဲ့ပြီးကာမှ သတင်းစာတိုက်ကို ပိတ်ပြီး အနားယူခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဒေါ်ဒဂုန်ခင်ခင်လေးနှင့်သွားရောက်နေထိုင်ပြီး ယုဝတီဂျာနယ်အယ်ဒီတာအဖွဲ့ဝင်တစ်ဦး အဖြစ် ဒေါ်ကွာစိအမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။ မြန်မာနိုင်ငံအသံလွှင့်ဌာနမှ လည်း ထွေရာစိတ်ကူးအခန်းမှနေ၍ အသံလွှင့်ခဲ့ရာ ပရိသတ်အ ကြိုက်တွေ့ခဲ့သည်။

မြန်မာ့နိုင်ငံရေး၌သာမက ကမ္ဘာ့နိုင်ငံရေးကိုပါအမြင်ကျယ်ကျယ်ဖြင့် ဝေဖန် ရေးသားနိုင်ခဲ့သည်။ သူ၏ကလောင်ထက်မြက် စူးရှသဖြင့် ဗြိတိသျှအစိုးရ၏ မကြာခဏ သတိပေးခြင်းခံခဲ့ရသည်။ အမျိုးသမီးအယ်ဒီတာတစ်ဦးအနေဖြင့် အုပ်ချုပ်ရေးလောကကို အဆင့်အတန်းမြင့်မြင့် ဝေဖန်သုံးသပ်သူ တစ်ဦးအဖြစ်ကျော်ကြားခဲ့သည်။

ဘီးဆံပတ်ကြီးနှင့် ယောလုံချည်ဝတ်၊ သိုးမွေးတဘက်ခြုံတတ်သောဒေါ်စန်းသည် ဂျပ်ဆင်ကောလိပ်မြန်မာစာပေအသင်း ဟောပြောပွဲတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ကြွရောက်ဟောပြောခဲ့သည်။ သူ၏ဟောပြောမှုများမှာ ငြီးငွေ့ဖွယ်မပါ။ ဆော်စရာ ကလော်စရာဆိုလျှင်လည်း မညှာမတာဝေဖန်ရေးသဘောဖြင့် ဟာသနှော၍ တင်ပြတတ် သည်။ အမျိုးသမီးကလေးတွေ၊ စီးပွားရေးသမားတွေ၊ အကျင့်ပျက်ဝန်ထမ်းတွေ၊ ပကာသန အလုပ်တွေ၊ သခင်ဘဝရောက်ကာမှ ကျွန်ဘဝကို လွမ်းဆွတ်နေသူတွေ၊ စိန်ရွှေမက်သော အမျိုးသမီးတွေ၊ လူပေါင်းမှားတတ်သော ကတော်အရာရှိတွေစသည်ဖြင့် နားထောင်၍ မငြီးအောင်အများဆုံး ဆုံးမခဲ့သည်။ ရယ်ဒါပေါ့၊ ပြည်ကြီးသား ထွက်ပေါက်ပိတ်နည်း၊

အပေါင်းအသင်း၊ မဖြို့မပင်ပြဒါ၊ လာဘ်ပေး လာဘ်ယူ၊ အူတိုမျိုး၊ လွတ်လပ်တဲ့အရသာ၊ ဝင်ပေါက်ဖွင့်နည်း၊ ဒါအရေးကြီးဆုံး စသောခေါင်းစဉ်မျိုးများဖြင့် ပညာပေးခဲ့သည်။ "မိန်းမ မင်းတိုင်ပင်တွေလိုပြီ" ဆောင်းပါးမှာလည်းထင်ရှားခဲ့သည်။

၁၉၄၇ ခုနှစ်၊ မေလတွင် သုဓမ္မဝတီစာပုံနှိပ်တိုက်မှ "နိုင်ငံတော်ပြန်လည်ထူထောင်ရေးအတွက် အင်ဒီပင်းဒင့် ဒေါ်စန်း၏ ထွေရာစိတ်ကူး" ဟူသောစာအုပ်ကိုထုတ်ဝေခဲ့သည်။

မူလအသံလွှင့်စဉ်ကပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို က စစ်ဒဏ်ခံရသော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် တတ်စွမ်းသမျှ ကူညီရန် တာဝန်ပေးသည့် အတွက် ဘာသာပြန်မပါ။ ဝတ္ထုလည်းမဟုတ်၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်စိတ်ကူးရသရွေ့ အသံလွှင့်ခဲ့ခြင်းဖြစ်သည်ဟုမှတ်သားရသည်။

စာရေးဆရာမကြီး၊ သတင်းစာဆရာမကြီး၊ အင်ဒီပင်းဒင့် ဒေါ်စန်းသည် ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **(၁) စောမုံညင်း၊ မြန်မာအမျိုးသမီး။**

**(၂) နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ၊ ဒုတိယတွဲ၊ ဘာသာပြန်စာပေအသင်း။**

# ဦးစိန် ( ဗန္ဓုလဦးစိန်)

သတင်းစာဆရာ ဦးစိန်ကို ၁၉၀၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်နေ့တွင် မန္တလေးခရိုင်၊ မြစ်ငယ်၌အဖ ဦးဖိုးကြည်၊ အမိ ဒေါ်ကျော် တို့မှမွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် စာပေနှင့်ပတ်သက်သော အခြေခံပညာရပ်များကို အရွယ်နှင့်မလိုက်အောင်လေ့လာဆည်းပူးထားခဲ့သော လူငယ်တစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် ဦးစိန်သည် ထူးချွန်သော သတင်းစာဆရာ တစ်ဦးဖြစ်လာခဲ့သည်။

၁၉၁၉ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ ၁၉ နှစ်သား အရွယ်နှင့် အယ်ဒီတာချုပ်ဖြစ်လာခဲ့သော ဦးစိန်မှာ သူ့တွင် ထူးချွန်သောအရည်အချင်းများရှိခြင်းကြောင့်ပင်ဖြစ်သည်။

ဦးစိန်သည် ၁၉၂၀မှ ၁၉၃၉ခုနှစ်တွင် အပတ်စဉ် ဗန္ဓုလဂျာနယ်နှင့် ဗန္ဓုလနေ့စဉ်သတင်းစာကို ဦးစီးဦးကိုင်ပြုလုပ်၍ ထုတ်ဝေခဲ့သည်။ ဗန္ဓုလဂျာနယ်တွင်စာတိုက်ခန်းနှင့် တင်းပုတ်အခန်းမှာ ထိုစဉ်က လူကြိုက်အတော်များသော အခန်းဖြစ်ခဲ့သည်။

"တင်းပုတ်ကြီး" ဟုဆိုလျှင် ဗန္ဓုလဂျာနယ်တွင်ပါဝင်နေသောဆောင်းပါးရှင်တစ်ဦး၏ အမည်ဟု ရှင်လူအများ သိထားပြီးဖြစ်သည်။ ထိုစဉ်ကဗန္ဓုလဂျာနယ်ကို ရှင်လူအများ အာရုံစိုက်ကြည့်ရှုခဲ့ကြသည်။ ယင်းအချိန်မှစ၍ ဦးစိန်ရှေ့တွင် "ဗန္ဓုလ"အမည်တစ်ခုတိုး၍ "ဗန္ဓုလဦးစိန်"ဟု ခေါ်တွင်လာခဲ့ခြင်းဖြစ်သည်။

ဗန္ဓုလဦးစိန်သည် သတင်းစာဆရာအဖြစ်လုပ်ကိုင်နေရင်း နိုင်ငံရေးနယ်ပယ်ထဲသို့ တစ်စတစ်စဝင်ရောက်လာခဲ့သည်။ မူလက ဂျီ-စီ-ဘီ- အေ ခေါ် မြန်မာအသင်းချုပ်ကြီးတွင် သာမန်အသင်းသားတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း ၁၉၃၀ ပြည့်နှစ်တွင် ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံကိုအိန္ဒိယမှတွဲရေးခွဲရေး ပြဿနာပေါ်လာသောအခါ ဗန္ဓုလဦးစိန်သည် ဒေါက်တာဘမော်ဦးစီးသောတွဲရေးဘက်မှ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ဗန္ဓုလဦးစိန် ဂျီစီဘီအေအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်လာသောအခါ အသင်းကြီး၏ ဩဝါဒစရိယ ဆရာတော်များမှာ မူလကသက်ပန်းဆရာတော်၊ ယင်းနောက် မြေစိုဆရာတော်၊ ထို့နောက် မင်္ဂလွန်းဆရာတော် တို့ဖြစ်ကြသည်။

ဆရာတော်၊ သံဃာတော်များကိုဦးထိပ်ထားခြင်းမှာ ထိုစဉ်အခါကနိုင်ငံရေးကို ဆောင်ရွက်ကြသူအချို့သည် ဘာသာရေးဆိုင်ရာသံဃာတော်များကို ဦးတည်၍ ရှေ့တန်းထားပြီး ဆောင်ရွက်ခဲ့သည့်အလျောက် ဆရာတော်သံဃာတော်များကို ဦးတည်၍ ဩဝါဒခံယူသည့် သဘောပင်ဖြစ်သည်။

အရှင်အာဒိစ္စဝံသရေးသားသော "ဘိက္ခုနီသာသနောပဒေသာကျမ်း"ထွက်လာသောအခါ ကန့်ကွက်ကြသည့်လူ ပုဂ္ဂိုလ်များဘက်မှ ဆရာလင်း၊ ဆရာရိပ်၊ သခင်ကိုယ်တော်မှိုင်း၊ ဂဠုန်ဦးစော၊ ဒီးဒုတ်ဦးဘချို၊ မြန်မာ့အလင်းသတင်းစာ ဦးစိမ်းစသော ပုဂ္ဂိုလ် (၂၃) ဦးတွင် ဗန္ဓုလဦးစိန်သည်တစ်ဦး အပါအဝင်ဖြစ်ခဲ့သည်။

၁၉၃၇ ခုနှစ် ဒေါက်တာဘမော်ဦးစီးသော ညွန့်ပေါင်းအစိုးရဖြစ်လာသောအခါ ဗန္ဓုလဦးစိန်သည် ဝန်ကြီးတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ဗမာ့ထွက်ရပ်ဂိုဏ်းတွင်လည်း ရှေ့တန်းခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဂျပန်လက်အောက်ဗမာ့ခေတ်သစ်လက်ထက် ၁၉၄၃ ခုနှစ်တွင် အစိုးရသစ်ဖွဲ့သောအခါ ဗန္ဓုလဦးစိန်သည် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဖြင့်လည်းကောင်း၊ ဝါဒဖြန့်ချိရေး၊ မဟာဗမာနှင့် ဗမာ့ဝန်ထမ်းဌာန ဝန်ကြီးအဖြစ်ဖြင့်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ဦးစိန်သည် ၁၉၅၆ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး၊ ၁၉၅၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံများသို့ အစိုးရကိုယ်စားလှယ်အဖြစ် ဇယန္တိဗုဒ္ဓဘာသာဝင်များကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ဗုဒ္ဓသာသနာ့ကောင်စီ ဂုဏ်ထူးဆောင်အတွင်းရေးမှူး၊ နယ်ခြားဒေသဗုဒ္ဓသာနာပြုအဖွဲ့ အတွင်းရေးမှူး၊ နိုင်ငံတော်သာသနာရေးကော်မရှင် အတွင်းရေးမှူး၊ တိပိဋကရွေးချယ်ရေးအဖွဲ့ အမှုဆောင်အရာရှိချုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးစိန်သည် ၁၉၄၆ ခုနှစ်တွင် The Fleeing Raj နှင့် ၁၉၄၇ ခုနှစ်တွင် ကျွန်ုပ်တို့ရေးရာစာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

ဦးစိန်သည် ၁၉၇၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ သိမှတ်ဖွယ်ရာကိုယ်ရေးအချက်အလက်များ။ စာ ၃၂၀။**

## ဦးစိန် (တိုးတက်ရေး ဦးစိန်)



မြန်မာသတင်းစာလောကတွင် စာနယ်ဇင်းဝေါဟာရကို စတင်တီထွင်ခဲ့သူဟု ထင်ပေါ် ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးစိန်ကို ၁၈၉၇ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် နတ္တလင်းမြို့၌ လယ်သမားဦးဖိုးဆိတ်နှင့် အမိ ဒေါ်ဖွားစိန်တို့မှ မွေးဖွားသည်။ ငယ်မည်မှာ ပဂျိုင် ဖြစ်သည်။ ကာယဗလ ဦးရှိန်၏ ညီအရင်းဖြစ်သည်။

အသက်ရှစ်နှစ်အရွယ်တွင် နတ္တလင်းမြို့ ဦးရွှေတုတ်ကျောင်း၌ ပညာသင်ယူခဲ့သည်။ ထို့နောက် ဦးဖိုးချက်ကျောင်းသို့ ပြောင်းနေသည်။ ထိုအခါငယ်မည် ပဂျိုင်ကို မောင်စိန်ဟု ပြောင်းခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ရန်ကုန်ရေကျော်မက်သဒစ်၌ ၈ တန်းအထိ ပညာသင် ယူခဲ့သည်။

ဦးစိန်သည် အသက် ၁၉ နှစ်တွင် ဓနိတောဘီအိုစီ၌ စာရေးအဖြစ်စတင်အမှုထမ်း ခဲ့သည်။ နှစ်နှစ်အကြာတွင် ဝီလီယံဂျက် ကုန်တိုက်သို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ထို ကုန်တိုက်တွင် သုံးလေးနှစ်လုပ်ပြီး၊ ရုပ်ရှင်လောကသို့ဝင်ရောက်ခဲ့သည်၊ ရုပ်ရှင်ကားများ တွင် စတန့်မင်းသားအဖြစ် သရုပ်ဆောင်သည်။ ရုပ်ရှင်ဒါရိုက်တာလည်းလုပ်ခဲ့သည်။ နှစ်နှစ် သုံးနှစ်အကြာတွင် ရုပ်ရှင်လောကမှ ထွက်သည်။ အိမ်မှာပင်စျေးဆိုင်တည်သည်။ ထို့နောက် နှစ်နှစ်အကြာတွင် ဘားမားကော်ပိုရေးရှင်းရုံးချုပ်၌ အမှုထမ်းသည်။ ထိုစဉ်မှာပင် ကြီးပွားချမ်းသာရေးအမည်ရှိကျမ်းကို စတင်ပြုစုခဲ့သည်။ ယင်းစာအုပ်မှ စတင်ကာ ငယ် နာမည် ဦးပဂျိုင်ကို "ဦးပဂျိုင်" ဟူသောကလောင်အမည်ကိုစတင်အသုံးပြုခဲ့သည်။ သူ၏မွေးချင်းများတွင် သူသည် ရုပ်အဆိုးဆုံး ဖြစ်သည်ဟုဆိုသည်။ ပန်းချီဆရာပင်သူ၏ ရုပ်ပုံနှင့်တူအောင်မရေးနိုင်ဘဲ ငိုရမည့်အဖြစ်ရောက်အောင် အရုပ်ဆိုးလှသောကြောင့် ဘိုးဘွားမိဘ၊ အိမ်သူအိမ်သားအားလုံးကလည်းကောင်း၊ သူနှင့်နွားကျောင်းဖော် ကျောင်းဖက်၊ ကျည်းသားရိုက်ဖော်-ကျည်းသားရိုက်ဖက်သူငယ်ချင်းများကလည်းကောင်း "ဦးပဂျိုင်" ဟုခေါ်ဝေါ်လေ့ရှိကြသည်။ ၁၉၃၀ ပြည့်နှစ်တွင် ကြီးပွားချမ်းသာရေး စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ တိုးတက်ရေးမဂ္ဂဇင်းကို ထုတ်ဝေခဲ့ သည်။ **"ကြိုးစားက ဘုရားဖြစ်နိုင်မည်"** ဟူသောဆောင်ပုဒ်ကိုပင်တိုးတက်ရေးမဂ္ဂဇင်း၏ ကြွေးကြော်သံအဖြစ်အသုံးပြုခဲ့သည်။ ဦးပဂျိုင် ကလောင်အမည်အပြင် တိုးတက်ရေး ဦးစိန်ဟူသော ကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၃၆ ခုနှစ်၊ ဇွန်လ

၆ ရက်နေ့တွင် ဘားမားဂျာနယ်ကို ထုတ်ဝေခဲ့သည်။ ၁၉၃၈ ခု၊ မေ ၃ ရက်နေ့တွင် တိုးတက်ရေးသတင်းစာကို ထုတ်ဝေခဲ့သည်။

ဦးစိန်သည်တီထွင်လိုသူ၊ လူထူးလူဆန်းပင်ဖြစ်သည်။ သမားရိုးကျသမားမဟုတ်ပေ။ ယနေ့တိုင် မမေ့နိုင်သော **စာနယ်ဇင်း** ဟူသောဝေါဟာရကို ၁၉၃၅ ခုနှစ်ပတ်ဝန်းကျင်ခန့်ကစ၍တီထွင်သုံးစွဲသူမှာ တိုးတက်ရေး ဦးစိန်ဖြစ်သည်ဟု မှတ်သားခဲ့ရသည်။ တိုးတက်ရေး မဂ္ဂဇင်းတွင် စတင်တီထွင်သုံးစွဲခဲ့သော **"ဖတ်-ကြံ-လုပ်"** ဟူသောဝေါဟာရမှာ ထိုစဉ်က ခေတ်စားလူသိများခဲ့သည်။ စာပေကိုဖတ်ရှု၍ ပြုစုလုပ်ဆောင်ပါ၊ နောင်ဖတ်ရှုကြံစည်သည့်အတိုင်း မဆိုင်းမတွလုပ်ဆောင်ကြပါဟူ၍ တိုက်တွန်းနှိုးဆော်ခဲ့သူ ဖြစ်သည်။ ခေတ်ရှေ့ပြေးသမားတစ်ဦးအဖြစ် သူ့ခေတ်၊ သူ့စာ သူ့အခါက ညွှန်ပြနေပါသည်။

ဦးစိန်သည် တိုးတက်ရေးမဂ္ဂဇင်းကို မထုတ်ဝေမီ ၁၉၃၀ ပြည့်နှစ်တွင် ကြီးပွားချမ်းသာရေးစာအုပ်ကိုရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်ကို ဦးစိန် ဝီလျံဂျက်ကုမ္ပဏီတွင် အလုပ်ဝင်စဉ်က အလုပ်ကိုမထိခိုက်စေဘဲအချိန်ပိုကို လက်တွေ့အကျိုးရှိစွာ သုံးကာ ၁၉၂၀ ပြည့်နှစ်က စတင်ရေးသားခဲ့သောစာအုပ်ဖြစ်သည်။ ကြီးပွားချမ်းသာရေးစာအုပ်ကို အသက် ၂၃ နှစ်ခန့် အရွယ်ကပင်စတင်ရေးသားခဲ့ရာ ဆယ်နှစ်တိုင် ဇွဲခိုင်ခိုင်ဖြင့် ရေးသားခဲ့ရခြင်းဖြစ်သည်။ ထိုခေတ်က အရောင်းရဆုံးစာအုပ် စာရင်းဝင်မော်ကွန်းတင်နိုင်ခဲ့သည်။ အကြိမ်ကြိမ်ပြန်လည်ရိုက်နှိပ်ခဲ့ရပြီး ထိုခေတ်အခါက သတ္တမတန်းကျောင်းသုံးပြဋ္ဌာန်းခံခဲ့ရသည်အထိ အောင်မြင်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးခါစတွင် ရန်ကုန်မြို့၌ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ ဂျာနယ်ကျော် စသည်တို့ပြန်လည်ထုတ်ဝေခဲ့ရာ ဦးစိန်သည်လည်း ၁၉၄၆ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂ ရက်နေ့မှစ၍ တိုးတက်ရေးဂျာနယ်ကို ပြန်လည်ထုတ်ဝေခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင် ဦးစိန်သည် တိုးတက်ရေးဂျာနယ်အဖြစ်မှ တိုးတက်ရေးသတင်းစာကို တစ်ဖြစ်ပြောင်းလဲထုတ်ဝေခဲ့ရာ ၁၉၅၄ ခုနှစ် အထိဖြစ်သည်။ ကြီးပွားချမ်းသာရေးစာအုပ်ကို ရေးသားထုတ်ဝေခဲ့သူပီပီ မြန်မာ့စီးပွားရေးလုပ်ငန်းပိုင်းတွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်သည်။ ပုဂ္ဂလိကပိုင်လုပ်ငန်းနှင့် မြန်မာ့ငွေကြေးပြဿနာများကို စိတ်ဝင်စားသည်။ ထို့အပြင် အလုပ်ကံနှင့် စိတ်တန်ခိုး၊ ဗမာ့ဘဏ်နှင့် ငွေကြေးပြဿနာ၊ ပြည်တွင်းငြိမ်းချမ်းရေး ကမ္ဘဋ္ဌာန်းစာအုပ်များကိုလည်းရေးသားပြုစုခဲ့သေးသည်။ လွတ်လပ်ရေးခေတ်တွင် ဦးစိန်သည် အမျိုးသားဘဏ်လုပ်ငန်းများ ပေါ်ပေါက်လာစေရန် လှုံ့ဆော်

ဖန်တီးရေးသားခဲ့သည်။ လှုံ့ဆော်ရေးသားခဲ့သည့်အတိုင်း ပြည်ထောင်စုဘဏ်ကို စတင်တည်ထောင်စဉ်ကအဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။

ဦးစိန်သည် ဝိပဿနာတရားများကို စွဲမြဲစွာလေ့လာလိုက်စားခဲ့သည်။ သူ၏လေ့လာမှုသည် ထက်မြက်သောဝိပဿနာ သင်တန်းပြဆရာကထိကတစ်ဦးအဖြစ် ဆောင်ရွက်နိုင်သည့်အဆင့်အထိပါရမီမြင့်မားခဲ့သည်။ ဦးစိန်သည် ဝိပဿနာ အခြေခံနှင့် အဖြေမှန်စာအုပ်၊ ဂမ္ဘီရဝိပဿနာရှုဘွယ်သုံးတွဲတို့ကို ပြုစုရေးသား ထုတ်ဝေဖြန့်ချိခဲ့သည်။

ဦးစိန်သည် ပသုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ကိုတည်ထောင်ပြီးလျှင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ ရွှေကျင်ဓမ္မာရုံတွင် ဝိပဿနာသင်တန်းများသင်ကြားပို့ချခဲ့သည်။ ယင်းသင်တန်းအတွက် “ဝိပဿနာကျမ်းစာ နှစ်စောင်တွဲ” နှင့် “ဝိပဿနာသည် ဒုလ္လဘာ” ဟူသောစာအုပ်များကို ရေးသားပြုစုသည်။

ဦးစိန်သည် ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**
**(၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၉) စာ - ၁၃၀။**
**(၂) နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ ဒုတိယတွဲ၊ ဘာသာပြန်စာပေအသင်း၊ စာ - ၁၈၅။**

# ဦးစိန်ဝင်း (မြန်မာ့လမ်းစဉ် စိန်ဝင်း)



သတင်းစာဆရာ ဦးစိန်ဝင်း (မြန်မာ့လမ်းစဉ်) ကို ၁၉၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အဖ ဦးညွန့်နှင့် အမိဒေါ်မေတို့က မန္တလေးမြို့၌ မွေးဖွားခဲ့သည်။

ဦးစိန်ဝင်းသည် မန္တလေး ဥပစာကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များတွင် ပညာသင်ယူခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မေလတွင် မန္တလေးမြို့၌ထင်ရှားသော မြန်မာ့လမ်းစဉ်သတင်းစာကို အခြားလေးဦးနှင့်ပူးပေါင်းပြီး ထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် မြန်မာ့လမ်းစဉ်သတင်းစာအား ကိုယ်ပိုင်လွှဲယူ၍ အယ်ဒီတာချုပ်အဖြစ် ၁၉၆၄ ခုနှစ်၊ ဧပြီလ သတင်းစာ အပိတ်ခံရသည့်အထိ လုပ်ကိုင်ခဲ့သည်။

သတင်းစာဆရာတစ်ဦးအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့သည်။

ဦးစိန်ဝင်း (မြန်မာ့လမ်းစဉ်) ၏ဇနီးမှာ ဒေါ်သက်တင် ဖြစ်၍ သားသမီး လေးယောက်ရှိသည်။

ဦးစိန်ဝင်း (မြန်မာ့လမ်းစဉ်) သည် ၁၉၈၇ ခုနှစ်၊ မတ်လ၊ ၃၀ ရက်နေ့တွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ နေထွက်၊ မန္တလေးအဘိဓာန်၊ စာ - ၅၈။**

# ဦးစိမ်း (မြန်မာ့အလင်းဦးစိမ်း)



မြန်မာသတင်းစာလောကတွင် မြန်မာ့အလင်းဦးစိမ်းအဖြစ် ထင်ရှားခဲ့သောသတင်းစာဆရာ မောင်စိမ်းကို ၁၈၇၀ပြည့်နှစ် (မြန်မာသက္ကရာဇ် ၁၂၃၂ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ ချက်တီး) တွင် ပုသိမ်မြို့၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ စာရေးကြီး ဦးမောင်ကလေး နှင့် မိခင်မှာ ဒေါ်မမ တို့ဖြစ်ကြသည်။ မောင်စိမ်းကား သားကြီးဩရသ ဖြစ်၏။ ညီများမှာ နောက်ပိုင်း၌ ထင်ရှားလာခဲ့သော ပုသိမ်ဦးဘဂျမ်းနှင့် ကျောင်းသုံးမြန်မာရာဇဝင်ရေးသားခဲ့သော ရာဇဝင် ဆရာကြီး ဦးဘသန်း တို့ပင်ဖြစ်ကြသည်။

ဦးစိမ်းသည် ပညာထက်မြက်ပြီး၊ အင်ထရင့်စ် စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ယင်းနောက် စက္ကူထရီစာမေးပွဲကိုလည်းကောင်း၊ အိန္ဒိယမက်ထရစ်စာမေးပွဲကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့သည်။ ဦးစိမ်းသည် ကျောင်းမှထွက်ပြီးလျှင် ရှေးဦးစွာ ရွှေဘိုမြို့တွင် စက္ကူထရီအလုပ်ကို စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယင်းမှတစ်ဖန် စက္ကူထရီအလုပ်နှင့် ဝန်ထောက်အလုပ်တို့ကို ပူးတွဲလက်ခံ၍ နှစ်ပေါင်း (၂၀) ခန့်မျှ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ရွှေဘိုမြို့တွင် ဦးစိမ်းသည် အမှုထမ်းနေစဉ် ဗုဒ္ဓဘာသာအသင်းကြီးမှ ဆရာတော်ဘုရားကြီးထံ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို လေ့လာသင်ကြားမိသောအခါ ဘာသာတရား၌ ထူးကဲစွာယုံကြည်လာကာ အင်္ဂလိပ်စာများကို လုံးဝ စွန့်လွှတ်ခဲ့သည်ဟု ဆိုကြသည်။ တစ်ချိန်တည်းမှာပင် ပိဋကတ်ကျမ်းစာတို့နှင့်တကွ မြန်မာစာပေယဉ်ကျေးမှု အနုပညာတို့ကို မြန်မာ့အလင်းသတင်းစာတွင် အမှုထမ်းရွက်ခဲ့ကြသော ပညာရှိများထံ၌လည်း နည်းနာနိဿယခံ၍ လေ့လာသင်ကြားခဲ့သေးသည်ဟုဆို၏။

ယင်းကြောင့်ပင် နောက်ပိုင်း၌ ဦးစိမ်းသည် စကားအရာအင်္ဂလေးတန်နှင့် လျော်စွာ ပြောဆိုတတ်၍ အပြောကောင်းခြင်း၊ အရေးအသားကောင်းခြင်း၊ စာနေစာထား မှန်ကန်ခြင်း စသည်တို့၌ထင်ရှားကျော်ကြားလာခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာခဲ့သည်။ ယင်းအပြင် တေး၊ ဘွဲ့၊ ကြိုး၊ ပတ်ပျိုး၊ ယိုးဒယား၊ စသောသီချင်းခံကြီးများမှအစ ရတု၊ ရကန်၊ အဲ၊ အန်၊ ဧချင်းတို့အထိ နည်းစနစ်ကျနစွာ သိနိုင်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်အထိ တတ်ကျွမ်းနားလည်ခဲ့သည်။ ထို့အပြင် ပတ္တလားတူရိယာကိုလည်း ကောင်းမွန်စွာ တီးခတ်နိုင်ခဲ့ခြင်းကြောင့်လည်း နာမည်ကျော်သဘင်ပညာသည်ကြီး အချို့ကိုပင် သင်ကြားပေးခဲ့ရသည်ဟုသိရသည်။

ပထမကမ္ဘာစစ်ကြီးအပြီး ခရစ် ၁၉၁၉ ခုနှစ်တွင် စစ်အတွင်းက အင်္ဂလိပ်အစိုးရကို ထိခိုက်စေသည့် စစ်သတင်းအချို့ကို ဖော်ပြခဲ့မိခြင်းကြောင့် ပိတ်ထားခြင်းခံခဲ့ရသော မြန်မာ့အလင်းသတင်းစာကို ပြန်လည်ထုတ်ဝေခဲ့ကြသည်။ ထိုအခါ ဦးစိမ်းအား တိုက်အုပ်အဖြစ် ခေါ်ယူခန့်ထားခြင်းခံရသည်။ အယ်ဒီတာမှာ ဆရာသင်ဖြစ်သည်။

ဦးစိမ်းမြန်မာ့အလင်းသတင်းစာသို့ ရောက်ချိန်တွင် အသက်မှာ ၅၅နှစ်အရွယ်မျှ ရှိပြီဖြစ်၍ အရာရာတွင် ရှေ့နောက် ဆင်ခြင်နိုင်စွမ်းရှိလျက် တည်ငြိမ်ရင့်ကျက်သော အရွယ်ပင်ဖြစ်၍ တာဝန်ကိုနိုင်နင်းစွာ ထမ်းဆောင်နိုင်ခဲ့သည်။ ဦးစိမ်းသတင်း စာတိုက်သို့ ရောက်၍ မကြာမီပင် အယ်ဒီတာဆရာသင်မှာ ပဋိပက္ခ ပုဂ္ဂိုလ်ရေးအာဃာတကြောင့် တစ်ဖက်မှ လူဆိုးငမိုး ဆိုသူကိုငှားပြီးသတ်စေခဲ့၍ အနိစ္စရောက်ခဲ့သည်။ ထိုအခါ ဦးစိမ်းသည် တိုက်အုပ်တာဝန်ကိုသာမက အယ်ဒီတာ တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရသည်။

၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ပဉ္စမမြောက်ဂျော့ဘုရင်သားတော် ဝေလမင်းသားသည် တိုင်းခန်း လှည့်လည်လာသည်။ ယင်းသို့လာချိန်တွင် နယ်ချဲ့အကြိုက် လိုက်၍ မျက်နှာပြောင်ပြောင်ဖြင့် ဗြိတိသျှအလိုတော်ရိတို့က သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲအားပါးတရကြိုခဲ့ကြသည်။ ဦးစိမ်းကမူ ကြိုဆိုသမှုမပြုသည့်အပြင် သပိတ်မှောက်ကြရန် မြန်မာ့အလင်း သတင်းစာမှနေ၍ ပြည်သူလူထုအား ပန်ကြား တိုက်တွန်းခဲ့သည်။ ဝေလမင်းသားကိုလည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ဝေဖန် ရေးသားခဲ့သည်။ ယင်သို့ ဦးစိမ်းရေးသားခြင်းမှာ တစ်ဦးတစ်ယောက်တည်းသဘောထားဖြင့် ရေးသားခဲ့ခြင်းကား မဟုတ်ပေ။ အခါသင့်၍ ရေးသားခြင်းသာဖြစ်သည်။ အကြောင်းမှာ ထိုအချိန်က ဟုမ်ရူးကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုနေချိန် ဖြစ်၍ နိုင်ငံရေး အရှိန်အဟုန် မြင့်မားနေချိန်ဖြစ်ရာ မြန်မာနိုင်ငံရေးခေါင်းဆောင်ကြီးများဦးစီး၍ တစ်နိုင်ငံလုံးက အပူတပြင်း အုပ်ချုပ်ရေး တောင်းဆိုနေကြသည့် အချိန်ဖြစ်သဖြင့် ယင်းအချိန်၊ ယင်းအခါ၊ ယင်းအခြေအနေကို ဦးစိမ်းကအခွင့်ကောင်းယူကာ မိမိစွမ်းနိုင်သောကလောင်လက်နက်ဖြင့် အချက်ကျကျ တပ်လှန့်ဦးဆောင်လိုက်ခြင်းဖြစ်သောကြောင့်တည်း။

ထိုအပြုအမူကြောင့် ဗြိတိသျှအင်္ဂလိပ်နယ်ချဲ့အစိုးရက နိုင်ငံရေးသမားကြီးများဖြစ်ကြသော ဦးချစ်လှိုင်၊ ဦးဘဦး၊ ဦးဘလှိုင်၊ ဦးကွန်း၊ ဦးဘစီ၊ စီ-ပီ ဦးခင်မောင်၊ စသည်တို့နှင့်အတူ ဦးစိမ်းကိုလည်း မြန်မာပြည်အောက်ပိုင်းတွင် မနေရဘဲ နယ်နှင်သည့်အနေဖြင့် ဟုမ္မလင်း၊ မိုးကုတ် စသည့်မြို့များသို့ ပို့ထားခြင်းခံခဲ့ရသည်။

ဦးအောင်မြတ်ထွဋ်ခေါ် အရှင်အာဒိစ္စဝံသဆရာတော် ရေးသားသော 'ဘိက္ခုနီ သာသနော ပဒေသကျမ်း'ကို ကန့်ကွက်ကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များတွင် ဦးစိမ်းသည် အဂ္ဂမဟာ ပဏ္ဍိတဦးလင်း၊ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၊ ဆရာရိပ်၊ ဒီးဒုတ်ဦးဘချို စသော လူပုဂ္ဂိုလ် (၂၃) ဦးတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ အရှင်အာဒိစ္စဝံသဆရာတော်သည် မြန်မာ့အလင်းဦးစိမ်းတစ်ဦးတည်းကိုပင် 'အရီးစိမ်း' ဟု အမည်တပ်ကာ ဆောင်းပါးများ၊ ကဗျာများဖြင့် ပြန်လည်ဖြေကြား ရေးသားခဲ့သည်။

နောက်ပိုင်းတွင် ဦးစိမ်းသည် အခြေအနေအရ တိုက်ထိုင်အယ်ဒီတာအဖြစ် ဆောင်ရွက်ခြင်းမပြုတော့ဘဲ နောက်ပိုင်းမှ အကြံအား ဉာဏ်အားဖြင့် အစွမ်းကုန်ကူညီပေး ခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည်အထိပင်ဖြစ်သည်။ ဦးစိမ်းသည် မြန်မာ့အလင်း သတင်းစာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေနှင့် အနုပညာရေး စသည်တို့နှင့် ပတ်သက်သော ဆောင်းပါးများကို ထောင့်စုံအောင်ရေးသားခဲ့သည်။ တိုက်ခိုက်ထိုးနှက်ခဲ့သည်။ ထိုအချိန်က သူ့ကလောင် လက်နက်မှာ အတော်ထက်မြက်ခဲ့ သည်။ အားလုံးကအာရုံစိုက်ခဲ့သည်။

ဦးစိမ်းသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရန်ကုန်မြို့ကို ဂျပန်များနှစ်ကြိမ်တိုင်တိုင် ဗုံးကြဲချပြီးနောက် ပြည်တွင်းသို့ပါ ချင်းနင်းဝင်ရောက်လာသောအခါ သမိုင်း၊ ပဲခူး၊ သနပ္ပင်၊ စသောနေရာများသို့ ရွှေ့ပြောင်း နေထိုင်ခဲ့ရရှာသည်။ ဘီ၊ အိုင်၊ အေ လက်ထက် မြန်မာ အစိုးရမဖွဲ့မီ အချိန်ကလေးတွင်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး စမ်းချောင်းရပ် ကျွန်းတောလမ်းရှိ ကိုယ်ပိုင်အိမ်ကလေးတွင် ဇနီးဒေါ်သိန်း၊ သား မောင်မောင်သန်းတို့နှင့် အတူ ဆင်းရဲချို့တဲ့စွာဖြင့် နောက်ဆုံးနေထိုင်သွားခဲ့ရှာသည်။

ဦးစိမ်းသည် ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **(၁) မောင်သုတ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ ၃၁၃-၃၁၄။**

**(၂) သခ်ာ- မြန်မာနိုင်ငံစာနယ်ဇင်းမှတ်စုများ။ စာ ၄၄-၄၇။**



# ဦးဆုမြိုင် (တက္ကသိုလ် ဆုမြိုင်)

သတင်းစာဆရာ ဦးဆုမြိုင် ကို ၁၉၁၄ ခုနှစ် ဇူလိုင်လ (၈) ရက်နေ့တွင်၊ မကွေးတိုင်း၊ နတ်မောက်မြို့၌ အဖ အထက်တန်းရှေ့နေ ဦးမင်းဇင်၊ အမိ ဒေါ်ဒေါ်ချစ်တို့မှ မွေးဖွားခဲ့သည်။

ဦးဆုမြိုင်သည် နတ်မောက်မြို့ ဒီပက်ရာကျောင်း ဆရာတော် ဦးသောဘိတထံ၌ စတင်ပညာသင်ယူခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ပျော်ဘွယ်မြို့ အမျိုးသားအထက်တန်းကျောင်းသို့ပြောင်းရွှေ့ကာပညာသင်ယူခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ယူနေစဉ် ၁၉၃၆ ခုနှစ်မှစကာ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။

ဦးဆုမြိုင်သည် သူရိယသတင်းထောက်၊ ရန်ကုန်တက္ကသိုလ် စစ်ကိုင်းကျောင်းဆောင်သဟာရအဖွဲ့က ထုတ်ဝေသော စစ်ကိုင်းဂုဏ်ရည်မဂ္ဂဇင်းအယ်ဒီတာ၊ တိုးတက်ရေး၊ နဂါးနီ၊ အိုးဝေ၊ ဘားမားဂျာနယ်တို့တွင် ဆောင်းပါးများရေးသားရင်း ဆယ်သန်းသတင်းစာ၌ အယ်ဒီတာအဖြစ်ဆောင်ရွက်သည်။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ်ဆုမြိုင်၏ ပထမဆုံးစာအုပ်ဖြစ်သော **"လွတ်လပ်ရေးတိုက်ပွဲ"** အမည်ရှိစာအုပ်ကို နဂါးနီအသင်းမှ ထုတ်ဝေခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် မိတ္ထီလာမြို့ အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းဆရာအဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးဆုမြိုင်သည် ၁၉၄၀ ပြည့်နှစ်တွင် ရောင်နီ၊ ထောင်ထွက်ကြီး တော်စတွိုင်း၏ ဝတ္ထုကို ဘာသာပြန်ခဲ့သည်။ ထို့အပြင် ထူးတဲ့ကိုး၊ နည်း ၁၀၈၊ နည်း ၉၉ စသည့်ကျမ်းများထုတ်ဝေခဲ့သည်။ ဦးအာကာ ကလောင်အမည်ဖြင့် **"သင့်ဘဝခရီးစဉ်"** အမည်ရှိစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် နတ်မောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် နိုင်ငံတော်တန်းမြင့်ကျောင်းကိုတည်ထောင်ပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် နတ်မောက်မြို့ အရှေ့ပိုင်း၏ ပါလီမန်အမတ်အဖြစ် အရွေးခံရသည်။

ဦးဆုမြိုင်သည် ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် မကွေးမြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ သိမှတ်ဖွယ်ရာကိုယ်ရေးအချက်အလက်များ။ စာ-၁၉၈။**



# ဦးဉာဏ (ဒဂုန်ဉာဏ)

မြန်မာသတင်းစာလောကတွင် သတင်းစာဆရာ၊ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးဉာဏ ဟုလူသိများသော ဦးအုန်းမောင်ကို ပြည်ခရိုင်၊ သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့တွင် ၁၉၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အဖအခွန်တော်မြေတိုင်းစာရေး ဦးမိုးအေး၊ အမိဒေါ်စိန် တို့မှ မွေးဖွားသည်။

ဦးဉာဏကို ငယ်စဉ်ကမိဘများက ကျောင်းထားပေးသော်လည်း (၇) တန်းရောက်သည့်နှစ်တွင် ကျောင်းမှန်မှန်မတက်ဘဲ ကျောင်းပြေးခဲ့ရာက နောက်အိမ်ပြေးဘဝ ရောက်ခဲ့သည်။ ဦးဉာဏသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဆင်မြီးဆွဲမြို့မှ ရှမ်းပြည်နယ်မြောက်ပိုင်း ဖွင့်ခါစ နမ္မတူဘော်တွင်းအထိ ထွက်ပြေးခဲ့သည်။ စားသောက်နေထိုင်ရေးအတွက် လက်ဖက်ရည်ဆိုင်စားပွဲထိုး၊ ပန်ကန်ဆေးစသည်ဖြင့် အလုပ်လုပ်ကာ သူ့ဘဝကိုရုန်းကန်ခဲ့သည်။ နောက်ဆုံး ဘားမားရိုင်ဖယ်တပ်သို့ ဝင်ရောက်ခဲ့ရာ နောက်ပိုင်း သူ့အသက်မစေ့မှန်း သိသွားသည်အတွက် တပ်မှထွက်ခဲ့ရသည်။ သူ၏မိဘများသည် မတတ်သာသည့်နောက်ဆုံး ဦးဉာဏ (၁၆) နှစ်သားအရွယ်တွင် မိန်းမပေးစားလိုက်လေတော့သည်။

ထို့နောက် မိတ္ထီလာ၊ ချောက်၊ နမ္မတူဘော်တွင်းနှင့် ပြည်မြို့တို့ရှိ အခွန်ဌာနများတွင် စာရေးအဖြစ်အမှုထမ်းခဲ့သည်။ မကြာမီ အမေဆုံးပါးခဲ့ရပြီး၊ ဦးဉာဏ ၁၇ နှစ်သားအရွယ်တွင် ညီငယ်ဆုံးရပြန်သည်။ ရက် ၂၀ အကြာတွင် အဖေထပ်မံ ကွယ်လွန်ပြန်သည်။ ဤကဲ့သို့ လောကဓံကို ကြုံကြုံခံရင်း စာပေနယ်ထဲသို့ ကူးပြောင်းဝင်ရောက်လာပါတော့သည်။

၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ အရေးပိုင်ရုံး စာရေးကြီးလုပ်ရသည်။ ဦးဉာဏသည် ပြည်မြို့၌ စပ်ပေါင်းပြီး ထုတ်ဝေသော “ကြည်တော်မူဂျာနယ်”တွင် စာစတင်ရေးသားခဲ့သည်။ ပထမဆုံးအကြိမ် ဝတ္ထုတစ်ပုဒ်သွားရောက်ပို့ခဲ့ရာ အယ်ဒီတာအဖွဲ့ဝင်များက ကြိုက်နှစ်သက်၍ ချက်ချင်းရွေးချယ်ဖော်ပြပေးခဲ့ပြီး စာမူခတစ်ဆယ်ကျပ်ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထိုမဂ္ဂဇင်းတိုက်သို့ နောက်ဝတ္ထုနှစ်ပုဒ်သွားပို့ပြန်ရာ ရွေးချယ်ဖော်ပြခြင်းခံရပြီး စာမူခတစ်ဆယ့်ငါးကျပ်အထိ တိုးမြှင့်ချီးမြှင့်ခြင်းခံရသည်။ ဦးဉာဏ၏ ဝတ္ထုများမှာ ဇာတ်လမ်းရိုးသော်လည်း ပျော်ရွှင်ခြင်း၊ လွမ်းဆွတ်ခြင်း၊ ကြေကွဲခြင်း၊ စွန့်လွှတ်ခြင်းစသည့် အတွေးခေါ်

များဖြင့် ပြည့်နှက်လျက် ရှိသောကြောင့် စာဖတ်သူကို ဆွဲဆောင်နိုင်စွမ်းရှိလေသည်။ ဦးညဏသည် ဆရာဇေယျ ပြည်မြို့တွင် (၁၀) တန်းကျောင်းသား ဘဝရှိစဉ် ကတည်းက ရင်းနှီးခွင့်ရခဲ့သည်။

ဦးညဏသည် ဇနီးဖြစ်သူ ဒေါ်မြနှင့်အတူ ရန်ကုန်မြို့သို့ တက်လာပြီး စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းဘဝကို စလေတော့သည်။ ရန်ကုန်သို့ရောက်သောအခါ ဆူးလေဘုရား စာအုပ်ဆိုင်ကျဉ်းကျဉ်း ကျပ်ကျပ်ကလေးတွင် လင်မယား နှစ်ယောက် ဖြစ်သလို နေထိုင်ခဲ့ကြလေသည်။ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြော်ငြာကမ်းစာအုပ်ရောင်း သောင်းပြောင်းထွေလာဖြင့် ဘဝအမျိုးမျိုးကို ကျင်လည်ခဲ့ရာ နောက်ဆုံးတွင် ဒဂုန်မဂ္ဂဇင်း၌ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားကာ ဒဂုန်ဦးညဏ ဖြစ်လာခဲ့သည်။ ဒဂုန်မဂ္ဂဇင်းတွင် ရေးသားနေကြသော ဒဂုန်ရွှေမျှား၊ ဒဂုန်ဇေယျ တို့ထက် ဦးညဏက ငယ်သည်။ တစ်မူးတန်ဝတ္ထုခေတ်၌ ဝတ္ထုသုံးဆယ်ကျော် ရေးသားခဲ့သည်။ ၁၉၂၀ ပြည့်ဝန်းကျင်၌ ထင်ရှားသော ဝတ္ထုရေးဆရာများမှာ ပီမိုးနင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ရွှေဥဒေါင်း၊ ညဏ၊ မောင်သစ္စာ၊ ရွှေသဇင် တို့ဖြစ်ကြသည်။

၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်ရုပ်ရှင်လုပ်ငန်း စတင်ပေါ်ပေါက်လာခဲ့ရာ၊ ရုပ်ရှင်ဇာတ်ထုပ်များကို ဒါရိုက်တာ လုပ်သူကိုယ်တိုင် ဇာတ်ညွှန်းရေးရိုက်ကူးခဲ့သည့် အစဉ်အလာကို ဦးညဏကစတင်၍ ဇာတ်ညွှန်းများကို တီထွင်ရေးသားခဲ့သည်။

၁၉၃၀ ပြည့်နှစ် ဆရာစံလယ်သမား အရေးတော်ပုံခေတ်တွင် ဝတ္ထုများ ရေးသားလာခဲ့ရာမှ ဆောင်းပါးကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍကို တစ်ဖက်တစ်လမ်းက ကြိုးပမ်းလိုက်စားခဲ့လေသည်။

၁၉၃၄ခုနှစ် အသက်၃၀အရွယ် ဦးညဏသည် ဇာတ်ညွှန်းများကို စတင်တီထွင်ရေးသားကာ ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီ (ညွှန့်မြန်မာ) သို့ကမ်းလှမ်းတင်ပြခဲ့ရာ အုပ်ချုပ်သူ ဦးညွှန့်မှာလည်း ရုပ်ရှင်လုပ်ငန်းတွင် အထူးကျွမ်းကျင် အကွက်မြင်သူ ဖြစ်၍ ဦးညဏ ဇာတ်ညွှန်းကိုလက်ခံရုံမျှမကတော့ဘဲ “ဇာတ်ညွှန်းရေးဆရာ” အဖြစ် လခစားခေါ်ယူခန့်ထားလေသည်။ ထို့ကြောင့် ဦးညဏသည် မြန်မာရုပ်ရှင်လောကတွင် သီးခြား ဇာတ်ညွှန်းရေးဆရာဟူ၍ ဦးစွာကင်ပွန်းတပ်ခံရသူဖြစ်သည်။ ထို့နောက် သီချင်းရေးဆရာ၊ ဒါရိုက်တာအဖြစ်လုပ်ကိုင်ခဲ့သည်။

ဦးဉာဏ၏ ဘီအေမ၊ ဘီအေမောင်၊ ထာဝရ၊ ဗမာ့သွေးဇာတ်ကားများမှာ လည်းလေးနက်သော အတွေးအခေါ်များဖြင့် တင်ပြထားသည့် ဇာတ်ကားများဖြစ်သည်။ ခေတ်ဆန်သူ ဇာတ်ကားတွင် မိန်းမများ တိုင်းပြည်တာဝန်ကို ယောကျ်ားများနှင့် တန်းတူ ထမ်းဆောင်သင့်ကြောင်း တင်ပြထားသည်။ "ဗမာနှင့်ကမ္ဘာ" ဇာတ်ကား၌ မင်းသား ဘတင့်အား ဘီအေအောင်ပြီးမှ ကွမ်းယာရောင်းပုံကို ရိုက်ပြကာ မြန်မာများ စီးပွားရေး မျက်စိပွင့်လာအောင် လမ်းညွှန်ခဲ့သည်။ ချစ်နှံ့မပြယ်၊ ချစ်ရနံ့ကြိုင်၊ ဇာတ်ကားဖြင့် ကိုလိုနီခေတ် မြန်မာလူငယ်များအား စစ်သွေး၊ စစ်မာန်တက်ကြွလာစေရန် လှုံ့ဆော်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးသောစာရေးဆရာ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ သီချင်းရေးဆရာဖြစ်သည်။

ဘီအေမ၊ မင်းအာဏာ၊ ချစ်ရနံ့ကြိုင်စသည်တို့သည် ဦးညာဏ၏ ထင်ရှားသော အသံတိတ်ခေတ် ရုပ်ရှင်ကားများဖြစ်ပြီး သူဇာ၊ သူချစ်၊ မာယာကြာခြည်တို့သည် အသံထွက်ခေတ်၌ ထင်ရှားသော ရုပ်ရှင်ဇာတ်ကားများဖြစ်သည်။ ကွယ်လွန်သည့်အချိန်အထိ ဇာတ်လမ်းပေါင်းနှစ်ရာကျော်ကို ဇာတ်ညွှန်းရေးသူအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ်လည်းကောင်း၊ ရေးသားရိုက်ကူးခဲ့သည်။

စိန်ပါတီဆိုခဲ့သော စောမွန်လှ၊ ခင်မောင်ရီသီဆိုခဲ့သော အောင်ခြင်းရှစ်ပါး၊ မအေးမိသီဆိုခဲ့သော စာဆိုတော်၊ ခေတ်ဟောင်းခေတ်ပြားလောက၌ ထင်ရှားခဲ့သည့် သီချင်းများမှာ ဦးညာဏ၏ ထင်ရှားသော သီချင်းများဖြစ်သည်။

ထိုအချိန်က ဦးညာဏသည် ကလေးတစ်ပြုံကြီးနှင့် ရန်ကုန်မြို့၊ စမ်းချောင်း၊ ပဒုမ္မာလမ်းတွင် နေထိုင်လေရာ ဇနီးဖြစ်သူဒေါ်မြမှာ ဦးညာဏ၏ အနွံအတာကိုခံရင်း ဦးညာဏ၏စာရေးမှုကိုပါ ပါရမီဖြည့်ဆည်းပေးခဲ့လေသည်။

ဦးညာဏသည် စာတွေ့သမားမဟုတ်၊ လက်တွေ့သမားဖြစ်ရာ လောကကို သုံးသပ်ကြည့်ရှုပြီးလျှင်၊ ဘဝအဖြစ်မှန်တို့ကို တင်ပြတတ်သည်။ အထူးသဖြင့် ဘဝ၏ရုန်းကန်လှုပ်ရှားမှုကို သရုပ်ပေါ်လာအောင် ဖော်တတ်သည်။ ဘဝအတွေ့အကြုံ စုံလင်သူဖြစ်၍ ထိုအတွေ့အကြုံတို့ကို စာဖြင့်ချယ်လှယ် စီကုံးရေးသားရာတွင် တိုတိုနှင့်လိုရင်းရောက်အောင် ထိထိမိမိ ရေးသားနိုင်သည်ကို တွေ့ရသည်။

အထူးသဖြင့် ဦးညာဏသည် သူ့ဘဝခရီးစဉ်တွင် ပင်ပန်းဆင်းရဲခဲ့ရသဖြင့် ဆင်းရဲနွမ်းပါးသော တောင်သူလယ်သမား အလုပ်သမားတို့အပေါ်တွင် အထူးကရုဏာသက်ခဲ့

သည်။ ထိုသူတို့ဘက်မှအမြဲ ဦးစားပေးရေးသားပေးခဲ့သည်။ ဆင်းရဲသားတို့အတွက် ပြုပြင်ရေးလမ်းစများကိုလည်း ဆင်းရဲသားများနားလည်သော စာပေတို့ဖြင့် နှိုးဆော်ခဲ့သည်။ ၁၃၀၅ ခုနှစ်က ဦးဉာဏရေးသားခဲ့သော "လူရွှာနှင့် လူ့ရွှာ" ဝတ္ထုစာအုပ်မှာ အထူး မှတ်သားဖွယ်ကောင်းသော လူထုပြုပြင်ရေးဝတ္ထုဖြစ်သည်။

ဦးဉာဏသည် ရုပ်ရှင်ကိုသာညွှန်ကြားပြသခဲ့သော ဒါရိုက်တာမဟုတ်ပေ။ ဂျပန်ခေတ်တစ်လျှောက်လုံးမှ အစပြု၍ ရုပ်ရှင်ပြဇာတ်ညွှန်ကြားရေးဝန် ဘဝအထိ ပြဇာတ်များကိုလည်း ညွှန်ကြားပြသခဲ့သော ဒါရိုက်တာလည်းဖြစ်သည်။

ဦးဉာဏသည် ဂျပန်ခေတ်တွင် "ဗမာသစ်" ပြဇာတ်ကို အစအဆုံး ကိုယ်တိုင်ရေးပြီး၊ ကိုယ်တိုင်ညွှန်ကြားပြသကာ စင်တင်တင်ဆက်ခဲ့ရာ လူကြိုက်များခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် လက်နက်ဖြစ်ခဲ့သော ပြဇာတ်များတွင် ဦးဉာဏ၏ "ဗမာသစ်" ပြဇာတ်သည် ထိပ်တန်းမှ ပါဝင်ခဲ့သည်။ ဗမာသစ်ပြဇာတ်ရုံတင်ပြရာတွင် မြန်မာ့တော်လှန်ရေးစိတ်ဓာတ်ကို သရုပ်ဖော်ပုံမှာ ပေါ်လွင်သဖြင့် ဂျပန်ဖက်ဆစ်ဝါဒ ဖြန့်ချိရေးသမားတို့က တစ်နေ့နေ့တွင် မြန်မာတို့က သူတို့ကို ခံချလိမ့်မည်ဟု ဖွင့်ပြောခဲ့ကြောင်း သိရသည်။

ဦးဉာဏက"ဗမာသစ်" ပြဇာတ်ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ **"ငါသစ်မှ ဗမာသစ်မည်၊ ငါပေါင်း၁၆သန်းသစ်မှ ဗမာနိုင်ငံလုံးသစ်မည်"** ဗမာသစ်ဖြစ်နိုင်မည်ကို သဘောပေါက်စေလိုသည်။ ဤသည်ကို ရည်ရွယ်၍ **(၁) ဗမာဟောင်းလျှင် မည်မျှအစော်ကားခံရသည်ကို ကွင်းကွင်းကွက်ကွက် မြင်အောင်ပြနိုင်သည်။ (၂) ဗမာသစ်ဖြစ်ရန် အသက်သွေးခဲနှင့်လဲ၍ ကြိုးစားသူတို့ပေါ်ပေါက်သော်လည်း၊ ဗမာတိုင်းဗမာသစ်ဖြစ်ရေးကို မိမိမျက်နှာမှ မျက်ချေးနှင့် ချေးကို ဖယ်ရှားရန် နံနက်တိုင်း မျက်နှာသစ်ရလောက် ဂရုမထားကြသဖြင့် ဆုံးရှုံးရသည်ကိုလည်း မြင်အောင်ပြချင်သည်။ (၃) ဗမာဟောင်းသည် ယခုအခါ လျှော်တုန်း ဖွပ်တုန်းကာလကြီးဖြစ်နေသဖြင့် ဗမာသစ်ဖန်တီးရေးကို လုံ့လပြုနေကြသည်။ ရှေ့တွင်လည်း သစ်ရမည်၊ အစွန်းအငြိအထင်းအကွက် ဘယ်ဘက်မှ မဝင်ရန် ဗမာတိုင်း သတိပြုရမည်။ ဂရုစိုက်ရမည်။ ကြိုးစားမည်ဟူသော စိတ်ဓာတ်များ တဖွားဖွား ကိန်းအောင်းတည်မြဲ နေစေချင်သည်** စသောအချက်တို့ကြောင့် "ဗမာသစ်" ပြဇာတ်ဖြစ်ပေါ်လာရခြင်း ဖြစ်ကြောင်းရှင်းပြထားသည်။

"ဗမာသစ်" ပြဇာတ်တွင် ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲစတင်ဖြစ်ပွားသည့်အခါ မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားတို့၏ စော်ကားခြင်းကို နိုင်ငံလူထု

က မခံမရပ်နိုင်ဖြစ်ကာ စစ်တိုက်ရန်မာန်ကြွလာပုံ၊ အင်္ဂလိပ်တို့က သီပေါဘုရင်ကို ပရိယာယ်ဖြင့် အသာတကြည် ဖမ်းယူသွားကြရာ၊ မြန်မာနိုင်ငံ အလွှာအသီးသီးမှ ပြည်သူတို့က အင်္ဂလိပ်တို့ကို တိုက်ခိုက်ရန် လိုလားပြင်ဆင်ကြပုံ၊ နယ်ချဲ့နှင့်ယှဉ်ပြိုင်ရာတွင် အင်အားမမျှဖြစ်ခဲ့သော်လည်း သမိုင်းတစ်လျှောက်လုံးတွင် မြန်မာနိုင်ငံပြည်သူတို့၏ တော်လှန်ရေးစိတ်ဓာတ်မှာ အရှိန်မသေ၊ တစ်ငွေ့ငွေ့တောက်လောင်ပုံ စသည့်ပြကွက်များ ပါရှိသည်ဟု မှတ်သားရသည်။

ဦးညဏသည် လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းအချိန်များတွင်လည်း သူ၏မျိုးချစ်စိတ်ဓာတ်က စွဲဆောင်သဖြင့် နိုင်ငံရေးပညာကို လေ့လာလိုက်စားခဲ့သည်။ ထိုအချိန်က မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံအတွက်ပြုပြင်ရေး အသွင်ပြောင်းလဲမှုဆောင်းပါးများကို ရေးသားခဲ့သည်။ သူ၏ဂျိုကာအမည်ဖြင့် ရေးသားခဲ့သော နိုင်ငံရေးဆောင်းပါးများကို မြန်မာလူထုက အထူးပင်စွဲလမ်းစွာ အားရုံပြုခဲ့ကြရသည်။ သတင်းစာသမားများကပင် သူ၏ဉာဏ်အမြင်ကို အထင်ကြီးခဲ့ကြသည်။ ဂျိုကာအမည်ဖြင့် ပင် "နိုင်ငံရေးကကြီးခခွေး" အမည်ရှိ စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့သည်။ ထို့အပြင် "အင်းယားညိုညို" ကလောင်အမည်ဖြင့်လည်း လွတ်လပ်ရေးတိုက်ပွဲဝင် စာပေများကို ရေးသားခဲ့သည်။

၁၉၄၆ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော (ဖ. ဆ. ပ. လ) အစိုးရ (ကြားဖြတ်အစိုးရ) တက်လာသောအခါ သူ၏ဝါဒဖြန့်စွမ်းရည်ကို ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးဘချို စသူတို့က ယုံကြည်နေသဖြင့် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် အဖြစ်ခန့်အပ်ခဲ့သည်။ နောက် ရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲကို တည်ထောင်သောအခါ ရုပ်ရှင်နှင့် ပြဇာတ်ဌာန ပထမဆုံးညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်ခြင်းခံရလေသည်။

ဒုတိယကမ္ဘာစစ်ကြီးနှင့် စစ်ပြီးလွတ်မြောက်ရေး လှုပ်ရှားမှုတို့သည် ဦးညဏအား ပြောင်းလဲလိုက်လေသည်။ သူသည်နိုင်ငံရေးကို များစွာစိတ်ဝင်စားလာသည်။ မြန်မာအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရန်၊ ခေတ်မီရန်၊ အမျိုးသားလွတ်မြောက်ရေးကို အရယူရမည်ဟု ဟောပြောရေးသားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော (ဖ. ဆ. ပ. လ) ကို ထောက်ခံအားပေးလာသည်။ သူရေးသောစာများမှာလည်း နိုင်ငံရေး၊ စီးပွားရေးဆောင်းပါးများ များလာလေသည်။ ရွှေဆောင်သတင်းစာ၊ မြန်မာ့အလင်း သတင်းစာ၊ စသည်တို့တွင် မှန်မှန်ရေးသော သတင်းစာဆရာ ဖြစ်လာခဲ့ပေသည်။ ထို့အပြင် သတင်းစာများတွင် ခေါင်းကြီးလည်း ရေးသားခဲ့သည်။

ဦးဉာဏအား ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန် ခန့်လိုက်ရာ တစ်နှစ်ကျော်ကျော် သာလုပ်ပြီး၊ မပျော်သဖြင့် ထွက်လိုက်လေသည်။ သူသည် လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာပြီး၊ လွတ်လွတ်လပ်လပ် ရေးသားပြောဆိုနေလိုသူဖြစ်ရကား ရုပ်ရှင်နှင့် ပြဇာတ် ညွှန်ကြားရေးဝန် အဖြစ်ဖြင့် (၅) နှစ်ကျော်ကျော်မျှသာ ထမ်းရွက်ပြီး၊ နုတ်ထွက်လိုက်လေသည်။ ဗြိတိသျှဘားမားဦးညွှန့်က သူ့အားဇာတ်ညွှန်းဌာနကို ကြီးကြပ်ရန် တစ်လလျှင် ကျပ်တစ်ထောင်ပေးပြီး ခန့်ထားပြန်သည်။ သို့သော် ထိုနေရာမှလည်း ထွက်ခဲ့ပြန်သည်။

ဦးဉာဏသည် ၁၉၅၆ ခုနှစ်တွင် အိန္ဒိယပြည်၊ နယူးဒေလီမြို့၌ ကျင်းပသော အာရှစာရေးဆရာညီလာခံသို့ မြန်မာနိုင်ငံစာရေးဆရာ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၉၅၆ ခုနှစ်မှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာရုပ်ရှင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် အီဂျစ်ပြည်၊ ကိုင်ရိုမြို့၌ကျင်းပသော အာရှအာဖရိက ငြိမ်းချမ်းရေးကွန်ဖရင့်သို့ အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း တက်ရောက်ခဲ့သည်။

ဦးဉာဏသည် မြန်မာနိုင်ငံစာပေလုပ်သား ဖြစ်မြောက်ရေးကော်မတီ အဖြစ်လည်းကောင်း၊ ရှုဒေါင့်ဂျာနယ် ဦးစီးနာယကအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးဉာဏသည် ၁၉၆၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဉာဏနိဒါန်း။**

**(၂) မောင်သုတ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ စာ ၃၄၉-၃၅၁။**

**(၃) နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ၊ ဘာသာပြန်စာပေအသင်း၊ ဒုတိယတွဲ၊ စာ-၁၅၄။**

## ဦးညိုမြ (မောင်သုမန)



စာရေးဆရာ၊ သတင်းစာဆရာ ဦးညိုမြကို မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ သောတပန်ရွာ၌ ၁၉၁၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အဖ မင်းတိုင်ပင်အမတ် တီပီအက်စ်ဘွဲ့ရရှေ့နေ ဦးသာဇံ၊ အမိ ဒေါ်ရွှေအုံ့ တို့က မွေးဖွားသည်။ အမည်ရင်း ဦးသိန်းတင်ဖြစ်သော်လည်း ကလောင်အမည် ညိုမြသည်ပင် အမည်ရင်းကဲ့သို့တွင်သည်။

ဦးညိုမြသည် ရွှေကူရွာဆရာလှိုင်၏ မူလတန်းကျောင်းနှင့် ကြက်သွန်ဈေးရွာ ဆရာတော် ဦးဉာဏကျောင်းတို့တွင် စတင်ပညာသင်ယူခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မုံရွာမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူသည်။ ၁၉၂၃ ခုနှစ်တွင် မန္တလေးကယ်လီကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူသည်။ ၁၉၃၂ ခုနှစ်တွင် မုံရွာ ဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ (၁၀) တန်းအောင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်၌ဆက်လက်ပညာသင်ယူခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂသို့ဝင်ရောက်သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂအမှုဆောင်ဖြစ်လာပြီး ဝါဒဖြန့်ချိရေးဌာန၊ အတွင်းရေးမှူးတာဝန်ကို ယူခဲ့သည်။ ထိုနှစ်မှာပင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ မဂ္ဂဇင်းကို ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ သပိတ်မှောက်အထူးထုတ်မဂ္ဂဇင်းအဖြစ်ထုတ်ဝေသည်။ ထိုမဂ္ဂဇင်း၏ စာတည်းအဖြစ် မောင်ညိုမြဟုဖော်ပြခြင်းခံရသည်။ ဦးညိုမြသည် တက္ကသိုလ်ကျောင်းသား များသမဂ္ဂ၏ မဂ္ဂဇင်းကို အိုးဝေမဂ္ဂဇင်းဟု စတင်အမည်ပေးသုံးစွဲခဲ့ခြင်းဖြစ်သည်။

ဦးညိုမြသည် ၁၉၃၃ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်သို့ရောက်သည့်အချိန်မှစ၍ ညိုမြ ကလောင်အမည်ကိုခံ၍ တက္ကသိုလ် ကျောင်းတိုက်မဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ၏မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းတို့တွင် အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေးများရေးသားခဲ့သည်။ ၁၉၃၅- ၃၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ကအယ်ဒီတာတာဝန်ယူကာ အိုးဝေ အမည်ဖြင့် စတင်ပြောင်းလဲထုတ်ဝေသည့် တက္ကသိုလ်ကျောင်းသားသမဂ္ဂ၏မဂ္ဂဇင်း၌ **"ငရဲခွေးကြီး လွတ်နေသည်"** (Hell Hound At Large) ဟုအနက်ရသည့် အင်္ဂလိပ်လိုဆောင်းပါး တစ်စောင်ကို ရေးသား၍ ထိုကာလ တက္ကသိုလ်အာဏာပိုင်တို့ကို ဆန့်ကျင်တိုက်ခိုက်ရာမှ

အစတက္ကသိုလ် ကျောင်းသားသပိတ်ပေါ်ပေါက်လာခဲ့သည်။ ထိုဆောင်းပါးမှာ ညိုမြ၏ အပြောင်မြောက်ဆုံးသမိုင်းဝင် သရော်စာတစ်ပုဒ်အဖြစ်ထင်ရှားသည်။

ဦးညိုမြသည် ၁၉၃၈ ခုနှစ်တွင် ဝိဇ္ဇာ (အင်္ဂလိပ်စာဂုဏ်ထူးတန်း) ဘွဲ့ရသည်။ ၁၉၃၉ ခုနှစ်တွင် လန်ဒန်မြို့ ကင်းကောလိပ်၌ ခြောက်လခန့်ပညာသင်ယူပြီး၊ အမေရိကန် ပြည်ထောင်စုချီကာဂိုမြို့ရှိ နော့သ်ဝက်စတင်းတက္ကသိုလ်၌ စာနယ်ဇင်းပညာ ဆက်လက် သင်ယူခဲ့ရာ (Master of Journalism) သတင်းစာပညာတွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

ဦးညိုမြသည် ၁၉၄၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ယေးတက္ကသိုလ် အရှေ့ပိုင်းဌာန၌ မြန်မာစာကထိက၊ ၁၉၄၄ ခုနှစ်တွင် ဝါရှင်တန်မြို့ မြန်မာနိုင်ငံဆိုင်ရာ အတိုင်ပင်ခံအရာရှိစသည်ဖြင့်အမှုထမ်းခဲ့သည်။ ၁၉၄၅ ခုနှစ်၌ အာသံပြည်ရှိ မြန်မာနိုင်ငံ ဆိုင်ရာစိတ်ဓာတ်စစ်ဆင်ရေးဌာနတွင် တစ်နှစ်ကြာအမှုထမ်းခဲ့ပြီး အမှုထမ်း လောကမှ နှုတ်ထွက်ခဲ့သည်။

ဦးညိုမြသည် ၁၉၄၆ ခုနှစ်တွင် အိုးဝေသတင်းစာကို ထူထောင်ခဲ့သည်။ မောင် သုမန ကလောင်အမည်ခံ၍ သတင်းဆောင်းပါးများကို ရေးသားခဲ့သည်။ ၁၉၆၈ ခုနှစ် တွင် အိုးဝေဂျာနယ်ကို ထုတ်ဝေခဲ့သည်။

ဦးညိုမြသည် ၁၉၅၀ ပြည့်နှစ်တွင် ဒီမိုကရေစီပြန့်ပွားရေးအသင်းအမှုဆောင်၊ ၁၉၅၇ ခုနှစ်တွင် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ၊ ၁၉၅၈ခုနှစ်တွင် သန့်ရှင်းဖဆပလ အဖွဲ့ချုပ်ပြန်ကြားရေးမှူးစသည်ဖြင့်တာဝန်ယူဆောင်ရွက်ခဲ့ပြီး၊ ၁၉၆၀ ပြည့်နှစ်တွင် သန့်ရှင်း ဖဆပလအဖွဲ့၏ မုံရွာမြို့နယ် ပါလီမန်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက် ခံခဲ့ရသည်။

ဦးညိုမြသည် သတင်းစာဆရာအဖြစ် ၁၉၅၃ ခုနှစ်တွင် အင်္ဂလန်၊ ဂျာမဏီ၊ ပြင်သစ်၊ ဂရိ၊ ဆွစ်ဇာလန်၊ ယူဂိုစလားဗီးယားနိုင်ငံများသို့လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများသို့သွားရောက်ခဲ့ပြီး၊ ၁၉၅၅ ခုနှစ်တွင် မာလာယု၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်ခဲ့သည်။ နိုင်ငံ့ ဂုဏ်ရည် ဒုတိယအဆင့်ကို ၁၉၈၀ ပြည့်နှစ်တွင်ရရှိခဲ့သည်။

**"မထုံတက်တေးနှင့် စိုစိစိလုပ်နေသူကို"** ညိုမြလုပ်နေသည်။ ညိုမြအိုက်တင် ဖမ်းနေသည် ဟူ၍ပြောဆိုသံများကို ကြားဖူးသူများလည်းရှိကြပေလိမ့်မည်။

အိုးဝေဦးညိုမြ ခေါ် ဦးသိန်းတင်သည်လည်း ပညတ်သွားရာ ခတ်သက်ပါအောင် စိုစိစိနေတတ်သူ၊ စကားပြောဆိုရာတွင် သွက်သွက်လက်လက် မရှိဘဲ၊ အာလေး၊ လျှာလေး ပြောဆိုတတ်သူဖြစ်သည်။ ထို့ကြောင့် ဒဂုန်တာရာကသူ၏ ရုပ်ပုံလွှာစာအုပ်တွင် ညိုမြ (သို့မဟုတ်) မတုန်မလှုပ်ကျောက်ရုပ်ဟုရေးသားခဲ့သည်။

သို့ရာတွင် **သူရေးသောစာများက စိုစိစိမနေဘဲ ထိလှမိလှ၊ ကလောင်ထက်လှပေသည်။** ထိုသို့ကလောင် ထက်မြက်သော ဦးညိုမြကြောင့်ပင် ဒုတိယအကြိမ် တက္ကသိုလ် ကျောင်းသားသပိတ်ကြီးသည် ၁၉၃၆ ခုနှစ်တွင် ပေါ်ပေါက်လာခဲ့ရပေသည်။

၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့ထုတ် နှစ်ငါးဆယ် အမျိုးသားနေ့ ရွှေရတု သဘင်အထိမ်းအမှတ် အိုးဝေဂျာနယ်ထဲတွင် ဆောင်းပါးရှင် မောင်သုမနအမည်ခံ ဦးညိုမြက အောက်ပါအတိုင်း ဖော်ထုတ်ရေးသားထားလေသည်။ ရန်ကုန်တက္ကသိုလ်မှာ မဂ္ဂဇင်းနှစ်စောင်ရှိခဲ့တယ်၊ ကောလိပ်မဂ္ဂဇင်းနှင့် သမဂ္ဂမဂ္ဂဇင်းပါပဲ၊ ကောလိပ်မဂ္ဂဇင်းက ငွေအားပိုကောင်းတယ်၊ တစ်ကျောင်းလုံးနဲ့ဆိုင်လို့စောင်ရေသုံးထောင်လောက် ထုတ်ရတယ်။ ရန်ပုံငွေကလဲ သုံးထောင်ရှိတယ်။ အယ်ဒီတာကို ကျောင်းအုပ်ကြီးကရွေးချယ်ခန့်တယ်၊ ဒါကြောင့် အလိုတော်ရိ မဂ္ဂဇင်းပေါ့။ သမဂ္ဂမဂ္ဂဇင်းကတော့ အသင်းဝင်ရှိသလောက်ပဲ ထုတ်ဝေတယ်၊ သမဂ္ဂအဖွဲ့ထဲကို တစ်ကျောင်းလုံးဝင်လေ့မရှိဘူး။ ဒါကြောင့် အသင်းဝင် ငါးရာရှိတယ်ဆိုရင် မဂ္ဂဇင်းရန်ပုံငွေ ငါးရာကျပ်ပဲရှိတယ်။ အယ်ဒီတာကို သမဂ္ဂအမှုဆောင်အဖွဲ့ကခန့်တယ်။

သမဂ္ဂအသင်းဆိုတာ လူတွေစုရုံးရာအရပ်မို့၊ သူတို့မဂ္ဂဇင်းကတော့ အတိုက်အခံအာဘော်ပေါ့၊ ဥပမာဆိုရင် ကောလိပ်မဂ္ဂဇင်းက ပညာရေးဝန်ကြီးအတ္ထုပ္ပတ္တိကို ဦးစားပေးပြီးထည့်မယ်။ ကိုအောင်ဆန်းနှင့်ကျွန်တော်တို့ပူးတွဲလုပ်တဲ့နှစ်မှာတော့ တက္ကသိုလ် နယ်မြေတွင်လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးများဆိုတဲ့ ခေါင်းစဉ်နဲ့ (၁) မြက်ရိတ်တဲ့ မာလီကုလားကြီးပုံ၊ သမဂ္ဂဒရဝမ် ဦးကံသိန်းပုံတို့ရဲ့တွေကို သမဂ္ဂစာစောင်က ဦးထိပ်ထားတယ်။

ဒါတွေကြောင့်လဲ သမဂ္ဂမဂ္ဂဇင်းဟာ အစိုးရက အာမခံငွေတောင်းတဲ့၊ အတိုက်အခံငွေတောင်းတဲ့စာနယ်ဇင်းစာရင်းမှာ အမြဲပါဝင်တယ်။ ကိုအောင်ဆန်းက သမဂ္ဂမဂ္ဂဇင်းကို နာမည်ပြောင်းချင်တယ်။ မျက်နှာဖုံးမှာ အမြဲသုံးခဲ့တဲ့အမည်က ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအသင်းမဂ္ဂဇင်းလို့ဆိုတော့။ အဲဒါကို သူကအင်မတန် ရှည်လျားလွန်းတယ်ထင်တယ်။

ဒါကြောင့် ကျောင်းသားများကို နာမည်သစ်ပေးဖို့ ဖိတ်ခေါ်လိုက်တယ်၊ ရောင်နီတို့ ရောင်ဖြူတို့၊ ရောင်ခြည်သစ်တို့စသည်ဖြင့် အမျိုးမျိုးအကြံပေးကြတာကို သူကတစ်ခုမှ မကြိုက်ဘူး၊ ဒါကြောင့် နောက်ဆုံးမှာ ကျွန်တော်က အသည်းထဲမှာလျှို့ဝှက်သိမ်းဆည်းထားတဲ့ နာမည်တစ်ခုကို သူထံဖွင့်ပြခဲ့တယ်။

'ဒီမှာကိုအောင်ဆန်း၊ ကျွန်တော် မန္တလေးမှာ ကျောင်းနေတုန်းက (ဒေါင်းယာဉ်ပျံ) ဆိုတဲ့ ဇာတ်မင်းသမီးလေးတစ်ယောက်ကို သဘောကျဖူးတယ်၊ သူက ကျွန်တော်တို့နှင့် ရွယ်တူလောက်ပါပဲ၊ လေဘာတီမမြရင်လို အစ်မကြီးအရွယ်မဟုတ်ပါဘူး။

'ဆိုစမ်းပါအုံး . . . ခင်ဗျာကစွံခဲ့ရဲ့လား"

" ဒီလိုလဲမဟုတ်ပါဘူး . . အဲ့ဒီဒေါင်းယာဉ်ပျံက သီချင်းဆိုတယ် (အိုးဝေ . . အိုးဝေ) တဲ့ အဲဒီ အိုးဝေကိုပဲ၊ ခုနစ်သံ ပြောင်းလဲ ဆိုပြတာနားထောင်လို့ မငြီးဘူး။

"ဒီတော့ဘာဖြစ်လဲ"

"ဒီတော့နောင်အခါမှာ ကျွန်တော်ရဲ့ဝါသနာအတိုင်း စာနယ်ဇင်းလောကကို ရောက်ရင် (အိုးဝေ) ဆိုတဲ့ နာမည်နဲ့ ထုတ်ဝေမယ်လို့ စိတ်ကူးမိယဉ်တယ်။

"ဟဲ . . . ဟဲ ကောင်းသားပဲဗျ၊ အဲ့ဒီအတိုင်း ကျွန်တော်တို့ သမဂ္ဂမဂ္ဂဇင်းကို (အိုးဝေ) လို့ နာမည်မှည့်လိုက်ရုံပေါ့၊ သဘောတရားချင်းအတူတူပါပဲ။

"အလို . . . ဘုရား . . ဘုရား ၊ ဒီလိုဆိုတော့လဲ ကျွန်တော့မှာ (အရင်းဆုံးပြီး ဆားလင်းကုန်ရောက်) သလိုဖြစ်နေပြီ၊ ကျွန်တော် ကျောင်းကထွက်ပြီး သတင်းစာထောင်တော့ ဘာနာမည်သုံးရမလဲ။

"အိုးဝေလို့ပဲခေါ်ပေါ့ဗျာ သတင်းစာကနေ့စဉ်ထုတ်ပဲ၊ ကျွန်တော်တို့ သမဂ္ဂအသင်းက တစ်နှစ်မှတစ်ကြိမ်ထုတ်ဆိုတော့ စီးပွားရေးကတခြားစီပဲ"။

ကျွန်တော်ပေးတဲ့နာမည်ကို ကျွန်တော်ကဘဲ ခိုးချသလိုဖြစ်မနေပါလား"။

"ဒါတော့ မပူပါနဲ့ အကြောင်းရှိရင် ကျွန်တော်ကသက်သေလိုက်မှာပေါ့။

"ကိုအောင်ဆန်းကအဲသည်လိုပြောပြီး သမဂ္ဂမဂ္ဂဇင်းကိုလဲ၊ အဲ့ဒီနှစ်ကစပြီး (အိုးဝေ) လို့ပြောင်းလဲအမည်တွင်စေခဲ့ပါတယ်။ (ဒီနာမည်ကို ကိုသိန်းတင်ခေါ် ညိုမြကပေးခဲ့တာပါလို့လဲ အင်္ဂလိပ်စာကဏ္ဍမှာ သူကရေးသားမှတ်တမ်းတင်ခဲ့ပါတယ်" ဟူ၍ အိုးဝေဂျာနယ်ထဲတွင် မောင်သုမန (ဦးညိုမြ) ကရေးသားထားလေသည်။

ဦးညိုမြ၏ထင်ရှားသောစာပေလက်ရာအချို့မှာ နန်းကြာညို၊ ညိုမြစာစု၊ တရုတ်နှင့်ရုရှားအကွဲတော်ပုံ၊ တစ်ကိုယ်တော် (ဘာသာပြန်)၊ ဘိန်းဇိမ်ကာ (သုံးစောင်တွဲ)၊ ရွှေလမ်း၊ ငွေလမ်း မြန်မာအမေရိကန်ဆက်ဆံမှုမှတ်တမ်း၊ ကုန်းဘောင်ရှာပုံတော်၊ ဤမိုး၊ ဤမြေတို့ဖြစ်သည်။

ဦးညိုမြသည် ၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

(၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၆) စာ၁၇၆-၁၇၇။
(၂) ချစ်ကြည်ရေးကြည်ညွန့်၊ သတင်းဆရာကြီးများ၏ သူတို့ ဘဝ သူတို့အတွေ့အကြုံ စာ၁၇၁-၁၈၃။
(၃) မလိခ၊ မြန်မာစာပေအဘိဓာန်၊ (၂) စာ၂၂၇-၂၂၈။
(၄) ဒဂုန်တာရာ၊ ရုပ်ပုံလွှာ (၁၉၅၅) စာ၁၈၉-၂၀၁။
(၅) ဒဂုန်တာရာ၊ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ (၁၉၉၇) စာ၁၄၉-၁၅၇။
(၆) လူထုဒေါ်အမာ၊ လွမ်းသူ့စာ (၂၀၀၃) စာ၁၇၅-၁၉၉၉။
(၇) စာရေးဆရာများ၊ အနောက်သွားညိုမြ နှုတ်ဆက်စာတမ်း (၁၉၃၉)၊ (၈) ကို ပညာအမရပူရ) ဦးညိုမြ၏ တောင်သမန်နောက်ဆုံးခရီး၊ စပယ်ဖြူ (ဒီဇင်ဘာ ၁၉၈၅) စာ ၁၅၇-၁၅၉။



# ဦးတက်တိုး (မောင်နေဝင်း)

သတင်းစာဆရာ ဦးတက်တိုးကို ဧရာဝတီတိုင်း၊ မအူပင်မြို့၌ အဖ ကုန်သည် ဦးစိန်ရ၊ အမိ ဒေါ်ရှုယဉ်တို့က ၁၉၃၀ ပြည့်နှစ်၊ မေလ (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။

ဦးတက်တိုးသည် ၁၉၃၆ ခုနှစ်တွင် မအူပင် ဦးလူလှအမျိုးသားကျောင်း၌ စတင်ပညာသင်ယူခဲ့သည်။ ထိုကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီးနောက် မအူပင်အစိုးရ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင် ယူခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် နိပ္ပွန်ဘာသာ စာသင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အောက်ဗမာပြည် ကျောင်းသား တပ်ဦးစစ်တက္ကသိုလ်တွင် လက်ရွေးစင် ဗိုလ်သင်တန်း တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်သို့ပြောင်းရွှေ့ကာ တက္ကသိုလ်ဝင်တန်းဆက်တက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့သည်။

ဦးတက်တိုးသည် ဂျပန်ခေတ်အာရှလူငယ် အစည်းအရုံးသို့ဝင်ရောက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် မအူပင်ခရိုင် ကျောင်းသားသမဂ္ဂစည်းရုံးရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် မအူပင်ခရိုင် ကျောင်းသားသမဂ္ဂဉက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ကျန်းမာရေးညွှန်ကြားရေးဝန်ရုံးတွင် အမှုထမ်းဆောင်ခဲ့သည်။ စာရေးသမဂ္ဂက ထုတ်ဝေသော အမှုထမ်းဂျာနယ်တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၅၄-၅၆ ခုနှစ် မန္တလေးလူထုသတင်းစာ ဘာသာပြန် အယ်ဒီတာအဖြစ်ဆောင်ရွက်စဉ် ပုဒ်မ (၅) ဖြင့် ၂ နှစ်ခွဲ အကျဉ်းကျခံခဲ့ရသည်။ ၁၉၅၇ မှ ၁၉၆၄ ခုနှစ်အထိ ဆိုဗီယက်တာစ့်ကြေးနန်း သတင်းဌာန၊ မြန်မာပိုင်းသတင်းစဉ် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ မှ ၁၉၆၄ ခုနှစ်အထိ စာရေးဆရာစာပေကလပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံစာရေးဆရာသမဂ္ဂတို့တွင် အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း တွဲဖက် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် အတွင်းရေးမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးတက်တိုးသည် ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်အထိ ကိုရီးယား ဗဟိုသတင်းဌာန သတင်းထောက်အဖြစ်လည်းကောင်း၊ ဂျပန်သတင်းစာ အဆာဟိရှင်ဘွန်း၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် စာပေလောကသို့ ကဗျာများရေးသား၍ ဝင်ရောက်ခဲ့သည်။ "တော်ဝင်မဂ္ဂဇင်း" တွင်ပါသည့် "အနှင်း"သည် ပထမဆုံးသော ဝတ္ထုတိုဖြစ်သည်။ မောင်နေဝင်း ကလောင်အမည်ဖြင့် ရေးသားခဲ့သော လက်ရာများအနက် အချို့မှာ မိုးမြေသိမ့်သိမ့်၊ မိုးမြေဆုံးတိုင်၊ မြင်လှည့်ပါ့မယ့်သခင်၊ မြေကျွန်သား၊ ဦးလည်မသုန်၊ မုန်တိုင်းနီနီမိုးနီနီ၊ ရေရိုင်း၊ မြေရိုင်း စသည်ပင် ကိုယ်ရေးဝတ္ထုရှည်များ၊ တင်းမာနေသော နှလုံးသားများ၊ လောကနှစ်ဆယ်လူနှစ်ဆယ်၊ မငွေရီနှင့် နှလုံးချက်ကြီး ဝတ္ထုတိုများစသည့် ဝတ္ထုတိုပေါင်းချုပ်များ၊ လူတို့ကြမ္မာ၊ မှောင်ထဲကမှတ်တမ်း၊ သွေးဖြင့်ရေးသောမှတ်တမ်း၊ သံဖနောင့်ကိုယ်တွေ့အကျဉ်းထောင်မှတ်တမ်း စသည်တို့ ဖြစ်သည်။

ဦးတက်တိုးသည် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **(၁) မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၂)၊ စာ -၂၂၁။**
**(၂) မလိခ ၊ မြန်မာဝတ္ထု အညွှန်း (၄)၊ စာ ၁၈၀ - ၁၉၃။**
**(၃) ရာပြည့် ဦးစိုးညွှန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀။ စာ- ၁၆၂-၁၆၃။**

# ဦးတင် (ဒဂုန်ရွှေမျှား)



စာရေးဆရာ ဒဂုန်ရွှေမျှားအမည်ခံ သတင်းစာဆရာ ဦးတင်ကို ၁၈၉၅ခုနှစ်၊ ဇွန်လ ၂ ရက် တနင်္ဂနွေနေ့တွင် ပြည်မြို့၌ အဖ ဦးချစ်ထွန်း၊ အမိ ဒေါ်စောကလေး တို့မှ မွေးဖွားခဲ့သည်။ မိဘများသည် ငယ်စဉ်ကကျောင်းသို့မပို့ဘဲ အိမ်တွင် အင်္ဂလိပ်-မြန်မာ ဆရာများကို ခေါ်ကာ ပညာသင်ပေးခဲ့သည်။ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရ၊ ပရိတ်ကြီး၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုဟ်တို့ကို ၁၂ နှစ်သားအရွယ်ကပင် တတ်မြောက်ခဲ့သည်။

ဦးတင်သည် ၁၉၁၆ - ၁၉၁၇ ခုနှစ်တွင် ပြည်မြို့အစိုးရအထက်တန်းကျောင်းတွင် ဆယ်တန်း၌ ပညာသင်ယူ နေစဉ်မှာပင် စာပေများကိုစတင်ရေးသားခဲ့သည်။ သူရိယမဂ္ဂဇင်း အမှတ် (၃) ၌ပါသည့် "ချင်းဗိုလ်မောင်တက်တူ" သည် ပထမဆုံးရေးသားခဲ့သောဝတ္ထုဖြစ်ခဲ့သည်။

ဦးတင်သည် ၁၉၁၇ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ဦးတင်သည် မိတ်ဆွေတစ်ဦး အသုံးပြုနေသော "ရွှေမြား" ဟူသော ကလောင်အမည်ကို မိတ်ဆွေ၏ သဘောတူညီချက်ဖြင့် "ရွှေမျှား" ဟုပြောင်းလဲပြီး ကိုယ်ပိုင်ကလောင်အမည်အဖြစ် ခံယူခဲ့သည်။ "ပြည်မောင်တင်"၊ "အင်ဒါဆင်" ဟူသောကလောင်အမည်များကိုလည်း အသုံးပြုခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်းကိုအစွဲပြုကာ ဒဂုန်ရွှေမျှား အမည်ကိုခံယူခဲ့သည်။ ၁၉၂၆-၁၉၃၀ ပြည့်နှစ်တွင် ကုန်သည်လုပ်ရင်းသူရိယသတင်းစာနှင့် တိုးတက်ရေးသတင်းစာတို့တွင် သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲအောင်မြင်ပြီး ရှေ့နေလုပ်သည်။ ၁၉၂၈ ခုနှစ်တွင် ကြည့်တော်မူမဂ္ဂဇင်း၌ အယ်ဒီတာ၊ ကျောင်းဆရာ၊ ပွဲစား၊ စာရေးဆရာအဖြစ်လုပ်ကိုင်ခဲ့သည်။

ဦးတင်သည် ၁၉၄၃ ခုနှစ်တွင်ဝါဒဖြန့်ချိရေးနှင့် ပြည်သူ့ဆက်ဆံရေးဗျူရိုတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗမာ့ခေတ်သတင်းစာ၊ ရှေ့ဆောင်သတင်းစာ၊ သတင်းစုံဂျာနယ်တို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ခုနှစ် တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၌ စာပြု ပြည်ပဆက်သွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၉ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ၊ ရုပ်ရှင်

ဆင်ဆာအဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ စသည့်တာဝန်များ ထမ်းဆောင်ခဲ့သည်။

ဦးတင်သည် ရော်ဘင်ဆင်ကရူးဆိုး စာအုပ်ကို ဘာသာပြန်ထုတ်ဝေခဲ့ရာ ၁၉၅၉ ခုနှစ် စာပေဗိမာန်ဘာသာပြန် စာပေဆုရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် မြို့ဝန်မင်း၏ဘဝခရီး စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ဘာသာပြန်စာပေ ဒုတိယဆု ရရှိခဲ့သည်။

၁၉၆၄ ခုနှစ်တွင် စာပေဗိမာန်စာပေအတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဘာသာပြန်စာပေဆု ဒုတိယဆုကို မွန်းမတည့်မီ ၂ မိနစ်အလို စာမူဖြင့် ရရှိခဲ့သည်။

ဦးတင်သည် ဘာသာပြန်ဝတ္ထုရှည် (၄၀) ခန့်၊ ဝတ္ထုတိုရှည် (၁၀၀၀) ခန့်၊ ဆောင်းပါး (၆၀၀) ခန့်ရေးသားခဲ့သည်။ ဘာသာပြန်ဝတ္ထုများတွင် "ဆာရိုက်ဒါဟက်ဂတ်" ၏ ပန်းမြတ်မာလာ၊ လူဖြူဘုရင်မ၊ မြူခိုးဝေဝေ၊ ရှီဗာဘုရင်မ စသည့် ဝတ္ထု (၂၀) ပါဝင်သည်။ ရောဗတ်လူဝီစတီဗင်ဆင် ၏ "ထရက်ရှာအိုင်းလင်း" ကို ၁၉၄၁ ခုနှစ်တွင် မြန်မာပြန်သော ရတနာဒီပဝတ္ထုကို ကျောင်းစာကြည့်တိုက်များတွင်ထားရန် ပညာရေးဌာနက ပြဋ္ဌာန်းခဲ့သည်။

၁၉၆၅ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ထုတ်ဝေသော "အရှေ့တိုင်းဝတ္ထုတို (၅၀)" စာအုပ်တွင် ဆရာကြီး၏ "ထောင်မင်းသား ဦးဘိုးထော်" ဝတ္ထုတစ်ပုဒ်ဖြစ်သည့် "ဖယောင်းရုပ်" ဝတ္ထုကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် အရှေ့ဂျာမနီမှ ထုတ်ဝေသော "ပုဂံဈေး" အမည်ရှိ မြန်မာဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် "အတိတ်၏ပွဲတင်သံ" ဝတ္ထုတိုကို ဂျာမန်ဘာသာဖြင့်လည်းကောင်း ပြန်ဆိုဖော်ပြခံရသည်။

ဦးတင်၏ စုံထောက်ဦးထင်ကျော်၊ ထောင်မင်းသားဦးဖိုးထော်၊ အင်မ်ကြာရိုးနှင့် သံခေါင်းစွပ်မင်းသားဝတ္ထု၊ လူဖြူဘုရင်မ၊ ပန်းမြတ်မာလာ၊ မြူခိုးဝေဝေ၊ ရှိဗာဘုရင်မတို့သည် ထင်ရှားသည်။ ၁၉၇၂ ခုနှစ်တွင် မြန်မာနိုင်ငံစာပေဆုများ စာအုပ်နှင့် ၁၉၇၅ ခုနှစ်တွင် "ဘဝအတွေ့အကြုံ" အမည်ဖြင့် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကိုရေးသားခဲ့သည်။

ဦးတင်သည် ၁၉၈၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **(၁) ဒဂုန်ရွှေမျှား ၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ- ၇၉-၈၀။**
**(၂) မောင်သုတ ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ-၃၆၇-၃၆၉။**

# ဦးတင်ထွေး (မောင်တင်ထွေး)



သတင်းစာဆရာ ဦးတင်ထွေးကို ဖခင်စာရင်းစစ် ဦးလှရှိန်နှင့် မိခင် ဒေါ်ဖွားမှီ တို့က ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပြင်ဦးလွင်မြို့ (မေမြို့) ၌မွေးဖွားခဲ့သည်။

ဦးတင်ထွေးသည် ပြွန်တန်ဆာမြို့အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်နယ်လဆင် အလွတ်ပညာသင်ကျောင်းနှင့် ရန်ကုန်မြို့ မြို့မအမျိုးသား၊ အမျိုးသမီးအထက်တန်းကျောင်း တို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တိုင်း ချစ်အလွတ်ပညာသင် ကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူး ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ဥပစာအထက်တန်းမှ ထွက်ခဲ့သည်။

တက္ကသိုလ်မှထွက်ပြီး ရန်ကုန်မြို့ငွေစာရင်းမင်းကြီးရုံးတွင် ခေတ္တဝင်ရောက်လုပ်ကိုင် ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ကြေးမုံသတင်းစာတိုက်၌ အယ်ဒီတာအဖွဲ့ဝင် တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့၌ ထုတ်ဝေသော မန်းခေတ်သတင်းစာတိုက်တွင်လည်း အယ်ဒီတာအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် သောကြာစာစောင်၌ အယ်ဒီတာအဖွဲ့ဝင်၊ ကြေးမုံသတင်းစာတိုက်၌ အယ်ဒီတာအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့ သည်။

၁၉၇၂ ခုနှစ်တွင် ကြေးမုံသတင်းစာတိုက်မှ မြန်မာ့အလင်းသတင်းစာတိုက်သို့ ပြောင်းရွှေ့ခဲ့ပြီး ဒုတိယအယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်မှ မန္တလေးမြို့ ဟံသာဝတီသတင်းစာတိုက်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးတင်ထွေးသည် ၁၉၇၈ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့သွားရောက်၍ အင်ဒီ ယားနားတက္ကသိုလ်၌ သတင်းစာပညာကို သင်ယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း (ယခုသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း) ၌ ဒုတိယညွှန်ကြားရေးမှူး (စီမံ) မှ ညွှန်ကြားရေးမှူး (စီမံ) အဆင့်အထိတာဝန်ထမ်းဆောင်ခဲ့ရာ ကွယ်လွန်သည့်အချိန် အထိဖြစ်သည်။

ဦးတင်ထွေးသည် သတင်းစာဆရာတစ်ဦးအဖြစ် ၁၉၆၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၁၉၇၃ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ၁၉၇၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ၁၉၈၈ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ ၁၉၉၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ လေ့လာရေးခရီးများသွားရောက်ခဲ့သည်။

စာရေးဆရာတစ်ဦးအဖြစ် ချိုတေးသံမဂ္ဂဇင်းတွင် "မောင်တင်ထွေး" အမည်ဖြင့် စတင်ရေးသားခဲ့သည်။ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များမှာ (၁) မေလမှာ ခုနစ်ရက် (မြန်မာပြန်)၊ (၂) သွေးအေးအေး (မြန်မာပြန်)၊ (၃) အမေရိကန်ကိုရုပ်ဆိုး (မြန်မာပြန်)၊ (၄) မီလံ ၁၈ (မြန်မာပြန်)၊ (၅) အိမ်နံပါတ် ၇၉ (မြန်မာပြန်)၊ (၆) မိုးနှင့်လေနှင့်မုန်တိုင်းနှင့် (မြန်မာပြန်)၊ (၇) အညံ့မခံစစ်၊ (၈) မပြိုသည့်မိုး၊ (၉) ရွှေပင်လယ်ဆီးပြီလေ၊ (၁၀) စိတ်ချ (မြန်မာပြန်) စသည့်စာအုပ်များရေးသားခဲ့သည်။ ထိုစာအုပ်များအနက် "မိုးမြင့်မြင့်ထွား" စာအုပ်မှာ ပထမဦးဆုံးပင်ကိုရေးဝတ္ထုစာအုပ်ဖြစ်ပြီး နောက်ဆုံး "ကျွန်တော်နှင့်ကြေးမုံ" ဟူသောဝတ္ထုဟာန် အတ္ထုပ္ပတ္တိစာအုပ်ကိုရေးသားပြုစုနေစဉ် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၄) စာ ၁၉၆။**

# ဦးတင်ထွဋ် (အိုင်စီအက်စ် ဦးတင်ထွဋ်)



သတင်းစာဆရာ ဦးတင်ထွဋ်ကို ၁၈၉၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်နေ့ တွင်မြင်းခြံမြို့၌ အဖအရေးပိုင် ဦးဖိန်း (ကေအက်စ်အမ်၊ အေတီအမ်) အမိဒေါ်မိမိတို့က ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်တွင် အကြီးဆုံးဖြစ်သည်။ ညီအစ်ကိုလေးဦးလုံး အင်္ဂလန်မှ ဘားအက်လော ဝတ်လုံဘွဲ့များရ၍ ထူးချွန်ထက်မြက် ထင်ရှားသည်။

ဦးတင်ထွဋ်သည် ရန်ကုန်စိန်ပေါလ်အထက်တန်းကျောင်း၊ အစိုးအထက်တန်းကျောင်း၊ ပဲခူးအစိုးအရထက်တန်းကျောင်းနှင့် ရန်ကုန်ကောလိပ်တို့တွင်ပညာသင်ယူခဲ့သည်။ ရန်ကုန်ကောလိပ်တွင် လပိုင်းမျှနေ၍ ၁၉၁၁ ခုနှစ်တွင် အင်္ဂလန်ဂျူးဝစ်ကောလိပ်တွင်လည်းကောင်း၊ ၁၉၁၄ ခုနှစ်တွင် ကိန်းဘရစ် တက္ကသိုလ်ကွင်းန်ကောလိပ်တွင် လည်းကောင်း၊ အိုင်ယာလန် ဒဗ္ဗလင်ထရီနတီကောလိပ်တို့တွင်လည်းကောင်းနေခဲ့ပြီး၊ ၁၉၁၅ ခုနှစ်တွင် မက်စ်သစ်ထရစ်ပို စာမေးပွဲနှင့် ၁၉၁၇ ခုနှစ်တွင် အီကောနောမစ်ထရစ်ပို စာမေးပွဲများအောင်မြင်ခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲ၌ ဟူးစ်ပရိုက် ဆုရသည်။ ၁၉၁၇ ခုနှစ်တွင် ကိန်းဘရစ်တက္ကသိုလ်မှ ဘီအေဘွဲ့ကို သင်္ချာ၊ ဘောဂဗေဒ ဂုဏ်ထူးရရှိခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဒဗ္ဗလင်ထရီနတီကောလိပ်မှ ဘီအေ (တီ၊ စီ၊ ဒီ) နှင့် အမ်အေဘွဲ့များရခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မစ်ဒယ်တန်ပယ်လ် ဥပဒေကျောင်းမှ ဘာရစ်စတာ ဝတ်လုံဘွဲ့ရရှိခဲ့သည်။

ဦးတင်ထွဋ်သည် အင်္ဂလန်တွင်ပညာသင်ယူနေစဉ် အားကစား၌ထူးချွန် ထင်ရှားခဲ့သည်။ ဂျူးဝစ်ကောလိပ်ရပ်ဘီ အားကစားလက်ရွေးစင်၊ ပတ်တလစ်စကူးလက်ဝှေ့ချန်ပီယံ၊ ကိန်းဘရစ်တက္ကသိုလ် ရပ်ဘီအသင်းခေါင်းဆောင်၊ လှေလှော်အသင်းဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။ ၁၉၁၇ ခုနှစ်တွင် မြန်မာတိုင်းရင်းသားများထဲမှ အိန္ဒိယစစ်တပ်ကော်မရှင် အရာရှိလေးဦးတွင် တစ်ဦးအဖြစ်ခန့်အပ်ခံရသည်။ ၁၉၁၉ ခုနှစ်တွင် မြန်မာတိုင်းရင်းသားများထဲမှ ပထမဆုံးအိုင်စီအက်စ် ဝန်ထမ်းအဖြစ်ရွေးချယ်ခံရကာ ၁၉၁၉ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ အောက်စဖို့ဒ်တက္ကသိုလ်၌ အလုပ်သင်ပညာသင်ယူခဲ့ရသည်။

ဦးတင်ထွဋ်သည် ၁၉၂၁ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ရောက်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ပဲခူးတိုင်းကမာစဲမှ ဦးဘိုးမင်း၏သမီး မသန်းတင်နှင့် လက်ထပ်သည်။ ၁၉၂၂ ခုနှစ်တွင် ပဲခူးဝန်ထောက်၊ ၁၉၂၄ ခုနှစ်တွင် သစ်တောဌာန အတွင်းဝန်ထောက်၊ သစ်တော

ကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ဘဏ္ဍာရေးဌာန အတွင်းဝန်ထောက်၊ ၁၉၂၆ ခုနှစ် အခွန်တော်နှင့် သဿမေဓ စုံစမ်းရေးကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၂၇ ခုနှစ်တွင် သမဝါယမ တွဲဖက် ရီဂျစ္စတြာ ဝန်ထောက်အဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးတင်ထွဋ်သည် ၁၉၂၈ ခုနှစ်၊ ဧပြီ ၁၀ ရက်မှ ၁၉၃၃ ခုနှစ်၊ ဧပြီ ၁၇ ရက်အထိ ဒေလီမြို့နှင့် ဆင်းမလားမြို့တို့တွင် အိန္ဒိယအစိုးရစက်မှုနှင့် အလုပ်သမားဌာနအတွင်း ဝန်ထောက်၊ ဒုတိယအတွင်းဝန်၊ တွဲဖက်အတွင်းဝန်စသည်ဖြင့် အမှုထမ်းခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ပြည်အရေးပိုင်အဖြစ်လည်းကောင်း၊ ၁၉၃၅ ခုနှစ်တွင်အတွင်းဝန်ရုံးဘဏ္ဍာရေး ဌာန ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၄၁ခုနှစ်တွင် ဝန်ကြီးချုပ်အတွင်းဝန်အဖြစ် တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အဓိပတိအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ်၊ အောက်တိုဘာလတွင် နန်းရင်းဝန်ဦးစောနှင့် အင်္ဂလန်သို့လိုက်ပါ၍ အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဆင်းမလားရှိမြန်မာပြည်စစ်ပြေး ဒေါ်မန်စမစ်အစိုးရ၏ အကြံပေးအဖြစ်လည်းကောင်း၊ ၁၉၄၅ ခုနှစ် ကန်ဒီဆွေးနွေးပွဲ အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၆ခုနှစ်တွင် အိုင်စီအက်စ်ဝန်ထမ်းဘဝမှနုတ်ထွက်၍ ဘားမင်းရီဗျူးဂျာနယ် နှင့် နယူးတိုင်းမ်အော့ဖ်ဘားမားသတင်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေခဲ့သည်။ လန်ဒန်တိုင်းမ်သတင်းစာ၏ အထူးသတင်းထောက်အဖြစ်ဆောင်ရွက်၍ မြန်မာပြည်နှင့် ပတ်သက်သောသတင်းနှင့် ဆောင်းပါးများရေးသားခဲ့သည်။

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့၌ ဘုရင်ခံခန့် ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ လတွင် အောင်ဆန်းအက်တလီစာချုပ်ချုပ်ဆိုရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလပင်လုံစာချုပ်ချုပ်ဆိုရေး မြန်မာကိုယ်စား လှယ်အဖြစ်လည်းကောင်း ပါဝင်ခဲ့သည်။ နယ်ခြားဒေသ စုံစမ်းရေးကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း ၊ ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော် (ဟင်္သာတခရိုင်) အမတ်အဖြစ်လည်းကောင်း၊ အခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင်အဖြစ်လည်း ကောင်း၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် လန်ဒန် မြန်မာပြည်ဆိုင်ရာကော်မရှင်

မင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင် သခင်နုဦးဆောင်သော ကြားဖြတ်အစိုးရ ဘဏ္ဍာရေးဝန်ကြီး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးတင်ထွဋ်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံခြားရေးဝန်ကြီး အဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မြန်မာ့အရန်တပ်မတော်တပ်မင်းကြီးတာဝန်ကို ယူခဲ့သည်။ ထို့သို့ တာဝန် ယူနေစဉ် ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ညနေပိုင်းတွင် အတွင်းဝန်ရုံး အနောက်ဘက် ဗိုလ်အောင်ကျော်လမ်းရှိ နယူးတိုင်းမ်အော့ဖ်ဘားမားသတင်းစာတိုက်မှ အပြန် ကားပေါ်အတက် ဗုံးခွဲလုပ်ကြံခံရသည်။

ဦးတင်ထွဋ်မှာ ဗုံးဒဏ်ရာဖြင့် ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ မောင်ဇေယျာ၊ မြန်မာလူကျော် ၁၀၀ (ပထမတွဲ) စာ- ၆၀ - ၆၄။**

# ဦးတင်မောင် (တက္ကသိုလ်မောင်လှသူ)



သတင်းစာဆရာ ဦးတင်မောင် (တက္ကသိုလ်မောင်လှသူ) ကို ၁၉၃၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် အဖဦးချစ်ထွန်း၊ အမိ ဒေါ်ခင်ထွေး တို့မှ ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။

ဦးတင်မောင်သည် ၁၉၄၁-၄၂ ခုနှစ်တွင် ရန်ကုန်မြို့ စိန်မေရီကျောင်းတွင်လည်းကောင်း၊ ၁၉၄၆-၁၉၄၇ ခုနှစ်တွင် ရန်ကုန်ရွှေတောင်တန်းမက်သဒစ်ကျောင်းတွင်လည်းကောင်း၊ ၁၉၄၇-၄၉ ခုနှစ်များတွင် ရန်ကုန်အစိုးရအထက်တန်းကျောင်းတွင် လည်းကောင်း ပညာဆည်းပူးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ မြင့်မေတ္တာအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်၌ ဥပစာအပိုင်း (ခ) တန်းအောင်ထိ ပညာဆည်းပူးခဲ့သည်။

ဦးတင်မောင်သည် ရန်ကုန်တက္ကသိုလ်နံရံကပ်စာစောင်၊ ကမ္ဘာ့အလင်းမဂ္ဂဇင်း၊ တိုင်းရင်းမေ၊ သွေးသောက်တို့မှစတင်၍ စာပေလောကသို့ဝင်ရောက်ခဲ့ပြီး၊ ဒီမိုကရေစီဂျာနယ်၊ ဘားမားဂျာနယ်၊ အမျိုးသားနေ့စဉ်သတင်းစာတို့တွင် အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၁-၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းတွဲဖက်မြန်မာစာတည်းအဖြစ်လည်းကောင်း၊ ၁၉၅၄ ခုနှစ် ကလောင်သစ်အဖွဲ့အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် အပျော်တမ်းဂီတအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးတင်မောင်သည် ၁၉၅၄ ခုနှစ်မှစ၍ တက္ကသိုလ်မောင်လှသူ အမည်ကိုခံယူသည်။ ၁၉၆၀ ပြည့်နှစ်တွင် ရုပ်ရှင်လောက သို့ကူးပြောင်းခဲ့သည်။ ပထမဦးဆုံး ဒါရိုက်တာအဖြစ် “ငပလီ” ဇာတ်လမ်းကိုစတင်ရိုက်ကူးခဲ့သည်။ ဖိုးပါကြီးရုပ်ရှင် “ကျားသား မိုးကြိုး” မှစတင်၍ဇာတ်ညွှန်းရေးသားခဲ့ရာ ကွယ်လွန်သည်အထိဇာတ်ညွှန်းပေါင်းခြောက်ဆယ်ကျော် ရေးသားခဲ့သည်။

ဦးတင်မောင်၏ အောင်မြင်သော ဇာတ်ကားမြောက်မြားစွာမှာ “ချစ်ရင်မျက်ရည် မကျနဲ့”၊ “ပျဉ်းမငုတ်တို”၊ “လေရူးသုန်သုန်”၊ “သား”၊ “ပန်းကမ္ဘာထဲကစောင့်နေမယ်”၊ “ချိုကြီးချိုလေး”၊ “ဂျက်မ”၊ “ရှစ်စပ်ကဂျင်ဂျင်လည်”၊ “နှစ်ဆယ်ရာစု သုဘဒ္ဒါ” တို့ဖြစ်သည်။

"ဣတ္ထိယခေါ်မိန်းမတို့သည်" နှင့် "မေတ္တာအသေခံ၍" ဇာတ်ကားများမှာ အကယ်ဒမီ ရခဲ့သည်။

ဦးတင်မောင်သည် **"ရိုးသားကြိုးစား၊ စာရေးရင်းသေမည်"** ဟုဆိုခဲ့သည်ဟု မှတ်သားခဲ့ရသည်။

ဦးတင်မောင်သည် ၁၉၈၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ မိုးသောက်ကြယ်မဂ္ဂဇင်း၊ ၁၉၈၇ ခု၊ နိုဝင်ဘာလ၊ စာ - ၂၀။**

# ဦးတင်မြင့် (နေအောင်)

သတင်းစာဆရာ ဦးတင်မြင့်ကို ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဇီးကုန်း မြို့နယ်၊ သစ်နဖားရွာ၌ အဖ ဦးညွန့်၊ အမိ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဆင့်တို့မှ မွေးဖွားခဲ့သည်။

ဦးတင်မြင့်သည် ၁၀တန်းအောင်မြင်သည်အထိ ပညာသင်ယူခဲ့သည်။ ၁၉၄၂-၄၅ ခုနှစ်တွင် ဗမာ့တပ်မတော်၊ စစ်တက္ကသိုလ် (မင်္ဂလာဒုံ) တတိယပတ်ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးတွင် အလုပ်သင်ဗိုလ်အဖြစ် စက်၂ တပ်ရင်းရုံး၊ တိုင်းစစ်ဌာနချုပ်၊ နတ္တလင်းတွင် ဗမာ့ကာကွယ်ရေး တပ်မတော် ဖျက်သိမ်းသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဘီအိုင်အေသင်တန်းတက်ခဲ့သဖြင့် ဗိုလ်တင်မြင့် အမည်တွင်ခဲ့သည်။

၁၉၄၅ ခု၊ ဇူလိုင်လတွင် ဗြိတိသျှစစ်အုပ်ချုပ်ရေး (စီအေအက်စ်ဘီ) က ဖက်ဆစ်တော်လှန်ရေးကာလအတွင်း လူသတ်မှုကျူးလွန်ခဲ့သဖြင့် သေဒဏ်ကြိုးမိန့်ချမှတ်ခြင်း ခံခဲ့ရသည်။ ဆိုရှယ်လစ်ပါတီခေါင်းဆောင်များက လူထုအုံကြွမှုဖြင့် အရေးဆိုသောကြောင့် သေဒဏ်မှလွတ်ကာ တစ်သက်တစ်ကျွန်းသို့ ပြောင်းရွှေ့အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။ သရက်ထောင်တွင်အကျဉ်းကျခံနေရစဉ် ဗိုလ်ချုပ်အောင်ဆန်း အကျဉ်းထောင် စစ်ဆေးရာ၌ တွေ့ဆုံခွင့်ရရှိခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အပြစ်ဒဏ်မှ လွတ်မြောက်ခဲ့သည်။

ဦးတင်မြင့်သည် မန္တလေးဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာများတွင် အယ်ဒီတာလုပ်ခဲ့သည်။ ဆောက်လုပ်ရေးကော်ပိုရေးရှင်းရုံးချုပ်တွင် စာကြည့်တိုက်မှူး တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးတင်မြင့်သည် နေအောင် ကလောင်အမည်ဖြင့် စာအုပ်စာပေများရေးသားခဲ့သည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ ဒဂုံမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ်တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ရရှိပြီး၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်ကို ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးတင်မြင့်၏ ထင်ရှားသော စာပေလက်ရာအချို့မှာ " နယ်ချဲ့၏ အကျဉ်းသား" (ပထမတွဲ၊ ဒုတိယတွဲ) နှင့်"သေရည်" စာအုပ်တို့ဖြစ်သည်။

ဦးတင်မြင့်သည် ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် သုဝဏ္ဏမြို့နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ သိမှတ်ဖွယ်ရာကိုယ်ရေးအချက်အလက်များ၊ စာ - ၈၀။**

# ဦးတင်ဟိန်း (လူထုမောင်မဲ)



သတင်းစာဆရာ လူထုမောင်မဲအမည်ခံ ဦးတင်ဟိန်းကို ၁၉၁၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင်၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၌ အဖ ဦးချစ်ဆွေ၊ အမိ ဒေါ်ငွေချစ်တို့မှ မွေးဖွားခဲ့သည်။

ဦးတင်ဟိန်းသည် ၁၃၀၀ ပြည့်နှစ်တွင် ပန်းတနော်မြို့ နေရှင်နယ် (အမျိုးသား) ကျောင်းမှ အလယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်မြို့မကျောင်းမှ (၁၀) တန်း အောင်မြင်ခဲ့သည်။ တို့ဗမာအစည်းအရုံးဝင်ပြီး သခင်တင်ဟိန်းအဖြစ်ခံယူကာ မော်လမြိုင်မြို့တွင် တာဝန်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်၊ ဧပြီလ ၁၉ရက်နေ့မှစတင်ထုတ်ဝေခဲ့သော မန္တလေးမြို့လူထုသတင်းစာနှင့် လူထု ဂျာနယ်တို့တွင် သတင်းနှင့် သတင်းဆောင်းပါးများ၊ ခရီးသွားဆောင်းပါးများ၊ ယဉ်ကျေးမှုဓလေ့ဆောင်းပါးများကို ၁၉၆၇ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့နောက်ဆုံးထုတ်လူထုသတင်းစာအထိ (ကော်လံစား) အလွတ်သတင်းထောက် အဖြစ်ဆောင်ရွက်ခဲ့သည်။ ဆရာကြီး လူထုဦးလှသည် လူထုသတင်းစာတွင် ဦးတင်ဟိန်း ရေးခဲ့သော ၁၉၅၄ ခုနှစ်မှ ၁၉၅၉ခုနှစ် အထိ ဆောင်းပါးများအတွင်းမှ လက်ရွေးစင် ဆောင်းပါး ၃၆ ပုဒ်ကို ရွေးနုတ်ပြီး "မောင်မဲခရီးသွားဆောင်းပါး" အမည်ဖြင့် ၁၃၇၀ ပြည့်နှစ်တွင် လူထုစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

ဦးတင်ဟိန်းသည် ၁၉၇၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့တွင် မန္တလေး ဟံသာဝတီ သတင်းစာတိုက်၊ ဘိုးဝဇီရခန်းမကြီးထဲမှ အပတ်စဉ်ကျင်းပသည့် စာပေဝိုင်း၌ သုဝဏ္ဏဘူမိ စာတမ်းငယ်ကို တင်သွင်းဖတ်ကြားခဲ့သည်။ မန္တလေးမြို့တွင် ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ထုတ်ဝေခဲ့သော ဟံသာဝတီနေ့စဉ်သတင်းစာ၌ ၁၉၇၈ ခုနှစ်၊ နောက်ဆုံး ကာလအထိ မောင်မဲ "ကလောင်အခန်း" ကို နေ့စဉ်ထုတ်နှင့် တနင်္ဂနွေ အချပ်ပို များတွင် ကြိုကြားကြိုကြား ရေးသားခဲ့သည်။

ရှမဝရုပ်စုံမဂ္ဂဇင်းမှာ မမေ့နိုင်တဲ့နိုင်ကဏ္ဍကို မောင်မဲ၏ စာဖြင့် စတင်ဖွင့်လှစ် ဖော်ပြခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ကိုယ့်ထမင်း ကိုယ်စားပြီး၊ ကိုယ့်စရိတ်ဖြင့်သွားခဲ့သော မိုင်းဆတ်ခရီးမှနေ "မိုင်းဆတ်ရွှေတြိဂံမြေသို့တစ်ခေါက်" စာအုပ်ကို သတင်းစာသမား တစ်ယောက်အမြင်သစ်ဖြင့် ထူးခြားစွာဦးဦးဖျားဖျား ရေးသားခဲ့သည်။ ထိုစာအုပ်ကို စာပေ လောကစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

ဦးတင်ဟိန်းသည် ရတနာမွန်မဂ္ဂဇင်းနှင့် ဓမ္မရသမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း ဘာသာရေး၊ ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ဆောင်းပါးကောင်းများ ရေးသား ခဲ့သည်။ ဦးတင်ဟိန်း အမည်ရင်းဖြင့် "ယောဂီရှုဖွယ်ကျမ်း" ဆိုသည့် ဝိပဿနာရှုနည်း စာအုပ်တစ်အုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ အယ်ဒီတာအဖြစ် ၁၉၈၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ဦးတင်ဟိန်းသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် နယ်ချဲ့ဆန့်ကျင်ရေးနှင့် တော်လှန်ရေးတိုက်ပွဲများတွင် တက်ကြွထက်သန်စွာဖြင့် သခင်တင်ဟိန်းဘဝဖြင့် လှုပ်ရှား ဆောင်ရွက်ခဲ့သည့်အတွက် မော်ကွန်းဝင် ဒုတိယဆင့်ရရှိခဲ့သည်။

ဦးတင်ဟိန်းသည် ယခင် ရှင်မဟာဗုဒ္ဓဃောသကျောင်း၊ ယခု မော်လမြိုင်မြို့ အမှတ် (၉) အ. ထ. က နှစ်တစ်ရာပြည့် အထိမ်းအမှတ်အတွက် ရှင်မဟာဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိစာအုပ်ကို ရေးသားပြုစုခဲ့သည်။

ဦးတင်ဟိန်းသည် တင်ပဆုံရိုးကျိုးသွား၍ အိပ်ရာထဲလဲနေသည့်တိုင်အောင် အတွေးအမြင်စာစောင်အတွက် နောက်ဆုံးကွယ်လွန်သည့်လအထိ ဆောင်းပါးများ ရေးသွားခဲ့သည်။ လုံးဝထုတ်ဝေခြင်းမပြုရသေးသည့် "ကျောက်စိမ်းတွင်းဆီ သို့တစ်ခေါက်" စာမူနှင့် ဆောင်းပါးပေါင်းများစွာကျန်ရှိသေးသည်။

ဦးတင်ဟိန်းက သတင်းစာဆရာဘဝကို တင်ပြသွားခဲ့ပုံမှာ "သတင်းစာသမား တစ်ဦးသည် နေ့စဉ်နှင့်အမျှ ရေးစရာကော်လံတစ်ခုရှိခဲ့လျှင် မိမိကြားသိမြင် သရွေ့တို့ကို စာအုပ်တစ်အုပ်ဖြစ်သည်အထိ ဝန်ထုပ်ကြီးသဖွယ် လွယ်ပိုး သိမ်းပိုက်ထားလေ့မရှိပါ။ နေ့စဉ် ကြားသိမြင်နေရသမျှထဲမှ အများပြည်သူအတွက် အကျိုးရှိတန်သော သတင်းစကား အမျိုးမျိုးကို သတင်းစာထဲတွင် မီရာမှသွန်ချ ရေးသားပြီးမြဲဖြစ်သည်" ဟူ၍ဖြစ်သည်။

ဦးတင်ဟိန်းသည် သူ့ဘဝတစ်လျှောက်လုံးကျော်ကြားမှုကို လုံးဝမမက်မော၊ ငွေကြေးမျက်နှာကို လုံးဝမငဲ့ဘဲ၊ ယုံကြည်ရာလမ်းကို အညတြတစ်ယောက်ပမာ ဖြတ်သန်း သွားခဲ့သည့်အတွက် အင်မတန်အတုယူစရာကောင်းလှပါသည်။ ဘဝတစ်လျှောက်တွင် ဟိတ်ဟန်မရှိ၊ ကိန်းကြီးခန်းကြီးမနိုင်၊ အရိုးသားဆုံးနှင့် ဘဝကို ရဲဝံ့စွာဖြတ်သန်းခဲ့ပါသည်။

ဦးတင်ဟိန်းသည် နေ့စဉ်နှင့်အမျှ သတင်းစာစာမျက်နှာတွေထဲမှာ၊ အပတ်စဉ်နှင့် အမျှ ဂျာနယ်များထဲမှာ ကလောင်ကို လက်ကမချ၊ လူးလာတုံ့ပြန်ပြီးအနားမနေခဲ့သည့် ဦးတင်ဟိန်း၏ သတင်းကလောင်မှာ တဖျတ်ဖျတ်နှင့်တောက်ပနေဆဲပင်၊ လူသားများ ကောင်းကျိုးအတွက် စေတနာရှေ့ထားသည့် သတင်းစာဆရာပီပီ မြန်မာနိုင်ငံတွင် **"အမေနေ့လုံးဝမပေါ်ပေါက်မကျင်းပမီကတည်းက"** အမေနေ့ဖြစ်ပေါ်ထွန်းကား

လာစေဖို့ ၁၉၇၀ ပြည့်နှစ် ဩဂုတ်လက ဟံသာဝတီသတင်းစာ တနင်္ဂနွေအချပ်ပိုကဏ္ဍမှာ **“မိဘမေတ္တာ” ဆိုသည့် ခေါင်းတပ်ပြီး စာတမ်းငယ်တစ်စောင်ဖြင့် ရေးသား လှူဆော်ခဲ့သည်။**

ဦးတင်ဟိန်းက “စာပြုထက်စာစုခက်သည်၊ စာများများစုနိုင်မှ စာပြုရာ၌ ပြည့်စုံမည် ဟူသောအာစရိယဝါဒကို ကျွန်တော် ယုံကြည်ပါသည်” ဟုဆိုသည်။

ဦးတင်ဟိန်းသည် သူယုံကြည်ရာကိုသာ ဘဝတစ်လျှောက်လုံးလုပ်သွားခဲ့သည်မှာ သေချာလှသည်။ အလယ်ဟသအချိန် ဖြန်းမနေဘဲသတင်းစာသမားပီပီအိပ်ချိန်ကလွဲ၍ ရေဒီယိုနားထောင်၊ သတင်းနောက်လိုက်၊ သတင်းအတွေးနှင့် ဆောင်းပါးများရေး၊ ခရီးများ ထွက်၊ ခရီးသွားဆောင်းပါးများတတ်စွမ်းသမျှ ရေးပြီး လူထုအကျိုးသယ်ပိုးခဲ့သူဖြစ်သည်။

ဦးတင်ဟိန်းက “မြန်မာပြည်တွင်ထင်ရှားသောသတင်းစာဆရာတစ်ဦးဖြစ် ရန်မှာ မည်ကဲ့သို့ဖွဲ့ သတ္တိနှင့် အရည်အချင်းမျိုး ရှိရပါမည်နည်း။ လူငယ်အချို့က မိမိတို့ကိုယ်ကို စာရေးဆရာ၊ သတင်းစာဆရာဖြစ်ပြီဟု ထင်မှတ်နေကြသည်။ မြန်မာပြည်တွင် သတင်းစာ ဆရာတစ်ယောက်ဖြစ်ရန်မှာ ပြည်သူ့အကျိုးအတွက် ပြည်သူ့ဘက်မှရပ်တည်၍၊ နေ့စဉ် ရက်ဆက် နှစ်ပေါင်းများစွာ ရေးကြရပါသည်။ သို့တိုင်အောင်ပြည်သူ့ဆန္ဒနှင့် မကိုက်ညီ၍ ပြည်သူကလက်မခံပါက ထိုသူကို မည်သူကမျှ သတင်းစာဆရာ ဟူ၍ အသိအမှတ်ပြုမည် မဟုတ်ပေ။ ပြည်သူက လက်ခံအသိအမှတ်ပြုမှသာ သတင်းစာဆရာ ဖြစ်ကြရပါသည်။ မြန်မာပြည်က သတင်းစာဆရာဟူသောဘွဲ့သည် ပြည်သူကပေးသော ဘွဲ့ဖြစ်သည်။ ကိုယ့်ဟာ ကိုယ်ပေး၍ မရပေ။” ဟုဖွင့်ဆိုခဲ့သည်။

ဦးတင်ဟိန်း၏ စာပေလက်ရာများအနက်အချို့မှာ - မောင်မဲခရီးသွားဆောင်းပါး များ၊ ရှင်မဟာဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိ၊ မိုင်းဆတ်ရွှေတြိဂံမြေသို့တစ်ခေါက်၊ ယောဂီရှုဖွယ် ကျမ်းဟူ၍ဖြစ်သည်။

ဦးတင်ဟိန်းသည် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက် အသက် (၉၀) ပြည့်နှစ်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့ သားဖြစ်သူ ဦးချစ်တိုး၏ နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) **ကန်တော့ခံသက်ကြီးစာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိ (၁၃၆၁) စာ-၃၉။**

(၂) **အတွေးအမြင် (၂၀၀၅ခုနှစ်၊ ဇွန်လ) စာစဉ် (၁၇၃)၊ စာ-၁၉၅-၂၀၁။**

# ဦးတင်အေး (စစ်ကိုင်းအေးလွင်)



သတင်းစာဆရာ၊ စာရေးဆရာ စစ်ကိုင်းအေးလွင် အမည်ခံ ဦးတင်အေးကို ၁၉၁၄ ခုနှစ်တွင် အဖ ဦးဘရီနှင့် အမိ ဒေါ်တင်သန်း တို့မှ စစ်ကိုင်းမြို့ မင်းလမ်းရပ်၌ မွေးဖွားခဲ့သည်။

ဦးတင်အေးသည် စစ်ကိုင်းမြို့၊ အမှတ် (၁) အထက်တန်းကျောင်းနှင့် မန္တလေးမြို့ အမှတ် (၁) အထက်တန်းတို့တွင် ပညာဆည်းပူးခဲ့သည်။ အနုပညာပန်တျာကျောင်း (မန္တလေး) တွင် ပန်းချီပညာကို ဆည်းပူးခဲ့သည်။

ဦးတင်အေးသည် ၁၉၅၁ ခုနှစ်မှ စတင်၍ ကဗျာနှင့်ဆောင်းပါးများ ရေးသားခဲ့ သည်။ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလထုတ် စုံထောက်မဂ္ဂဇင်း၌ 'လားမားဘဏ်လူသတ်မှုကြီး' ဝတ္ထုဖြင့် စုံထောက်ဝတ္ထုလောကသို့ ဝင်ရောက်ခဲ့သည်။

ဦးတင်အေးသည် ဗဟိုရ်စည်သတင်းစာနှင့် မြတ်ဂုန်မဂ္ဂဇင်းတွင် ပန်းချီဆရာအဖြစ် လည်းကောင်း၊ အလွတ်ပညာသင်ကျောင်းဆရာအဖြစ်လည်းကောင်း၊ မန္တလေးသူရိယ သတင်းစာနှင့် ရွှေမန်းနေ့စဉ်သတင်းစာတို့တွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ စုံထောက် မဂ္ဂဇင်းစာတည်းအဖွဲ့ဝင်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့ပြီး နီလာရုပ်ရှင်စာစောင်နှင့် မန္တလေးရုပ်ရှင်ကုမ္ပဏီမှ စာစောင်များကို တာဝန်ခံတည်းဖြတ် ထုတ်ဝေပေးခဲ့သည်။

ဦးတင်အေးသည် စစ်ကိုင်းအေးလွင်၊ မင်းဇေယျာ၊ ဇော်ထွန်းအောင်၊ စုံထောက် စာရေးဆရာတစ်ဦးစသည့် ကလောင်အမည်များဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဘာသာပြန် တို့ကိုရေးသားခဲ့သည်။

ရုပ်ရှင်ဇာတ်လမ်း၊ ဗွီဒီယိုဇာတ်လမ်းများကိုလည်း ရေးသားခဲ့သည်။ လုံးချင်းဝတ္ထုများ ကို "ပြား (၆၀) တန်ခေတ်" မှ စတင်ရေးသားခဲ့ရာ ကွယ်လွန်သည့်အထိ လုံးချင်းစာအုပ် ပေါင်း (၃၀၀) ခန့် ထုတ်ဝေခဲ့သည်။

ဦးတင်အေးသည် ၁၉၈၇ ခုနှစ်၊ မေလ ၃၀ ရက်တွင် စစ်ကိုင်းမြို့ နေအိမ်၌ ကွယ်လွန် ခဲ့သည်။

**ကိုးကားရန်အညွှန်း။ မိုးသောက်ကြယ်မဂ္ဂဇင်း (၁၉၈၇) နိုဝင်ဘာ စာ -၂၀။**

# ဦးတင်အောင် (ဗန်းမော်တင်အောင်)



သတင်းစာဆရာ ဦးတင်အောင် စာရေးဆရာ ဗန်းမော်တင်အောင်ကို အဖ ကျောင်းဆရာ၊ တရားဟောဆရာ ချင်းအမျိုးသား ဦးနေနှင့် အမိ မော်တင်လိန်း ဂျဒ်ဆင် ကျောင်းထွက် ဒေါ်စောမြိုင် (ပဲခူးမြို့သူ) တို့မှ ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်တင်ဦး ဖြစ်သည်။

ဦးတင်အောင်သည် ပဲခူးအစိုးရ အထက်တန်းကျောင်းတွင် ၁၉၂၆ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ ပညာသင်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်မှ ၃၅ ခုနှစ်ကာလအတွင်း ဗန်းမော်မြို့ အလယ်တန်းကျောင်းတွင် ခုနစ်တန်းအောင်သည်အထိ ပညာသင်ယူခဲ့သည်ကို စိတ်စွဲယူကာ စာရေးဆရာဘဝ၌ ကလောင်အမည်တွင် ဗန်းမော်ထည့်ယူခဲ့သည်။ ၁၉၃၅- ၃၈ ခုနှစ်တွင် ရန်ကုန်မြို့ ဟိုက်စကူးကျောင်း၌ ဆယ်တန်းအောင်သည်အထိ ပညာသင်ယူခဲ့သည်။

ဦးတင်အောင်သည် ဆယ်တန်းအောင်ပြီးနောက် မြန်မာ့အလင်းသတင်းစာတွင် အလုပ်သင်သတင်းထောက်အဖြစ် အလုပ်စတင်လုပ်ခဲ့သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် စတီးဘရားသားကုမ္ပဏီသစ် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဗြိတိသျှစစ်တပ် အထက်မြန်မာပြည် တပ်ရင်းတပ်စုမှူး၊ ၁၉၄၅-၄၆ ခုနှစ်တွင် စတီးဘရားသား သစ်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပြီး ၁၉၄၆-၄၉ခုနှစ်တွင် သစ်ကုန်သည် သစ်အဝယ်တော်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

ဦးတင်အောင်သည် ၁၉၃၈ ခုနှစ်တွင် မောင်တင်အောင် ကလောင်အမည်ဖြင့် ရေးသားသော 'ဘုန်းမေ့နိုင်ဘူး' ဝတ္ထုဖြင့် စာပေလောကသို့ ပထမဆုံးဝင်ရောက်ခဲ့သည်။ ထိုမှဆက်လက်၍ 'မြန်မာ့ရုပ်ရှင်' 'ဘားမားဂျာနယ်' 'မြန်မာ့တာဝန်' မဂ္ဂဇင်းများတွင် ဝတ္ထုများကို ရေးသားခဲ့သည်။ ၁၉၃၉ ခုနှစ်၌ 'မဟာအောင်' ကလောင်အမည်ဖြင့် 'ဂျာနယ်ကျော်' တွင် 'စစ်ထွက်ယောကျ်ား' ဝတ္ထုတို့ကိုရေးသားခဲ့သည်။ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလထုတ် 'ဂျာနယ်ကျော်'တွင်ပါသော 'နော်မူဂေး' ဝတ္ထုတိုမှစတင်၍ 'ဗန်းမော်တင်အောင်' ကလောင်အမည်ကို ယူခဲ့သည်။

၁၉၄၉ ခုနှစ်တွင် 'တာရာမဂ္ဂဇင်း'၌ တွဲဖက်အယ်ဒီတာ တာဝန်ကိုယူကာ လုပ်ဆောင်ပေးခဲ့သည်။ ၁၉၅၀ ပြည့်နှစ်၌ 'လင်းယုန်'ဂျာနယ်ကို အယ်ဒီတာနှင့် ထုတ်ဝေသူ

အဖြစ် တာဝန်ယူကာ စတင်ထုတ်ဝေခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် 'လင်းယုန်'သတင်းစာကိုပါ ပူးတွဲထုတ်ဝေခဲ့သည်။

ဦးတင်အောင်ကို သူရေးသော 'သူပုန်ကြီး' 'ပြည်တွင်းစစ်' 'အမေ' နှင့် ' ပြည်တော်သာ ခင်ခင်ဦး' ဝတ္ထုများအတွက် ဖဆပလ အစိုးရက ၁၉၅၂ ခုနှစ် ဩဂုတ်လ ၂၇ ၇က်နေ့က ဖမ်းဆီး၍ တရားဆွဲကာ ထောင်ဒဏ် (၇) နှစ် အပြစ်ပေးခဲ့သည်။

ဦးတင်အောင်သည် ထောင်တွင်း၌ စာရေးဆရာများ များပြားလာသောအခါ လူထု ဦးလှနှင့် အတူကြီးမှူးပြီး ထောင်တွင်းစာဆိုတော်နေ့ကို ကျင်းပသည်။ ထိုနေ့တွင် ထောင်သို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဖိတ်ကြား၍ စာရေးဆရာများက ကန်တော့ကြသည်။ လူထု ဦးလှနှင့် ဦးတင်အောင်တို့က စာဆိုတော်နေ့အကြောင်း ဟောပြောကြသည်။ ထောင်တွင်းရောက် စာရေးဆရာများက ပြဇာတ်များကို စီစဉ်ကပြကြသည်။ ထိုစဉ်က စာရေးဆရာ သတင်းစာဆရာ အကျဉ်းသားများမှာ လူထုဦးလှ၊ ဗန်းမော်တင်အောင်၊ ရွှေမား၊ ကိုလှခင် (ဆန်းညွန့်ဦးလှခင်)၊ ကိုနေဝင်း (စာရေးဆရာ မောင်နေဝင်း)၊ ကိုသန်းစော (အင်္ဂလိပ်လုပ်သားသတင်းစာ အယ်ဒီတာချုပ်)၊ ကိုထွေးမြင့်၊ ကိုမောင်မောင် (လင်းယုန်မောင်မောင်)၊ ကိုသန်းတင် (မိုးဟိန်း)၊ ကိုဖုန်း၊ ဗိုလ်ထိန်လင်း (ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်)၊ လေထီး ဦးအုန်းမောင် (ဖျာပုံ) တို့ဖြစ်သည်။

ဦးတင်အောင်သည် ဖဆပလ အစိုးရခေတ်တွင် စာပေအရေးအသားကြောင့် ပထမဆုံးအဖမ်းခံရ၍ အကျဉ်းကျခြင်း ခံရသူဖြစ်သည်။ ထောင်မှလွတ်ပြီး လင်းယုန် သတင်းစာ ထုတ်ဝေခဲ့သည်။ 'မုန်တိုင်းကထန်' 'မြိုင်' စသော ဝတ္ထုများကိုရေးသည်။ **ထောင်အတွင်းရေးသားခဲ့သော 'ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်း'** ကိုထုတ်ဝေခဲ့သည်။

ဦးတင်အောင်သည် ၁၉၅၈ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်တွင် ထောင်ထဲ ပြန်ရောက်ခဲ့ပြီး၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ထောင်မှလွတ်မြောက်ခဲ့သည်။ ထောင်မှလွတ်ပြီး 'ချစ်အဏ္ဏဝါဘွဲ'၊ 'ရဲဘော်အောင်ဒင်'၊ 'ရိုးမတိုက်ပွဲ'၊ စသော ဝတ္ထုများ ကိုလည်းရေးသားခဲ့သည်။

၁၉၅၀-၅၁ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁-၁၉၆၃ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) အမှုဆောင်လူကြီးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၅၇-၁၉၆၃ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်ခဲ့သည်။

ဦးတင်အောင်သည် ၁၉၆၃ ခု၊ နိုဝင်ဘာလထဲတွင် တော်လှန်ရေးကောင်စီနှင့် တောတွင်းလက်နက်ကိုင် အင်အားစုများ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အပျက်တွင် အဖမ်းခံရပြန်သည်။ ကိုကိုးကျွန်းသို့ အပို့ခံရသည်။ ကိုကိုးကျွန်းတွင် ဒုက္ခမျိုးမျိုးတွေ့ကြုံရင်ဆိုင်ခဲ့ရပြီးနောက် ၁၉၇၂ ခုနှစ် မတ်လထဲတွင် လွတ်မြောက်လာသည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပြည်ထောင်စု မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။

**ဦးတင်အောင်သည် အကျဉ်းထောင်နှင့် ကျွန်းတွင် စုစုပေါင်း (၁၃) နှစ်မျှ နေထိုင်ခဲ့ရသည်။**

ဦးတင်အောင်ရေးသားခဲ့သော စာပေလက်ရာများအနက် အချို့မှာ ဘုန်းမောင်တစ်ယောက်ထဲရယ်၊ လွမ်းရစ်တော့ သက်လှယ်ရယ်၊ ဒေါက်တာရေချမ်း၊ မုန်တိုင်းထဲကလူ၊ သူပုန်ကြီး၊ ပြည်တော်သာခင်ခင်ဦး၊ ရေမြေဆုံးစေတော့ကွယ်၊ အတာနှင့်အညာတြ၊ မုန်တိုင်းကထန်၊ ချောကလက်ဗိုလ်ကြီး၊ မမကြီး၊ မောင်လွမ်းဝေ၊ ငြေ၊ ပါမောက္ခအုန်းကျော်၊ ချစ်အဏ္ဏဝါဘွေ၊ ရဲဘော်အောင်ဒင်၊ မိအေး၊ ရွှေပြည်တော်မျှော်လေတိုင်းဝေး၊ ဟောဝန်ပန်းမြိုင်၊ ပုဂံရွှေပြည်၊ သူ့ဇာတ်ကောင်၊ သူ့ဝတ္ထု၊ သူ့စာရေးဆရာ၊ မြန်မာနိုင်ငံတော်သမိုင်း၊ ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း၊ ဆိုရှယ်လစ်ဋီကာ၊ ဆိုရှယ်လစ်အဘိဓာန်၊ ဘာလင်ပြဿနာ၊ တတိယကမ္ဘာစစ်ကြီးဖြစ်မည်လော၊ အဏုစကြာဝဠာနှင့် မဟာစကြာဝဠာ၊ အိန်စတိန်းနှင့် သူ၏ဓမ္မတရား၊ ရုပ်ကမ္ဘာ စသည်တို့ဖြစ်သည်။

ဦးတင်အောင် နောက်ဆုံးပြုစုရေးသားခဲ့သော စာအုပ်မှာ လူဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် စာပေဗိမာန်ဆုတွင် ဝတ္ထုရှည်ဆုအဖြစ် အောင်လင်း၏ "အရိုင်းစပယ်" နှင့် "မမကြီး" တို့ကို တွဲဖက်ပေးခဲ့သော်လည်း ဆုလက်ခံရယူခြင်း မပြုခဲ့ပေ။

ဦးတင်အောင်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးစအချိန်မှစတင်၍ ယနေ့မျက်မှောက်ကာလတိုင် ခေတ်ပေါ် မြန်မာစာပေလောက၌ အထူးထင်ရှားသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ဦးတင်အောင်သည် ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) **ဒဂုန်ရွှေမျှား။ မြန်မာနိုင်ငံစာပေဆုများ၊ စာ ၈၆-၈၈။**

(၂) **မလိခ၊ မြန်မာစာပေအဘိဓာန်၊ ၄ - စာ ၂၇၀-၂၇၃။**

(၃) **မလိခ၊ မြန်မာဝတ္ထုအညွှန်း၊ (၁) စာ၂၈၆-၃၀၁။**

(၄) **ပါရဂူ-ဗန်းမော်တင်အောင်ဋီကာ။**

(၅) **ရာပြည့်ဦးစိုးညွှန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၁၀၃-၁၀၅။**



# ဦးတင်အောင် (တက္ကသိုလ်နန္ဒမိတ်)

တက္ကသိုလ် နန္ဒမိတ်အမည်ခံ သတင်းစာဆရာ ဦးတင်အောင်ကို ၁၉၂၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အဖ မြို့ပိုင် ဦးမောင်မောင်ကြီး၊ အမိ ဒေါ်ရွှေ တို့က ရခိုင်ပြည်နယ် တောင်ကုတ်မြို့၌ဖွားမြင်ခဲ့သည်။

ဦးတင်အောင်သည် တောင်ကုတ်မြို့ တိုင်းရင်းမြန်မာအလယ်တန်းကျောင်းတွင် ပဥ္စမတန်းထိ ပညာသင်ယူခဲ့သည်။ ထို့နောက်သံတွဲမြို့ အင်္ဂလိပ်-မြန်မာအစိုးရ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် သံတွဲကျောင်းမှပင် တက္ကသိုလ်ဝင်စာမေးပွဲကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဝိဇ္ဇာတန်း နောက်ဆုံးနှစ်စာမေးပွဲကို မဖြေတော့ဘဲ တက္ကသိုလ်မှ ထွက်ခဲ့သည်။

ဦးတင်အောင်သည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်နေစဉ်မှာပင် တက္ကသိုလ်စာပေလှုပ်ရှားမှုများတွင်ပါဝင်ခဲ့ကာ ဝတ္ထုတို၊ ဝတ္ထုရှည်များရေးသားခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် မြန်မာကဏ္ဍ တွဲဖက်စာတည်းအဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသူ၊ ကျောင်းသားများ မဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်ရခိုင်အသင်းက ကြီးမှူးကျင်းပသည့် ဝတ္ထုတိုပြိုင်ပွဲတွင် "ကဗျာတစ်ကျော့" ဝတ္ထုတိုဖြင့် ပထမဆုရခဲ့သည်။ တက္ကသိုလ် နန္ဒမိတ်ကလောင်အမည်ဖြင့် တက္ကသိုလ်ထုတ်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

ဦးတင်အောင်သည် ဂျပန်ခေတ်တွင် ဂျပန်တော်လှန်ရေးလုပ်ငန်းကို ကွယ်လွန်သူ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်ရင်နှင့်အတူ လက်တွဲလုပ်ဆောင်ခဲ့သည်။ တက္ကသိုလ်မှထွက်ပြီးနောက် တိုးတက်ရေးသတင်းစာတွင် လက်ထောက်အယ်ဒီတာ၊ ၁၉၅၃ ခုနှစ်တွင် ဝါးခယ်မမြို့ အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ၊ ၁၉၅၄ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းတိုက်ထုတ် "ရောင်ခြည်ဂျာနယ်" အယ်ဒီတာ၊ ထို့နောက် ၁၉၅၄ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း၌ တာဝန်ခံစာတည်းမှသည် ၁၉၆၀ ပြည့်နှစ်တွင် အယ်ဒီတာချုပ်အထိဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရုပ်ရှင်ပဒေသာမဂ္ဂဇင်း အယ်ဒီတာအဖြစ်လည်းကောင်း၊ ထိုစဉ်မှာပင် နဝဒေးမဂ္ဂဇင်းစာတည်းချုပ်အဖြစ်လည်းကောင်း၊ စုံထောက်မဂ္ဂဇင်းကို ဦးစီးတည်ထောင်သူနှင့် စာတည်းအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

နောက်ပိုင်းတွင် သံတွဲမြို့သို့သွားရောက်နေထိုင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် စစ်ပြန်မဂ္ဂဇင်း အယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်မှာ ကွယ်လွန်သည်အထိဖြစ်သည်။

ဦးတင်အောင်သည် တက္ကသိုလ်နန္ဒမိတ်ကလောင်အမည်ဖြင့် သွေးသောက်၊ တာရာ၊ စာပေသစ်၊ ကြေးမုံ၊ ဂျာနယ်ကျော် တို့တွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ပြဇာတ်၊ ကဗျာ၊ ဘာသာပြန်များကိုရေးသားခဲ့သည်။

ဦးတင်အောင်သည် တက္ကသိုလ်နန္ဒမိတ်ကလောင်အမည်ဖြင့် ရေးသားထုတ်ဝေခဲ့သောစာအုပ်အချို့မှာ နန္ဒာပုလဲ၊ စာရေးချင်သောသူများသို့၊ မြန်မာပြည် စစ်မြေပြင်၊ အင်ဖာတိုက်ပွဲ၊ စောကြိုလှည့်ပါ၊ မန္တလေးကိုဖြတ်၍၊ မြဝတီစစ်ကြောင်း၊ ပန်းဝါစစ်ကြောင်း၊ ရွှေပြည်ကြီး၊ ဗန္ဓုလခံတပ်၊ ယုံကြည်ချက်အတွက် အသက်စွန့်သူများ၊ သင်ကြားပါလေဦး ဆရာ၊ ဆယ်ပြည်ထောင်ချော့တော့မပြုံး၊ စောနန္ဒာ၊ ထောင့်ကိုးရာ လေးဆယ့်နှစ်၊ မြစ်ကြီးနားတိုက်ပွဲ စသည့်စာအုပ်များဖြစ်သည်။

ဦးတင်အောင်သည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံနှင့်စပ်ဆိုင်သောစစ်ပွဲမှတ်တမ်း ဘာသာပြန်များကိုလည်း ရေးသားခဲ့သေးသည်။ ထူးခြားလှပဆုံးနှင့် ပြောစမှတ်အပြုရဆုံးလက်ရာမှာ "နန္ဒပုလဲ" ပင်ဖြစ်သည်ဟု မှတ်သားခဲ့ရသည်။

ဦးတင်အောင်သည် ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မလိခ၊ မြန်မာဝတ္ထုအညွှန်း (၁)။ စာ ၁၉၈ ၂၀၉။**

**(၂) မလိခ၊ မြန်မာစာပေအဘိဓာန် (၂) စာ ၃၀၉။**

**(၃) မောင်ကျော်သာ၊ တစေ့တစောင်း စာရေးဆရာတို့၏အကြောင်း၊ စာ ၁၀၉-၁၂၄။**

**(၄) နတ်နွယ်၊ မိမိနှင့်စာရေးဆရာများ၊ စာ ၃၃၈-၃၄၀။**

**(၅) စာရေးဆရာများ၊ တက္ကသိုလ်နန္ဒမိတ် (သို့မဟုတ်) ကောင်းကင်နှင့် မြေကြီးကိုတောင်းခံသူ (၂၀၀၄)။**

**(၆) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၇)၊ စာ ၁၇၁ ၁၇၂။**

**(၇) ရာပြည့်ဦးစိုးညွှန့် ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀။ စာ ၁၁၈-၁၂၀။**

## ဦးတင့်ဆွေ (ဂျာနယ်ကျော်တင့်ဆွေ)



မြန်မာသတင်းစာလောကတွင် ဂျာနယ်ကျော် တင့်ဆွေ အမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးတင့်ဆွေကို အဖ ဦးသာထို (ဦးသာလူ)၊ အမိ ဒေါ်စောမြတို့မှ ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၊ စမ်းချောင်း ရပ်၌ မွေးဖွားသည်။

ဂျာနယ်ကျော် ဦးတင့်ဆွေသည် ရန်ကုန်မြို့မအထက်တန်းကျောင်း၌ ၁၀ တန်း အထိ ပညာသင်ယူခဲ့သည်။ အထက်တန်းကျောင်းသားဘဝကပင် ရန်ကုန်မြို့၊ အစိုးရဟိုက်စကူးကျောင်းမဂ္ဂဇင်း၊ ဝံသယုဝမဂ္ဂဇင်းတို့၌ ဆောင်းပါးများ၊ ဝတ္ထုများကို ရေးသားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် သတင်းစာလောကနှင့် စာပေလောကသို့ တစ်ပြိုင်တည်း ဝင်ရောက်ခဲ့သည်။ ထိုနှစ်မှာပင် တင်လေးမြင့် ကလောင်အမည်ဖြင့် ကလဲ့စားချေသူ ဝတ္ထုကိုရေးခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဂျာနယ်မဂ္ဂဇင်းများ၌ ဝင်ရောက်ရေးသားရာမှစ၍ ဂျာနယ်ကျော်တင့်ဆွေဟူသော ကလောင်အမည်ကို ခံယူခဲ့ခြင်းဖြစ်သည်။

ဂျာနယ်ကျော်ဦးတင့်ဆွေ၏ အခြားကလောင်အမည်များမှာ ကိုကိုသိ၊ မောင်တင့်ဆွေ၊ ပြည်သူ့ဟစ်တိုင်၊ တင့်ဆွေ၊ တင်လေးမြင့်၊ တင်လေးအောင်၊ ပေါ်လွင်၊ ရွှေရိုးကြီး စသည်တို့ဖြစ်သည်။

၁၉၃၇ ခုနှစ်မှစ၍ ဆယ်သန်း၊ လမ်းညွှန်၊ သူရိယ၊ ဟံသာဝတီ၊ ဂါးဒီးယန်း၊ အမျိုးသားနှင့် ပြည်ထောင်စုသတင်းစာများ၌ သတင်းထောက်၊ သတင်းထောက်ချုပ်၊ သတင်းအယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာအထိ အဆင့်ဆင့်လုပ်ကိုင်ခဲ့သည်။ အေပီ၊ ယူပီ စသည့် နိုင်ငံခြားသတင်းဌာနများတွင် သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာ အသင်းအမှုဆောင်အဖွဲ့ အထွေထွေ အတွင်းရေးမှူးတာဝန်ကို ယူခဲ့သည်။ မြန်မာနိုင်ငံသတင်းစာဆရာများအသင်းနှင့် မြန်မာပြည်သတင်းထောက်များအသင်းတို့တွင်လည်း အမှုဆောင်တစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။

ဂျာနယ်ကျော်တင့်ဆွေသည် ဂျော်လီ ဆောရီး၊ ဒီလှိုင်းကလေးများခြေရာ စသည့် ဝတ္ထုများနှင့် ကမ္ဘာဖြူ (၁၉၅၀) အမည်ရှိ သိပ္ပံဝတ္ထု၊ တိုင်းပြည်နှင့် လူမျိုးအတွက် (၁၉၆၆)၊ အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းနောက်ခံပြုဝတ္ထု စသည်ဖြင့်

ကွယ်လွန်ချိန်အထိ လုံးချင်းဝတ္ထု (၁၅) အုပ်ခန့် ရေးသားခဲ့သည်။

သတင်းစာလောက၌ နှစ်ပေါင်းသုံးဆယ်နီးပါးမျှ ကျင်လည်ခဲ့သူပီပီ သတင်းစာပညာအခြေခံ (၁၉၅၂)၊ ကလောင်စစ်သားနှင့် အနှစ်နှစ်ဆယ်ကျော်က ဟူသော သတင်းစာအတတ်ပညာဆိုင်ရာကျမ်းနှင့် သတင်းစာလောကအတွေ့အကြုံ စာအုပ်များကိုလည်း ရေးသားခဲ့သည်။

"သတင်းစာအခြေခံပညာ" စာအုပ်သည် ၁၉၅၂ ခုနှစ်၊ စာပေဗိမာန် စာပဒေသာဆုရစာအုပ်ဖြစ်ပြီး၊ "ကလောင်စစ်သား"သည် ၁၉၆၆ ခုနှစ် အမျိုးသားစာပေဆု၊ စာပဒေသာ စတုတ္ထဆုရစာအုပ်ဖြစ်သည်။ ဂျာနယ်ကျော်တင့်ဆွေသည် သတင်းစာဆရာအသင်း၏ စတုတ္ထမဏ္ဍိုင်ဆုမှ အကောင်းဆုံးသတင်းထောက်ဆု ရရှိခဲ့သူလည်းဖြစ်သည်။

ဂျာနယ်ကျော်တင့်ဆွေသည် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ။ စာ ၃၉-၄၀။

(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၃)၊ စာ ၁၉၅-၁၉၆။

(၃) ရာပြည့်ဦးစိုးညွှန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀ စာ ၉၀-၉၂။

# ဦးတင့်ဆွေ (ရွှေဘိုမောင်လတ်တူ)



သတင်းစာဆရာဦးတင့်ဆွေကို ၁၉၀၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် အဖ စာတော်ပြန်ဝန်ထောက် ဦးဖိုးဖြူ၊ အမိ ကဝိမျက်မှန် စာပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်အေးမေတို့မှ ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။

ဦးတင့်ဆွေငယ်စဉ်က အစိုးရဟိုက်စကူးကျောင်းတွင် ပညာသင်ကြား၍နေခိုက် ၁၉၂၀ ပြည့်နှစ်၊ ပထမအကြိမ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာသဖြင့် မြို့မကျောင်းသို့ပြောင်းရွှေ့ကာ ပညာဆက်လက်ဆည်းပူးသည်။ ဦးတင့်ဆွေ ကောလိပ်ကျောင်းသို့ရောက်သောအခါ ပင်နီအင်္ကျီ၊ ချည်လုံချည်ဝတ်သည့် ဝံသာနုကျောင်းသား တစ်ဦးဖြစ်ခြင်းကြောင့် အင်္ဂလိပ်ဆရာကြီးများ၏ ငြိုငြင်မှုကိုခံရသည်။ **ကောလိပ်ကျောင်းတွင်နေစဉ် ဝန်ကြီးဟောင်း ဦးရာရှစ်၊ သံတွဲအမတ်ကြီး ဦးကျော်ခင်၊ အိုင်စီအက်စ်ဦးအုန်း အစရှိသည့် ကျောင်းသားကြီးများနှင့် ညှိနှိုင်းကာ တက္ကသိုလ်သမဂ္ဂကို စတင်တည်ထောင်ခဲ့သည်။**

ဦးတင့်ဆွေသည် ၁၉၂၇ ခုနှစ်၊ ကျောင်းသားဘဝတွင်ရှိနေခိုက် ကဝိမျက်မှန် မဂ္ဂဇင်းတွင် တာတေဟူသော ကလောင်အမည်နှင့် ရွှေဘိုမောင်လတ်တူဟူသော ကလောင်အမည်တို့ဖြင့် လျှို့ဝှက်စွာ ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။ တာတေ အမည်ဖြင့် စုန်း၊ ကဝေ၊ တစ္ဆေ စသော နာနာဘာဝဝတ္ထုများကို ရေးသားခဲ့သည်။

ဦးတင့်ဆွေသည် ရွှေဘိုမောင်လတ်တူ ဟူသော ကလောင်အမည်ခံယူရခြင်းမှာ စပယ်ပင်၊ ရွှေပြည်စိုးဝတ္ထုများကို ရေးသားခြင်းဖြင့် စာပေနယ်တွင် ကျော်စောထင်ရှားခဲ့သော ရွှေဘိုအနွယ်အဆက် ဦးလတ်၏ တူဖြစ်သည်ဟူသောအဓိပ္ပာယ်နှင့် ထိုကလောင်အမည်ကို ခံယူလိုက်ခြင်းဖြစ်သည်ဟု မှတ်သားရသည်။

ဦးတင့်ဆွေသည် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ကို ၁၉၃၀ ပြည့်နှစ်တွင်ရရှိခဲ့ပြီး၊ ၁၉၃၃ ခုနှစ်တွင် ဘီအယ်လ်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၃၅-၃၇ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ၌ ပညာသင်ယူခဲ့ပြီး D.T နှင့် F.R.H.S ဘွဲ့ကို အိက္ကဆီတာတက္ကသိုလ်မှ ရရှိခဲ့သည်။ ကျေးလက်ပညာရေးအတွက် Scotland Wales, အိုင်ယာလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ဒိန်းမတ်၊ နော်ဝေးနှင့် ဆွီဒင်နိုင်ငံများသို့ လှည့်လည်လေ့လာခဲ့သည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၀

ပြည့်နှစ်အထိ၊ မန္တလေးမြို့အစိုးရ နော်မန်ဆရာဖြစ်သင်ကျောင်းတွင် ကျောင်းအုပ်ကြီး အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၀-၄၁ ခုနှစ်တွင် သတင်းနှင့် သတင်းဖြန့်ချိရေးဝန်ကလေးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုအပြင် ဝန်ကြီးချုပ်၏ အတွင်းရေး အတွင်းဝန်ဖြစ်လည်းကောင်း၊ ပြန်ကြားရေး၊ ဝါဒဖြန့်ချိရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အတွင်းဝန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၄၂-၄၄ ခုနှစ် ဂျပန်ခေတ်တွင် ဒေါက်တာဘမော်၊ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည်။ ၁၉၄၅-၄၈ ခုနှစ်အတွင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော BURMAN သတင်းစာကိုစတင်တည်ထောင်ထုတ်ဝေခဲ့ပြီး အယ်ဒီတာချုပ် အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅-၄၉ ခုနှစ်အတွင်း မြို့မအမျိုးသားကျောင်းတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေစဉ် ၁၉၅၀ ပြည့်နှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံဆိုင်ရာ သီဟိုဠ်သံအမတ်ကြီးအဖြစ်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသည်။ ၁၉၅၂ ခုနှစ်တွင် (၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ဦးတင့်ဆွေသည် ဒီမိုကရေစီသဘောကို မသိသေးသူတို့ သိကြလေအောင် မေ့နေသူတို့ သတိရကြရလေအောင် ဆိုသည့်စေတနာဖြင့် ၁၉၄၆ ခုနှစ်တွင် ကိုယ်တိုင်ပြုစုခဲ့သော “ဒီမိုကရေစီစိတ်ထား” ဟူသောစာအုပ်ကို ထုတ်ဝေခဲ့သည်။

ဦးတင့်ဆွေသည် ၁၉၂၇ ခုနှစ်၊ ကျောင်းသားအရွယ်ကပင် တာတေ၊ ရွှေဘိုမောင်လတ်တူ အမည်များဖြင့် ဆောင်းပါးဝတ္ထုများ ရေးသားခဲ့သည်။ တာတေဝတ္ထုများဖြင့် စာပေနယ်တွင်ကျော်ကြားခဲ့သူဖြစ်သည်။

ဦးတင့်ဆွေသည် သံအမတ်ကြီးတာဝန်ထမ်းဆောင်နေစဉ် ၁၉၅၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် သီဟိုဠ် (သီရိလင်္ကာ) ၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။ မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ စာ-၃၄၀-၃၄၂။**

# ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)



စာရေးဆရာ၊ အယ်ဒီတာ သတင်းစာဆရာဦးထင်ကြီးကို ၁၉၁၆ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အဖဦးစံနှင့် အမိ ဒေါ်ခင်တိုး တို့က မြင်းခြံမြို့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးတင်မောင်ဖြစ်သည်။ အဘိုးမှာ သီပေါဘုရင်၏ စာတော်ဖတ် ဦးမောင်မောင်ကြွယ်နှင့် အဘွားမှာ သုသီရိဂန္ဓာဘွဲ့ခံ ယင်းမာချောင်း ခင်လေး ဖြစ်သည်။

ဦးထင်ကြီးသည် ၁၉၂၇ ခုနှစ်မှစ၍ မန္တလေးအေဘီအမ်အမျိုးသမီးကျောင်းတွင်လည်းကောင်း၊ ၁၉၃၀ ပြည့်နှစ်မှစ၍ မန္တလေးကယ်လီအေဘီအမ်အမျိုးသားကျောင်းတွင်လည်းကောင်း ပညာသင်ယူခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့ပြီး၊ ၁၉၃၅ - ၃၆ ခုနှစ်များတွင် ဥပစာကောလိပ်၌ ပညာသင်ယူခဲ့သည်။ ၁၉၃၉ ခုနှစ်၌ ဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

မန္တလေး ဥပစာကောလိပ် ကျောင်းသားသမဂ္ဂ နှစ်ပတ်လည်မဂ္ဂဇင်း၌ မောင်ထင်ကြီး ဟူသော ကလောင်အမည်ဖြင့် "ကုသနှင့်ကျွန်တော်" ဟာသဆောင်းပါးကို ရေးပြီး ပထမဆုံးပုံနှိပ်စာလုံးဖြင့် ဖော်ပြခြင်းခံရသည်။ ၁၉၃၅-၃၆ ခုနှစ်တွင် မန္တလေး ဥပစာကောလိပ်ကျောင်း မဂ္ဂဇင်း၊ အင်္ဂလိပ်စာ စာတည်း၊ မန္တလေးဥပစာကောလိပ်၊ ရိုဗာစကောက်ခေါင်းဆောင်၊ ၁၉၃၆ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂညီလာခံသတင်းနှင့် ဝါဒဖြန့်ချိရေးမှူး၊ ၁၉၃၆-၃၇တွင် နယူးဘားမားသတင်းစာ၊ ဥပစာကောလိပ်သတင်းထောက်နှင့် မန္တလေးသူရိယသတင်းစာ သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ် ဗိုလ်အောင်ကျော်အရေးအခင်းတွင် ပါဝင် လှုပ်ရှားသူအဖြစ်တာဝန်ယူခဲ့သည်။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလထုတ် ဘားမားဂျာနယ်တွင် ပါသော "အကြံကောင်းလျှင်တချက်" ဝတ္ထု၌ တက္ကသိုလ်ထင်ကြီး ကလောင်အမည်ကို အသုံးပြုခဲ့သည်။ ၁၉၃၉ ခုနှစ်၊ လန်ဒန်စာပေးစာယူသင်တန်းပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သည်။ ၁၉၃၉ ခုနှစ်နောက်ပိုင်း မှစ၍ "တက္ကသိုလ်ထင်ကြီး" ကလောင်အမည်ကို အသုံးပြုခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်မြန်မာစာအသင်းကို မိတ်ဆွေများနှင့် ပြန်လည် ထူထောင်ခဲ့သည်။ ထိုစဉ်က တက္ကသိုလ်မှ စာရေးဆရာများနှင့် ပြင်ပမှ မြန်မာစာရေးဆရာ များကို ရင်းနှီးဆက်သွယ်မှုရရှိအောင်ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံအစိုးရပညာတော်သင်အဖြစ် သတင်းစာပညာမဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုတာတက္ကသိုလ်မှ ၁၉၄၉ ခုနှစ်တွင် ရရှိခဲ့သည်။ မင်နီဆိုတာတက္ကသိုလ်မှာရှိစဉ် မြန်မာနိုင်ငံအကြောင်း ရောင်နီအမည်ရှိ သတင်းလွှာ ထုတ်ဝေခဲ့သည်။

၁၉၅၁ ခုနှစ် စာပေဗိမာန်တွင်ဝင်ရောက်အမှုထမ်းသည်မှ စ၍အမည်ရင်း ဦးထင်ကြီးဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ News Pix သတင်းဓာတ်ပုံဌာနတစ်ခုကို ဦးစီးတည်ထောင်ခဲ့သည်။ အိုးဝေနေ့စဉ် အယ်ဒီတာချုပ်၊ ပြင်သစ်သတင်းဖြန့်ချိရေး (အုပ်ချုပ်ရေးမှူး)၊ စာပေဗိမာန်မဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးထင်ကြီးသည် ၁၉၅၆ ခုနှစ် မှ ၁၉၅၉ ခုနှစ် အထိ ပြင်သစ်နိုင်ငံ ယူနက်စကို ဌာနချုပ်၌ စီစဉ်ရေးကျွမ်းကျင်ပုဂ္ဂိုလ် ( Programme Specialist) အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်၌ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ စာပေဗိမာန်အဖွဲ့ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရာမှ ၁၉၇၆ ခုနှစ် တွင်အငြိမ်းစားယူခဲ့သည်။

ဦးထင်ကြီးသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ် အထိ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၅ ခုနှစ်မှစတင်ပြီး ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအချိန်ပြည့်အဖွဲ့ဝင်ဖြစ်လာပြီး၊ ၁၉၉၁ ခုနှစ်၌ မြန်မာ့သမိုင်းအဖွဲ့၊ အချိန်ပိုင်းအဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဦးထင်ကြီးသည် ၁၉၉၂ ခုနှစ်အတွက် သုတပဒေသာ (ဝိဇ္ဇာ) အမျိုးသားစာပေဆုကို “မြန်မာနိုင်ငံသတင်းစာများအညွှန်း (ပထမတွဲ + ဒုတိယတွဲ) ဖြင့်ဆွတ်ခူးခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလတွင် အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ချီးမြှင့်ခြင်းကိုလည်း ခံခဲ့ရသည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးထင်ကြီးသည် ဗိုလ်တစ်ရာနှင့် အခြားဝတ္ထုများ (၁၉၄၅) ကိုထုတ်ဝေခဲ့သည်။ ဘာသာပြန်စာပေ (၁၉၇၀) ကို ပူးပေါင်းရေးသားခဲ့သည်။ အမေရိကန်ပြည်ထောင်စုထုတ် စာနယ်ဇင်း၊ သုံးလတစ်ကြိမ်စာစောင်များတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။

နယူးဘားမား၌ "စပက်ထရမ်" ဟူသော အင်္ဂလိပ်ကလောင်အမည်ဖြင့်လည်းကောင်း၊ နိုင်ငံခြားစာနယ်ဇင်းများ၌"မော်ဒန်ပလာဒင်" ကလောင်အမည်ဖြင့်လည်းကောင်း ဆောင်းပါးများ ရေးသားခဲ့သည်။

တက္ကသိုလ်ကျောင်းတိုက်၊ မဂ္ဂဇင်းများတွင် "မောင်အုန်းတင်" ကလောင်အမည်ဖြင့်လည်း ရေးသားခဲ့သည်။ ဂျာနယ်ကျော်တွင်မူ "ဘချော" ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။

ဦးထင်ကြီးသည် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ကန်တော့ခံသက်ကြီးစာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိ (၁၃၆၂) စာ-၁၀၈၊ ၁၀၉။**

**(၂) ပြန်/ဆက်စာတည်းအဖွဲ့၊ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့်စာစုစာရင်း၊ စာ ၈၉-၉၁။**



## ဦးထွန်းတင် (မန်းတင်)

စာရေးဆရာ မန်းတင် သတင်းစာဆရာဦးထွန်းတင်ကို ၁၉၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မန္တလေးမြို့၌ အဖ ဦးကံကြီး၊ အမိ ဒေါ်ဖွားကြီးတို့မှ မွေးဖွားခဲ့သည်။

ဦးထွန်းတင်သည် ၁၉၃၇ ခုနှစ်တွင် ဆယ်တန်း အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။ ၁၉၃၉ ခုနှစ် ကျောင်းသား သပိတ်တွင် ပါဝင်လှုပ်ရှားခဲ့၍ ခေတ္တကျောင်းထုတ်ခြင်း ခံခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ကျိုက္ခမီမြို့နေ နယ်ပိုင်ကြီး ဦးဘသန်း၊ ဒေါ်အေးရင်တို့၏သမီး မသန်းတင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် အချိန်ပိုင်းနည်းပြဆရာ၊ ၁၉၄၂ ခုနှစ်တွင် မြောင်းမြဘီအိုင်အေမှ မြစ်ဝကျွန်းပေါ် သတင်းစဉ်အယ်ဒီတာအဖွဲ့ဝင်၊ စစ်သားစုဆောင်းရေးနှင့် သတင်းဖြန့်ချိရေးကို ဆောင်ရွက်ခဲ့သည်။ သာယာဝတီခရိုင်အတွင်း လက်ထောက်မြို့ပိုင်နှင့် မြို့ပိုင် ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုများကို လျှို့ဝှက်ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် သာရဝေါ၊ စစ်ကွင်း၊ သာယာဝတီတို့တွင် လက်ထောက်မြို့ပိုင်၊ မြန်မာ့တက်လမ်း သတင်းစာ စာတည်း၊ ၁၉၄၈ ခုနှစ်တွင် မိုးညိုမြို့ပိုင်၊ ၁၉၅၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးဝန်ထမ်းမှူး၊ ၁၉၅၁ ခုနှစ်တွင် သမဝါယမမဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၅၁-၅၂ ခုနှစ်တွင် မတ္တရာနယ်ပိုင်၊ ၁၉၅၂ ခုနှစ်တွင် ကျောက်ဆည်မြို့မဝန်ထောက်နှင့် ငွေတိုက်အရာရှိအဖြစ် ဆောင်ရွက် ခဲ့သည်။ ဆိုဗီယက်၊ ရုရှနှင့် တရုတ်ပြည်တို့သို့ သွားရောက်လေ့လာခဲ့သည်။

ဦးထွန်းတင်သည် ၁၉၅၂-၅၆ ခုနှစ်တွင်လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အမှုဆောင်အရာရှိ၊ ၁၉၅၆-၅၈ ဒုတိယအတွင်းဝန်၊ ၁၉၅၈-၅၉ ခုနှစ်တွင် သာယာဝတီ ခရိုင်ဝန်၊ အမေရိကန်နှင့်ကနေဒါနိုင်ငံများသို့ လယ်ယာမြေအုပ်ချုပ်ရေးပညာများကို ခြောက်လကြာ သွားရောက်လေ့လာခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်တွင်လယ်ယာနှင့် သစ်တော ဝန်ကြီးဌာန ဒုတိယအတွင်းဝန်၊ ၁၉၆၂-၆၄ မြေကြေးရှင်း အမှုဆောင်အရာရှိချုပ်၊ ၁၉၆၄-၆၉ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်၊ ၁၉၆၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ၁၉၆၆ ခုနှစ်တွင် အမေရိကန်နိုင်ငံများသို့ လေ့လာရေးအဖွဲ့ခေါင်းဆောင်၊ ၁၉၆၇-၇၂ ခုနှစ်တွင် ဧရာဝတီတိုင်းမင်းကြီး၊ ၁၉၇၂-၇၄ ခုနှစ်တွင် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး၊ ၁၉၇၄-၇၅ ခုနှစ်တွင် စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး၊

၁၉၇၅-၇၈ ခုနှစ်တွင် ပါကစ္စတန်နှင့် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

ဦးထွန်းတင်သည် ၁၉၈၅ ခုနှစ်တွင် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဝင်အဖြစ် ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ စာပေကို အထက်တန်းကျောင်းသားဘဝမှစ၍ စာနယ်ဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ဆောင်းပါးများကို ရေးသားခဲ့သည်။ မြို့ပိုင်မောင်ပြုံးချို၊ နယ်ပိုင်မောင်ပြုံးချို၊ ခရိုင်ဝန် မောင်ပြုံးချို၊ တိုင်းမင်းကြီးမောင်ပြုံးချို၊ သံအမတ်ကြီးမောင်ပြုံးချို စာအုပ်တို့ကို ရေးသား ခဲ့သည်။ ဘဝအတ္ထုပ္ပတ္တိများကိုလည်း ပထမအရွယ်၊ ဒုတိယအရွယ် (၁) နှင့် (၂) အထိ ရေးသားခဲ့သည်။

ဦးထွန်းတင်သည် ၁၉၅၆ ခုနှစ်တွင် "မော်စကိုမှ ရန်ကုန်သို့"စာအုပ်ဖြင့် စာပေဗိမာန်စာပဒေသာဆု၊ ၁၉၆၆ ခုနှစ်တွင် "ဂျူလီယက်ဆီဇာ"ပြဇာတ်ဖြင့် အမျိုးသား စာပေဆုတို့ကို ရရှိခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ဆုများရရှိခဲ့သည်။

ဦးထွန်းတင်သည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် ခဲ့သည်။

**ကိုးကားရန်အညွှန်း။ ။ (၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံ စာပေဆုများ။ စာ-၅၉။**



# ဦးထွန်းဖေ (ထွန်းနေ့စဉ် ဦးထွန်းဖေ)

ထွန်းနေ့စဉ် ဦးထွန်းဖေအမည်ခံ သတင်းစာဆရာ ဦးထွန်းဖေကို ၁၉၀၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်နေ့တွင် မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် သရက်ကောင်းပင်ရွာ၌ အဖ မြေတိုင်းစာရေး၊ ရိုးကန်ရွာအထူးအာဏာရသူကြီး ဦးဘိုလှ၊ အမိ ဒေါ်နန်းအေး တို့မှမွေးဖွားခဲ့သည်။

ဦးထွန်းဖေသည် ရိုးကန်ရွာဦးကျောင်းတွင် ကိုရင် တစ်ဝါဝတ်ခဲ့သည်။ မိတ္ထီလာ အေဘီအမ်ကျောင်းတွင် အတန်းပညာဆက်လက်သင်ယူခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် မန္တလေး ဗုဒ္ဓသာသနနုဂ္ဂဟကျောင်းမှ ဆယ်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင်နေစဉ် အဆိုအက ထူးချွန်ရုံသာမက ပတ္တလား၊ စန္ဒယား၊ တယောတူရိယာများကို ကျွမ်းကျင်စွာတီးနိုင်သဖြင့် ဂီတသမား အဖြစ် လူသိများခဲ့သည်။

ဦးထွန်းဖေသည် အထက်တန်းပညာသင်ယူနေစဉ် ဗြိတိသျှဗျူရိုကရေစီယူနီဗာစီတီ အက်ဥပဒေကိုကန့်ကွက်သည့် ၁၉၂၀ ပြည့်နှစ် ပထမကောလိပ်သပိတ်ကြီး ပေါ်ပေါက်လာသည့်အခါ တက်ကြွစွာ ပါဝင်ဆောင်ရွက်၍ သပိတ်ခေါင်းဆောင် ၂၆ ဦး ကော်မတီ၌ ရွေးချယ်ခြင်းခံခဲ့ရသည်။

ဦးထွန်းဖေသည် ၁၉၂၁ ခုနှစ်တွင် ရွှေဘိုအမျိုးသမီးကျောင်း၊ ဘိုကလေး အမျိုးသားကျောင်းများတွင် ဆရာအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ယောက္ခမမိဘများ၏ အပြုံအငြင်ခံ၍၊ အာမခံချက်မရှိသော သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၂၂ ခုနှစ် အသက် ၂၂ နှစ်အရွယ်တွင် သူရိယ၏ ဘားမား အော့ဗ်ဇားဗားသတင်းစာ (နောင်သောအခါနယူးဘားမား) အင်္ဂလိပ်သတင်းစာတွင် သတင်းထောက်အဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မြန်မာ့အလင်း နေ့စားသတင်းထောက်အဖြစ်လုပ်ကိုင်ရာ၊ ဂျီစီဘီအေ နှစ်ခြမ်းကွဲ သတင်း အရေးကောင်းသဖြင့် သူရိယဦးလှဖေက ခေါ်ယူ၍သူရိယသတင်းစာ သတင်းထောက်အဖြစ် ခန့်ထားခဲ့သည်။ ထိုအချိန်မှစ၍ သူရိယသတင်းစာသတင်းထောက်၊ သတင်းထောက်ချုပ်၊ ညအယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သည်။ ဦးထွန်းဖေ၏ “မောင်” အမည်ဖြင့် ရေးသားခဲ့သော စာအုပ်ဝေဖန်ခန်းမှာ လူကြိုက်များခဲ့သည်။

ဦးထွန်းဖေသည် ဆရာစံမကွယ်လွန်မီ သွားရောက်တွေ့ဆုံ အလှူခံ၍ ဆရာစံ၏ ချွေးနှီးစာ ဆေးကျမ်းစာမူခငွေဖြင့် လက်ဝဲစာအုပ်များဝယ်ပြီး၊ ဆရာစံပိဋကတ်တိုက် တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ဦးထွန်းဖေသည် ဂျပန်ခေတ်တွင် ဗမာ့ခေတ် သတင်းစာအယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၄၃ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသော မဟာအရှေ့အာရှတိုက် သတင်းစာညီလာခံသို့ တက်ရောက်ခဲ့သည်။ စစ်ပြီးခေတ် ဟံသာဝတီသတင်းစာအယ်ဒီတာချုပ်၊ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ သတင်းစာဆရာ အသင်းဥက္ကဋ္ဌအဖြစ် အရွေးခံရပြီး၊ သတင်းစာကိုယ်စားလှယ်အဖြစ် ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်လေ့လာခဲ့သည်။

ဦးထွန်းဖေသည် ၁၉၄၇ ခုနှစ်တွင် ဟင်္သာတအနောက်ပိုင်း မဲဆန္ဒနယ်မှ အမတ် အဖြစ် အရွေးခံရပြီးနောက်၊ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလတွင် ပြန်ကြားရေးဌာနဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၁ ခုနှစ်တွင် ရွှေဘိုခရိုင် ဝက်လက်မဲဆန္ဒနယ်မှ အမတ် အဖြစ် ရွေးခံရပြီး၊ ၁၉၅၂ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ယဉ်ကျေးမှုဌာနဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

ဦးထွန်းဖေသည် ယဉ်ကျေးမှုဝန်ကြီးအဖြစ် မြန်မာ့ယဉ်ကျေးမှုအဖွဲ့ကို ဦးဆောင်ကာ ၁၉၅၂ ခုနှစ်၌ တရုတ်ပြည်သူ့သမတနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုနှင့် သဘောကွဲလွဲ၍ ဝန်ကြီးအဖြစ်မှ နုတ်ထွက်လာခဲ့သည်။ ထိုနှစ်အောက်တိုဘာ ၂၇ ရက်နေ့တွင် ထွန်းနေ့စဉ် သတင်းစာတိုက်ကိုတည်ထောင်ကာ အယ်ဒီတာချုပ်အဖြစ်လုပ်ကိုင်ခဲ့သည်။

ဦးထွန်းဖေသည် သူသွားခဲ့သည့်ခရီးစဉ်များတစ်လျှောက် မှတ်စုစာအုပ်ကို အမြဲ ဆောင်လေ့ရှိသည်။ မြင်သမျှ၊ တွေ့သမျှ၊ တွေးမိသမျှ၊ ခံစားမိသမျှကို မှတ်စုတွင် "တို့" ထားခဲ့သည်။ ယင်းတို့ကို ၁၉၅၄ ခုနှစ်တွင်"ထွန်းနေ့စဉ်" ၌ သုံးလနီးပါးမျှ အခန်းဆက် ဆောင်းပါးများအဖြစ်ဖော်ပြခဲ့၏။

ဦးထွန်းဖေ၏ မှတ်စုများမှာ အကြောင်းအရာအလိုက် အသက်ဝင်လှပါသည်။ သတင်းစာဆရာပီပီ အရာရာကိုစူးစမ်းသည်။ မြင်အောင်ကြည့်သည်၊ အမေးအမြန်း ထူသည်၊ မေးလွန်းသောကြောင့် အမေးခံရသူတို့ ကသိကအောက်ဖြစ်ရသောအခါ များလည်းရှိသည်။

ဦးထွန်းဖေသည် သတင်းစာဆရာအပြင် စာရေးဆရာဖြစ်သည့်အတွက် သူမြင်တွေ့ရသော မြင်ကွင်းများ၏နောက်ကွယ်မှ ဇာတ်လမ်းကလေးများကို "စဉ်" ကြည့်သည်။ ဝတ္ထုဖန်တီးကြည့်သည်။ ပစ္စုပ္ပန်ကို အတိတ်နှင့်ဆက်စပ်ကြည့်ပြီး အနာဂတ်ကိုပါ လှမ်းမျှော်ကြည့်တတ်သည်။ ရှေးဟောင်းစာပေဂီတတို့တွင် အကျွမ်းဝင်သူဖြစ်သည့်အားလျော်စွာ အချို့သောမြင်ကွင်းများကိုကြည့်၍ ဂီတသံနှောကာ ရေးတတ်ပါသေးသည်။

ဦးထွန်းဖေသည် မြန်မာနိုင်ငံလွတ်လပ်ပြီးခေတ်၌ တပည့်တပန်းသတင်းထောက်များအတွက် "ယနေ့သတင်းထောက်အခြေခံ ဘာတွေလိုသလဲ" ဟူသော ဩဝါဒစကားတစ်ရပ်ကို ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာသတင်းထောက်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၌ အလေးအနက်ပြောကြားခဲ့ရာ ထိုဩဝါဒထဲတွင် "မိမိတို့၏ အမျိုးသားစာပေ၊ မြန်မာစာနှင့်တကွ အခြားဘာသာစကားများ၊ အထူးသဖြင့် အင်္ဂလိပ်စာကိုပါ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြဖို့လိုကြောင်း" ပါဝင်သည်။

ယင်းအချက်ကို စာရေးခြင်းအတတ်ပညာ ကလောင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတိုင်း နားလည်လွယ်ကြပေလိမ့်မည်ဖြစ်သည်။ သာမန်အားဖြင့်ကြည့်လျှင် ခပ်ပေါ့ပေါ့ထင်မြင်စရာရှိသည်။ စေ့စေ့တွေးလျှင် ကျွမ်းကျွမ်းကျင်ကျင် နှံ့နှံ့စပ်စပ်ဖြစ်ဖို့မှာ မလွယ်ကူလှပါ။ ဦးထွန်းဖေ၏စေတနာမှာ ကျွမ်းကျင်နှံ့စပ်စေလိုခြင်းဖြစ်သည်။ သူဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံအရ တိုက်တွန်းခြင်းဖြစ်ပေသည်။

ဖ၊ဆ၊ပ၊လ အစိုးရခေတ်တွင် ဝန်ကြီးဖြစ်နေစဉ် "ဝန်ကြီးချုပ်ဖြစ်သူ ဦးနုအား ဘဝရှင်မင်းတရားကြီး" ဟူ၍ စတင်ခေါ်ဝေါ်တိုက်ခိုက်ခဲ့သူတစ်ဦး အဖြစ်ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်။ ဝန်ကြီးချုပ် ဦးနုအား ယင်းသို့ခေါ်ဝေါ်သုံးစွဲတိုက်ခိုက်ရင်း တစ်ဆက်တည်း ဝန်ကြီးအဖြစ်မှနုတ်ထွက်ပြီး သတင်းစာလောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သူဖြစ်သည်။

ဦးထွန်းဖေသည် "ဖ၊ဆ၊ပ၊လ အစိုးရအဖွဲ့မှ ဘာ့ကြောင့်ကျွန်တော်နုတ်ထွက်ရသလဲ" ဟူသောစာအုပ်ကိုလည်း ထုတ်ဝေခဲ့၏။ ဦးနု၏အာဏာရှင်ဆန်မှုကို ခေါင်းငုံ့မခံလို၍ နုတ်ထွက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုအချိန်က ဦးနုကိုပြန်ပြီး ရဲရဲပြောရဲသူ ဖ၊ဆ၊ပ၊လ အဖွဲ့ဝင်များ နည်းပါးလွန်းလှသောအချိန်အခါဖြစ်သည်ဟု မှတ်သားရသည်။ ဤအချိန်အခါမျိုးတွင် ဦးထွန်းဖေသည် ရောမနိုင်ငံမှ ရောမဘုရင်ကိုအာခံသူ "စပါးတားကပ်" ကဲ့သို့ ဦးနုကို ရင်ဆိုင်စိမ်ခေါ်ပြီး နုတ်ထွက်လာခဲ့သူဖြစ်သည်။ ဦးထွန်းဖေ၏ အသုံးအနှုန်းအတိုင်း

ထိုစဉ်က သတင်းစာများတွင် "ဘဝရှင်မင်းတရားကြီး" ဟူသောအသုံးအနှုန်းမှာလည်း အတော်ပင်ခေတ်စားလာခဲ့သည်။

တစ်ဆက်တည်း ဦးထွန်းဖေသည် ဦးနုအားကပ်၍၊ မြှောက်စား၊ ညာစား နေကြသူများကိုလည်း "ဖော်လံဖါး" များဟူ၍ခေါ်ဝေါ်သုံးစွဲခဲ့လေသည်။ ယင်း ဖော်လံဖါး ဟူသောစကားမှာ နောက်ပိုင်း၌တွင်ကျယ်လာခဲ့သည်။

ဦးနု၏ ဇနီး ဒေါ်မြရီထံပါး၌ ကပ်ရပ်မြှောက်ပင့်နေကြသူ အမျိုးသမီးများကိုလည်း "ဖော်စိဖါး"ဟူ၍ ဦးထွန်းဖေက သုံးစွဲခဲ့သေးသည်။ မကောင်းမှုဘက်တွင် သရော်သော ဝေါဟာရအသစ်အဆန်းကို သုံးစွဲပျက်ရယ်ပြုသကဲ့သို့၊ ကောင်းသည့်ဘက်၌လည်း အားပေးသုံးစွဲခဲ့သော ဝေါဟာရရှိပါသေးသည်။

ထိုဝေါဟာရစကားမှာ "ဒိုးပေကပ်သပ်" ဟူ၍ဖြစ်ပါသည်။ ဘီအေ (ဝိဇ္ဇာ)ဘွဲ့ကို မအောင်မချင်းဖွဲ့နေပဲဖြင့် ဖြေဆိုအောင်မြင်ခဲ့သူများကို ဦးထွန်းဖေက "ဒိုးပေ ကပ်သပ်ဘီအေ" များဟု ခေါ်ဝေါ်ခဲ့၏။ သတင်းစာလောကမှ တပည့်တပန်း သတင်းထောက်နှင့် အယ်ဒီတာများအား ဒိုးပေကပ်သပ်ဘီအေများဟူ၍ အားပေးခေါ်ဝေါ်ခဲ့သည်။ ဒိုးပေကပ်သပ်ဘီအေသည် စာကျေ၍ သတင်းထောက်နှင့် အယ်ဒီတာများသည်လည်း အငတ်အပြတ်ခံပြီး တိုင်းကျိုး၊ ပြည်ကျိုးကိုပြုနေသူ၊ တိုင်းပြည်ရေးရာကျွမ်းကျင်သူ ပညာရှင်များဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ဦးထွန်းဖေသည် တော်လှန်ရေးအစိုးရခေတ်တွင် ပြည်ထောင်စုအစိုးရရာထူးဝန် အဖွဲ့၌ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည်။ မြန်မာစာနိဒါန်းကျမ်းကိုရေးသားခဲ့ပြီး၊ The Sun Over Burma" စာအုပ်ကို အင်္ဂလိပ်ဘာဖြင့် ရေးသားခဲ့သည်။

ဦးထွန်းဖေသည် ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ ။ (၁) မြန်မာ့စွယ်စုံကျမ်း (၁၉၇၈) စာ၁၈၄-၁၈၅။**

**(၂) ချစ်ကြည်ရေးကြည်ညွှန့်၊ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့အကြုံ၊ စာ - ၃၃-၄၁။**

# ဦးထွန်းရီ (ရွှေခေး)



စာရေးဆရာ ရွှေခေးအမည်ခံ သတင်းစာဆရာ ဦးထွန်းရီကို သထုံခရိုင်၊ ပေါင်မြို့၊ ကွဲခြံရွာ၌ ၁၉၂၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်ခဲ့သည်။ ထို့ကြောင့်ကိုယ်ဒူး ကိုယ်ချွန်ဘဝဖြင့် ဆယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့သည်။ လယ်ယာလုပ်ခွင်ဝင်ခဲ့ရသည်။ နယ်သတင်းထောက်လုပ်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ် အတွင်း မော်လမြိုင်ခရိုင်၊ မုဒုံမြို့သို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မုဒုံမြို့တွင်ပင် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများကို လျှို့ဝှက်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဟသ်ာကျွန်း၊ ဘီးလူးကျွန်းမြို့ဘက်သို့ တိမ်းရှောင်ပုန်းအောင်းနေခဲ့ရသည်။

ဦးထွန်းရီသည် ဒုတိယကမ္ဘာစစ်ပြီးသောအခါ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း တစ်ဖက်ကလည်း ပန်းချီဆွဲသည်။ စာရေးသည်။ ပြဇာတ်ပညာလေ့လာသည်။ ပြဇာတ်လောကတွင် ကျင်လည်သည်။ ထို့နောက် သတင်းစုံဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ လင်းယုန်ဂျာနယ်နှင့် လင်းယုန်သတင်းစာတို့တွင် အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့သည်။ ကိုယ်ပိုင်ထုတ်ဝေရေးလုပ်ငန်း **"စံပယ်ဖြန့်ချိရေး"**ကို ထူထောင်ခဲ့သည်။ ပုဒ်မ-၅ ဖြင့် ဖမ်းဆီးခံခဲ့ရပြီး ထောင်ထဲတွင် (၂) နှစ်ကျော်နေခဲ့ရသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် အမှုဆောင်တာဝန်ယူခဲ့ရသည်။ သက္ကရာဇ် ၁၃၁၃ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့ (၈) ကြိမ်မြောက် စာဆိုတော်နေ့အဖြစ် ကပြသည့် မြဝတီပြဇာတ်တွင် ပါဝင်ခဲ့သည်။

ဦးထွန်းရီ၏ ရွှေခေးကလောင်အမည်ဖြင့် သစ္စာပန်းလည်း လန်းပါစေ၊ ကျွန်တော်ချစ်ခဲ့သောညတစ်ည၊ ချစ်သောချစ်သူ၊ ချစ်ခြင်းသည်သာလျှင်၊ မမချစ်၊ မေတ္တာမိုးသို့ စွေသည့်အခါ၊ အလှကလေးမီမီ၊ အစရှိသည့် ပြား ၆၀ တန် ဝတ္ထုတိုများကို တစ်လလျှင် တစ်အုပ်မှသည်နှစ်အုပ်အထိ မြန်မာပြည်စာအုပ်တိုက်နှင့် ဦးတင်အောင်-မစန်း စာပေထုတ်ဝေရေးတိုက်တို့မှ ထုတ်ဝေခဲ့သည်။

ဦးထွန်းရီ၏ထင်ရှားသောလုံးချင်းဝတ္ထုများမှာ ချစ်ဝက်ပါ (၁၉၄၈)၊ မြလွှာရုံတေး (၁၉၅၄)၊ ခင်ဥမ္မာ (၁၉၅၆)၊ တောင်ပံနီကျော်ဦး (၁၉၅၆) တို့ဖြစ်သည်။

ဦးထွန်းရီ ရေးသားသည့် ခင်ဥမ္မာသည် သွက်လက်ဆွဲဆောင်ခြင်းလည်းရှိသည်။

ဦးတည်ချက်လည်း မှန်ကန်ကောင်းမွန်သည်။ "ရွှေခေး၏ဝတ္ထုများတွင် အသွက်လက်ဆုံးနှင့်အလှပဆုံး ဝတ္ထုတစ်ပုဒ်ဟုပြောနိုင်သည်။" ဟူ၍ မြန်မာဝတ္ထုအညွှန်းစာအုပ်တွင် မလိခက မှတ်ချက်ပေးသည်။

ဦးထွန်းရီသည် အောင်မြင်သောစာရေးဆရာတစ်ယောက်လည်းဖြစ်သည်။ ဝတ္ထုပေါင်းများစွာ ရေးခဲ့သူဖြစ်သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း အမည်အမျိုးမျိုးဖြင့် ရေးသားခဲ့သည်။ အယ်ဒီတာကောင်းတစ်ယောက်လည်းဖြစ်ခဲ့သည်။

ဦးထွန်းရီသည် ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

(၁) မလိခ၊ မြန်မာဝတ္ထုအညွှန်း - ၁၊ စာ-၂၅၉-၂၆၈။
(၂) သဝဏ်လွှာ၊ ရှုမဝ (ဩဂုတ်လ၊ ၁၉၆၁) စာ-၁၉။
(၃) ခင်မောင်ရီ၊ သူတို့နှစ်ယောက်၊ သွေးသောက် (အောက်တိုဘာ၊ ၁၉၆၁) စာ-၁၂၈-၁၃၀။
(၄) တင့်ဆန်း၊ သူတို့မရှိတော့ပြီ၊ ငွေတာရီ (မတ်လ၊၁၉၆၃)၊ စာ-၅၇-၅၉။
(၅) အနုပညာရှင်များဘဝမှတ်တမ်း၊ ငွေတာရီ (နိုဝင်ဘာ၊ ၁၉၆၆) စာ-၂၅၆။
(၆) လေးမြင့်၊ လွမ်းရသောစာရေးဆရာများ၊ ငွေတာရီ (အောက်တိုဘာ၊ ၁၉၆၇) စာ-၆၆-၆၇။
(၇) ရာပြည့် ဦးစိုးညွှန့် (၂၀)ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ-၁၂၀-၁၂၁။

# ဦးထွန်းရင် (မန္တလေးသူရိယ ဦးထွန်းရင်)



သတင်းစာ ဆရာ ဦးထွန်းရင် ကို ၁၈၉၅ ခုနှစ်တွင် ပန်းတိမ်ဆရာကြီး ဦးအေးပွင့် နှင့် အမိ ဒေါ်ဖွား တို့မှ မန္တလေးမြို့ ပုလဲ ငွေရောင်ရပ်၌မွေးဖွားခဲ့သည်။

ဦးထွန်းရင်သည် မန္တလေးနော်မန်ကျောင်းမှ ဆရာဖြစ် သင်တန်းတက်ခဲ့ပြီး၊ စိန်ပီတာ ကျောင်းတွင် မြန်မာစာဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသား သပိတ်ပေါ်ပေါက်သောအခါ စိန်ပီတာမှနုတ်ထွက်၍၊ အမျိုးသားကျောင်းတွင် ကျောင်းဆရာအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရုပ်ရှင်ကန်ထရိုက်အဖြစ်နယ်လှည့်ရုပ်ရှင်ပြခဲ့သည်။

၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ရန်ကုန်သူရိယတိုက်ခွဲ၊ မန္တလေး သူရိယသတင်းစာတိုက်ကိုဝယ်ယူ၍ မန္တလေးသူရိယသတင်းစာအဖြစ် ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

ဦးထွန်းရင်သည် ကိုလိုနီခေတ် မန္တလေးမှထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာ ဆရာတစ်ဦးလည်းဖြစ်သည်။

ဦးထွန်းရင်သည် ၁၉၄၂ ခုနှစ်၊ မေလတွင် စစ်မီးသင့်၍ရပ်စဲခဲ့ရသော သတင်း စာအား ပြန်လည်ထုတ်ဝေရန် ကြိုးပမ်းစဉ် နာမကျန်းဖြစ်၍ ၁၉၄၂ ခုနှစ်မှာပင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ နေထွက်၊ မန္တလေး အဘိဓာန် စာ-၁၃၅။**

# ဦးထွန်းလှ (တက္ကသိုလ် နေဝင်း)



စာရေးဆရာ တက္ကသိုလ်နေဝင်းအမည်ခံ သတင်းစာဆရာဦးထွန်းလှကို ၁၉၁၈ ခုနှစ်၊ မေ ၂၅ ရက်နေ့တွင် အဖ ကေအက်စ်အမ်၊ တီဒီအမ်အရေးပိုင် ဦးဘိုးရင်၊ အမိ ဒေါ်အမာတို့မှ ရန်ကုန်မြို့၌မွေးဖွားခဲ့သည်။

ဦးထွန်းလှသည် ရန်ကုန်မြို့ စိန်ပေါကျောင်းတွင် ၆ တန်းအထိ ပညာသင်ယူခဲ့ပြီး၊ မော်လမြိုင်မြို့၊ စိန့်ပက်ထရစ်ကျောင်းတွင် ဆက်လက် ပညာသင်ယူခဲ့ရာ၊ ၁၉၃၆ ခုနှစ်၌ ဆယ်တန်း အောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ဦးထွန်းလှသည် ၁၉၃၆ ခုနှစ်တွင် မော်လမြိုင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၃၇-၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းအမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၃၈-၃၉ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၃၉-၄၀ ပြည့်နှစ်တွင် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း အင်္ဂလိပ်စာအယ်ဒီတာတာဝန်ကို ယူခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မြေအောက်တော်လှန်ရေးတာဝန်ကိုယူခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေသို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဇွန်လတွင် အာရှလူငယ်တည်ထောင်သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ ၁၉၄၃ ခုနှစ်တွင် ဘီဒီအေသို့ဝင်ပြီး စစ်ဝန်ကြီးရုံး၊ စစ်ဝန်ကြီးသီးသန့်ဌာနတွင် တာဝန်ယူခဲ့ရသည်။ တော်လှန်ရေးကာလအထိ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွဲဖက်ပါဝင်ခဲ့သည်။

ဦးထွန်းလှသည် ၁၉၄၅-၄၆ ခုနှစ်တွင် ဖ. ဆ. ပ. လ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ် စက်တင်ဘာလမှစ၍ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း၌ ပြန်ကြားရေးဌာန ပါလီမန်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၄၉-၅၁ ခုနှစ်တွင် အိုးဝေသတင်းစာ အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၆၁-၆၃ ခုနှစ်တွင် နေးရှင်းအင်္ဂလိပ်သတင်းစာနှင့် နိုင်ငံသစ်သတင်းစာအယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၆၄-၆၅ ခုနှစ်တွင် စာပေဗိမာန်စာအုပ်အသင်း အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၆ ခုနှစ်မှစ၍ ဆောက်လုပ်ရေးကော်ပိုရေးရှင်း ဦးစီးအရာရှိ (တ) အုပ်ချုပ်ရေးမှူးအဖြစ်အမှုထမ်းခဲ့သည်။

ဦးထွန်းလှသည် ၁၉၃၆ ခုနှစ်ထုတ် ဒဂုန်မဂ္ဂဇင်းတွင် "အမြွာညီနောင်"ဝတ္ထုကို "တက္ကသိုလ်နေဝင်း" ကလောင်အမည်ဖြင့်ရေးပြီး စာပေလောကသို့ ဝင်လာခဲ့သည်။ ၁၉၄၀-၄၁ ခုနှစ်တွင် တက္ကသိုလ်မြန်မာစာအသင်းက ကျင်းပသော မြန်မာဝတ္ထုတို ပြိုင်ပွဲတွင် "ဖြစ်သမျှအကြောင်း" ဝတ္ထုဖြင့် ပထမဆုရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက သူရိယ၊ ကြီးပွားရေး၊ ဒဂုန်၊ ဂန္ထလောက၊ တက္ကသိုလ်ကျောင်းတိုက်၊ အိုးဝေမဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် စာနယ်ဇင်းအမျိုးမျိုး၌ "တက္ကသိုလ်နေဝင်း" ကလောင်အမည်အပြင် အခြားကလောင်အမည်များကိုသုံး၍ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ရေးသားခဲ့သည်။

ဦးထွန်းလှသည် ၁၉၅၁-၅၃ ခုနှစ်တွင် ဟံသာဝတီသတင်းစာ ရုပ်ရှင်ခန်းတွင် "မင်းဒင်" ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ ၁၉၅၁-၇၃ ခုနှစ်တွင် မြန်မာ့အလင်း သတင်းစာ၌ "ခင်မောင်ညို"အမည်ဖြင့် ရုပ်ရှင်ခန်းကိုရေးသားခဲ့သည်။ ၁၉၅၅-၅၇ ခုနှစ်တွင် မဏ္ဍိုင်သတင်းစာ၌ "သတင်းထောက်ဘုန်းနိုင်" အမည်ဖြင့် ရုပ်ရှင်ဆောင်းပါးများ ရေးသား ခဲ့သည်။

တက္ကသိုလ်နေဝင်းအမည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်လိုရေးခဲ့သော ဖက်ဆစ်တော်လှန်ရေးသမိုင်းကို ဘာသာပြန်ပြီး၊ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ် အောင်ဆန်း၊ အောင်ဆန်းဦးတို့အဖေ၊ နှစ်ကိုယ်သစ္စာ၊ မေတ္တာရေလှိုင်း၊ ဟာရိုးရော်ဘင်၏ ကားပက်ဗက်ဂါးကိုမှီးသော သူလိုမင်းသမီးဝတ္ထုများကို ရေးသားခဲ့သည်။ အမေရိကန် သူပုန်ကြီး ဂျက်လန်ဒန်၊ နန်းစွန့်ဘုရင်နှင့် ကမ္ဘာ့သမိုင်းဖြစ်ရပ်ကြီးများတို့ကို ဘာသာပြန်ခဲ့ သည်။

ဦးထွန်းလှသည် ၁၉၉၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် ခဲ့သည်။

**ကိုးကားရန်အညွှန်း။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၈)။**

## ဦးထွန်းဝင်း (မဏ္ဍိုင်နေ့စဉ် ဦးထွန်းဝင်း)



သတင်းစာဆရာ ဦးထွန်းဝင်းကို ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထားဝယ်မြို့၌ ကုန်သည် ဦးပိန်နှင့် အမိ ဒေါ်ရွှေလန်တို့မှ မွေးဖွားခဲ့သည်။

ဦးထွန်းဝင်းသည် ၁၉၃၇ ခုနှစ်တွင် ရန်ကုန်ဒီဂရီကောလိပ်မှ ဘီအေအောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂဘဏ္ဍာထိန်း၊ ပန်းတနော် ဗုဒ္ဓဘာသာလူငယ်များ အထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ်လည်းကောင်း၊ ဗြိတိသျှဆန့်ကျင်ရေးနှင့် ဂျပန်တော်လှန်ရေး လှုပ်ရှားမှုများတွင်ပါဝင်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအဖွဲ့ ကနောင်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထဲရေးနှင့်တရားစီရင်ရေးဌာန ပါလီမန်အတွင်းဝန်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဌာနအတွင်းဝန်အဖြစ်လည်းကောင်း၊ ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အစိုးရရာထူးမှ နုတ်ထွက်ခဲ့သည်။

ဦးထွန်းဝင်းသည် ဆိုရှယ်လစ်ပါတီ ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၁ ခုနှစ်တွင် မဏ္ဍိုင်နေ့စဉ်သတင်းစာကို ထူထောင်ကာ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးထွန်းဝင်းသည် မြန်အောက်လွှတ်တော်အမတ်ဖြစ်ပြီး၊ ၁၉၅၂-၅၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၅၆-၅၈ ခုနှစ်တွင် သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာနဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၁၉၅၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှချီးမြှင့်သော သရဖူတံဆိပ်ကို ရရှိခဲ့သည်။

ဦးထွန်းဝင်းသည် ဖဆပလ အမှုဆောင်ကော်မတီဝင်၊ ဗမာ့ဆိုရှယ်လစ်ပါတီဝင်နှင့် အာရှနိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအဖွဲ့ဘဏ္ဍာထိန်းနှင့် သမဝါယမသမဂ္ဂကောင်စီဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဦးထွန်းဝင်းသည် ၁၉၆၀ ပြည့်နှစ်တွင် မြန်အောင်တောင်ပိုင်း မဲဆန္ဒနယ်ပါလီမန်

အမတ်အဖြစ် အရွေးချယ်ခံရပြီး၊ စတော့ဟုမ်းမြို့တွင်ကျင်းပသော နိုင်ငံတကာသမဝါယမ ကွန်ဖရင့်သို့ နိုင်ငံကိုယ်စားပြုတက်ရောက်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ချက်ကိုစလိုဗေးကီးယား၊ အရှေ့ဂျာမနီနှင့် ဆိုရှယ်လစ်ပြည်ထောင်စုနိုင်ငံများသို့ လေ့လာရေးခရီးသွားခဲ့သည်။

ဦးထွန်းဝင်းသည် စစ်လျော်ကြေး မစ်ရှင်အဖွဲ့နှင့်အတူ ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ သွားရောက်ခဲ့သည်။

ဦးထွန်းဝင်းသည် ၁၉၇၀ ပြည့်နှစ်တွင် အမှတ် ၁၅၅၊ ရွှေဂုံတိုင်လမ်း ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ သိမှတ်ဖွယ်ရာ ကိုယ်ရေးအချက်အလက်များ။ စာ ၅၀။**



# ဦးပုကလေး (သတင်းစာဆရာ ဦးပု)

သတင်းစာဆရာ ဦးပုကလေးကို ၁၈၉၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ရှေးဝံသာနုခေတ်ကစပြီး သတင်းထောက် လုပ်ခဲ့သဖြင့် သမိုင်းအစဉ်အလာကြီးမားသော ဝသတင်းစာ ဆရာကြီးဖြစ်၍ မြန်မာသတင်းစာဆရာ သတင်းထောက်များနှင့် အလွန်သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံတတ်သူဖြစ်သည်။ သူနှင့်အတူ သတင်းယူခတ်ပုံရိုက်ရာတွင် အဆင်မပြေသည်ကို တွေ့ရှိရပါက အဆင်ပြေအောင် မသိမသာအနားကပ်၍ တိုးတိုးတိတ်တိတ် လက်တွေ့ နည်းပေးလမ်းပြ သင်ပေးတတ်သည်။ လူရှေ့သူရှေ့တွင် ထင်ပေါ်အောင်သမားဂုဏ် ပြတတ်သူမဟုတ်ပါ။ ကိုယ်လုံးကိုယ်ထည်ထွားကျိုင်းကြံ့ခိုင်ပြီး အသံမနိမ့်မမြင့်ဖြင့် နားဝင်ချိုအောင်ပြော တတ်သည်။ ဟာသလည်းနှောတတ်သည်။ မြန်မာနိုင်ငံရေးတွင်မက သတင်းစာ လောကမှာပါ ဝါရင့်၊ သမ္ဘာရင့်သော်လည်း ကြွားကြွားဝင့်ဝင့်မလုပ်၊ ဟိတ်ဟန်မကြီးပေ။ ထို့ကြောင့် သူ့ကိုလူတိုင်းက ချစ်ခင်လေးစား ကြည်ညိုကြသည်။

ဦးပုကလေးသည် သတင်းတန်ဖိုးရှိအောင် ခတ်ပုံအနေအထား အယူအဆ ကောင်းသလောက်၊ ကင်မရာခလုတ်နှိပ်လည်း မြန်လှသည်။ သတင်းနှင့် ဆောင်းပါး အရေး အသား ရှင်းရှင်းနှင့် ထိထိမိမိပိုင်နိုင်၍ သွက်လက်ပြောင်မြောက်စွာ ရေးလေ့ရှိသည်။

ပညာအလင်းသတင်းစာတွင် လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်နေသော ဦးပုကလေးသည် ဆရာသင် လူသတ်မှုကိစ္စကြီးဖြစ်ပေါ်လာပြီးနောက် များမကြာမီ ၎င်း သတင်းစာမှ နုတ်ထွက်၍ "ကြယ်တံခွန်"အမည်ဖြင့် သတင်းစာတစ်စောင်ထုတ်ဝေခဲ့ရာ အစိုးရအလိုတော်ရိမှုန်သမျှကို မထောက်မညှာရေးသားသဖြင့် လူဖတ်များခဲ့သည်။ သို့ရာတွင် ၁၉၂၁ ခုနှစ်တွင် မြန်မာပြည်သို့ တိုင်းခန်းလှည့်လည်ရာမှ ရောက်လာသော ဝေလမင်းသား (ဝင်ဆာမြို့စားကြီး) နှင့်စပ်လျဉ်း၍ အစိုးရအလိုတော်ရိဘက်မှ အမျိုးသမီး ကလေးများနှင့် ဝေလမင်းသားဆက်ဆံပုံအကြောင်းကို မထောက်မညှာရေးသားခဲ့ရာမှ "ဝေလမင်းသားနှင့် ဆေးဖယောင်းတိုင်" ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ပါရှိသဖြင့် အစိုးရက အယ်ဒီတာဦးပုကလေးအပေါ် ညစ်ညမ်းသောစာများ ရေးသားမှုဖြင့် အလုပ်မရှိ ထောင်ဒဏ် (၂) လ အပြစ်ပေးခဲ့လေသည်။ များမကြာမီကာလအတွင်း ကြယ်တံခွန် သတင်းစာသည်လည်း တိမ်မြုပ်ပျောက်ကွယ်သွားလေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစတွင် နန်းရင်းဝန်ထောက် ဂဠုန်ဦးစောက သူရိယ သတင်းစာလီမိတက်မှ အစုရှယ်ယာများကို အများဆုံးဝယ်ယူပြီး ချယ်လှယ်လိုက်၍ သူရိယသတင်းစာ ပြိုကွဲသွားသောအခါ ဦးပုကလေးသည် အစိုးရပြည်သူ့ဆက်ဆံရေး ဌာနသို့ဝင်ရောက်၍ သတင်းထောက်အဖြစ်လုပ်ကိုင်ခဲ့သည်။ အစိုးရပြန်ကြားရေးဌာန သတင်းထောက်အဖြစ် ဦးပုကလေးအား ဘုရင်ခံအမှုဆောင်ကောင်စီ ဒုတိယသဘာပတိ (အစိုးရအဖွဲ့ဝန်ကြီးချုပ်) ဗိုလ်ချုပ်အောင်ဆန်းသွားလေရာသို့ လိုက်ပါ၍ ဓာတ်ပုံရိုက် သတင်းယူရန် တာဝန်ပေးထားသည်။

ရှေးဝံသာနုခေတ် သတင်းစာဆရာကြီးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းက ခရီးသွားရင်း ဦးပုကလေးထံမှ ဝံသာနုခေတ် နိုင်ငံရေးအကြောင်းကိုယ်တွေ့များကို မေးမြန်း၍ ဆည်းပူး သည်ဆို၏။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွား၍ သခင်နု (ဦးနု) တက်လာသောအခါတွင်လည်း ဦးနုသွားလေရာသို့လိုက်ပါ၍ သတင်းယူဓာတ်ပုံရိုက်ရသော အစိုးရပြန်ကြားရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ရသည်။

လွတ်လပ်ရေးရ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်လာသောအခါတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏သတင်းနှင့် ဓာတ်ပုံရယူရန် ဦးပုကလေးအား အမြဲတာဝန်ပေး ထားသည်။

၁၉၅၀ ပြည့်နှစ်၊ ဧပြီလ ၂၈ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု မြစ်ဝကျွန်းပေါ် မအူပင်သို့ခရီးထွက်ရာ လမ်းခရီးသင်္ဘောပေါ်၌ ဝန်ကြီးချုပ်၏ ကိုယ်ရံတော်ဗိုလ်ကြီး စိုးမြင့်၏ သေနတ်ကျည်ဆန် မတော်တဆထွက်သွား၍ သတင်းစာဆရာကြီး ဦးပုကလေး အား ထိမှန်သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အလျင်အမြန်တင်ပို့လိုက်ရသည်။

နောက်ဆုံးအချိန်အထိ သန်မြန်စွာ သတင်းတာဝန်ကို ထက်ထက်မြက်မြက် တာဝန်ကျေအောင်ဆောင်ရွက်ခဲ့သော သတင်းစာဆရာ ဘိုးအေကြီး ဦးပုကလေးသည် ကံဆိုးရှာ၍ နောက်တစ်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဦးပုကလေးသည် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးနောက် မကြာမီပင် လက်သွက်သွက်ဖြင့် "ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ" ဆိုသောငွေတစ်ကျပ်တန် စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စာအုပ်မျက်နှာဖုံးတွင် ဗိုလ်ချုပ်အောင်ဆန်း ခရီးထွက်စဉ်က သူကိုယ်တိုင်ဓာတ်ပုံရိုက်ယူလာခဲ့သော အစိုးရယူဘီသင်္ဘောအပြင်ဘက်၌

သဘော်ဒါဦးကိုမျက်နှာမူ၍ အလံတိုင်ကိုကျောပေးထိုင်ကာ လွတ်လပ်အေးချမ်းစွာ စာဖတ်နေသည့် ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံကို ဖော်ပြထားသည်မှာ စိတ်ဓာတ်တက်ကြွဖွယ်ဖြစ်သည်။ စာအုပ်အမည်ကိုလည်း သတင်းစာဆရာပီပီ သတင်းခေါင်းတပ်သကဲ့သို့ ရဲဝံ့ပြတ်သားစွာပေးထားသည်။

ထိုစာအုပ်မှာအလွန်ရောင်းကောင်းသည့် စာအုပ်ဖြစ်သော်လည်း ခင်မင်ရင်းနှီးသည့်အနေဖြင့် ရန်ကုန်ရှိ သတင်းစာတိုက်များမှ အယ်ဒီတာများ၊ အယ်ဒီတာအဖွဲ့ဝင်၊ လခစား သတင်းထောက်အားလုံးအား ဦးပုကလေးသည် သူ့လက်ရေးဖြင့် နာမည်ရေးကာ သူ့လက်မှတ်ထိုးပြီး အမှတ်တရလက်ဆောင်ပေးသည်။

ဦးပုကလေးသည် သူမကွယ်လွန်မီကလေးတွင် အစိုးရအောင်ဘာလေသိန်းထီ ကျပ်တစ်ထောင်ဆု ပေါက်သောအခါ သတင်းစာဆရာ၊ သတင်းထောက်များအား တွေ့ရာနေရာမှာ တစ်ကျပ်တန် ဆီချက်ခေါက်ဆွဲကို ကျွေးမွေးခဲ့သည်။ သူထီပေါက်ကြောင်း မည်သူမျှမသိလိုက်ဘဲ သူကခေါက်ဆွဲကျွေးမှ သိလိုက်ရပါသည်။

ဦးပုကလေးသည် "အသက်အရွယ်အိုသော်လည်း သတင်းတာဝန်ကို တက်တက်ကြွကြွဆောင်ရွက်သွားသည်မှာ အားကျစရာပင်" ဖြစ်ပါသည်။

ဦးပုကလေးသည် ၁၉၅၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မြန်မာ့အလင်းသန်းညွှန့်၊ ကျွန်တော်ဆုံခဲ့ရသော သတင်းစာဆရာကြီးများ၊ စာ ၄၉။**

**(၂) သတင်းစာလောက၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေ အသင်း၊ စာ ၂၃၂။**

**(၃) ယူပီအိုင် ဦးဘသန်း၏ဘဝအတွေ့အကြုံ။**

## ဦးဖေသိန်း (ရွှေဥဒေါင်း)



စာရေးဆရာကြီး ရွှေဥဒေါင်းအမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးဖေသိန်းကို ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အဖ ဦးဧရာ အမိ ဒေါ်ရွှေတို့မှ မန္တလေးမြို့ အေးချိုင့် (ဝါးတန်း) ရပ်၌မွေးဖွားခဲ့သည်။

ဖခင်ဦးဧရာသည် ရွှေဘိုခရိုင်၊ မန်ကျည်းတုံရွာ ဇာတိဖြစ်၍ ကုန်းဘောင်ခေတ် သီပေါဘုရင်လက်ထက် လွှတ်တော်စာရေးအဖြစ်အမှုထမ်း၍ မိခင် ဒေါ်ရွှေကား သီပေါဘုရင်၏ စာတော်ဖတ်အဖြစ် အမှုထမ်းခဲ့ရသည်။

ဦးဖေသိန်းသည် လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာသီလရှင်ကျောင်း၌ စတင်ပညာဆည်းပူးခဲ့သည်။ ခုနစ်နှစ်သားအရွယ်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရားတော်ဘက်ရှိ ဒက္ခိဏဝံတိုက် မြိတ်ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် ထိုကျောင်းမှပင်အစိုးရစစ် စတုတ္ထတန်းအောင်မြင်ခဲ့သည်။ ပဥ္စမတန်းသို့ရောက်သောအခါ ယင်းမြိတ်ဘုန်းကြီးကျောင်းကို ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းဟူ၍ အမည်သစ်ပြောင်းလိုက်သည်။

ပဥ္စမတန်းအောင်လျှင် အေဘီအမ်ခေါ် အမေရိကန်သာသနာပြုကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော ဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ထိုစာမေးပွဲအောင်မြင်ပြီးနောက် ဗုဒ္ဓဘာသာကျောင်းတွင်လည်းကောင်း၊ အေဘီအမ်ကျောင်းတွင်လည်းကောင်း၊ ကျောင်းဆရာအဖြစ်အမှုထမ်းခဲ့သည်။ ထိုသို့ကျောင်းဆရာအမှုထမ်းပြီးနောက် ရွှေဘိုမြို့ အရေးပိုင်ရုံး၌ အကူစာရေးအဖြစ်လည်းကောင်း၊ ယင်းမြို့ သစ်တောရုံး၌ စာရေးအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

ဦးဖေသိန်းသည် ၁၉၁၀ ပြည့်နှစ်မှ ၁၉၁၄ ခုနှစ် ဧပြီလအထိ မန္တလေးမြို့ရှိ စိုက်ပျိုးရေးနှင့်သမဝါယမ မင်းကြီးရုံး၌ စာရေးအဖြစ်ခန့်ထားခြင်းခံခဲ့ရသည်။ မင်းကြီးနယ်လှည့်ရာတွင် လိုက်ပါရသဖြင့် ဦးဖေသိန်းသည် အထက်အောက်မြန်မာနိုင်ငံ အနှံ့အပြားရောက်ရှိခဲ့လေသည်။ ယင်းသို့လခစားအလုပ် လုပ်ကိုင်စဉ်မှာပင် အင်္ဂလိပ်ဝတ္ထုစာအုပ်အများအပြားကို ဖတ်ရှုခဲ့ရသည်။

အသက် ၂၆ နှစ်အရွယ် ၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ရက်နေ့တွင် သူ၏ ပထမဆုံးသောဝတ္ထုဖြစ်သည့် "ရန်ကြီးအောင်" ဝတ္ထုကို စတင်ရေးသားခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် မစ္စက်ဟင်နရီဝုဒ်ရေးသည့် အိစ်လင်းဝတ္ထုကိုမှီငြမ်းပြုကာ ရတနာပုံဝတ္ထုကို ရေးသားခဲ့သည်။ ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ သူရိယမဂ္ဂဇင်းတွင် အယ်ဒီတာ အဖြစ် ခန့်ထားခြင်းခံရသည်။

ဦးဖေသိန်းသည် ရန်ကြီးအောင်နှင့် ရတနာပုံ လုံးချင်းဝတ္ထုနှစ်အုပ်ရေးပြီးသောအခါ သူ၏ကလောင်အမည်ကို ရွှေဥဒေါင်းဟူ၍ ရွေးချယ်ခံယူလိုက်သည်။ ဝတ္ထုများရေးခြင်း သာမက သူရိယမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ်မှာပင် မြန်မာ့ဗျူဟာဂျာနယ် ကိုလည်း ဦးစီးထုတ်ဝေခဲ့ပေသည်။ ၁၉၂၆ ခုနှစ် မတ်လတွင် နယူးဘားမား အင်္ဂလိပ်သတင်း စာတိုက်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ပဲခူးမြို့ရှိ ခရစ်ယာန်စာပေအသင်း ကြီး၏ ဘာသာပြန်ဆရာအဖြစ် ပြောင်း၍လုပ်သည်။ ပြန်ဆိုခဲ့သောဘာသာပြန်စာအုပ် များမှာ ယဉ်ကျေးမှု၏မှတ်တိုင်များ၊ ဗွတ်ကာတီဝါရှင်တန်၏အတ္ထုပ္ပတ္တိ ဝတ္ထုတိုကလေးများ ဖြစ်သည်။

ဦးဖေသိန်းသည် ၁၉၄၅ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မန္တလေးမြို့ လူထုသတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဟံသာဝတီသတင်းစာတွင် ဗုဒ္ဓဃောသ (၂) အမည်ဖြင့် သာသနာရေးဆောင်းပါးများကိုလည်းကောင်း၊ ရွှေဥဒေါင်းအမည်ဖြင့် "ဗဟုသုတဟင်းလေးအိုး" အခန်းကိုလည်းကောင်း ရေးသားခဲ့သည်။

ဦးဖေသိန်းသည် ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် သခင် ကိုယ်တော်မှိုင်း ခေါင်းဆောင်သော ကမ္ဘာ့ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သို့ လိုက်ပါသွားခဲ့သည်။ အပြန်တွင် "တရုတ်ပြည်သစ်ကိုယ်တွေ့" စာအုပ် ကိုရေးသားခဲ့သည်။ ၁၉၆၂ ခုနှစ် နှစ်ဦးပိုင်းကလည်း အာဖေရှိုအေရှန် (အာရှအဖရိက) ချစ်ကြည်ရေးအသင်းမှ ရုရှားနိုင်ငံသို့စေလွှတ်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။

ဦးဖေသိန်းသည် ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလတွင် တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာနမှထုတ်ဝေသော လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အယ်ဒီတာချုပ် အဖြစ် ခန့်ထားခြင်းခံခဲ့ရသည်။

ဦးဖေသိန်းသည် "မျှော်တလင့်လင့်" စာအုပ်ဖြင့် ၁၉၅၂ ခုနှစ် စာပေဗိမာန် ဘာသာ

ပြန်ဆို၊ "သွေးစုပ်မြေ" ဖြင့် ၁၉၅၅ ခုနှစ်၊ စာပေဗိမာန်ဘာသာပြန်ဆု၊ "တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ" ဖြင့် ၁၉၆၁ ခုနှစ်၊ စာပေဗိမာန် သုတပဒေသာဆုများ ရရှိခဲ့သည်။ ဘာသာပြန်ဝတ္ထုနှင့် ပင်ကိုယ်ရေးဝတ္ထုပေါင်းများစွာကို ရေးသားခဲ့သည်။

ဦးဖေသိန်းရေးသားခဲ့သောစာအုပ်များအနက် ထင်ရှားသောစာအုပ်များမှာ ရတနာပုံ၊ ရူပနန္ဒီ၊ ရတနာပူရ၊ ခင်စက်မေ၊ ဂျာမဒါကိုကိုကြီး ဝတ္ထုတိုများ၊ ရန်အောင်မင်္ဂလာ၊ လမ်းနှစ်သွယ်၊ ဝသုံးလုံး၊ ပထမံဆရာသိန်း၊ အိုင်ဗင်ဟို၊ သူရဲကောင်းသုံးယောက်၊ ဇော်ဟိတ်ဝတ္ထုတိုများ၊ ကိုယ်ရံတော်၊ မျှော်တလင့်လင့်၊ တရုတ်ပြည်သစ်ကိုယ်တွေ့၊ ဦးဖေသိန်း၏ ရွှေဥဒေါင်းနှင့် တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်တို့ ဖြစ်သည်။

ဦးဖေသိန်းသည် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ ၄၀-၄၂။
(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈) စာ - ၂၆၇။

## ဦးဘကျော် (ဂါးဒီးယန်း ဦးဘကျော်)



သတင်းစာဆရာဦးဘကျော်ကို ပြည်မြို့၌ အဖ ဦးဘိုးမြ၊ အမိဒေါ်ငွေအောင်တို့က ၁၉၁၆ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် မွေးဖွားသည်။

ဦးဘကျော်ငယ်စဉ်က မေမြို့အေဘီအမ် မိန်းကလေးကျောင်း၊ ပြည်မြို့ ဦးဘိုးရှုံ၊ အလွတ်ပညာသင်ကျောင်းနှင့် ပြည်မြို့ အစိုးရ အထက်တန်းကျောင်းမှ အင်္ဂလိပ်မြန်မာ ၁၀ တန်း အောင်ခဲ့ပြီးနောက်၊ ပြည်မြို့၊ သစ်တောခရိုင်ဝန်ရုံးတွင် အကူစာရေးအဖြစ် စတင်အမှုထမ်းခဲ့သည်။ ထို့နောက် ပြည်ခရိုင်ခွဲ ကုန်စည်ကြီးကြပ်ရေးမှူးအဖြစ် ပြောင်းရွှေ့လုပ်ကိုင်သည်။ အမှုထမ်းနေစဉ်အတွင်း ပြည်မြို့အရှေ့အာရှလူငယ်များအစည်းအရုံး (ဗမာနိုင်ငံ) တွင်အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဦးဘကျော်သည် ပြည်ခရိုင်ရုံးစာရေးသမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ခရိုင်အမှုထမ်းပေါင်းစုံသမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သပိတ်ကြိုးကိုင်အဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် မဟာမိတ်တပ်များ ပြန်ဝင်လာသောအခါ၌ သစ်တောဌာန ပြန်လည်ထူထောင်နိုင်ရန် မှတ်တမ်းများရှာပေးနိုင်သဖြင့် အမှုထမ်းကောင်းလက်မှတ် ချီးမြှင့်ခြင်းခံရသည်။

၁၉၅၀ ပြည့်နှစ် ရန်ကုန်မြို့ မြန်မာနိုင်ငံတော် သစ်တောမင်းကြီးချုပ်ရုံးသို့ ပြောင်းရွှေ့ခဲ့၍ သစ်တောရုံးအသီးသီးတွင် ဌာနခွဲစာရေးကြီး၊ ရုံးဝန်ထောက်စသည်ဖြင့် အမှုထမ်းခဲ့ပြီး၊ သစ်တောဌာန ဗုဒ္ဓဘာသာအသင်းတွင် ဝါဒဖြန့်ချိရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၆-၅၇ ခုနှစ်တွင် သတင်းစာပညာ ဒီပလိုမာ (အင်္ဂလိပ်) ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၈-၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် လူမှုရေးသိပ္ပံဌာနမှ ဖွင့်လှစ်ပို့ချသော စာကြည့်တိုက်ပညာ အောင်လက်မှတ်ကိုရရှိခဲ့သည်။ ၁၉၅၉ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် လက်ပတ်နာရီဆုကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၆၁ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂါးဒီးယန်းသတင်းစာနှင့် မဂ္ဂဇင်းတိုက်၌ အယ်ဒီတာအဖြစ် ခန့်ထားခံရသည်။

ဦးဘကျော်သည် သတင်းစာဆရာအဖြစ် ပြည်ပနိုင်ငံများသို့လည်း သွားရောက်ခဲ့ရာ ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ သတင်းစာလုပ်ငန်းလေ့လာရန်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် မြန်မာဟောင်ကောင် လေကြောင်းဖွင့်ပွဲတက်ရန် သတင်းစာအဖွဲ့ကိုဦးဆောင်၍ ဟောင်ကောင်သို့လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သတင်းစာပညာလေ့လာရန်လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ သတင်းစာဆရာအဖွဲ့ကို ဦးဆောင်၍ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့သည်။

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆန္ဒခံယူပွဲ အောင်မြင်ရေးအတွက် အခြားအနုပညာရှင်များနှင့်အတူ ချင်းဝိသေသတိုင်းတွင် စည်းရုံးလှုံ့ဆော်ခဲ့သည်။

၁၉၇၆ ခုနှစ်၊ အောက်တိုဘာလတွင်ကျင်းပခဲ့သော အရေးပေါ်ပါတီညီလာခံနှင့် ၁၉၇၇ ခုနှစ်တွင် ကျင်းပသော တတိယအကြိမ်ပါတီညီလာခံတွင် ဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဘာသာပြန်ဆိုရေးအဖွဲ့ခွဲတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလတွင် စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ အငြိမ်းစားယူပြီးနောက် သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းတွင် အတိုင်ပင်ခံ ကျွမ်းကျင်သူပညာရှင်အဖြစ်လည်းကောင်း၊ ဂါးဒီးယန်းသတင်းစာအယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ ဆက်လက်တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

ဦးဘကျော်သည် အင်္ဂလိပ်မြန်မာသတင်းစာများ၊ အင်္ဂလိပ်မြန်မာမဂ္ဂဇင်းများတွင် ဆောင်းပါးများကို အမ်ဘီကေကလောင်အမည်ခံ၍ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးသားခဲ့သော စာရေးဆရာတစ်ဦးလည်းဖြစ်သည်။

၁၉၈၄ ခုနှစ်တွင် ဒဂုံမြို့နယ် စာပေလုပ်သားဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပြီး ကွယ်လွန်ချိန်အထိ ယင်းတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဦးဘကျော်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ သတင်းနှင့်စာနယ်ဇင်း၊ အတိုင်ပင်ခံ ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ပြီး၊ ၁၉၈၆ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ကိုးကားရန်အညွှန်း။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၇) စာ၂၂၄။

# ဦးဘချို (ဒီးဒုတ်ဦးဘချို)



စာရေးဆရာ ဒီးဒုတ်ဦးဘချိုအမည်ခံ သတင်းစာဆရာ ဦးဘချိုကို မြောင်းမြမြို့သမားတော်ကြီး ဦးဘိုစာ၊ အမိဒေါ်မြစ် တို့မှ ၁၈၉၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် မြောင်းမြမြို့၌ မွေးဖွားခဲ့သည်။ ဦးဘချို၏ အဘိုးနှင့်အဘွားများမှာ ဦးခို၊ ဒေါ်လုံတို့ဖြစ်သည်။ အဘွားဒေါ်လုံသည် ရာဇာရောဇ်မင်းလက်ထက် မြောင်းမြမြို့ကိုအုပ်ချုပ်ရသူ မွန်အမတ်ကြီး ဒေါ်ကွန်တယို၏ မြေးဖြစ်သည်ဟု သိရသည်။

ဦးဘချိုသည် ၇ နှစ်သားအရွယ်တွင် မြောင်းမြမြို့ ဆရာဦးမောင်မောင်ကျောင်းတွင် စတင်ပညာသင်ကြားရသည်။ ငယ်စဉ်ကပင် လျှင်မြန်ထက်မြက်ပြီး အာဂမယုတ္တိနှင့်ပြည့်စုံ၍ ပညာပါရမီ ရင့်သန်သည်ဟု သိရသည်။ ၁၄ နှစ်သားအရွယ်တွင် သတ္တမတန်းကို အထူးအောင်မြင်၍ စကော့လားရှစ်ခေါ် ပညာသင်ဆုကိုရရှိခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ စိန်ပေါကျောင်းသို့ပြောင်းရွှေ့ ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၀ တန်းကို အထူးအောင်မြင်ပြန်သဖြင့် စကောလားရှစ်ပညာသင်ဆုကို ရရှိခဲ့ပြန်သည်။

ဦးဘချိုသည် ရန်ကုန်ကောလိပ်သို့ရောက်သည့်အချိန်တွင် အသက် ၁၆ နှစ်သာမျှရှိသေးသည်။ ထိုစဉ်ကရန်ကုန်ကောလိပ်သည် ကာလကတ္တားတက္ကသိုလ်လက်အောက်ခံဖြစ်သည်။ ကျောင်းနေစဉ်တွင် ကိုယ်လက်ကြံ့ခိုင်ရေး ကိုလိုက်စားခဲ့သည်။ အသက် ၂၀ အရွယ် ဘီအေအထက်တန်းသို့ရောက်သည့်အခါ မျက်စိဝေဒနာကြောင့် ကျောင်းမှထွက်လိုက်ရသည်။ ကျောင်းမှထွက်ပြီးနောက် ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်း၌ တစ်နှစ်ခန့်ကျောင်းဆရာအဖြစ် အမှုထမ်းသည်။ ထို့နောက် ဟင်္သာတမြို့အစိုးရကျောင်းသို့ပြောင်းရွှေ့၍ ပါဠိဆရာအဖြစ် ထမ်းဆောင်ခဲ့သည်။

ဦးဘချိုသည် မြန်မာကဗျာနှင့်စာပေကို ဝါသနာထုံသည့်အားလျော်စွာ (နောက်ဆွယ်ချောင်က တောက်တဲ့မောင်) အမည် ဖြင့်မြန်မာ့အလင်းမဂ္ဂဇင်းတွင် စတင်ရေးသားခြင်းဖြင့် စာနယ်ဇင်းလောကထဲသို့ဝင်ရောက်ခဲ့သည်။ ထို့နောက် နှစ်ပါးကြည်ဂျာနယ်နှင့် ဗန္ဓုလဂျာနယ်တို့တွင်လည်း ကလောင်ရည်သွေးခဲ့သည်။ ဟင်္သာတမြို့မှာပင် ကျောင်းဆရာအဖြစ်မှ ပညာအုပ်ရာထူးအဖြစ်သို့ပြောင်း၍ ဆောင်ရွက်သည်။ ယင်းသို့ဆောင်ရွက်နေစဉ်တွင်ပင် စာနယ်ဇင်းများ၌ ဆက်လက်ကလောင်သွေးခဲ့ရာ ထိုစဉ်က

အစိုးရပိုင်းမှ ကြည်ကြည်ဖြူဖြူမရှိလှသောကြောင့် လွပ်လပ်စွာ ကလောင်ကွန့်မြူးခွင့် မရသဖြင့် အစိုးရအလုပ်မှ နုတ်ထွက်လိုက်သည်။

၁၉၂၀ ပြည့်နှစ်တွင် ကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်လာသောအခါ အမျိုးသားပညာရေးလောကသို့ဝင်ရောက်ခဲ့သည်။ အမျိုးသားကောလိပ်ကြီးကို တည်ထောင်ကြသောအခါ မြန်မာစာပြဆရာအဖြစ် တာဝန်ယူခဲ့သည်မှာ ၁၉၂၄ ခုနှစ်၊ အမျိုးသားကောလိပ်ကြီး ပျက်သည့်တိုင်အောင်ပင်ဖြစ်သည်။ ပထမအကြိမ် တက္ကသိုလ်သပိတ်ကြီးမှစ၍ ဆရာဦးဘချိုသည် နိုင်ငံရေးနယ်ထဲသို့ဝင်ရောက်ခဲ့သည်။ သုစရိတယုဝအသင်း (အကျင့်ကောင်းရှိသောလူငယ်အသင်း) ၏ အကျိုးဆောင်အဖြစ်ဆောင်ရွက်နေစဉ် မြန်မာအမျိုးသမီးအသင်း၏ အကျိုးဆောင်ဖြစ်သူ ဒေါ်လှမေနှင့်တွေ့ဆုံကာ ၁၉၂၀ ပြည့်နှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်ခဲ့သည်။

ဦးဘချိုသည် စာနယ်ဇင်းများတွင် ကလောင်သွေးခဲ့ပြီးနောက် (မြန်မာရီဗျူးဂျာနယ်) ကို ဦးစွာတည်ထောင်ထုတ်ဝေခဲ့သူတစ်ဦးဖြစ်သည်။ ထိုဂျာနယ်တွင် (ဒီးဒုတ်) ဟူသောကလောင်အမည်ကို ပထမဆုံးစတင်သုံးစွဲ၍ ဒီးဒုတ်၏ ပစ္စယလက်ခတ်ကျမ်းဟူသောအခန်းကိုဖွင့်ခဲ့သည်။ အရေးအသား အဆိုအမိန့်ကောင်းသဖြင့် “ဒီးဒုတ်” အမည်ကျော်ကြားလာသည်။ ထို့ကြောင့် အမျိုးသားကောလိပ်ကြီး ပျက်ပြီးနောက် ၁၉၂၅ ခုနှစ်တွင် ကျော်ကြားလာသောအမည်ကိုယူ၍ “ဒီးဒုတ်ဂျာနယ်” ကို စတင်တည်ထောင်ထုတ်ဝေခဲ့သည်။

ဦးဘချိုထုတ်ဝေသော ဒီးဒုတ်ဂျာနယ်သည် နှစ်ပေါင်းများစွာကျော်ကြား၍ လူကြိုက်များသော ဂျာနယ်ကြီးတစ်စောင် ဖြစ်သည်။ ဦးဘချိုသည်လည်း “ဒီးဒုတ်ကလောင်” အမည် “ဒီးဒုတ်ဂျာနယ်” အမည်ဖြင့်တွဲ၍ ဒီးဒုတ်ဦးဘချိုဟု ထင်ရှားလာသည်။ ထိုဂျာနယ်တွင် “ဈေးဂေဇက်၊ ဆယ်လံအာဝါးအခန်း၊ ဒီးဒုတ် စာတိုက်ခန်း” စသောအခန်းများစွာကို တစ်ဦးတည်း တာဝန်ယူရေးသားခဲ့သည်။ လူကြိုက်များသော အခန်းများလည်းဖြစ်သည်။

ဦးဘချိုသည် ဒီးဒုတ်ဂျာနယ်တွင် အထက်ဖော်ပြပါအခန်းများစွာကို ရေးသားနိုင်ခဲ့သည်ကို ထောက်ရှု၍ ဟာသကြွယ်ကြောင်းသိရသည်။ ဈေးဂေဇက်၊ ဆယ်လံအာဝါးအခန်း၊ ဒီးဒုတ်စာတိုက်ခန်းကို ဖတ်ဖူးသူတိုင်း ဦးဘချို၏အရေးအသား ဟာသကြွယ်ဝပုံကို သိရသည်။ နှုတ်ဟာသကြွယ်ပုံကို ရင်းရင်းနှီးနှီးနေဖူးသူများသိကြပေသည်။ ပန်းချီ၊ ပန်းပု

စသောအနုပညာသဘာဝကိုလည်းကောင်း၊ သီချင်းကြီး၊ သီချင်းခံ၊ ကဗျာတေးဂီတစသော ဂီတအနုပညာသဘာဝကိုလည်းကောင်း၊ လူတို့၏စိတ်နေစိတ်ထား သဘာဝကိုလည်း ကောင်း၊ နှံ့စပ်ကျွမ်းကျင်၍ ဦးဘချိုနားမလည်သောအရာ အလွန်ရှားသည်ဟု မှတ်သား ရသည်။ "စံပယ်" ကလောင်အမည်ဖြင့် "ဘွေသီဟာ" နန်းတွင်းဝတ္ထုကြီးကို ရေးသားခဲ့ရာ ပင်ရင်းမြန်မာဝတ္ထုကောင်းကြီးတစ်ပုဒ်ပင် ဖြစ်သည်။

ဦးဘချိုသည် အင်္ဂလိပ်မြန်မာ ပါဠိစာပေများတွင် နှံ့စပ်ကြွယ်ဝ၍ မြန်မာဆေးကျမ်း၊ ဗေဒင်နက္ခတ်၊ လောကဓာတ်ပညာရပ်တို့ဘက်၌လည်း အတော်အတန်ပေါက်မြောက် အောင် လေ့လာလိုက်စားခဲ့ဖူးသူ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။ မြန်မာသီချင်းကြီး၊ သီချင်းခံ၊ အဲအန်၊ အိုင်ချင်း၊ ဧချင်း၊ တေးထပ်၊ ဘောလယ် စသည့်တို့ကိုလည်း ဟန်၊ ပန်၊ ရှင်၊ မောင်းကျကျနနနှင့် အဝင်အထွက်မှန်ကန်စွာ နှုတ်တက်ရွရွ ရွတ်ဆိုနိုင်သည်။ သဘင်ပညာ ကို ဆည်းပူးခဲ့သူတစ်ဦးလည်းဖြစ်သည်။ တူရိယာ၊ ကဗျာ၊ ဂီတတို့ကို မြတ်နိုးနှစ်သက်စွာဖြင့် လေ့လာဆည်းပူးခဲ့၍ စောင်းကောက်ကို ပိုင်နိုင်ကျနစွာ တီးစွမ်းနိုင်သည်။

ဦးဘချို၏ ဂီတအနုပညာဆိုင်ရာဗဟုသုတကြွယ်ဝမှုကြောင့် ဦးဘချိုထံသို့ တကယ့်ဂီတပညာသည်များ၊ သဘင်ပညာသည်များ လာရောက်နည်းနာခံယူကြရသည်။ မိမိထံတပည့်ခံ၍ ပညာဆည်းပူးလာသူတို့အားလည်း မိမိတတ်မြောက်ကျွမ်းကျင်သမျှကို ရှင်းလင်းသေချာစွာ စိတ်ရှည်၊ လက်ရှည် ပို့ချသင်ကြားပေးသည်။ ဝတ္ထုဇာတ်ကြောင်းများ ကိုပင် ပြန်ပြောင်းပြောပြသည်။ သီချင်းကြီး၊ သီချင်းခံများ မူမှန်အတိုင်းဖြစ်စေရန် "ဂီတဝိသောဓနီကျမ်း" ကိုလည်း တည်းဖြတ်သုတ်သင်ပေးခဲ့သည်။

ဦးဘချိုသည် ဝါ + ဂီနှစ်သဘင် ပညာအဖွဲ့ကြီးဖြစ်မြောက်ရေးကိုလည်း ဆောင်ရွက် ခဲ့သည်။ ဂီတအရာတွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်၍ ဦးဘချိုအား ဂီတဖခင်ကြီးဟု ခေါ်ဆို ကြသည်။ စာပေကိုမြတ်နိုးချစ်ခင်သူဖြစ်သည့်အတိုင်း မြန်မာစာရေးဆရာအသင်း ဖြစ်မြောက်ရေးကို အထူးအားပေးဆောင်ရွက်ခဲ့၍ စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။

၁၉၃၀ ပြည့်နှစ်တွင် တွဲရေး၊ ခွဲရေးကိစ္စများရှုပ်ထွေးနေစဉ် ခိုင်ကျော်မြင့်၊ ဒေါက်တာဘမော်၊ ဦးဘချိုတို့သုံးဦးပေါင်းကာ "မြန်မာဇေယျာသတင်းစာ" ကို တည်ထောင်ထုတ်ဝေခဲ့သည်။ အောင်မြင်မှုမရှိလှ၍ ရပ်စဲလိုက်ရသည်။

၁၉၃၆ ခုနှစ်တွင် "မြန်မာနိုင်ငံတော်သတင်းစာဆရာအသင်းကြီး" ဖြစ်ပေါ်ရေးကို

ကြိုးပမ်းခဲ့သည်။ ၁၉၃၈ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် "ဒီးဒုတ်နေ့စဉ်သတင်းစာ" ကိုစတင်ထုတ်ဝေခဲ့သည်။ ဦးဘချိုသည် စာပေနှင့် နိုင်ငံရေးအပေါ် သံယောဇဉ်ကြီးမားသူ တစ်ဦးဖြစ်၍ ဗြိတိသျှဆန့်ကျင်ရေး၊ လူထုလူတန်းစားအသီးသီးလှုပ်ရှားမှုအရေးစသည်တို့ကို တွင်တွင်ကြီးဖော်ပြရေးသားလေ့ရှိသည်။ ထို့ကြောင့် သုံးလအတွင်းနှစ်ကြိမ်ပြင်းထန်စွာ သတိပေးခြင်းခံရသည်။ အာမခံကျပ် ငွေတစ်ထောင့်ငါးရာ တင်ထားခြင်းခံခဲ့ရသည်။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့မှစတင်၍ ချောက်ရေနံမြေသပိတ်၊ တောင်သူလယ်သမားသပိတ်၊ တက္ကသိုလ်ကျောင်းသားများသပိတ် စသည့် သပိတ်ပေါင်းစုံ လှုပ်ရှားပေါ်ပေါက်လာသည်။ တက္ကသိုလ်ဂျပ်ဆင်ကောလိပ်ကျောင်းသား မောင်အောင်ကျော် သေဆုံးခဲ့ရသည်အထိ ဖြစ်လာရသည်။

ဗြိတိသျှအရင်းရှင်တို့၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် တစ်တိုင်းပြည်လုံးယူကျုံးမရ ဖြစ်ကြရသည်ကိုသိသော အင်္ဂလိပ်အစိုးရသည် ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ည ၆ နာရီခွဲတွင် ရန်ကုန်ခရိုင်ရာဇဝတ်တရားသူကြီး ဦးဘိုးစ၏လက်မှတ်ဖြင့် သတင်းစာတိုက်အားလုံးသို့ ယခုဖြစ်ပွားနေသော အရေးအခင်းဆိုင်ရာ ဓာတ်ပုံ၊ ဆောင်းပါးများ မထည့်ရန် ထုတ်ပြန်ခဲ့သည်။ သတင်းစာတိုက်အချို့ကို စစ်တပ်နှင့်ဝိုင်းပြီး စာဖောင်၊ ဘလောက် စသည်များ သိမ်းဆည်းသွားကြသည်။

ဤအတောအတွင်း အယ်ဒီတာချုပ်ဦးဘချို ဦးစီးထုတ်ဝေသော ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ "ဒီးဒုတ် နေ့စဉ်သတင်းစာ"တွင် "ညွှန့်ပေါင်းရာထူးမြဲရန်အကြံ" ဟုခေါင်းတပ်လျက် "ပုဒ်မ ၁၄၄ ရုပ်သိမ်းရန်၊ လယ်သမားတပ်၊ ရေနံတပ်တို့ ရန်ကုန်လာရေး ခွင့်ပြုရန်၊ ဤအရေးတော်ပုံနှင့်စပ်လျဉ်း၍ ထောင်အကျဉ်းချထားသူများကိုလွှတ်ရန်နှင့် သေဆုံးသူ မောင်အောင်ကျော်အတွက် စုံစမ်းရေးခန့်ရန်တို့ကို တိုင်းပြည်ကသိရန်တင်ပြ ရေးသားခဲ့သည်။

အင်္ဂလိပ်အစိုးရ လုပ်ရပ်အပေါ် အားရစရာမရှိသောအခါ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ထုတ် "ဒီးဒုတ်နေ့စဉ်သတင်းစာတွင်" ကျောင်းသားများက "ဘာကိုအလိုရှိသနည်း" ဟုခေါင်းစဉ်တပ်ကာရေးသား သတိပေးခဲ့ပြန်သည်။ တစ်ဖန် ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ ညနေ ၃ နာရီတွင် မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) ဒီးဒုတ်သတင်းစာတိုက်၌ ရန်ကုန်မြို့လုံးဆိုင်ရာ သတင်းစာဆရာများအစည်းအဝေးကို ကျင်းပခဲ့သည်။

ဦးဘချို့အမျိုးပြုသော သတင်းစာဆရာများသည် လက်ရှိပြဿနာများကို ပြေလည်အောင် မဖြေရှင်းနိုင်သော ညွန့်ပေါင်းအစိုးရကိုဖြုတ်ချရန် တင်ပြဆွေးနွေးခဲ့ကြသည်။ သတင်းစာများသည်လည်း နယ်ချဲ့အင်္ဂလိပ်အစိုးရတို့၏ သတင်းစာချုပ်ချယ်မှုများကို ဆက်လက်ဆန့်ကျင်လာကြသည်။ (ထိုစဉ်အခါက ညွန့်ပေါင်းအစိုးရကိုဦးဆောင်နေသူမှာ နန်းရင်းဝန် ဒေါက်တာဘမော် ဖြစ်သည်။ ၎င်းနောက်မှ ဦးပု နန်းရင်းဝန်ဖြစ်လာသည်။)

ဤသို့သတင်းစာများမှ ဆန့်ကျင်လာခဲ့ရာ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက် ၅ နာရီ မိနစ် ၄၀ အချိန်တွင် ပုဇွန်တောင်ဌာန အင်စပက်တော်နှင့်အတူ အခြားအရာရှိများ အမှုထမ်းများသည် ဒီးဒုတ်သတင်းစာတိုက်ရှေ့နှင့် နောက်ဖေးတွင် အစောင့်များအသီးသီးချထားကာ တိုက်တွင်းရှိ ချောင်ကြိုချောင်ကြားပါမကျန် သူပုန်စာရွက်များရှိသည်ဟူသောအနေဖြင့် ရှာဖွေကြသည်။

ထို့သို့ရှာဆဲအချိန်တွင် ဦးဘချို့မှာ အိမ်တွင်အိပ်နေဆဲဖြစ်သည်။ ည ၉ နာရီခွဲ အချိန်ကျသောအခါ ဌာနသို့လိုက်ရန် ဦးဘချို့အား အရာရှိများကခေါ်ဆောင်သွားကြသည်။ ဦးဘချို့က **"ပြုံးရွှင်စွာနှင့်ပင် ရှေးပဝေသဏီထဲက ပုလိပ်များ ကျုပ်ကိုအလိုရှိနေတယ်ဆိုတာ ကျုပ်ကြားပြီးပါပြီ"** ဟုဆိုကာ ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင် ပုလိပ်လက်တွင်းသို့ သက်ဆင်းလိုက်ပါသွားခဲ့သည်။

ဤအကြောင်းကို ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် "ဒီးဒုတ်နေ့စဉ်ပေးစာ" တွင် "ရန်ကုန်ထောင်ထဲတွင် ဘုံဝါဒတွင်နေကြခြင်း" ဟူသောခေါင်းစဉ်ဖြင့် အယ်ဒီတာချုပ် ဦးဘချို့ဖမ်းဆီးခံရကြောင်း ဖော်ပြထားသည်။

ဦးဘချို့သည် ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျပန်တို့ အာရှတစ်လွှား တန်ခိုးထွားလာ၍ မြန်မာများကပင် ဂျပန်တို့အား မျှော်လင့်အားကိုးခဲ့ကြသည်။ ထိုအခါကပင် အကင်းပါးပြီး အမြင်ကျယ်သော ဦးဘချို့သည် ဂျပန်များဆိုးဝါးပုံကို ရေးသားခဲ့သည်။ အချို့တပည့်များနှင့်ပင် သဘောထားကွဲလွဲခဲ့ရသည်။

ဂျပန်တို့ မြန်မာနိုင်ငံအတွင်းသို့ရောက်လာသောအခါ ဦးဘချို့အားသတ်ရန်ပင် လိုက်လံရှာဖွေကြသေးသော်လည်း တပည့်အချို့၏ တောင်းပန်မှုကြောင့် အသက်ဘေးမှ ကင်းဝေးခဲ့ရကြောင်းသိရှိရသည်။

ဦးဘချို့သည် ဂျပန်ခေတ်အစိုးရလက်ထက်တွင် အတိုင်ပင်ခံလွှတ်တော်အမတ် အဖြစ် ထမ်းဆောင်ခဲ့သည်။

ဗြိတိသျှစစ်တပ်များ မြန်မာပြည်သို့ပြန်ဝင်လာပြီးနောက်တွင် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကိုဖွဲ့စည်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ဦးဘချို၏စိတ်ဓာတ်နှင့် အရည်အသွေးကိုသိ၍ ယုံကြည်အားထားခဲ့သည်။ ဦးဘချိုကလည်း ဗိုလ်ချုပ်အောင်ဆန်းအား ယုံကြည်အားထားသည်၊ ယင်းအတွက်ကြောင့်ပင် မြန်မာတစ်နိုင်ငံလုံး လုံးဝလွတ်လပ်ရေး ရရှိမှုအတွက် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကြီးတွင် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အမှုဆောင်ဝန်ကြီးအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

ဦးဘချိုသည် စိတ်ထားနူးညံ့သည်။ မာန်မာနကင်းသည်။ မျိုးချစ်စိတ် ထက်သန်သည်။ သေဆုံးသည်အထိ ရှေးဆံထုံးဖြင့် ရိုးရာမပျက်ရှိခဲ့သည်။ ဉာဏ်ထက်မြက်သည်။ အကင်းပါးသည်။ ဗဟုသုတကြွယ်ဝသည်။ စေတနာသဒ္ဓါတရား ရက်ရောသည်။ သာသနာတော်ကိုယုံကြည်သည်။ ဘာသာကိုလေးစားသည်။ သာသနာထွန်းပြောင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုကို အထူးလိုလားသည်။ လက်တွေ့လည်း ဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

ဦးဘချိုသည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်တွင် ကွယ်လွန်သည်။ ဦးဘချိုတွင် သမီး (၆) ယောက်ထွန်းကားခဲ့သည်။ သမီးအကြီး ဒေါ်ခင်ပုမှာ အမျိုးသမီးလွှတ်တော်အမတ်ဖြစ်ခဲ့ပြီး ကွယ်လွန်သွားခဲ့သည်။

**ကိုးကားရန်အညွှန်း ။**

**(၁) မြန်မာ့စွယ်စုံကျမ်း အုပ်တွဲ (၈)။**

**(၂) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ စာ-၃၃၅-၃၃၆။**

**(၃) သခ်ီ၊ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို။**



# ဦးဘဆွေ (မဟာဆွေ)

စာရေးဆရာကြီး မဟာဆွေအမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာဦးဘဆွေကို ၁၉၀၀ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်နေ့က ဦးအောင်ငြိမ်း၊ ဒေါ်မြင် တို့မှ စစ်ကိုင်းမြို့၊ မင်းစံရပ်၌မွေးဖွားခဲ့သည်။ ဇာတာအမည် မောင်မြသန်း ဖြစ်သည်။ ငယ်စဉ်ကစ၍ မောင်ဘရှိန် ဟုခေါ်ကြသည်။ ဝတ္ထု၊ ဆောင်းပါးများရေးရာ၌ "မောင်ဘဆွေ" ဟူသောအမည်ကို ယူလိုက်မိသည်မှအစပြု၍ သူအား "ဦးဘဆွေ" ဟုပင်ခေါ်ဝေါ်လာကြသည်။ ထို့ကြောင့် နောက်ဆုံးတွင် "မဟာဆွေ" ဟူသော ကလောင်အမည်ကို ခံယူလိုက်သည်။

ဦးဘဆွေသည် ငယ်စဉ်အခါကာလကပင် ဉာဏ်ပညာထက်မြက်သူတစ်ယောက် ဖြစ်သည်။ သို့ရာတွင် အမိ၊ အဖ တို့၏ ချို့တဲ့ငြိုငြင်မှုကြောင့် စာပေကောင်းစွာမသင်ရ။ ကျောင်းနေလိုက်၊ ကျောင်းထွက်လိုက်၊ ကျောင်းပြောင်းလိုက်နှင့်ပင် အသက် ၂၀ အရွယ် ၁၉၂၀ ပြည့်နှစ်တွင် စစ်ကိုင်းမြို့၊ အစိုးရကျောင်းမှ ၈ တန်းအောင်မြင်ကာ၊ မန္တလေးမြို့၊ နော်မန်ကျောင်းသို့ တက်ရောက်သင်ကြားခွင့်ရတော့သည်။ ဆရာဖြစ်သင်တန်းကို အောင်မြင်၍ မြောင်းမြမြို့၊ ဝက်လက်မြို့၊ ဟိုပင်မြို့၊ ခင်ဦးမြို့၊ ရွှေဘိုမြို့ စသည်တို့ကို လှည့်လည်ကာ ဆရာအဖြစ်အမှုထမ်းဆောင်သည်။

ထိုစဉ်အတွင်းသူရိယသတင်းစာတွင် "အာစရိယဝက်လက်" ဟူသောအမည်ဖြင့် ပညာရေးဆောင်းပါးများ၊ နိုင်ငံရေးဆောင်းပါးများ၊ မြို့ရေး၊ ရွာရေးဆောင်းပါးများကို စတင်ရေးသားသည်။ "ကြော့ဝက်လက်" ဟူသော အမည်ဖြင့် ကဗျာများကို ရေးသားခဲ့သည်။

ဦးဘဆွေကို သူ့ဆောင်းပါးများ၊ ကဗျာများ၊ ဝတ္ထုတိုများကြောင့် လူသိများလာသည်။ လူချင်းမတွေ့ဖူးကြသော်လည်း စာချင်းရင်းနှီးနေကြကာ နောက်ဆုံးတွင် ရန်ကုန်မြို့ရှိ သတင်းစာဆရာနှင့်စာရေးဆရာအချို့၏ အားပေးတိုက်တွန်းမှုကြောင့် ၁၉၃၅ ခုနှစ်တွင် ကျောင်းဆရာအလုပ်မှ နုတ်ထွက်ကာ ရန်ကုန်မြို့သို့ပြောင်းရွှေ့လာသည်။

ဦးဘဆွေသည် မဟာဆွေကလောင်အမည်ဖြင့် "ထောင်နန်းစံ"၊ "အကျိုးဆောင်ကြီး"၊ "ဒို့မေမေ"၊ "သူပုန်ကြီး"၊ "မယ်တို့ပြည်"၊ "မောင်တို့ပြည်"၊ "ဈေးချိုသူ"၊ "ပျို့တောင်ပြုံး"၊ "ဝါဝါဝင်း"၊ "စောရဗလ"၊ "စောရသက်ပြင်း" စသည့်ဝတ္ထုများကို

ရေးသားခဲ့သည်။ "နေသူရိန်" အမည်ဖြင့်လည်း စိတ်ဓာတ်မြှင့်တင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး ဆောင်းပါးများ ရေးသားခဲ့သည်။ "မွန်းသော်တာ" အမည်ဖြင့်လည်း ဟာသစာပေများကို ရေးသားခဲ့သည်။ သုတေသနစာပေအဖြစ် "ဘိုးဝဇီရ" အတ္ထုပ္ပတ္တိကိုလည်း ရေးသားခဲ့သည်။

ဦးဘဆွေသည် လုံးချင်းဝတ္ထုရှည်ပေါင်း အုပ်ရေ (၆၀) ကျော်၊ ဝတ္ထုတိုပေါင်း (၁၀၀) ကျော် (၆၀၀) နီးပါး၊ ဆောင်းပါးများ မရေမတွက်နိုင်အောင် ရေးသားခဲ့သည်။

ဦးဘဆွေသည် သူရိယဦးသိမ်းမောင်၏ ကူညီပေးမှုဆက်သွယ်ပေးမှုအရ ထိုစဉ်က "ရဲဗိုလ်ချုပ်" ဦးမောင်ကြီးနှင့် သိကျွမ်းရင်းနှီးရလာသည့် ဦးဘဆွေ ရန်ကုန်သို့ရောက်စဉ်က "ရဲသတင်းစာ" ကို ဦးသိမ်းမောင်ဦးစီး၍ တစ်ကြိမ်မျှ ထုတ်ဝေခဲ့လေသည်။ သို့ရာတွင် အကြောင်းမညီညွတ်သဖြင့် ခေတ္တမျှရပ်ဆိုင်းထားရသည်။ ဦးဘဆွေရောက်လာသော အခါ၌ ရဲဦးမောင်ကြီး၊ သူရိယဦးသိမ်းမောင်တို့သည် တအားတက်လာကြပြန်ကာ ဦးဘဆွေအား အယ်ဒီတာချုပ်အဖြစ်ထား၍ ရဲသတင်းစာကို ၇ ရက်တစ်ကြိမ် ထုတ်ဝေပြန်သည်။ လူအားငွေအားနည်းပါးရသည့်အကြားမှ ဆရာကြီး ဦးဘဆွေသည် အခကြေးငွေ ဟူ၍ သဘောမထားဘဲ ရန်ကုန်မြို့သို့ မိမိရောက်စနှစ်ဖြစ်သော ၁၉၃၅ ခုနှစ် ကုန်ဆုံးခါနီးမှ ရဲသတင်းစာ ၁၉၃၈ ခုနှစ် မတ်လ ၂၀ ရက် ရဲသတင်းစာ ရပ်စဲသည့်နေ့တိုင်အောင် မနား မနေကြိုးစားဆောင်ရွက်ခဲ့သည်။

ဦးဘဆွေသည်ခေတ်ကိုမလိုက်ဘဲ မိမိကသာ ခေတ်ကြီးကို ပြုပြင်ခဲ့သူ၊ မိမိနိုင်ငံ ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် လှုံ့ဆော်ခဲ့သူ၊ ရဟန်းတို့၏ချွတ်ယွင်းမှု၊ နတ်ဘိုးဘိုးအောင် ကိုးကွယ်မှုယုံကြည်မှုများကို ရဲဝံ့စွာ ပြုပြင်ပေးသော ဆောင်းပါးဝတ္ထု များကို ရေးသားခဲ့သူတစ်ဦးအဖြစ် ထင်ရှားခဲ့သည်။

ဦးဘဆွေသည် မဟာဆွေ၊ ကြော့ဝက်လက်၊ မောင်ဘဆွေ၊ အာစရိယဝက်လက်၊ နေသူရိန်၊ မွန်းသော်တာ စသည် ကလောင်အမည်များဖြင့်ရေးသားခဲ့သည်။

ဦးဘဆွေသည် ၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကြည်ကြည်၊ သမီးစာရေးဆရာမ ခင်ဆွေဦးနှင့် ခင်ဆွေအေးတို့ ကျန်ရစ်သည်။

**ကိုးကားရန်အညွှန်း။** (၁) **မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ ၃၃၈-၃၄၀။**

(၂) **ပြန်ဆက်/စာတည်းအဖွဲ့၊ နှစ်ဆယ်ရာစု မြန်မာ စာရေးဆရာများနှင့်စာစုစာရင်း။**

# ဦးဘဖေ (ဟံသာဝတီ ဦးဘဖေ)



သတင်းစာဆရာ ဦးဘဖေကို ၁၉၀၆ ခုနှစ်၊ နိုဝင်ဘာ လတွင် လှည်းကူးမြို့နယ်၊ ဒါးပိန်၌ မြေပိုင်ရှင် အဖ ဦးဖိုးလူ၊ အမိ ဒေါ်ရွှေချို တို့မှ မွေးဖွားခဲ့သည်။

ဦးဘဖေသည် ၁၉၂၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရ ပထမလတ်စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ပထမကြီး စာမေးပွဲ အောင်မြင်ခဲ့သည်။ တက္ကသိုလ်ပညာရေးတွင်ဘီအေ (ဘီ) တန်း အောင်မြင်ခဲ့သည်။

ဦးဘဖေသည် ၁၉၃၅ ခုနှစ်တွင် ဘာသာပြန်နှင့် သတင်းအယ်ဒီတာ အဖြစ် ရန်ကုန်မြို့ ဆန်းသတင်းစာတွင် လုပ်ကိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဟံသာဝတီ သတင်းစာ၌ ဘာသာပြန်နှင့် အယ်ဒီတာ၊ ၁၉၅၈ ခုနှစ်တွင် အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင် ခဲ့သည်။

ဦးဘဖေသည် မြန်မာနိုင်ငံသတင်းစာဆရာအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ကြီးမြို့မအဖွဲ့နှင့် မင်္ဂလာဗျူဟာအသင်းဝင်လည်းဖြစ်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်းသို့ သွားရောက်ခဲ့သော သတင်းစာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက ဦးဆောင် ပြုလုပ်သော နိုးနှော့ဖလှယ်ပွဲကျင်းပရာတွင် ရောမမြို့သို့ ကိုယ်စားလှယ်အဖြစ်သွားရောက် ခဲ့သည်။

ဦးဘဖေသည် ၁၉၈၇ ခုနှစ်တွင် ရန်ကုန်မြို့၊ အမှတ် (၉၃)၊ မြောင်းကြီးလမ်း၊ ရေကျော်ရပ်ကွက်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ သိမှတ်ဖွယ်ရာ ကိုယ်ရေးအချက်အလက်များ။ စာ ၄၄၄။**



# ဦးဘဘေ (ဘကြီး ဘဘေ)

သတင်းစာဆရာ ဦးဘဘေကို ကြို့ပင်ကောက်မြို့၊ မြေပိုင်ရှင်အဘ ဦးအို၊ အမိဒေါ်မှင် တို့မှ ၁၈၈၃ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ဦးဘဘေသည် အသက် ၁၇ နှစ်သားအရွယ်တွင် အင်ထရင့်စာမေးပွဲကို စကောလားရှစ်ဆုဖြင့် အောင်မြင်ခဲ့သည်။ ၁၉၀၆ ခုနှစ် အသက် ၂၃ နှစ်တွင် ဘီအေစာမေးပွဲကို အောင်မြင်ခဲ့သည်။ ဘီအေ အောင်ပြီး ဝိုင်၊အမ်၊ဘီ၊အေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း စတင်တည်ထောင် ရာတွင် အဓိကအရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးအပါအဝင်ဖြစ်သည်။ ဦးဘဘေသည် ဘီအေအောင်ပြီးနောက် နယ်ချဲ့အင်္ဂလိပ်အစိုးရက မြို့အုပ်ရာထူးလာပေးသည်ကို မယူဘဲ စိန်ပေါကျောင်း၌ ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

ဦးဘဘေသည် ငယ်စဉ်ကဇာတိမာန်တက်ကြွစေရန် အဖြစ်ဆန်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ ကြုံတွေ့ရပုံမှာ သူငယ်စဉ်က ရန်ကုန်ရှိ ဟိုက်စကူးကျောင်း၌ ကျောင်းတက်သွားစဉ် ဆိုင်ကယ်စီးလာသောပုလိပ်မင်းကြီး အက်ဒေါနင်ရှေ့မှ ကလေးပီပီ ဖြတ်ပြေးသွားခဲ့မိသည်။ မင်းကြီးရှေ့မှ ဖြတ်ပြေးသွားရကောင်းလားဆိုပြီး ဒဏ်ငွေသုံးကျပ် ဒဏ်ရိုက်ခံရသည်။ လူချင်းတူပါလျက် နားမလည်သေးသောကလေးအရွယ်က မျက်နှာဖြူအင်္ဂလိပ် ပုလိပ်မင်းကြီးရှေ့မှ ဖြတ်ပြေးမိရုံဖြင့် ဒဏ်ငွေရိုက်ခြင်းကို သူမကျေနပ်ခဲ့၊ ခံပြင်းမိခဲ့သည်။ ဤသည်ကား ဇာတိမာန်တက်ကြွမှု၏ မျိုးစေ့ပင်ဖြစ်သည်။

၁၉၁၁ ခုနှစ်တွင် ဦးဘဘေသည် ဦးလှဖေနှင့်တိုင်ပင်၍ တစ်ယောက်လျှင် ငွေနှစ်ဆယ့်ငါးကျပ်စီ မတည်ကာ "သူရိယသတင်းစာ"ထုတ်ဝေရန် စိုင်းပြင်းကြသည်။ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်မှ ကြော်ငြာများကို ရိုက်နှိပ်၍ဝေငှကြသည်။ ကြော်ငြာတွင် "သူရိယသတင်းစာကြီး" ထွက်တော့မည်။ ဘာသာရေး၊ နိုင်ငံရေးပါမကျန် မိမိတို့သန်ရာကို ဖတ်ရမည်ဟု ပါရှိသည်။ နီးစပ်ရာ ခင်မင်ရာပုဂ္ဂိုလ်များထံမှလည်း အစုရှယ်ယာများပါဝင်စေခဲ့သည်။ တစ်ဦးလျှင် တစ်ဆယ့်ငါးကျပ်မျှဖြင့် အစုရှယ်ယာပါဝင်စေခဲ့ရာ အစုရှယ်ယာငွေကျပ် ငါးထောင်မျှရရှိခဲ့သည်။ ထိုကျပ်ငါးထောင်ဖြင့် မတည်၍ သူရိယသတင်းစာတိုက်ကို စတင်တည်ထောင်ပြီး သူရိယသတင်းစာကြီးကို ထုတ်ဝေခဲ့သည်။ ထိုစဉ်က ဦးဘဘေ၏ အသက်မှာ ၂၈ နှစ်သာ ရှိသေးသည်။

ဦးဘဘေသည် သတင်းစာလုပ်ငန်းကိုလုပ်ကိုင်ရင်း ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကိုလည်း စတင်တည်ထောင်သည်။

ဦးဘဘေနှင့်အတူ ဦးမောင်ကြီး (ဆာမောင်ကြီး) ဦးစိန်လှအောင်၊ ဦးဖိုးပြေ၊ ဦးမုန်း၊ ဦးမေအောင်၊ ဒေါက်တာဘရင်၊ ဦးလှဖေ၊ ဦးသိန်းမောင်၊ စသော ခေတ်ပညာတတ်လူငယ်လူရွယ်များ ပါဝင်ခဲ့သည်။

ဦးဘဘေသည် သူရိယသတင်းစာလုပ်ငန်းတွင် အယ်ဒီတာအလုပ်မှစပြီး အောက်ခြေသိမ်း တံမြက်လှည်း၊ သတင်းစာခေါက်လုပ်ငန်းပါမကျန် အပင်ပန်းခံ အလုပ်လုပ်ခဲ့သည်။ အခြားသတင်းစာများထက် သတင်းထူးများကို ဦးစားပေး ရေးသားခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းကြီး၏ လှုပ်ရှားမှုများကို အသားပေး ရေးသားဖော်ပြခဲ့သည်။ လှုပ်ရှားမှုအသက်ပါသော သတင်းစာဖြစ်၍ သတင်းစာစောင်ရေ တရိပ်ရိပ်တက်လာခဲ့သည်။ ထိုစဉ်က ရွှေတိဂုံစေတီတော်မြတ်ပေါ်တွင် မျက်နှာဖြူများ ဖိနပ်စီးပြီးတက်နေကြသည်။ ဤသည်ကို မကြည့်ရက်နိုင်သော ဦးဘဘေသည် ကာတွန်းရုပ်ပြောင်ဖြင့် သတင်းစာတွင် ဖော်ပြခဲ့သည်။ ထိုသို့ဖော်ပြခြင်းခံခဲ့ရသည်ကို အင်္ဂလိပ်မျက်နှာဖြူများနှင့် အလိုတော်ရိများ မခံမရပ်နိုင် ဖြစ်ခဲ့ကြသည်။

ကာတွန်း၏ရုပ်ပုံမှာ တောင်ရှည်ပုဆိုးဝတ် ဘုရားလူကြီး၏ကျောပေါ်တွင် မျက်နှာဖြူဇနီးမောင်နှံတို့က ဖိနပ်မချွတ်ဘဲခွစီးထားရင်း စေတီတော်မြတ်ကို လှည့်လည်ကြည့်ရှုနေပုံဖြစ်သည်။ ထိုမျက်နှာဖြူဇနီးမောင်နှံတို့ကပင် "အခုလိုဖိနပ်မချွတ်ဘဲ ဘုရားပေါ်လည်ကြည့်ရသဖြင့် ကျေးဇူးတင်ပါတယ်" ဟူသောစကားကိုပင် ဖော်ပြလိုက်သေးသည်။ ထိုကာတွန်းကို ရွှေတလေးခေါ် ဦးဘကလေးက ရေးဆွဲပေးသည်။

ထိုကာတွန်းကြောင့် ပုလိပ်မင်းကြီး မျက်နှာဖြူရှုပ်တဲ(လ်) ဝပ်(သ်)က ဦးဘဘေနှင့် ဦးလှဖေတို့ကို ခေါ်မေးလေသည်။ ဦးဘဘေတို့ကိုခေါ်သော်လည်း ပုလိပ်မင်းကြီး စားပွဲရှေ့တွင် ထိုင်စရာဟူ၍ ဘာမျှမထား၊ ဖျာကလေးတစ်ချပ်မျှသာ ခင်းထားလေသည်။ ဦးဘဘေတို့ကမထိုင်ဘဲ မတ်တပ်ရပ်လျက်ကပင် "ဂွတ်မောနင်းမစ္စတာရှုပ်တဲ(လ်)ဝပ်(သ်)ဟု နှုတ်ဆက်လိုက်သည်။ မျက်နှာဖြူပုလိပ်မင်းကြီးက မျက်နှာထားခပ်တင်းတင်းဖြင့် ကာတွန်းဘာကြောင့် ထည့်ရသလဲဟု မေးလေသည်။

ဦးဘဘေက "ပုလိပ်က ပုလိပ်အလုပ်ပဲလုပ်ပါ၊ သတင်းစာအလုပ်ကို ဝင်မရှုပ်ပါနဲ့၊ ဒီမယ် ဟေ့ကောင် မင်းဟာ တို့ကို တမင်ခေါ်ပြီးညစ်တာ၊ တို့ထိုင်ဖို့ နေရာတောင်မပေးဘူး၊

ဒီလိုမစော်ကားနဲ့ နောင်ကို ဒီလို စော်ကားရင်တော့ ငါနေမယ်မဟုတ်ဘူး ပြန်ဆော်မှာပဲ” ဟုပြောလိုက်သည်။

ထိုအခါ ပုလိပ်မင်းကြီးက သူ့ကိုပြန်ပြောရမလားဆိုပြီး စိတ်ဆိုးကာ ကုလားလို ဆဲဆိုမောင်းထုတ်လေသည်။ ဦးဘဘေကလည်း ခေါင်းငုံ့မခံဘဲ ပြန်ဆဲပြီး၊ စားပွဲပေါ်ရှိ မျဉ်းလုံးဖြင့် ဆွဲရိုက်မည်အပြု အတူပါလာသော ဦးလှဖေက ဆွဲထားလိုက်ရသည်။ ဦးဘဘေ ပုလိပ်မင်းကြီးနှင့် ရန်ဖြစ်ခဲ့သည်ဆိုသောသတင်းကြောင့် ဝိုင်အမ်ဘီအေအသင်းတွင် အတော် ပွက်လောရိုက်သွားသည်။ ဦးဘဘေကို အထူးပင်ချီးကျူးကြသည်။

၁၉၁၉ ခုနှစ်တွင် အော့(ခ်)ဖုန်းကော်မရှင်တွင် မြန်မာတို့၏ နစ်နာချက်ကို ဖော်ထုတ်တင်ပြရန်အတွက် အင်္ဂလန်သို့ ကိုယ်စားလှယ်သုံးဦးလွှတ်ရန် ရွေးချယ်ကြသည်။ ထိုသုံးဦးမှာ ဦးဘဘေ၊ ဦးပု၊ ဦးထွန်းရှိန်၊ တို့ဖြစ်သည်။ ထိုစဉ်က “ဘေပုရှိန်” ဟု အမည် ကျော်ကြား လူသိများခဲ့သည်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ပထမဆုံးတက္ကသိုလ်သပိတ်ကို ပြင်ပနိုင်ငံရေး ခေါင်းဆောင်တစ်ဦးအနေဖြင့် အားပေးထောက်ခံခဲ့သောပုဂ္ဂိုလ်တစ်ဦးမှာ ဦးဘဘေပင် ဖြစ်သည်။ စီ-အင်-အီး ခေါ် အမျိုးသားပညာရေးအဖွဲ့ချုပ် ကော်မတီဝင်တစ်ဦးအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်၌ပင် အင်္ဂလန်သို့ ဒုတိယအကြိမ် မြန်မာပြည်အတွက် အရေးဆိုရန် သွားရပြန်သည်။ ဦးဘဘေနှင့်အတူ ဦးပု၊ ဦးသိန်းမောင်တို့လည်း ပါဝင်ခဲ့ကြသည်။ သွားရခြင်းအကြောင်းမှာ မြန်မာပြည်ကို အိန္ဒိယပြည်နှင့် တန်းတူအုပ်ချုပ်ရေး အဆင့် အတန်းပေးရန်အတွက် ပြောဆိုဖို့ သွားခြင်းဖြစ်သည်။ ဦးဘဘေတို့ ဇွဲကောင်းကောင်းနှင့် အမျိုးမျိုးအဖုံဖုံ ကြိုးစားဆောင်ရွက်မှုကြောင့် မွန်တေဂူကဖိတ်ခေါ်ပြီး အိန္ဒိယနှင့်တန်းတူ အုပ်ချုပ်ရန် ၁၄ ရက်အတွင်း ပြုလုပ်ပေးမည်ဟူသော ကတိကို ရရှိခဲ့သည်။

ထိုစဉ်က မြန်မာပြည်ဘုရင်ခံဖြစ်သူမှာ သမိုင်းတွင်ထင်ရှားခဲ့သော ဘုရင်ခံ ကရက်ဒေါ့ (ခ်) ဖြစ်သည်။ ဦးဘဘေသည် ဒိုင်အာခီအုပ်ချုပ်ရေးကို ၂၁ ဦးဖြင့် လက်ခံခဲ့သည်။ ၁၉၂၉ ခုနှစ် ရွေးကောက်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းမှ ဝင်ရောက်အရွေးခံရာ အနိုင်ရရှိခဲ့သည်။ ထို့နောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ်ကြီးတွင်လည်း ဦးဘဘေသည် ၂၁ ဦးကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ တွဲရေး၊ ခွဲရေး ၉၁ ဌာနအုပ်ချုပ်ရေးခေတ်တွင်လည်း

သစ်တောရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ကျပ်ငါးထောင် လစာရခဲ့သည်။ ခေတ်အခေါ် သစ်တောရေးဝန်ကြီးချုပ်ဟု ခေါ်ကြသည်။

ဦးဘဘေသည် ၁၉၃၆ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဘဘေ (ခေါ်) ဘကြီးဘဘေသည် ဗိုလ်ချုပ်အောင်ဆန်း၏ ယာယီကြားဖြတ်အစိုးရအဖွဲ့တွင်လည်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ သီဟိုဠ် (သီရိလင်္ကာ) ရှိ ကန္ဒီမြို့တွင် သွားရောက်ပြီး၊ ကန္ဒီစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ချုပ်ဆိုခဲ့သည်။ လွတ်လပ်ရေးအတွက် အင်္ဂလန်သို့ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ အရေးဆိုရန် သွားစဉ်ကလည်း ဘကြီးဘဘေသည် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရသည်။

ဦးဘဘေ (ခေါ်) ဘကြီးဘဘေအကြောင်းကို ရေးရမည်ဆိုလျှင် အတော်ပင် ရှည်လျားကျယ်ပြန့်မည်ဖြစ်သည်။ နိုင်ငံရေးသက်တမ်းမှာ အရှည်ဆုံးနှင့် အကြာဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်သည်။

ဦးဘဘေသည် မြန်မာနိုင်ငံရေး နိုးကြားစမှ လွတ်လပ်ရေးရသည်အထိ နေရာအသီးသီး၊ ကဏ္ဍအသီးသီး၊ အခန်းအသီးသီး၊ ဆောင်ရွက်မှုအသီးသီးများဖြင့် ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူးကြီးတစ်ဦးလည်းဖြစ်သည်။ နောက်ဆုံးအဖြစ် အမျိုးသားရွှေရတုသဘင်ကျင်းပရေး ဗဟိုကော်မတီ၏ နာယကကြီးအဖြစ် ပါဝင်ရောက်ဆောင်ရွက်ခဲ့သည်။

ဦးဘဘေသည် ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ စနေနေ့၊ နေ့လယ် ၂ နာရီ မိနစ် ၂၀ အချိန်တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **(၁) နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ (ဘာသာပြန် စာပေအသင်း) စာ ၁၈၀။**

**(၂) ရှုဒေါင့်ဂျာနယ် (၁၅. ၁၁. ၁၉၇၁) စာ-၂၁။**



# ဦးဘိုးသင်း (စစ်ကိုင်းဦးဘိုးသင်း)

စာရေးဆရာ စစ်ကိုင်းဦးဘိုးသင်းအမည်ခံ သတင်းစာဆရာ ဦးဘိုးသင်းကို ၁၈၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် သရက်ခရိုင် မင်းတုန်းမြို့၊ မြို့သစ်ကုန်းအရှေ့ပိုင်း၌ အဖ ဦးဘိုးသာ၊ အမိ ဒေါ်ရွှေအိတ် တို့မှ မွေးဖွားသည်။

ဦးဘိုးသင်းသည် ပေပင်ကျောင်းခေါ် ဘုန်းတော်ကြီးကျောင်း၌ စတင်ပညာသင်သည်။ ကျောင်းမနေမီကပင် ဖခင်၏သင်ကြားမှုကြောင့် စာရေးတတ် ဖတ်တတ်သဖြင့် ပေပင်ကျောင်းတွင် ပထမတန်းကိုဝင်ဖြေရာ ပထမရသည်။ အတန်းအဆင့်ဆင့် ထူးချွန်စွာအောင်မြင်ပြီး သတ္တမတန်းတွင်လည်း သရက်မြို့နယ်၌ ပထမရသည်။ ထို့နောက် မန္တလေးနော်မန်ကျောင်း (ဆရာအတတ်သင်ကျောင်း) ၌ ဆက်လက်ပညာဆည်းပူးရာ ၁၉၀၇ ခုနှစ်တွင် ဆရာဖြစ်အောင်သည်။ ထို့နောက် မြစ်ကြီးနားတွင် ကျောင်းဆရာအဖြစ်လည်းကောင်း၊ ဗန်းမော်တွင် ကျောင်းအုပ်အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ထိုစဉ် ပညာအုပ်နှင့် စကားများသဖြင့် အလုပ်မှနုတ်ထွက်သည်။

ဦးဘိုးသင်းသည် အလုပ်မှနုတ်ထွက်ပြီးနောက် စာနယ်ဇင်းလောကသို့ ဝင်ရောက်သည်။ မန္တလေးတွင် သတင်းထောက်အဖြစ်ဆောင်ရွက်သည်။ ရန်ကုန်သို့သွားပြီး ကူးသန်းရောင်းဝယ်ရေးသတင်းစာတွင် ဝင်ရောက်လုပ်ကိုင်သည်။ ထိုစဉ် ပညာမင်းကြီးကခေါ်ယူပြီး၊ မကွေးတွင် ပညာအုပ်အဖြစ် ခန့်ထားသည့်အတွက် ပညာရေးဌာနသို့ ပြန်ရောက်လာရသည့် ဦးဘိုးသင်းသည် ပညာအုပ်အဖြစ်ဖြင့် မြန်မာနိုင်ငံအနှံ့ရောက်ခဲ့သည်။

ဦးဘိုးသင်းသည် စာပေလောကထဲသို့ အသက် ၁၉ နှစ် အရွယ်ကစ၍ ဝင်ရောက်ခဲ့ပြီး၊ ဝတ္ထုဆောင်းပါးအမြောက်အမြား ရေးသားခဲ့သည်။ "ရွှေဂျိုးဖြူ" ဟူသော ကလောင်အမည်ခွဲဖြင့်လည်း ရေးသားခဲ့သည်။ စစ်ကိုင်းတွင် အခြေတကျ နေထိုင်သည့်အတွက် "စစ်ကိုင်းဦးဘိုးသင်း" ဟုထင်ရှားသည်။

ဦးဘိုးသင်းရေးသားခဲ့သော စာအုပ်များမှာ ကိုကို ၊ ကိုသိန်းမောင်၊ ဖာတစ်လုံးခေါင်းကျား၊ ကိုးသိန်းရှင်၊ ကြာဝတ်ရည်၊ ခင်ကြီးမဟာမြိုင်၊ ခေါင်မြင့်၊ ပန်းရည်၊ ချစ်ပန်းရည်၊ ငတုန်း၊ ငပတ်လည်၊ ငဖြူထီးနန်းတွင်း ဝတ္ထုတော်ကြီး၊ ငမည်းခေါင်၊ စောထီးမောင်၊ စိတ်တိမ်းမောင်၊ ဆောင်းအမိ၊ တကယ့်ယောက်ျား၊ တင့်မျိုးခေါင်၊ တို့ကျေးရွာ၊ နီတိမာလာ တော်ဝင်ဝတ္ထုတော်ကြီး၊ နီတိအမြုတေတေး၊ နေမျိုးနွယ်နန်းတွင်း ဝတ္ထုကြီး၊ ငလုံးမယ်၊

ပုဂံခေတ်အရည်းမာယာ၊ ပင်မြင့်ပန်း၊ ပင်လယ်ပျော်သီသီ၊ ပျို့မောင်၊ ပြည်ကြီးမျက်ရှင်၊ ပြည်ကြီးမှန်ကူ၊ ပြည်ကြီးရတနာ၊ ပြည်တွင်းလှဲ့လှဲ့၊ ငမဲကျွန်၊ စလေးမင်းခွေး၊ ခရီးသည်ကြီး၊ သူ့အမြင်သူ့အတွေး (ဆယ်တွဲ) စသည်တို့ဖြစ်သည်။

ဦးဘိုးသင်း၏ ၁၉၃၈ ခုနှစ်တွင် ရေးသားသော ဖာတစ်လုံးခေါင်းကျား ဝတ္ထုသည် ထင်ရှားသော ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး၊ ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရသည်။ ၁၉၅၄ ခုနှစ်တွင် ငမဲကျွန်ဝတ္ထုဖြင့် စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးဘိုးသင်း၏ ငမဲကျွန်ဝတ္ထုသည် ရှေးဟောင်းဝတ္ထုကြီးဖြစ်သည်။ ၁၉၅၃ ခုနှစ် သွေးသောက်မဂ္ဂဇင်း၌ လစဉ်အခန်းဆက်ဝတ္ထုရှည်ကြီးအဖြစ် ထည့်သွင်းရေးသားပြီးမှ လုံးချင်းထုတ်ဝေခြင်းဖြစ်သည်။ ရှေးလူကြီးများ၏ အရေးအသားထုံးနည်းတစ်မျိုး ဖြစ်သည့် အပြင်၊ မှတ်သားဖွယ်အများပါရှိသည်။ "မပြစ်မှားထိုက်သူအားပြစ်မှားမိ၍၊ နောက်ဆုံးတွင် အသေဆိုးဖြင့်သေဆုံးရသည်" ကိုတင်ပြထားသော ဇာတ်လမ်းဖြစ်သည်။

ဦးဘိုးသင်းသည် တပည့်များ၏ တိုက်တွန်းချက်အရ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ၁၉၇၈ ခုနှစ်တွင်ရေးသားပြီး၊ ၁၉၇၉ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေသည်။ ငယ်စဉ်က စ၍ စစ်ပြီးကာလအထိပါဝင်သည်။

ဦးဘိုးသင်းသည် ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ။ စာ၄၄- ၄၅။**

**(၂) စစ်ကိုင်းဦးဘိုးသင်း၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ။**

**(၃) မလိခ၊ မြန်မာစာပေအဘိဓာန် ၂။ စာ၁၁၅-၁၁၆။**

**(၄) မလိခ၊ မြန်မာဝတ္ထုအညွှန်း၊ စာ ၉၉-၁၀၀။**

**(၅) မောင်သုတ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ။ စာ - ၃၆၄ - ၃၆၅။**

## ဦးဘသန်း (ယူပီအိုင် ဦးဘသန်း)



သတင်းစာဆရာ ယူပီအိုင် ဦးဘသန်း ကို ရန်ကုန်မြို့ လမ်းမတော်ရပ်ကွက်၊ ၁၆-လမ်းတွင် ၁၈၉၉ ခု၊ မတ်လ ၂၃ ရက်နေ့၌ အဖဦး အုန်း၊ အမိ ဒေါ်ဖွားတို့မှ မွေးဖွားခဲ့သည်။

ဦးဘသန်းသည် ငယ်စဉ်ကမြန်မာစာသင်ကျောင်းတွင် ပညာစသင်ပြီး စတုတ္ထတန်းမှစ၍ အစိုးရဟိုက်စကူး (ယခု လသာအစိုးရအမှတ် (၁) အ-ထ-က) ကျောင်းသို့ပြောင်းကာ ကာလကတ္တား တက္ကသိုလ်လက်အောက်ခံ မက်ထရစ် ၁၀ တန်းအထိ သင်ယူသည်။ ၁၀ တန်း စာမေးပွဲအောင်မြင်၍ ရန်ကုန်ကောလိပ်တွင် ၁၉၁၇ ခုနှစ်မှစ၍ ပညာဆက်လက်သင်ယူခဲ့သည်။ ဘီအေအောက်တန်းတွင် ပညာသင်ယူနေစဉ် ၁၉၂၀ ပြည့်နှစ်တက္ကသိုလ်သပိတ်၌ ခေါင်းဆောင်ပိုင်းမှ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၂၁ မှ ၁၉၃၀ ပြည့်နှစ်အထိ အမျိုးသား ကျောင်းများဖွင့်လှစ်သောအခါ စစ်ကိုင်းမြို့နှင့် ခရမ်းမြို့အမျိုးသားအထက်တန်းကျောင်း များတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ကျောင်းဆရာအဖြစ်မှ နုတ်ထွက်ပြီး၊ ရန်ကုန်မြို့ သူရိယသတင်းစာတိုက်၌ ၁၉၄၆ ခုနှစ်အထိ သတင်းထောက်၊ ညအယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသော အခါ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ညတွင် အင်္ဂလိပ်အစိုးရက ကာကွယ်ရေးပုဒ်မ ၂၆ ဖြင့် ဖမ်းဆီး၍ အင်းစိန်အကျဉ်းထောင်တွင် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ အထိ ချုပ်နှောင်ထားသည်။ ထိုနေ့တွင် ရန်ကုန်မြို့မှ အင်္ဂလိပ်များဆုတ်ခွာသွား၍ လွတ်မြောက်ခဲ့သည်။

ဦးဘသန်းသည် ၁၉၄၆ ခုနှစ်တွင် သူရိယသတင်းစာတိုက်မှနုတ်ထွက်ပြီး ပြန်ကြားရေးဌာနခွဲတွင် သတင်းစာ ဆက်သွယ်ရေးအရာရှိအဖြစ် ၁၉၅၃ ခုနှစ်အထိ အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၅၄ ခုနှစ် မှ ၁၉၅၆ ခုနှစ်အထိ မြန်မာသတင်းစာတိုက်ပိုင် ရှင်များ ဖွဲ့စည်းတည်ထောင်သော ( **Burma Press Syndicate** ) တွင် အုပ်ချုပ်မှု အယ်ဒီတာအဖြစ် ကမ္ဘာ့ကြေးနန်းသတင်းများ ဖြန့်ချိခဲ့သည်။

၁၉၅၆ခုနှစ်တွင် ယင်းလုပ်ငန်းရပ်ဆိုင်းသွားသဖြင့် ထိုနှစ်မှာပင်ဖွင့်လှစ်သော

(**United Press International**) (**U.P.I**) ယူပီအိုင်နိုင်ငံခြားသတင်းဖြန့်ချိရေး ဌာနတွင် အုပ်ချုပ်မှုမန်နေဂျာအဖြစ် ၁၉၃၇ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။ ထိုနှစ်မှာပင် အငြိမ်းစားယူခဲ့သည်။

ယင်းအချိန်မှစ၍ သတင်းစာနှင့် မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသည်။ အထူးသဖြင့် ၁၉၇၅ ခုနှစ် မှ ၁၉၇၉ ခုနှစ် အထိ သွေးသောက်မဂ္ဂဇင်းတွင် "ဘဝအတွေ့အကြုံ"အခန်းဆက် ဆောင်းပါးများရေးခဲ့သည်။

ဦးဘသန်းသည် သတင်းအတိုအထွာများစုဆောင်းရာတွင် ငယ်စဉ်ကပင်ဝါသနာပါလာသည့်အလျောက် ရှေးခေတ်သတင်းစာများအကြောင်းသိကောင်းစရာများကိုလည်း စုဆောင်းခဲ့သဖြင့် ၁၉၄၇ ခုနှစ်တွင် "ရှေးခေတ်မြန်မာပြည်သတင်းစာများ"ဟု ရေးသားပြုစု၍ စာပေဗိမာန်မှစာအုပ်ထုတ်ဝေခဲ့ပါသည်။ "မြန်မာနိုင်ငံသတင်းစာဆရာအသင်း"ဟူသောအမည်ဖြင့် စစ်ပြီးခေတ်နောက်ပိုင်း ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သူရိယသတင်းစာတိုက်အုပ် ဦးဘကလေး (ကွယ်လွန်) ဥက္ကဋ္ဌ၊ ယူပီအိုင် ဦးဘသန်း အတွင်းရေးမှူးအဖြစ်ပါဝင်ခဲ့သော "သတင်းစာဆရာအသင်း" ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၅၆-၁၉၅၇ခု နှစ်တွင် ဦးဘသန်းသည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီးနောက် စာပေလုပ်သားအဖွဲ့အစည်းဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကို ဖျက်သိမ်းလိုက်သော ၁၉၆၅ ခုနှစ်အထိ အသင်းနာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးဘသန်းသည် ၁၉၄၉ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှကြီးမှူး၍ ပထမဆုံးသတင်းစာပညာသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး သတင်းထောက်ဘဝကိုယ်တွေ့ဗဟုသုတများကို သင်တန်းတွင်ဟောပြောပို့ချခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များဖြစ်သော အိန္ဒိယ၊ ယိုးဒယား၊ ဂျပန်၊ ပြင်သစ်၊ အီဂျစ်၊ လက်ဘနွန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားစသောနိုင်ငံများသို့ သက်ဆိုင်ရာအစိုးရများ၏ ဖိတ်ကြားချက်အရ မိတ်ဆက်ချစ်ကြည်ရေးခရီးများ လှည့်လည်ခဲ့သည်။

သတင်းစာဆရာကြီး ယူပီအိုင်ဦးဘသန်းသည် ၁၉၈၀ ပြည့်နှစ် စာဆိုတော်နေ့တွင်

ကျင်းပသော အသက် ၈၀ ကျော် ပထမအကြိမ် အကန်တော့ခံစာပေပညာရှင်ကြီး (၁၀) ဦး အနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး၊ နှစ်စဉ်အကန်တော့ခံခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်၊ မေလ ၁၉ ရက်၊ စနေနေ့ ညနေ ၃ နာရီ၊ မိနစ် ၃၀ အချိန် အသက် ၉၂ နှစ်အရွယ်တွင် ၎င်း၏သမီးအကြီး ဆေးတက္ကသိုလ် (၁) အငြိမ်းစားပါမောက္ခ ဒေါက်တာဒေါ်ကြည်ကြည်မေ၏ နေအိမ် အမှတ် ၆၅/ကေ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်း မြို့နယ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၁၉၉၁)၊ စာ-၂၇၉။**

**(၂) ယူပီအိုင် ဦးဘသန်း၏ ဘဝအတွေ့အကြုံ။**

# ဦးဘသောင်း (သခင်ဘသောင်း)



စာရေးဆရာ သခင်ဘသောင်းအမည်ခံ သတင်းစာဆရာ ဦးဘသောင်းကို ၁၉၀၁ ခုနှစ်၊ ဖေဖော် ဝါရီလ ၇ ရက်နေ့တွင် မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ဖုံကုန်းရွာ၌ အဖ ဦးမြစ် အမိ ဒေါ်လေးခင်တို့မှ ဖွားမြင်သည်။

ဦးဘသောင်းသည် မြို့သစ်ဆရာဦးစိုးမင်း၏ တိုင်းရင်းမြန်မာ မူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့၊ အင်္ဂလိပ်မြန်မာအစိုးရအလယ်တန်းကျောင်း၊ မန္တလေးမြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အထက်တန်းကျောင်း ၁၉၂၀ ပြည့်နှစ်တွင် ဆယ်တန်းကျောင်းသား ဘဝ၌ ပထမကျောင်းသားသပိတ်တွင် မန္တလေးသပိတ်မှောက် ကျောင်းသားကိုယ်စားလှယ် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျောင်းထွက်ပြီး ဝှိုက်ကော်မတီကို ကန့်ကွက်သဖြင့် ထောင်ကျခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ဝေလမင်းသား လာရောက်ရာ ထိုသို့မလာရောက်မီ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်နယ်တို့မှ နယ်နှင် ခံခဲ့ရသည်။

အမျိုးသားပညာရေးလှုပ်ရှားမှုတွင် မန္တလေး၊ ရွှေဘို၊ ပုသိမ် အမျိုးသားကျောင်း များ၌ စေတနာ့ဝန်ထမ်းဆရာအဖြစ်လည်း ပါဝင်ခဲ့သည်။

ဦးဘသောင်းသည် ၁၉၂၄-၂၅ ခုနှစ်တွင် မြန်မာပိုင် နယူးဘားမားအင်္ဂလိပ်သတင်း စာ၌ လက်ထောက်အယ်ဒီတာအဖြစ် လည်းကောင်း၊ ကင်းဝန်မင်းကြီးပိဋကတ်တိုက်တွင် လက်ထောက် ပိဋကတ်တိုက်မှူးအဖြစ်လည်းကောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္က သိုလ်မြန်မာစာဌာနတွင် ဘာသာပြန်နည်းပြဆရာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဦးဘသောင်းသည် ၁၉၂၈ ခုနှစ်တွင် သခင်အမည်ကို စတင်သုံးစွဲခဲ့သည်။ ၁၉၃၀ ခုနှစ် မေ ၃၀ ရက်နေ့တွင် တို့ဗမာအစည်းအရုံး၏ ကြေညာစာတမ်း၊ နိုင်ငံပြုစာစုအမှတ် (၁) ကို ထုတ်ဝေခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် တို့ဗမာအစည်းအရုံး၏ နိုင်ငံပြုစာစုအမှတ် (၂) ကြေညာစာတမ်းကို ထုတ်ဝေခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရွှေဘိုမြို့၊ ဒိုင်အာခီဥဒေပြု လွှတ်တော်အမတ်လောင်းအဖြစ် ဆောင်ရွက်ခဲ့သည်။ နယ်ချဲ့တရားများ ဟောပြောခဲ့သဖြင့် ထောင်ကျခဲ့သည်။ ထောင်ထဲတွင် အစာငတ်ခံဆန္ဒပြခဲ့သည်။ တို့ဗမာသတင်းစဉ် မှတ်တမ်းကို စာပေလက်နက်အဖြစ် အသုံးပြုခဲ့သည်။

ဦးဘသောင်းသည် ၁၉၆၂ ခုနှစ်တွင် ပြန်ကြားရေးဌာနအသံလွှင့်ရုံ၌ အမှုထမ်းသည်။ ပြန်ကြားရေးဌာန စာပေစိစစ်ရေးမှူးအဖြစ်လည်းကောင်း၊ လူမှုဆက်ဆံရေးတပ်မှ ထုတ်ဝေသော မြန်မာနှင့် ကမ္ဘာစာစောင်တွင် အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးဘသောင်းသည် ပန်းသာမစာဥ၊ ရေနံ၊ အဖေ့အမွေပြဇာတ်၊ အမေလေးဝတ္ထု၊ ကွန်မြူနစ်ဝါဒနှင့်ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဆိုတာ၊ ကွန်မြူနစ်သမိုင်း၊ တစ်ထောင့်တစ်ည၊ ဗုဒ္ဓ၏စကြာဝဠာတရား၊ တိုင်းပြည်ရန်သူပြဇာတ်၊ သူခိုးအာမက် စာအုပ်များ ရေးသားခဲ့သည်။ ၁၉၅၉ - ၆၀ ပြည့်နှစ်တွင် ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်စာအုပ်ဖြင့် ယူနက်စကိုဘာသာပြန်ဆုကို ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇွန် ၇ ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ပထမဆင့်ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးဘသောင်းသည် သခင်ဘသောင်းအမည်ဖြင့်လည်း ဆောင်းပါးများရေးသားခဲ့သည်။

ဦးဘသောင်းသည် ၁၉၈၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ-၉-၁၀။**

**(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၂)၊ စာ-၂၄၇-၂၄၈**

**(၃) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ-၃၈၂-၃၈၄။**

# ဦးဘသောင်း (မောင်သုတ)



သတင်းစာဆရာ ဦးဘသောင်း(မောင်သုတ) ကို ၁၉၁၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် အဘလယ်ဝန်ထောက် ဦးထွန်းလှိုင်နှင့် အမိဒေါ်ခင်တို့မှ သရက်မြို့၌ မွေးဖွားခဲ့သည်။

ဦးဘသောင်းသည် ရန်ကုန်မြို့ မက်သဒစ် အမျိုးသား ကျောင်းနှင့် အစိုးရဟိုက်စကူးကျောင်းတို့တွင် ပညာသင်ယူခဲ့ပြီး၊ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာဆည်းပူးခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာမြန်မာစာဂုဏ်ထူးဘွဲ့ ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

၁၉၃၃ ခုနှစ်တွင် အစိုးရအမှုထမ်းခဲ့သည်။ ပထမတွင် ဝန်ထောက်၊ ထို့နောက် စုံထောက်မင်းကြီး ရုံးစာတော်ပြန်၊ ဂျပန်ခေတ် အစောပိုင်းတွင် စာပေနှင့်စာကြည့်တိုက်ဌာန ညွှန်ကြားရေးဝန်၊ ထို့နောက် ဂျပန်နိုင်ငံသို့ တိုကျိုမြို့ အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဌာန ဘာသာပြန်အရာရှိအဖြစ် သွားရောက်အမှုထမ်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစ ၁၉၄၆ ခုနှစ်တွင် ဟံသာဝတီသတင်းစာအယ်ဒီတာ၊ ဇဝနဂျာနယ်တွဲဖက်အယ်ဒီတာ၊ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနနည်းပြဆရာ၊ မန္တလေးတက္ကသိုလ် မြန်မာစာ လက်ထောက် ကထိကအဖြစ် အမှုထမ်းခဲ့ပြီး၊ ၁၉၅၀ ပြည့်နှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။

၁၉၅၂ ခုနှစ် တပ်မတော်အရာရှိအဖြစ် မြဝတီမဂ္ဂဇင်း ဦးစီးအယ်ဒီတာနှင့် စစ်နှလုံးဂျာနယ် အယ်ဒီတာ၊ ထို့နောက် မေမြို့ (ပြင်ဦးလွင်) စစ်တက္ကသိုလ်လက်ထောက် စာပေညွှန်ကြားရေးမှူး၊ မန္တလေးတက္ကသိုလ် မြန်မာစာဌာနအချိန်ပိုင်းကထိက၊ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်အတွင်းရေးမှူး စသည်ဖြင့် အမှု ထမ်းခဲ့သည်။

ဦးဘသောင်းသည် တက္ကသိုလ်တွင် ပညာဆည်းပူးစဉ်ကပင် "တက္ကသိုလ်မင်းလွင်" "သီရိမောင်" "သောင်းထိုက်" "မောင်သုတ" စသည့်အမည်များဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်ပါးများ စရေးခဲ့သည်။ ဗိုလ်မှူးဘသောင်း၊ ဦးဘသောင်းအမည်တို့ဖြင့် လည်းဆောင်းပါးများ စာအုပ်များရေးသားခဲ့သည်။

ဦးဘသောင်းပြုစုခဲ့သော စာအုပ်များအနက်မှ အချို့မှာ ဘူရှီဒိုခေါ် ဇာနည်သွေး၊

တစ်ကျွန်းသို့၊ သူတို့လက်ဆောင်၊ စာပေလက်ဆောင်၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ မြန်မာစာမြှင့်ချင်လွန်းလို့၊ မမေ့တဲ့နိုင်း၊ ဗမာ့တော်လှန်ရေးသမိုင်း၊ သတ္တိ၊ မြေပုံဖတ်နည်း၊ ဗမာ့တပ်မတော်သမိုင်း၊ စာပေကျေးဇူး၊ စာပေအရေးအသား၊ ဤလည်းတဒုက္ခနှင့် ဝတ္ထုတိုများဖြစ်၍ တည်းဖြတ်ခဲ့သောကျမ်းများမှာ သေနင်္ဗျူဟာပျို့၊ ဗျူဟာစက္ကိပျို့၊ နန္ဒိသေနပျို့၊ အစရှိသည်တို့ဖြစ်သည်။

ဦးဘသောင်းသည် ၁၉၆၂ ခုနှစ် စာဆိုတော်များအတ္ထုပ္ပတ္တိ စာအုပ်ဖြင့် အမျိုးသား စာပေဆု (စာပဒေသာဆု) ရရှိခဲ့သည်။

ဦးဘသောင်းသည် ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား မြန်မာနိုင်ငံစာပေဆုများ ၊ စာ၁၀၇-၁၀၉။**

**(၂) တက္ကသိုလ်တင်ခ၊ မြန်မာစာမြန်မာမှုကို ပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့သူများ၊ စာ ၅၅ - ၆၅၊**

**(၃) ရာပြည့်ဦးစိုးညွှန့်၊ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၇၁-၇၃။**



## ဦးဘိုးချိန် (အမ်ဘိုးချိန်)

သတင်းစာဆရာ ဦးဘိုးချိန်ကို ၁၉၀၄ ခုနှစ်တွင် တောင်ငူခရိုင်၊ ဇီးဖြူသောင်ကျေးရွာ၌ အဖ ဦးမောင်ကြီး အမိ ဒေါ်မှုန်တို့မှ မွေးဖွားခဲ့သည်။ တောင်ငူအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဖြူးနေရှင်နယ်အထက်တန်း ကျောင်းတွင် ကျောင်းဆရာအဖြစ်လုပ်ကိုင်ခဲ့သည်။

ဦးဘိုးချိန်သည် ၁၉၃၀ ပြည့်နှစ်တွင် သတင်းထောက်အဖြစ် သတင်းစာလောကသို့ ဝင်ရောက်ခဲ့ရာ ဆန်းနေ့စဉ်သတင်းစာတွင် ၁၉၄၅ ခုနှစ်အထိ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သတင်းစာလုပ်ငန်းသို့ ဝင်ရောက်ခဲ့သည်။ Tribune သတင်းစာ စတင်တည်ထောင်သည့် ၁၉၄၆ ခုနှစ်မှစ၍ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၄၉-၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ သတင်းထောက် အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၄၇-၅၁ ခုနှစ်တွင် မြန်မာ့ကာယကြံ့ခိုင်ရေးအဖွဲ့ ငွေထိန်း အဖြစ်လည်းကောင်း၊ ၁၉၅၅-၅၈ ခုနှစ်တွင် ရုပ်ရှင်တည်းဖြတ်ရေး ဘုတ်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ မြူနီစီပါယ်ကောင်စီဝင် အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ဦးဘိုးချိန်သည် ၁၉၅၁ ခုနှစ်တွင် အိန္ဒိယနှင့် ပါကစ္စတန်သို့လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း ၁၉၅၄ ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်ရေးညီလာခံသို့တက်ရောက်ခဲ့ပြီး၊ ဥရောပ၊ မွန်တီဗီဒီ တောင်အမေရိက နိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ကနေဒါ၊ အနောက်ဂျာမဏီနှင့် ပြင်သစ်နိုင်ငံများသို့ သွားရောက် ခဲ့သည်။

ဦးဘိုးချိန်သည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် ခဲ့သည်။

**ကိုးကားရန်အညွှန်း။ သိမှတ်ဖွယ်ရာကိုယ်ရေးအချက်အလက်များ။ စာ - ၁၀၀။**

## ဦးဘိုးချိန် (အမ်ခိုင်မြဲ ဘိုးချိန်)



သတင်းစာဆရာ ဦးဘိုးချိန် (ခေါ်) အမ်ခိုင်မြဲ ဘိုးချိန်ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် အဖ ဦးဘိုးချိန် (အမ်ဘိုးချိန်) အမိ ဒေါ်ဖီတို့မှ ၁၉၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့၌ မွေးဖွားခဲ့သည်။

၁၉၃၁ ခုနှစ်၌ ကန်တော်ကလေး ထီးတန်းဓမ္မာရုံ ဖြတ်လမ်းရှိဆရာကြီး ဦးလှဖေကျောင်းတွင် သူငယ်တန်းမှစ၍ ပညာဆည်းပူးခဲ့သည်။ စတုတ္ထတန်းကို စကောလားရှစ်ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် မြို့မကျောင်းသို့ပြောင်း၍ ပညာဆည်းပူးခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဆဌမတန်းအရောက်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်။ စစ်ပြီးနောက်ပိုင်း ရေကျော်မက်သဒစ်ကျောင်းတွင် ဆက်လက်ပညာဆည်းပူးခဲ့ရာ ၁၉၄၇ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ခဲ့သည်။

၁၀ တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးစဉ် ၁၉၅၀ ပြည့်နှစ်၌ တက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၁၉၅၁-၅၂ ခုနှစ်တွင် အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းတွင် တက္ကသိုလ်ဖိုးပျိုကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။ ထို့နောက် ကျောင်းမှထွက်၍ ချောက်မြို့အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ်အမှုထမ်းသည်။ ဆရာဒေါ်ဆင်နည်းပြကျောင်းတွင် သမိုင်းဘာသာပြ ဆရာအဖြစ်လည်းကောင်း၊ ဦးလူဖေဝင်းတက္ကသိုလ်တွင် အချိန်ပြည့်ဆရာအဖြစ်လည်းကောင်း သင်ကြားပို့ချခဲ့သည်။

ထို့နောက်ကျောင်းထွက်၍ သမာဓိ၊ မြန်မာ့အလင်းသတင်းစာတိုက်များတွင် အယ်ဒီတာအဖြစ် အမှုထမ်းဆောင်ပြီး နယူးတိုင်းသတင်းစာ၊ ဟံသာဝတီသတင်းစာ၊ နေရှင်း၊ တိုးတက်ရေး၊ သူရိယသတင်းစာတိုက်များတွင် သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သတင်းစာတိုက်များ ပြည်သူပိုင်သိမ်းသည့်အခါ၌ သတင်းစာလုပ်ငန်းမှရပ်နားပြီး တောင်ဥက္ကလာပမြို့တွင်နေထိုင်ကာ ဆရာဦးခိုင်မြဲအမည်ဖြင့် ကျောင်းဖွင့်ကာ သင်တန်းများပို့ချခဲ့သည်။

၁၉၆၉ ခုနှစ်တွင် အမှတ် ၁၆၃၊ အခန်း (၁၈) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်တွင် ကိုယ်ပိုင်နည်းပြသင်တန်းဖွင့်ခဲ့သည်။ ထို့နောက် သင်တန်းအား ရုပ်သိမ်းပြီး မိသားစုနှင့်အတူစျေးရောင်းချ၍ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

တစ်ခေတ်တစ်ချိန်ကကျော်ကြားခဲ့သည့် သမာဓိသတင်းစာတွင် သတင်း၊ သတင်းဆောင်းပါးနှင့် ခေါင်းကြီးပိုင်းများ ဂျာနယ်မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သူ သတင်းစာဆရာ၊ အယ်ဒီတာ ဦးဘိုးချိန် (အမ်ခိုင်မြဲဘိုးချိန်) သည် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၄) စာ - ၃၂၅။**

# ဒေါ်မမခင် (ဒေါ်မမခင်)



သတင်းစာဆရာမကြီး ဒေါ်မမခင်ကို မအူပင်မြို့ ယစ်မျိုးဝန်ထောက်ကြီး ဦးဆုသာ နှင့် ဒေါ်ညွှာတို့မှ ၁၉၀၆ ခုနှစ်တွင် မွေးဖွားသည်။ ငယ်စဉ်က မော်လမြိုင် ကြည့်မြင်တိုင် နှင့် မန္တလေးအေဘီအမ်တို့မှပညာသင်ယူခဲ့ပြီး တက္ကသိုလ်သို့ မသွားမီ မော်လမြိုင် မော်တင်လိန်းမှ ဆရာဖြစ်အောင်ခဲ့သည်။ ကျောင်းဆရာမလုပ်ပြီးမှ ဂျပ်ဆင်ကောလိပ်သို့ တက်ရောက်ခဲ့သည်။

ဒေါ်မမခင်သည် ငယ်စဉ်ကပင် ပညာရေး၌ ပြုပြင်လိုစိတ်ဖြင့် ကမ္ဘာ့ပညာရေး စာပေများကို မျက်ခြည်မပြတ် လေ့လာ ခဲ့သူဖြစ်သည်။ ပြင်သစ်စာရေးဆရာကြီးရှူးဆိုး၏ အီမီလီ (Emile) ပညာရေးကျမ်းကြီးကို ဖတ်သည်။ ဒေါ်မမခင်သည် အဆိုပါကျမ်းကြီးကို ၁၉၂၈ ခုနှစ်မှ စတင်ဘာသာပြန်ခဲ့ရာ ၁၉၃၁ ခုနှစ်တွင် ဘာသာပြန်ဆို ပြီးစီးသွားသည်။

အီမီလီ၏ ပညာရေးသီအိုရီမှာ "ကလေးများ၏ အရည်အသွေးကို ဖော်ထုတ် နိုင်ရမည်၊ လွတ်လပ်စွာ တွေးတောကြံဆစေရမည်၊ ကျပ်ကျပ်တည်းတည်းဖြစ်အောင် အနှိုးနှင့်ပင် မထုတ်ရ၊ နူးညံ့လွန်းသော အိပ်ရာပုခက် အခွေးထည် များနှင့် ချည်မထားရ၊ လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပြုထားရမည်။" ဟူသော သဘောများပါသည်။

၁၉၃၁ ခုနှစ်၊ နိုင်ငံပေါင်းချုပ် အစည်းအဝေးကြီးမှ ပထမဖွဲ့စည်း ခေါ်ယူသော ဂျနီဗာတွင် ကျင်းပမည့် ကမ္ဘာ့အမျိုးသမီးများအစည်းအဝေးသို့ တက်ရောက်ရန် ရွေးချယ် သည့်အဖွဲ့၌လည်း ဒေါ်မမခင်ပါဝင်ခဲ့သည်။

၁၉၃၇ ခုနှစ်၊ ဆာ-ပေါ်ထွန်းလက်ထက်တွင် အမေရိကန်သို့ အာဟာရ သုတေသနအတတ်သင်ကြားရန် ပထမဆုံး နိုင်ငံခြားပညာတော်သင်အဖြစ် ဒေါ်မမခင် သည် စေလွှတ်ခြင်းခံရသည်။ ဒေါ်မမခင်သည် ပင်လယ်ရပ်ခြားမှ လာရောက်ပညာ သင်ယူရသည်ဖြစ်ရာ အချိန်မဖြုန်းနိုင်ဘဲ ညနက်သန်းခေါင်အထိ စာကြည့်တိုက်တွင် ကြိုးစားပမ်းစား စာဖတ်ခဲ့ခြင်းကြောင့်ဒေါ်မမခင်မှာ (အမ်အက်စီ) ချီကာဂို ဟူသောဘွဲ့ကို ထိုက်ထိုက်တန်တန် ရယူခဲ့သည်။

ဒေါ်မမခင်သည် အင်္ဂလန်သို့ရောက်သည့်အခါ ပညာရေးစိတ်ဓာတ် စစ်ဆင်ရေး နှင့် ကလေးသူငယ်အရွယ်အလိုက် ဖွံ့ဖြိုးရေးပညာရပ်များကို ၁၉၃၈ ခုနှစ်မှ ၁၉၃၉ ခုနှစ် အထိ သင်ယူလေ့လာခဲ့သည်။ သို့ရာတွင် အစိုးရက ဒေါ်မမခင်သင်ယူလေ့လာခဲ့သော ပညာရပ်များကိုအသုံးပြုရန် မရည်ရွယ်ဘဲ အလုပ်မပေးနိုင်သောကြောင့် ၁၉၄၀ ပြည့်နှစ်တွင် ကိုယ်ပိုင် **"ကျောင်းသားသတင်းစာ"** ကို တည်ထောင်လိုက်သည်။ ကျောင်းသား သတင်းစာကို ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစတင်၍ အင်္ဂါနေ့တိုင်း တစ်ပတ်တစ်ကြိမ် ထုတ်ဝေခဲ့သည်။

ကျောင်းသားသတင်းစာ ဆိုသည့်အတိုင်း ကျောင်းသားများနှင့်ဆိုင်ရာ ပညာရေး တိုးတက်ဖွယ်အချက်များ၊ အကြောင်းအရာသင်ခန်းစာပုံပြင်များ၊ ဆောင်းပါးများ၊ ကျောင်းသတင်းများ၊ ပညာရေးဆုပေးပွဲ၊ ပြိုင်ပွဲ၊ ပြပွဲများ၊ ကျန်းမာရေးသင်ခန်းစာ နည်းပေးလမ်းညွှန်ချက်၊ သိမှတ်ဖွယ်ရာများ စသည်ဖြင့် ကျောင်းနှင့်ကျောင်းသားများနှင့် ဆိုင်သည့် ပညာရပ်အကြောင်းအရာ အခန်းကဏ္ဍများသာ ပါဝင်ရေးသားဖော်ပြထားသည်။ ကျောင်းသားများအတွက် စေတနာ ရည်ရွယ်ချက် ကောင်းကောင်းသန့်သန့်ဖြင့် ထိုအချိန်က ထုတ်ဝေခဲ့သည့် တစ်ခုတည်းသော ကျောင်းသားသတင်းစာတစ်စောင် ဖြစ်သည်။

ဒေါက်တာဘမော်က ဥပဒေပြုလွှတ်တော်မှ နုတ်ထွက်လိုက်၍ ၎င်း၏နေရာ (ရမည်းသင်းတောင်ပိုင်း) မဲဆန္ဒနယ်အတွက် ဒေါ်မမခင်ကို အမတ်အဖြစ်အရွေးခံရန် တိုက်တွန်းရာမှ နိုင်ငံရေးတွင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဒေါ်မမခင်သည် နိုင်ငံရေး၌ စိတ်တက်ကြွလာခဲ့သည်။ ပါတီအသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အမတ်လောင်း (၆) ယောက်နှင့် ယှဉ်ပြိုင်ခဲ့ရာ ဒေါ်မမခင်က အရွေးခံခဲ့ရသည်။ နိုင်ငံရေးသည် အမြဲတစေ စိတ်ချမ်းသာမှုကို ဖန်တီးပေးသောအလုပ်မဟုတ်၊ ကန့်ကွက်လွှာတွေက တစ်မျိုး၊ ငွေကုန် ကြေးကျခံရသည်က တစ်ဖုံဖြစ်သည်။

အင်္ဂလိပ်ပြန်လာပြီး ဆာဒေါ်မန်စမစ် ဘုရင်ခံလက်ထက်တွင် ဘုရင့်အတိုင်ပင်ခံ အဖွဲ့ ဖွဲ့စည်းရာ ဒေါ်မမခင်ကို ဆာပေါ်ထွန်းက အတိုင်ပင်ခံအဖွဲ့ဝင်အဖြစ် ၂ နှစ်ခန့်အပ် ခြင်းခံခဲ့ရသည်။

ဒေါ်မမခင်သည် မြန်မာအမျိုးသမီးများအဖွဲ့၊ ခိုကိုးရာမဲ့အမျိုးသမီးများ စောင့်ရှောက်ရေးအဖွဲ့တွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒေါ်မြစိန် ကြီးမှူးသော

အမျိုးသမီးကောင်စီတွင် အမှုဆောင်အဖွဲ့ဝင်တစ်ဦး အဖြစ်ပါဝင်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ဒေါ်မမခင် ဘီအေအမ်အက်စီ (ချီကာဂို) ၏ ကျောင်းသားသတင်းစာပုံနှိပ်တိုက်မှ ယူနီယံ ဂေဇက် ဘားမိ(စ) ထရိုဗျူး(န်)ဒေလီနှင့် ပြည်သူ့အသံ ရန်ကုန်ဝီကလီများကို ရိုက်နှိပ်ခဲ့သည်။

ဒေါ်မမခင်တည်ထောင်ခဲ့သော ကျောင်းသားသတင်းစာတွင် သက်ရွယ်နုနယ်သူ ကလေးများအတွက် နိုင်ငံခြားသတင်းစာကြီးများ၏ ရွှင်ပျော်ဖွယ် ဆည်းပူးရန်များကို လည်းကောင်း၊ လောကဓာတ်ပညာအခန်း အမေးအဖြေ၊ ကျန်းမာရေး၊ ပထဝီ၊ ကဗျာ၊ ဒေသန္တရဗဟုသုတ၊ ပဟေဠိ၊ တိုင်းပြည်အတွက်စွန့်စားလိုစိတ် ဩဝါဒများ၊ နိုင်ငံခြားမှ အားကျဖွယ် ထင်ရှားသောကျောင်းသားများ၊ ချိန်းဘာလိန်ကျောင်း၊ နယူးယောက်မှ ပဲရစ်သို့ ပထဆုံးဖြတ်သန်းသူအကြောင်း စသဖြင့် လူငယ်များစွန့်စား အားကျအောင် လမ်းညွှန်ပေး ရေးသားဖော်ပြခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလိပ်စာစောင်ကို ထုတ်ဝေခဲ့သည်။

ဒေါ်မမခင်သည် အမျိုးသမီးကလောင်အဖွဲ့၏ လက်ဟောင်းပထမမူလ အမှုဆောင်လူကြီးတစ်ဦးဖြစ်သည်။ ကိုယ်ခန္ဓာကျမ်း၊ အိမ်တွင်းမှုသိပ္ပံကျမ်းနှင့် လူမှုရေး စာအုပ်စာတမ်းများ ပြုစုခဲ့သည်။

ဒေါ်မမခင်သည် ပထမဆုံး အမ်အက်စ်စီ (ချီကာဂို) ကျောင်းဆရာ၊ သတင်းစာ အယ်ဒီတာ၊ အမျိုးသမီးလွှတ်တော်အမတ် ဖြစ်ခဲ့ပြီး ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ စောမုံညင်း၊ မြန်မာအမျိုးသမီး၊ စာ ၁၅၆-၁၅၈။**



## ဒေါ်မမလေး (ဂျာနယ်ကျော်မမလေး)

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးအမည်ခံ သတင်းစာဆရာမ ဒေါ်မမလေးကို ဘိုကလေးမြို့နယ်၊ ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘဏ် မန်နေဂျာ ဦးပြားချို နှင့် အမိ ဒေါ်ကွီတို့မှ ၁၉၁၇ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်တင်လှိုင်ဖြစ်သည်။

၁၉၂၂ ခုနှစ်တွင် ဖျာပုံမြို့အေဘီအမ်ကျောင်း၌ ကျောင်းစတင်နေခဲ့သည်။ ဘိုကလေးမြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၂၇ ခုနှစ်တွင် သတ္တမတန်းအောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ အမျိုးသမီးကျောင်းတွင် ၁၉၃၂ ခုနှစ်အထိ နေခဲ့ပြီး နဝမတန်းအထိ ပညာသင်ယူခဲ့သည်။

ဒေါ်မမလေးသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် စိတ်ဝင်စားသူပီပီ **"မိန်းကလေးများ ထိုခေတ်က ကြက်တောင်ရိုက်သည်ကို"** သတင်းစာတစ်စောင်က ကဲ့ရဲ့လှောင်ပြောင်သည့်အတွက် ၁၉၃၆ ခုနှစ်တွင် ဒေါ်မမလေးက ပြန်လည်ချေပရှင်းလင်းသောဆောင်းပါးရေးခဲ့သည်။ **"အမျိုးသမီးများ ဇာကြီးသတ်ညဏ်ရှိကြရန်"** ဆောင်းပါးဖြင့် မြန်မာ့အလင်းသတင်းစာတွင် "ရဝေလှိုင်" အမည်ဖြင့် ဖော်ပြခြင်းခံခဲ့ရာမှ အယ်ဒီတာဦးချစ်မောင်နှင့် စတင်သိကျွမ်းခဲ့သည်။

ဒေါ်မမလေးသည် ဘိုကလေးမြို့တွင်စာကြည့်တိုက်ထူထောင်ခဲ့သည်။ ၁၉၃၅-၁၉၃၆ ခုနှစ်တွင် ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးဝင်တစ်ဦးဖြစ်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် မြန်မာ့အလင်း သတင်းစာအယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဂျာနယ်ကျော်ထုတ်ဝေသောအခါ ထုတ်ဝေသူအဖြစ်တာဝန်ယူပြီး "ဂျာနယ်ကျော်မမလေး"အမည် စတင်ခံယူ ၍ဝတ္ထုများ၊ ဆောင်းပါးများရေးသားခဲ့သည်။ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်သတင်းစာများ၏ အယ်ဒီတာအဖြစ်ဆောင် ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ်ဂျပန်ခေတ်တွင် ထိပ်တန်းလျှို့ဝှက်ဖက်ဆစ်ဆန့်ကျင်ရေး၊ မြေအောက်လုပ်ငန်းအဝဝကို ခင်ပွန်းဖြစ်သူဦးချစ်မောင်နှင့်အတူ ဆောင်ရွက်ခဲ့သည်။ ဂျပန်ခေတ်တွင် ပထမဆုံးဝတ္ထုရှည်အဖြစ် "အဖြူ" ကိုရေးသားခဲ့သော်လည်း စစ်ပြီးခေတ်မှ ထုတ်ဝေခဲ့သည်။ သူမ ၁၉၄၄ ဝတ္ထုကို အရင်ထုတ်ဝေခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ခင်ပွန်းသည် ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သည်။ ဦးချစ်မောင်ကွယ်လွန်ပြီးနောက်

ဂျာနယ်ကျော်မဂ္ဂဇင်းခေါင်းကြီးပိုင်းကို အများဆုံးရေးသားခဲ့သည့်အပြင် အပတ်စဉ်မပြတ် ထုတ်ဝေခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အမျိုးသမီးကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင် မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈-၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာများအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၅ ခုနှစ် နယူးဒေလီမြို့အာရှတိုက် စာရေးဆရာများကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အဏုမြူဆန့်ကျင်ရေးကွန်ဖရင့်ကိုယ်စားလှယ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဦးအောင်ဇေယျနှင့် အိမ်ထောင်ပြုခဲ့သည်။ ထိုနှစ်မှာပင်ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်တွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ခဲ့သည်။

ဒေါ်မမလေးသည် ၁၉၆၁-၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာစာပေကလပ် အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ပြုလုပ်သော နိုင်ငံတကာဘာသာပြန်စာပေပြိုင်ပွဲတွင် နိုင်ငံပေါင်းစုံမှဝင်ရောက်ယှဉ်ပြိုင်ရာ စာအုပ်ရေ (၂၀၀၀) ကျော်ရှိသည့်အနက် သွေးဝတ္ထု ၁၉၇၃ ဘာသာပြန်စာအုပ်သည် ပထမဆုရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ဂျပန်နိုင်ငံအစိုးရက မူရင်းစာရေးဆရာကို ဂုဏ်ပြုသည့် အနေဖြင့် စာပေသံတမန်အဆင့်ဖြင့် ဂျပန်နိုင်ငံမှ ဖိတ်ကြားသဖြင့် ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ ၁၅ ရက် သွားရောက်ခဲ့သည်။

ဒေါ်မမလေးသည် "လှတစ်ခိုင်"အမည်ဖြင့် မဂ္ဂဇင်း၊ ဆောင်းပါးရေးခဲ့ပြီး၊ မြန်မာ့အလင်းသတင်းစာတွင်မူ ဘိုကလေးမ တင်လှိုင်၊ ရဝေလှိုင်၊ လှတစ်ခိုင်အမည်တို့ဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ဂျာနယ်ကျော်ထုတ်ဝေသောအခါ ဂျာနယ်ကျော် မမလေး အမည် စတင်ခံယူ၍ ဝတ္ထုဆောင်းပါးများရေးသားခဲ့သည်။ နောင်အခါဂျာနယ်ကျော် မမလေးဟူသော ကလောင်အမည်တစ်ခုတည်းကိုသာ ဆက်လက်သုံးစွဲခဲ့သည်။

ဒေါ်မမလေးသည် စာပေလောက၌သာမက တိုင်းရင်းမြန်မာဆေးပညာလောကတွင်လည်း ထင်ရှားခဲ့၏။ တိုင်းရင်းမြန်မာဆေးပညာဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် မြန်မာ့ဆေးပညာစာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၅၅ ခုနှစ်တွင် "မုန်း၍မပဟူ"စာအုပ်ဖြင့် ဝတ္ထုရှည်စာပေဗိမာန်စာမူဆုရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် "တွေးတစိမ့်စိမ့်"စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်အမျိုးသား စာပေဆုရရှိခဲ့သည်။

ဒေါ်မမလေး၏ “မုန်း၍မဟူ”ဝတ္ထုရှည်မှာ အသွင်မတူ၊ စရိုက်မတူသော ဇာတ်ကောင်တို့ဖြင့် ဇာတ်လမ်းဆင်ထားသောဝတ္ထုဖြစ်သည်။ ဤဝတ္ထုတွင် ဘဝလေ့လာမှု၊ အသိအမြင်ရှိမှုတို့ကို ရသပေါ်လွင်အောင် သရုပ်ဖော်ထားသည်ဟု မှတ်သားရပါသည်။

ဂျာနယ်ကျော်မမလေးအမည်ဖြင့် ရေးသားထုတ်ဝေခဲ့သောစာအုပ်များမှာ- ကမ္ဘာမြေဝယ်၊ စိတ်၊ တွေးတစိမ့်စိမ့်၊ နတ်ရေးငယ်ရွှေစာ၊ မုန်း၍မဟူ၊ ရင်နင့်အောင်မွေး၊ ရင်မှတက်၊ ရွှေလင်းယုန်၊ ရှုမငြီး၊ လောကီရတနာ၊ သူမ၊ သူလိုမိန်းမ၊ သွေး၊ ဟီရို ရှီးမား၊ အဖြူ၊ အရှေ့နှင့်အနောက်၊ မာလာရီ၊ သူလိုလူ၊ မြက်ကလေးတစ်ပင်၊ ကျွန်မတို့ သားသမီး မွေးစားပြီဆိုကြပါစို့ စသည့်စာအုပ်များဖြစ်သည်။ ဒေါ်မမလေးသည် စာရေးဆရာ၊ သတင်းစာဆရာအဖြစ်သာမက တိုင်းရင်းဆေးပညာရှင်အဖြစ်လည်း ထင်ရှားသည်။

ဒေါ်မမလေးသည် ၁၉၈၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ-၄၈-၄၉။**

**(၂) မလိခ၊ မြန်မာစာပေအဘိဓာန် (၁)၊ စာ-၂၆၆-၂၆၇။**

**(၃) မလိခ၊ မြန်မာဝတ္ထုအညွှန်း (၁)၊ စာ-၁၃၆-၁၅၁။**

**(၄) ဒဂုန်တာရာ၊ ရုပ်ပုံလွှာ (၁၉၅၅)၊ စာ-၂၉၃-၃၁၁။**

# ဦးမောင်မောင် (ဒေါက်တာမောင်မောင်)



သတင်းစာဆရာ ဦးမောင်မောင် ဒေါက်တာ မောင်ဂမ်ကို ၁၉၂၅ ခုနှစ်၊ ဇန်န ဝါရီလ ၁၁ ရက်နေ့တွင် မန္တလေးမြို့၌ အဖရှေ့နေကြီး ဦးဆင့် နှင့် အမိ ဒေါ်အေးတင်တို့မှ မွေးဖွားခဲ့သည်။

ဦးမောင်မောင်သည် ဘီတီအန်ကျောင်းမှ ဆယ်တန်း အောင်မြင်ခဲ့သည်။ မန္တလေးဥပစာကောလိပ်မှ ဥပစာသိပ္ပံစာမေးပွဲကို အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒပညာများဖြင့် အောင်မြင်ခဲ့သည်။ စစ်အတွင်း တပ်မတော်သို့ဝင်ရောက်ခဲ့ပြီး၊ မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ်ဗိုလ်သင်တန်း တက်ရောက်ခဲ့သည်။

ဟသ်ာတခရိုင်နှင့် မျိုးချစ်ဗမာ့တပ်မတော်တိုင်း (၁) တို့တွင် တော်လှန်ရေးတာဝန် ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မှ ၁၉၄၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဘီအယ်လ်ဘွဲ့ကိုရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် သရုပ်ပြ ဆရာ၊ ဗမာ့ခေတ်သတင်းစာတွင် အယ်ဒီတာ၊ ဗမာ့မီးရထားလက်ထောက်အတွင်းဝန် တာဝန်များ ထမ်းဆောင်ခဲ့သည်။

ဦးမောင်မောင်သည် ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင် စေလွှတ်ခြင်းကိုခံခဲ့ရသည်။ The Hgve မြို့ လင်ကွန်းတည်းခိုခန်းတွင် ဖွင့်လှစ်ထားသော ရှေ့နေအသင်းသို့ ဝင်ရောက်ခဲ့သည်။ နိုင်ငံတကာ ဥပဒေပညာသင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ် ဇွန်လတွင် ဟော်လန်နိုင်ငံ Utrecht တက္ကသိုလ်မှ L.L.D နိုင်ငံတကာဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၃ - ၅၅ ခုနှစ်တွင် အစိုးရရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ရင်း ဥပဒေပညာကို ဆည်းပူးလေ့လာခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဥပဒေ သတင်းထောက်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် လက်ထောက်ရှေ့နေချုပ် အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် နုတ်ထွက်ခဲ့သည်။

ဦးမောင်မောင်သည် ရန်ကုန်တက္ကသိုလ်ဥပဒေမဟာဌာနတွင် နိုင်ငံတကာ ဥပဒေ သရုပ်ပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံရေးသိပ္ပံနှင့် အရှေ့တောင်အာရှနိုင်ငံများလေ့လာရေးပညာရပ်ကို ယေးလ် တက္ကသိုလ်တက်ရောက် လေ့လာဆည်းပူးခဲ့သည်။ ရန်ကုန်ရှေ့နေကောင်စီအဖွဲ့ဝင်၊ ၁၉၅၇ ခုနှစ်တွင် London Daily, The Forgothen Army, Burma in the Family of Nations, Burma's Constitution စသည့် စာအုပ်များ ရေးသားခဲ့သည်။

ဦးမောင်မောင်သည် ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် မော်ကွန်းဝင် ဒုတိယအဆင့်ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၆၂ ခုနှစ်မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီတွင် ပညာရေးရာကော်မတီဝင်၊ ပထမအကြိမ်ပါတီညီလာခံတွင် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယအကြိမ်တွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ တော်လှန်ရေးကောင်စီခေတ်တွင် တရားရုံးချုပ်တရားသူကြီး၊ တရားသူကြီးချုပ်၊ တော်လှန်ရေးကောင်စီဝင်၊ တော်လှန်ရေးအစိုးရအဖွဲ့ဝင်၊ တရားရေးဌာနဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ်မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတော်ကောင်စီဝင်၊ ၁၉၈၈ ခုနှစ်၊ ဇူလိုင် ၂၇ ရက်နေ့တွင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့သည်။

ဦးမောင်မောင်သည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အနားယူခဲ့သည်။

ဦးမောင်မောင်သည် ၁၉၆၉ ခုနှစ်တွင် ဒေါက်တာမောင်မောင် ကလောင်အမည်ဖြင့်ရေးသားခဲ့သော "မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း" စာအုပ်ဖြင့် နိုင်ငံရေးဘာသာရပ်တွင် အမျိုးသားစာပေဆုရရှိခဲ့သည်။

ဦးမောင်မောင်သည် ဒို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ၊ နိုင်ငံတော်လုပ်ကြံမှု၊ သွေးနီ (၁၉၄၆)၊ သက်ရှိရာဇဝင် (၁၉၅၆) နှင့် သားမောင်စစ်သည်သို့ (၁၉၇၃) တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ဦးမောင်မောင်သည် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ ၊ စာ ၃၃၇-၃၃၈။**
**(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၅)။**

# ဦးမောင်မောင်ကြီး (ဒဂုန်နတ်ရှင်)



စာရေးဆရာ ဒဂုန်နတ်ရှင်အမည်ခံ သတင်းစာဆရာ ဦးမောင်မောင်ကြီးကို ၁၈၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အဖ ဦးရှိန်း၊ အမိဒေါ်ခင်အိုကြီးမှ မန္တလေးမြို့ အောင်နန်းရိပ်သာရပ်၊ ယွန်းတန်းလမ်း၌မွေးဖွားခဲ့သည်။

ဦးမောင်မောင်ကြီးသည် ၁၉၀၄ ခုနှစ်တွင် သကျသီဟဘုရားမြောက်ဘက်ရှိ ဆရာငုံ၏ကျောင်း၌ ပညာသင်ယူခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် "ဉာဏ်ကျယ်အုန်းဖေ"ဝတ္ထုကို စတင်ရေးသားခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် မေမြို့ (ပြင်ဦးလွင်) အစိုးရကြေးနန်းအင်ဂျင်နီယာရုံး၌ စာရေးလုပ်ခဲ့၍ နောင်တွင် အလုပ်ထွက်ပြီး ရန်ကုန်သို့ပြောင်းရွှေ့ခဲ့သည်။

ဦးမောင်မောင်ကြီးသည် ၁၉၂၆ ခုနှစ်တွင် ဒဂုန်နတ်ရှင်ကလောင်အမည်ကို စတင်အသုံးပြုခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် "မင်းကတော်"ဇာတ်ကားအတွက် ပထမဆုံးဇာတ်ညွှန်း ရေးပေးခဲ့သည်။ ၁၉၃၆ခုနှစ်တွင် "မောရိယနေ့စဉ်သတင်းစာ" အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ခဲ့သည်။

ထို့နောက် အလုပ်မှထွက်ပြီးပညာဆက်လက်ဆည်းပူးရင်း၊ မော်ဒင်ဘားမားတိုင်းသတင်းစာတွင် လက်ထောက်အယ်ဒီတာ၊ ထို့နောက် ပျဉ်းမနားအမျိုးသားကျောင်း- ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ရန်ကုန်သို့ပြန်လာပြီး ဒဂုန်မဂ္ဂဇင်း၊ ဗဟိုသိပ္ပံမဂ္ဂဇင်း၊ တက္ကသိုလ်သိပ္ပံမဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ ဆယ်သန်းဂျာနယ်၊ မောရိယနေ့စဉ်သတင်းစာ၊ ရန်ကုန်နေ့စဉ်သတင်းစာနှင့် စတူးဒင့်ဝါးအင်္ဂလိပ်သတင်းစာတို့တွင် အယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။

ဦးမောင်မောင်ကြီးသည် ရန်ကုန်မြို့ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့ဆက်ဆံရေးအဖွဲ့ကြီး၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဦးမောင်မောင်ကြီးပြုစုခဲ့သောစာအုပ်များမှာ- အိမ်ထောင်ဦးရှုဘွယ်ကျမ်း၊ ခြသေ့်စိတ်၊ မြန်မာစာပြု စာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ် (၁၉၅၅)၊ မြန်မာ့ရိုးရာဆင်တန်ဆာ (၁၉၆၄)၊ စာပေဝတ်ဆံ (၁၉၆၄-၁၉၇၁)၊ သုတကြေးမုံ (၁၉၆၆)၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၊ ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ် (၁၉၇၄) တို့ကိုပြုစုခဲ့သည်။

ဦးမောင်မောင်ကြီးသည် ဒဂုန်နတ်ရှင်ကလောင်အမည်ဖြင့် ၁၉၈၃ ခုနှစ် သုတပဒေသာ (ဝိဇ္ဇာပညာ)ဘာသာရပ်တွင် မြန်မာ့ရိုးရာ ကိန်းဂဏန်းသင်္ချာစာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

၁၉၅၅ ခုနှစ်က မြန်မာစာပြု စာဆိုပုဂ္ဂိုလ်ကျော်များ အတ္တုပ္ပတ္တိစာအုပ်ဖြင့် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

ဦးမောင်မောင်ကြီးသည် ၁၉၈၉ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ။ စာ-၅၃-၅၄။**

**(၂) နေထွက်၊ မန္တလေးအဘိဓာန်။ စာ-၁၄၁-၁၄၂။**



## ဦးမောင်လွင် (မြမျိုးလွင်)

စာရေးဆရာ မြမျိုးလွင် အမည်ခံ သတင်းစာဆရာ ဦးမောင်လွင်ကို မန္တလေးမြို့၊ သီရိဟေမာရပ်ကွက်၊ ပလိုင်းရပ်၌ အဖဦးမွန်း (ဦးရွှန်း) အမိ ဒေါ်ဆိုင်တို့မှ ၁၉၀၂ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်နေ့တွင်မွေးဖွားသည်။ အမည်ရင်းမှာ မောင်လွင်ဖြစ်သည်။

ဦးမောင်လွင်သည် စိန့်ပီတာကျောင်းတွင် မူလတန်းပညာ စတင်သင်ယူခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် သတ္တမတန်းအောင်မြင်ပြီး ကယ်လီကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူခဲ့သည်။ ကျောင်းမှထွက်ပြီး သစ်ကုန်သည်လုပ်ကိုင်ခဲ့သည်။ ယင်းနောက် ဦးလေးတော်သူ ကျောက်ကုန်သည်ထံနေထိုင်ပြီး ကျောက်ကုန်သည်ဝင်လုပ်ရင်းနှင့် ကျောက်သွေးရသည်။ ဦးမောင်လွင်သည် အင်္ဂလိပ်စာ ရေးတတ်ဖတ်တတ်သောကြောင့် ဦးလေး၏ ကျောက်အရောင်းအဝယ်နှင့်ပတ်သက်သည့် ပြင်သစ်မှလာသောစာများကို ဖတ်ပေးရခြင်း၊ ပြန်စာ ရေးပေးရခြင်းကိုပါ တွဲဖက်လုပ်ကိုင်ရသည်။

ဦးမောင်လွင်သည် ၁၉၂၀ ပြည့်နှစ်တွင် သံတော်ဆင့်သတင်းစာ၌ ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် သော်ကမယ်ဝတ္ထုဖြင့် ကလောင်အမည်ကို မြမျိုးလွင်ဟု ခံယူကာ စာပေနယ်ထဲသို့ ခြေစုံပစ်ဝင်လိုက်သည်။ ထိုနှစ်မှစပြီး ဒုတိယကမ္ဘာစစ်မဖြစ်မီကာလအထိ လေးပဲတန်ဝတ္ထုများကို အရေးအသားကောင်းကောင်း၊ ရေးအားကောင်းကောင်းဖြင့် လေးပဲတန်ဝတ္ထုခေတ် ထူထောင်သူဟုဆိုရလောက်အောင် အောင်မြင်ခဲ့သည်။

ဦးမောင်လွင်သည် ၁၉၃၀ ပြည့်နှစ်တွင် ဗြိတိသျှဘားမားကုမ္ပဏီ၌ ဇာတ်ညွှန်းများ ရေးသားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဟစ်တိုင်သတင်းစာအယ်ဒီတာချုပ်နှင့် အထက်ဗမာနိုင်ငံ စာရေးဆရာများအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးမောင်လွင်သည် တစ်လိမ်နှစ်လိမ်၊ ဝေ့လယ်လယ်၊ လွမ်းတမြေ့မြေ့ဝတ္ထုများအား ကိုယ်တိုင်ဒါရိုက်တာလုပ်ကာ ရိုက်ကူးခဲ့သည်။

ဦးမောင်လွင်သည် ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်း (၇၀၀) ကျော်ကို ကလောင်အမည်ခွဲပေါင်း (၁၀၀) ကျော်ဖြင့်ရေးသားခဲ့သည်။

ဦးမောင်လွင်၏ ကလောင်အမည်အချို့မှာ မြမျိုးလွင်၊ ပခန်းသား၊ ပုညာ၊ ဖိုးမန်း၊ မင်းစန္ဒာ၊ မင်းတုန်းမောင်ပညာ၊ ရွှေစွန်ညို၊ ဝိဇယ၊ သာပြော၊ သုတေသီ စသည်ဖြင့်ဖြစ်သည်။

ဦးမောင်လွင် ရေးသားခဲ့သော စာအုပ်များအနက် အချို့ကိုဖော်ပြရလျှင် ကရုဏာ၊ ကေသီ၊ ကာမပိုင်၊ ကိုမာဃ၊ ကိုးနာရီ၊ ကိုယ်ပိုင်လင်၊ ကိုယ်ရနိုး၊ ကိုယ်ရောစိတ်ပါ၊ ကျမျက်ရည်၊ ကျေးဇူးရှင်၊ ကျော်ဝဘကွန်း၊ ကျောင်းသူလေး၊ စောင့်တော်မူ၊ ခင်လင်ရပြီ၊ ချစ်ကြစို့၊ ချစ်စို့လား၊ ချစ်စခင်စ၊ ချစ်သမျှကို၊ ခြောက်ပြစ်ကင်း၊ စာတိုစာစ၊ စောင့်တော်မူ စစ်သွေးဟုန်၊ စွဲပေ့ါစွဲပေ့ါ၊ ဆရာမ၊ တခုလပ်၊ တစ်ညလုံး၊ တစ်ပတ်ရစ်၊ တယောသံ၊ တော်ပါတန်ပါ၊ တောင်းညိုကမ္ပိုင်း၊ တို့မျက်လုံး၊ ဒါအပျိုတဲ့၊ ဒို့ကောလိပ်၊ ဒို့နှစ်ကိုယ်၊ ဒို့ဖူးစာ၊ နဝေတိမ်တောင်၊ နောင်ဘဝ၊ နွဲ့ဆိုး၊ နှစ်ကိုယ်တွေ့၊ နှစ်တစ်ရာ၊ ပလီအိုးမ၊ ပျိုအောက်မေ့ တယ်၊ ဗမာမ၊ ဘုံပစ္စည်း စသည်တို့ဖြစ်သည်။

ဦးမောင်လွင်သည် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် မန္တလေး မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** **(၁) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ ၃၅၁-၃၅၄။**

**(၂) သိမှတ်ဖွယ်ရာကိုယ်ရေးအချက်အလက်များ၊ စာ-၃၀၂။**



# ဦးမျိုးညွန့် (ရန်ကုန်မျိုးသန့်)

သတင်းစာဆရာ ဦးမျိုးညွန့် (ရန်ကုန် မျိုးသန့်) ကို ၁၉၂၈ ခုနှစ်၊ စက်တင် ဘာလ ၅ ရက်နေ့တွင် ကြို့ပင်ကောက်မြို့နယ်၌ ဦးဘိုးထွန်း၊ ဒေါ်မြစ် တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးမျိုးညွန့် ဖြစ်သည်။

ဦးမျိုးညွန့်သည် ရန်ကုန်မြို့၊ သော်မဆင်လမ်း၊ ဘီအီးတီကျောင်းတွင် စတင် ပညာသင်ယူခဲ့သည်။ ၁၉၄၅-၄၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ကံဘဲ့တက္ကသိုလ်ဝင်ကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပထမနှစ် ဥပစာတန်းကိုလည်းကောင်း၊ ၁၉၄၇ - ၄၈ ခုနှစ်တွင် ဒုတိယနှစ်ဥပစာတန်းကိုလည်းကောင်း သင်ယူခဲ့သည်။

ဦးမျိုးညွန့်သည် ၁၉၄၆-၁၉၅၁ ခုနှစ်အထိ ရန်ကုန်မြို့၊ ရေဝန်ရုံးတွင် စာရေး အဖြစ်အမှုထမ်းခဲ့သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်မြို့ အမေရိကန် ပြန်ကြားရေးဌာနတွင် ယဉ်ကျေးမှုအရာရှိအဖြစ်လည်းကောင်း၊ အကြံပေးအရာရှိအဖြစ် လည်းကောင်းအမှုထမ်းခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ စာပေရေးသားခြင်း၊ ကျောင်းသုံးစာအုပ်များပုံနှိပ်ခြင်းတို့ကို လုပ်ကိုင်ခဲ့သည်။ ထိုနောက် ၁၉၇၅ ခုနှစ်မှ ၁၉၉၂ ခုနှစ် ကွယ်လွန်ချိန်အထိ ဂျပန်နိုင်ငံ၊ ယိုမိယူရီသတင်းစာနှင့် အီတလီနိုင်ငံ အန်ဆာ သတင်းဌာနကိုကိုယ်စားပြုသော သတင်းစာဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ သည်။

ဦးမျိုးညွန့်သည် ပြည်သူ့အကျိုးပြုဆောင်းပါးများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း များတွင် အမြောက်အမြားပြုစုရေးသားခဲ့သည်။ လူသစ် ပြည်သစ်၊ ကမ္ဘာတစ်ပတ်၊ ကျန်းမာ ရွှင်လန်း ပြည့်တက်လမ်း၊ ဂျပန်မြန်မာချစ်ကြည်ရေးအတွက် ဦးတည်ရေးသားသော ဂျပန်ဘဝဓလေ့၊ ကိုယ်တွေ့ဂျပန်မျက်နှာစာစသည်ဖြင့် စာအုပ် (၁၁) အုပ်ပြုစုရေးသား ခဲ့သည်။ ၁၉၆၇ ခုနှစ်အတွက် အမျိုးသားစာပေဆုကို "ကျန်းမာရွှင်လန်းပြည့်တက်လမ်း" စာအုပ်ဖြင့် (သုတပဒေသာ) ဆုရရှိခဲ့သည်။

ဦးမျိုးညွန့်သည် ၁၉၅၇ ခုနှစ် အမေရိကန်အစိုးရ၏ ဖိတ်ကြားချက်အရ အမေရိကန်သို့ လေးလကြာ လေ့လာရေးခရီးသွားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ယိုမိယူရီ သတင်းစာ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည်။

ဦးမျိုးညွန့်သည် မကွယ်လွန်မီ ရှေ့တန်းရောက်တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် အမှတ် (၂) တပ်မတော်ဆေးရုံကြီးတွင် တက်ရောက်ကုသနေကြသော လူနာများအသုံးပြုရန် တန်ဖိုးငွေကျပ် လေးသောင်းခန့်ရှိသော ဆေးရုံသုံးပစ္စည်းများကို လှူဒါန်းခဲ့သည်။

ဦးမျိုးညွန့်သည် ၁၉၉၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) မြန်မာ့စွယ်စုံကျမ်း (၁၉၉၃) စာ-၂၇၆။
(၂) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ-၂၈၄-၂၈၅။



# ဦးမြသန်း (မြသန်းတင့်)

စာရေးဆရာ မြသန်းတင့်အမည်ခံ သတင်းစာဆရာ ဦးမြသန်းကို ၁၉၂၉ခု၊ မေလ ၂၃ ရက်နေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့၌ အဖ ဦးပေါတင့်နှင့် အမိ ဒေါ်လှိုင် တို့မှ မွေးဖွားခဲ့သည်။

ဦးမြသန်းသည် မြိုင်မြို့ တိုင်းရင်းမြန်မာ အထက်တန်းကျောင်းနှင့် ပခုက္ကူမြို့ မြန်မာအင်္ဂလိပ် ဗုဒ္ဓဘာသာ အထက်တန်းကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး၊ ၁၉၅၆ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့သည်။

ဦးမြသန်းသည် ၁၉၄၃ ခုနှစ်တွင်အာရှလူငယ်အဖွဲ့သို့လည်းကောင်း၊ ၁၉၄၄-၄၅ ခုနှစ်များတွင် ဖက်ဆစ်တော်လှန်ရေး မြေအောက်လှုပ်ရှားမှု၊ မန္တလေးခရိုင် အထက်မြန်မာပြည် ဖဆပလအဖွဲ့ချုပ်၊ မန္တလေးခရိုင်ကွန်မြူနစ်ပါတီနှင့်၊ မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂတို့တွင် အလုပ်အမှုဆောင်အဖြစ် ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပခုက္ကူခရိုင်၊ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ပြည့်နှစ် စာပေသစ်မဂ္ဂဇင်းကို ဦးဆောင်ထုတ်ဝေသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ဦးမြသန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) အလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ စာရေးဆရာအသင်း၏"စာပေမဂ္ဂဇင်း" တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ ပြည်တော်သစ်ဂျာနယ် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် "တိုးတက်ရေး သတင်းစာ" နိုင်ငံခြားရေးအယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၈ ခုနှစ် ကိုကိုးကျွန်းတွင် အထိန်းသိမ်းခံဘဝဖြင့်နေခဲ့ရသည်။ ၁၉၆၀ ခုနှစ်တွင် စာရေးဆရာကလပ် အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် စာရေးဆရာသမဂ္ဂအမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ် ပြည်သူ့တိုးတက်ရေးပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်နှင့် ပြည်သူ့ကော်မတီ

အဖွဲ့ဝင်တို့အဖြစ် ပါဝင်ခဲ့ပြီး၊ ဒုတိယအကြိမ်မြောက် အထိန်းအသိမ်းခံဘဝဖြင့် ကိုကိုးကျွန်းတွင် ၁၉၆၃ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ နေခဲ့ရသည်။ ဦးဝင်းဦး ကွယ်လွန်ပြီးနောက် စန္ဒာမဂ္ဂဇင်းတွင် ခေတ္တလုပ်ကိုင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ သွားရောက်ခဲ့သည်။

ဦးမြသန်း၏ ကလောင်ခွဲများမှာ မြသန်းတင့်၊ မြသန်း၊ မောင်သစ်တည်၊ စောယွမ်း၊ ထက်အောင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ ရဲအောင်ဇေ၊ အုတ်လှငယ်၊ ဇောတိက စသည်တို့ဖြစ်သည်။ စာမျိုးစုံစာအုပ်ပေါင်း (၁၀၀) ခန့် ပြုစုခဲ့သည်။ ထင်ရှားသောလက်ရာအချို့မှာ မေတ္တာအသချေ၊ လိုက်ခဲ့တော့မြနန္ဒာ၊ ခေးတောင်ကိုကျော်၍မီးပင်လယ်ကိုဖြတ်မည်၊ ကျွန်တော်ဆက်၍ရေးချင်သောဝတ္ထုများ၊ မှော်ရုံတောမှာမောလှပြီ၊ ပါရီကျဆုံးခန်း၊ ရွှေပြည်တော်မျှော်တိုင်းဝေး၊ လေလွင့်သူ၊ ရေပွက်ပမာ၊ ခေတ်ပေါ်နိုင်ငံတကာ ကဗျာရှည်သုံးပုဒ်၊ နှစ်ဆယ်ရာစုနိုင်ငံရပ်ခြားကဗျာများ၊ သမိုင်းထဲကမန္တလေး-မန္တလေးထဲကသမိုင်း၊ တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့ တို့ဖြစ်သည်။

အမျိုးသားစာပေ ဘာသာပြန်ဆုရ စာအုပ်များမှာ စစ်နှင့် ငြိမ်းချမ်းရေး (၁၉၇၂)၊ လေရူးသုန်သုန် (၁၉၇၈)၊ ခန်းဆောင်နီ အိမ်မက် (၁၉၈၈)၊ သုခမြို့တော် (၁၉၉၂)၊ အချစ်မိုးကောင်းကင် (၁၉၉၅) တို့ဖြစ်ကြသည်။

ဦးမြသန်းသည် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း။**

**(၁) မလိခ၊ မြန်မာဝတ္ထုအညွှန်း - ၂၊ စာ - ၃၂၃ - ၃၄၁။**

**(၂) နတ်နွယ်၊ မိမိနှင့် စာရေးဆရာများ။**

**(၃) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၉)၊ စာ-၂၄၁-၂၄၃။**

**(၄) မြန်မာနိုင်ငံစာပေဆုများ၊ စာ - ၂၉ - ၃၂။**

**(၅) ရာပြည့်ဦးစိုးညွှန့်၊ ၂၀ ရာစု၊ မြန်မာစာရေးဆရာ (၁၀၀)၊ စာ-၁၅၄-၁၅၆။**

# ဦးမြင့် (ဒါရိုက်တာဆရာမြင့်)



သတင်းစာဆရာဦးမြင့်ကို အဖ ဦးသာပျော့နှင့် အမိ ဒေါ်ရွှေရီ တို့မှ တွံတေးမြို့၌ ၁၈၉၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်စံမြင့်ဖြစ်ပြီး အမည်ရင်းမှာ ဦးမြင့်ဖြစ်သည်။ ကလောင်အမည်မှာ ဒါရိုက်တာဆရာမြင့် ဖြစ်သည်။

ဦးမြင့်သည် တွံတေးမြို့ လွှစင်ပိုင်း ဦးစောလှိုင်ကျောင်းမှ ခုနစ်တန်းအောင်မြင်ပြီးနောက် ရန်ကုန်မြို့ ကူရှင်ကျောင်းတွင် ဆက်လက်ပညာဆည်းပူးသည်။ ငယ်စဉ်ကပင် အနုပညာဝါသနာထုံခဲ့ပြီး ဆက်လက်ပညာဆည်းပူးသည်။ ငယ်စဉ်ကပင် အနုပညာဝါသနာထုံခဲ့ပြီး အစ်မဝမ်းကွဲ မိန်းမမင်းသား ဒေါ်စိန်မိုးဇာတ်သဘင်သို့ဝင်ရောက်ကာ လက်ထောက်မင်းသားဘဝမှ အပျိုတော်မင်းသမီးအထိ သင်ယူလေ့လာခဲ့ဖူးသည်။ ကဗျာလင်္ကာဆရာကြီး ဘိုကလေး ဦးသက်ရှည်ထံတွင် ကဗျာလင်္ကာဆည်းပူးခဲ့သည်။ ၁၉၂၀-၂၂ ခုနှစ် တစ်မတ်တန်ဝတ္ထုခေတ်တွင် ဦးတိုင်းကျော်ကလောင်အမည်ဖြင့် ဝတ္ထုများရေးသားခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ရွှေဥဒေါင်းရုပ်ရှင်ကုမ္ပဏီတွင် ဒါရိုက်တာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဦးမြင့်သည် ရုပ်ရှင်နယ်မှထွက်ပြီး ၁၉၂၉ ခုနှစ်တွင် မန္တလေး တိုင်းချစ်သတင်းစာ၌ လက်ထောက်အယ်ဒီတာနှင့် မန္တလေးမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၃၁ ခုနှစ်တွင် သီပေါမြို့မှ ၁၅ ရက် တစ်ကြိမ်ထုတ်ဝေသည့် ရတနာသီဟဂျာနယ်တွင် အယ်ဒီတာအဖြစ်လုပ်ကိုင်နေစဉ် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီက ပြန်ခေါ်သဖြင့် ရုပ်ရှင်နယ်သို့ ပြန်ဝင်ခဲ့ပြန်သည်။

ဦးမြင့်သည် ၁၉၃၈ ခုနှစ်တွင် တရုတ်မြန်မာလမ်းမကြီးဖောက်လုပ်ချိန်တွင် မြန်မာ့အလင်းသတင်းစာ၏ နယ်ခြားခရီးသွား သတင်းထောက်အဖြစ်တာဝန်ယူခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ပဲရော့ကုမ္ပဏီ၌ ဒါရိုက်တာလုပ်၍ ဗိုလ်လူမျိုးနှင့်နတ်ပေါင်းစုံ အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ အစိုးရ၏ သိမ်းဆည်းခြင်းခံရသည်။

ဦးမြင့်သည် ရုပ်ရှင်လောကတွင်ရှိစဉ် "ရဂုံဗွေ"၊ "ငွေတောင်သူ" စသည့် ရှမ်းပြည်နယ်နောက်ခံဇာတ်ကားများကို ရိုက်ကူးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက

မြန်မာ့အလင်း၊ သူရိယ၊ ဗမာ့ခေတ်သတင်းစာများအတွက် ဖျာပုံသတင်းထောက် လုပ်ခဲ့လေသည်။ စစ်အပြီး ၁၉၄၅ ခုနှစ်တွင် ရန်ကုန်သို့လာ၍ မြိုင်ပြဇာတ်အဖွဲ့၌ ဒါရိုက်တာလုပ်သည်။ သူ၏ထင်ရှားသောလက်ရာများမှာ လူပျို့အိတ်ဆောင်၊ အပျိုချော့နည်း နိဿရည်း၊ နတ်နှင့် ဝိဇ္ဇာ၊ ဒို့လူမျိုးနှင့် နတ်ပေါင်းစုံ၊ ရှမ်းပြည်ကြေးမုံ၊ မြေမြင့်ဆီမှ သွေးချင်းများ စသည်တို့ဖြစ်သည်။

ဦးမြင့်သည် ဦးတိုင်းလုံးကျော် (ဦးတိုင်းကျော်)၊ ဟံသာမြင့်၊ ဒါရိုက်တာဆရာမြင့် ကလောင်အမည်များဖြင့် စာအုပ်များအပြင်၊ ဆောင်းပါးပေါင်း (၇၅) ပုဒ်ကျော်ရေးသားခဲ့သည်။

ဦးမြင့်သည် ရှမ်းပြည်ကြေးမုံစာအုပ်ဖြင့် ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေစတုတ္ထဆုရရှိခဲ့သည်။

ဦးမြင့်သည် ၁၉၇၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ ၁၅၈-၁၅၉။**

**(၂) စံပြတင်ဦး၊ မြန်မာစာရေးဆရာများအဘိဓာန်၊ စာ ၂၃၈-၂၄၀။**

**(၃) ရာပြည့်ဦးစိုးညွှန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၂၃-၂၄။**

# ဦးမြင့်လှိုင် (မင်းဆွေ)



သတင်းစာဆရာဦးမြင့်လှိုင်ကို မော်လမြိုင်မြို့၌ ၁၉၁၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်နေ့တွင်မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် မိဘ နှစ်ပါးကွယ်လွန်ခဲ့သည်။ ဖခင်မှာ ပန်းပဲဆရာကြီးဖြစ်သည်။ ငယ်မည်မှာ မောင်ချစ်လှိုင်ခေါ် မောင်မြင့်လှိုင်ဖြစ်သည်။

ဦးမြင့်လှိုင်သည် ပီမိုးနင်း၏ "ပင်နန်းရုံဆွေ ငယ်ကျွမ်းဆွေ" ကို ဖတ်မိရာမှ စာရေးဆရာဖြစ်ရန် ရည်စူးခဲ့သည်။ ၁၉၃၅ ခုနှစ်ဝန်းကျင် ဒဂုန်မဂ္ဂဇင်းတွင် "ရွှေမြိုင်ညွှန့်" ကလောင်အမည်ယူပြီး "တစ်သုံးလုံး"စုံထောက်ဝတ္ထုကို စတင်ရေးခဲ့သည်။ "ရန်သူ့မေတ္တာ" စုံထောက်ဝတ္ထု၊ အိုင်ဆေးယောက်ဖ၊ အိုင်လ(ဖ်)ယူ၊ လူပါးဝတဲ့အကောင် စသည့်ဟာသနှင့် အခြားသော ဝတ္ထုတိုရှည်များကို ဆက်လက်ရေးသားခဲ့သည်။

၁၉၃၅ ခုနှစ်၊ ဧပြီလ ၅ ရက်တွင်ရန်ကုန်သို့ပြောင်းခဲ့သည်။ ရန်ကုန်ရေကျော် ရပ်တွင် သူငယ်ချင်းများနှင့်အိမ်ငှား၍ စုနေကြသည်။ အရင်းနှီးဆုံးစာပေမိတ်ဆွေများ ထဲမှာ ရဲထွတ် ( ဦးသော်)၊ ရဲသမိန် (မဃကုန်စုံဆိုင်ရှင်ဦးဘကြိုင်)၊ မင်းအောင်တို့ ဖြစ်ကြသည်။ ရန်ကုန်ရောက်စမှာပင် "ခယ်မပျို" လုံးချင်းစာအုပ်ကို ဦဘဆန်းအင် ဆန်းတိုးတက်ရေးဝတ္ထုတိုက်က ထုတ်ဝေလိုက်သည်မှ နာမည်ရလာပြီး အခြားဝတ္ထုတိုက် များကလည်း အလုပ်အပ်နှံလာကြသည်။

ဦးမြင့်လှိုင်သည် ဗန္ဓုလသတင်းစာတွင် ဆရာကြီးပီမိုးနင်းအယ်ဒီတာချုပ်လုပ်စဉ် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ တစ်ခါသော် ဆရာကြီးပီမိုးနင်းရေးသည့် သတင်းစာ အခန်းဆက်ဝတ္ထုရှည်ကြီးတစ်ပုဒ်တွင် ဆရာကြီးရုတ်တရက်မကျန်းမာခိုက် ဝင်ရောက်ရေးသား ပေးခဲ့ဖူးသည်။

ဂျပန်ခေတ်တွင် ပဲခူးကျောက်တန်း၊ ကွမ်ပေါင်ရွာတို့တွင်နေခဲ့သည်။ မော်လမြိုင် အစိုးအထက်တန်းကျောင်းရန်ပုံငွေတွင် ပြဇာတ်ဒါရိုက်တာလုပ်ခဲ့ရာမှ လူကြိုက်များပြီး မော်လမြိုင်ဝန်းကျင်သို့ လှည့်လည်ဖြေဖျော်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ ကျဆုံးပြီးစအချိန်ခန့်၌ သူရိယသတင်းစာတိုက်တွင် လခစားအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ မကြာမီ နုတ်ထွက်လိုက်ပြီး ကိုယ်ပိုင်ကြယ်နီစာအုပ်တိုက်ကို တည်ထောင်သည်။ သူဘု ငါဘောက်၊ လူချင်းမတူ၊ ခား (ဒုတိယအကြိမ်) နှင့် နင့်ကလဲ့စား တို့ကိုထုတ်ဝေခဲ့သည်။ ထိုကာလမှာပင် မကျန်းမမာဖြစ်လာသည်။ တစ်ပြိုင်နက်တည်း လိုလိုပင် အရင်းနှီးဆုံးစာရေးဆရာ ရဲထွတ်ကွယ်လွန်သွားခြင်း၊ အချစ်ဆုံးတူ ဦးအောင်မြင့်

(ကျိုက္ခမီ ဆားဖိုပိုင်ရှင်) ရန်ကုန်မှမော်လမြိုင်သို့အပြန် (၁၄-၃-၄၉) တွင် လေယာဉ်ပျက်ကျကွယ်လွန်ခြင်း ထို့ကြောင့် စိတ်နှလုံးအထူးထိခိုက်ကြေကွဲခဲ့ရသည်။ သို့ဖြင့် "၁၉၄၉ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့တွင် ဆေးကုလာသည့်ဆရာအတွက် ဆေးလိပ်ဝယ်ရန် နေအိမ်မှထွက်သွားရာ ယနေ့အထိပျောက်ဆုံး" ခဲ့ရတော့သည်။

၁၉၃၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်ထိ ထုတ်ဝေခဲ့သည့် စာပေလက်ရာများအနက်အချို့မှာ ခယ်မပျို၊ လူပါးဝတဲ့အကောင်၊ ကျွန်မကံ၊ အမာ၊ ရည်းစားထားချိန်၊ အပျိုလေးနဲ့တူ၊ ထိုသဏ္ဍာန်၊ ဖြေလည်းမပြေ၊ အိုင်လပ်(ဗ)ယူ၊ ချစ်နိုးယောင်၊ သူချစ်ကိုရှာ၊ သိန်းထီ၊ မောင်ပွင့်ကောင်း သန်းသန်း၊ လွမ်းပိုအောင်၊ အိုင်ဆေးယောက်ဖ၊ မနိုင်ငံ၊ ချစ်တဲ့ညာ၊ စနေမ၊ သူဘု ငါဘောက်၊ ကျေးဇူးရှင်၊ ပွင့်ချိန်တန်၊ အပိုးခံမ၊ လင်၊ သွေး၊ စစ်ပြေးမ၊ ဓါး၊ အချစ်နှင့်တိုင်းပြည်၊ ကလဲ့စားစသည်တို့ဖြစ်သည်။

၁၉၄၆ ခုနှစ် မှ သူပျောက်ဆုံးသွားသည့်အထိ သွေးသောက်မဂ္ဂဇင်းတွင် အဖက်မတန်၊ စာရေးဆရာ၊ အဖျောက်မ၊ စွဲလမ်းသူ၊ ကြိုလေဘုံဘွေ၊ (လူချင်းမတူ) စေ့စပ်ရေး၊ သူမသိလေ၊ မိုက်ရူးရဲ၊ မနှင်းဆီစသည်ဖြင့်ဝတ္ထု (၁၆) ပုဒ်ရေးသားခဲ့သည်။ ယင်းတို့အနက် ဓားဝတ္ထုကို မျိုးမြင့်ရန်နောင် (၁၉၅၀)၊ လင် (၁၉၅၁)၊ မနိုင်ငံဝတ္ထုကို စွဲစွဲမြဲမြဲ (၁၉၅၂)၊ လူချင်းမတူဝတ္ထုကို ကြိုလေဘုံဘွေ (၁၉၅၃)၊ ချစ်တဲ့ညဝတ္ထုကို ကကြီးရေက အမည်များဖြင့် ရုပ်ရှင်ရိုက်ခဲ့ကြသည်။ ဓားဝတ္ထုသည် မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ စာရေးဆရာအသင်း ဝတ္ထုဆုကိုရရှိခဲ့သည်။

**ကိုးကားရန်အညွှန်း။**


(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ-၄၄၂-၄၄၃။
(၂) ပြည့်စုံ၊ ပျောက်ဆုံးနေသောစာရေးဆရာ၊ သွေးသောက် (မေ-၁၉၅၁)၊ စာ၃၇-၃၉နှင့်၆၉။
(၃) မောင်သန်းနိုင်၊ ဖေဖေ မင်းဆွေ၊ သွေးသောက် (စက်တင်ဘာ-၁၉၅၄) စာ-၆၉-၇၃။
(၄) မောင်သန်းနိုင်၊ ရဲထွတ်နှင့်မင်းဆွေ၊ သွေးသောက် (ဖေဖော်ဝါရီ-၁၉၅၇) စာ-၄၂-၄၄။
(၅) အောင်မော် (မင်းဆွေသား) မင်းဆွေဘယ်မှာလဲ၊ ရှုမဝ(မေ-၁၉၆၀) စာ-၈၃-၈၅။
(၆) ရာပြည့်ဦးစိုးညွှန့်၊ ၂၀ရာစုမြန်မာစာရေးဆရာ ၁၀၀၊ စာ-၄၅-၄၇)။

# ဦးယုမောင် (ရန်ကုန်သတင်းစာ ဦးယုမောင်)



သတင်းစာဆရာဦးယုမောင်ကို သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ လှည်းတန်း၌ ၁၉၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် အဘ ဦးသာရနှင့် အမိ ဒေါ်မမကြီးတို့မှ မွေးဖွားသည်။

၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့သည်။ ကျွန်ပညာစနစ်ကပေးသောဘွဲ့ကို မယူချင်တော့ဟုဆိုကာ ၁၉၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှထွက်ခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့တွင်လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ မြန်မာ့အလင်း သတင်းစာအယ်ဒီတာအဖွဲ့တွင်လည်းကောင်း အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဂျပန်ခေတ်တွင် မြန်မာ့အလင်းသတင်းစာတိုက်မှ ဂျပန်တို့ဖွင့်လှစ်သော ဂရိတ်တားအေရှသတင်းစာသို့ရွှေ့၍ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

စစ်ကြီးပြီးစ ၁၉၄၅ ခုနှစ်တွင် ဘားမင်းအင်္ဂလိပ်သတင်းစာ၊ စီးပွားရေးသတင်းစာ အယ်ဒီတာအဖွဲ့တို့၌ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှစ၍ ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုန်သတင်းစာတိုက်တွင် တာဝန်ခံပုံနှိပ်ထုတ်ဝေသူနှင့် တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

တစ်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးယုမောင်တို့ အကြီးအကျယ် စကားများခဲ့သည်။ ထိုအခါက ဖ. ဆ. ပ. လ အနေဖြင့် လက်ရုံးမော်တော်ယာဉ်နှင့် အခြားမော်တော်ယာဉ် လိုင်းပေါင်းစုံတစ်ဖွဲ့တည်း ညီညွတ်ရေးအတွက် တာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်၌ ဆွေးနွေးချိန်ဖြစ်သည်။

ဗိုလ်ချုပ်က "ခင်ဗျားတို့မဟုတ်မဟတ်တာတွေရေးတယ်" ဆိုကာ စတင်ပြီးဆူပူတော့သည်။ ထိုအခါ ဦးယုမောင်က "ဘာကိုဆိုလိုသလဲ"လို့မေးသည်။ ဗိုလ်ချုပ်က "မိမိကိုလုပ်ကြံဖို့ ကြံခဲ့တယ်ဆိုတဲ့သတင်းကို ခင်ဗျားရေးတယ်၊ အဲဒါဟာမမှန်ဘူး၊ ကျုပ်လိုတိုင်းပြည်နဲ့ လူထုကချစ်တဲ့ခေါင်းဆောင်ကို ဘယ်သူက လုပ်ကြံဖို့ ကြံမလဲ" စသည်ဖြင့်ပြောသည်။

ဗိုလ်ချုပ်ဤကဲ့သို့ ပြောဆိုခြင်းမှာ ဦးယုမောင်လုပ်ကိုင်သော စီးပွားရေးသတင်းစာမှ

"ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံဖို့ကြံစည်ခဲ့သည့်" သတင်းကို ဖော်ပြခဲ့သောကြောင့် ဖြစ်သည်။ ဦးယုမောင်က အင်္ဂလိပ်လိုပြန်ပြောသည်။

"ကျွန်တော်တို့ဟာ ဘယ်တော့မှ မှားတဲ့သတင်းကို မရေးဘူး၊ မှန်တာကို ရေးတယ်၊ မှန်တဲ့အကြောင်းကိုလည်း တစ်နေ့ထွက်ပေါ်လာပါလိမ့်မယ်။ မပေါ်လာခဲ့ရင်လဲ မှန်တဲ့အတိုင်း ဖွင့်ပြီးပြောပါ့မယ်" ပြော၍ ဗိုလ်ချုပ်အောင်ဆန်းကို နှုတ်သိမ့်စေခဲ့သည်။

ဦးယုမောင်သည် ဒဂုန်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့တွင်လည်းကောင်း၊ အေဝမ်းရုပ်ရှင်အသံဖမ်း၊ အသံသွင်း၊ ဇာတ်ညွှန်းရေးခြင်းလုပ်ငန်းများကို လုပ်ကိုင်ပြီးနောက် မြန်မာ့အလင်းသတင်းစာသို့ ရောက်ရှိခဲ့သည်။ ဦးယုမောင်သည် ရုပ်ရှင်လောကနှင့် ဆိုင်သည့်လုပ်ငန်းများကို ထူးခြားစွာဆောင်ရွက်ခဲ့သည်။

ရန်ကုန်သတင်းစာတိုက်တွင် လုပ်ကိုင်နေစဉ် ၁၉၅၂ ခုနှစ်တွင် ဦးယုမောင်သည် အင်ဒိုနီးရှားသို့ တစ်လနီးပါးနှင့် အမေရိကန်နိုင်ငံသို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်းကိုယ်စားလှယ်အဖြစ် လေးလကြာမျှသွားရောက် လည်ပတ်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှာပင် အမေရိကန်မှ အင်္ဂလန်သို့ရောက်ခဲ့သည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ရောက်သည်။ ၁၉၅၅ ခုနှစ်တွင် ရုရှားနိုင်ငံသို့ သတင်းစာဆရာအဖွဲ့နှင့် လိုက်ပါခဲ့သည်။

ဦးယုမောင်ကို ၁၉၅၉ ခုနှစ်တွင် အရေးပေါ်စီမံမှု ယာယီပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၅က (၁) ခအရ ဖမ်းဆီးအရေးယူခဲ့သည်။ ရန်ကုန်သတင်းစာတိုက်ကိုလည်း ချိတ်ပိတ်လိုက်သည်။ ဦးယုမောင် မေလ ၈ ရက်နေ့ညတွင် ဘားလမ်းအချုပ်ထောင်၌နေခဲ့ပြီး၊ မေလ ၉ ရက်နေ့တွင်အထူးတန်းရ၍ ရန်ကုန်ထောင်ကြီးသို့ ပြောင်းနေခဲ့ရသည်။ ထိုအချိန်က ဦးယုမောင်၏ ထောင်နံပါတ်မှာ (၁၉၁၆) ဖြစ်သည်။

ထောင်တွင်း၌ အမျိုးသားအောင်ပွဲနေ့ကိုကျင်းပခဲ့သည်။ ထောင်တွင်းအမျိုးသားအောင်ပွဲနေ့ကို နိုဝင်ဘာလ ၂၄ ရက်နေ့တွင်ကျင်းပရာ ဦးယုမောင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျင်းပရာအဆောင်မှာ ရန်ကုန်ထောင်ကြီးအတွင်းရှိ အိပ်ဆောင်နံပါတ် (၅) တွင်ဖြစ်သည်။ ဦးယုမောင်က ကမ္ဘာစစ်များနှင့် မြန်မာနိုင်ငံရေးသမိုင်းကို သုံးသပ်ဝေဖန် ပြောဆိုခဲ့သည်။ လူငယ်ဦးစိုးမင်း၊ ရခိုင်ရဲဖြူ ကိုသာထွန်း၊ လူငယ်ကိုစိန်လှနှင့် ဗိုလ်မှူးချစ်ကောင်းတို့ကလည်း မိန့်ခွန်းပြောသည်။

နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ထောင်တွင်းအမျိုးသားနေ့ ကျင်းပသည့် အမှုကို ထောင်ပိုင်ဝန်များကစစ်ပြီး လျှော့ရက်ဖြတ်ကာ မိုးကြိုးတိုက် တစ်လ၊ တိုက်ပိတ်ရက် အမိန့်ချသဖြင့်၊ ဦးယုမောင်၊ ဦးစိုးမင်း၊ ကိုသာထွန်း၊ ကိုစိန်လှ၊ ဗိုလ်မှူးချစ်ကောင်း၊ ကိုသိန်းဇံ တို့ တိုက်ပိတ်ခံရသည်။ ဦးယုမောင်တို့က ထောင်မင်းကြီးထံ စာတင်ရန်ခွင့်တောင်းသည်။ ထောင်ပိုင်ဝန်က ငြင်းသည်။ ထို့ကြောင့် ဒီဇင်ဘာလ ၁ ရက်နေ့တွင် တိုက်ပိတ်ခံရသူတို့က လိုလားချက် မရ၍ အစာငတ်ခံ ဆန္ဒပြကာတောင်းဆိုကြသည်။ ထိုသို့ အစာငတ်ခံရာတွင် ဦးယုမောင်က အဓိကပါဝင်ခဲ့သည်။ ဒီဇင်ဘာ ၃ ရက်နေ့တွင် ဗိုလ်မှူး ချစ်ကောင်း ရုံးတက်ရသောနေ့ဖြစ်သည်။ ဗိုလ်မှူးချစ်ကောင်းက ရန်ကုန် အရေးပိုင်ခရိုင် ရာဇဝတ်တရားသူကြီးအား အမျိုးသားနေ့ကျင်းပ၍ ထောင်တွင်း၌ အယ်ဒီတာ ဦးယုမောင်နှင့် သူတို့တိုက်ပိတ်ခံရသည်။ ဤသို့လုပ်ခြင်းမှာ မျိုးချစ်စိတ်ကို ချိုးနှိမ်ရာ ရောက်ကြောင်း လျှောက်ထားကာ လွှတ်ရန် အရေးဆိုထားသည့်သတင်းကို သတင်းစာများ၌ ဖတ်ရှုရသည်။ ၄င်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ဦးယုမောင်တို့ တိုက်ပိတ်ခံရမှုမှ လွတ်ကြသော သတင်းကို ကြားရသည်။

ဦးယုမောင် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ထောင်မှလွတ်သည်။ ဦးယုမောင် ထောင်ထဲတွင် ၇ လနှင့် ၁၁ ရက်ကြာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်သတင်းစာ ပြန်လည်ထွက်လာသည်။ အယ်ဒီတာနှင့် ပုံနှိပ်ထုတ်ဝေသူမှာ ဦးယုမောင်ပင်ဖြစ်သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ တပ်မတော်မှ အာဏာသိမ်းယူသောနေ့တွင် ရန်ကုန်သတင်းစာကို လေးမျက်နှာ ညနေသတင်းအဖြစ် ထုတ်ဝေခဲ့သည်။ ထိုနှစ်စာနယ်ဇင်းကောင်စီကို တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ဖွဲ့စည်းရာ ဦးယုမောင်မှာ ကောင်စီဝင်လူကြီး ဖြစ်ခဲ့သည်။ စာနယ်ဇင်းကောင်စီ ဥက္ကဋ္ဌမှာ ဦးထွန်းဖေဖြစ်သည်။

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသော သတင်းထောက်များ ရက်တိုသင်တန်းတွင် ဦးယုမောင်က သတင်းစာထုတ်လုပ်ခြင်း အကြောင်းကို သင်တန်း၌ ပို့ချခဲ့သည်။ နောင်သောအခါ ဦးယုမောင်မှာ စာနယ်ဇင်း ကောင်စီ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ နောက်ဆုံးတွင် စာပေလုပ်သားအဖွဲ့ကို ကြိုဆိုသောအားဖြင့် စာနယ်ဇင်းကောင်စီကို ဖျက်သိမ်းခဲ့ပြီး စာပေလုပ်သားအဖွဲ့သို့ဝင်ခဲ့သည်။

ဦးယုမောင်အား သတင်းစာတိုက်ကြီးတစ်တိုက်တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူပါရန် တာဝန်ပေးအပ်ခဲ့သော်လည်း၊ ရန်ကုန်သတင်းစာတိုက်အပေါ်၌ သံယောဇဉ်ကြီးမားလှသော ဦးယုမောင်သည် ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင်နှင့်မခွဲဘဲ အေးအတူ၊ ပူအမျှ လုပ်ကိုင်လျက်ရှိခဲ့သည်မှာ ရန်ကုန်နေ့စဉ်သတင်းစာ ပိတ်သိမ်းချိန်အထိဖြစ်သည်။

ဦးယုမောင်သည် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** **ချစ်ကြည်ရေးကြည်ညွှန့်၊ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့အကြုံ၊ စာ ၁၁၉-၁၆၉။**

# ဦးယော (ဇေယျ)



စာရေးဆရာ ဇေယျအမည်ခံ သတင်းစာဆရာ ဦးယောကို ၁၉၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ပဲခူးတိုင်း၊ ဇီးကုန်းမြို့၌ ကျက်သရေဆောင် ရွှေစလွယ်ရ သစ်တောဝန်ထောက်ကြီး ဦးခလယ်နှင့် အမိ ဒေါ်ရွှေကြိုးတို့မှ မွေးဖွားသည်။ ဦးခလယ်မှာ ဇီးကုန်း၊ ခရစ်ယာန်နှစ်ခြင်းအသင်းတော်ဥက္ကဋ္ဌလည်း ဖြစ်သည်။

ဦးယောမွေးစအချိန်တွင် ဇီးကုန်းမြို့သို့ ကိုဖိုးကွန်း၊ မထွေးလေးတို့ဇာတ်လာရောက် ကပြသည်။ ထိုဇာတ်ကို အစွဲပြုပြီး "ဖိုးကွန်း" ဟုခေါ်ဝေါ်ကြသည်။ အသက်လေးနှစ်ရှိပါမှ "မောင်ယောရှု" ဟူသော အမည်ကို ပေးသည်။ မောင်ယောရှုကို စာတတ်စေချင်လွန်းအားကြီးသောကြောင့် အသက်လေးနှစ်အရွယ်ကပင် (ငါးနှစ်အထိမစောင့်ဘဲ) ကျောင်းထားသည်။ ဇီးကုန်းမြို့ အေဘီအမ်အလယ်တန်းကျောင်း၌ ဖြစ်သည်။

မောင်ယောရှုသည် ပထမတန်းတွင် သုံးနှစ်၊ ဒုတိယတန်းတွင် ဆရာမကလက်မခံသဖြင့်၊ တတိယတန်းသို့ကျော်တက်ခဲ့ရသည်။ တတိယတန်းတွင် သုံးနှစ်နေပြီး စာမေးပွဲဝင်မဖြေ၊ ကျောင်းနာမည်ပျက်မည်စိုး၍ စတုတ္ထတန်းသို့ တင်ပေးခဲ့သည်။ စတုတ္ထတန်းတွင် သုံးနှစ်နေပြီးလည်း မအောင်၊ လေးနှစ်မြောက်ဝင်ဖြေမှ အောင်သည်။ ငါးတန်းတွင် နှစ်နှစ်နေရသည်။

ငါးတန်းတွင် နှစ်နှစ်နေပြီးမှ ခြောက်တန်းရောက်သည်။ ထို့နောက်တွင်ကားသာယာဝတီအထက်တန်းကျောင်းတွင် တစ်နှစ်၊ ပြည်မြို့အစိုးရအထက်တန်းကျောင်းတွင် နှစ်နှစ်နေရသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဆယ်တန်းစာမေးပွဲကို အင်္ဂလိပ်၊ ပထဝီ၊ ကျန်းမာခြင်း၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည်။ ကျောင်းနေစဉ်ကပင် ကျောင်းလက်ရေး စာမူမဂ္ဂဇင်း၌ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က မောင်ယောအမည်သုံးခဲ့သည်။ ၁၀ တန်းမအောင်မြင်မီကပင် မြန်မာစာပေကို အထူးလေ့လာလိုက်စားသည်။

ထို့နောက်ပညာဆက်သင်ခွင့်မရဘဲ ဖခင်အလုပ်ဌာန သစ်တောဘက်တွင် ဝင်လုပ်မည်ကြံစဉ်၊ ပြည်မြို့တွင် ကျောင်းနေဖက်ဖြစ်ခဲ့သော ဦးမောင်မောင်ကလေး (မြန်မာအဆွေကုမ္ပဏီ) လာခေါ်၍ ဒဂုန်မဂ္ဂဇင်းတွင် စတင်လုပ်ကိုင်ခဲ့သည်။ ဒဂုန်မဂ္ဂဇင်း

ပထမစာစောင်မှာပင် ဗိုလ်ရန်အောင်ဝတ္ထုကို ရေးသည်။ ထို့နောက် မြတ်လေးရွှေဓားဗိုလ်၊ လိုက်တော်မူခဲ့၊ ရွှေဂျိုးဖြူဝတ္ထုများကို ရေးသားအောင်မြင်ခဲ့သည်။ စာရေးဆရာဘဝ ရောက်အောင် ဆုံးမသွန်သင်နည်းလမ်းညွှန်ကြားခဲ့သူများကား သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ပီမိုးနင်း၊ ကျောင်းဆရာကြီး ဦးဘိုးသစ်တို့ဖြစ်သည်။

ဒဂုန်မဂ္ဂဇင်းတွင် ဇေယျကလောင်အမည်ဖြင့် စတင်ရေးသားသည်။ ဇေယျကလောင်အမည်ရွေးပုံမှာလည်း စားပွဲရှိ အဘိဓာန်စာအုပ်ကိုမကြည့်ဘဲ လှန်ပြီး စာအုပ်အပေါ်လက်ထောက်ကာ ကျရာစာလုံးကို ကလောင်အမည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။ ထိုအခါ (Victory) စာလုံးပေါ် လက်ထောက်မိပြီး မြန်မာမှုပြုကာ"ဇေယျ"ဟု အမည်ရွေးခဲ့ပါသည်။ ဒဂုန်မဂ္ဂဇင်းကို အစွဲပြု၍ ဒဂုန်ဇေယျဟု သုံးခဲ့ပြီး ထို့နောက်မှ ဇေယျဖြစ်လာသည်။

ဒဂုန်မဂ္ဂဇင်းတွင် လေးနှစ်ခွဲအလုပ်လုပ်ပြီးနောက် နုတ်ထွက်ခဲ့သည်။ ဇေယျသတင်းစာကို ကိုယ်တိုင်ထုတ်သည်။ သတင်းစာဟု အမည်ပေးထားသော်လည်း တစ်ပတ်တစ်ကြိမ်ထုတ် လေးပဲတန် (တစ်မတ်တန်) ဂျာနယ်ဖြစ်သည်။ ကိုးလလောက်အကြာ၌ ရပ်လိုက်ရသည်။

ထို့နောက် လန်ဒန်အတ်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ခုဝံမဂ္ဂဇင်း၊ ခုဝံဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် အဆင့်ဆင့်ဆောင်ရွက်ခဲ့ဖူးသည်။ ဇေယျသည် ၁၉၄၇ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်အမှုထမ်းပြီး ညွှန်ကြားရေးဝန်ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက်ပိုင်းတွင် သမိုင်းကော်မရှင်၊ ယဉ်ကျေးမှုကောင်စီ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်၊ စာပေဗိမာန် ဆုရွေးချယ်ရေးအဖွဲ့ စသည်တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံစာရေး ဆရာအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော သူကြီးဂေဇက်သတင်းစာတွင် လက်ထောက်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၉ ခုနှစ် သူကြီးဂေဇက်ရပ်ဆိုင်းသွားသည့်အထိ အစအဆုံးလုပ်ကိုင်ခဲ့သည်။ ဂေဇက်သတင်းစာတွင် ဝတ္ထုတိုငါးရာခန့် ရေးသားခဲ့သည်။ ဇေယျကလောင်အမည်အပြင် မင်းလကျော်၊ သီလဝင်၊ ဒိုးကလေး၊ ကလောင်အမည်တို့ကိုလည်း သုံးခဲ့သည်။

ဇေယျသည် အစောပိုင်းကာလများက ဝတ္ထုများကိုသာ အထင်အရှားရေးသားခဲ့သူဖြစ်သည်။ ရုပ်ရှင်ဇာတ်ညွှန်းအတော်များများကိုလည်း နာမည်မခံဘဲ ရေးသားခဲ့သည်။

ဇေယျ၏ဆောင်းပါးများသည် စကားပြေအရာမြောက်သည်။ ကဗျာအရသာကိုလည်း ခံစားကြရသည်။ ၁၉၄၄ ခုနှစ်တွင် ဘင်ဟာရာ၏ "နိပွန်စိတ်ဓာတ်" စာအုပ်ကို ဘာသာပြန်ဆိုခဲ့သည်။

၁၉၂၄ ခုနှစ်တွင် ဆရာဇေယျသည် သခင်ကိုယ်တော်မှိုင်း၏ သမီးကြီးဒေါ်မြရီနှင့် အိမ်ထောင်ပြုခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ကိုလည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် သီရိပျံ့ချီဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။ အင်္ဂလန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်စာပဒေသာဆုကို "မြန်မာ့မျက်ပွင့်" (ရွာဓလေ့၊ လူဓလေ့) စာအုပ်ဖြင့် ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် တက္ကသိုလ် စိတ်ကြိုက်မြန်မာစာအတွက် ပြဋ္ဌာန်းခံရသည်။

ဆရာဇေယျပြုစုခဲ့သော စာအုပ်အချို့မှာ စာတိုပေစ၊ စာတွေ့ငါတွေ့၊ စာသဘင်၊ ဇေယျစာတမ်း၊ ဇေယျဝတ္ထုတိုများ၊ ဇေယျ၏စာ၊ တောကြီးမာယာ၊ နိပွန်စိတ်ဓာတ်၊ ဗမာ့အရေးနှင့် အနုပညာအသွေး၊ ဗမာပြည်တိုက်ပွဲ၊ မိန်းမ၊ မြနှင်းနွယ်၊ မြန်မာ့မျက်ပွင့် (စာဓလေ့)၊ မြန်မာ့မျက်ပွင့် (ရွာဓလေ့၊ လူဓလေ့) မှတ်တမ်းဝင် ဗမာ့အရေးအခင်းများ၊ လူ၊ သိန်းလေးဆယ်၊ အဏုမြူတို့ဖြစ်ကြသည်။

ဦးယော (ဆရာဇေယျ)သည် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ချမ်းသာလမ်း၊ အိမ်အမှတ် (၅) ၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ စာ ၉၃-၉၅။**

**(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၃) စာ ၁၈၈-၁၈၉ ။**

**(၃) မလိခ၊ မြန်မာစာပေအဘိဓာန်-၂၊ စာ ၁၉၉-၂၀၀။**

**(၄) မလိခ၊ မြန်မာဝတ္ထုအညွှန်း-၂၊ စာ၂၉-၃၁။**

**(၅) မောင်သုတ၊စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ ၃၇၈-၃၈၀။**



## ဦးရွှေ (လင်းယုန်မောင်မောင်)

စာရေးဆရာ လင်းယုန်မောင်မောင် အမည်ခံ သတင်းစာဆရာ ဦးရွှေကို မုံရွာမြို့၌ အဖ ဦးအောင်သိန်းနှင့် အမိ ဒေါ်လှကြည်တို့က ၁၉၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် မွေးဖွားခဲ့သည်။

ဦးရွှေသည် မုံရွာဆရာလှ မြန်မာစာသင်ကျောင်းတွင် မူလတန်း၊ မိတ္ထီလာ အမျိုးသားကျောင်း၊ ရွှေဘိုမြို့ ချမ်းသာကြီး အလွတ်ပညာသင်ကျောင်းနှင့် ရန်ကုန် စိန်ပေါလ်ကျောင်းတို့တွင် အလယ်တန်း၊ ရန်ကုန်မြို့မကျောင်းတွင် အထက်တန်း (၁၉၄၅-၄၆ ) အောင်ခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာဆည်းပူးခဲ့သည်။ ထိုစဉ်က ဖ-ဆ-ပ-လ အဖွဲ့ချုပ်မှ ဦးဆောင်ခဲ့သာ အထွေထွေ သပိတ်ကြီးတွင် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ သို့ရာတွင် သပိတ်လှန်ရန် ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တက္ကသိုလ်ဉပစာအထက်တန်းမှ အပြီးအပိုင် ကျောင်းထွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မုံရွာခရိုင်တို့ဗမာအစည်းအရုံးတွင် “သခင်ရွှေ” အဖြစ်လည်းကောင်း၊ ဂျပန်ခေတ် ၁၉၄၂-၄၅ တွင် မုံရွာခရိုင်အာရှလူငယ်အစည်းအရုံး အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၇ - ၅၇ ခုနှစ်များအတွင်းတွင် နိုင်ငံရေးသမားအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၃၉ ခုနှစ် နန်းရင်းဝန်ဦးပု မုံရွာသို့တိုင်းခန်းလှည့်လည်လာစဉ် သပိတ်ထားသည့်အရေးကြောင့် ၁၄ နှစ်သားအရွယ်တွင် အဖမ်းခံခဲ့ရသည်။ သို့သော် ထိုအမှုကို ထောင်ဒဏ်စီရင်ချက်ရာတွင် အသက်မပြည့်သဖြင့် ထောင်ကျမခံရဘဲ လွတ်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပုဒ်မ ၅ ဖြင့် မုံရွာထောင်၊ မန္တလေးထောင်များ၌ နေခဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် တောခိုဖူးသည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်ထောင်မှ လွတ်မြောက်ခဲ့သည်။ ထို့နောက် နိုင်ငံရေးလောကမှ လုံးဝအနားယူကာ စာပေလောကတွင်းသို့ ခြေစုံပစ်ဝင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် စာရေးဆရာဇန်းမော်တင်အောင် ဦးစီးထုတ်ဝေသော “လင်းယုန်ဂျာနယ်” ၌ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရာမှ “လင်းယုန်မောင်မောင်“ ဟူ၍ ကလောင်အမည်ရလာခဲ့သည်။ ၁၉၅၈ - ၅၉ ခုနှစ်တွင် သမက်၊ သတင်းဆရာမ စသည့် ဆိုဗီယက်ဝတ္ထုများ ဘာသာပြန်ခြင်းဖြင့် စာပေနယ်တွင် ခြေချခဲ့သည်။

ဦးရွှေသည် လင်းယုန်သတင်းစာ (၁၉၅၉)၊ လမ်းစဉ်သတင်းစာ (၁၉၆၀)၊ ဗိုလ်တထောင် သတင်းစာ (၁၉၆၁)၊ မော်ကွန်းသတင်းမဂ္ဂဇင်း (၁၉၆၂)၊ ချင်းတွင်းဂျာနယ် (၁၉၆၄)၊ ရှုဒေါင့်ဂျာနယ် (၁၉၆၈)၊ ရုပ်ရှင်သတင်းစဉ် (၁၉၇၉)၊ လုံမလေးမဂ္ဂဇင်း (၁၉၈၅)၊ စသည်တို့တွင် အယ်ဒီတာအဖြစ် ၁၀ နှစ်ကျော်မျှဆောင်ရွက်ခဲ့သည်။

ဦးရွှေသည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း (၁၉၆၀) နှင့် အမျိုးသားစာပေညီညွတ်ရေးအဖွဲ့ (၁၉၆၂) စသည့် အဖွဲ့အစည်းများတွင်ပါဝင်ခဲ့သည်။

ဦးရွှေသည် လုံးချင်းစာအုပ် (၅၀) ကျော်ခန့်ရေးသားခဲ့သည်။ ထင်ရှားသော စာအုပ်အချို့မှာ အိုက်ခမန်း၏ ငရဲခန်း (၁၉၆၅)၊ ဟစ်တလာ (၁၉၆၅)၊ ကပ်စထရို (၁၉၆၆)၊ သွေးစွန်းသောနေ့ရက်များ (၁၉၆၆)၊ ယနေ့ကမ္ဘာ (၁၉၆၇)၊ ချေဂွေဗားရား (၁၉၆၇)၊ ဟိုချီမင်း (၁၉၇၀)၊ မှောင်မိုက်သောနေ့ရက်များ (၁၉၇၁)၊ အက်ဖ်ဘီအိုင်မှုခင်းများ (၁၉၇၁)၊ တို့ဖြစ်သည်။

ဦးရွှေသည် ၂၀၀၂ ခုနှစ်၊ မေလ ၂၅ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ (၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃)၊ စာ - ၂၇၉ - ၂၈၀။**

**(၂) ရာပြည့် ဦးစိုးညွှန့်၊ (၂၀) ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ-၁၂၇-၁၂၉။**

# ဦးရွှေကြူး (ရွှေကြူး)



သတင်းစာဆရာ၊ ဦးရွှေကြူးကို ၁၈၈၃ ခုနှစ်တွင် အဖ ဦးခင်နှင့် အမိ ဒေါ်ဂွမ်းတို့မှ မော်လမြိုင်မြို့၌ မွေးဖွားသည်။

ဦးရွှေကြူးသည် ရန်ကုန်ကောလိပ်တွင် ဝိဇ္ဇာတန်းအထိ တက်ရောက် ပညာသင်ယူခဲ့ဖူးသည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်သူလည်းဖြစ်သည်။ စာပေအရေးအသားတွင် အထူးဝါသနာထုံသူတစ်ဦးလည်းဖြစ်သည်။

ဦးရွှေကြူးသည် မြန်မာစာပေနှင့်စာနယ်ဇင်းလောကတွင် ပြောစမှတ် ပြုလောက်အောင် အဆန်းထွင်သူလည်းဖြစ်သည်။ ဒေါင်းဖတ်စာကို စတင်တီထွင် ထုတ်ဝေသူလည်း ဖြစ်သည်။

**"က-ကညစ်ပေမှာခြစ်"** စသော စာများမပေါ်မီ **"ဘူးသီးနုနုမခူးရ"**စသော ဒေါင်းတံဆိပ်မြန်မာစာ (သူငယ်တန်းမှ သတ္တမတန်းအထိ ဒေါင်းတံဆိပ်ပါဖတ်စာအုပ်) ကို တီထွင်သူမှာ ဦးရွှေကြူး ဖြစ်သည်။

ဦးရွှေကြူးသည် ဒေါင်းတံဆိပ်မြန်မာစာသစ်ကို စတင်ထုတ်ဝေရန်ကြံစည်ခဲ့သူ ဖြစ်သည်။ အရေးအသားအားလုံးအတွက် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်းက တာဝန် ယူခဲ့ရသည်။

ဦးရွှေကြူးသည် ပထမကမ္ဘာစစ်ကြီးမဖြစ်မီကပင် ရန်ကုန်မြို့တွင် လာရောက် ဖွင့်လှစ်နေသော ဂျာမန်စီးပွားရေးလုပ်ငန်းများဘက်တွင် အတော်အတန်အတွေ့အကြုံ ဗဟုသုတများရရှိခဲ့သည်။ ၁၂၇၁ ခုနှစ်တွင် ရန်ကုန်မြို့ဘားလမ်း အမှတ် (၅၀) တွင် "ရွှေကြူးကုမ္ပဏီ"ဟူသောအမည်ဖြင့် ကုမ္ပဏီဖွင့်လှစ်ခဲ့သည်။ ယင်းကုမ္ပဏီသည် ထီးလုပ်ငန်း၊ စက်ယက်ကန်းလုပ်ငန်း၊ မြေဩဇာလုပ်ငန်း၊ အင်္ဂလိပ်စာကို စာပေးစာယူဖြင့် သင်ကြားခြင်း စသည်များကိုလုပ်ကိုင်ခဲ့သည်။

၁၂၇၃ ခုနှစ် ဦးရွှေကြူး၊ ဆရာမြို့၊ ဦးရွှေလှေးတို့သုံးဦးတွေ့ဆုံဆွေးနွေး၍ "ပိဋကတ်သုံးပုံ မြန်မာပြန်မှုကိုသဘောတူပြီး" "ပိဋကတ်သုံးပုံထုတ်ဝေရေးကုမ္ပဏီ" တည်ထောင်၍ ရွှေကြူးကုမ္ပဏီကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးရွှေကြူးသည် မျိုးချစ်စိတ်ဓာတ်ရှိသူဖြစ်သည့်အလျောက် တိုင်းပြည်၏ အသိဉာဏ်၊ ပညာဉာဏ်တိုးတက်မှုတို့ကိုလည်း ဖွံ့ဖြိုးစေလိုသူဖြစ်သည်။ ဦးရွှေကြူးသည်

“ရွှေကြူးပုံနှိပ်တိုက်”ဟူသောအမည်ဖြင့် ပုံနှိပ်တိုက်ထူထောင်ခဲ့သည်။ ၁၉၁၂ ခုနှစ် ဇွန်လတွင် “မြန်မာ့အလင်းမဂ္ဂဇင်း”သည် ရှေးယခင်ကထွက်ခဲ့သောမဂ္ဂဇင်းများနှင့် မတူပေ။ ရှေးယခင်ကထွက်ခဲ့သော မဂ္ဂဇင်းများမှာ ဘာသာရေးနှင့်ဆုံးမစာများ၊ ရှေးဟောင်း ကျမ်းဂန်များမှ မှတ်သားဖွယ်ရာများကိုသာ ထည့်သွင်းစေခဲ့သည်။ ဦးရွှေကြူး၏ “မြန်မာ့အလင်းမဂ္ဂဇင်း” မှာမူ ခေတ်သစ်ဉာဏ်သစ်များ ပါဝင်သည့်အပြင်၊ ခေတ်အခြေ အနေကိုလည်း အနည်းအကျဉ်းထည့်သွင်းပါရှိသော မဂ္ဂဇင်းဖြစ်သဖြင့် အောင်မြင်ခဲ့သည်။

တစ်လလျှင်နှစ်ကြိမ်မျှ ထုတ်ဝေနိုင်ခဲ့သည်။ ၁၉၁၄ခုနှစ်၊ ဩဂုတ်လတွင် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလေရာ ဦးရွှေကြူးသည် မြန်မာ့အလင်းမဂ္ဂဇင်းအပြင် “မြန်မာ့ အလင်း စစ်ကြေးနန်းသတင်း” ဟူသောအမည်ဖြင့် ရက်ခြားသတင်းလွှာတစ်စောင်ကို ထိုနှစ် နှိုဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။ တစ်နိုင်ငံလုံး ဝယ်ယူဖတ်ရှုခဲ့ကြသည်။

၁၉၁၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစ၍ စစ်ကြေးနန်းသတင်းကို “မြန်မာ့အလင်း သတင်းစာ” ဟုအမည်ပြောင်း၍ ထုတ်ဝေခဲ့သည်။ မြန်မာ့အလင်းသတင်းစာကို ရက်ခြား ထုတ်ဝေပြီးနောက် တစ်နှစ်တွင် “မေ ၁၅ ရက်နေ့ကို သတိပြုပါ” ဟူသော ကြော်ငြာအတွက် အစိုးရကအာမခံငွေ ငါးထောင်ကျပ် တောင်းဆိုခြင်းခံခဲ့ရသည်။ ကြော်ငြာရှင်မှာ စာရေး ဆရာပီမိုးနင်းဖြစ်၍ ကြော်ငြာရှင်ကိုယ်တိုင်က မိမိ၏စာအုပ်တစ်အုပ်ကို ထိုနေ့တွင် ထုတ်ဝေမည့်အကြောင်း ကြော်ငြာခြင်းဖြစ်ပါသည်ဟု ရှင်းပြသော်လည်း ဖြေရှင်းမရဖြစ်ပြီး အာမခံငွေ ဆုံးရှုံး၍ သတင်းစာကို ရပ်စဲထားလိုက်ရသည်။

ဦးရွှေကြူးသည် ၁၉၁၆ ခုနှစ်တွင် ကျောက်ပုံနှိပ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။ လမ်းခရီးတွင် ဆိုင်ဂုံမြို့၌ စံနေတော်မူသော မြင်ကွန်းမင်းသားကြီးထံ ဝင်ရောက်၍ မြန်မာနိုင်ငံကို မြန်မာမင်းဆက်များ၏လက်သို့ ပြန်အပ်နှံရေးအတွက် တိုင်ပင် ဆွေးနွေးကာ ဂျပန်နိုင်ငံသို့ ခရီးဆက်လက်ထွက်ခွာခဲ့သည်။

ဦးရွှေကြူး၏ရည်ရွယ်ချက်မှာ ထိုစဉ်အခါက အင်္ဂလိပ်- ပြင်သစ်တို့ကတစ်ဖက်၊ ဂျာမန်-ဩစတြေးလျတို့ကတစ်ဖက်၊ စစ်ဖြစ်နေကြလေရာ မြန်မာများသည်အင်္ဂလိပ်တို့ ဘက်မှ ငွေအား၊ လူအားဖြင့်ကူညီရိုင်းပင်းလိုက်လျှင် မြန်မာပြည်ကိုကျေးဇူးတင်သော သဘောဖြင့် မြန်မာမင်းများလက်သို့ ပြန်ပေးကောင်းရဲ့ဟု သဘောပိုက်ကာ မြင်းကွန်း မင်းသားကြီးထံမှ ကိုယ်စားလှယ်လွှဲ စာချွန်တော်ကိုယူဆောင်ပြီး ဂျပန်နိုင်ငံရှိဗြိတိသျှ သံအမတ်ကြီး လော့ကမ်နင်ဟံနှင့် စကားဆိုခဲ့ခြင်းဖြစ်သည်။

ဦးရွှေကြူး၏ရည်ရွယ်ချက်ကို မြန်မာပြည်ရှိ ဗြိတိသျှအစိုးရတို့သည် အဓိပ္ပာယ်တစ်မျိုးကောက်ကာ ဦးရွှေကြူးအား ဂျပန်နိုင်ငံမှပြန်ပို့ရန် အမိန့်ထုတ်ခဲ့သည်။ ဂျပန်နိုင်ငံမှပြန်လာ၍ စင်္ကာပူနိုင်ငံအရောက်တွင် မြန်မာပြည်သို့ပြန်မလာရန် ပြည်နှင်ဒဏ်ပေးခြင်းခံခဲ့ရသည်။ ဦးရွှေကြူးသည် စင်္ကာပူတွင်ရှိစဉ် "စတြိတိုင်း"သတင်းစာတွင် သတင်းဆောင်းပါးများရေးသားခဲ့ရာ အယ်ဒီတာဖြစ်သူ အေဒဗျူစတီးက အင်္ဂလိပ်စာအရေးအသား ကောင်းကြောင်း ချီးကျူးခြင်းခံရသည်။

ဦးရွှေကြူးသည် ၁၉၂၁ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်ခွင့်ရခဲ့သည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူပီပီ မြန်မာပြည်သို့ပြန်ရောက်သည်နှင့် လေဘာတီခေါ် လွတ်လပ်ရေးသတင်းစာ တစ်စောင်ကို ကြိုးစားထုတ်ဝေခဲ့ပြန်သည်။ အခြေအနေမပေးသဖြင့် တာရှည်မခံဘဲ ရပ်စဲသွားခဲ့ရသည်။

ဦးရွှေကြူးသည် ၁၉၂၄ ခုနှစ်၌ ရန်ကုန်မြူနီစီပယ်အဖွဲ့တွင် လက်ထောက်အတွင်းရေးမှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ရုံဖန်ရုံခါအတွင်းရေးမှူးအဖြစ်လည်း ကောင်း ဆောင်ရွက်ခဲ့သည်။

ဦးရွှေကြူးသည် မျိုးချစ်စိတ်ထက်သန်ကာ စာပေမြတ်နိုးသူပီပီ စာအုပ်စာတမ်းများအပြင် "ခြသေ့်တံဆိပ်" မြန်မာဖတ်စာနှင့် "ရွှေကြူးအသံထွက် အင်္ဂလိပ်-မြန်မာအဘိဓာန်" တို့ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ကမ္ဘာနှင့်အဆက်အသွယ်မရှိသော မြန်မာကျေးလက်တောသူတောင်သားများသည် ရွှေကြူးမြန်မာ့အလင်း စစ်ကြေးနန်းသတင်း၏ ကျေးဇူးကြောင့်ရှေးဦးစွာ ကမ္ဘာနှင့် ဆက်မိကြရပေသည်။

မြန်မာစာပေနှင့်မြန်မာသတင်းစာလောကို အမှောင်ခွင်း၍အလင်းဆောင်ပေးခဲ့သူ ဦးရွှေကြူးသည် တွံတေးမြို့သို့ခေတ္တသွားရောက်ရာ သင်္ဘောပေါ်တွင် ခလုတ်တိုက်၍ ခြေဖျားတွင်ရရှိသောဒဏ်ရာမှ အနာဝင်ပြီး ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) တက္ကသိုလ်တင်ခ၊ မြန်မာစာမြန်မာမှုကို ပြုစုပျိုးထောင် ခေါင်းဆောင်ခဲ့သူများ။ စာ-၁၁၄-၁၂၆။**

**(၂) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ။ စာ- ၃၁၈-၃၂၀။**

# ဦးလေးမောင် (အာလံဦးလာဘ)



သတင်းစာဆရာ ဦးလေးမောင်ကို သရက်ခရိုင်၊ အောင်လံမြို့ (ယခင်အာလံမြို့) ၌ အဖ ဦးပိုနှင့် အမိ ဒေါ်ပန်း တို့မှ ၁၈၉၉ ခုနှစ်၊ နိုဝင်ဘာလတွင် မွေးဖွားခဲ့သည်။

ဦးလေးမောင်သည် အောင်လံမြို့တွင် ၁၀ တန်း အောင်မြင်ခဲ့ပြီး ၁၉၂၃-၂၄ မှစ၍ အောင်လံမြို့ ဗုဒ္ဓသာသနာပြုအမျိုးသားကျောင်း (B.T.N) တွင် ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဂျီစီဘီအေ အဖွဲ့ကြီးမှ (၂၁) ဦး ခွဲထွက်ကွဲပြားသွားချိန် အထောက်အပံ့မခံသော အမျိုးသားကျောင်းအဖြစ် ရပ်တည်ခဲ့သည်။ ထို့နောက် ရန်ကုန်သို့ရောက်ရှိလာပြီး၊ ဝံသာနု ဂျီစီဘီအေအဖွဲ့ကြီး၏ ဝံသာနုသတင်းစာတွင် တိုက်အုပ်အဖြစ်လည်းကောင်း၊ အယ်ဒီတာအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ဂျီစီဘီအေအဖွဲ့များ အစိတ်စိတ်ကွဲပြားကြရာ ဦးစိုးသိမ်း ဂျီစီဘီအေတွင် ရုံးအုပ်အဖြစ်လည်းကောင်း၊ ထို့နောက် ဂျီစီဘီအေ ဌာနချုပ် အတွင်းရေးမှူးအဖြစ် ၁၄ နှစ် တိုင်တိုင် ဆောင်ရွက်ခဲ့သည်။

ဦးလေးမောင်သည် ဂျီစီဘီအေသို့ ဒေါက်တာဘမော် ဝင်လာ၍ မောရိယ သတင်းစာထုတ်ဝေရာတွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ ဌာနချုပ်အတွင်းရေးမှူး အဖြစ်ဖြင့်လည်းကောင်း၊ ၁၉၃၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ မောရိယသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၄ ခုနှစ်မှစ၍ အာလံဦးလာဘအဖြစ် ထင်ရှားခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဗမာ့ခေတ်သတင်းစာတွင် အယ်ဒီတာ အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးလေးမောင်သည် မြန်မာ့နိုင်ငံရေးသမိုင်းကို ဗမာ့ခေတ်သတင်းစာတွင် ၁၉၅၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ စက်တင် ဘာလ ၂၉ ရက်နေ့ အထိကာလအတွင်း ဆောင်းပါး ရှည်ကြီးအနေဖြင့် ရက်ခြား ရေးသားဖော်ပြခဲ့သည်။

ဦးလေးမောင်သည် အစိုးရသာသနာရေးဌာနတွင် လက်ထောက်ညွှန်ကြားရေးဝန် အဖြစ် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။

ဦးလေးမောင် ပြုစုရေးသားခဲ့သော "မြန်မာ့နိုင်ငံရေးသမိုင်း" ကို ၁၉၇၃ ခုနှစ်က စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေခဲ့သည်။

ဦးလေးမောင်သည် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ ။ ဦးလေးမောင်၊ မြန်မာ့နိုင်ငံရေးသမိုင်း၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်။**

# ဦးလွင် (ဘိုးဝဇီရ)



မြန်မာသတင်းစာလောကတွင် ရှေးအကျဆုံး ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးလွင်ကို ၁၈၄၉ ခုနှစ် (၁၂၁၀ ခုနှစ် နှောင်းတန်ခူးလဆုတ် ၄ ရက်) အမရပူရမြို့ ပုထိုးတော်ကြီးဘုရားအနီး သရက်သုံးပင်အရပ်၌ မွေးဖွားခဲ့သည်။ ဖခင်မှာ ပုဂံမင်း၏ သေနတ်စာရေးကြီး မင်းလှရာဇာဘွဲ့ခံ ဦးထွန်းနှင့် အမိ သေနတ်စာရေးကတော် ဒေါ်ခိုဖြစ်သည်။

ဦးလွင်၏ဖခင် မင်းလှရာဇာဦးထွန်းသည် ပညာကိုအလွန်လိုလားသူဖြစ်သည်။ မိတ်သင်္ဂဟများနှင့် စကားဝိုင်းဖွဲ့ပြောတိုင်း သားဖြစ်သူကို အနားမှာခေါ်ထားကာ လူကြီးများပြောသည်ကို နားထောင်စေပါသည်။ ဧည့်သည်များပြန်သွားသည့်အခါ ဘယ်သူကဘယ်အကြောင်းပြောသည်ဆိုခြင်းကို ဖခင်အားပြန်ပြောရပါသည်။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ပေးပုံဖြစ်သည်။ အိမ်မှာပင် သင်ရိုးကို သင်ပေးသည်။ မောင်လွင်ကလေးမှာ ဉာဏ်ကောင်း၍ မိဘနှစ်ပါးစလုံးက သူ့ကိုကျေနပ်သည်။ အသက် ၁၃ နှစ် အရွယ်တွင် မန္တလေးခင်မကန်တိုက်၌ သီတင်းသုံးသည့် ဘထွေးအရင်းတော်သူ ဦးဇာဂရထံ မိဘနှစ်ပါးကအပ်သည်။ ဦးဇာဂရမှာ ဖခင်မင်းလှရာဇာ၏ ညီအရင်းဖြစ်သည်။

ဦးလွင်သည်ကျောင်းသားဘဝဖြင့် သုံးနှစ်အခြေခံစာပေကို သင်ယူပြီး၊ အသက် ၁၆ နှစ်တွင် သာမဏေဘောင်ကို တက်ခဲ့သည်။ ကိုရင်မဝတ်မီကဆိုလျှင် အဖေဖြစ်သူက သားကို ပညာတတ်စေချင်လွန်း၍ လူပျိုပေါက်ကလေးဖြစ်သည့် သားထံသို့လာပြီး၊ “ငါ့သားဒီချိတ်ပုဆိုးမျိုး ဝတ်ချင်သလား၊ ဝတ်ချင်ရင် ပညာကိုကြိုးစား၊ ပညာတတ်လို့ လူတောတိုးရဲတာနဲ့ ဒီပုဆိုးမျိုးဝတ်ရမယ်”ဟု ချိတ်ပုဆိုးကိုပြကာ ပြောလေ့ရှိပြီး၊ ထိုချိတ်ပုဆိုးကို ပြန်ယူသွားသည်။

သာမဏေဘောင်ကိုတက်သည့်အခါ၊ ခင်မကန် တိုက်အုပ်ဆရာတော်က ဉာဏ်ထက်မြက်သည့် မောင်လွင်သတင်းကို ကြားသည်နှင့် သာမဏေဘွဲ့ကို ရှင်ဝဇီရဟု ပေးတော်မူသည်။ အဓိပ္ပာယ်မှာ ဝရဇိန်လက်နက်ကဲ့သို့ ဉာဏ်ထက်သူ ဟူ၍ဖြစ်သည်။

ကိုရင်ဝဇီရသည် ခင်မကန်တိုက်အုပ်ဆရာတော်ထံတွင် သုံးနှစ်ခန့် ပညာဆည်းပူးပြီး၊ ၁၉ နှစ်သားအရွယ်ရောက်သောအခါ သရုပ်ခွဲနှင့် စာချကောင်းသည်ဟု

ကျော်ကြားသည့် တောင်ပြင်ဘုရားကြီးတိုက်သို့ ခင်မကန်ဆရာတော်၏ ခွင့်ပြုချက်အရ ပြောင်းရွှေ့ပညာဆည်းပူးခဲ့သည်။ ကိုရင်ဝဇီရသည် အာဂုံဆောင်သည့်စာများကို ညတိုင်း ညဥ့်နက်သန်းခေါင်တိုင်အောင် စာပြန်လေ့ရှိသည်။ အသံကလည်းကောင်း၊ ဉာဏ်ကရိုဏ်း ကလည်း ကျလှသောကြောင့် ကိုရင်ဝဇီရစာပြန်သည်ကို တမင်လာနားထောင်ကြသူများ ရှိသည်ဟု မှတ်သားရသည်။

ကိုရင်ဝဇီရ ဉာဏ်ကောင်းပုံ၊ ဝီရိယကြီးပုံ၊ ထက်မြက်ပုံများနှင့် ပတ်သက်ပြီး ဘုရားကြီးတိုက် ပထမဆရာတော် ဦးဇာဂရ၊ ဆရာတော်ဦးရန်ကုန်ဟုခေါ်သည့် ဦးသုဇာတ၊ ညောင်ကန်ဆရာတော် ဦးဒီပတို့က အလွန်ချီးမွမ်းတော်မူကြသည်။

ကိုရင်ဘဝဖြင့် ဘုရားကြီးကျောင်းတိုက်တွင် ၆ နှစ်တိုင်တိုင် ပညာဆည်းပူးပြီး ကိုရင်ဝဇီရသည် မန္တလေးတောင်ခြေမှ သစ်ဆိမ့်တိုက်ဆရာတော်ထံ ပြောင်းရွှေ့ပြီး ပညာသင်ယူပြန်သည်။ ထိုမှတစ်ဖန် ခင်မကန်တိုက်၊ စကုတိုက်၊ တောင်သမန်တိုက်၊ ဝေ့ချိုတိုက်၊ ဆရာတော်များထံ နည်းနာနိဿယ ခံပြန်သည်။

ကိုရင်ဝဇီရသည် ၁၀ နှစ်ခန့် ပိဋကတ်စာပေကိုသင်ယူပြီး၊ ကဗျာလင်္ကာအစရှိသည့် ဆန်းကျမ်း၊ အလင်္ကာကျမ်းများအပြင်၊ လောကီဆိုင်ရာဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ ဓမ္မသတ်၊ ရာဇသတ်များကို လေ့လာဆည်းပူးခဲ့သည်။ ကိုရင်ဘဝနှင့်ပင် ကဗျာပေါင်း အမြောက်အမြား ရေးသားခဲ့သည်။

၁၃ နှစ်သားအရွယ်မှ ဘုန်းကြီးကျောင်းသားဖြစ်ရသော ကိုရင်ဝဇီရသည် ကျောင်းသားအဖြစ်ဖြင့်သုံးနှစ်၊ ရှင်သာမဏေအဖြစ်ဖြင့် ဆယ်နှစ်ကျော် လောကီ လောကုတ္တရာ စာပေပညာဆည်းပူးပြီး အသက် ၂၆ နှစ်အရွယ်မှာ ရှင်လူထွက်လိုက်သည်။ ကိုရင်ဝဇီရလူထွက်ဖြစ်သည့် မောင်လွင်သည် ဦးရီးတော်နံ့သာခုံမင်းနှင့်အတူ ရှေ့ဖတ်စာရေးအဖြစ်ဖြင့် အောက်ပြည်အောက်ရွာကို လိုက်သွားပြန်သည်။ ဤကဲ့သို့ ခရီးသွားရသည့်အတွက် သူ့မှာအဖိုးမဖြတ်နိုင်သည့် ဒေသန္တရဗဟုသုတများ ရရှိပြန်ပါသည်။

ကိုရင်ဝဇီရ လူထွက်မောင်လွင်အကြောင်းကို ကောင်းကောင်းသိသူ မြောင်လှမြို့စား ဝန်ထောက်ဦးခြိမ့်က ကင်းဝန်မင်းကြီး၏အကူအညီဖြင့် မောင်လွင်ကို ၁၈၆၆ ခုနှစ်တွင် မန္တလေးရတနာပုံနေပြည်တော်သတင်းစာမှာ စာရေးတော် (အယ်ဒီတာ) အဖြစ် ခန့်ထားပေးခဲ့သည်။ မြောင်လှမြို့စားဝန်ထောက်ဦးခြိမ့်သည် ခင်မကန်တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတ၏တပည့်ဖြစ်သည့်အတိုင်း ဆရာတော်ထံသွားရင်းဖြင့် ကိုရင်ဝဇီရ၏အကြောင်း

ကောင်းကောင်းသိထားသူဖြစ်သည်။ သူကလည်း ကိုရင်ဝဇီရကို ဗဟုသုတရှာမှီးရာတွင် ညွှန်ကြားလေ့ရှိသူတစ်ဦးဖြစ်သည်။

မြောင်လှမြို့စား ဝန်ထောက်ဦးခြိမ့်က မောင်လွင်ကို ကင်းဝန်မင်းကြီးထံ အပ်သည့် အခါ အမည်မေးရာ မောင်လွင်ပါဟု ပြောလိုက်သည်။ ဤတွင် ကင်းဝန်မင်းကြီးက မင်းတုန်း မင်းတရားကြီး၏ ငယ်နာမည်နှင့်တူနေသည်ဟုဆိုပြီး မောင်ထင်ဟု ပြောင်းပေးလိုက်သည်။

ရတနာပုံသတင်းစာကိုအုပ်ချုပ်နေသူမှာ တရုတ်ဗမာကပြား မစ္စတာအဟီး ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးက အဟီးကို သံတော်ဆင့်ရာထူးပေးထားပါသည်။ မစ္စတာအဟီးသည် ဘာသာစုံတတ်သည်။ သို့သော် ဗမာစာအရေးအသားတွင်မူ ခေတ်အလိုက်ဖတ်ချင်စဖွယ်ရှိအောင် မရေးနိုင်ပေ။

သတင်းစာတိုက်တွင် အလုပ်ဝင်လုပ်သည့် မောင်ထင်၏လစာမှာ တစ်လလျှင် တစ်ဆယ့်ငါးကျပ်သာ ဖြစ်ပေသည်။ မစ္စတာအဟီးက တိုက်တွင် အကြီးအကဲဖြစ်သည့် တိုင်အောင် မောင်ထင်၏ အရည်အချင်းကိုသိလာ၍ ဦးစားပေးပါသည်။ ထိုခေတ် သတင်းစာဖတ်ပရိသတ်က စိတ်ဝင်စားပြီး ဖတ်ချင်စဖွယ်ရေးသားတတ်သည့် ကိုဝဇီရ၏ စာများကြောင့် ရတနာပုံသတင်းစာကို လူကြိုက်များလာသည်။ မင်းတုန်းမင်းကြီးကပင် မောင်ထင်အား ခေါ်ယူကြည့်ပြီး ချီးမွမ်းခဲ့ပါသည်။

တစ်လတစ်ဆယ့်ငါးကျပ်ဖြင့် အလုပ်လုပ်နေသည့် မောင်ထင်၏ အရည်အချင်းကို သိသော လွှတ်စာရေးကြီး ဦးသော့က “ဒါလောက်တော်တဲ့လူကို၊ ဒါလောက်လခလေးပဲ ပေးထားသလား” ဆိုပြီး မနေနိုင်၍ ဝင်ရောက်ဆောင်ရွက်ပေးမှ မောင်ထင်၏လခမှာ တစ်လခြောက်ဆယ်ကျပ်ရရှိလာခဲ့သည်။ တစ်ပတ်တစ်ကြိမ်၊ တစ်လလေးကြိမ် ထုတ်ဝေ သည့် ရတနာပုံနေပြည်တော်သတင်းစာကို ဂရုတစ်စိုက် ဖတ်နေကြသည့် ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ဦးခြိမ့်စသည့်ပုဂ္ဂိုလ်များကလည်း ကိုဝဇီရ၏ စာပေအရေး အသားကို ချီးမွမ်းကြသည်။

ကိုဝဇီရသည် ရတနာပုံနေပြည်တော်သတင်းစာတိုက်တွင် တစ်နှစ်ကျော် နှစ် နှစ်ခန့်အမှုထမ်းပြီး ၁၈၆၉ ခုနှစ်တွင် လက်မောင်းမှာ အနာပေါက်သောကြောင့် အယ်ဒီတာ အဖြစ်မှနုတ်ထွက်ပြီး ခင်မကန်တိုက်ဆရာတော်ဦးပဏ္ဍိတထံ ပြန်နေခဲ့သည်။ နောင် လက်မောင်းအနာပျောက်သော်လည်း နန်းတွင်းရေးများရှုပ်ထွေး၍ သတင်းစာလွှတ်လပ်ခွင့် မရရှိသောအခါ သတင်းစာတိုက်တွင် ပြန်မလုပ်တော့ဘဲ ညီဖြစ်သူ မောင်ဆင်၊ မောင်ဘော၊

(ပညာရှိဦးဘေ) မောင်ကွန်းစင် (ပညာရှိ ဦးကွန်းစင်) တို့ကို ကဗျာ၊ လင်္ကာနှင့် ပရိယတ္တိစာပေကို သင်ကြားပေးရင်း မန္တလေးတွင် သုံးနှစ်လောက် အေးအေးနေခဲ့သည်။

ကိုဝဇီရ စာမရေးဘဲနေခြင်းမှာ တိုင်းရေးပြည်ရေး၊ နန်းတွင်းရေး အခြေအနေကြောင့် ဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။ မင်းတုန်းမင်းနတ်ရွာစံပြီး သီပေါမင်းနန်းတက်လာသည့်အခါ စာရေးသားရာတွင် ကျယ်ကျယ်ပြန့်ပြန့်လွတ်လပ်ခွင့်မရှိဘဲ မင်းမိဖုရား၊ မှူးမတ်များကလည်း ရှေးကနှင့်မတူကြတော့သည့်အတွက် သတင်းစာတိုက်နှင့် ဝေးဝေးခွာပြီးနေသည်ဟု ယူဆကြသည်။

သာဓကအထောက်အထားတစ်ခုမှာ ကိုဝဇီရသည် ရတနာပုံနေပြည်တော်သတင်းစာတိုက်တွင် အယ်ဒီတာလုပ်နေစဉ် စကြာဒေဝီမိဖုရားကြီး နတ်ရွာစံကံကုန်သောအခါ ကိုဝဇီရက စကြာဒေဝီမိဖုရားကြီးအကြောင်း သတင်းစာထဲကနေ၍ ဖွဲ့နွဲ့ရေးလိုက်သည်။

တစ်နေ့ နန်းတွင်းသို့အဝင်အထွက်ရှိပြီး၊ ရတနာပုံနေပြည်တော်သတင်းစာတိုက်နှင့်လည်း အဆက်အသွယ်ရှိသည့် ခင်ခင်ကြီးဆိုသည့်အမျိုးသမီး ပေါက်လာပြီး “ဆင်ဖြူရှင်မိဖုရားကြီး (စုဖုရားလတ်၏ မယ်တော်) အလယ်နန်းက “မင်းတို့သတင်းစာကလဲကွယ်၊ သေတဲ့လူအကြောင်းဖြင့် တဖွဲ့တနွဲ့ရေးပါရဲ့၊ ရှင်နေတဲ့လူအကြောင်း ရေးရောပေါ့” ဟုပြောသည်။

ထိုအခါ ကိုဝဇီရက ဆင်ဖြူရှင်မ မိဖုရားကြီးအကြောင်း တဖွဲ့တနွဲ့ သတင်းစာထဲမှာ ရေးရပြန်သည်။ ထိုဆောင်းပါးထွက်လာသောအခါ ဆင်ဖြူရှင်မက ကိုဝဇီရကို ခါသာပိတ်အုပ်စတဲ့ အဝတ်အထည်များကို ဆုတော်လာဘ်တော်အဖြစ် ပေးတော်ခဲ့သည်။

ကိုဝဇီရတို့ခေတ်က သတင်းစာများတွင် အာဘော်၊ ထင်မြင်ချက်များ အရေးနည်းပြီး၊ သူ့ခေတ်သူ့အခါက ရေးဟန်အတိုင်း လူကြိုက်အောင်ရေးရပါသည်။ ပဒေသရာဇ်ခေတ်၏ အစောဆုံး သတင်းစာလုပ်ငန်းဖြစ်သည်။ ကိုဝဇီရတို့ခေတ်က ဗမာနိုင်ငံ နိုင်ငံရေးဆိုသည်မှာ နန်းတော်ထဲမှ နိုင်ငံရေးပင်ဖြစ်သည့်အပြင် အကြောင်းအရာက အလွန်နည်းပြီး အချစ်ဘွဲ့များသာ အရေးများခဲ့သည်။

မင်းတုန်းမင်းကြီးက ကိုဝဇီရအား သံတော်ဆင့်ရာထူးပေးမည်ဟု မိန့်ကြားခဲ့ဖူးသော်လည်း၊ မင်းပြောင်းမင်းလွှဲဖြင့် ပါသွား၍မရတော့၊ ကိုရင်ကြီးဘဝထဲက လွှတ်တော်တရားသူကြီးအဖြစ်ရောက်အောင် ကြိုးစားမည်ဆိုသည့်ရည်ရွယ်ချက်ဖြင့် ထုံးဟောင်း

ဓမ္မသတ်များကို ဆည်းပူးထားခဲ့သော်လည်း ပြောင်းလဲသည့်အခြေအနေအမျိုးမျိုးကြောင့် ကြံတိုင်းမမြောက် ဖြစ်ခဲ့ရသည်။ ဤတွင် မန္တလေးတွင် သုံးနှစ်နေပြီး၊ ဆားတောင်မငါးရွာသို့ ပြောင်းသွားခဲ့သည်။

ဘိုးဝဇီရ၏ အလေ့အထတစ်ခုမှာ ဘယ်အရပ်သို့သွားသွား၊ သူ့ စာသေတ္တာကြီးများကို သယ်ယူသွားလေ့ရှိသည်။ အားနေလျှင် စာကြည့်နေတတ်သည်။ စာရွတ်နေတတ်သည်။ ထိုအချိန်က နေပြည်တော်ကလာသည့် ဘုရင့်သတင်းစာဆရာ ဦးဝဇီရသည် အသက်သုံးဆယ်ကျော်သာရှိသေးသည်။ ဆားတောင်မငါးရွာသို့ရောက်လာသည်နှင့် ကြားကြားသမျှ၊ မြင်မြင်သမျှ လူများက သူ့ကို အထင်ကြီးကြသည်။ အချို့လူရိုးများက ဘိုးဝဇီရ၏ သေတ္တာကြီးများနှင့်ပတ်သက်၍ ဟိုတွေး၊ ဒီတွေး၊ တွေးကြသည်။ ဘိုးဝဇီရက ဟိတ်ထုတ်သည်မဟုတ်။ စာပေဝါသနာကြီးသူပီပီ၊ သူ့ပုရပိုက်နှင့် ပေစာသေတ္တာကြီးကို ဘယ်သွားသွား ယူသွားခြင်းဖြစ်သည်။

ဘိုးဝဇီရ စစ်ကိုင်းဆားတောင်မငါးရွာကို စရောက်ပြီးတည်းခိုနေစဉ် ဆားတောင်မငါးရွာမှလူများက သူတို့ရွာတွင် ပညာရှိတစ်ယောက် အမြဲရှိနေလျှင်ကောင်းမည်ဟု ယူဆကြသည်။ ဘိုးဝဇီရရောက်သည့် ရွာတိုင်းက ဘိုးဝဇီရကို သူတို့ရွာသား ဖြစ်စေချင်ကြသည်။ ဤသို့ဖြင့် မကျည်းဖြူရွာသို့ ဝဇီရရောက်သွားသည့်အခါ မကျည်းဖြူရွာမှ ရွာမိရွာဖများက သူတို့ရွာတွင် ပညာရှိတစ်ဦးနေလျှင် ကောင်းမည်ဆိုသည့်ရည်ရွယ်ချက်ဖြင့် အချင်းချင်း တိုင်ပင်ကြပြီး အသက် ၁၈ နှစ်အရွယ်သာ ရှိသေးသည့် မကျည်းဖြူရွာမှ ကျောင်းဒကာ တစ်ဦး၏သမီး မသိန်းဆိုသည့် မိန်းမပျိုနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်ကြသည်။ ထိုအချိန် ဘိုးဝဇီရ၏ အသက်မှာ ၃၆ နှစ်ရှိပြီ ဖြစ်သည်။

ဘိုးဝဇီရသည် မကျည်းဖြူရွာတွင်မပျော်၍ တစ်နှစ်လောက်ကြာသောအခါ ယောက္ခမများပါခေါ်ပြီး ဆားတောင်ရွာသို့ ပြောင်းခဲ့သည်။ ဇနီးမသိန်းမှာ တစ်ဦးတည်းသော သမီးဖြစ်၍ မိဘများကလည်းမခွဲနိုင်။ ဆားတောင်ကို ဘိုးဝဇီရသဘောကျသည်မှာ ဒုတိယ နဝဒေး၏အရပ် ဖြစ်ခြင်းကြောင့်ဟုဆို၏။

ဘိုးဝဇီရနှင့်ဒေါ်သိန်းတို့မှာ သားသမီးလေးယောက်ထွန်းကားခဲ့သည်။ ဘိုးဝဇီရသည် ဘယ်သွားသွား ခဲတံနှင့်စာရွက်ကလေးကတော့ အမြဲဆောင်သွားသည်။ တစ်ခုခု မှတ်သားစရာတွေ့လျှင် မှတ်သားထားရန်ဖြစ်သည်။ တစ်ခြားသူများကိုလည်း ဘယ်သွားသွား ခဲတံနှင့် စာရွက်ယူသွားရန် ဩဝါဒပေးလေ့ရှိသည်။ ဆားတောင်မှာနေစဉ်က ခဲတံကိုသုံးပြီး ကျောက်ပန်းရွာကို ပြောင်းလာသောအခါ ကန့်ကူဆံနှင့် ကညစ်ကိုသာ ကိုင်တော့သည်။

စာရေးဆရာ မဟာဆွေ ကျောက်ပန်းလာပြီး ဘိုးဝဇီရနှင့် တွေ့ဆုံစဉ်က၊ ဘိုးဝဇီရက "လေးချိုးဘယ်နှစ်ပုဒ်ရသလဲ" ဟု မေးရာ မဟာဆွေက "၃၀၀ လောက်ရပါသည်" ဟု ဖြေသည်။ ဘိုးဝဇီရက "စာရေးတဲ့လူ၊ ကဗျာလင်္ကာရေးတဲ့လူဟာ ဒါလောက်နဲ့ မဖြစ်သေးဘူး" ဟုဆိုသည်။ ဘိုးဝဇီရသည် အပုဒ်ပေါင်း (၁၇၀၀) လောက် အာဂုံဆောင်နိုင်သည်ဟုဆိုသည်။

ဘိုးဝဇီရသည် သူ့စာများကို သူမြတ်နိုးသည်။ မန္တလေးမှယူလာသော စာသေတ္တာကြီးများကို မန္တလေးမှ ဆားတောင်၊ မကျည်းဖြူ၊ ညောင်ပင်၊ ကျီးတော၊ အင်း၀၊ တောင်ကြား၊ ထန်းဖူးတောကအစ ရောက်လေရာသယ်သွားပြီး၊ နောက်ဆုံးကျောက်ပန်းအထိသယ်ယူခဲ့သည်။ ပေစာချပ်များကို သူကိုယ်တိုင်ရေနံသုတ်သည်။ "ဘိုးအတွက်တစ်ပါးသူမှာ တာဝန်မပိစေနဲ့၊ လူဆိုတာကိုယ့်ကိုယ်ကိုအားကိုးရတယ် ငါ့မြေးရဲ့" ဟုပြောလေ့ရှိသည်။ သူ့စာအုပ်များကို မကြာမကြာ ထုတ်ကြည့်လေ့ရှိသည်။ သူ့စာများမှာ ထင်းရှူးသေတ္တာကြီးနှစ်လုံးနှင့် ကျွန်းသေတ္တာအလတ်စား တစ်လုံးတို့ကို ကျောက်ပန်းရွာရှေ့ကျောင်းမှာနေထိုင်သွားသည့် ရှစ်နှစ်အတွင်း ဘိုးဝဇီရနှင့်အတူ တွေ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ မီးရထားလမ်းအတိုင်း မြောက်ဘက်ကို တက်ပြေးသည့် တရုတ်စစ်သားများက စစ်ကိုင်းမှတစ်ဆင့် ကျောက်ပန်းရွာကိုရောက်လာပြီး၊ ကျောင်းထဲတွင် မွှေနှောက်ရှာဖွေကြကာ၊ ဘိုးဝဇီရ၏ စာပေအမြောက်အမြားကို မီးရှို့ပစ်လိုက်ကြသည်။

ဘိုးဝဇီရသည် ၁၂၉၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် (၂၄-၂-၁၉၃၇) နေ့တွင် ကျောက်ပန်းရွာ၌ကွယ်လွန်ခဲ့သည်။ ရုပ်ကလာပ်ကို ကျောက်ပန်းရွာရှေ့ကျောင်းဘေးရှိ ဖျောက်ဆိပ်ပင်ကြီးနားမှာပင် မီးသဂြိုဟ်လိုက်သည်။

**ကိုးကားရန်အညွှန်း။**

(၁) **အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၊ စာပေအင်အား (၁၉၇၀)၊ စာ ၄၅-၈၁ ။**

(၂) **သတင်းစာလောက၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ စာ-၃၁၆။**

(၃) **မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ - ၂၈၇-၂၈၉။**



# ဦးလွန်း (သခင်ကိုယ်တော်မှိုင်း)

ဆရာကြီးသခင်ကိုယ်တော်မှိုင်းအမည်ခံ သတင်းစာဆရာဦးလွန်းကို ၁၈၇၅ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုန်းတို့မှ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ဝါးလယ်ရွာ၌ မွေးဖွားခဲ့သည်။

ဦးလွန်း၏ ငယ်ဆရာမှာရွှေတောင် ကျီးသဲလေးထပ် ဆရာတော်ကြီးဖြစ်သည်။ သီပေါမင်း ပါတော်မမူမီ မန္တလေး မြတောင်ကျောင်း၌ ပညာဆက်လက်သင်ယူခဲ့သည်။ ၁၂၄၇ ခုနှစ်၊ သီပေါမင်း အင်္ဂလိပ်လက်သို့ပါသွားချိန်တွင် ဦးလွန်း၏အသက်သည် ၁၀ နှစ်ခန့်မျှသာ ရှိသေးသည်။ မင်းမိဖုရားနှစ်ပါး အင်္ဂလိပ်လက်သို့ပါသွားခြင်းကြောင့် ပြည်သူပြည်သားတို့ ယူကျုံးမရဖြစ်ခဲ့ကြရသည်။ မျက်မြင်ကိုယ်တွေ့ မြင်ရသော မောင်လွန်းသည် မခံချင်စိတ်၊ မျိုးချစ်စိတ်များ ဤသည်မှစ၍ ရင်တွင်း၌ ကိန်းအောင်းခဲ့သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

မြန်မာ့ထီးနန်းကွယ်ပျောက်ခဲ့သည့်အချိန်မှစ၍ ဦးလွန်းသည် မန္တလေးရှိမြတောင်ကျောင်းတိုက်၌ အတည်တကျမနေတော့ဘဲ ချောင်းဦး၊ အလုံ၊ မုံရွာ၊ ကြေးမုံ၊ ဘုတလင် စသော အရပ်များသို့ ကိုရင်ဘဝဖြင့်လှည့်လည်၍ စာပေသင်ယူခဲ့သည်။ ထိုစဉ်အခါကပင် မေတ္တာစာမှတ်တမ်းများကို ရေးစပြုခဲ့သည်ဟုဆိုကြသည်။ ယင်းသို့ အလုံ၊ မုံရွာ၊ ဘုတလင် စသည်တို့၌ တစ်လှည့်၊ မန္တလေး၌ တစ်လှည့် စာပေသင်ယူနေစဉ် အသက် ၁၉ နှစ်အရွယ်၌ အဖဖြစ်သူ ဦးစံဒွန်းကွယ်လွန်ခဲ့သည်။ ယင်းနောက်မကြာမီပင် ငယ်ဆရာရင်းဖြစ်သော ကျီးသဲလေးထပ်ဆရာတော်ကြီးလည်း ပျံလွန်တော်မူရှာသည်။

ဦးလွန်းသည် ဖခင်မရှိတော့သဖြင့် ခိုကိုးရာမဲ့ဖြစ်သောမိခင်ကိုပြုစုလုပ်ကျွေးရန် တာဝန်ရှိလာသည့်အလျောက် ကိုရင်ဘဝမှတစ်ဆင့် ရဟန်းမတက်နိုင်ရှာတော့ဘဲ လူထွက်၍ ရန်ကုန်သို့ဆင်းလာကာ အလုပ်ရှာရသည်။ ဦးလွန်းသည် ရှေးဦးစွာ ဆူးလေဘုရားအနီး ဇမ္ဗူကျက်သရေစာပုံနှိပ်တိုက်၌ စာစီအလုပ်ကိုရလေသည်။ ထို့မှ တစ်စတစ်စဖြင့် စာပြင်အယ်ဒီတာဖြစ်လာခဲ့သည်။ ဇမ္ဗူကျက်သရေတိုက်၌ အလုပ်လုပ်နေစဉ် သူတတ်ကျွမ်းသောပညာဖြင့် ကလောင်စမ်းစပြုခဲ့သည်။ ထိုအချိန်အခါမှာ စပါးဈေးတက်သည့် ခေတ်အခါနှင့် ကြုံကြိုက်နေသဖြင့် ပြည်သူပြည်သားတို့ ငွေစ၊ ရွှေစ ရွှင်နေသော အခါလည်းဖြစ်သည်။ ဇာတ်ပွဲများလည်း အလွန်ခေတ်စားနေလေရာ ဦးလွန်းသည်

ကလောင်စမ်းသည့်အနေဖြင့် ပြဇာတ်စာအုပ်များကို ရေးလေသည်။ သီရိဓမ္မာသောကဇာတ်၊ မဟောသဓဇာတ်၊ ဥပကဆာဝါဇာတ် စသောပြဇာတ်ပေါင်းများစွာ ရေးသားခဲ့သည်။ ကလောင်အမည်မှာ "ရွှေတောင်မြို့ ဆရာလွန်း" အမည်ဖြစ်သည်။ ဦးလွန်းရေးသောပြဇာတ်များကို ရုပ်သေးဦးဖူးညိုနှင့် ဇာတ်ဆရာစိန်ကတုံး၊ ဦးအောင်ဗလ၊ ဦးဘိုခန့်တို့က ခင်းကျင်းပြသကြသည်။ ဦးလွန်းရေးသားခဲ့သောပြဇာတ်များအနက် "ရွှေတိဂုံဘုရားအမျှုးကိုကျားအဖူးတက်ခြင်း" ပြဇာတ်သည် အရောင်းရအတွင်ဆုံး ပြဇာတ်စာအုပ်ဖြစ်သည်ဟုသိရသည်။

ဦးလွန်းသည် ဇမ္ဗူကျက်သရေတိုက်၌ လုပ်ကိုင်နေစဉ် ကြည့်မြင်တိုင်သူမရှင်နှင့်အကြောင်းပါခဲ့သည်။ ဇမ္ဗူကျက်သရေတိုက် ပိတ်လိုက်ရသောအခါ ဦးလွန်းသည် ရန်ကုန်တိုင်းသတင်းစာတိုက်သို့ပြောင်းရွှေ့ကာ မြန်မာစာအယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့သည်။ ယင်းသို့လုပ်ကိုင်နေစဉ် အစိုးရစာတော်ပြန်ဌာန၌ အလုပ်ရနိုင်သော်လည်း စာတော်ပြန်မြို့အုပ်များ၏လက်စွဲမလုပ်လိုဟုဆိုကာ ငြင်းပယ်ခဲ့သည်။ ဦးလွန်းလုပ်ခဲ့သောရန်ကုန်တိုင်းသတင်းစာတိုက်သည် အစိုးရထံမှ ကန်ထရိုက်ယူထားသော ပုလိပ်ဂေဇက်သတင်းစာကို ရပ်ဆိုင်းလိုက်သောအခါ ဦးလွန်းသည် မော်လမြိုင်သို့ပြောင်းရွှေ့ကာ မြန်မာတိုင်းသတင်းစာတွင် အယ်ဒီတာလုပ်ပြန်သည်။ ဦးလွန်းသည် "မောင်သမာဓိ"ဟူသော အမည်ဖြင့် ဆောင်းပါးများ၊ ကဗျာများကိုရေးစပြုလာခဲ့သည်။ ယင်းကဗျာဆောင်းပါးများသည် ထူးခြားမှုဟူ၍မရှိသေးဘဲ ရေးရိုးရေးစဉ် နတ်တော်လဘွဲ့၊ ကဆုန်လဘွဲ့စသောသမားရိုးကျကဗျာမျိုး၊ ဆောင်းပါးမျိုးသာဖြစ်သည်။ ယင်းအပြင် မော်လမြိုင်ရာဇဝင်ဝတ္ထု၊ ကဗျာသာရ၊ မဥ္ဇူကျမ်း၊ မော်လမြိုင်နတ်လမ်းညွှန်စသည့်တို့ကို ရေးသားထုတ်ဝေခဲ့သေးသည်။

၁၉၁၁ ခုနှစ်တွင် ရန်ကုန်မြို့သူရိယသတင်းစာတစ်စောင် ပေါ်လာခဲ့သည်။ ထိုအချိန်တွင် ဆရာလွန်းသည် မြန်မာတိုင်းသတင်းစာမှ အလုပ်ထွက်၍ ဇင်းကျိုက်တောင်၌ မိမိဝါသနာကြီးလှသောအင်္ဂလိရကို အတန်ကြာထိုးနေခဲ့သည်။ ယင်းနောက်မှဇာတိဖြစ်သော ရွှေတောင်မြို့သို့ပြန်ရောက်၍ နေထိုင်ခဲ့သည်။ ထိုအခါသူရိယသတင်းစာကိုတည်ထောင်သူတစ်ဦးဖြစ်သူ ဦးလှဖေက ဆရာလွန်းအား သူရိယသတင်းစာတွင် အယ်ဒီတာအဖြစ်ဝင်ရောက်လုပ်ကိုင်ရန် ခေါ်ယူခဲ့သည်။ သူရိယသတင်းစာတိုက်သို့ ရောက်သောအခါအစတွင်ဆရာလွန်းဟူသော အမည်ရင်းဖြင့်ပင် မြန်မာနည်းဖြင့်လုပ်သော လက်မှုပညာကိုဖော်ထုတ်သည့် "လက်မှုပညာဋီကာ" ကိုရေးသားပြုစုခဲ့သည်။

သူရိယသတင်းစာတိုက်သို့ရောက်သောအခါ မြန်မာနိုင်ငံတွင် ဝံသာနုလုပ်ငန်းများ လှုပ်ရှားစပြုချိန်ဖြစ်ရာ ဇာတိမာန်မျိုးချစ်စိတ်သည် ဆရာလွန်း၌ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်မှစ၍ ဆရာလွန်းသည် ဤစိတ်ဓာတ်မျိုးဖြင့် ကလောင်ကို မြဲမြံစွာကိုင်လျက် ရပ်တည်တော့အံ့ဟု ရည်ရွယ်ချက်ထားရှိခဲ့သည်။

ဆရာလွန်းအသက် ၄၀ အရွယ် ၁၂၇၇ ခုနှစ်၌ ဇနီးဖြစ်သူဒေါ်ရှင် ကွယ်လွန်အနိစ္စရောက်ခဲ့ရာ သားသမီးငါးယောက်ကျန်ခဲ့သည်။ အကြီးဆုံးမှာ ၁၁ နှစ်အရွယ်သမီးဖြစ်ပြီး၊ အငယ်ဆုံးမှာ ၁၁ လအရွယ်သမီးဖြစ်လေသည်။ ထိုအခါမှစ၍ စာရေးရသည်ကတစ်ဖက်၊ သားသမီးများကို ထိန်းသိမ်းရသည်ကတစ်ဖက်နှင့် ပင်ပန်းစွာဘဝကို ရုန်းကန်ခဲ့သည်။ သို့ရာတွင် စာအရေးနိုင်ဆုံးအခိုက်အတန့်ကာလဖြစ်၍ ဘဝရောင့်ရဲမှုကိုကျေနပ်နှစ်သိမ့်ခဲ့မိသည်။ ကြာငြိကာ၊ ဗိုလ်ငြိကာဆောင်းပါများနှင့် မှာတော်ပုံဝတ္ထုဆန်းတို့သည် ထိုကာလတွင် ပေါ်ပေါက်လာခဲ့သောစာများဖြစ်လေသည်။

ဆရာလွန်းသည် ဗိုလ်ငြိကာဆောင်းပါး၊ ကဗျာများမှစ၍"မစ္စတာမောင်မှိုင်း" ဟူသောကလောင်အမည်ကို စတင်သုံးစွဲခဲ့သည်။ "မစ္စတာ" အမည်တပ်၍သုံးစွဲရခြင်းမှာလည်း ထိုအချိန်က ပညာတတ်မြန်မာအမျိုးသားအချို့သည် မစ္စတာဟူသော အင်္ဂလိပ်အသုံးအနှုန်းကို မိမိတို့၏မြန်မာအမည်ရှေ့တွင်တပ်၍ ဂုဏ်တင်ခေါ်ဝေါ်ကြသောကြောင့်ပင်ဖြစ်သည်။ ဆရာလွန်းသည် ထိုအပြုအမူကိုရွံရှာသည့်အလျောက် ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုမှဇာတ်လိုက်ဖြစ်သူ လူလိမ်၊ လူပွေ၊ လူယုတ်မာမောင်မှိုင်း၏ အမည်ကိုယူ၍ သရော်သည့်အနေဖြင့် မစ္စတာတပ်ကာ "မစ္စတာမောင်မှိုင်း" ဟူသော ကလောင်အမည်ကို ခံယူခြင်းဖြစ်သည်။

ဆရာလွန်းသည် သူရိယသတင်းစာတိုက်၌ ၁၉၂၁ ခုနှစ်အထိ မြန်မာဘက်ဆိုင်ရာ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ သူရိယမဂ္ဂဇင်းထွက်သောအခါ၌လည်း ဆရာလွန်းသည် နိုင်ငံရေးဆောင်းပါး၊ စီးပွားရေးဆောင်းပါး၊ ပညာရေးဆောင်းပါး အစရှိသော ဆောင်းပါးများစွာကိုရေးသားခဲ့ပြီး နိုင်ငံရေးရုပ်ပြောင်ဆုံးမခန်း၌ လေးချိုးကြီးများဖြင့် ရေးစပ်သီကုံးခဲ့လေသည်။ ပထမကမ္ဘာစစ်ကြီးအပြီးတွင် "ဘော၊ ပု၊ ရှိန်" ခေါ် ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန်တို့နိုင်ငံကိုယ်စားလှယ်အဖြစ်ဖြင့် ဟုမ္မရူးရမှုအတွက် ဘိလပ်ခေါ် အင်္ဂလန်သို့သွားကြသောအခါ ဆရာလွန်းသည် ဒေါင်းငြိကာသစ်ဆောင်းပါးများကို ရေးသားခဲ့သည်။ ဗြိတိသျှအစိုးရက မြန်မာတို့တောင်းထားသော ဟုမ္မရူးကိုမပေးဘဲ၊

ဒိုင်အာခီအုပ်ချုပ်ရေးကို အတင်းထိုးပေးလိုက်သောအခါ ဆရာလွန်းသည် ဗြိတိသျှ အင်္ဂလိပ်တို့အပေါ် ယုံကြည်မှုကင်းလျက် စိတ်အပျက်ကြီးပျက်ကာ ဇာတိသွေးဇာတိမာန် ပိုမိုတက်ကြွပြင်းထန်လာခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ပထမကျောင်းသား သပိတ်ကြီး ပေါ်ပေါက်လာပြီးနောက် အမျိုးသားပညာရေးကောင်စီကိုဖွဲ့စည်းကာ ဗဟန်းရပ်၊ ရွှေကျင်ကျောင်းတိုက်တွင် ရန်ကုန်တက္ကသိုလ်နှင့်စင်ပြိုင် အမျိုးသားကောလိပ်ကျောင်းကို တည်ထောင်ခဲ့သည်။ ထိုအမျိုးသားကောလိပ်ကျောင်းတွင် မြန်မာစာပေနှင့် မြန်မာရာဇဝင် ကို ပို့ချရန် ဆရာလွန်းအား ပင့်ခေါ်သောအခါ ဆရာလွန်းသည် သူရိယသတင်းစာတိုက်မှ အလုပ်ထွက်၍ စိတ်ရော၊ ကိုယ်ပါသွားရောက် အားပေးဆောင်ရွက်ခဲ့သည်။ ဆရာလွန်းသည် ကျောင်းသားများအား မြန်မာရာဇဝင်ပို့ချသည့်အခါ ဇာတိမာန်နှင့်မျိုးချစ်စိတ်ဓာတ်ကို အထူးသဖြင့်သွင်းပေးခဲ့သည်။ ယင်းသို့ စာပေပို့ချနေစဉ် နယ်ကျောင်းသားများအတွက် မှန်နန်းရာဇဝင်ချုပ်ကိုပြုစုစီရင်၍ အမျိုးသားကောလိပ်ကျောင်းသားများအတွက် မှန်နန်းရာဇဝင်တော်ကြီးကို တည်းဖြတ်ထုတ်ဝေခဲ့သည်။ မျောက်ဋီကာနှင့် ဘိုင်းကောက် ဋီကာဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။

၁၉၂၃ ခုနှစ်တွင် အမျိုးသားကောလိပ်ကျောင်းပျက်သောအခါ ဆရာလွန်းသည် ဒဂုန်မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့သည်။ ယင်းဒဂုန်မဂ္ဂဇင်းတွင် စစ်ကိုင်းပြန်မှာတော်ပုံဆောင်းပါးရှည်ကို ရေးသားခဲ့သည်။ ယင်းအပြင်ဓမ္မစေတီဝတ္ထုကို လည်းကောင်း၊ အီနောင်နန်းတွင်းဇာတ်သစ်ကိုလည်းကောင်း စကားပြေနှင့်လေးချိုးများ ရောစပ်ကာ ရေးသားထုတ်ဝေခဲ့သည်။ ထိုအချိန်တွင် ဦးဘဖေတို့ဦးစီးသော (၂၁) ဦးဂိုဏ်းသားများဖြစ်ကြသည့် ဒိုင်အာခီနိုင်ငံရေးသမားများနှင့် မူလဂျီစီဘီအေ ဝံသာနုသမားတို့ မညီမညွတ်ဖြစ်လျက်ရှိနေသည်ကို ဆရာလွန်းသည် အလွန်ညီညွတ် စေလိုသောစေတနာရှိခဲ့သည်။ သူ၏စေတနာကို ဗန္ဓုလဂျာနယ်တွင် ခွေးဋီကာ ဆောင်းပါးများရေးသား၍ ဖော်ပြခဲ့သည်။ ဆရာလွန်းသည်မည်သူ့ကိုမျှမယုံကြည်၊ မည်သည့်ဝါဒကိုမျှ အားမကိုးပဲ မိမိတကယ်ယုံကြည်နှစ်သက်သော လမ်းစဉ်နောက်သို့သာ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးဖြင့် လိုက်စပြုလာခဲ့သည်။ ဆရာလွန်း၏လမ်းစဉ်ကား လုံးဝလွတ်လပ်ရေး၏လမ်းစဉ်ပင်ဖြစ်သည်။ ထိုစဉ်အတွင်း ဂဠုန်ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားတော်လှန်ရေး အရေးတော်ပုံကြီးပေါ်ပေါက်လာခဲ့ရာ ဆရာလွန်းသည်

ဂျူနီယံဒီပနီဋီကာကို ရေးသားခဲ့သည်။ တိုးတက်ရေးမဂ္ဂဇင်း၌လည်း ရာဇဝင်နီတိဆောင်းပါးများကို ရေးသားခဲ့ပြန်သည်။

ဂျူနီယံဆရာစံ အရေးတော်ပုံစခန်းသိမ်းသွားသောအခါ တို့ဗမာအစည်းအရုံးခေါ် လူငယ်အသင်းတစ်သင်း ပေါ်ပေါက်လာခဲ့သည်။ ဆရာလွန်းသည် တို့ဗမာအစည်းအရုံး၏ ဝါဒတွင် မိမိအကြိုက်ကိုတွေ့သဖြင့် လူငယ်တို့၏ဖွဲ့သတ္တိကို သဘောကျနှစ်သက်လာခဲ့သည်။

ထို့ကြောင့်ဆရာလွန်းသည် ၁၂၉၆ ခုနှစ် (ခရစ်နှစ် ၁၉၃၄ခု) တွင် လူသိရှင်ကြား တို့ဗမာအစည်းအရုံးသို့ဝင်ခဲ့သည်။ သူအသုံးပြုခဲ့သော "မစ္စတာမောင်မှိုင်း" ကလောင်ကိုလည်း ပယ်ဖြုတ်ကာ "မစ္စတာ" အစား "သခင်ကိုယ်တော်" တပ်၍ "သခင်ကိုယ်တော်မှိုင်း"ဟု အသုံးပြုခဲ့သည်။ ရဲရဲတောက်ဋီကာကဗျာများကိုလည်း ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ တို့ဗမာအစည်းအရုံးဝင်တို့သည် နိုင်ငံရေးကိုလျှို့ဝှက်ဆောင်ရွက်ရသဖြင့် ဆရာကြီးသည်လည်း အသက်အရွယ်ကြီးရင့်မှ နိုင်ငံရေးဝရမ်းပြေးသဖွယ် ရှောင်တိမ်းနေခဲ့ရသည်။ လွတ်လပ်ရေးအတွက် ဤသို့ တိမ်းရှောင်နေရသည်ကို ဆရာကြီးဦးလွန်းသဘောကျခဲ့သည်။ ဗြိတိသျှတို့မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသောအခါ ဆရာကြီးသည် ရန်ကုန်သို့ပြန်လာခဲ့သည်။ ဂျပန်တစ်ခေတ်လုံး ဆရာကြီးသည် သခင်များနှင့်အတူတိမ်းရင်းရှောင်ရင်း အသက်စွန့်ဆောင်ရွက်ခဲ့သည်။ ပြည်သူတစ်ရပ်လုံး ဂျပန်တို့နှိပ်စက်မှုကို အလူးအလဲခံရသောအခါ ဆရာကြီးသည် စိတ်ထဲတွင် မျိုသိပ်မထားနိုင်တော့ဘဲ "ဟေ့ မောင်အောင်ဆန်း၊ မင်းတို့ ပင့်လာတဲ့ဘုရားတွေ ပြန်ပို့စမ်းပါဦးကွာ" ဟုပင် ကရုဏာဒေါသောဖြင့်ပြောဆိုမိခဲ့သေးသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ၁၉၄၇ ခုနှစ်သို့ရောက်သောအခါ သူအားထားရဆုံးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်အချို့ ကျဆုံးလေရာ သူအလွန်ဝမ်းနည်းကြေကွဲမိခဲ့သည်။ အမှတ်တရဖြစ်စေရန် "အာဇာနည်ဗိမာန်ဋီကာ" ကိုရေး၍ ချီးကျူးမှတ်တမ်းတင်ခဲ့သည်။

ဤသည့်နောက်ပိုင်းတွင် ဆရာကြီး၏အသက် ၇၀ ကျော်လာပြီဖြစ်၍ အိုမင်းမစွမ်းဖြစ်လာသည့်အလျောက် စာရေးမှုနည်း ပါးလာခဲ့သည်။ ကွမ်းဆုံဖြင့်ကွမ်းထောင်းကာ စားနေသည်ကများခဲ့သည်။ နောက်ဆုံးဆရာကြီး၏လက်ရာကား ၁၉၅၀ ပြည့်နှစ် ထုတ်ဝေသော "အိမ်မက်ဒိဋ္ဌိဋီကာ" ပင်ဖြစ်သည်။ သို့ရာတွင် ဆရာကြီးသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက်လည်းကောင်း၊

အသက်အရွယ်နှင့်မမျှ အပင်ပန်းခံကာလှည့်လည်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရင်းသူဝါသနာပါရာ ဖက်ဆစ်ဗျိုကာမဟာနိဒါန်းကဗျာ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကဗျာ၊ သခင်ကိုယ်တော်မှိုင်း၏ မေတ္တာပတ္ထနာကဗျာ စသည်များကိုကြိုးကြားကြိုးကြား ရေးစပ်ဖွဲ့ဆိုခဲ့သေးသည်။ ဆရာကြီးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဥရောပသို့ လည်းကောင်း၊ တရုတ်နိုင်ငံသို့လည်းကောင်း ခရီးလှည့်လည်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ဆရာကြီးအား မြန်မာအစိုးရအဖွဲ့မှ "အလင်္ကာကျော်စွာ" ဘွဲ့ချီးမြှင့်သည်။ ၁၉၅၅ ခုနှစ်တွင် ဆိုဗီယက် ရုရှနိုင်ငံက "ကမ္ဘာ့ငြိမ်းချမ်းရေးဆု" ချီးမြှင့်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးဆုနှင့်အတူ ဆရာကြီးသည် မြန်မာကျပ်ငွေတစ်သိန်းကျော် ဆုငွေ ရရှိခဲ့သည်။ သူ့ဘဝတစ်လျှောက်လုံးပစ္စည်းချမ်းသာမှုကို အာသာငမ်းငမ်းလိုလားသူ မဟုတ်သဖြင့် ဆရာကြီးရရှိသော ယင်းငွေကျပ်တစ်သိန်းအနက် ကျပ်ငွေရှစ်သောင်းကို လှူဒါန်းလိုက်သည်။

၁၉၆၀ ပြည့်နှစ်တွင် အရှေ့ဘာလင်၊ ဟမ်းဗတ်တက္ကသိုလ်က ဆရာကြီးအား ဂုဏ်ထူးဆောင်ပါရဂူဖြစ်သော ပီအိပ်(ချ်)ဒီဘွဲ့ ချီးမြှင့်ခဲ့သည်။

ဆရာကြီးသည် စာပေကိုရေးသားပြုစုရုံသာမက အချိန်ရသမျှအထူးလေ့လာဖတ်ရှုခဲ့သည်။ ဗားနပ်စာကြည့်တိုက် (ယခုအမျိုးသား စာကြည့်တိုက်) တွင်ရှိသော စာအုပ်စာတမ်းများသည် ဆရာကြီးမဖတ်ဖူး၊ မကြည့်ဖူးသည့်စာအုပ်စာတမ်းဟူ၍ မရှိသလောက်ရှားပါးခဲ့သည်ဟုဆိုစမှတ်ပြုကြသည်။

ဆရာကြီး၏အမည်နှင့်ဆရာကြီး၏စာများသည် တစ်နိုင်ငံလုံးကျော်ကြားခဲ့သည်။ မီးရှူးမီးတိုင်ပမာလင်းထိန်နေသည်။ ဆရာကြီးသည်ကား မည်မျှကျော်ကြားစေကာမူ စိတ်ကြီးဝင်လေ့မရှိ၊ ပတ်ဝန်းကျင်လောက၌အပြစ်ကိုမြင်သော်လည်း အပြစ်မတင်လို၊ သနားတတ်သည်။ သတ္တိရှိသူကိုချစ်တတ်သည်။ ကိုယ်တိုင်လည်းအရွယ်နှင့်မမျှသတ္တိရှိသည်။ ရတနာသုံးပါး၌ အထူးကြည်ညိုသည်။ ဘာသာရေးကိုကိုင်းရှိုင်းသည်။ ဆရာကြီးသည် အရွယ်ကောင်းတုန်း အသက် ၄၀ ခန့်တွင် ဇနီးဒေါ်ရှင် ကွယ်လွန်သောအခါ နောက်အိမ်ထောင် မပြုဘဲနေခဲ့သည်။

ခေတ်အဆက်ဆက် လှုပ်ရှားမှုများတွင် အထူးပါဝင်ခဲ့သောဆရာကြီးသည် မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ်၊ ဒုတိယဝါဆိုလ ဆန်း ၁၄ ရက် (၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်) အသက် ၈၉ နှစ်အရွယ်တွင် မိမိနေထိုင်ရာ စမ်းချောင်းရပ်၊ ချမ်းသာလမ်းနေအိမ်တွင်

ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားရှာသည်။ ဆရာကြီး၏ရုပ်ကလာပ်ကို တခမ်းတနား ပြင်ဆင်မွမ်းမံပြီးလျှင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ခြေရင်း ရွှေတိဂုံဘုရားလမ်းဘေး ဦးဥတ္တမပန်းခြံ (ယခင်ကန်တော်မင်ပန်းခြံ) အတွင်း စုဖုရားလတ် မိဖုရားကြီး ဂူဗိမာန် အနီးတွင် ဂူသွင်းသင်္ဂြိုဟ်ထားလေသည်။

**ကိုးကားရန်အညွှန်း။** (၁) တက္ကသိုလ်တင်ခ၊ မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင် ခေါင်းဆောင်ခဲ့သူများ၊ စာ-၂၃-၃၁။ ၁၀၅

# ဦးလှ (လူထုဦးလှ)



စာရေးဆရာ လူထုဦးလှအမည်ခံ သတင်းစာဆရာ ဦးလှကို ၁၉၁၀ပြည့်နှစ်၊ ဇန်နဝါရီ ၁၉ ရက်တွင် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့မှ လေးမိုင်ကွာ စစ်တောင်းမြစ်ကမ်းပါးပေါ်ရှိ ပုစွန်မြောင်းရွာ၌ အဖကုန်သည် ဦးပု၊ အမိ ဒေါ်ခိုင်တို့မှ မွေးဖွားသည်။ အမည်ရင်းမှာ မောင်လှဖြစ်သည်။

ဦးလှသည် ပုစွန်မြောင်းရွာ အစိုးရကျောင်းတွင် လေးတန်းအထိ ပညာသင်ယူခဲ့ပြီး၊ ၁၉၂၂ ခုနှစ်တွင် ညောင်လေးပင်မြို့ ရိုမန်ကက်သလစ် သာသနာပြုကျောင်း၌ ပညာသင်ယူခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟိုအစိုးရအထက်တန်းကျောင်း၌ ဆက်လက်ပညာသင်ယူခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဆယ်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ ဆယ်တန်းအောင်မြင်ခဲ့ပြီးနောက် စာရင်းကိုင်စာရေးသင်တန်းတက်ရင်း၊ လူငယ်များကြီးပွားရေးအသင်း၏ သတင်းများကို သတင်းစာတိုက်များသို့ ရေးသားပေးပို့သည်။ တစ်ချိန်တည်းမှာပင် သူရိယသတင်းစာတိုက် ဦးပုကလေးထံမှ သတင်းစာပညာကို သင်ယူခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်၌ ရာဖြတ်အင်စပက်တော်အဖြစ် ဝင်ရောက်အမှုထမ်းသည်။ တစ်ဖက်တွင်လည်း လူငယ်များ ကြီးပွားရေးအသင်းတိုက်၌ စာကြည့်တိုက်မှူးတာဝန်ကို ထမ်းဆောင်သည်။ လူငယ်များကြီးပွားရေးအသင်းက ဖွင့်လှစ်သော ညကျောင်းတွင်လည်း စာပြသည်။

၁၉၃၂ ခုနှစ်တွင် လူငယ်များကြီးပွားရေးအသင်းက ကြီးပွားရေးလမ်းညွှန်မဂ္ဂဇင်း ထုတ်ဝေခဲ့ရာ "ကြီးပွားရေးမောင်လှ" ကလောင်အမည်ကိုခံယူ၍ စာများ စတင်ရေးသားသည်။ ၁၉၃၃ ခုနှစ်တွင် ကြီးပွားရေးမဂ္ဂဇင်းကို ကိုယ်တိုင်ဦးစီးထုတ်ဝေသည်။ ထိုမဂ္ဂဇင်းတွင် ခေါင်းကြီးပိုင်းများရေးသားခဲ့သည့်အပြင် စံလှပေါ်၊ ဦးအရိယ ကျောင်းသားဟူသော ကလောင်အမည်များဖြင့် ဝတ္ထုဆောင်းပါးများရေးသားခဲ့ရာ ကြီးပွားရေး ဦးလှဟု လူသိများခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ပထမဆုံးတည်ထောင်သော စာရေးဆရာအသင်းတွင် အမှုဆောင်အဖြစ် စတင်တာဝန်ယူသည်။ ၁၉၃၉ ခုနှစ်တွင် ဒေါ်အမာ (လူထုဒေါ်အမာ)နှင့် အိမ်ထောင်ပြုခဲ့သည်။

၁၉၄၀ ပြည့်နှစ် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ် ကူးစက်လာသဖြင့် ကြီးပွားရေး မဂ္ဂဇင်းကို မန္တလေးမြို့သို့ ပြောင်းရွှေ့ထုတ်ဝေခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ ကြီးပွားရေးပုံနှိပ်တိုက် တည်ထောင်၍ ကိုယ်တိုင်ရေးစာအုပ်များကို ထုတ်ဝေသည်။ ၁၉၄၃ ခုနှစ်တွင် အာရှလူငယ်အသင်း ခရိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် အထက်ဗမာနိုင်ငံ ဖ. ဆ. ပ. လ အဖွဲ့၌ ဝါဒဖြန့်ချိရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ၁၅ ရက်တစ်ကြိမ်ထုတ် လူထုဂျာနယ်ကို ဦးစီးထုတ်ဝေပြီး၊ ၁၉၄၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှစ၍ လူထုသတင်းစာကို ထုတ်ဝေခဲ့သည်။ ထိုအချိန်ကစ၍ လူထုဦးလှ ကလောင်အမည်ကိုခံယူခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဖြစ်လာသည်။

၁၉၅၂ ခုနှစ်တွင် သတင်းစာဆရာ ကိုယ်စားလှယ်အဖြစ် ဆိုဗီယက်ပြည်ထောင်စုသို့လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ချက်ကိုစလိုဗက်ကီးယားနှင့် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့သည်။

ဦးလှသည် ဂျပန်ခေတ်အာရှလူငယ်အသင်း ခရိုင်ဥက္ကဋ္ဌလုပ်ခဲ့သောကြောင့်၊ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့၏ အဖမ်းအဆီးခံရခြင်းအပါအဝင် ငါးကြိမ်တိတိ ဖမ်းဆီးခံခဲ့ရသည်။

၁၉၅၃ ခုနှစ်တွင် ဖ. ဆ. ပ. လ အစိုးရ၏ ပုဒ်မ (၅) ဖြင့် ဖမ်းဆီးခြင်းခံရပြီး ထောင်ထဲ၌ သုံးနှစ်ကျော်နေခဲ့ရစဉ်က ထောင်ကျအကျဉ်းသားများသည် မည်သို့သောအခြေအနေ၊ မည်သို့သောအကြောင်းမျိုးကြောင့် ရာဇဝတ်မှုကြီးများကို ကျူးလွန်ခြင်း၊ ပတ်သက်ခြင်းများဖြစ်ခဲ့ရသည်ကို ချော့မော့မေးမြန်းမှတ်သားခဲ့လေသည်။ ထောင်နှင့်လူသားစာအုပ်၌ ထောင်ကျ (၁၂) ယောက်တို့၏ ဘဝကို မိဘမျိုးရိုးမှစ၍ လူ့ဘဝရောက်လာပုံ ပညာသင်ယူခဲ့ပုံ လူ့လောကတွင်ကြီးပြင်းလာခဲ့ရပုံ စသည်တို့ကို မူရင်းအတိုင်း အသေးစိတ်တင်ပြထားသည်။

ဦးလှအဖမ်းခံရလို့ လွတ်လာပြီး ထောင်စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထွက်လာတော့ လူတွေအရင်ကမဖတ်ရဘူးတဲ့ စာပေတွေမို့ လူတွေက လက်ခံကြိုဆိုကြတယ်။ အဲဒီတော့ ဦးလှကို ထောင်ထဲထည့်ထားသူတွေက၊ သူတို့ပို့ထားလို့ ဒီစာတွေရေးနိုင်တာ သူတို့ကိုကျေးဇူးတင်ဖို့ကောင်းတယ် ဆိုတာမျိုးတွေပြောလို့၊ ဦးလှက ရယ်မောပြီး "ခင်ဗျားတို့လည်း တစ်လှည့်သွားနေပြီး ကျွန်တော့်လို စာရေးကြဦးပေါ့" လို့

ပြောပါတယ်။ ဦးလှမှာ "သတင်းစာဆရာအမြင်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် ထောင်ထဲတခြားစာရေးဆရာတွေရောက်တာနဲ့မတူဘဲ သူ့ဆီက ထောင်စာအုပ်တွေ ထွက်လာတာပါ" ဟု လူထုဒေါ်အမာက ပြောကြားသည်ကို မှတ်သားရသည်။

၁၉၅၇ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် သီရိလင်္ကာနိုင်ငံသို့ သွားခဲ့သည်။ ၁၉၅၇ ခုနှစ် စာပေဗိမာန်စာပဒေသာဆုကို "ထောင်နှင့်လူသား" ဖြင့်ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် "လှောင်ချိုင့်ထဲကငှက်ငယ်များ" စာအုပ်ဖြင့် ယူနက်စကိုစီးပွားရေးနှင့် လူမှုရေးဆုရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် သတင်းစာဆရာ ကိုယ်စားလှယ်အဖြစ် အင်္ဂလန်၊ ပြင်သစ်၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ခရီးလှည့်လည်ခဲ့သည်။

ဦးလှသည် ၁၉၆၂ ခုနှစ်မှ အစပြု၍ ပြည်ထောင်စုတိုင်းရင်းသား ပုံပြင်များ ဆက်တိုက်ထုတ်ဝေခဲ့ပြီး အချို့ကိုနိုင်ငံခြားဘာသာများဖြင့် ပြန်ဆိုဖော်ပြခဲ့သည်။

၁၉၆၃ ခုနှစ်တွင် "ရခိုင်ကျေးလက်ပုံပြင်များ" စာအုပ်ဖြင့် စာပေဗိမာန် ကလေးလူငယ်များဆိုင်ရာ စာပေဒုတိယဆု ရရှိခဲ့သည်။

ဦးလှသည် သတင်းစာဆရာအဖြစ်လည်းကောင်း၊ စာရေးဆရာအဖြစ်လည်းကောင်း၊ ထင်ရှားခဲ့သူဖြစ်ပြီး စာအုပ်စာတမ်းပေါင်း မြောက်မြားစွာကို ပြုစုရေးသားထုတ်ဝေခဲ့သည်။

လူထုဦးလှအမည်ဖြင့် ရေးသားခဲ့သော စာအုပ်များအနက် အချို့ကို ဖော်ပြရလျှင် ဆိုဗီယက်ရုရှား (၁၉၃၈)၊ ထိပ်ဆုံးသို့ (၁၉၄၀)၊ ရွှံ့နှင့်စစ်သား (၁၉၄၂)၊ ပန်းနှင့်စစ်သား (၁၉၄၂)၊ စသည့်ဘာသာပြန်စာအုပ်များ၊ လေနှင့်အတူ (၁၉၅၇)၊ ထောင်နှင့်လူသား (၁၉၅၇)၊ လှောင်ချိုင့်ထဲမှ ငှက်ငယ်များ (၁၉၅၈)၊ အားလုံးကောင်းကြရဲ့လား (၁၉၅၉)၊ စစ်အချစ်နှင့် ထောင် (၁၉၆၀)၊ စစ်ပြီးစထောင်တံခါး (၁၉၆၈)၊ စသည့် ထောင်အတွေ့အကြုံစာအုပ်များ၊ သတင်းစာများသည်သမိုင်းကိုပြောပြနေကြသည် (၁၉၆၃)၊ သတင်းစာများပြောပြတဲ့ စစ်တွင်းမြန်မာပြည် (လေးတွဲ) (၁၉၆၈)၊ သတင်းစာများပြောပြတဲ့ စစ်ပြီးစ မြန်မာပြည် (၁၉၆၉)၊ စသည့်သမိုင်းနှင့် သတင်းစာမှတ်တမ်းစာအုပ်များ ကျွန်တော်ပြုရိုကရက် (၁၉၇၀)၊ ကျွန်တော်စတီးပွဲစား (၁၉၇၀)၊ ကျွန်တော်သတင်းထောက် (၁၉၇၁)၊ ကျွန်တော်မြင်းသမား စသည့်စာအုပ်များမှာ ထင်ရှားခဲ့သည်။

ဦးလှသည် ၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် မြတောင်ကျောင်းတိုက်အတွင်း၌ ဒေါက်တာသန်းထွန်းက လူထုဦးလှ အမှတ်တရသစ်ပင်နှင့် ကျောက်တုံးကို ကျောက်စာနှင့်အတူ စိုက်ထူထားရှိခဲ့သည်။

**ကိုးကားရန်အညွှန်း။**
(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ ၆၄-၆၆။
(၂) လူထုဒေါ်အမာ၊ လူထုအမှတ်တရ လူထုဦးလှ (၁၉၉၄)။
(၃) မြန်မာ့စွယ်စုံကျမ်း (၁၉၈၇) စာ ၂၈၀-၂၈၁။

# ဦးလှခင် (ဆန်းညွှန့်ဦး)



သတင်းစာဆရာ ဦးလှခင်ကို အဖ ဦးမောင်ခင်၊ အမိ ဒေါ်မြတင်တို့က ၁၉၂၁ ခုနှစ်မတ်လ ၂၁ ရက်နေ့၌ ဟင်္သာတမြို့တွင် မွေးဖွားခဲ့သည်။

ဦးလှခင်သည် ဟင်္သာတမြို့ အေဘီအမ် အထက်တန်းကျောင်းတွင် ၁၀ တန်းအထိ ပညာသင်ယူခဲ့သည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း လယ်ယာနှင့် သစ်တောဌာန၊ အစိုးရ စပါးဝယ်ယူရေးအရာရှိအဖြစ် ပုသိမ်ခရိုင်တွင် လုပ်ကိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ၁၉၅၁ ခုနှစ်၌ ဆန်းညွှန့်ဦး (စာပေ၊ သဘင်၊ ရုပ်ရှင်) မဂ္ဂဇင်းကို တည်ထောင်ထုတ်ဝေခဲ့သည်။ ထိုနှစ်တွင်ပင် ရောင်နီဦးစာပေတိုက်တည်ထောင်၍ ဗန်းမော်တင်အောင်၏ဝတ္ထုများကို ထုတ်ဝေခဲ့သည်။

ဦးလှခင်သည် ဗမာ့ခေတ်သတင်းစာတွင် သတင်းထောက်အဖြစ်လည်းကောင်း၊ အထောက်တော်သတင်းစာတွင် ရုပ်ရှင်သတင်းထောက်အဖြစ်လည်းကောင်း၊ ရုပ်ရှင်အောင်လံ မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ အထောက်တော်မြတ်လှ၊ ဦးလှခင် (ဆန်းညွှန့်ဦး)၊ ဦးမြတ်လှစသည့်အမည်များဖြင့် စာပေများ ရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရတနာရုပ်ရှင် ကုမ္ပဏီထူထောင်၍ တင့်လှပေဟန်၊ သခ်၊ ဘုရားစူးချစ်ပဲ့မယ် စသော ရုပ်ရှင်ကားများ ရိုက်ကူးခဲ့သည်။

ဦးလှခင်သည် ခေတ်မီဓမ္မပဒ ဝတ္ထုတော်၊ ငါးရာငါးဆယ်လက်ရွေးစင်ဝတ္ထု၊ အောင်ခြင်းရှစ်ပါး၊ ဇိနတ္ထပကာသနီဗုဒ္ဓဝင်ရုပ်စုံ စသောဘာသာရေးစာပေများနှင့် ရွက်ခေါက်မြစ်သီးဆေးနည်း ၁၀၀၀၊ မီးဖိုချောင်မှ ဆေးစွမ်းကောင်း (ပ-ဒု)၊ ဆေးဝါးမပါ ကျန်းမာနုပျို အသက်ရှည်နည်းများ၊ ဘဝကိုစိန်ခေါ်၍ ကမ္ဘာကျော်ခဲ့သူများ၊ ယနေ့ ရန်ကုန်စသည့် ဗဟုသုတဖြစ်ဖွယ်စာအုပ်များအပါအဝင် စာအုပ်အမျိုးပေါင်း (၅၀) ကျော်ကို ကိုယ်တိုင်ရေးသား၍ ဆန်းညွှန့်ဦးစာပေတိုက်မှ ထုတ်ဝေခဲ့သည်။

ဦးလှခင်သည် ဟင်္သာတအသင်း (ရန်ကုန်)တွင် အမှုဆောင်အဖြစ်လည်းကောင်း၊ နာယက အဖြစ်လည်းကောင်း ပါဝင်ပြီး လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဦးလှခင်သည် ၁၉၉၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ (၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၃) စာ ၂၉၅။**

## ဦးလှထွန်းဖြူ (အမျိုးသားနေ့စဉ် ဦးလှထွန်းဖြူ)



သတင်းစာဆရာ ဦးလှထွန်းဖြူကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပုဇွန်ဖြေရွာ၌ အဖဦးမေအောင် အမိ ဒေါ်ရွှေဘုံတို့က ၁၉၀၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ဦးလှထွန်းဖြူသည် မြောက်ဦးမြို့ မူလတန်းကျောင်းတွင် စတင်ပညာသင်ယူခဲ့သည်။ ထို့နောက် စစ်တွေမြို့ သာသနာပြု စက်မှုလက်မှုကျောင်းတွင် ဆက်လက်ပညာသင်ယူခဲ့သည်။ တစ်ဖန် မိတ္ထီလာမြို့ အေဘီအမ် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ၁၀ တန်းအထိ ပညာသင်ယူခဲ့သည်။

ဦးလှထွန်းဖြူသည် ဝံသာနုဂျီစီဘီအေ နေ့စဉ်သတင်းစာတွင် လက်ထောက်အယ်ဒီတာအဖြစ်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာတွင် လက်ထောက် အယ်ဒီတာနှင့် သတင်းထောက်အဖြစ်လည်းကောင်း၊ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၄၂ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ ဧရာဝတီတိုင်းတွင် သစ်တောအရာရှိအဖြစ် အမှုထမ်းခဲ့သည်။

ဦးလှထွန်းဖြူသည် ၁၉၄၅ ခုနှစ်တွင် အထည်လုပ်ငန်း ဝါသနာပါသူ ၃၅ ဦးကို စုစည်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ရက်ကန်းအသင်းကြီးကို တည်ထောင်ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ တိုင်းတစ်ပါးသားများပိုင် ရိုးကုမ္ပဏီ၊ ဝပ်ဆင်အင်ဆန်းကုမ္ပဏီနှင့် ဗိုက်တဝေးကုမ္ပဏီစသော ကုမ္ပဏီများမှ အထည်အဝတ်များကို သပိတ်မှောက်ရန် လှုံ့ဆော်ခဲ့သည်။ ဦးလှထွန်းဖြူသည် ရက်ကန်းလုပ်ငန်းကို နားလည်ကျွမ်းကျင်ပြီး မြန်မာ့ရက်ကန်းလုပ်ငန်းကို အမြဲတစေ အားပေးသောကြောင့် ဦးလှထွန်းဖြူ (ရက်ကန်း) ဟူ၍တွင်ခဲ့သည်။

ဦးလှထွန်းဖြူသည် ၁၉၅၁ ခုနှစ်တွင် ကျောက်တော်တောင်ပိုင်း မဲဆန္ဒနယ်ပါလီမန်အမတ်အဖြစ် အရွေးခံရသည်။ တစ်ဖန် ၁၉၅၆ ခုနှစ်တွင် မြောက်ဦးမြို့နယ်ပါလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၅၈ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၌ အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် အိမ်စောင့်အစိုးရက အထွေထွေရွေးကောက်ပွဲကျင်းပရာ မြောက်ဦး မဲဆန္ဒနယ်မှ ပါလီမန်အမတ်ဖြစ်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် စက်မှုလက်မှုဌာန အထူးအရာရှိအဖြစ်လည်းကောင်း၊ ရက်ကန်းပညာပေးအရာရှိအဖြစ်လည်းကောင်း၊ ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင်

မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး၊ နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင်အဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) ကိုရရှိခဲ့သည်။

ဦးလှထွန်းဖြူသည် မိမိနိုင်ငံကို ကိုယ်စားပြု၍ ပြည်ပနိုင်ငံများသို့လည်း သွားရောက်ခဲ့ရာ ၁၉၅၃ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၊ ဗီယာနာမြို့၌ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၆၃ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်တွင် သတင်းစာဆရာများအသင်း ကိုယ်စားလှယ်အဖြစ် အနောက်ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ဗူဒါပက်မြို့၌ကျင်းပသော နိုင်ငံတကာကုန်စည်ပြပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

ဦးလှထွန်းဖြူသည် ၁၉၆၀ ပြည့်နှစ်က အမျိုးသားနေ့စဉ် သတင်းစာကို ကိုယ်တိုင်အယ်ဒီတာအဖြစ်ဆောင်ရွက်၍ ထုတ်ဝေခဲ့သည်။ စာအုပ်စာပေများကို ရေးသားပြုစုခဲ့သော စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ ရေးသားပြုစုခဲ့သော စာအုပ်များအနက် အချို့ကိုဖော်ပြရလျှင် "ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက်"၊ "ကျွန်တော်တောသား"၊ "ရက်ကန်းပညာဆိုင်ရာ ကိရိယာအခြေပြသမိုင်း"၊ "လူ့ဘဝအနှစ်သာရ"၊ "အရက်ကြောင့်အပါယ်မကျဖို့" စသော စာအုပ်များဖြစ်သည်။

ဦးလှထွန်းဖြူသည် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ရာ ပြည်သူ့ငွေစာရင်းကော်မတီ၊ ဥပဒေပြုလွှတ်တော်ဆိုင်ရာ အာမခံကော်မတီနှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်မှုကော်မတီများတွင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ၁၉၇၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၃ ခုနှစ်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကော်မရှင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးလှထွန်းဖြူက ၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ရက်စွဲဖြင့် ယူပီအိုင် ဦးဘသန်း၏ ဘဝအတွေ့အကြုံ စာအုပ်အမှာစာတွင် " သတင်းစာလုပ်ငန်းကို ဝါသနာပါသူတို့မှာ နတ်ကတော်များနှင့် တူလှသည်။ ငွေကြေး ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နတ်ဆိုင်းတီးပေးလျှင် ခြေတရွရွ လက်တရွရွဖြင့် ကချင်ကြသည်။ သတင်းစာဝါသနာပါသူတို့သည်လည်း အခကြေးငွေမည်မျှရစေ၊ မရစေအရေး မစိုက်၊ ကြားသမျှသတင်းကို

သန်းခေါင်ယံအချိန်ဖြစ်စေ၊ အချိန်မရွေး ရေးသားလေ့ရှိကြသည်” ဟု သူ၏ သတင်းစာသမားများအပေါ် အမြင်ကိုရေးသားခဲ့သည်။

ဦးလှထွန်းဖြူသည် ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။ သိမှတ်ဖွယ်ရာ ကိုယ်ရေးအချက်အလက်များ။ စာ-၇၀၄**

# ဦးလှဒင် (အမျိုးသား ဦးလှဒင်)



သတင်းစာဆရာ ဦးလှဒင် ကို ၁၉၁၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် အဖ လယ်သမားကြီး ဦးဘိုးသင်းမှ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၌ ဖွားမြင်ခဲ့သည်။

ဦးလှဒင်သည် အင်္ဂလိပ်မြန်မာ ၁၀ တန်းနှင့် အထက်တန်းဆရာဖြစ် စာမေးပွဲအောင်မြင်ခဲ့သည်။ ကျောင်းသားဘဝ ၁၉၂၇-၂၈ ခုနှစ်ခန့်မှစ၍ သူရိယမဂ္ဂဇင်းနှင့် ဒီးဒုတ်ဂျာနယ်၊ ကောဇာသစ် မဂ္ဂဇင်းတို့တွင် ကဗျာနှင့်ဝတ္ထုတိုများ ရေးခဲ့ဖူးသည်။ ထို့နောက် ၁၉၃၀ ပြည့်နှစ်မှစ၍ ဒီးဒုတ်ဂျာနယ်တွင် တူလက်ဟူသော ကလောင်အမည်ဖြင့် ကော်လံတစ်ခုဖွင့်ကာ အထူးသဖြင့် နိုင်ငံရေးရာများကို ရေးသားခဲ့သည်။ သခင်ဂွတိုဟူသော ဇာတ်ကောင်တစ်ကောင်ကို ဖန်တီးပြီးလျှင် နိုင်ငံရေးသရော်စာဆောင်းပါးများကိုလည်း သီးခြားကဏ္ဍတစ်ခုဖွင့်၍ ရေးသားခဲ့သည်။

ဦးလှဒင်သည် ကြီးပွားရေးမဂ္ဂဇင်း၌ တာဝတီသာသွားမှတ်တမ်း၊ အဝိစိသွားမှတ်တမ်းဆောင်းပါး ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ဖူး၍ ဆယ်သန်းဂျာနယ်တွင်လည်း ဦးနာအောက်အတ္ထုပ္ပတ္တိ ဆောင်းပါးဆု ရရှိခဲ့ဖူးလေသည်။ ၁၉၃၄ ခုနှစ်မှစ၍ ဒီးဒုတ်ဂျာနယ်တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဂျပန်ခေတ်တွင် အာရှလူငယ် (ဇီးကုန်း) ဌာနခွဲ၌ ညဏဗလမှူး၊ ကာကွယ်ရေးမှူးစသည့် တာဝန်များကို ဆောင်ရွက်ရင်း ဖက်ဆစ်တော်လှန်ရေး မြေအောက်လုပ်ငန်းများကို လုပ်ကိုင်ခဲ့လေသည်။ စစ်ပြီးခေတ်တွင် ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်လာသည်။ ဒီးဒုတ်ဂျာနယ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ အယ်ဒီတာချုပ်အဆင့်အထိ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။

ဦးလှဒင်သည် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးသည့်အခါ ဖဆပလအဖွဲ့ချုပ်တွင် ပြန်ကြားရေးဌာန အတွင်းရေးမှူးတာဝန်နှင့်အတူ ဖဆပလ သတင်းစဉ်ဂျာနယ်နှင့် လမ်းညွှန်နေ့စဉ်သတင်းစာများတွင် ဦးစီးအယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

၁၉၄၉-၅၀ ပြည့်နှစ်တွင် အမျိုးသားစာပုံနှိပ်တိုက်ကိုတည်ထောင်ကာ ကိုယ်ပိုင်ပုံနှိပ်လုပ်ငန်းဖြင့် တိုင်းပြည်အကျိုးပြုစာပေများ အဆက်မပြတ်ရေးသား ရိုက်နှိပ်ထုတ်ဝေခဲ့ရာ စာအုပ်ပေါင်း ၇၀ ကျော်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဒရပ်မြို့တွင်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့တွင်လည်းကောင်း၊ ကျင်းပခဲ့သော ကုလသမဂ္ဂလက်အောက်ခံ ယူနက်စကို စာပေလုပ်ငန်းနှီးနှောဖလှယ်ပွဲများသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၆၃ ခုနှစ် အမျိုးသားစာပေဆုကို မာကိုပိုလိုစာအုပ်ဖြင့် ဘာသာပြန်တတိယဆုကိုလည်းကောင်း၊ ၁၉၆၄ ခုနှစ် အမျိုးသားစာပေဆုကို ရတနာရွှေမြေစာအုပ်ဖြင့် ဘာသာပြန်ဒုတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

ဦးလှဒင်၏ ကျော်ကြားခဲ့သော စာပေလက်ရာများမှာ သမ္မတလင်ကွန်းအတွင်းရေး၊ သောမတ်အယ်ဒီဆင်၊ ကိုလန်ဘတ်၊ နန်းညွှန့်ဒေဝီ၊ မြန်မာပြည်ဝယ် နှစ်လေးဆယ် စသည်တို့ဖြစ်သည်။

ဦးလှဒင်သည် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။ ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ။ စာ ၁၃၅-၁၃၇။**

# ဦးလှဘေ (ဒဂုန်လှဘေ)



သတင်းစာဆရာ ဦးလှဘေ (ဒဂုန်လှဘေ) ကို ၁၈၉၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ပဲခူးတိုင်း ရေတာရှည်မြို့၌ အဖ ဦးရေချမ်း၊ အမိ ဒေါ်ပန်းဥတို့မှ မွေးဖွားခဲ့သည်။ ဦးလှဘေသည် တောင်ငူမြို့ ဦးလက္ခဏ နော်မန်ကျောင်းမှ ၁၉၁၈ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ကိုးတန်း အောင်မြင်ခဲ့သည်။ ၁၉၂၀-၂၁ ခုနှစ်တွင် မန္တလေးမြို့ရှိ သမဝါယမပညာနှင့် စာရင်းစစ်ပညာသင်ကျောင်းမှ အထက်တန်းသမဝါယမပညာနှင့် စာရင်းစစ်ပညာ အောင်မြင်ခဲ့သည် မန္တလေးတိုင်း သမဝါယမအသင်းတွင် တွဲဖက်စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပါဠိမြန်မာပညာရှိကြီး ဆရာဦးအိုထံမှလည်း ပါဠိ၊ မြန်မာ၊ ပိျူ၊ ကဗျာ၊ စာပေ ခက်ဆစ်များကို သင်ယူခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဒေါ်တုတ်နှင့် အိမ်ထောင်ပြုပြီး မြစ်သား မြို့တွင် နေထိုင်သည်။

ဦးလှဘေသည် သစ္စာဝါဒီသတင်းစာနှင့် မန္တလေးထုတ် သမဝါယမဟိတဂျာနယ် တို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်သို့ ရောက်လာပြီး၊ ဒဂုန်မဂ္ဂဇင်း၌ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကာ ဒဂုန်လှဘေ အမည်ခံလျက် ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဗြိတိသျှဘားမား ရုပ်ရှင်စာစောင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။

ဦးလှဘေသည် ၁၉၄၆-၅၀ ပြည့်နှစ်တွင် ဟံသာဝတီသတင်းစာ တွဲဖက်အယ်ဒီတာ အဖြစ် အမှုထမ်းခဲ့သည်။ ကိုယ်ပိုင်ပုံနှိပ်လုပ်ငန်းကို တည်ထောင်သည်။ ၁၉၇၁ ခုနှစ်တွင် မြန်မာစာကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် မြန်မာစာကော်မရှင်ကို မြန်မာစာအဖွဲ့ဟု အမည်ပြောင်းသောအခါ မြန်မာစာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးလှဘေသည် ဆောင်းပါးများကို စုပေါင်းကာ "စာတံခွန်" "ရွှေပြည်တန်နီတိ" "စာပေနှင့်ယဉ်ကျေးမှု" "တွေးခေါ်သိမြင်မှုဒဿနမြင်ကွင်း" အမည်ရှိစာအုပ်များ ထုတ်ဝေခဲ့ သည်။

ဦးလှဘေသည် ၁၉၈၆ ခုနှစ်၊ ဇူလိုင် ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။ သိမှတ်ဖွယ်ရာ ကိုယ်ရေးအချက်အလက်များ ။ စာ ၁၄၃။**



# ဦးလှသောင်း (မောင်ညို)

သတင်းစာဆရာ ဦးလှသောင်းကို ဖျာပုံမြို့တွင် ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့၌ ဖျာပုံမြို့၊ ဘိလစ်စာရေးကြီး ဦးယော၊ ဒေါ်စိန်ညွန့်တို့မှ မွေးဖွားခဲ့သည်။ ဦးလှသောင်းသည် အမျိုးသားစာဆိုရှင် ဦးသိန်းဟန် (ဆရာဇော်ဂျီ) ၏ ညီအရင်းဖြစ်သည်။

ဦးလှသောင်းသည် ဖျာပုံမြို့အမျိုးသားကျောင်း၊ ဗုဒ္ဓဘာသာမိန်းကလေးကျောင်း၊ ဖျာပုံ အစိုးရအထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဖျာပုံမြို့နယ် ဒို့ဗမာ အစည်းအရုံး အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ပြီး၊ စေတနာ့ဝန်ထမ်း ညကျောင်းဆရာ လုပ်ခဲ့သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဒေါ်ဆင်ဘဏ်တိုက် ဖျာပုံနှင့်ဘိုကလေးမြို့တို့၌ စာရင်းကိုင်စာရေး လုပ်ခဲ့သည်။ ထိုအချိန်အတွင်း ဗြိတိသျှ တော်လှန်ရေးလှုပ်ရှားမှုတွင် လျှို့ဝှက်ပါဝင်ခဲ့ပြီး ၁၉၄၂ ခုနှစ်၌ ဖွဲ့စည်းသည့် ဘီအိုင်အေအုပ်ချုပ်ရေးအဖွဲ့ ဖျာပုံတွင် တွဲဖက်ပြန်ကြားရေးမှူး၊ စစ်သားစုဆောင်းရေး လုပ်ငန်း၌ ဖောက်ချလုပ်ကိုင်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ (လျှို့ဝှက်) နှင့် ဆက်သွယ်ကာ ဂျပန်တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားခဲ့သည်။

ဦးလှသောင်းသည် ဂျပန်ဖက်ဆစ်တို့၏ လိုက်လံဖမ်းဆီးမှုကိုတိမ်းရှောင်ရင်း ရန်ကုန်မြို့သို့ ၁၉၄၄ ခုနှစ်၌ ရောက်ရှိခဲ့သည်။ ဖဆပလ အဖွဲ့ချုပ်၏ တာဝန်ပေးချက်အရ ဂျပန်တော်လှန်ရေး လုပ်ငန်းအတွက်စည်းရုံးရန် ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရမ်းဗြဲမှ ကျောက်ဖြူ စစ်တွေမြို့များသို့ရောက်ရှိပြီး၊ ကာလကတ္တားမြို့ရှိ သခင်သိန်းဖေ (ဦးသိန်းဖေမြင့်) ရှိရာ စခန်းသို့ရောက်ရှိခဲ့သည်။ ဧပြီလတွင် မုံရွာမြို့သို့ ပြန်ရောက်ပြီး၊ ဂျပန်တော်လှန်ရေးလုပ်ငန်းအတွက် အင်္ဂလိပ်တပ်များနှင့်ဆက်သွယ်ရေး တာဝန်ကိုယူခဲ့သည်။ မေလမှ ဇွန်လအထိ မန္တလေး ဖဆပလနှင့် ပခုက္ကူ ဖဆပလ အဖွဲ့များဖွဲ့စည်းရာ၌ ပါဝင်တာဝန်ယူခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဗကပ ဗဟိုကော်မတီဝင်ဖြစ်လာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကွန်မြူနစ်နေ့စဉ်သတင်းစာနှင့် ပြည်သူ့အာဏာ ဂျာနယ် အယ်ဒီတာအဖွဲ့ဝင်ဖြစ်ခဲ့သည်။

ဦးလှသောင်းသည် ၁၉၄၈ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့မှ စက်တင်ဘာလအထိ ဗကပ ဗဟိုကော်မတီဝင်အဖြစ် ရန်ကုန်ခရိုင် စည်းရုံးလှုပ်ရှားမှု (မြေအောက်) ကိုတာဝန်ယူ

ဆောင်ရွက်ခဲ့သည်။ ထိုနှစ်စက်တင်ဘာလမှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ပုဒ်မ ၅ ဖြင့် ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလအထိ ရန်ကုန်မြို့၌ ထုတ်ဝေသည့် ပြည်တော်သစ်ဂျာနယ်တွင် ဦးစီးအယ်ဒီတာလုပ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဖျာပုံတောင်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် အမတ် (ပမညတ) အဖြစ်အရွေး ခံခဲ့ရသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (ဗမာနိုင်ငံ) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တို့၌ အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၏ စည်းရုံးရေးကော်မတီအဖွဲ့၌ အတွင်းရေးမှူးတာဝန်ယူ ခဲ့သည်။ ၁၉၅၉ ခုနှစ်၊ ဧပြီလတွင် ပုဒ်မ ၅ ဖြင့် ထိန်းသိမ်းခြင်းခံရပြီး ၁၉၆၀ ပြည့်နှစ် မေလတွင်ထောင်မှလွတ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ရက်နေ့မှစ၍ ထုတ်ဝေခဲ့ သော လမ်းစဉ်ဂျာနယ်နှင့် လမ်းစဉ်သတင်းစာတို့၌ အယ်ဒီတာချုပ်အဖြစ် လမ်းစဉ်သတင်းစာ တိုက် ပိတ်သည်အထိ လုပ်ကိုင်ခဲ့သည်။

ဦးလှသောင်းသည် ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလမှ ၁၉၆၅ ခုနှစ် အောက်တိုဘာလအထိ တံခွန်အားကစားဂျာနယ်တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာ လ ၂ ရက်နေ့တွင် ပါတီဌာနချုပ်ပညာရေးဌာန၌ စာပြု စာပြုတာဝန်ခံ၊ ကျမ်းပြုသုတေသန အရာရှိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပါတီသုတေသနဌာန လက်ထောက်အထက်တန်း သုတေသနအရာရှိအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သည်။

ဦးလှသောင်းသည် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ် ကုန်ဆုံးသည်အထိ ခေါင်းကြီးပိုင်းများ ရေးခဲ့သည်။

ဦးလှသောင်းသည် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်ရရှိခဲ့သည်။

ဦးလှသောင်းသည် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ၊ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** ဖျာပုံ အ. ထ. က (၁) ရာပြည့် မဂ္ဂဇင်း၊ ၂၀၀၅၊ ဒီဇင်ဘာ။

# ဦးလှအောင် (အထောက်တော်လှအောင်)



စာရေးဆရာ အထောက်တော်လှအောင် အမည်ခံ သတင်းစာဆရာ ဦးလှအောင်ကို အဖ မြန်မာတိုင်းရင်းဆေးဆရာကြီး ဦးသာတင့်၊ အမိဒေါ်မေတို့မှ ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၌ တိုက်ကြီးမြို့တွင် မွေးဖွားခဲ့သည်။

ဦးလှအောင်သည် တိုက်ကြီးမြို့နှင့် အင်းစိန်မြို့နယ် အစိုးရအထက်တန်းကျောင်းများတွင် ဆယ်တန်းအောင်မြင်သည်အထိ ပညာသင်ယူခဲ့သည်။ အသက် ၁၇ နှစ်သား အရွယ်မှစတင်၍ သတင်းစာလောက၊ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ စီးပွားရေးသတင်းစာ၊ သစ္စာညနေ သတင်းစာနှင့် အထောက်တော် သတင်းစာများတွင် သတင်းထောက်မှ အယ်ဒီတာချုပ်အထိ လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ဦးလှအောင်သည် အိုးဝေဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ် လည်းကောင်း၊ သောင်းပြောင်းထွေလာမဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဦးလှအောင်သည် ရဲရဲတွေးမည့် သတင်းဂျာနယ်ကို ၁၉၆၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်စနေနေ့မှ ၁၉၇၂ ခုနှစ်အထိ ကိုယ်တိုင်ဦးစီး တာဝန်ယူထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံဂျာနယ်လောကတွင် သတင်းဂျာနယ်သည် စောင်ရေ ၄၅၀၀၀ အထိ စံချိန်တင်ထုတ်ဝေနိုင်ခဲ့သည်။ သည်းဦးပန်း၊ သတင်းလွှာ၊ သတင်း မဂ္ဂဇင်းတို့ကိုလည်း ဦးစီးထုတ်ဝေခဲ့သည်။

ဦးလှအောင်က “သတင်းသည် ငါးနှင့်တူ၏။ ငါးကို နံနက်ပိုင်းလတ်လတ်ဆတ်ဆတ်အချိန်မှာ စားလျှင်စား၊ မစားလျှင် ပုပ်သွားမည်။ သတင်းသည်လည်း ထိုနည်းအတူဖြစ်ပါသည်။ ပူပူနွေးနွေးစားလျှင် စား၊ မစားလျှင် အေးသွားက အရသာပျက်သွားတတ်သည်” ဟူ၍ ပြောပြသည်ကို မှတ်သားခဲ့ရသည်။

ဦးလှအောင်၏ ခံယူချက်မှာ “သတင်းချစ်တတ်သော ပြည်သူအားသတင်းပေးဝေရာတွင် ကျွန်တော် အဘယ်မျှ လောဘကြီးကြောင်း အများသိပါသည်။ သတင်းလောဘတည်းဟူသော ထိုမီးပုံကို ထာဝရအလျှံတညီးညီး တောက်လောင်နေစေရန် သေတစ်ပန် သက်တစ်ဆုံးလောင်စာ မပြတ်ထိုးမည်ဖြစ်ကြောင်း၊ ပြုခဲ့ဖူးသမျှ ကောင်းမှု ကုသိုလ်များကို တိုင်တည်ကာ သစ္စာဆိုပါသည်။”

ထိုသစ္စာတရား၏ အကျိုးကျေးဇူးကို သတင်းချစ်တတ်သော ပြည်သူများ အပြစ်ကင်းကင်းနှင့် ရွှင်လန်းချမ်းမြေ့စွာ ဝဝလင်လင် အလျှဉ်မပြတ် စားသုံးနိုင်ကြစေရန် ဆန္ဒပြုပါသည်။

ကျွန်တော်တို့၏ တစ်ခုတည်းသောမူသည် အလုပ်လုပ်သည့် ရိုးသား၊ နိုးကြား၊ ကြိုးစားသော ပြည်သူကို သန့်ရှင်းစွာ အလုပ်အကျွေးပြုရန်သာ ဖြစ်ပါသည်။ ထိုမူကို အကောင်အထည်ဖော်ရာတွင် "အတင်းအဖျင်းမရေး၊ သတင်းသာ ပေးပါမည်"

ထိုသို့ သတင်းပေးရာတွင် "ချစ်သူကိုမသာစေရ၊ မုန်းသူကိုမနာစေရ" ဟူသော ကလောင်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ဆုပ်ကိုင်ထားမည်ဖြစ်ကြောင်း ကတိပေးအပ်ပါသည်။

သတင်းဟူသည်မှာ ပြည်သူအကြားတွင်သာ ဖြစ်ပွားပေါ်ပေါက်ရမြဲဖြစ်၍ သတင်းအမှန်ကို ပြည်သူသိမြဲ ဖြစ်ပါသည်။ ထိုကြောင့်မမှန်သတင်းကို ကျွန်တော်တို့ မရေးရဲပါ။ မမှန်သောသတင်းရေးသဖြင့် ပြည်သူ၏ ဒဏ်ခတ်ခြင်းကို သေရမည်ထက်ပင် ကျွန်တော်တို့ ကြောက်ပါသည်" ဟူ၍ဖြစ်သည်။

ဦးလှအောင်သည် အထောက်တော်လှအောင် ကလောင်အမည်ဖြင့် ဘာသာပြန်စာအုပ်များ၊ သတင်းဆောင်းပါး များစွာကိုရေးသားသကဲ့သို့ လင်းဦးကလောင်အမည်ဖြင့် အချစ်ဝတ္ထုအနုစာပေများစွာကိုလည်း ရေးသားခဲ့သည်။

ဦးလှအောင် ဘာသာပြန်ရေးသားထုတ်ဝေခဲ့သော စာအုပ်များအနက်မှ အချို့ကို ဖော်ပြရလျှင် နာဇီပဋိညာဉ်ခံ၊ မပိုကြေး မလိုကြေး၊ အာရှမှာ မငြိမ်းချမ်းနိုင်ပါ။ အဟာဘီလူး၊ အုတ်ကြားမြက်၊ မွန်ရိုး၊ မီးပင်လယ်ဗွေထဲက ပဒုမ္မာ၊ မိုရှေဒါယန်း၏ အာရပ်အစ္စရေးစစ်ပွဲမှတ်တမ်း၊ ရှစ်စပ်ကဂျင်ခြေလည်သူ၊ မြန်မာ့တောတွင်းမှာ ရက် ၁၀၀၊ အာရပ်အစ္စရေး ၆ ရက် စစ်ပွဲ၊ ထီးနှင့် အခြားအိန္ဒိယဝတ္ထုတိုများဖြစ်သည်။

ဦးလှအောင်၏ သတင်းဂျာနယ်နှင့် ကျွန်တော်စာအုပ်မှာ ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်ရှုရသကဲ့သို့ စိတ်ဝင်စားဖွယ်ဖြစ်ရုံမက၊ သတင်းစာလုပ်ငန်းကို လေ့လာလိုသူတို့အတွက် ဗဟုသုတများစွာ ဖြစ်စေနိုင်သည်။

ဦးလှအောင်က သတင်းဂျာနယ်နှင့် ကျွန်တော်စာအုပ်တွင် နေဝင်ချိန်ကန်တော့ပန်း (၁) ၌ "ရိုးသားသော၊ စိတ်နှလုံးကောင်းရှိသော၊ အကျင့်ကောင်းရှိသော၊ အပြစ်ကင်းမဲ့သော၊ တစ်စုံတစ်ယောက်၊ နှစ်စုံနှစ်ယောက်၊ သုံးစုံ သုံးယောက်၊ သို့တည်းမှမဟုတ်ပါလျှင်၊ ရာထောင် သောင်း သိန်းမကသော ပုဂ္ဂိုလ်ကြီးငယ်တို့သည် . . . . . . . သတင်း ဂျာနယ်၏ ကိုယ်အပြုအမူ၊ နှုတ်အပြုအမူ၊ စိတ်အပြုအမူများကြောင့် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများ ဖြစ်ခဲ့ကြမည်ဆိုငြားအံ့ . . . . . . . . ပဒုမ္မာကြာအငုံကဲ့သို့ လက်အစုံကို ရှိခိုးတင်ကာ၊ ထိခြင်းသုံးပါးဖြင့် အကြိမ်ကြိမ် ကန်တော့ပန်းဆင်ပါသည်။

အကျင့်ဖောက်ပြန်သူ၊ စိတ်ဖောက်ပြန်သူ၊ အကျင့်ယုတ်မာသူ၊ ကိုယ်ကျိုးကြည့်သူ၊ ဘနဖူးသိုက်တူးသူ၊ အသံကောင်းဟစ်သူ၊ အခွင့်အရေးရှာသူ၊ ကပ်ပါးရပ်ပါးလုပ်သူ၊ ရေသာခိုသူ၊ အထက်ပင့်အောက်ဖိသူ၊ လောကကို လိမ်ညာသူ၊ သစ္စာမဲ့သူ၊ မယုံကြည်ဘဲနှင့် ရှေ့တန်းကတက်ပြီး လက်သီးလက်မောင်းတန်းသူ၊ ရှေးတစ်မျိုးကွယ်ရာတစ်မျိုး ပြောတတ်သူမှန်သမျှတို့သည် သတင်းဂျာနယ်၏ ကန်တော့ပန်းဆင်ခြင်းနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါ။

ယင်းလူတန်းစားများ၏ ရှေ့မှောက်တွင် ဘယ်သောကာလ ရောက်ရောက် ဒူးထောက်မည်မဟုတ်။ "ဒူးထောက်သည်ဆိုသော စကားလုံးကို သတင်းဂျာနယ်သည် မကြားစဖူးခဲ့၊ နောင်တွင်လည်းကြားဖူးလိမ့်မည် မဟုတ်" ဟု ဖော်ပြရေးသားခဲ့ပြီး နောက်ဆုံးအပိုဒ်တွင် "သတင်းဂျာနယ် ချစ်သူများကို မတင်းတိမ် မရောင့်ရဲနိုင်သည့် ရှိခိုးခြင်းဖြင့် အကြိမ်ကြိမ်ဦးနှိမ်ချလျက်" ဟု ဖော်ပြထားသည်ကို မှတ်သားရသည်။

ဦးလှအောင်သည် ၁၉၉၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း ။**

(၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၃) စာ ၂၉၅။
(၂) အထောက်တော်လှအောင်၊ သတင်းဂျာနယ်နှင့်ကျွန်တော် (၁၉၇၂)။
(၃) အထောက်တော်လှအောင်၊ စာပေဆွေးနွေးပွဲ (၁၉၇၅)။
(၄) ပြည်သူတို့၏ စကားပြန် (၁၉၇၄)

# ဦးဝီရိကျော် (သာပါး)



သတင်းစာဆရာဦးဝီရိကျော်ကို အဖ ဦးဒွေးမြတ်၊ အမိ ဒေါ်မေသံပြာ တို့မှ ၁၉၁၆ ခုနှစ်တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဦးလူနီလမ်း၌ဖွားမြင်သည်။ ၁၉၃၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး ၁၉၃၄ ခုနှစ်မှ ၁၉၃၈ ခုနှစ်အတွင်း ထုတ်ဝေသော (Recorder Magazine) တွင်ကလောင်အမည် "သာပါး"၊(Tha Pa) ခံယူပြီး၊ ကရင်ဘာသာဖြင့် ရေးသားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဘီအေဘွဲ့ ရရှိခဲ့သည်။

ဦးဝီရိကျော်သည် အလုံကရင်ခြံအတွင်းရှိ ပဲခူးကရင်အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီး၏ နိုင်ငံရေးအတိုင်ပင်ခံအတွင်းဝန်အဖြစ် တာဝန်အပ်နှင်း ခြင်းခံရသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သောသမိုင်းဝင် ပင်လုံညီလာခံသို့ ကေအင်ယူ ကိုယ်စားပြု လူငယ်ခေါင်းဆောင်အဖြစ်လည်းကောင်း၊ လေ့လာသူအဖြစ်လည်းကောင်း စေလွှတ်ခြင်းခံရသည်။

တိုင်းပြု ပြည်ပြုလွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ချစ်ခင်ရင်းနှီးသော မိုင်းပွန်စော်ဘွားကြီးအပါအဝင် အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံရပြီးနောက်ပိုင်းတွင် တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၄၈ခုနှစ်တွင် ဆရာကြီးသည်နိုင်ငံရေးဘဝမှ ခေတ္တအနားနေခဲ့ပြီး ဘီးလင်းမြို့ အစိုးရအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် လက်ခံဆောင်ရွက်ခဲ့ကာ ပြည်သူ့ဝန်ထမ်းဘဝသို့ တစ်ဖန်ကူးပြောင်းလာခဲ့သည်။ ၁၉၄၉ ခုနှစ်၊ ကေအင်ယူတို့ သိမ်းပိုက်နယ်မြေအတွင်း ကျရောက်သွားသဖြင့် ကေအင်ယူတို့က ဆရာကြီးအား သထုံခရိုင်အရေးပိုင်အဖြစ်တာဝန်ပေးခဲ့သည်။

ဦးဝီရိကျော်သည် ၁၉၅၄ ခုနှစ်တွင် ကော်သူးလေအုပ်ချုပ်ရေးအဖွဲ့၏ နိုင်ငံခြားဆက်သွယ်ရေးမှူးအဖြစ် ပြောင်းလဲထမ်းဆောင်ခဲ့ရပြီး၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် တော်လှန်ရေးကောင်စီ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သော တော်လှန်ရေးကောင်စီနှင့် ကော်သူးလေ တော်လှန်ရေး

ကောင်စီတို့ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တရားဝင် ကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။

ဦးဝီရိကျော်သည် ၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ လမ်းစဉ်ပါတီဌာနချုပ်တွင် ပြည်ပလေ့လာရေးဌာနစုမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ (အင်္ဂလိပ်) တွင် ဒုတိယ အယ်ဒီတာချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ သိပ္ပံ၊ စီးပွားရေးနှင့် နိုင်ငံတကာရေးရာ ဆောင်းပါးများကို မြန်မာဘာသာဖြင့်ရေးသားခဲ့သည်။ နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ရည်ဘွဲ့တံဆိပ် ပထမအဆင့် ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည်။

ဦးဝီရိကျော်သည် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** **ကန်တော့ခံသက်ကြီးစာပေပညာရှင်များ အတ္ထုပ္ပတ္တိ (၁၃၆၁) စာ-၁၈၆-၁၈၇။**



## ဦးဝင်းမောင် (မင်းရှင်)

စာရေးဆရာမင်းရှင်အမည်ခံ သတင်းစာဆရာ ဦးဝင်းမောင်ကို ၁၉၂၇ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် အငြိမ်းစားမီးရထား သွားလာပို့ဆောင်ရေး ခရိုင်ဝန် ဦးတင့်နှင့် ဒေါ်ချောတို့မှ ရန်ကုန်မြို့တွင် ဖွားမြင်ခဲ့သည်။

ဦးဝင်းမောင်သည် ရန်ကုန်တက္ကသိုလ်တွင် ဥပစာအထက်တန်းအထိ ပညာသင်ယူခဲ့ရသည်။ ငယ်စဉ်ကပင် ပန်းချီနှင့် စာပေကို ဝါသနာပါခဲ့၏။ ဒုတိယ ကမ္ဘာစစ်အတွင်း ဗမာ့ကာကွယ်ရေးတပ်မတော် အလုံအမြောက်ကြီးတပ်တွင်လည်းကောင်း၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်း တိုင်း (၁) မင်းလှစည်သူတပ်ရင်း၊ မင်းရှင်နောင်တပ်ခွဲတွင်လည်းကောင်း တပ်သားအဖြစ်အမှုထမ်းခဲ့သည်။

၁၉၄၆ခုနှစ်တွင် မဂ္ဂဇင်းများတွင် ဝတ္ထုတိုများရေးသားခဲ့၍ တာရာမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်းနှင့် တိုးတက်ရေးသတင်းစာတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းတိုက်၌ အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် တပ်မတော်မှ ထွက်၍အသံလွှင့်ဌာန၌ စာမူပြုမှုအဖြစ်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်းတွင် တတိယအထွေထွေ မန်နေဂျာ (ရုံးချုပ်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဝင်းမောင်ပြုစုရေးသားခဲ့သော စာအုပ်စာတမ်းများမှာ ချစ်ဝဲလယ် (၁၉၄၆)၊ ရွက်ဝါ (၁၉၄၆)၊ မေ့ဘူးကွဲ့သက်လယ် (၁၉၄၈)၊ မေတ္တာရေလှိုင်း၊ ကမ္ဘောဇသဇင်၊ ချစ်မိုးညို၊ မိုးနဲ့မြေ၊ မိုးလုံးပတ်လည် အစရှိသော ဝတ္ထုရှည်များနှင့် လက်ဆောင်မွန်၊ လမ်းပေါ်မှာနှင့် တစ်ခါတုန်းကဒို့ရဲဘော် အစရှိသောဝတ္ထုတိုပေါင်းချုပ်များဖြစ်သည်။

ဦးဝင်းမောင်သည် လမ်းပေါ်မှာ စာအုပ်ဖြင့် ၁၉၆၂ ခုနှစ် အမျိုးသားစာပေဆုကို ဝတ္ထုတိုပေါင်းချုပ်ဆုဖြင့်လည်းကောင်း၊ တစ်ခါတုန်းကဒို့ရဲဘော်စာအုပ်ဖြင့် ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

ဦးဝင်းမောင်သည် ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** ဒဂုန်ရွှေမျှား မြန်မာနိုင်ငံစာပေဆုများ (၁၉၇၂) စာ ၁၁၂

# ဦးသော်ဇင် (သောမ)



သတင်းစာဆရာ ဦးသော်ဇင်ကို ပုသိမ်ခရိုင်ရေကြည်မြို့နယ် ဇရပ်လှကျေးရွာ၌ အဖလယ်သမားဦးရွှက်ကြီး၊ အမိဒေါ်နက်ကျော် (မယ်နက်ကျော်) တို့မှ ၁၉၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် သောကြာနေ့တွင် ဖွားမြင်သည်။ မွေးချင်းငါးဦးတွင်ဒုတိယမြောက်သားဖြစ်သည်။ ငယ်နာမည်မှာ ဦးဟန်တင်၊ အမည်ရင်းမှာ ဦးသော်ဇင်ဖြစ်သည်။

ဦးသော်ဇင်ငယ်စဉ်ကပင် ဇရပ်လှကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဟင်္သာတမြို့ မြစ်ကွေးဆရာတော် ဦးပညာဝံသတို့ထံ၌ ပညာသင်ယူခဲ့သည်။ ရဟန်းဘွဲ့ ရှင်သောမဖြင့် ရဟန်းဘောင်သို့ ဝင်ခဲ့ပြီးနောက် ၁၉၃၃-၄၀ ၌ မန္တလေးမြို့တွင်ဘုရားကြီးတိုက်၊ စကုတိုက်၊ အနောက်ထီးလင်းတိုက်၊ အမရပူရမင်္ဂလာ တိုက်သစ်များတွင် ပရိယတ္တိစာပေများကိုလည်းကောင်း၊ မိုးကုတ်ဆရာတော်ထံတွင် ပဋ္ဌာန်းဒေသနာတော်ကို လည်းကောင်း၊ ထီးလင်းတိုက်တွင်နေစဉ် သက္ကတ၊ ဟင်ဒီ၊ ဇင်္ဂလိစာပေများကိုလည်းကောင်း လှည့်လည်သင်ယူခဲ့သည်။ ၁၉၄၀-၄၅ ဒုတိယကမ္ဘာစစ်အတွင်း မန္တလေးမြို့မှ ဟင်္သာတမြို့သို့ပြန်ခဲ့ပြီး ရဟန်းဘဝမှ လူဝတ်လဲခဲ့သည်။

ဦးသော်ဇင်သည် ၁၉၄၉ ခုနှစ်၊ မေလတွင် ဟင်္သာတမြို့မှထုတ်ဝေသော "လူထုအာဘော်" သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် သုခမိန်အမည်ခံ၍ ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခု ဇူလိုင်တွင် "ဟင်္သာတနေ့စဉ်သတင်းစာ" ကို အယ်ဒီတာဦးဟန်တင် အမည်ဖြင့် ထုတ်ဝေခဲ့သည်။ ၁၉၅၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဟင်္သာတနေ့စဉ်သတင်းစာကို ပြန်လည်ထုတ်ဝေခဲ့သော်လည်း မတ်လတွင် ရပ်ဆိုင်းသွားခဲ့သည်။ ထို့နောက် သမဝါယမကထုတ်ဝေသည့် သက်လျာ မဂ္ဂဇင်းစာတည်း (၁၉၅၉) အဖြစ်လည်းကောင်း၊ တိုင်းရင်းမေဂျာနယ်တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ သင့်ဘဝမဂ္ဂဇင်းတွင် အကြံပေးအယ်ဒီတာ (၁၉၅၅-၅၇) အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ မြန်မာနိုင်ငံစာပေပြန့်ပွားရေး (မြန်စာပြန့်) အသင်းတွင် ဒုတိယဥက္ကဋ္ဌ၊ ၁၉၇၁ ခုနှစ် မြန်မာစာကော်မရှင်အဖွဲ့ဝင်၊ ၁၉၈၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြန်မာစာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးသော်ဇင်သည် ၁၉၃၉ ခုနှစ်ထုတ် ဂန္ထလောကမဂ္ဂဇင်း၌ " ရှင်သောမဘိက္ခု" ကလောင်အမည်သုံး၍ "သရက်ချဉ်" ဆောင်းပါးကိုရေးပြီး စာပေနယ်သို့ဝင်ခဲ့သည်။

၁၉၅၁ ခုနှစ်၊ မေလ ၁ ရက်မှ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက် နေ့အထိ တိုင်းရင်းမေဂျာနယ် တွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်စဉ် "သောမ" ကလောင်အမည်မှ "ဦးသော်ဇင်" သို့ ပြောင်းခဲ့သည်။ ထိုအချိန်မှစ၍ အသက် ၈၃ နှစ်အရွယ်ကွယ်လွန်ချိန်အထိ ၅၁ နှစ်တိုင် တိုင် စာမျိုးစုံပြုစုခဲ့ရာ လုံးချင်းစာအုပ်ပေါင်း (၇၀) တိတိထုတ်ဝေခဲ့သည်။

ဦးသော်ဇင် ပြုစုခဲ့သောစာအုပ်များအနက် အချို့မှာ ပြဇာတ်သမိုင်း (၁၉၆၅)၊ ကဗျာ လမ်းညွှန် (၁၉၆၅)၊ မိလိန္ဒပဉှာ (၁၉၆၅)၊ ဇင်းမယ်ပြန် ( ၁၉၆၇)၊ စာဥယျာဉ် (၁၉၆၉)၊ ဟိန္ဒူဒဿန (၁၉၇၀)၊ အဘိဓမ္မာ (၁၉၇၀)၊ နန်းစဉ်ပုဏ္ဏာ (၁၉၇၀)၊ ပြဇာတ်ကထာ (၁၉၈၁)၊ ဂီတဥ္စလီ (၁၉၈၄)၊ ဝိမုတ္တိရသ (၁၉၆၈)၊ စာပေရေးသားရာအလင်္ကာ (၁၉၆၇) စသည့် စာပေ၊ ယဉ်ကျေးမှု၊ ကဗျာ၊ ဘာသာရေးကျမ်းများမှာ ထင်ရှားသည်။

ဦးသော်ဇင်သည် စာဥယျာဉ်ဖြင့် ၁၉၆၉ ခုနှစ် အမျိုးသားစာပေဆု (စာပဒေသာ) ဖြင့် ရရှိခဲ့သည်။

ဦးသော်ဇင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။**

(၁) ဒဂုန်ရွှေမျှား မြန်မာနိုင်ငံစာပေဆုများ ၊ စာ ၃၃၁ - ၃၃၂။

(၂) မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၁) စာ ၃၁၆ - ၃၁၇။

(၃) နတ်နွယ်၊ မိမိနှင့်စာရေးဆရာများ၊ စာ ၁၈၆ - ၂၄၆။

(၄) စာရေးဆရာကြီး ဦးသော်ဇင် (၁၉၀၇ - ၁၉၉၀) ကွယ်လွန်အနိစ္စရောက်ခြင်း၊ လုပ်သားပြည်သူ့နေ့စဉ် (၂၃-၉-၉၀)။

(၅) မောင်ထွန်းဝင်း (သိပ္ပံဘွဲ့၊ ဓာတုဗေဒ) ဦးသော်ဇင်စာစု စာရင်း (၁၉၈၇)။

(၆) ရာပြည့်ဦးစိုးညွှန့် ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၆၈- ၆၉။

## ဦးသောင်းညွန့် (ရွှေပိန်သောင်း)



သတင်းစာဆရာ ဦးသောင်းညွန့် (ရွှေပိန်သောင်း) ကို ၁၉ဝ၈ ခုနှစ်တွင် ဒါးပိန်မြို့ မအူစုပိုင်နေ ကုန်သည် ဦးခင်၊ ဒေါ်နုယုံတို့မှ မွေးဖွားသည်။

ဦးသောင်းညွန့်သည် ငယ်စဉ်က ရန်ကုန်မြို့ အရှေ့ပိုင်း ရေကျော်မက်သဒစ် ကျောင်းတွင်လည်းကောင်း၊ မြို့မအမျိုးသားအထက်တန်းကျောင်းတွင်လည်းကောင်း ပညာသင်ယူခဲ့သည်။ အင်္ဂလိပ်မြန်မာ ဆယ်တန်း စာမေးပွဲကို မြို့မကျောင်းမှ အောင်မြင်ခဲ့သည်။ ကျောင်းနေစဉ်ကျောင်းသားရေးရာများကို အားတက်သရော ဆောင်ရွက်ခဲ့သူဖြစ်သည်။ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကိုလည်း ကျောင်းသားဘဝကပင် စတင်ရေးသားခဲ့သည်။ ရွှေပိန်သောင်း ဟူသော ကလောင်အမည်ကို ကျောင်းသားဘဝကပင် စတင်ယူခဲ့သည်။ ကျောင်းနေရင်း သတင်းထောက်တစ်ပိုင်းဖြစ်ကာ မြန်မာ့အလင်း အတွက် ရုပ်ရှင်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသောင်းညွန့်သည် ကျောင်းမှထွက်သည်နှင့် မြန်မာ့အလင်းသတင်းစာတွင် လက်ထောက်အယ်ဒီတာအဖြစ် (၁၉၃၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ) ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာအဖြစ်လည်းကောင်း၊ ကွယ်လွန်သည့်အချိန်အထိ တွဲဖက်အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မြန်မာ့အလင်း သတင်းစာတိုက်တွင် ၁၉၆၁ ခုနှစ်အထိ ၂၆ နှစ်မျှ တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးသောင်းညွန့်သည် ၁၉၅၃-၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၈-၅၉ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သည်။ ငါးပါးသီလ စောင့်ထိန်းရေးအဖွဲ့ အမှုဆောင်လူကြီးအဖြစ်လည်းကောင်း ပြဇာတ်အစည်းအရုံး အမှုဆောင်လူကြီးအဖြစ်လည်းကောင်း ရုပ်ရှင်ဆင်ဆာအဖွဲ့၌ စာရေးဆရာအသင်းကိုယ်စားလှယ်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ဦးသောင်းညွန့်သည် ရုရှ၊ တရုတ်၊ အင်္ဂလန်၊ ပြင်သစ်၊ ယူဂိုစလားဗီးယား၊ ဟန်ဂေရီ အစရှိသော နိုင်ငံများသို့ သတင်းစာကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုကိုယ်စားလှယ်အဖြစ်လည်းကောင်း သွားရောက်ခဲ့သည်။ မြို့မကျောင်းသားဘဝကပင် ဒဂုန်၊

ကဝိမျက်မှန် စသော ရှေးခေတ်စာနယ်ဇင်းများတွင် ဝတ္ထုဆောင်းပါးများစွာ ရေးခဲ့သည်။ ရုပ်ရှင်ဇာတ်ညွှန်းများနှင့် သတင်းစာအခန်းဆက်ဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။

ဂျပန်ခေတ်တွင် ဂျပန်အစိုးရဝါဒဖြန့်ဖြူးရေးဌာနက ထုတ်ဝေသည့် ဂရိတ်တားအေရှ သတင်းစာတိုက်၏ ၁၉၄၃ ခု ပထမအကြိမ် ဂရိတ်တားအေရှ စာပေဆုပြိုင်ပွဲတွင် "ဗိုလ် အေရှ" ဝတ္ထုဖြင့် ဝတ္ထုပထမရရှိခဲ့သည်။ ၁၉၅၀ပြည့်နှစ် စာရေးဆရာအသင်းက ကြီးမှူး ကျင်းပသော စာဆိုတော်နေ့ ဆောင်းပါးပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရရှိခဲ့သည်။ ထင်ရှား သော စာအုပ်အချို့မှာ ချစ်သမျှကို၊ သုဝဏ္ဏစန္ဒီ၊ လူထူးလူဆန်း၊ မြေစာပင် တို့ဖြစ်သည်။ လူထူးလူဆန်းကို ပဲရော့ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်သည်။

ဦးသောင်းညွှန့်သည် ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ သည်။

**ကိုးကားရန်အညွှန်း ။**

(၁) ဒဂုန်ရွှေမျှား မြန်မာနိုင်ငံစာပေဆုများ ၊ စာ ၄၅၅ - ၄၅၆။
(၂) ရာပြည့်ဦးစိုးညွှန့် ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၃၂ - ၃၃။



## ဦးသန့် (သီလဝ)

စာရေးဆရာသီလဝအမည်ခံ သတင်းစာဆရာဦးသန့်ကို ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့၊ သောကြာနေ့တွင် မအူပင်ခရိုင်၊ ပန်းတနော်မြို့၌ အဖ ဦးဖိုးနှစ်၊ အမိ ဒေါ်နန်းသောင်တို့မှ ဖွားမြင်သည်။ ဖခင်ဦးဖိုးနှစ်သည် အိန္ဒိယနိုင်ငံ၊ ကလကတ္တားရှိ ဟန့်တားကောလိပ်မှ (ဥပစာတန်း) အောင်မြင်ခဲ့သည်။ မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ သူရိယသတင်းစာ ရှယ်ယာအစုဝင် တစ်ဦးလည်းဖြစ်သည်။ ဦးသန့်သည် မွေးချင်းလေးယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ညီသုံးဦးမှာစာရေးဆရာ ပါလီမန် အမတ်ဟောင်း၊ ဦးခန့်၊ ဝန်ကြီးချုပ်၏အတွင်းဝန်ဦးသောင်း၊ မြန်မာနိုင်ငံအကြီးတန်းဝန်ထမ်း ဦးတင်မောင်တို့ဖြစ်သည်။

ဦးသန့်သည် ပန်းတနော်မြို့ ဦးဘဟန်၏မြန်မာစာသင်ကျောင်း၊ ဝိုင်အမ်ဘီအေ အလယ်တန်းကျောင်း၊ အမျိုးသားအထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။ ၁၉၂၆ခုနှစ်တွင် ပန်းတနော် အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၂၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းအောင်မြင်ပြီးနောက် ညီငယ်များ၏ပညာရေးကိုငဲ့၍ အမျိုးသားကျောင်းဆရာအဖြစ် အမှုထမ်းသည်။ အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် စာနယ်ဇင်းများတွင်စာရေးသားခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အထက်တန်းဆရာဖြစ်လက်မှတ်ရ စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် ဒုတိယရသည်။

၁၉၃၄ ခုနှစ်တွင် ပန်းတနော်မြို့အထက်တန်းရှေ့နေဦးသင်း၊ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ကျေးတို့၏သမီး မသိန်းတင်နှင့် ထိမ်းမြားခဲ့သည်။ ၁၉၂၈ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ ပန်းတနော်အမျိုးသား အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၃၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ပန်းတနော် အမျိုးသားအထက်တန်းကျောင်းအုပ်အဖြစ်လည်းကောင်း၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် (ဂျပန်ခေတ်) တွင် ပန်းတနော်မြို့ အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ မြန်မာ့ပညာရေးစီမံကိန်းသစ်ရေးဆွဲရေးကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၇ခုနှစ်မှ ၁၉၄၈ခုနှစ်အထိ ဖဆပလအဖွဲ့ချုပ် ပြန်ကြားရေးအရာရှိအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ပြန်ကြားရေးဌာနလက်ထောက် အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၄၉ ခုနှစ်၊

စက်တင်ဘာလတွင် အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဝန်ကြီးချုပ်၏ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် စီးပွားရေးနှင့် လူမှုဖူလုံရေး ဘုတ်အဖွဲ့ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးသန့်သည် နိုင်ငံ့ဝန်ထမ်းဘဝတွင် နိုင်ငံတော်ကချီးမြှင့်ခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ကို ၁၉၄၉ ခုနှစ်၌ လည်းကောင်း၊ သီရိပျံ့ချီဘွဲ့ကို ၁၉၅၃ ခုနှစ်၌လည်းကောင်း၊ စည်သူဘွဲ့ကို ၁၉၅၇ ခုနှစ်၌လည်းကောင်း၊ မဟာသရေစည်သူဘွဲ့ကို ၁၉၆၀ ပြည့်နှစ်၌လည်းကောင်း အသီးသီးရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် မာရှယ်တီးတိုး၏ ယူဂိုဆလပ် တံခွန်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ဦးသန့်သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝကပင် ဒဿနိကဗေဒအသင်း အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လူငယ်များကြီးပွားရေးအသင်း ရာသက်ပန်အသင်းဝင် အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပညာပြန့်ပွား ရေးအသင်းဝင်အဖြစ်လည်းကောင်း ပါဝင်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီ ကျောင်းသုံးစာအုပ်ကော်မတီဝင်လည်းဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ဒီမိုကရေစီပြန့်ပွား ရေးအသင်း၊ မြန်မာနိုင်ငံကမ္ဘာ့ရေးရာကောင်စီနှင့် ၁၉၅၂ ခုနှစ်တွင်ရုပ်ရှင်ဆင်ဆာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဦးသန့်သည် ၁၉၆၁ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံဝန်ထမ်းဘဝမှ ကုလသမဂ္ဂဝန်ထမ်းအဖြစ်ပြောင်းကာ အမြင့်ဆုံးရာထူးဖြစ်သည့် ကုလသမဂ္ဂအတွင်းဝန်ချုပ် (အစမ်း) ရွေးချယ်ခန့်အပ်ခံရသည်။

၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ပထမငါးနှစ်တာဝန်ကို ထမ်းဆောင်ရသည်။ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိယငါးနှစ်တာဝန်ကို ဆက်လက်အရွေးခံရသည်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ တွင် အငြိမ်းစားယူခဲ့သည်။

ကုလသမဂ္ဂအတွင်းဝန်ချုပ်ဘဝတွင် ကမ္ဘာ့ငြိမ်းချမ်းရေးပိသုကာတစ်ဦးအနေဖြင့် ကျူးဘားအရေးအခင်း၊ ဆိုက်ပရပ်ပြဿနာ၊ ဗီယက်နမ်ပြဿနာများကို ဖြေရှင်းပေးခဲ့ရာတွင် ထင်ရှားခဲ့သည်။

ဦးသန့်သည် ကမ္ဘာတဝှမ်းရှိတက္ကသိုလ်အသီးသီးက ဂုဏ်ထူးဆောင်အယ်လ်အယ်လ်ဒီဒေါက်တာဘွဲ့ (၁၇) ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၆၆ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင်နိုင်ငံတကာချစ်ကြည်ရေး၊ နားလည်းမှုရရှိရေး ကြိုးပမ်းချက်အတွက် ချီးမြှင့်သော နေရူးဆု (ရူပီးငွေတစ်သိန်း) ရရှိခဲ့သည်။ ဆုငွေများကို ကုလသမဂ္ဂနိုင်ငံတကာဆိုင်ရာ ကျောင်း ရန်ပုံငွေသို့လှူဒါန်းခဲ့သည်။

ဦးသန့်သည် ငယ်စဉ်ကပင်စာရေးစာဖတ် ဝါသနာထက်သန်ခဲ့သည်။ ဘဝရည်မှန်းချက်မှာ အင်္ဂလိပ်ဘာသာဖြင့် စာနယ်ဇင်းတည်းဖြတ်ထုတ်ဝေရေးဖြစ်သည်။ အင်္ဂလိပ်စာအရေးအသားထူးချွန်၍ စာနယ်ဇင်းများတွင် အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် စာပေ၊ ပညာရေး၊ နိုင်ငံရေး၊ လူမှုရေးဆောင်းပါးများ များစွာရေးသားခဲ့သည်။ ပထမဦးဆုံးပုံနှိပ်စာမူကို အသက် ၁၅ နှစ်အရွယ်တွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားခဲ့သည်။ ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလထုတ် "ဘားမားဘွိုင်းစကောက်" မဂ္ဂဇင်းတွင် ဖော်ပြခံခဲ့ရသည်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်ထုတ်ဝေသော ဂန္ထလောကမဂ္ဂဇင်း ဘာသာပြန်ပြိုင်ပွဲတွင် လေးကြိမ်တိုင်တိုင် ပထမဆုရရှိခဲ့သည်။

မြန်မာစာရေးသားမှုတွင်လည်း ဦးသန့်၏ကလောင်စွမ်းကို "သီလဝ" ဟူသော ကလောင်အမည်ဖြင့်ရေးသားခဲ့သောစာများကို လေ့လာကြည့်ပါကသိနိုင်ပေသည်။ မြန်မာ့အလင်းသတင်းစာ၏ ခေါင်းကြီးပိုင်းရေးသားခဲ့သူများအထဲတွင် ဦးသန့်သည်လည်း တစ်ဦးအပါဝင်ဖြစ်ခဲ့ရာ၊ ဝန်ကြီးချုပ်၏ အတွင်းဝန်တာဝန်ကို ထမ်းဆောင်နေချိန်အထိ မြန်မာ့အလင်းသတင်းစာ ခေါင်းကြီးပိုင်းကိုရေးသားခဲ့ပြီး အောင်မြင်သောခေါင်းကြီးပိုင်းရေးဆရာများထဲ၌ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပေသည်။

စာရေးခြင်း၊ စာဖတ်ခြင်း၊ အလုပ်တွင်မွေ့လျော်သူ ဦးသန့်သည် အချိန်ပြည့် သတင်းစာဆရာ၊ စာရေးဆရာဖြစ်ဖို့ ကြိုးပမ်းရင်း ရည်မှန်းချက်ပန်းတိုင်သို့ မရောက်နိုင်ရှာဘဲ သူ၏အကြံအစည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရချိန်၌ ပျက်ပြားသွားခဲ့ရကြောင်းမှတ်သားရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ညနေပိုင်းတွင် ဦးနုက ဦးသန့်အားခေါ်ယူပြီး ပြန်ကြားရေးဌာန၌ ညွှန်ကြားရေးဝန်အဖြစ်တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။ ယင်းသို့တာဝန်

ပေးအပ်ခြင်းမခံရမီက ဦးသန့်သည် မဂ္ဂဇင်းတစ်စောင်ထုတ်ဝေရန်စီစဉ်ထားသည် ဟုသိရသည်။

ဦးသန့်ရေးသားပြုစုခဲ့သော စာအုပ်များအနက် စာအုပ်အချို့ကိုဖော်ပြရလျှင် မြို့ပြမြေပုံများ (၁၂) အုပ် (၁၉၃၄)၊ နိုင်ငံပေါင်းချုပ်အသင်းကြီးကျောင်းသုံးစာအုပ် (၁၉၃၄)၊ ဗမာသစ်နှင့်ပညာသစ် (၁၉၄၅)၊ ပြည်တော်သာခရီး (၃) တွဲ (၁၉၆၀)၊ ဦးသန့်၏စာ (၁၉၆၇) တို့ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် Toward World Peace, Speeches and Public Statements (1957-1963), Portfolio for Peace (1970) တို့ဖြစ်သည်။

ဦးသန့်သည် ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်အတွေ့အကြုံများကို "ကမ္ဘာ့သမိုင်း" အမည်ဖြင့် စာအုပ်နှစ်အုပ်ရေးရန် အမေရိကန်ပြည်ထောင်စု၌ ဆက်လက်နေထိုင်သည်။ ၁၉၇၅ ခုနှစ်တွင် လုပ်ငန်းပြီးဆုံးရန်ရည်ရွယ်ခဲ့သည်။ ထို့နောက် မြန်မာပြည်တွင်ပြန်လည်နေထိုင်ရန်ကြံရွယ်ခဲ့သည်။

ဦးသန့်သည် ၁၉၇၄ ခုနှစ်၊ နိုင်ဝင်ဘာလ ၂၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကိုလံဘီယာဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

**(၁) ချစ်ကြည်ရေး ကြည်ညွန့်၊ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့အကြုံ၊ စာ-၁-၁၉။**

**(၂) မောင်ဇေယျာ၊ မြန်မာလူကျော် ၁၀၀၊ ပထမတွဲ၊ စာ-၁၈၅-၁၉၂။**



# ဦးသန်းတင့် (ဓူဝံ)

စာရေးဆရာဓူဝံအမည်ခံ သတင်းစာဆရာ ဦးသန်းတင့်ကို ၁၉၀၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြည်ခရိုင်၊ အောင်လံမြို့၌ အငြိမ်းစား အရေးပိုင် ဦးခက်နှင့် ဒေါ်မမကြီး တို့မှမွေးဖွားသည်။

ဦးသန်းတင့်သည် တောင်ငူမြို့ စိန်လူ့စ်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓဃောသကျောင်းနှင့် အင်းစိန်မြို့ အစိုးရ အထက်တန်းကျောင်း တို့တွင် ပညာသင်ယူခဲ့ပြီး၊ ၁၉၂၅-၂၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့သည်။ ၁၉၂၉- ၃၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

မြန်မာ့အလင်းသတင်းစာတိုက်၏ နယ်လှည့်သတင်းထောက်အဖြစ် ၁၉၃၀ ပြည့်နှစ်တွင် ဆောင်ရွက်၍ သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၏ နယ်လှည့်ဓာတ်ပုံသတင်း ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြန်မာ့အလင်းသတင်းစာ၏ ရန်ကုန်သတင်းထောက်၊ ဘာသာပြန် အယ်ဒီတာဖြစ် လာသည်။ ၁၉၃၈ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ တာဝန်ခံအယ်ဒီတာဖြစ်လာသည်။ ၁၉၃၃ ခုနှစ်မှစ၍ ဒဂုန်မဂ္ဂဇင်းတွင် ဓူဝံကလောင်အမည်ဖြင့် ဝတ္ထုစတင်ရေးသားခဲ့သည်။ အခြားကလောင်အမည်များမှာ နှင်းဆီ၊ လေပွေ၊ ချိန်ခွင်၊ မျက်လုံး၊ ဒေးဝေါ တို့ဖြစ်ကြသည်။

ဦးသန်းတင့်သည် ၁၉၃၇-၃၈ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ၌ 'သတင်းထောက်' အမည်ရှိ အခန်းဆက်ဝတ္ထု ရေးသားခဲ့သည်။ ခေတ်သစ်သတင်းစာတွင်လည်း အခန်းဆက်ဝတ္ထုရေးသားခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် အရှေ့တိုင်းမဂ္ဂဇင်းကို အယ်ဒီတာ အဖြစ် တာဝန်ယူထုတ်ဝေခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြန်မာ့အလင်းမှနုတ်ထွက်ခဲ့သည်။ အရှေ့တိုင်းမဂ္ဂဇင်း ရပ်သွားသောအခါ ပြန်ကြားရေးဌာနတွင် နယ်လှည့်လူမှုဆက်ဆံရေး အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးသည့်နောက်တွင် ပြန်ကြားရေးဌာနမှနုတ်ထွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အစိုးရရုပ်ရှင်နှင့် ပြဇာတ်ဌာနတွင် ဒုတိယညွှန်ကြားရေးဝန်၊ ညွှန်ကြားရေးဝန်အဖြစ် ၁၉၅၃ ခုနှစ်အထိ အမှုထမ်းခဲ့သည်။

၁၉၅၃ ခုနှစ်တွင် အစိုးရရုပ်ရှင်နှင့် ပြဇာတ်ဌာနမှ နုတ်ထွက်ခဲ့ပြီး၊ ရန်ကုန်သတင်းစာနှင့် ဗမာ့ခေတ်သတင်းစာတို့တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ပြီး၊ 'လေပွေ' ကလောင်အမည်ဖြင့် ပင်တိုင်ဆောင်းပါးများရေးသားခဲ့သည်။

ဦးသန်းတင့်သည် 'လေပွေ' ဆောင်းပါးများကြောင့် ၁၉၅၄ ခုနှစ်တွင် ထိန်းသိမ်းခံခဲ့ရသည်။ ထိုနှစ်အကုန်တွင် ထောင်မှလွတ်ပြီး၊ 'ချိန်ခွင်' ကလောင်အမည်ဖြင့် ဗမာ့ခေတ်သတင်းစာတွင် ဆောင်းပါးများပြန်ရေးခဲ့သည်။ ၁၉၅၅-၅၆ ခုနှစ်တွင် ရန်ကုန်သတင်းစာနှင့် ဗမာ့ခေတ်သတင်းစာတို့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဧပြီလ ၁၃ ရက်တွင် ပြည်ထောင်စုသတင်းစာတိုက်ကို စတင်တည်ထောင်သောအခါ ပြည်ထောင်စု သတင်းစာအယ်ဒီတာချုပ်ဖြစ်လာသည်။ ထို့နောက်ပိုင်းတွင် ပြည်ထောင်စု၊ မြန်မာ့အလင်း၊ ဟံသာဝတီ၊ မိုးကြိုး စသည့် သတင်းစာတို့၌ အခန်းဆက်ဝတ္ထုရှည်များရေးသားခဲ့သည်။ လှိုင်ဝှက်သဲဖို၊ စုံထောက်ဝတ္ထုများကို အဓိကရေးသား၍ ရံဖန်ရံခါ ရာဇဝင်ဝတ္ထုများကိုလည်း ရေးသားလေ့ရှိပါသည်။

ဦးသန်းတင့်သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုသတင်းစာကို အစိုးရထံသို့ အပ်လိုက်သည့် အချိန်မှစ၍ ဝတ္ထုရေးဆရာအဖြစ် ရပ်တည်လာခဲ့၏။ ဝတ္ထုရှည်ပေါင်း တစ်ရာကျော်ရေးသားခဲ့၏။ များစွာသော ဝတ္ထုတို့မှာ အင်္ဂလိပ်လေ့စ်၊ ဗာဗရာကက်သရင်း၊ ဒေါရစ်လစ်စလေနှင့် ပြင်သစ်စာရေးဆရာ ဂျော့ဂျက်ဟေးယားတို့၏ ဝတ္ထုများကို မှီးသောဝတ္ထုများဖြစ်သည်။

ဦးသန်းတင့်သည် ၁၉၅၇ ခုနှစ် စာပေဗိမာန်ဝတ္ထုရှည်ဆုကို 'ဂွမ်းပုံ' ဝတ္ထုဖြင့် ရရှိခဲ့သည်။ ဦးသန်းတင့်၏ ထင်ရှားသော စာပေလက်ရာအချို့မှာ မိုက်ခဲထွန်းရွှေ၊ မိုက်ရူးရဲ၊ ဂွမ်းပုံ၊ ခင်လေးကြီး၊ မြတ်လေး၊ ဇော်ဝင်း၊ နန်းထိုက်တဲ့ ပန်းမကိုင်၊ စံပယ်၊ ခင်နှင်းဖြူ၊ ကိုဘိုးသိ၊ တစ်သက်လုံးဖုံးသမျှကုံးတော့မှပေါ်၊ မလာ၊ တစ်ကိုယ်တော်၊ ချစ်သူ့ကျိန်စာ၊ ပျောက်သောသူ၊ ပြဒါးရှင်၊ လူသစ်၊ ပန်းနာ၊ စသည်တို့ဖြစ်သည်။

ဦးသန်းတင့်သည် မြန်မာ့အလင်းသတင်းစာတိုက်တွင် ဦးချစ်မောင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဦးချစ်မောင်၏လက်အောက်၌ အယ်ဒီတာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ရသည်။ မြန်မာ့အလင်းမှ ဦးချစ်မောင် နုတ်ထွက်သွားသောအခါကျမှ အယ်ဒီတာချုပ်တာဝန်ကို ဦးသန်းတင့်ကယူခဲ့ရသည်။

ဦးသန်းတင့်၏လက်ထက်တွင် မြန်မာ့အလင်းသတင်းစာကို ဦးစောအစိုးရက ၁၅ ရက်ကြာမျှ ပိတ်ပစ်ခဲ့၏။

ထိုအချိန်သည် ဗိုလ်အောင်ကျော်ကိစ္စကြောင့် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရပြုတ်ကျသွားခဲ့ပြီး ဦးပုနှင့် ဦးစောတို့ပူးပေါင်းပြီး အစိုးရအဖွဲ့တက်လာသည့်အချိန်ဖြစ်ပြီး

ထိုအစိုးရအဖွဲ့ကို သတင်းစာများက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည်။

ဤအခြေအနေမျိုးတွင် ဗြိတိသျှမျက်နှာဖြူလူမျိုး အိုင်စီအက်စ်တစ်ဦးဖြစ်သော မအူပင်ခရိုင်အရေးပိုင် မစ္စတာဝက်ဖ်စတား ဆိုသူသည် မအူပင်ခရိုင်ပန်းတနော်မြို့နယ် မင်းဂရုရွာတွင်တည်ရှိသည့် ဘုရားတစ်ဆူ၏ ပရဝဏ်အတွင်းသို့ ဘိနပ်စီး၍ဝင်ရောက်ခဲ့သည်။

ထိုသတင်းကို တိုးတက်ရေးသတင်းစာက မျက်နှာဖုံးတွင် ၆ လိုင်း ခေါင်းစည်းမည်းကြီးဖြင့် ဖော်ပြခဲ့လေသည်။ ယင်းသတင်းပေါ်တွင် အခြေပြုပြီး မြန်မာ့အလင်းသတင်းစာက ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ထုတ် သတင်းစာခေါင်းကြီးပိုင်း ဒုတိယခေါင်းကြီးသတင်းနှင့် မှတ်ချက်အခန်း၌ 'အိုင်စီအက်စ်' များခေါင်းစဉ်ဖြင့် ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချရေးသားခဲ့သည်။ ယင်းရေးသားချက်ကိုအကြောင်းပြုပြီး၊ နန်းရင်းဝန်ဦးစော အစိုးရက ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၃၄ (၆) အက်ဖ်ကျူနှင့် ကာကွယ်ရေး ဥပဒေပုဒ်မ ၄၁ (၄၁) (ဘီ) အရ ၁၉၄၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ကစ၍ မြန်မာ့အလင်းသတင်းစာကို ၁၅ ရက်ကြာပိတ်ပစ်လိုက်သည်။

မြန်မာ့အလင်းသတင်းစာ အပိတ်ခံရပြီး နောက်တစ်နေ့ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဦးသန်းတင့်သည် နန်းရင်းဝန်ကြီး ဦးစောနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

မအူပင်ခရိုင်အရေးပိုင် မစ္စတာဝက်ဖ်စတာက ၎င်း၏သတင်းကို ရေးသားဖော်ပြမှုနှင့် ပတ်သက်၍ တိုးတက်ရေးသတင်းစာတာဝန်ခံ အယ်ဒီတာ ဦးသန်းထွန်းထံပေးပို့လိုက်သော ဆဲရေးတိုင်းထွာထားသည့် စာတစ်စောင်ကိုလည်း ဦးသန်းတင့်က ယူဆောင်သွားပြီး ဦးစောကိုပြသခဲ့သည်။

ဦးစောက ထိုမိတ္တူစာကို ယူထားပြီး စုံစမ်းစစ်ဆေးခဲ့သည်။ မျက်နှာဖြူအရေးပိုင်ကြီးကိုယ်တိုင်ရေးသားထားကြောင်း မှန်ကန်နေ၍ နောက်လေးငါးရက်အကြာတွင် ဦးသန်းတင့်သည် ဦးစောနှင့်ထပ်မံတွေ့ဆုံခဲ့ပြန်သည်။

ဦးသန်းတင့်သည် ဦးစောနှင့် ဒုတိယအကြိမ်တွေ့ရသောအခါတွင် ဦးစောက မြန်မာ့အလင်းသတင်းစာကို ၁၅ ရက်ကြာလျှင် ပြန်ထုတ်ဝေနိုင်ရန် ခွင့်ပြုမည်ဟု ကတိပေးလိုက်သည်။

သို့သော်လည်း ၁၁ ရက်လောက်ကြာလာသည့်အချိန်အထိ မြန်မာ့အလင်းသတင်းစာ ပြန်ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ ဦးစောထံမှ မည်သည့်အကြောင်းပြန်ချက်မှ မရရှိသေး

ဘဲရှိနေသည်။ ထိုသို့ရှိနေစဉ် တစ်နေ့သောညတစ်ညတွင် ဦးစောက ၎င်း၏နေအိမ်သို့ လာရောက်ရန် ဦးသန်းတင့်အား ဖိတ်ခေါ်လိုက်လေသည်။

ထို့ကြောင့် ဦးသန်းတင့်သည် ဦးစော၏ နေအိမ်သို့ သွားရောက်ခဲ့သည်။ ဦးစောက ဦးသန်းတင့်အား လက်ခံတွေ့ဆုံရာတွင် အသိသက်သေများအဖြစ် ဟံသာဝတီသတင်းစာ တိုက်ပိုင်ရှင် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ (ညွန့်မြန်မာ) သူဌေးဦးညွန့်၊ မြန်မာ့အလင်း သတင်းစာ အယ်ဒီတာချုပ် ဦးစိမ်း၊ ဦးဘိုးဘ၊ စသောမိတ်ဆွေများကို ခေါ်ယူထားလေသည်။

ဦးသန်းတင့်ကိုတွေ့သောအခါ ဦးစောက "မိမိကိုဝေဖန်ရေးသားချင်သလို ရေးသား ပါ၊ မိမိကောင်းတာလုပ်လျှင်လည်း ထောက်ခံပါ၊ ချီးကျူးပါ၊ သို့သော် မဟုတ်မမှန်သော လုပ်ကြံသတင်းများကိုတော့ မရေးပါနှင့်" ဟု မေတ္တာရပ်ခံ ပြောကြားပြီးနောက် ဦးသန်းတင့် ထံမှ ကတိပေးထားရန်တောင်းဆိုလေသည်။

ထိုအခါဦးသန်းတင့်က ဦးစောကို "ရေးချင်သလိုဝေဖန် ရေးသားပါဟူသော ပထမ အချက်ကို ထောက်ခံကြောင်း ကောင်းတာလုပ်လျှင်ထောက်ခံပါ၊ ချီးကျူးပါဆိုသော ဒုတိယ အချက်ကိုမူကား လက်မခံနိုင်ကြောင်း" ပြန်ပြောလေသည်။

ဦးစောက ဦးသန်းတင့်၏ ပြောဆိုချက်မှာ တရားမျှတခြင်းမရှိဘဲ မတရားပါဟူ၍ ပြန်ပြောသည်။ ဦးသန်းတင့်က ဦးစောသည်လည်း သတင်းစာဆရာတစ်ဦးဖြစ်နေ၍ သတင်း စာ၏သဘောတရားကို နားလည်ထားပြီး ဖြစ်လိမ့်မည်ထင်ကြောင်း ပြောဆိုကာ သတင်းစာ ဆရာ၏ ကျင့်ဝတ်နှင့် သတင်း၏ သဘောတရားကိုရှင်းပြသည်။

ဦးသန်းတင့်၏ ရှင်းပြချက်ထဲတွင် "ယခုဦးစောမှာ တိုင်းပြည်က တင်မြှောက်ထား သည့် ခေါင်းဆောင်ကြီး တစ်ဦးဖြစ်နေ၍ တိုင်းပြည်ကောင်းကြောင်းလုပ်သည့် အလုပ်များ ကိုသာ ရေးသားနေရလျှင် သတင်းစာ တစ်စောင်မက၊ ဆယ် စောင်ရေးလျှင်ပင် ကုန်နိုင်မည် မဟုတ်ကြောင်း ၊ နန်းရင်းဝန်ကြီး ဦးစောအနေဖြင့် မကောင်းမှုပြုလုပ်လျှင် တိုင်းပြည်၏ သစ္စာကိုဖောက်ဖျက်ခြင်းဖြစ်၍ ဖော်ထုတ်ရေးသားလိုက်လျှင် သတင်းတန်ဖိုးရှိကြောင်း" စသည်တို့ပါရှိလေသည်။

ထိုအခါ ဦးစောက "ဦးသန်းတင့်၏ ရှင်းပြချက်များကို လက်ခံပါသည်။ ကောင်းတာ လုပ်၍ မထောက်ခံသည်ဖြစ်စေ၊ မကောင်းတာလုပ်၍ ဝေဖန်ရှုတ်ချသည်ဖြစ်စေ၊ အရေး မကြီးပါ။ သို့ရာတွင် ၎င်း၏အကြောင်းကို မဟုတ်မမှန်ဘဲ လုပ်ကြံရေးသည့် သတင်းမျိုးကိုမူ ကား မရေးပါနှင့်" ဟု ထပ်မံတင်ပြ တောင်းဆိုပြန်လေသည်။

ဦးစော၏တောင်းဆိုချက်နှင့် စပ်လျဉ်း၍ ဦးသန်းတင့်က “မဟုတ်မမှန်သည့် လုပ်ကြံသတင်းမျိုးဆိုသည်မှာ အဓိပ္ပာယ် ကျယ်ဝန်းလှကြောင်း” ကိုရှင်းပြပြီးနောက် သူရိယသတင်းစာကြီး၏ အယ်ဒီတာချုပ်ကြီးလည်းဖြစ်၊ တိုင်းပြည်၏ နန်းရင်းဝန်ကြီးလည်းဖြစ်နေသော ဦးစော၏ ဂုဏ်သိက္ခာ၊ လူကျင့်ဝတ်နှင့် ပတ်သက်နေသည့် သတင်းတစ်ပုဒ်ကို မြန်မာ့အလင်းသတင်းစာ၏ ဦးတည်ချက်နှင့်မကိုက်ညီ၍ မထည့်သွင်းမဖော်ပြဘဲ ချန်လှပ်ထားခဲ့ဖူးကြောင်းကို ထုတ်ဖော်ပြောပြလေသည်။

ဤသို့ ဦးသန်းတင့်၏ ဖွင့်ဟပြောဆိုချက်များကို ကြားရသောအခါ ဦးစောသည် ငိုင်ကျသွားခဲ့လေတော့သည်။ စိတ်တွင်လည်း ထိခိုက်သွားပုံရပေသည်။

ဦးသန်းတင့်က ကျွန်တော်တို့သည် မဟုတ်မမှန် လုပ်ကြံသော သတင်းမျိုးကို ထည့်ရန်ဝေးစွ၊ မှန်ကန်နေပါလျက်နှင့် တိုင်းပြည်အတွက် အကျိုးမမြင်သော သတင်းကို မထည့်သွင်းမဖော်ပြခဲ့ကြောင်း’ ထပ်မံပြောပြလိုက်သေးသည်။

ဦးသန်းတင့်၏ ဖွင့်ဟပြောဆိုချက်များကြောင့် နောက်ထပ်မည်သို့မျှ မေတ္တာရပ်ခံမနေရတော့ဘဲ၊ ဦးစောက ၁၅ ရက်စေ့သည့်နေ့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေခွင့်ပေးလိုက်လေတော့သည်။

ဤကားနယ်ချဲ့ခေတ်အစိုးရနှင့် သတင်းစာတို့ တိုက်ပွဲတွင် သတင်းစာဘက်က အနိုင်ရရှိခဲ့ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဦးသန်းတင့်မှာ ဒီမိုကရေစီအခွင့်အရေးကို အပြည့်အဝပေးပါမည်ဟူ၍ ကြွေးကြော်တက်လာခဲ့သော ပ. ထ. စ အစိုးရ၏ သတင်းစာများ လွတ်လပ်ခွင့်ကို ပထမဦးဆုံးဖိနှိပ်ချုပ်ချယ်ခဲ့သည့်ကိစ္စတွင် ရဲရဲရင့်ရင့် တိုက်ပွဲဝင်အောင်ပွဲခံခဲ့သော ဂါးဒီးယန်း ဦးစိန်ဝင်း (□□□□□□ □□□ □□□□□□) ရွှေကလောင်ဆုရ၏ ဦးလေးတော်သူလည်းဖြစ်သည်။

ဦးသန်းတင့်သည် ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။**


**(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ။ စာ ၆၀-၆၂။**

**(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်။ (၁၉၉၀) စာ၂၂၄-၂၂၅။**

**(၃) ချစ်ကြည်ရေးကြည်ညွှန့်၊ သတင်းစာဆရာကြီး များ၏ သူတို့ဘဝ၊ သူတို့ အတွေ့အကြုံ၊ စာ ၇၅-၉၀။**

**(၄) ရာပြည့် ဦးစိုးညွှန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၂၈-၂၉။**

## ဦးသန်းမောင် (မန္တလေးသူရိယသန်းမောင်)

သတင်းစာဆရာ ဦးသန်းမောင်ကို ၁၉၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အဖ မန္တလေးသူရိယ ဦးထွန်းရင်၊ အမိ ဒေါ်သက်စုတို့က မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။

ဦးသန်းမောင်သည် ၁၉၄၆ ခုနှစ်တွင် ဘီအေဘွဲ့ရရှိခဲ့ပြီး၊ ၁၉၆၇ ခုနှစ်တွင် ဘီအယ်ဘွဲ့ ရရှိခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဖခင်ကွယ်လွန်၍ မန္တလေးသူရိယ သတင်းစာကို စစ်အပြီးတွင် သားဖြစ်သူ ဦးသန်းမောင်က ပြန်လည်ထုတ်ဝေခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မန္တလေး ဖ. ဆ. ပ. လ အဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး (၂) အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသန်းမောင်သည် အိန္ဒိယ၊ ဒိန်းမတ်၊ ချက်ကိုစလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ယူဂိုစလားဗီးယား နိုင်ငံများသို့ သွားရောက်လေ့လာခဲ့သည်။

ဦးသန်းမောင်သည် ၁၉၄၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီဝင်အဖြစ် ကူးပြောင်း၍ တောခိုခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အလင်းဝင်ခဲ့ပြီး သတင်းစာဆရာအဖြစ် ဗြိတိန်၊ ဩစတြေးလျ၊ စင်္ကာပူ၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင်မန္တလေးမြို့ (၈၄) လမ်း၊ (၂၁) လမ်းနှင့် (၂၃) လမ်းကြား ဒါးတန်းရပ်တွင်တည်ရှိခဲ့သော သူရိယသတင်းစာရပ်စဲခံရသည်။ ဦးသန်းမောင်သည် ၁၉၈၆ ခုနှစ်တွင် တရားရုံးချုပ်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသန်းမောင်သည် ၁၉၉၆ ခုနှစ်တွင် ပြင်ဦးလွင်အနီးစခန်း နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။ နေထွက်၊ မန္တလေးအဘိဓာန်၊ စာ - ၃၃၂**

# ဦးသန်းရွှေ (သန်းဆွေ)



စာရေးဆရာသန်းဆွေ အမည်ခံ သတင်းစာဆရာ ဦးသန်းရွှေကို ၁၉၂၆ ခုနှစ်တွင် အဖဦးဘသောင်း၊ အမိဒေါ်တင်တို့က ရန်ကုန်မြို့ ကမာရွတ် ၌မွေးဖွားခဲ့သည်။

ဦးသန်းရွှေသည် ငယ်စဉ်ကတည်းကပင် ကျောင်းစရိတ်ကို ကိုယ်တိုင်ရှာဖွေကာ ကိုယ်ထူးကိုယ်ချွန်ပညာသင်ယူခဲ့သူဖြစ်သည်။ စံပယ်ပန်းကိုယ်တိုင်သီကုံးရောင်းခဲ့ဖူးသည်။ သတင်းစာရောင်းခဲ့ဖူးသည်။ ပန်းထိမ်ပညာသင်ယူခဲ့ဖူးသည်။ ဂျပန်ခေတ်တွင် ဂျပန်စာသင်ယူခဲ့ပြီး ဂျပန်စကားပြန်အဖြစ် တနင်္သာရီတိုင်းအနှံ့ ရောက်ဖူးခဲ့သည်။ ဂျပန်ခေတ်တွင် ငယ်အမည် "သန်းရွှေ" ကို "သန်းဆွေ" အမည်ပြောင်းသည်။ သို့သော် အမည်တွင်ခြင်းမရှိ။ "ငါ့အသက်အစိတ်ကျရင် ငါရေးတဲ့စာတွေကို ပုံနှိပ်စာလုံးအဖြစ်ကို ရောက်အောင်လုပ်မယ်" ဟုအသက် ၁၃ နှစ်သားအရွယ်ကတည်းက ကြုံးဝါးခဲ့သည်။ ဂျပန်ခေတ် လက်ရေးစာစောင်တို့၌ ဝတ္ထုတို၊ ကဗျာ စသည်တို့ ရေးသောအခါ "မင်းလွင်" ကလောင်အမည်တပ်ခဲ့သည်။

စစ်ပြီးခေတ်တွင် ရှေးဦးစွာပေါ်ထွန်းထင်ရှားလာကြသည့် လူငယ်ကလောင်ရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ စာရေးဆရာ ဒါရိုက်တာ ဦးသုခ၏ "ချမ်းသာစာစောင်" မှနေ၍ပထမဆုံးလက်ရာ "ချစ်ကြွေးမပြေ" ကို ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ဝေခဲ့သည်။ တည်းဖြတ်သူ သုခက "မင်းလွင်" ဟူသောကလောင် အမည်ကိုမကြိုက်သဖြင့် မိမိကိုယ်ကို မိမိမှည့်ထားသော "သန်းဆွေ" အမည်တပ်ခဲ့သည်။ ဝတ္ထုအဖုံးတွင် "သုခ၏ဝတ္ထုကို နှစ်သက်သူတိုင်း ဤဝတ္ထုကိုမုချကြိုက်ရမည်" ဟု သဘောပါရှိသည့် စာတန်းကလေးရေးထိုးထားသည်။ "ချစ်ကြွေးမပြေ" သည် ကြားဖူးသည့် နိုင်ငံခြားမှ အဖြစ်အပျက်တစ်ခုကို အခြေတည်ကာရေးသားထားခြင်းပင်ဖြစ်သည်။ "ချစ်ကြွေးမပြေ" ဝတ္ထုဖြင့် ပင်စတင်ကျော်ကြား လူကြိုက်များလာခဲ့၏။ ဤသို့ဖြင့်အသက် ၂၀ အရွယ်တွင် စာပေလောက၌ စတင်ခြေချခဲ့လေသည်။

ဦးသန်းရွှေသည် "ချစ်ကြွေးမပြေ" ထုတ်ဝေပြီးနောက် အရှေ့တိုင်းမဂ္ဂဇင်းတိုက် တွဲဖက်အယ်ဒီတာ ဦးစိန်မောင်ထံတွင် ပုံနှိပ်လုပ်ငန်းနှင့်ဆိုင်ရာများကို လေ့လာဆည်းပူးရင်း ဂျာနယ်ကျော်သို့ ဝတ္ထုတိုကလေးများ ရေးသားပေးပို့သည်။ ထို့နောက် အရှေ့တိုင်းမဂ္ဂဇင်းမှ

ထွက်ခဲ့ကာ ချမ်းသာစာစောင်တွင် သုခနှင့်တွဲဖက်ထုတ်ဝေသည့် ၁၉၄၇ ခုနှစ်မှာပင် စာပေလောကထဲသို့ ခြေစုံပစ်ဝင်ခဲ့သည်။

ချမ်းသာစာစောင်ကို ရှုမဝပုံနှိပ်စက်တွင်ရိုက်နှိပ်နေစဉ် စာပဒေသာကို ကူညီလုပ်ကိုင်ပေးခဲ့သည်။ ချမ်းသာစာစောင် ရပ်သွားသောအခါ စာပဒေသာတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ကိုင်ခဲ့ပြန်သည်။ ဤတွင် တင့်တယ်နှင့်တွေ့ဆုံခဲ့ရာမှ အနောက်တိုင်းစာပေ လောကနှင့် ဆုံစည်းခဲ့ရသည်။ ဝတ္ထုရေးနည်းအတတ်ပညာစာအုပ်များကိုဖတ်ခဲ့ရသည်။ တက်တိုးနှင့်တွေ့ဆုံသောအခါ ကမ္ဘာ့ဂန္ထဝင်စာအုပ်များနှင့်ဆုံရပြန်သည်။ မကြာမီပင် "ချစ်သုံးလီ" ဝတ္ထုကို ထုတ်ဝေခဲ့ပြန်ရာ ထိပ်တန်းသို့ရောက်ရှိစေသည်အထိ အောင်မြင်ခဲ့ပေသည်။ အလွမ်းဝတ္ထုရေးဆရာဟု အသိအမှတ်ပြုရတော့သည်။

ဦးသန်းရွှေသည် ၁၉၄၇ ခုနှစ် ဇွန်လရှုမဝမဂ္ဂဇင်းစတင်ထုတ်ဝေသောအခါ ရှုမဝ ဝိုင်းတော်သား၊ ၁၉၄၇ ခုနှစ် မတ်လတွင် ရှုမဝလခစားစာရေးဆရာ၊ ၁၉၄၇ ခုနှစ် အောက်တိုဘာလကုန်တွင် ပဒေသာမဂ္ဂဇင်းသို့ရောက်ပြန်သည်။ ၁၉၄၈ ခုနှစ် အောက်တိုဘာလတွင် သွေးသောက်မဂ္ဂဇင်း၊ ဒီဇင်ဘာလတွင် သွေးသောက်မဂ္ဂဇင်းမှ ပြန်ထွက်ကာ ၁၉၄၉ ခု ဇန်နဝါရီလတွင် ရှုမဝ၌အလုပ်ပြန်ဝင်ခဲ့သည်။ ဤသို့ဖြင့်အရှေ့တိုင်းမဂ္ဂဇင်း၊ ချမ်းသာစာစောင်၊ စာပဒေသာ၊ ရှုမဝ၊ ပဒေသာ၊ သွေးသောက်၊ ဘာသာပြန်မဂ္ဂဇင်း၊ မြဝတီ၊ သောတရှင် စသည့်စာစောင်မဂ္ဂဇင်းကြီးများတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသန်းရွှေသည် စီးပွားရေး၊ ရှေ့ဆောင်၊ ဗမာ့ခေတ်၊ မိုးကြိုး၊ ကြေးမုံစသည့် သတင်းစာများတွင်လည်း အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းစာပေပြိုင်ပွဲတွင် စာပေဆုရွှေတံဆိပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ဂီတ၌လည်းစိတ်ဝင်စားလေရာ၊ တယောထိုးကျွမ်းကျင်သည့်ပြင် တေးသီချင်းများရေးဖွဲ့ခဲ့သည်။ ဂီတနက်သန် ကိုစောညိန်း၊ အောင်လင်းတို့နှင့် တွဲဖက်အသံလွှင့်ခဲ့သည်။ "လာလုလုငေး" နှင့် "ချစ်တဲ့သူရဲ့ရင်ခွင်" ရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ရန်ကင်းရုပ်ရှင်၊ ရန်ကုန်ရုပ်ရှင်စသည့် ရုပ်ရှင်ကုမ္ပဏီများတွင် ရုပ်ရှင်ဝတ္ထုဇာတ်ညွှန်းများ ရေးပေးခဲ့သည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာနယ်ပယ်တို့တွင် လူသိများထင်ရှားခဲ့သည်။ လူတိုင်းအပေါ်စေတနာထားတတ်ပြီး၊ ပျော်ပျော်ပါးပါး နေထိုင်တတ်သူဖြစ်၍ လူတိုင်း၏ ချစ်ခင်လေးစားမှုကို ခံယူရသူတစ်ဦးဖြစ်သည်။

ဦးသန်းရွှေ၏ ထင်ရှားသောစာပေလက်ရာအချို့မှာ ချစ်ကြွေးမပြေ၊ ကြွေလုသည်း ငယ်ကို၊ ချစ်သုံးလီ၊ မေ့ရက်နိုင်တယ်၊ ဖုန်းမေ့လေသလား၊ မြသွေး၊ နှောင်း၊ သံသာလေ ကမ်းတိုင်၊ ကြုံခဲ့တယ်၊ တစ်နေ့ဝင်၊ ချစ်ထံတျာရှင်၊ ချစ်ခြင်းဂရုဏာ၊ ချစ်မိပြန်တော့လည်း၊ ချစ်မိုးချစ်မြေ၊ တစ်သက်လျာ၊ တောစံပယ်၊ တံ့ကာဝင်မှတင်၊ ပိုးဖျက်တဲ့ပန်း၊ ဘယ်သောအခါ မှ၊ နှင်းကြွင်းအံ့ပျ၊ ပေါ်နေလဝယ်၊ ယု၊ ပုလဲ၊ သားတို့ရုပ်ရည်၊ ခရောင်းတော စသည်တို့ ဖြစ်သည်။

ဦးသန်းရွှေသည် ၁၉၆၄ ခုနှစ်၊ ဧပြီ ၁၄ ရက်တွင် အင်းလျားကန်၌ ရေနစ်ကွယ်လွန် ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** **ရာပြည့် ဦးစိုးညွန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀။ စာ ၁၃၃ - ၁၃၆။**

# ဦးသိန်း (ဇဝန)



စာရေးဆရာဇဝနအမည်ခံ သတင်းစာဆရာ ဦးသိန်းကို ဆန်ကုန်သည် အဖ ဦးဖိုးမင်းနှင့် အမိ ဒေါ်မြတို့မှ ၁၉၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက် တနင်္ဂနွေနေ့တွင် ပြည်မြို့၊ ကြိုးတန်းရပ်၌ မွေးဖွားသည်။

ဦးသိန်းသည် ပြည်မြို့ကျောင်းကြီးရပ်ရှိ ဦးဘိုးအို မြန်မာ စာသင်ကျောင်းတွင် စတုတ္ထတန်းအထိပညာသင်ယူပြီးနောက် ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့ အမျိုးသားအထက်တန်းကျောင်းသို့ပြောင်းခဲ့သည်။

၁၃ နှစ်သားအရွယ် ၈ တန်းမှစ၍ ဘားမားဘွိုင်း မဂ္ဂဇင်းတွင် ဇာနည်ဘွားဝတ္ထုကို စရေးခဲ့သည်။ အမျိုးသားကျောင်းတွင် ၆ နှစ်နေပြီး ဆယ်တန်းအောင်စာရင်းစောင့်နေစဉ် ၁၉၂၈ ခုနှစ်တွင် လန်ဒန်အတ်မဂ္ဂဇင်း၌ ဇဝနကလောင်အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ပါခဲ့သည်။ ဦးသိန်းသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ပီမိုးနင်းတို့၏ စာပေများကိုနှစ်သက်၍ အတုယူရေးသားခဲ့သည်။ ကာတွန်းဟိန်စွန်းနှင့်တွဲ၍ "လာမယ်လာမယ်မကြည်ရဲ့" သီချင်းကိုသရုပ်ဖော်သည့်ကာတွန်းရုပ်ရှင်ကို တီထွင်ခဲ့သည်။ လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီတွင် မြနှင်းဆီရုပ်ရှင်ကားအတွက် ဘိုကလေး ဦးသက်ရှည်နှင့်တွဲဖက်ရေးခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့သည်။ ဗြိတိသျှဘားမားရုပ်ရှင်၌ ဇာတ်ညွှန်းရေးခဲ့သည်။ "ဝိဇယ ဂျာနယ်တွဲဖက်ထုတ်ဝေသူနှင့် ပုဂံလက်သီးစာစောင်" တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသိန်းသည် ၁၉၃၅ ခုနှစ်တွင် မြန်မာ့နေ့စဉ်သတင်းစာတွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတွင်ဘာသာပြန်နှင့် လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ကြီးပွားရေးမဂ္ဂဇင်း အထူးစာစောင်တွင် သိကြားမင်းဦးမာဃစာပြောင်ရေးခဲ့သည်။ ၁၉၃၈ ခု၊ မေလ ၂၆ ရက်နေ့တွင် ဒေါ်ထားအိ (ဝါ) ထားနှင့် လက်ထပ်ခဲ့ရာသားသမီး ၆ ဦးထွန်းကားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် သူရိယမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်တာဝန်ယူ လုပ်ကိုင်ခဲ့သည်။

၁၉၄၂ ခုနှစ်တွင် စာရေးဆရာမဂ္ဂဇင်းအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ စာရေးဆရာအသင်းအတွင်းရေးမှူး အဖြစ်ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံအတွက် သက်န်းဝတ်

ဟာသဝတ္ထုတစ်ပုဒ်ရေးပေးခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဇဝနဂျာနယ်စတင်ထုတ်ဝေခဲ့သည်။ ဘုရင်ခံ ဆာဒေါ်မန်စမစ် ပြန်လာခြင်းကို သရော်၍ ဘုရင်ခံဝတ္ထု ရေးသားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဇဝနသတင်းစာကို ထုတ်ဝေခဲ့သည်။ ဂျာနယ်ကျော်ဦးချစ်မောင်နှင့်တွဲ၍ စာရေးဆရာစာစောင်အမှတ် ၂ တွင် ဦးသိန်း (ဇဝန) အမည်ဖြင့် တွဲဖက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ဂျာနယ်ကျော်၊ ဒီးဒုတ်ဂျာနယ်နှင့် အိုးဝေ နေ့စဉ်သတင်းစာတို့တွင် အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဗီယင်နာ၌ကျင်းပသော အာရှ အာဖရိက စာရေးဆရာများအရေးပေါ် ညီလာခံတက်ခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ကလေးဂျာနယ်နှင့် မြဝတီမဂ္ဂဇင်းတို့၏ တာဝန်ခံအယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ကြေးမုံသတင်းစာအစုရှင်ဖြစ်ခဲ့၍ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဆောင်းပါးများကို တာဝန်ယူရေးသားခဲ့သည်။ သောကြာစာစောင်တည်ထောင်ရာတွင် ပါဝင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် စာရေးဆရာ၊ သတင်းစာဆရာ ဦးသိန်းဖေမြင့်နှင့်အတူ ဂျပန်ပြည်တွင်ကျင်းပသော အာရှ-အာဖရိက စာရေးဆရာ ညီလာခံသို့တက်ရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ကိုင်ရိုတွင် ကျင်းပသောအာရှ၊ အာဖရိက စာရေးဆရာများ ဒုတိယအကြိမ်ညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပြည်လုံးကျွတ်သတင်းထောက် သင်တန်းပို့ချချက်၊ သတင်းစာပညာနှင့် ကိုယ်တွေ့သတင်းစာပညာကောက်နုတ်ချက်ဆောင်းပါး၊ ကမ္ဘာအေးသတင်းထောက်ညီလာခံတို့တွင် ဟောပြောခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ ကြေးမုံသတင်းစာအယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ကြေးမုံသတင်းစာအယ်ဒီတာချုပ်အဖြစ်မှအငြိမ်းစားယူခဲ့သည်။

ဦးသိန်းသည် ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဆန့်ကျင်ရေးသရုပ်ဖော်ဝိဇယပြဇာတ်တွင် အရေးပါသော ဇာတ်ဆောင်အဖြစ်ပါဝင်ခဲ့ရာမှစ၍ စာရေးဆရာအသင်းပြဇာတ်များတွင် ထင်ရှားသောဇာတ်ဆောင်တစ်ဦးဖြစ်လာသည်။

စာပေလောကသို့ ၁၉၂၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီးနောက် အချစ်၊ အလွမ်း၊ စုံထောက်နှင့် ဟာသဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၃၅ ခုနှစ် ကောလိပ်ကျောင်းသားဝတ္ထုကိုရေးသားပြီးနောက်၊ ၁၉၃၈ ခုနှစ်တွင် ကောလိပ်ဂျပိုး၊ ၁၉၃၉ ခုနှစ်တွင် ဒို့ကျောင်းသားဝတ္ထုများကို ဆက်လက်ရေးသားခဲ့သည်။

ဦးသိန်းသည် ဟာသဝတ္ထုများအပြင် အထွေအငေါ့စာများရေးသားခြင်းဖြင့်လည်း ထင်ရှားခဲ့သူတစ်ဦးလည်း ဖြစ်သည်။ အပါပုံပြောမယ်၊ ဦးလေးပြောမယ်၊ ဇဝနစာပြောင်တို့

သည် စာရေးဆရာဇဝန၏ ထင်ရှားသောစာအုပ်များ ဖြစ်သည်။ လယ်ယာလုပ်သားဘဝ သရုပ်ဖော်ဖြစ်သော ရွှေဝါဆန် (၁၉၄၅) ဝတ္ထုသည်လည်းထင်ရှားသည်။ ဆိုးပေ အမည်ရှိ လူငယ်ဇာတ်ဆောင်တစ်ဦးကို အဓိကဇာတ်ဆောင်ပြုလျက်ရေးဖွဲ့သော ဆိုးပေဝတ္ထုများ သည်လည်းကျော်ကြားသည်။

ဦးသိန်းသည် မကွယ်လွန်မီကလေးတွင် မိမိ၏ကိုယ်ရေးအတ္ထုပ္ပတ္တိကို ၁၉၈၀ ပြည့်နှစ် ဧပြီလမှစ၍ သွေးသောက်မဂ္ဂဇင်း၌ ရေးသားခဲ့သည်။ လွတ်လပ်ရေးရပြီးကာလအထိ ရေးထားသောစာစုကို ၁၉၈၃ ခုနှစ်တွင် ဇဝန၏ ဇဝနပဟူသော အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ သည်။

ဦးသိန်း၏ ကလောင်ခွဲများမှာ - ပရော်ဖက်ဆာဇဝနေ့ာစကီး၊ မောင်သိန်း (ပြည်)၊ ရတနာသိန်း၊ ဦးသိန်း (ဇဝန) တို့ဖြစ်သည်။

ဦးသိန်းထုတ်ဝေခဲ့သော စာအုပ်များအနက်အချို့မှာ - ခတ်ပုံပညာ(၁၉၃၀)၊ ကောလိပ်ကျောင်းသား (၁၉၃၅-၃၇)၊ ကောလိပ်ဂျပိုး (၁၉၃၈)၊ တို့ကျောင်းသား (၁၉၃၉)၊ သူပုန်မ (၁၉၄၀)၊ ဤရုပ (၁၉၄၀)၊ သူ့မယား (၁၉၄၂)၊ သက်န်းဝတ် (၁၉၄၃)၊ အပျိုစစ်ပါပဲ ရှင်၊ ဦးလေးပုံပြောမယ် (၁၉၄၅)၊ ရွှေဝါဆန် (၁၉၄၅)၊ ဆာယိုနယား (၁၉၄၆)၊ ဒိုးဝမ်းကီး (၁၉၄၈)၊ အပါပုံပြောမယ် (၁၉၄၉)၊ အရှေ့ဆီကလေနီကြမ်း (၁၉၅၂-ဘာသာပြန်)၊ အာရပ် အစ္စရေးနှင့် ဆွေးနွေးပွဲ (၁၉၇၈)၊ ကားထဲက မိန်းကလေး (၁၉၇၅)၊ ကျွန်တော့လင် (၁၉၆၅)၊ ဇမ္ဗူတလူ (၁၉၇၇) နှင့် ဇဝန၏ ဇဝန (၁၉၈၃) တို့ဖြစ်သည်။

ဦးသိန်းသည် ၁၉၈၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန် သည်။

**ကိုးကားရန်အညွှန်း ။** (၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၄) စာ-၁၇၂-၁၇၃။
(၂) ရာပြည့်ဦးစိုးညွန့်၊ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀။ စာ ၅၄-၅၆။

## ဦးသိန်းဖေ (သိန်းဖေမြင့်)



စာရေးဆရာသိန်းဖေမြင့်အမည်ခံ သတင်းစာဆရာဦးသိန်းဖေကို စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့ ၌ မြေတိုင်းစာရေး ဦးဘ၊ ဒေါ်မြင့်တို့မှ ၁၉၁၄ခုနှစ် ဇူလိုင် ၁၀ရက်နေ့ တွင် မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်မြမောင်ဖြစ်သည်။ အင်္ဂလိပ် မြန်မာကျောင်းတွင်မူ မောင်သိန်းဖေဖြစ်သည်။

ဦးသိန်းဖေသည် ဘုတလင်မြို့ ဦးဖိုးဉာဏ်ကျောင်းတွင် မူလတန်းပညာကိုလည်းကောင်း၊ မုံရွာမြို့အမျိုးသားကျောင်းနှင့် ဗုဒ္ဓဘာသာကျောင်းတို့တွင် အထက်တန်းပညာ သင်ယူခဲ့သည်။ ၁၉၃၂ခုနှစ်တွင် မုံရွာဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ ဒသမတန်းကို မြန်မာစာနှင့် သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ဦးသိန်းဖေသည် ၁၀ တန်းအောင်မြင်ပြီးနောက် ၁၉၃၂-၃၃ ခုနှစ်တွင် မန္တလေးဥပစာ ကောလိပ်သို့ ပညာသင်ယူရန်ရောက်ရှိလာသည်။ ယင်းမှတစ်ဆင့် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ပညာသင်ယူခဲ့ရာ ၁၉၃၅ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၃၅ ခုနှစ်၌ တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တ. က. သ) တွင် အမှုဆောင်တစ်ဦးဖြစ်လာပြီး၊ ကိုလိုနီပညာရေးကို သပိတ်မှောက်ရန် လှုံ့ဆော်သူတစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ၁၉၃၆ခုနှစ် ဒုတိယကျောင်းသား သပိတ်မှောက်သောအခါ ဦးသိန်းဖေသည် သပိတ်မှောက်ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် တို့ဗမာ အစည်းအရုံးသို့ဝင်ရောက်ခဲ့ပြီး တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၃၇-၃၈ ခုနှစ်တွင် နဂါးနီစာအုပ်အသင်း ပညာရေးအဖွဲ့ငယ်အမှုဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထိုအခါမှစ၍ သခင်အမည်ကိုခံယူကာ သခင်သိန်းဖေဖြစ်လာသည်။

ဦးသိန်းဖေသည် ၁၉၃၈ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်သို့ တက်ရောက်၍ ဥပဒေပညာနှင့် မဟာဝိဇ္ဇာ (ပါဠိ) ကိုသင်ယူဆည်းပူးရင်း ဘင်္ဂလားပြည်နယ် ကျောင်းသားအဖွဲ့ချုပ် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ သည်။ ယင်းသို့ပညာသင်ကြားနေစဉ် "တက်ဘုန်းကြီး" ဝတ္ထုကိုရေးသားခဲ့ရာ ပြောင်မြောက်သောဝတ္ထုဖြစ်ခဲ့သည်။ ဘုန်းတော်ကြီးလောကတွင် အတော်ပင်ဂယက်ရိုက်ခဲ့၏။ ဆူးလေဘုရားလမ်း (ဘုရင်မပန်းခြံ) ယခုဗန္ဓုလပန်းခြံထောင့်ရှိ မြန်မာ့အလင်းသတင်းစာတိုက်ကို ရဟန်းပျိုများဝိုင်းရံ ကြွရောက်လာခဲ့ကြ၏။ သတင်းစာအသီးသီးတွင်လည်း တက်ဘုန်းကြီးဝတ္ထုရေးသူ သိန်းဖေ

နှင့်ရဟန်းတော်များ မခံမရပ်နိုင်သည့်အကြောင်းများ ထည့်သွင်းဖော်ပြခဲ့ရာ ရက်အတော်ကြာညောင်းသွားသည်။ ယင်းအချိန်ကစပြီး ကိုသိန်းဖေ အမည်ရှေ့တွင် "တက်ဘုန်းကြီး" အမည်တပ်ကာ "တက်ဘုန်းကြီး သိန်းဖေ"ဟုထင်ရှားလာခဲ့သည်။

ယင်းနောက် တက်ဘုန်းကြီးသိန်းဖေသည် သပိတ်မှောက်ကျောင်းသားဝတ္ထုရှည်နှင့် အခြားသောဆောင်းပါး အမြောက်အမြားရေးသားခဲ့သည်။ ၁၉၃၆ ခုနှစ်လောက်ကပင် သတင်းစာဆရာအဖြစ်ဆောင်ရွက်ခဲ့သည်။ ပထမဆုံး ဒီးဒုတ်ဂျာနယ်တွင် ဆောင်းပါးရှင်အဖြစ်ဖြင့်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာတွင် သတင်းထောက်အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးသိန်းဖေသည် ၁၉၃၆ ခုနှစ်တွင် အိန္ဒိယပြည် လက်ကနောင်းမြို့၌ကျင်းပသော အိန္ဒိယကွန်ဂရက်ညီလာခံသို့ သတင်းထောက်အဖြစ်တက်ရောက်ခဲ့သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် "ယောက်ျားဂုဏ်ရည်" ရုပ်ရှင်ဒါရိုက်တာနှင့် မြန်မာ့ရုပ်ရှင်အချို့တွင် ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဦးစောဘိလပ်သွားပြဇာတ်ကို "တကောင်ကြွက်" ကလောင်အမည်ဖြင့်ရေးခဲ့သည်။ ၁၉၄၁-၄၂ ခုနှစ်တွင် ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ၏ စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် တက်ဘုန်းကြီးသိန်းဖေ (ခ) သခင်သိန်းဖေသည်မြန်မာပြည်၌ မရှိဘဲ အိန္ဒိယပြည်၌သာရှိနေသည်ကများခဲ့သည်။ နိုင်ငံရေးသမားတစ်ဦးအဖြစ် တော်လှန်ရေးအင်အားစု၏ စည်းရုံးရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်စောစောပိုင်းတွင် အိန္ဒိယပြည်နှင့် တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။

ဦးသိန်းဖေသည် ၁၉၄၅ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်လာခဲ့ပြီး၊ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်တွင် ပထမဆုံးဖွဲ့စည်းသော ဦးစီးအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ နုတ်ထွက်ခဲ့သည်။ ဘဲလားရေးသဘင်သစ်ကိုတီထွင်ပြသခဲ့ပြီး စိမ်းရောင်စိုအမည်ဖြင့် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသဘင်သစ်ကို တင်ဆက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် သူ၏သိန်းဖေအမည်ကို မိခင်အမည် "မြင့်" ဖြည့်ကာ "သိန်းဖေမြင့်"ဟု ပြောင်းလဲခေါ်တွင်လာခဲ့သည်။

ဦးသိန်းဖေသည် ၁၉၅၂ ခုနှစ်တွင် ပြည်သူ့ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဘုတလင်မြို့နယ် ပမညတအမတ်အဖြစ် အရွေးခံရပြီး ပမညတ ခေါင်းဆောင်ပါလီမန်အမတ်အဖြစ် ၁၉၆၀ ပြည့်နှစ်အထိဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဗိုလ်တထောင်သတင်းစာကို ဦးဆောင်ထုတ်ဝေခဲ့ပြီး ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ပြည်သူပိုင်အသိမ်းခံရသည့်အထိ ဆောင်ရွက်ခဲ့သည်။ ယင်းနောက်ပိုင်း ဗိုလ်တထောင်သတင်းစာတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဆောင်းပါးများ ရေးသားခဲ့သည်။

ဦးသိန်းဖေသည် ၁၉၅၆-၅၇၊ ၁၉၅၇-၅၈၊ ၁၉၆၂-၆၃ နှစ်များတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်နှင့် မြန်မာတရုတ်မိတ်ဆွေဖြစ်အသင်းတို့တွင် ပါဝင်ခဲ့သည်။

ဦးသိန်းဖေသည် စာရေးဆရာ၊ သတင်းစာဆရာနှင့် နိုင်ငံရေးသမားအဖြစ် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အင်္ဂလန်၊ ဂျပန်၊ ဗီယက်နမ်၊ အမေရိကန်၊ ရုရှား၊ အရှေ့ဂျာမဏီ၊ ရူမေးနီးယား စသည့်နိုင်ငံများသို့သွားရောက်ခဲ့သည်။

၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ သူရိယသတင်းစာပါ “မန္တလေးအင်တာမီဒီယိတ် ခေါ် ဥပစာကျောင်း၌ အပိုမြန်မာစာ သင်ပြပို့ချသင့်ခြင်း” ဆောင်းပါးများသည် ဦးသိန်းဖေ၏ ပထမပုံနှိပ်စာမူဖြစ်သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ခရီးသွားစာပေ၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေးစာပေနှင့် စာပေရေးရာများစွာရေးသားခဲ့သည်။

ဦးသိန်းဖေသည် ၁၉၅၈ ခုနှစ်တွင် “အရှေ့ကနေဝန်းထွက်သည့်ပမာ” ဖြင့် စာပေဗိမာန် ဝတ္ထုရှည်ဆုရရှိခဲ့ပြီး “ဝိသေသတိုင်းသမိုင်းအစ” ဖြင့် ၁၉၆၇ ခုနှစ်၊ အမျိုးသားစာပေ (စာပဒေသာ) ပထမဆုကိုလည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် “သီတာပြုံး” ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေ (ဝတ္ထုရှည်) စတုတ္ထဆုရရှိခဲ့သည်။ ၁၉၄၃ ခုနှစ်တွင်အိန္ဒိယနိုင်ငံ၌ အင်္ဂလိပ်ဘာသာဖြင့် What Happened in Burma (Myanmar) နှင့် Over The Ashes တို့ကိုရေးသားထုတ်ဝေခဲ့သည်။

ဦးသိန်းဖေသည် သိန်းဖေမြင့်ကလောင် အမည်များအပြင်၊ ဝနေငဘော၊ သိန်းနေနွယ်၊ တက္ကသိုလ်အကျော့၊ တစ်ကောင်ကြွက်၊ ဦးကျောက်လုံး၊ သိန်းဖေ၊ တက်ဘုန်းကြီးသိန်းဖေ၊ မောင်တူ စသည့်ကလောင်အမည်များဖြင့်လည်း ရေးသားခဲ့သည်။

ဦးသိန်းဖေ၏ ထင်ရှားသောစာအုပ်များမှ အချို့ကိုဖော်ပြရလျှင် ဆရာလွန်းအတ္ထုပ္ပတ္တိ၊ တက်ဘုန်းကြီး၊ တက်ခေတ်နတ်ဆိုး၊ ဦးစောဗိုလတ်သွားပြဇာတ်၊ ဇာတ်ဆရာ

ဦးဖိုးစိန်၊ စစ်အတွင်းခရီးသည် တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံများ၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ ကျော်ငြိမ်း၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝိသေသတိုင်းသမိုင်းအစ၊ တိုက်ပွဲဝင် စာများ၊ သီတာပြုံး၊ တစ်ခုသောငွေရတုသဘင်၊ ၆၀ ကျော်မှရေးသော ဝတ္ထုများ၊ ကျွန်တော် တို့ မွန်မြန်မာ၊ တိုက်ပွဲဝင်စာများ၊ သီတာပြုံး၊ တစ်ခုသောငွေရတုသဘင်၊ ကျွန်တော်တို့မွန် မြန်မာ၊ ချစ်ကြည်ရေး ခရီးသည်၊ နုတင်နှင့်ဆွေငြိမ်း ဘယ်သူမှန်သလဲ၊ နေရစ်တော့ ခေတ်ဟောင်း၊ ပြည်သူ့ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး သဘောတရားများ၊ ပွင့်ပွင့်လင်းလင်း ယောကျ်ားတို့အကြောင်း၊ ဘုံဝါဒနှင့်တို့ဗမာ၊ မြန်မာစာပေအထွေထွေ ပြဿနာ၊ သပိတ် မှောက်ကျောင်းသား၊ သူတို့လင်မယား (၃၄) နှစ်၊ အညာပြန်၊ အနောက်ကို လျှောက်ပါလို့ အရှေ့ကိုတဲ့မျှော်လိုက်ရင်၊ အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ စသည်တို့ဖြစ်သည်။

ဦးသိန်းဖေသည် ၁၉၆၂ ခုနှစ်တွင် ယဉ်ကျေးမှုကောင်စီအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင် ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် တော်လှန်ရေးကောင်စီအတိုင်ပင်ခံအဖြစ်ဖြင့်လည်း ကောင်း၊ ၁၉၇၃ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကော်မရှင်လူကြီးအဖြစ်ဖြင့်လည်း ကောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်လူကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးသိန်းဖေ၏ "အရှေ့ကနေဝန်းထွက်သည့်ပမာ" ဝတ္ထုကို ရုရှားဘာသာသို့လည်း ကောင်း၊ ရေနံ့ဝတ္ထုတိုနှင့် ငွေစိန်လှေလှော်ရင်းတက်ကျိုးခြင်း ဝတ္ထုတို့ကို ရုရှားနှင့် ဂျာမန် ဘာသာသို့လည်းကောင်း ပြန်ဆိုခဲ့သည်။ သူ၏ နောက်ဆုံးလက်ရာမှာ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် "ဘိုးဘိုးနှင့် ဘွားဘွားအချစ်ပွား" ဝတ္ထု ရှည်နှင့် "သူတို့လင်မယား ၃၄ နှစ်" ဝတ္ထုရှည်တို့ဖြစ်သည်။

ဦးသိန်းဖေသည် ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ရန်ကုန်၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** (၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၉) စာ ၂၄၈-၂၄၉။

(၂) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ ၆၈-၇၀။

(၃) ရာပြည့်ဦးစိုးညွန့်၊ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀၊ စာ ၇၅- ၇၇။

# ဦးသိမ်း (တိုးတက်ရေး ဦးသိမ်း)



သတင်းစာဆရာ ဦးသိမ်းကို ၁၉၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်ကွမ်းဆိပ်ရွာ၌ အဖ ဦးအုံးသွင်နှင့် အမိ ဒေါ်ဖွားတင်တို့က မွေးဖွားသည်။

ဦးသိမ်းသည် ၁၉၃၂-၃၃ ခုနှစ်တွင် ၁၀တန်းအောင်မြင်ပြီး၊ နယူးဘားမားအင်္ဂလိပ် သတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ်စတင်လုပ်ကိုင်သည်။ ထို့နောက် သခင်အဖွဲ့သို့ဝင်၍ သခင်အမည်ခံယူခဲ့သည်။ ဦးသိမ်းသည် နယူးဘားမားအင်္ဂလိပ်သတင်းစာမှ ဦးထွန်းသန်း ဦးစီးသော တိုးတက်ရေးမဂ္ဂဇင်းနှင့် တိုးတက်ရေးသတင်းစာတိုက်သို့ ရွှေ့ပြောင်း၍ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းချစ်ပြည်ချစ် စိတ်ထက်သန်ရေးများကို လှုံ့ဆော်ရေးသားခဲ့ရာ တိုးတက်ရေးဦးသိမ်းဟူသော အမည်ရရှိခဲ့သည်။

ဦးသိမ်းသည် ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်မြို့သို့ချီတက်ခဲ့သော ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံအောင်မြင်ရေးကို ဆယ်သန်းတက္ကသိုလ်ဆုမြိုင်၊ မြန်မာ့အလင်းဦးချစ်မောင်၊ တက်ဘုန်းကြီးသိန်းဖေ (သိန်းဖေမြင့်) တို့နှင့်အတူ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဦးသိမ်းသည် ၁၉၄၀ ပြည့်နှစ်တွင် အရှေ့တိုင်းပြဿနာစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေများကို တင်ပြ၍ ပြည်သူလူထုအတွင်း နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ပေါ်ပေါက်စေရန် သွေးထိုးလှုံ့ဆော်ရေးသားထားသောစာအုပ်ဖြစ်သဖြင့် ဦးသိမ်းသည် ဗြိတိသျှကိုလိုနီအစိုးရ၏ သတိပေးခြိမ်းခြောက်ခြင်း ခံခဲ့ရသည်။

ဦးသိမ်းသည် ဖက်ဆစ်တော်လှန်ရေးတွင် တိုင်းလေး၌ တာဝန်ယူခဲ့သည်။ ပြည်သူ့စစ်ဥက္ကဋ္ဌ၊ နိုင်ငံရေးမှူးနှင့် အထွေထွေဌာနကြီးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင် အင်္ဂလိပ်အစိုးရ၏ ဆင်းမလားစာရင်းဝင် နိုင်ငံရေးသမားအဖြစ် ဝရမ်းထုတ်ခြင်းကိုခံခဲ့ရသည်။ ထို့နောက် စစ်ကြီးအပြီးတွင် ဦးသိမ်းသည် အာရှလူငယ်အစည်းအရုံးကို နာမည်ပြောင်းထားသော ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး၏ အဖွဲ့ခွဲ သိမ်ဖြူ တိုက်နယ်ဥက္ကဋ္ဌနှင့် ရန်ကုန်ခရိုင်ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၅) စာ ၂၅၅-၂၅၆။

# ဦးသိမ်းမောင် (သံတော်ဆင့် - ဦးသိမ်းမောင်)



သတင်းစာဆရာ ဦးသိမ်းမောင်ကို ၁၈၉၈ ခုနှစ်တွင် မအူပင်မြို့ အပိုင်၊ မလက်တိုရွာကြီးတွင် ကျောင်းဒါယကာ ရွာသူကြီး ဦးဘိုးဆယ်၊ ဒေါ်မယ်မှီတို့မှ မွေးဖွားခဲ့သည်။

ဦးသိမ်းမောင်သည် ရန်ကုန်တွင်ပညာသင်ယူနေစဉ် ၁၉၂၀ ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အကြောင်းပြု၍ တစ်နိုင်ငံလုံးကျောင်းသား သပိတ်မှောက်ရာတွင် ပါဝင်ခဲ့သည်။ အမျိုးသားကျောင်းများပေါ်ပေါက်လာသောအခါ ကြည့်မြင်တိုင်တွင် ကွယ်လွန်သူ အာဇာနည် အမျိုးသားခေါင်းဆောင်ကြီး သခင်မြနှင့်အတူ ကျောင်းဆရာတစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။

ဦးသိမ်းမောင်သည် ၁၉၂၄ ခုနှစ်တွင် ကြယ်တံခွန်သတင်းစာတိုက်မှတစ်ဆင့် သူရိယ သတင်းစာတိုက်သို့ ပြောင်းရွှေ့အမှုထမ်းသည်။ ၁၉၃၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ရဲမြန်မာ စာအုပ်ကိုရေးသားပြုစုခဲ့သည်။ မင်းရဲကျော်စွာ၊ ရာဇဓိရာဇ်၊ မဟာဗန္ဓုလ၊ ဘုရင့်နောင်၊ အလောင်းဘုရားဟူသော မြန်မာသူရဲကောင်းဝတ္ထုများရေးသားခဲ့သည်။ သတင်းစာ ဆရာဟူ သောအမည်ဖြင့် သတင်းစာပညာနှင့်ပတ်သက်သော ပညာပေးစာအုပ်ကို မြန်မာဘာသာ ဖြင့် ပထမဦးဆုံးပြုစု ထုတ်ဝေခဲ့သည်။

ဦးသိမ်းမောင်သည် ဂျပန်ခေတ် ပထမဆုံး စာဆိုတော်နေ့ကို ကျင်းပနိုင်ရန် ကြိုးပမ်း သူတစ်ဦးဖြစ်ပြီး စာဆိုတော်နေ့ကို စတင်ကျင်းပရာတွင်ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံစာရေး ဆရာအသင်း ပထမဆုံး ဥက္ကဋ္ဌ၊ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပုံနှိပ်ထုတ်ဝေသူများ သမဝါယမအသင်း ဥက္ကဋ္ဌ စသည်ဖြင့် စာပေနယ်နှင့် ပတ်သက်သော အဖွဲ့အစည်းများတွင် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ်တွင် သံတော်ဆင့်သတင်း စာကို စတင်ထူထောင်ခဲ့သူလည်း ဖြစ်သည်။

ဦးသိမ်းမောင်သည် ၁၉၅၉ ခုနှစ်တွင် သက်ဆိုင်ရာမှ တာဝန်ပေးချက်အရ မြဝတီ မဂ္ဂဇင်းတွင် ၂ နှစ်တိတိ အယ်ဒီတာချုပ်အဖြစ်တာဝန်ယူခဲ့ပြီး၊ အငြိမ်းစားယူခဲ့သည်။

ဦးသိမ်းမောင်နှင့်ပတ်သက်၍ မေ့မရနိုင်အောင် ထူးခြားသောအကျင့်တစ်ခုရှိသည်။ ယင်းကားအခြားမဟုတ် "မီးခဲပြာဖုံး ဖြစ်နေသော ဘဝတူစာရေးဆရာပညာရှင်များနှင့် အလားအလာရှိသူများကို စာပေစင်မြင့်တွင် ထင်ရှားကျော်ကြားလာအောင် စွမ်းဆောင် ကူညီ၍ ထမ်းပိုးသယ်ဆောင်တတ်သောအကျင့်ပင်ဖြစ်သည်ဟု" ဆိုစမှတ် ပြုခဲ့ကြသည်။

ဦးသိမ်းမောင်ပြုစုရေးသားခဲ့သောစာအုပ်များမှာ ရဲမြန်မာ၊ မင်းရဲကျော်စွာ၊ မဟာဗန္ဓုလ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗညားနွဲ့၊ ရာဇသင်္ကြန်၊ သတင်းစာဆရာ၊ ဂီရိရတနာဆောင်းပါးမဟာ၊ ပန်တော်ဦး၊ သာသနာ့ငါသာပြုရလျှင် ကိုယ်တွေ့ယိုးဒယား ကျော်ပုဂံ၊ ရွှေပြည်သာယာအဖြည့်ခံစာ၊ ဘိုးရာဇာအတ္ထုပ္ပတ္တိ၊ ပုဂံခေတ်ယဉ်ကျေးမှု၊ ပဲခူးမဟာစေတီသမိုင်း၊ ပင်တိုင်စံနှင့်သူ့ရဲကောင်း၊ ရန်ကုန်ရာဇဝင်သမိုင်း၊ ရဲတပ်သမိုင်း(စာမူ)၊ လက်ဖက်ရည်ကြမ်းဝိုင်း၊ ရာဂဗွက်အိုင်၊ သိန်းခုနစ်ထွေ(ဝတ္ထု)၊ လူရှုက္ခစိုး၊ ဂျော်ဂျတ်တဲ့မေမေ စသည်တို့ဖြစ်သည်။ နောက်ဆုံးပြုစုရေးသားခဲ့သောစာအုပ်မှာ ရန်ကုန်သမိုင်းဖြစ်သည်။

ဦးသိမ်းမောင်သည် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ၊ ၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** **မောင်သုတ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ စာ -၃၄၇-၃၄၈၊ ဦးသိမ်းမောင်၊ မြန်မာ့သူရဲကောင်း။**



# ဦးအေးမောင် (လင်းယုန်သစ်လွင်)

စာရေးဆရာလင်းယုန်သစ်လွင်အမည်ခံ သတင်းစာဆရာ ဦးအေးမောင်ကို ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့တွင် အဖ ကုန်သည်ကြီး ဦးဖိုးလူ၊ အမိဒေါ်နှင်းဦးတို့က ၁၉၁၇ ခု၊ စက်တင်ဘာလ ၉ ရက်နေ့၌ မွေးဖွားခဲ့သည်။

ဦးအေးမောင်သည် ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အဌမတန်းအထိ ပညာဆည်းပူးခဲ့သည်။ ဦးအေးမောင်သည် စစ်မဖြစ်မီ မော်လမြိုင်မြို့မှထုတ်ဝေသော "ခေါင်းဆောင်" သတင်းစာတွင် နယ်သတင်းထောက်အဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ၁၉၄၇ ခုနှစ်တွင် "ဟံသာဝတီ"နှင့်"ဗမာ့ခေတ်" သတင်းစာနယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်သို့ရောက်ရှိခဲ့ပြီး၊ " လင်းယုန်သတင်းစာ" တွင် အလုပ်သမားသတင်းထောက်အဖြစ်လုပ်ရာမှ "လင်းယုန်သစ်လွင်" ဟူသောကလောင်အမည်ကို ယူခဲ့သည်။ ထို့နောက် လင်းယုန်ဂျာနယ်၊ ပြည်တော်သစ် ဂျာနယ်၊ လူထုဂျာနယ်တို့တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ရှုဒေါင့်ဂျာနယ်တွင်လည်း အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

ဂျပန်ခေတ်က သံဖြူဇရပ် မီးရထားလမ်း ဖောက်လုပ်ရာသို့ ချွေးတပ်နှင့်အတူရောက်ရှိခဲ့သဖြင့် သံဖြူဇရပ် မီးရထားလမ်းဖောက်ရာတွင် ကြုံတွေ့ခဲ့ရသောချောက်ချားဖွယ်ဖက်ဆစ်ငရဲခန်းအဖြစ်ပျက်များကို မဂ္ဂဇင်းများတွင် ဆောင်းပါး၊ ဝတ္ထုအဖြစ်လည်းကောင်း၊" သေမင်းတမန်လမ်းပေါ်ဝယ်" စာအုပ်ကိုလည်းကောင်း ရေးသားထုတ်ဝေခဲ့ သည်။ ၁၉၅၀ ပြည့်နှစ် စာရေးဆရာအသင်းနှစ်ပတ်လည် စာပေပြိုင်ပွဲတွင် ဝတ္ထုတိုဆုကို "တို့ကျေးရွာ" ဝတ္ထုဖြင့် ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လုံးချင်းစာအုပ် (၆၆) အုပ် ရေးသားခဲ့သည်။

၁၉၆၂ ခုနှစ်တွင် "သီတာသောင်ခြေဦး" လုံးချင်းဝတ္ထုဖြင့် ဝတ္ထုရှည်အမျိုးသားစာပေဆုရရှိခဲ့ပြီး၊ ၁၉၆၈ ခုနှစ်တွင် "ယိုးဒယားမြန်မာမီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း" စာအုပ်ဖြင့် စာပဒေသာအမျိုးသားစာပေ ဒုတိယဆုရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် "မမွဝိလာသ" ဝတ္ထုဖြင့် ဝတ္ထုရှည် အမျိုးသားစာပေဆုရရှိခဲ့သည်။

ဦးအေးမောင်သည် ၁၉၅၇-၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင် အဖြစ်တာဝန်ယူခဲ့သည်။

ဦးအေးမောင် ပြုစုခဲ့သောစာအုပ်အချို့မှာ ဘုံကျွန်၊ သေမင်းတမန်လမ်းပေါ်ဝယ်၊ သောင်းဒီပါမြေ၊ ဓမ္မရက္ခိတ ဝတ္ထုများဖြစ်သည်။ “ ယိုးဒယားမြန်မာမီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း” စာအုပ်ကိုဂျပန်နိုင်ငံ “ မိနိချိ သတင်းစာတိုက်” မှ ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဦးအေးမောင်သည် သီတာသောင်ခြေဦးဝတ္ထုရှည်ကိုရေးသားရာတွင် “ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မထင်မရှားကျောခိုင်းထားခြင်း ခံနေကြရရှာသော လူတန်းစားတို့အား ဂုဏ်ပြုရေးသားသည်ဟု ပွင့်လင်းစွာ ရည်ညွှန်းဖော်ပြထားသည်။ ရေလုပ်သားများသည် အလုပ်အကိုင်အားဖြင့် ငါးဖမ်း၍ အသက်မွေးကြရသော်လည်း၊ ယင်းတို့တွင် အခြားသူများ ကဲ့သို့ပင် သနားကြင်နာတတ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသည့် ပြဟ္မစိုရ်တရားတို့ဖြင့် ထုံသည့်နှလုံးသားများရှိကြောင်း၊ သူတို့ဘဝမှာ အကြောင်းအားလျော်စွာ ငါးညှီနံ့ဖုံးလွှမ်းနေ သော်လည်း နှလုံးသားတွင်မူ မွှေးကြိုင်လျက်ရှိကြောင်း ဇာတ်ဆောင်တစ်ဦးဖြစ်သူ ပိုက်သူကြီး သား တံငါဖလောင်းစိန်ပွင့်ကပြထားလေသည်။” အဆင့်အတန်းမြင့်သောဘဝ သရုပ်ဖော် ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း မှတ်သားရသည်။

ဦးအေးမောင်သည် ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင်ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။ ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ ၊ စာ၁၀၅-၁၀၇။**



# ဦးအောင်ဆွေ (ဒေါင်းနွယ်ဆွေ)

စာရေးဆရာဒေါင်းနွယ်ဆွေအမည်ခံ သတင်းစာဆရာဦးအောင်ဆွေကို ဧရာဝတီတိုင်း၊ သာပေါင်းမြို့၌ အဖ ရာဇဝတ်ဝန်ထောက် ဦးဘထိန်၊ အမိ ဒေါ်ဖုန်းရိန်တို့မှ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် မွေးဖွားခဲ့သည်။ အမည်ရင်း မောင်အောင်သာမှ မောင်အောင်ဆွေဟု အမည်ပြောင်းခဲ့သည်။

ဦးအောင်ဆွေသည် ၁၉၄၀-၄၂ ခုနှစ်တွင် ငါးသိုင်းချောင်းမြို့ အမျိုးသားကျောင်းတွင် လည်းကောင်း၊ ၁၉၄၆-၄၇ ခုနှစ်တွင် ရန်ကုန်ဗဟိုအစိုးရ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ၁၉၄၇-၄၈ ခုနှစ်တွင် ရန်ကုန်ပြည်သူ့သိပ္ပံ အလွတ်ပညာသင်ကျောင်းတွင် လည်းကောင်း၊ ၁၉၄၉-၅၀ ခုနှစ်တွင် ရန်ကုန်ရေကျော် မက်သဒစ်ကျောင်းတို့တွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ယူခဲ့သည်။

၁၉၅၀-၅၁ ခုနှစ်တွင် စီးပွားရေးသတင်းစာ ဘာသာပြန်အယ်ဒီတာ၊ ၁၉၅၂ ခုနှစ်တွင် ကလောင်သစ်မဂ္ဂဇင်း၊ စာပေသစ်မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းတို့၌ အယ်ဒီတာ၊ ၁၉၅၃ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ တိုင်းရင်းမေဂျာနယ် အယ်ဒီတာ၊ ၁၉၆၁ မှ ၁၉၆၃ ခုနှစ်အထိ အလွတ်ပညာသင်ကျောင်းဆရာ၊ ၁၉၆၉ ခုနှစ်တွင် ဖြူနီညိုပြာ မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ၊ ၁၉၆၉ မှ ၁၉၇၂ ခုနှစ်အထိ အိုးဝေဂျာနယ်အုပ်ချုပ်မှု အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ပြည်ဟိန်းကျော်အမည်ဖြင့်လည်း လက္ခဏာဗေဒင် ဟောပြောခဲ့သည်။

ဦးအောင်ဆွေသည် ၁၉၄၉ ခုနှစ်မှစ၍ ကျောင်းသားလှုပ်ရှားမှုများနှင့် စာရေးသပိတ်ကာလ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ဗဟိုအစိုးရ အထက်တန်းကျောင်းနှင့် ပြည်သူ့သိပ္ပံ အလွတ်ပညာသင်ကျောင်းတို့တွင် ကျောင်းသားသမဂ္ဂများ၌ သာမန်အမှုဆောင်နှင့် ဒုတိယ ဥက္ကဋ္ဌ တာဝန်များကိုယူခဲ့သည်။ ၁၉၅၂ ခုနှစ် ကလောင်သစ်အဖွဲ့ တည်ထောင်သူများတွင် ပါဝင်ခဲ့သည်။ ၁၉၅၂-၆၃ ခုနှစ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းအမှုဆောင်၊ ၁၉၅၆-၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ကဗျာဆရာ အသင်းချုပ်ဥက္ကဋ္ဌနှင့် ၁၉၆၂ ခုနှစ်တွင် ပြည်သူ့ကဗျာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဆိုဗီယက်ယူနီယံသို့သွားရောက်ခဲ့ပြီး၊ တပ်ရှကင့်မြို့၌ ကျင်းပသော အာရှအာဖရိက စာရေးဆရာများ ညီလာခံသို့ မြန်မာနိုင်ငံ ကဗျာဆရာအသင်း ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ရှုမဝရုပ်ရှင်မှ ရွှေရင်သိမ်းသစ်၊ လုလင်ငယ်သွေး၊ အပယ်ရတနာ၊ ချွေးကလေးတစ်စို့တစ်စို့၊ လှူမနော၊ စကြဝဠာ ရုပ်ရှင်မှ ဇာခန်းဆီး နောက်ကွယ်မှာ ဇာတ်ကားများတွင် ဇာတ်ပို့သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၄၆ ခုနှစ်၊ ဗဟိုအစိုးရ အထက်တန်းကျောင်းသားဘဝကပင် ကျောင်းနံရံကပ်စာစောင်၌ "ဒေါင်ဒင်" အမည်ဖြင့် ကဗျာစရေးခဲ့သည်။ ၁၉၄၈ခုနှစ်တွင် ဟံသာဝတီသတင်းစာနှင့် အိုးဝေသတင်းစာတို့၌ "ဒေါင်းနွယ်ဆွေ" အမည်ဖြင့် ကဗျာများ စတင်ရေးသားခဲ့သည်။ "စနေမောင်ပွေ"၊ "ဒေါင်ဒဲတွန့်"၊ "လေဥဒေါင်း"၊ ကလောင်အမည်များဖြင့်လည်း၊ ဟာသများရေးခဲ့သည်။ တိုင်းရင်းမေဂျာနယ်တွင် "ဇင်ဦး" အမည်ဖြင့် ကဗျာများရေးခဲ့သည်။

ထင်ရှားသောလက်ရာများမှာ ကဗျာပုလဲကုံး၊ ပုလဲပန်း၊ လောကမျက်ကန်း၊ လောကသစ္စာကိုရှာဖွေခြင်း၊ ကလျာမိမိမုန်း၊ မိုးသောက်လက်ာပန်း၊ ချစ်သူ့မျက်နှာကဗျာစက်ဝိုင်း၊ စသည့်ကဗျာလုံးချင်းများ၊ သင်ဘာကဗျာရေးမည်နည်း၊ ကဗျာသဘောတရားစာအုပ်၊ ဝက်ပါကဗျာလမ်း၊ မိုးဆန်သောမိုး၊ အသည်းနှင့်ထပ်တူ၊ ကဗျာလွတ်အနမ်း၊ မလွမ်းသောကြမ္မာနှောင်း၊ စသောဝတ္ထုရှည်ကြီးများနှင့် လမင်းကိုသက်သေတိုင်၊ မဟာရန်သူတော်စသောဝတ္ထုတို ပေါင်းချုပ်စာအုပ်များဖြစ်သည်။ ရုပ်ရှင် ဇာတ်ညွှန်းများလည်း ရေးခဲ့သည်။

ဦးအောင်ဆွေသည် ၁၉၈၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။**

**(၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၆) စာ-၁၉၀။**

**(၂) မလိခ၊ မြန်မာစာပေအဘိဓာန် (၃) စာ၁၈၃-၁၈၅။**

**(၃) ရာပြည့် ဦးစိုးညွှန့်၊ ၂၀ ရာစု မြန်မာစာရေး ဆရာ (၁၀၀)၊ စာ ၁၆၄-၁၆၅**

# ဦးအောင်မြင် (မြို့မမောင်)



စာရေးဆရာမြို့မမောင်အမည်ခံ သတင်းစာဆရာ ဦးအောင်မြင်ကို ၁၉၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် မြိတ်မြို့၊ ကန်ဖျားရပ်၌ အဖ သမားတော်ကြီး ဦးသင်နှင့် အမိ ဒေါ်သာညိမ်းတို့မှ မွေးဖွားသည်။

ဦးအောင်မြင်သည် အင်္ဂလိပ်မြန်မာ ၁၀ တန်းနှင့် အလယ်တန်းဆရာဖြစ်အောင်မြင်ပြီးသည့်နောက် ရန်ကုန်မြို့၊ မြို့မကျောင်း၌ ၁၀ နှစ်မျှကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။

ဦးအောင်မြင်သည် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ လောကသာရနေ့စဉ်သတင်းစာ၌ ညအယ်ဒီတာနှင့် နိုင်ငံခြားသတင်း ဘာသာပြန်အယ်ဒီတာအဖြစ်လည်းကောင်း၊ မြန်မာ့ဇေယျာနေ့စဉ်သတင်းစာ၌ နိုင်ငံခြားသတင်းဘာသာပြန် အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ တိုးတက်ရေးမဂ္ဂဇင်းတို့၌ ဆောင်းပါးများ ရေးသားခဲ့သည်။ ဗန္ဓုလဂျာနယ်၌ မြန်မာတစ်ဗစ်ဟူသော သုတပဒေသာအခန်းကို တာဝန်ယူခဲ့သည်။ ဆယ်သန်းမဂ္ဂဇင်း၊ ဆယ်သန်းဂျာနယ်၊ ဆယ်သန်းရက်ခြား သတင်းစာနှင့် ဆယ်သန်းနေ့စဉ်သတင်းစာများကို ကိုယ်တိုင်တည်ထောင်ထုတ်ဝေ၍ အယ်ဒီတာလုပ်ခဲ့သည်။ ဆယ်သန်းဟူသော အမည်ကိုယူခြင်းမှာ ထိုစဉ်က မြန်မာပြည်၌ရှိသောလူဦးရေ ၁၄ သန်းအနက်၊ နိုင်ငံခြားသား ၄ သန်းကိုဖယ်၍ မြန်မာတိုင်းရင်းသားဆယ်သန်းတို့၏ အသိဉာဏ်နှင့် စားဝတ်နေရေးတိုးတက်ရန် ရည်သန်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ ဆယ်သန်း၏ကြွေးကြော်သံမှာ"ခေတ်ကြီးကိုအတင်းပြောင်းမည်"ဟူ၍ဖြစ်သည်။

ဦးအောင်မြင်သည် မြို့မမောင် ကလောင်အမည်ဖြင့် မြန်မာတို့၏ အမျိုးသားရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် စပ်လျဉ်းသည့်ခေါင်းကြီးများ၊ ဆောင်းပါးများနှင့် ဝေဖန်ချက်များကို ရေးသားခဲ့သည့်အတွက် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ခြင်းအခံရဆုံး သတင်းစာဆရာများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သတင်းစာထုတ်ဝေမှုအတွက် အာမခံတောင်းခံခြင်းခံရသဖြင့် ငွေမတင်နိုင်သောကြောင့် ဆယ်သန်းနေ့စဉ်သတင်းစာကို ပိတ်လိုက်ရပြီးနောက် လွတ်လပ်ရေးတိုက်ပွဲဝင်စာအုပ်များဖြစ်သော စာအုပ်ဖြူစာစဉ်များကို ရေးသားထုတ်ဝေခဲ့သည်။ "သွေးနီပြိုင်ပွဲ" သည် ထူးခြားသောစာအုပ်များအနက် တစ်အုပ်ဖြစ်သည်။

အင်္ဂလိပ်အစိုးရက ထိုစာအုပ်များကို တွေ့ရာနေရာသိမ်းစေဟု အမိန့်ထုတ်သည်။ ထိုမှုမှာ ကာကွယ်ရေးဥပဒေဖြင့် စာမရေးရ၊ အိမ်ပြင်မထွက်ရဟူ၍ စာရေးသားခြင်း၊ သွားလာခြင်းတို့ကို ချုပ်ချယ်ခဲ့သည်။

ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရက ထုတ်ဝေသောဗမာ့ခေတ်သတင်းစာ၌ ခေါင်းကြီးရေးအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်ခေတ်အတွင်းကြုံတွေ့ခဲ့ရသည်များကို ကိုယ်တွေ့ဝတ္ထုများအဖြစ်ရေးသားထုတ်ဝေခဲ့သည်။ စစ်ကြီးပြီးဆုံးသည့်နောက် လမ်းညွှန်နေ့စဉ်သတင်းစာနှင့် စီးပွားရေးနေ့စဉ်သတင်းစာတို့၏ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးအောင်မြင်သည် မြို့မမောင်သတင်းစာအမည်ဖြင့် ၁၉၄၆ ခုနှစ် အမျိုးသားနေ့ (၁၈-၁၁-၁၉၄၆) ၌ စတင်ထုတ်ဝေပြီး၊ ထိုနှစ် ဒီဇင်ဘာလအတွင်း၌ မြို့မမောင်သတင်းစာကို ရန်ကုန်သတင်းစာဟူ၍နာမည်ပြောင်းပြီးလျှင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်၍ ကိုယ်တိုင်ထုတ်ဝေခဲ့သည်။ ရန်ကုန်သတင်းစာ၌ စပ်စုမောင်၊ စပ်ဖြဲမောင်၊ ဦးရန်ကုန် စသည့် အခန်းများအတွက် တာဝန်ခံ၍ရေးပေးသည်။ ထို့အပြင်ရှုမဝ၊ သင့်ဘဝမဂ္ဂဇင်းတို့တွင်လည်း ဆောင်းပါးများ ရေးသားခဲ့သည်။

ဦးအောင်မြင်သည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ထိုအသင်း၏ အမှုဆောင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်

ဦးအောင်မြင်သည် ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ကိုးကားရန်အညွှန်း ။**

**(၁) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၄) စာ-၂၃၉-၂၄၀။**

**(၂) မလိခ၊ မြန်မာစာပေအဘိဓာန် ၂/စာ ၁၆၈-၁၆၉။**

**(၃) မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ ၃၈၅-၃၈၆။**

# ဦးအောင်သန်း (မောင်နေဦး)



သတင်းစာဆရာ ဦးအောင်သန်း (မောင်နေဦး) ကို ၁၉၂၂ ခုနှစ်တွင် အဖ ဦးကြူး၊ အမိဒေါ်ဒေါ်စောတို့မှ မန္တလေးမြို့ သူရဲဈေးရပ်၌ မွေးဖွားခဲ့သည်။

ဦးအောင်သန်းသည် တန်းမြင့်ကျောင်းတွင်ပညာသင်ယူခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၄၈ ခုနှစ်၌ တောခို၍ မသုံးလုံးနယ်မြေ၌ လှုပ်ရှားခဲ့ရာမှ ၁၉၅၅ ခုနှစ်တွင်အလင်းဝင်ခဲ့သည်။ ဖဆပလခေတ် အဆက်ဆက်၌ တက္ကသိုလ်ကျောင်းသားတပ်ဦးအဖွဲ့ခေါင်းဆောင်အဖြစ် လှုပ်ရှားခဲ့ပြီး၊ ထောင်အကြိမ်ကြိမ်ကျခဲ့သည်။ ကိုကိုးကျွန်းပို့ရန်ဖြစ်သော်လည်း ကျန်းမာရေးကြောင့် အပို့မခံခဲ့ရပေ။

ဦးအောင်သန်းသည် ဟံသာဝတီသတင်းစာတွင် အချိန်ပိုင်းအယ်ဒီတာ၊ လူငယ်စာပေ အယ်ဒီတာ၊ ခေတ်ဂျာနယ်နှင့် လူထုဂျာနယ်အယ်ဒီတာများအဖြစ် လုပ်ကိုင်ခဲ့သည်။ ဟံသာဝတီသတင်းစာ စနေစာပေဝိုင်းကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်၍ အနုပညာလောက၌ ကျင်လည်ခဲ့သူတစ်ဦးဖြစ်သည်။

ဦးအောင်သန်းသည် မောင်နေဦး ကလောင်အမည်ဖြင့်ဆောင်းပါးများရေးခဲ့ပြီး "မှုန်နံ့သာခြယ်ကာသပါလို့" ရုပ်ရှင် ဇာတ်ကားဇာတ်ညွှန်းနှင့် သီချင်းကိုရေးသားခဲ့ပြီး ရုပ်ရှင်၊ အငြိမ့်၊ ဇာတ်သဘင်သီချင်းများ များစွာရေးသားခဲ့သည်။

ဦးအောင်သန်းရေးသားပြုစုခဲ့သောစာအုပ်များအနက်အချို့မှာ "ချာလီချက်ပလင်" (ဘာသာပြန်)၊ "လူသားမျိုး ပြုတ်မည်လော" (ဘာသာပြန်) စသည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

ဦးအောင်သန်းသည် မောင်နေဦးကလောင်အမည်ဖြင့် ပြည်သူတို့၏ စကားပြန်စာအုပ်တွင် "တရားနတ်စောင့်၊ နတ်ကို သတင်းစာစောင့်" ဟူသောဆောင်းပါး ရေးသားခဲ့သည်။ ယင်းဆောင်းပါးတွင် "တရားဥပဒေ၏အင်အားကောင်းမှုမှာ အချက်သုံးချက်ပေါ်တွင်တည်သည်ဟု ဆိုချင်ပါသည်။ တရားဥပဒေ၏ အကြောင်းချင်းရာအားလုံးကို ပြည်သူအများကောင်းစွာ သဘောပေါက်နားလည်ကြရမည်။ တရားတဘောင်ဖြစ်၍တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းကြရာတွင် စစ်ဆေးပုံအားလုံးကို ပြည်သူအများကောင်းစွာ သဘောပေါက်နားလည်ကြရမည်။ တရားတဘောင်ဖြစ်၍ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းရာတွင် စစ်ဆေးပုံ

အားလုံးကိုပြည်သူများ သိရှိနေကြရမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် တရားခံသည် အပြစ်ရှိသည်ဖြစ်စေ၊ အပြစ်ကင်းသည်ဖြစ်စေ စီရင်လိုက်သောစီရင်ချက်ကို ပြည်သူများသိရှိနေကြရမည်ဖြစ်သည်” ဤအချက်သုံးချက်က တရားဥပဒေ၏ အင်အားကောင်းမှုကို အဆုံးအဖြတ်ပေးသည်။

“တရားကိုနတ်စောင့်သည်” ဟူသောဆိုရိုးစကား၏အနက်အဓိပ္ပာယ်မှာ “တရားသဖြင့် မှန်မှန်ကန်ကန် စစ်ဆေးစီရင်သည်ဟူသော ထင်မြင်ချက်မျိုး ပြည်သူလူထုအတွင်း ဖွဲ့စည်းခိုင်မာလာစေရန် အထက်ဖော်ပြပါ အချက်သုံးချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ ဤအချက်သုံးချက်ကို သတင်းစာများကဖြည်ဆည်းပေးနေပါသည်။ ထို့ကြောင့် နတ်ကို သတင်းစာက စောင့်သည်ဟု ဆိုခြင်းဖြစ်ပါသည်” ဟု ဖော်ပြထားသည်မှာ စိတ်ဝင်စားစရာဖြစ်ပါသည်။

ဦးအောင်သန်းသည် အော်ပရာဇာတ်တိုက်ရာမှ ရရှိခဲ့ဖူးသော ဒဏ်ရာကြောင့် ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း ။** **(၁) နေထွတ်၊ မန္တလေးအဘိဓာန်၊ စာ ၂၃၀။**
**(၂) ပြည်သူတို့၏စကားပြန်၊ စာ - ၁၆၃-၁၆၈။**



## ဦးအောင်သိန်း (မြဒေါင်းညို)

သတင်းစာဆရာ ဦးအောင်သိန်း (စာရေးဆရာ မြဒေါင်းညို) ကို ၁၉၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၌ ဦးမြ၊ ဒေါ်မိလေးတို့က ဖွားမြင်ပါသည်။

ဦးအောင်သိန်းသည် ရန်ကုန်မြို့စိန်ပေါအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ရာ ၁၉၃၂ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို အင်္ဂလိပ်၊ မြန်မာ၊ ရာဇဝင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူခဲ့ရာ ၁၉၃၆ ခုနှစ်တွင် တက္ကသိုလ်သပိတ်မှောက်ရာ၌ ပါဝင်ခဲ့သည်မှစ၍ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့သည်။ တက္ကသိုလ်မှထွက်လျှင်ထွက်ချင်း "နယူးဘားမား အင်္ဂလိပ်သတင်းစာ" တွင် ဝင်ရောက်လုပ်ကိုင်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ တက္ကသိုလ်ပညာကို ဆက်လက်သင်ယူပြီးနောက် ဝိဇ္ဇာဘွဲ့ကိုဆွတ်ခူးရရှိသည်။

တက္ကသိုလ်ကျောင်းသားဘဝကပင်စတင်၍ ဂန္ထလောက၊ အိုးဝေစသောမဂ္ဂဇင်းများတွင် မြဒေါင်းညိုဟူသော ကလောင်အမည်ဖြင့် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများရေးသားခဲ့သည်။ နယူးဘားမားသတင်းစာ၌လည်း ရတနာစိန် ဟူသောကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားသည်။ ထို့ပြင် ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ တိုးတက်ရေးသတင်းစာတို့တွင် ဆောင်းပါး ဝတ္ထုများရေးသားခဲ့သည်။ သူရိယ၊ မြန်မာ့အလင်း၊ ဆယ်သန်း၊ ဗမာ့ခေတ်စသော သတင်းစာများတွင်လည်း အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သံတော်ဆင့် ဦးသိမ်းမောင် စသောစာရေးဆရာ သတင်းစာဆရာကြီးများထံ ပညာဆည်းပူးရင်း ဆောင်းပါးရှည်ကြီးများနှင့် ခေါင်းကြီးများကိုဝင်ရောက်ရေးသားခဲ့သည်။

ဦးအောင်သိန်း၏ မြဒေါင်းညိုကလောင်အမည်ဖြင့် ပထမဆုံးသောလုံးချင်းစာအုပ်မှာ စာရေးဆရာမကြီး ပါးလ်အက်စဗတ်၏ သည်ဂွတ်အတ်ဝတ္ထုကိုမှီး၍ သာယာဝတီဂဠုန်ဆရာစံ၏ ပုန်ကန်ထကြွမှုကိုဂုဏ်ပြုသောအားဖြင့် ရေးသားသော ဝသုန္ဒြေမြေ ဖြစ်သည်။ ထို့နောက်နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေသော အောင်ငါ့သား ငါ့သား၊ အိုင်ယာလန်သူပုန်အဖွဲ့ ကူကလုကလန်၊ မာတာဟာရီ ကမ္ဘာ့လျှို့ဝှက်အသင်းများ၊ ဘန္ဓေမာတရမ်ကိုမှီးသော အမေ ရှုံးဆိုး ရေးသားသော ဆိုရှယ်လစ်ဝါဒ၊ ပါတော်မူနေ့ အထိမ်းအမှတ်အဖြစ် တောက်ခေါက်မိ တယ်တဲ့၊ ဗမာ့ဝါဒ၊ ကူလီ၊ အလုပ်ရုံ အလုပ်သမားပိုင်ရမည်၊ မာရှယ်တီတိုး၊ အိုင်ဆင်

ဟောင်ဝါ၊ ဗမာ့ဆင်းရဲသားဘုံဝါဒ၊ ဘူရှီဒိုစသော စာအုပ်များကို ရေးသားခဲ့သည်။

ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ရဲဘော်သုံးကျိပ်တို့အကြောင်း ရေးသားပြုစု၍ ရဲဘော်သုံးကျိပ်အမည်ဖြင့် စာအုပ်ထုတ်ဝေရာ မြန်မာနိုင်ငံစာရေးဆရာ အသင်း ဆုရရှိသည်။ ထို့နောက် နာမည်ကြီးရွှေတောင်တိုက်ပွဲအကြောင်း စာအုပ်ကိုလည်း ရေးသားထုတ်ဝေသည်။ တစ်ဖန်တော်လှန်ရေးအတွင်း ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သော ဖောင်ကြီးတိုက်ပွဲကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်မှုအမျှဝေပါ ဟူသောစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ဦးအောင်သိန်းသည် ၁၉၄၇ ခုနှစ်တွင် တိုင်းလုံးကျော်၊ ဇွဲ၊ ဘွင်းဘွင်း၊ ဘဝသစ် စသော ညနေသတင်းစာများကို ကိုယ်တိုင်ကြီးကြပ်ထုတ်ဝေလေသည်။

ဦးအောင်သိန်းသည် ၁၉၅၇ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ၏ ပညာတော်သင်ဆုကို ရရှိပြီး၊ ယူဂိုစလားဗီးယားနိုင်ငံ ဗဲလဂရိတ်တက္ကသိုလ်သို့ ပညာသင်သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် "အလုပ်ရုံ အလုပ်သမားကိုယ်ပိုင်အုပ်ချုပ်ရေးပညာ" ဟူသော ကျမ်း စာအုပ်ကို ပြုစုရေးသားကာ (ပါရဂူဒေါက်တာ) ဘွဲ့ကိုဆွတ်ခူးရရှိသည်။ ၁၉၆၁ ခုနှစ်တွင် ထိုကျမ်းစာအုပ်ကို ဗဲလဂျီယံနိုင်ငံမှ ထုတ်ဝေဖြန့်ချိရန်သွားရောက်သည်။ ထိုမှတစ်ဆင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၏ ပညာသင်ဆုရရှိကာ အမေရိကန်ပြည်နယူးယော့မြို့သို့ သွားရောက်အမှုထမ်းသည်။ ဒေါက်တာဦးအောင်သိန်းသည် အမေရိကန်ပြည် ဟားဗတ် တက္ကသိုလ်တွင် ဘောဂဗေဒပါမောက္ခအဖြစ်ထမ်းဆောင်သည်။

ဦးအောင်သိန်းသည် ၁၉၈၃ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် အမေရိကန် နိုင်ငံ၊ နယူးယောက်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။ ။ မြဒေါင်းညို၊ ရဲဘော်သုံးကျိပ်။**
**မြဒေါင်းညို၊ ရွှေတောင်တိုက်ပွဲ။**



# ဦးအုန်းခင် (ဗမာ့ခေတ် ဦးအုန်းခင်)

သတင်းစာဆရာ ဗမာ့ခေတ် ဦးအုန်းခင်ကို ၁၉၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပန်းတနော်မြို့နယ်၊ မင်းတစုရွာ၌ အဖ ဦးဖိုးလှိုင်၊ အမိ ဒေါ်စံပယ်တို့မှ မွေးဖွားသည်။

ဦးအုန်းခင်သည် မအူပင်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၂၀ ပြည့်နှစ် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ယင်းကျောင်းမှ ၁၀ တန်းကို အောင်မြင်ခဲ့ရာ အစိုးရစကောလားရှစ်ဆုရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ အထက်တန်းအထိ ပညာသင်ယူခဲ့သည်။

၁၉၃၀ ပြည့်နှစ် တို့ဗမာအစည်းအရုံးတွင် သခင်ဘသောင်း၊ သခင်လှဘော်တို့နှင့် အတူ တာဝန်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ကာယဗလ ဦးရှိန်၊ ဦးဇော်ဝိတ်တို့နှင့်အတူ ကျန်းမာရေးအတွက် ခြေလျင်လျှောက်ခြင်းပြုလုပ်ကြရန် နှိုးဆော်ရာ၌ပါဝင်ခဲ့၍ "ခြေလျင်အုန်းခင်"ဟု အမည်တွင်ခဲ့သည်။

ဦးအုန်းခင်သည် ၁၉၃၈ ခုနှစ်တွင် နဂါးနီစာအုပ်တိုက်၌ မန်းနေဂျင်းဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် "ဗမာ့ခေတ်သတင်းစာ"ကို စတင်တည်ထောင်ပြီး ၁၉၆၁ ခုနှစ်အထိ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ "ဗမာ့ခေတ်အုန်းခင်"ဟု လူသိများခဲ့သည်။

ဦးအုန်းခင်သည် ၁၉၆၁ ခုနှစ်တွင် "မိုးကြိုးသတင်းစာ"ကို တည်ထောင်ပြီး ၁၉၆၄ ခုနှစ်အထိ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ထိုအခါမှစ၍ မိုးကြိုးဦးအုန်းခင်အဖြစ် ထင်ရှားခဲ့ပြန်သည်။

ဦးအုန်းခင်က သတင်းစာလောကနှင့်ပတ်သက်၍ "အယ်ဒီတာ၏ အလုပ်နှင့် သတင်းထောက်၏အလုပ်မှာ တစ်ဘာသာစီဖြစ်ပါသည်။ အယ်ဒီတာမှာ မိမိထံသို့အသင့်ရောက်ရှိလာသော သားငါးများကို စီမံချက်ပြုတ်ရသော စားတော်ချက်နှင့် ပမာတူပါသည်။ သတင်းထောက်မှာမူကား စားတော်ချက်အတွက် ချက်ပြုတ် ပြင်ဆင် ကျွေးမွေးနိုင်စေရန် ငါးအမဲများကို လိုက်လံရှာဖွေရသော တံငါမုဆိုးတို့နှင့် ပမာတူပါသည်။ စားတော်ချက်သည် ငါးအမဲမရှိက ဟင်းလျာကောင်းကို ချက်ပြုတ်ရန် မည်သို့မျှ မစွမ်းဆောင်နိုင်သကဲ့သို့

အယ်ဒီတာသည်လည်း သတင်းထောက်များထံမှ သတင်းကောင်းမရလျှင် ဘာမျှမတတ်နိုင်၊ လက်မှိုင်ချရပါတော့သည်။ တစ်နည်းအားဖြင့်ဆိုရပါလျှင် သတင်းထောက်ကောင်းသည်၊ အမဲလိုက်ခွေးကောင်းနှင့် တူပါသည်။ (ကန်တော့ပါခင်ဗျား)။ သတင်းကောင်းအနံ့ရလျှင် ထိုသတင်းကောင်းများကို၊ မိအောင် လိုက်တတ်ကြပါသည်။ သို့ရာတွင် သတင်းလာဘ်ကောင်းကြုံသော အချိန်မျိုးတွင်မူကား "ပြေးရင်းနှင့် သတင်းကောင်းနှင့် တိုးမိ" တတ်ကြပါသည်။ ထိုအချိန်အခါမျိုးတွင် သတင်းထောက်သည် စုံထောက်အဖြစ်သို့ ရောက်သွားပြီးလျှင် သတင်း၏အစ၊ အလယ်၊ အဆုံး ကို ပြည့်စုံအောင် စုံစမ်းထောက်လှမ်းပြီး အယ်ဒီတာထံသို့ ရေးသားပေးပို့ရပါသည်။"

သတင်းထောက်၏ အရေးအကြီးဆုံးတာဝန်မှာ သတင်းကောင်းရဖို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းစွာ စာရေးတတ်ဖို့မှာ သတင်းထောက်အဖို့ များစွာအရေးမကြီးလှပါ။ သို့ရာတွင် ကောင်းစွာ စာရေးတတ်ပါမူကား ပိုမိုကောင်းပါသည်။

အယ်ဒီတာမှာမူကား သတင်းကို တည်းဖြတ်နိုင်သော၊ ဗဟုသုတနှင့်ကောင်းစွာ ပြည့်စုံရမည့်အပြင်၊ စာရေးကောင်းတစ်ဦးဖြစ်ဖို့လည်း လိုအပ်ပါသည်။ ထို့အပြင် အယ်ဒီတာလုပ်သူတစ်ဦး၏ စာရေးဟန်မှာလည်း လွန်စွာ အရေးကြီးလှပါသည်။ သတင်း၏တန်ဖိုးနှင့် သင့်တော်သောနေရာတွင် ထည့်သွင်းပေးတတ်ရသည့်အပြင် သတင်းနှင့်ဆီလျော်သော၊ ကွင်းကွင်းကွက်ကွက်၊ ပေါ်လွင်စေသည့် ခေါင်းစီးများကို တပ်တတ်ရပါသည်။ သတင်းရေးသားရာတွင်လည်း တိုတိုတုတ်တုတ်နှင့်လိုရင်းအချုပ်ကို ဒိုးဒိုးဒက်ဒက်နှင့် အသက်ဝင်သောစာမျိုးကို ရေးသားတတ်ရပါသည်။

ပုဂ္ဂိုလ်တစ်ဦးသည် တံငါမုဆိုးနှင့် တူသော သတင်းထောက်ဘဝမှ အချက်အပြုတ်၊ အပြင်အဆင်ကောင်းသော စားတော်ချက်နှင့်တူသည့် အယ်ဒီတာတစ်ဦးအဖြစ်သို့ ရောက်ရှိလာလျှင်မူကား ထိုပုဂ္ဂိုလ်မျိုး ဦးစီးထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များသည်၊ ထင်ပေါ်ကျော်ကြားရမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ထိုထက်သာလွန်၍၊ ထိုသတင်းထောက် အယ်ဒီတာသည် သတင်းစာ၊ ဂျာနယ်တိုက်ပိုင်ရှင်တစ်ဦးဖြစ်ဘိမူကား **"အားလုံးကောင်းပါ၏။ ဟု ဆိုရမည်ဖြစ်ပါသည်"** ဟူ၍ ရေးသားခဲ့ဖူးသည်ကို မှတ်သားရခဲ့ရပါသည်။

ဦးအုန်းခင်သည် ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။** (၁) **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၀) စာ၃၄၀**

(၂) **အထောက်တော်လှအောင်၊ သတင်းဂျာနယ်နှင့်ကျွန်တော် (၁၉၇၂)။**



# ဦးအုန်းဖေ (တက်တိုး)

စာရေးဆရာကြီးတက်တိုးအမည်ခံ သတင်းစာဆရာ ဦးအုန်းဖေကို ၁၉၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့တွင် အဖ မြူနီစီပယ်စျေးခေါင်းကြီး ဦးမောင်ကလေး၊ အမိ ဒေါ်စိန်ညွန့် တို့မှ ဟံသာဝတီခရိုင်၊ သန်လျင်မြို့၌ မွေးဖွားသည်။

ဦးအုန်းဖေသည် ၁၉၂၀ ပြည့်နှစ်အထိ မကွေးမဲထီးတိုက် ဦးဇောတိက ဘုန်းကြီးကျောင်းနှင့် မကွေးလောကဓာတ်ကျောင်းတွင် ပညာသင်ယူခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မကွေးမြို့ အင်္ဂလိပ် မြန်မာအစိုးရ အလယ်တန်းကျောင်းတွင် ပညာသင်ယူခဲ့သည်။ ၁၉၂၈ ခုနှစ်၊ ၈တန်း၌ ပညာသင်ကြားဆဲအချိန် "ဂန္ထလောကမဂ္ဂဇင်း" မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းကပြုလုပ်သော ဘာသာပြန်ပြိုင်ပွဲတွင် "ကညာလော ကျားကြီးလော" ဝတ္ထုစာမူဖြင့် ဝတ္ထုတိုဘာသာပြန်ဆုကိုရရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၊ မကွေးမြို့ အင်္ဂလိပ်မြန်မာ အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ တက္ကသိုလ်နှစ်လည် မဂ္ဂဇင်း၌ (Who's Who) အမည်ရှိ အင်္ဂလိပ်ဆောင်းပါးရေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာတန်းအောင်ခဲ့သည့် ၁၉၃၂ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ မကွေးတိုင်းမင်းကြီးရုံး၌ စာရေးလုပ်ခဲ့သည်။ "ဘားမားဂျာနယ်"တွင် ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ မကွေးမြို့၌ "ခေတ်စာညွန့်" စာပေအဖွဲ့ကို တည်ထောင်ခဲ့သည်။ ၁၉၃၈ခုနှစ်တွင် တိုးတက်ရေးသတင်းစာ၌ ဘာသာပြန် အယ်ဒီတာအဖြစ် ဆောင်ရွက်ပြီး၊ တိုးတက်ရေးမဂ္ဂဇင်း၌လည်း ဆောင်းပါးများရေးသားခဲ့သည်။ တိုးတက်ရေးသတင်းစာ၌ သုံးလခန့်လုပ်ပြီး ဂန္ထလောကမဂ္ဂဇင်းသို့ အယ်ဒီတာအဖြစ် ပြောင်းရွှေ့ဆောင်ရွက်ခဲ့သည်။ ၁၉၃၉ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာတန်းဆက်တက်၍ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာ နည်းပြဆရာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၀ပြည့်နှစ်တွင် ရန်ကုန်စုံထောက်မင်းကြီးရုံး၌ စာတော်ပြန်အဖြစ်လည်းကောင်း၊ ပြန်ကြားရေးဌာန မြန်မာနိုင်ငံဘာသာပြန်ဌာနခွဲ စာတည်းမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးအုန်းဖေသည် ပထမဆုံးလုံးချင်းစာအုပ် မာတာဟာရီကို ဘာသာပြန်ရေးသားခဲ့သည်။ ၁၉၄၁ခုနှစ် ဖေဖော်ဝါရီလတွင် ဒေါ်ယဉ်နု (စာရေးဆရာမ ဒေါ်နုယဉ်) နှင့်

လက်ထပ်ခဲ့သည်။ ၁၉၄၂-၄၃ တွင် ပညာမင်းကြီးရုံး မြန်မာစာပေဌာနၡ စာတည်းအဖြစ် လည်းကောင်း၊ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ခုနှစ်အထိ ပညာစွယ်စုံကျမ်း လက်ထောက် စာတည်း မှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ "ဗမာ့ခေတ်သတင်းစာ"တွင် ပြင်သစ်ဝတ္ထုရေးဆရာကြီး "ရုစတပ်ဖ်ဖလော ဗဲယား"၏ "မဒမ်ဗောဗားရီ" ဝတ္ထုကို "သူယောနန္ဒီ" အမည်ဖြင့် မြန်မာ ပြန်ဆိုရေးသားခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ပြန်ကြားရေးဌာန သုတေသန အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အမေရိကန် သတင်းမဂ္ဂဇင်း (Time) ၏ မြန်မာပြည်ဌာနေသတင်းထောက်အဖြစ် ပထမဆုံး ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ဟံသာဝတီသတင်းစာခေါင်းကြီးရေး အယ်ဒီတာနှင့် အိုးဝေသတင်းစာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၉-၅၀ ပြည့်နှစ်တွင် ပဒေသာမဂ္ဂဇင်း တည်ထောင်သူ အတိုင်ပင်ခံအယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် "မင်းမှုထမ်း" လုံးချင်းဝတ္ထုဖြင့် စာပေဗိမာန် စာမူဆု (ဝတ္ထုရှည်) ရရှိခဲ့သည်။ ၁၉၅၀-၁၉၅၂ ခုနှစ်တွင် မြန်မာပြည်သတင်းဌာန စာတည်း ချုပ်အဖြစ်လည်းကောင်း၊ ၁၉၅၂-၁၉၅၃ ခုနှစ်တွင် "ကွန်မင်တေတာ" အင်္ဂလိပ်ဘာသာ ထုတ်စာစောင်ကို ဦးစီးထုတ်ဝေသော "နယူးဘားမားဝီးကလီး" တွင် အယ်ဒီတာအဖွဲ့ဝင် အဖြစ် ဆောင်ရွက်ပြီး စာသင်သားဂျာနယ်ကို ထုတ်ဝေခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် "စီးပွားရေး သတင်းစာ" ခေါင်းကြီးရေး အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ၁၉၅၇ ခုနှစ်တွင် တက်တိုးနည်းပြသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ဦးအုန်းဖေသည် ၁၉၅၇-၁၉၅၈ ခုနှစ်တွင် နယဉ်ပုံနှိပ်တိုက်ကို ထည်ထောင်၍ ကျောင်းသုံးအင်္ဂလိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ အင်ဒိုနီးရှား၊ သီဟိုဠ်၊ ဂျပန် သုံးနိုင်ငံအကြောင်းရေးသားသော စာအုပ်သုံးအုပ်အား "ချစ်ကြည်ရေး" ဘာသာရပ်အဖြစ် ယူနက်စကိုအဖွဲ့က ဆုချီးမြှင့်ခြင်းခံရသည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပုံနှိပ်တိုက် လုပ်ငန်းနှင့် အလွတ်ပညာသင်လုပ်ငန်းများကို ဦးစီးလုပ်ကိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မြန်မာ့သတင်းစဉ် (N.A.B) နိုင်ငံခြားသတင်းဌာန အယ်ဒီတာချုပ်၊ အမျိုးသား စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ

"Guardian" အင်္ဂလိပ်သတင်းစာ၌ နေ့စဉ်ခေါင်းကြီးများ ရေးသားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တက္ကသိုလ် ဗဟိုကောင်စီဝင်အဖြစ်လည်းကောင်း၊ တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ မှ ၁၉၇၅ ခုနှစ်အထိ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးအထူးအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးအုန်းဖေသည် တက်တိုးကလောင်အမည်ဖြင့် ၁၉၈၆ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သုတ၊ ရသ၊ (ပင်ကို၊ ဘာသာပြန်) ဆောင်းပါးပုဒ်ရေ (၁၀၀၀) ရေးသားခဲ့သည်။ ဆရာကြီးသည် စာပေဆိုင်ရာ (၆) အုပ်၊ စိတ်ပညာနှင့် အတွေးအခေါ် (၄) အုပ်၊ အင်္ဂလိပ်ဘာသာစကားဆိုင်ရာ (၁၀) အုပ်၊ ပညာပေးနှင့် ဗဟုသုတ (၉) အုပ်၊ ဝတ္ထု (၄) အုပ်၊ ဘာသာရေးဆိုင်ရာ (၃) အုပ်တို့ကို ပင်ကိုယ်ရေးသားခဲ့ပြီး ဘာသာပြန်စာအုပ်များအဖြစ် စိတ်ပညာနှင့် အတွေးခေါ်ဆိုင်ရာ (၃) အုပ်၊ ဝတ္ထု (၁၉) အုပ်၊ အတ္ထုပ္ပတ္တိ ဆိုင်ရာ (၉) အုပ် အထွေထွေဆိုင်ရာ (၅) အုပ် ရေးသားခဲ့သည်။

ဦးအုန်းဖေ၏ ကလောင်ခွဲများမှာ တက်တိုး၊ ဆရာကြီး၊ ဆရာတက်တိုး၊ မောင်တက်တိုး၊ မောင်တက်တိုး (ခေတ်စာညွှန့်) တက္ကသိုလ်မောင်တက်တိုး၊ အာဇာနည်တက်တိုး၊ ဦးလေးတက်တိုး၊ တင်၊ မောင်ဖြူစင်၊ ဗစ်ကတာ၊ မောင်မြင့်တင်၊ မောင်လှသွင်(ဘီအေ)၊ တက္ကသိုလ်အုန်းကလေး၊ အုန်းဖေ၊ အုန်းဖေ (မကွေးမြို့)၊ ဦးအုန်းဖေ စသည်ဖြင့်ဖြစ်သည်။

ဦးအုန်းဖေ၏ ထင်ရှားသောစာအုပ်များမှာ မာတာဟာရီ၊ လေးနတ်မောင်၊ ခါးကုန်းကြီး၊ သောကကင်းဝေး နေနိုင်ရေး၊ အခါလည်သား၊ အင်္ဂလိပ်မြန်မာအဘိဓာန်၊ ဘဝနှင့်စာပေ၊ အာဇာနည်စိတ်နှင့် အညွန့်တလူလူ၊ ကမ္ဘာကျော် ဝတ္ထုတိုများနှင့် တက်တိုး၏ရှင်းပြချက်၊ ကျွန်တော့်၏အတွေးအခေါ်မှတ်စုများ၊ ကျန်းမာချမ်းသာဘဝပညာ၊ လောကနီတိ၊ မင်းမှုထမ်း စသည့် စာအုပ်များဖြစ်သည်။

ဦးအုန်းဖေသည် ၁၉၉၇ ခုနှစ်တွင် မိဘမေတ္တာ လူမှုရေးအဖွဲ့၏ စာပေဂုဏ်ရည်ဆုပခုက္ကူ ဦးအုန်းဖေ တစ်သက်တာစာပေဆုများ ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် ပထမအဆင့်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဂုဏ်ပြုတံဆိပ်များ ရရှိခဲ့သည်။

ဦးအုန်းဖေသည် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နေ့တွင် အမှတ် ၁၁၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ကိုးကားရန်အညွှန်း။**

(၁) ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ စာ-၃၃-၃၅။

(၂) မလိခ။ မြန်မာဝတ္ထုအညွှန်း (၂)၊ စာ ၁၉၁-၂၀၉။

(၃) မလိခ။ မြန်မာစာပေအဘိဓာန် (၃)၊ စာ၂၁-၂၄။

(၄) ကန်တော့ခံသက်ကြီးပညာရှင်များ၏ အတ္ထုပ္ပတ္တိ (၁၃၆၀) စာ၉၇-၉၈။

(၅) ရာပြည့်ဦးစိုးညွန့်၊ (၂၀) ရာစု မြန်မာစာရေး ဆရာ ၁၀၀၊ စာ ၆၄-၆၅။

## ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ ကလောင်အမည်အက္ခရာစဉ်


| စဉ် | ကလောင်အမည် | စာမျက်နှာ | စဉ် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|---|---|
| | 'က' | | | 'က' | |
| ၁ | ကိုကို | ၁ | ၁၉ | တက္ကသိုလ်ဆုမြိုင် | ၅၈ |
| ၂ | ကျားဘသိန်း | ၃၅ | ၂၀ | တက္ကသိုလ်ထင်ကြီး | ၉၅ |
| ၃ | ကြည်မြ | ၂၀ | ၂၁ | တက္ကသိုလ်နန္ဒမိတ် | ၈၉ |
| | 'ခ' | | | | |
| ၄ | ခင်မောင်လတ် | ၂၉ | ၂၂ | တက္ကသိုလ်နေဝင်း | ၁၀၇ |
| ၅ | ခင်မျိုးချစ် | ၃၂ | ၂၃ | တက္ကသိုလ်မောင်လှသူ | ၇၉ |
| ၆ | ချစ်ကြည်ရေးကြည်ညွန့် | ၁၇ | ၂၄ | တိုးတက်ရေးဦးစိန် | ၅၁ |
| | 'ဂ' | | | | |
| ၇ | ဂါးဒီးယန်းဦးဘကျော် | ၁၁၇ | ၂၅ | တိုးတက်ရေးဦးသိမ်း | ၂၃၄ |
| ၈ | ဂုဏ်ရောင် | ၄၁ | ၂၆ | တက်တိုး | ၂၅၀ |
| ၉ | ဂျာနယ်ကျော်ချစ်မောင် | ၃၇ | | 'ထ' | |
| ၁၀ | ဂျာနယ်ကျော်တင့်ဆွေ | ၉၁ | ၂၇ | ထွန်းနေ့စဉ်ဦးထွန်းဖေ | ၁၀၀ |
| ၁၁ | ဂျာနယ်ကျော်မမလေး | ၁၄၇ | | 'ဒ' | |
| | 'င' | | ၂၈ | ဒဂုန်လှဘေ | ၂၀၁ |
| ၁၂ | ငွေဥဒေါင်း | ၉ | ၂၉ | ဒဂုန်ဉာဏ | ၅၉ |
| | 'စ' | | | | |
| ၁၃ | စစ်ကိုင်းဦးဘိုးသင်း | ၁၃၂ | ၃၀ | ဒဂုန်နတ်ရှင် | ၁၅၂ |
| ၁၄ | စစ်ကိုင်းအေးလွင် | ၈၅ | ၃၁ | ဒဂုန်ရွှေမျှား | ၇၂ |
| ၁၅ | စိန်ခင်မောင်ရီ | ၂၇ | ၃၂ | ဒါရိုက်တာဆရာမြင့် | ၁၆၀ |
| | 'ဆ' | | | | |
| ၁၆ | ဆန်းညွန့်ဦး | ၁၉၅ | ၃၃ | ဒီးဒုတ်ဦးဘချို | ၁၁၉ |
| | | | ၃၄ | ဒေါ်မမခင် | ၁၄၄ |
| | 'ဇ' | | ၃၅ | ဒေါက်တာမောင်မောင် | ၁၅၀ |
| ၁၇ | ဇဝန | ၂၃၂ | ၃၆ | ဒေါင်းနွယ်ဆွေ | ၂၃၉ |
| ၁၈ | ဇေယျ | ၁၆၈ | | 'ဓ' | |
| | | | ၃၇ | ဓူဝံ | ၂၁၈ |

## ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ ကလောင်အမည်အက္ခရာစဉ်


| စဉ် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|
| | **'န'** | |
| ၃၈ | နာဂတောင်တန်း | ၁၅ |
| | မောင်ကြည်ဇင် | |
| ၃၉ | နေအောင် | ၈၁ |
| | **'ပ'** | |
| ၄၀ | ပီမိုးနင်း | ၅ |
| | **'ဗ'** | |
| ၄၁ | ဗမာ့ခေတ်ဦးအုန်းခင် | ၂၄၇ |
| ၄၂ | ဗန္ဓုလဦးစိန် | ၄၉ |
| ၄၃ | ဗန်းမော်တင်အောင် | ၈၆ |
| | **'ဘ'** | |
| ၄၄ | ဘကြီးဘဘော | ၁၂၈ |
| ၄၅ | ဘားမားဒိုင်ဂျက်စ်ဒေါ်ခင်စီ | ၂၂ |
| ၄၆ | ဘိုးဝဇီရ | ၁၇၈ |
| | **'မ'** | |
| ၄၇ | မဏ္ဍိုင်နေ့စဉ် ဦးထွန်းဝင်း | ၁၀၉ |
| ၄၈ | မဟာဆွေ | ၁၂၅ |
| ၄၉ | မင်းဆွေ | ၁၆၂ |
| ၅၀ | မင်းရှင် | ၂၁၃ |
| ၅၁ | မောင်ညို | ၂၀၂ |
| ၅၂ | မောင်တင်ထွေး | ၇၄ |
| ၅၃ | မောင်နေဝင်း | ၇၀ |
| ၅၄ | မောင်နေဦး | ၂၄၃ |
| ၅၅ | မောင်သုတ | ၁၃၉ |
| ၅၆ | မောင်သုမန | ၆၅ |
| ၅၇ | မန်းတင် | ၉၈ |
| ၅၈ | မန္တလေးသူရိယ ဦးထွန်းရင် | ၁၀၆ |
| ၅၉ | မန္တလေးသူရိယ ဦးသန်းမောင် | ၂၂၃ |
| ၆၀ | မြဒေါင်းညို | ၂၄၅ |
| ၆၁ | မြမျိုးလွင် | ၁၅၄ |

| စဉ် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|
| ၆၂ | မြသန်းတင့် | ၁၅၈ |
| ၆၃ | မြို့မမောင် | ၂၄၁ |
| ၆၄ | မြန်မာ့လမ်းစဉ် ဦးစိန်ဝင်း | ၅၄ |
| ၆၅ | မြန်မာ့အလင်း ဦးစိမ်း | ၅၅ |
| | **'ယ'** | |
| ၆၆ | ယူပီအိုင် ဦးဘသန်း | ၁၃၄ |
| | **'ရ'** | |
| ၆၇ | ရန်ကုန်မျိုးသန့် | ၁၅၆ |
| ၆၈ | ရန်ကုန်သတင်းစာ ဦးယုမောင် | ၁၆၄ |
| ၆၉ | ရွှေကြူး | ၁၇၃ |
| ၇၀ | ရွှေဓား | ၁၀၄ |
| ၇၁ | ရွှေပိန်သောင်း | ၂၁၂ |
| ၇၂ | ရွှေဘိုမောင်လတ်တူ | ၉၃ |
| ၇၃ | ရွှေဥဒေါင်း | ၁၁၄ |
| | **'လ'** | |
| ၇၄ | လူထုမောင်မဲ | ၈၂ |
| ၇၅ | လူထုဦးလှ | ၁၉၁ |
| ၇၆ | လင်းယုန်မောင်မောင် | ၁၇၁ |
| ၇၇ | လင်းယုန်သစ်လွင် | ၂၇၇ |
| | **'သ'** | |
| ၇၈ | သခင်ကိုယ်တော်မှိုင်း | ၁၈၄ |
| ၇၉ | သခင်ဘသောင်း | ၁၃၇ |
| ၈၀ | သတင်းစာဆရာဦးပု | ၁၁၁ |
| ၈၁ | သတင်းထောက်ခင်မောင်-ဖျာပုံ | ၂၆ |
| ၈၂ | သာပါး | ၂၀၇ |
| ၈၃ | သာဂရ ငစိုး | ၄၄ |
| ၈၄ | သီလဝ | ၂၁၄ |
| ၈၅ | သူကြီးဂေဇက် ဦးခင်မောင် | ၂၄ |
| ၈၆ | သောမ | ၂၀၀ |

## ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ ကလောင်အမည်အက္ခရာစဉ်


| စဉ် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|
| | **'သ'** | |
| ၈၇ | သံတော်ဆင့်ဦးသိမ်းမောင် | ၂၃၅ |
| ၈၈ | သိုဟန် | ၄ |
| ၈၉ | သန်းဆွေ | ၂၂၄ |
| ၉၀ | သိန်းဖေမြင့် | ၂၃၀ |
| | **'ဟ'** | |
| ၉၁ | ဟံသာဝတီ ဦးဘဖေ | ၁၂၇ |
| | **'အ'** | |
| ၉၂ | အထောက်တော်လှအောင် | ၂၀၄ |
| ၉၃ | အထောက်တော်အုန်းမြင့် | ၃၀ |
| ၉၄ | အမျိုးသားနေ့စဉ် ဦးလှထွန်းဖြူ | ၁၉၆ |
| ၉၅ | အမျိုးသား ဦးလှဒင် | ၁၉၉ |
| ၉၆ | အာလံ ဦးလာဘ | ၁၇၆ |
| ၉၇ | အင်ဒီပင်းဒင့် ဒေါ်စန်း | ၄၆ |
| ၉၈ | အိုင်စီအက်စ် ဦးတင်ထွဋ် | ၇၆ |
| ၉၉ | အမ်ခိုင်မြဲဘိုးချိန် | ၁၄၂ |
| ၁၀၀ | အမ်ဘိုးချိန် | ၁၄၁ |

# ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ မွေးသက္ကရာဇ်အညွှန်း

| စဉ် | မွေးသက္ကရာဇ် | အမည် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|---|
| ၁ | ၁၈၄၉ | ဦးလွင် | ဘိုးဝဇိရ | ၁၇၈ |
| ၂ | ၁၈၇၀ | ဦးစိမ်း | မြန်မာ့အလင်းဦးစိမ်း | ၅၅ |
| ၃ | ၁၈၇၅ | ဦးလွန်း | သခင်ကိုယ်တော်မှိုင်း | ၁၈၄ |
| ၄ | ၁၈၈၃ | ဦးဘဘေ | ဘကြီးဘဘေ | ၁၂၈ |
| ၅ | ၁၈၈၃ | ဦးရွှေကြူ | ရွှေကြူ | ၁၇၃ |
| ၆ | ၁၈၈၄ | ဦးကျော်ညွန့် | ပီမိုးနင်း | ၃ |
| ၇ | ၁၈၈၆ | ဒေါ်စန်း | အင်ဒိပင်းဒင့် ဒေါ်စန်း | ၄၆ |
| ၈ | ၁၈၈၉ | ဦးဖေသိန်း | ရွှေဥဒေါင်း | ၁၁၄ |
| ၉ | ၁၈၉၀ | ဦးဘိုးသင်း | စစ်ကိုင်း ဦးဘိုးသင်း | ၁၃၂ |
| ၁၀ | ၁၈၉၂ | ဦးခင်မောင် | သူကြီးဂေဇက် ဦးခင်မောင် | ၂၄ |
| ၁၁ | ၁၈၉၃ | ဦးဘချို | ဒီးဒုတ်ဦးဘချို | ၁၁၉ |
| ၁၂ | ၁၈၉၄ | ဦးပုကလေး | သတင်းစာဆရာ ဦးပု | ၁၁၁ |
| ၁၃ | ၁၈၉၅ | ဦးတင်ထွဋ် | အိုင်စီအက်စ် ဦးတင်ထွဋ် | ၄၃ |
| ၁၄ | ၁၈၉၅ | ဦးတင် | ဒဂုန်ရွှေမျှား | ၇၂ |
| ၁၅ | ၁၈၉၅ | ဦးထွန်းရင် | မန္တလေးသူရိယ ဦးထွန်းရင် | ၁၀၆ |
| ၁၆ | ၁၈၉၇ | ဦးစိန် | တိုးတက်ရေးဦးစိန် | ၅၁ |
| ၁၇ | ၁၈၉၈ | ဦးမောင်မောင်ကြီး | ဒဂုန်နတ်ရှင် | ၁၅၂ |
| ၁၈ | ၁၈၉၈ | ဦးသိမ်းမောင် | သံတော်ဆင့်ဦးသိမ်းမောင် | ၂၃၅ |
| ၁၉ | ၁၈၉၈ | ဦးမြင့် | ဒါရိုက်တာဆရာမြင့် | ၁၆၀ |
| ၂၀ | ၁၈၉၉ | ဦးလှဘေ | ဒဂုန်လှဘေ | ၂၀၁ |
| ၂၁ | ၁၈၉၉ | ဦးဘသန်း | ယူပီအိုင်ဦးဘသန်း | ၁၃၄ |
| ၂၂ | ၁၈၉၉ | ဦးလေးမောင် | အာလံဦးလာဘ | ၁၇၆ |
| ၂၃ | ၁၉၀၀ | ဦးစိန် | ဗန္ဓုလဦးစိန် | ၇၉ |
| ၂၄ | ၁၉၀၀ | ဦးယော | ဇေယျ | ၁၆၈ |

## ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ မွေးသက္ကရာဇ်အညွှန်း

| စဉ် | မွေးသက္ကရာဇ် | အမည် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|---|
| ၂၅ | ၁၉၀၀ | ဦးထွန်းဖေ | ထွန်းနေ့စဉ် ဦးထွန်းဖေ | ၁၀၀ |
| ၂၆ | ၁၉၀၀ | ဦးဘဆွေ | မဟာဆွေ | ၁၂၅ |
| ၂၇ | ၁၉၀၁ | ဦးဘသောင်း | သခင်ဘသောင်း | ၁၃၇ |
| ၂၈ | ၁၉၀၁ | ဦးလှထွန်းဖြူ | အမျိုးသားနေ့စဉ် ဦးလှထွန်းဖြူ | ၁၉၆ |
| ၂၉ | ၁၉၀၂ | ဦးမောင်လွင် | မြမျိုးလွင် | ၁၅၄ |
| ၃၀ | ၁၉၀၂ | ဦးဉာဏ | ဒဂုန်ဉာဏ | ၅၉ |
| ၃၁ | ၁၉၀၃ | ဦးအုန်းခင် | ဗမာ့ခေတ်ဦးအုန်းခင် | ၂၄၇ |
| ၃၂ | ၁၉၀၄ | ဦးအောင်မြင် | မြို့မမောင် | ၂၄၁ |
| ၃၃ | ၁၉၀၄ | ဦးဘိုးချိန် | အမ်ဘိုးချိန် | ၁၄၁ |
| ၃၄ | ၁၉၀၆ | ဦးတင့်ဆွေ | ရွှေဘိုမောင်လတ်တူ | ၉၃ |
| ၃၅ | ၁၉၀၆ | ဦးဘဖေ | ဟံသာဝတီ ဦးဘဖေ | ၁၂၇ |
| ၃၆ | ၁၉၀၆ | ဒေါ်မမခင် | ဒေါ်မမခင် | ၁၄၄ |
| ၃၇ | ၁၉၀၈ | ဦးသန်းတင့် | ခူဝံ | ၂၁၈ |
| ၃၈ | ၁၉၀၈ | ဦးသောင်းညွန့် | ရွှေပိန်သောင်း | ၂၁၂ |
| ၃၉ | ၁၉၀၉ | ဦးသန့် | သီလဝ | ၂၁၄ |
| ၄၀ | ၁၉၁၀ | ဦးလှ | လူထုဦးလှ | ၁၉၁ |
| ၄၁ | ၁၉၁၀ | ဦးမြင့်လှိုင် | မင်းဆွေ | ၁၆၂ |
| ၄၂ | ၁၉၁၁ | ဦးလှဒင် | အမျိုးသားဦးလှဒင် | ၁၉၉ |
| ၄၃ | ၁၉၁၁ | ဦးသိန်း | ဇဝန | ၂၂၇ |
| ၄၄ | ၁၉၁၂ | ဦးစိန်ဝင်း | မြန်မာ့လမ်းစဉ် ဦးစိန်ဝင်း | ၃၁ |
| ၄၅ | ၁၉၁၃ | ဦးချစ်မောင် | ဂျာနယ်ကျော်ချစ်မောင် | ၃၇ |
| ၄၆ | ၁၉၁၃ | ဦးအုန်းဖေ | တက်တိုး | ၂၅၀ |
| ၄၇ | ၁၉၁၃ | ဦးသော်ဇင် | သောမ | ၂၁၀ |
| ၄၈ | ၁၉၁၃ | ဦးယုမောင် | ရန်ကုန်သတင်းစာ ဦးယုမောင် | ၁၆၄ |
| ၄၉ | ၁၉၁၄ | ဦးဘသောင်း | မောင်သုတ | ၁၃၉ |

## ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ မွေးသက္ကရာဇ်အညွှန်း

| စဉ် | မွေးသက္ကရာဇ် | အမည် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|---|
| ၅၀ | ၁၉၁၄ | ဦးညိုမြ | မောင်သုမန | ၆၅ |
| ၅၁ | ၁၉၁၄ | ဦးဆုမြိုင် | တက္ကသိုလ်ဆုမြိုင် | ၅၈ |
| ၅၂ | ၁၉၁၄ | ဦးခင်မောင် | သတင်းထောက်ခင်မောင်-ဖျာပုံ | ၂၆ |
| ၅၃ | ၁၉၁၄ | ဦးတင်အေး | စစ်ကိုင်းအေးလွင် | ၄၉ |
| ၅၄ | ၁၉၁၄ | ဦးသိန်းဖေ | သိန်းဖေမြင့် | ၂၃၀ |
| ၅၅ | ၁၉၁၅ | ဒေါ်ခင်မြ | ခင်မျိုးချစ် | ၃၂ |
| ၅၆ | ၁၉၁၅ | ဦးကြီးမောင် | ငွေဥဒေါင်း | ၉ |
| ၅၇ | ၁၉၁၅ | ဦးခင်မောင်လတ် | ခင်မောင်လတ် | ၂၉ |
| ၅၈ | ၁၉၁၅ | ဦးတင်ဟိန်း | လူထုမောင်မဲ | ၄၇ |
| ၅၉ | ၁၉၁၅ | ဦးစိုးမောင် | သာဂရစိုး | ၄၄ |
| ၆၀ | ၁၉၁၅ | ဦးအောင်သိန်း | မြဒေါင်းညို | ၂၄၈ |
| ၆၁ | ၁၉၁၆ | ဦးထင်ကြီး | တက္ကသိုလ်ထင်ကြီး | ၉၅ |
| ၆၂ | ၁၉၁၆ | ဦးဘကျော် | ဂါးဒီးယန်း ဦးဘကျော် | ၁၁၇ |
| ၆၃ | ၁၉၁၆ | ဦးထွန်းတင် | မန်းတင် | ၉၈ |
| ၆၄ | ၁၉၁၆ | ဦးဝိရိကျော် | သာပါး | ၂၀၇ |
| ၆၅ | ၁၉၁၆ | ဦးသိမ်း | တိုးတက်ရေးဦးသိမ်း | ၂၃၄ |
| ၆၆ | ၁၉၁၇ | ဦးလှသောင်း | မောင်ညို | ၂၀၂ |
| ၆၇ | ၁၉၁၇ | ဒေါ်မမလေး | ဂျာနယ်ကျော်မမလေး | ၁၄၇ |
| ၆၈ | ၁၉၁၇ | ဦးအေးမောင် | လင်းယုန်သစ်လွင် | ၂၃၇ |
| ၆၉ | ၁၉၁၇ | ဦးတင့်ဆွေ | ဂျာနယ်ကျော်တင့်ဆွေ | ၉၁ |
| ၇၀ | ၁၉၁၇ | ဦးထွန်းဝင်း | မဏ္ဍိုင်နေ့စဉ် ဦးထွန်းဝင်း | ၁၀၉ |
| ၇၁ | ၁၉၁၇ | ဒေါ်ခင်စီ | ဘားမားဒိုင်ဂျက်စ် ဒေါ်ခင်စီ | ၂၂ |
| ၇၂ | ၁၉၁၈ | ဦးကြည်မြ | ကြည်မြ | ၂၀ |
| ၇၃ | ၁၉၁၈ | ဦးတင်မြင့် | နေအောင် | ၄၆ |
| ၇၄ | ၁၉၁၈ | ဦးထွန်းလှ | တက္ကသိုလ်နေဝင်း | ၁၀၇ |

## ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ၏ မွေးသက္ကရာဇ်အညွှန်း

| စဉ် | မွေးသက္ကရာဇ် | အမည် | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|---|
| ၇၅ | ၁၉၁၉ | ဦးစောဦး | ဂုဏ်ရောင် | ၄၁ |
| ၇၆ | ၁၉၂၀ | ဦးခင်မောင်ဦး | အထောက်တော်အုန်းမြင့် | ၃၀ |
| ၇၇ | ၁၉၂၀ | ဦးတင်အောင် | ဗန်းမော်တင်အောင် | ၅၀ |
| ၇၈ | ၁၉၂၁ | ဦးလှခင် | ဆန်းညွန့်ဦး | ၁၉၅ |
| ၇၉ | ၁၉၂၁ | ဦးအောင်သန်း | မောင်နေဦး | ၂၄၃ |
| ၈၀ | ၁၉၂၂ | ဦးကိုကို | ကိုကို | ၁ |
| ၈၁ | ၁၉၂၃ | ဦးတင်အောင် | တက္ကသိုလ်နန္ဒမိတ် | ၈၉ |
| ၈၂ | ၁၉၂၃ | ဦးထွန်းရီ | ရွှေခား | ၁၀၄ |
| ၈၃ | ၁၉၂၄ | ဦးသန်းမောင် | မန္တလေးသူရိယသန်းမောင် | ၂၂၃ |
| ၈၄ | ၁၉၂၄ | ဦးချစ်ညို | ကျားဘသိန်း | ၃၅ |
| ၈၅ | ၁၉၂၅ | ဦးခင်မောင်ရီ | စိန်ခင်မောင်ရီ | ၂၇ |
| ၈၆ | ၁၉၂၅ | ဦးမောင်မောင် | ဒေါက်တာမောင်မောင် | ၁၅၀ |
| ၈၇ | ၁၉၂၅ | ဦးရွှေ | လင်းယုန်မောင်မောင် | ၁၇၁ |
| ၈၈ | ၁၉၂၆ | ဦးဘိုးချိန် | အမ်ခိုင်မြဲဘိုးချိန် | ၁၄၂ |
| ၈၉ | ၁၉၂၆ | ဦးသန်းရွှေ | သန်းဆွေ | ၂၂၄ |
| ၉၀ | ၁၉၂၇ | ဦးဝင်းမောင် | မင်းရှင် | ၂၀၉ |
| ၉၁ | ၁၉၂၈ | ဦးမျိုးညွန့် | ရန်ကုန်မျိုးသန့် | ၁၅၆ |
| ၉၂ | ၁၉၂၉ | ဦးမြသန်း | မြသန်းတင့် | ၁၅၈ |
| ၉၃ | ၁၉၃၀ | ဦးတက်တိုး | မောင်နေဝင်း | ၇၀ |
| ၉၄ | ၁၉၃၁ | ဦးအောင်ဆွေ | ဒေါင်းနွယ်ဆွေ | ၂၃၉ |
| ၉၅ | ၁၉၃၁ | ဦးကြည်ဇင် | နာဂတောင်တန်းမောင်ကြည်ဇင် | ၁၅ |
| ၉၆ | ၁၉၃၃ | ဦးကြည်ညွန့် | ချစ်ကြည်ရေးကြည်ညွန့် | ၁၇ |
| ၉၇ | ၁၉၃၃ | ဦးတင်မောင် | တက္ကသိုလ်မောင်လှသူ | ၄၅ |
| ၉၈ | ၁၉၃၃ | ဦးတင်ထွေး | မောင်တင်ထွေး | ၄၂ |
| ၉၉ | ၁၉၃၆ | ဦးလှအောင် | အထောက်တော်လှအောင် | ၂၀၄ |
| ၁၀၀ | ၁၉၃၇ | ဦးကိုကိုလေး | သိုဟန် | ၄ |

# ကိုးကားချက်အညွှန်း

၁။ မလိခ၊ မြန်မာစာပေအဘိဓာန် (၁) (၂) (၃) (၄)

၂။ မလိခ၊ မြန်မာဝတ္ထုအညွှန်း (၁) (၂) (၃) (၄) (၅)

၃။ ဒဂုန်ရွှေမျှား၊ မြန်မာနိုင်ငံစာပေဆုများ၊ ရန်ကုန်စာပေဗိမာန် - ၁၉၇၂

၄။ မြန်မာ့စွယ်စုံကျမ်းများ၊ စာပေဗိမာန်

၅။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ၊ စာပေဗိမာန်

၆။ ပီမိုးနင်း၏ပီမိုးနင်း

၇။ တစ်ကိုယ်တော်ဝတ္ထုလာထုတ်ဝေသူ၏ နိဒါန်း

၈။ ရှုမဝမဂ္ဂဇင်း ၊ အတွဲ-၅၊ အမှတ် ၅၅ လာ "ဆရာဇေယျ" ၏ "ဆရာပီမိုးနင်း" ဆောင်းပါး။

၉။ ကိုကိုလေး၊ သတင်းထောက်လက်စွဲ

၁၀။ နာဂတောင်တန်း မောင်ကြည်ဇင်၊ တောင်ပေါ်မြေနှင့် မြေပြန့်ပန်း (၁၉၆၆)

၁၁။ နာဂတောင်တန်း မောင်ကြည်ဇင်၊ နာဂတောင်တန်းမှထူးဆန်းသောကြေကွဲမှု၊ မြဝတီ (၁၉၅၇)

၁၂။ ကြံခင်းစိုးလွင်၊ ၁၉၆၈ခု အမျိုးသားစာပေဆုနှင်းသဘင်၊ ငွေတာရီ (ဇန်နဝါရီ-၁၉၇၀)

၁၃။ မြန်မာ့အလင်း၊ ကြေးမုံ၊ လုပ်သားပြည်သူနေ့စဉ်၊ ဟံသာဝတီ၊ ဗိုလ်တထောင် သတင်းစာ နာရေးကြော်ငြာများ။

၁၄။ ချစ်ကြည်ရေးကြည်ညွှန့်၊ သမိုင်းဝင်သူရိယမြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေး

၁၅။ ကန်တော့ခံသက်ကြီးစာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိအကျဉ်း စာအုပ်များ

၁၆။ ပြည်သူတို့၏စကားပြန် (၁၉၇၄)

၁၇။ စောမုံညင်း၊ မြန်မာအမျိုးသမီး

၁၈။ ရွှေဥဒေါင်း၊ တစ်ချိန်ကထင်ရှားခဲ့သောပုဂ္ဂိုလ်များ

၁၉။ လင်းယုန်နေ့စဉ်သတင်းစာ (၁၉၅၇)

၂၀။ ဘွင်းဘွင်းနေ့စဉ်သတင်းစာ (၁၉၅၉)

၂၁။ ပြည်သူ့အိုးဝေနေ့စဉ်သတင်းစာ (၁၉၆၁)

၂၂။ အထောက်တော်အုန်းမြင့်၊ ခက်ဖွယ်ရယ်ကြုံပါတယ်၊ လက်နက်ကယ်စုံအညီနဲ့
၂၃။ မိုးသောက်ကြယ်မဂ္ဂဇင်း (နိုဝင်ဘာ၊ ၁၉၈၇)
၂၄။ နေထွက်၊ မန္တလေးအဘိဓာန်
၂၅။ ဂျာနယ်ကျော်မမလေး၊ သူလိုလူ
၂၆။ သခ်ီ၊ မြန်မာနိုင်ငံစာနယ်ဇင်းမှတ်စု
၂၇။ မောင်သုတ၊ စာဆိုတော်များအတ္ထုပ္ပတ္တိ။
၂၈။ ချစ်ကြည်ရေးကြည်ညွန့်၊ သတင်းစာဆရာကြီးများ၏ သူတို့ဘဝ၊ သူတို့အတွေ့အကြုံ။
၂၉။ သိမှတ်ဖွယ်ရာကိုယ်ရေးအချက်အလက်များ
၃၀။ နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ (ဒုတိယတွဲ) ဘာသာပြန်စာပေအသင်း။
၃၁။ ဉာဏနိဒါန်း။
၃၂။ ဒဂုန်တာရာ၊ ရုပ်ပုံလွှာ (၁၉၅၅)
၃၃။ ဒဂုန်တာရာ၊ ဖျတ်ခနဲတွေ့ရသောရုပ်ပုံလွှာကားချပ်များ (၁၉၉၇)
၃၄။ လူထုဒေါ်အမာ၊ လွမ်းသူစာ (၂၀၀၃)
၃၅။ စာရေးဆရာများ၊ အနောက်သွားညိုမြနှုတ်ဆက်စာတမ်း (၁၉၃၉)
၃၆။ ကိုပညာအမရပူရ၊ ဦးညိုမြ၏တောင်သမန်နောက်ဆုံးခရီး၊ စံပယ်ဖြူ (ဒီဇင်ဘာ-၁၉၈၅)
၃၇။ မောင်ဇေယျာ၊ မြန်မာလူကျော် ၁၀၀ (ပထမတွဲ)
၃၈။ အတွေးအမြင်၊ (၂၀၀၅ ခုနှစ်၊ ဇွန်လ)
၃၉။ ပါရဂူ-ဗန်းမော်တင်အောင်ဋီကာ။
၄၀။ မောင်ကျော်သာ၊ တစေ့တစောင်းစာရေးဆရာတို့၏အကြောင်း။
၄၁။ နတ်နွယ်၊ မိမိနှင့်စာရေးဆရာများ။
၄၂။ စာရေးဆရာများ၊ တက္ကသိုလ်နန္ဒမိတ်(သို့မဟုတ်) ကောင်းကင်နှင့် မြေကြီးကိုတောင်းခံသူ။
၄၃။ ပြန်/ဆက်စာတည်းအဖွဲ့၊ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း။
၄၄။ သဝဏ်လွှာ၊ ရှုမဝ (ဩဂုတ်၊ ၁၉၆၁)
၄၅။ ခင်မောင်ရီ၊ သူတို့နှစ်ယောက်သွေးသောက် (အောက်တိုဘာ၊ ၁၉၆၁)

၄၆။ တင့်ဆန်း၊ သူတို့မရှိတော့ပြီ၊ ငွေတာရီ (မတ်လ-၁၉၆၃)
၄၇။ အနုပညာရှင်များဘဝမှတ်တမ်း၊ ငွေတာရီ (နိုဝင်ဘာ-၁၉၆၆)
၄၈။ လေးမြင့်၊ လွမ်းရသောစာရေးဆရာများ၊ ငွေတာရီ (အောက်တိုဘာ၊ ၁၉၆၇)
၄၉။ မြန်မာ့အလင်းသန်းညွှန့်၊ ကျွန်တော်ဆုံခဲ့ရသော သတင်းစာဆရာကြီးများ
၅၀။ သတင်းစာလောက၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း
၅၁။ ယူပီအိုင် ဦးဘသန်း၏ ဘဝအတွေ့အကြုံ
၅၂။ သခင်၊ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို
၅၃။ ရှုဒေါင့်ဂျာနယ် (၁၅-၁၁-၁၉၇၁)
၅၄။ စစ်ကိုင်းဦးဘိုးသင်း၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ။
၅၅။ တက္ကသိုလ်တင်ခ၊ မြန်မာစာမြန်မာမှုကိုပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့သူများ။
၅၆။ စံပြတင်ဦး၊ မြန်မာစာရေးဆရာများအဘိဓာန်။
၅၇။ ဦးလေးမောင်၊ မြန်မာ့နိုင်ငံရေးသမိုင်း၊ စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်။
၅၈။ အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၊ စာပေအင်အား (၁၉၇၀)
၅၉။ လူထုဒေါ်အမာ၊ လူထုအမှတ်တရ လူထုဦးလှ (၁၉၉၄)
၆၀။ အထောက်တော်လှအောင်၊ သတင်းဂျာနယ်နှင့် ကျွန်တော် (၁၉၇၂)
၆၁။ အထောက်တော်လှအောင်၊ စာပေဆွေးနွေးပွဲ (၁၉၇၅)
၆၂။ မောင်ထွန်းလင်း (သိပ္ပံဘွဲ့၊ ဓာတုဗေဒ) ဦးသော်ဇင်စာစုစာရင်း (၁၉၈၇)
၆၃။ ဦးသိမ်းမောင်၊ မြန်မာ့သူရဲကောင်း
၆၄။ မြဒေါင်းညို၊ ရဲဘော်သုံးကျိပ်
၆၅။ မြဒေါင်းညို၊ ရွှေတောင်တိုက်ပွဲ
၆၆။ ရာပြည့်ဦးစိုးညွှန့်၊ ၂၀ ရာစုမြန်မာစာရေးဆရာ ၁၀၀
၆၇။ ပြည့်စုံ၊ ပျောက်ဆုံးနေသောစာရေးဆရာ၊ သွေးသောက် (မေ-၁၉၅၁)
၆၈။ မောင်သန်းနိုင်၊ ဖေဖေမင်းဆွေ၊ သွေးသောက် (စက်တင်ဘာ-၁၉၅၄)
၆၉။ မောင်သန်းနိုင်၊ ရဲထွတ်နှင့်မင်းဆွေ၊ သွေးသောက် (ဖေဖော်ဝါရီ - ၁၉၅၇)
၇၀။ အောင်မော် (မင်းဆွေသား) မင်းဆွေဘယ်မှာလဲ ရှုမဝ (မေ - ၁၉၆၀)



၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု

စာပဒေသာ - ဒုတိယဆုရ

**“ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာ ဆရာကြီးများ”**

ရေးသူ - သတင်းထောက် သောင်းညွန့် (ဖျာပုံ)

အဖ ဦးတင်မောင်၊ အမိ ဒေါ်စိန်ညွန့် တို့မှ ၁၉၄၈-ခုနှစ်၊ မတ်လ (၅) ရက်တွင် ဖျာပုံမြို့၌ မွေးဖွားသည်။

ဖျာပုံမြို့၊ အ. ထ. က (၃) တွင် အထက်တန်းအထိ ပညာဆည်းပူးခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ရန်ကုန်သတင်းစာ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ ကြေးမုံ၊ ဂါးဒီယန်းသတင်းစာများနှင့် သတင်းဂျာနယ်တို့၌ သတင်းနှင့် သတင်းဆောင်းပါးများ စတင်ရေးသားပြီး စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။

၂၀၀၃ ခုနှစ်၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် “အမျိုးသမီးများ သိမှတ်ဖွယ်ရာ ဥပဒေရေးရာ” စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တွင် ပထမဆုရရှိခဲ့သည်။

၂၀၀၄ ခုနှစ်၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် “စာပေရေးသားထုတ်ဝေခြင်းဆိုင်ရာ ဥပဒေရေးရာ” စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တွင် ဒုတိယဆု ရရှိခဲ့သည်။

ယခုအခါ မြို့နယ်သတင်းထောက်အဖြစ် ဆောင်ရွက်လျက်ရှိပြီး၊ ဂျာနယ်အချို့တွင် ရေးသားလျက်ရှိသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်အမှတ် (၀၁၇၆) ဖြစ်သည်။

ဖျာပုံမြို့၊ (၁၀) ရပ်ကွက်၊ (၁၁) လမ်း၊ အမှတ် (၁၀၈) တွင် မိခင်ကြီးနှင့်အတူ နေထိုင်လျက်ရှိသည်။

အမည်ရင်း ဦးသောင်းညွန့် ဖြစ်သည်။